နန်းတော်ကျက်သူ

မဟာဗြိုင်ခွေးကွက်



နန္ဒကျော်သူ

မဟာမြိုင် ရွှေဇီးကွက်

ပထမပိုင်း

စာမူခွင့်ပြုချက်အမှတ် ၅၁၀၂၁၉၀၃၀၇
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၁၀၂၇၉၀၃၀၇
၂၀၀၇ ခုနှစ်၊
ပထမအကြိမ်၊ အုပ်ရေ–၅၀၀
တန်ဖိုး ၁၀၀/–ကျပ်

ထုတ်ဝေသူ

ဒေါ်မိုးကေခိုင်၊ ဝိုင်္ဂတေးသံစာပေ
၎ရှုံ့သာကျေးရွာ၊ ပုလဲမြို့(ဒို)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ်

ဦးသော်လွင်မြင့် (စက္ခကူး-ပုံနှိပ်တိုက်)
၉(H) နဝရတ်ရိပ်သာလမ်း၊
မရမ်းကုန်းမြို့နယ်။

မျက်နှာဖုံးပုံနှိပ်

ဦးဝင်းကျော်မိုး (မုံရွေး-ပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅-လမ်း၊ ရန်ကုန်မြို့။

ဒို့တာဝန်အရေးသုံးပါး

☆ ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
☆ အဖျက်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

ပြည်သူ့သဘောထား

☆ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
☆ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
☆ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
☆ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
☆ ခိုင်မာသည့် ဖွံ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
☆ ဖြစ်ပေါ်လာသည့်ဖွံ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး၊

စီးပွားရေးဦးတည်ချက်(၄)ရပ်

☆ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
☆ စျေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
☆ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

လူမှုရေးဦးတည်ချက်(၄)ရပ်

☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
☆ အမျိုးဂုဏ်ဓာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
☆ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
☆ တစ်မျိုးသားလုံး ကျန်းမာကြံခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

ခရီးပြေး

မွန်းတည့်ချိန်။ ။

နေလုံးကြီးသည် ခေါင်းပေါ်တည့်တည့် ရောက်နေ၏။

မွန်းတည့်နေ၏ အပူရှိန်သည် ပူပြင်းလှ၏။

လူသူအရောက်အပေါက် နည်းပါးသော ခရီးဝေးလမ်းမကြီး ပေါ်ရှိ ကြီးမားသော သစ်ပင်ကြီး တစ်ပင်အောက်တွင် လက်ဖက်ရည်ဆိုင်လေးတစ်ဆိုင် ထီးထီးတည်ရှိနေ၏။

ယင်းလက်ဖက်ရည်ဆိုင်ရှေ့တွင် မြင်းလှည်းတစ်စီးရပ်ထား၏။

မြင်းလှည်းမှာ ဟောင်းနွမ်းသော်လည်း အလွန်ခိုင်ခံ့လှမှန်း မြင်ရုံနှင့် သိနိုင်၏။

ထိုမြင်းလှည်းအား မြင်ရုံနှင့် နယ်ခြားဒေသမှလာသော မြင်းလှည်းမှန်း တစ်ဆက်တည်း သိနိုင်၏။

ယင်းလက်ဖက်ရည်ဆိုင်တွင် ခရီးသွားတစ်စု နားနေ၏။

လက်ဖက်ရည်ဆိုင်ရှင် အဘိုးအိုမှာ စားပွဲခုံနောက်တွင်ထိုင်ကာ ငိုက်မြည်းနေ၏။

ခရီးသွားလူစုမှာ စုစုပေါင်း(၆)ယောက်ခန့် ရှိ၏။

အဘိုးအိုတစ်ယောက်၊ လူရွယ်နှစ်ယောက်၊ အမျိုးသမီးတစ်ယောက်နှင့် ကလေးနှစ်ယောက်တို့ ဖြစ်၏။

မြင်းလှည်းမှာ ထိုခရီးသွားလူစု၏ မြင်းလှည်းဖြစ်၏။

ကဲလေးငယ်နှစ်ယောက်မှာ သစ်ပင်ရိပ်အောက်မြေပြင်ပေါ်တွင် ဆော့ကစားနေကြ၏။

အဘိုးအိုသည် ဆေးတံအား ရွိုက်ဖွာကာ ကလေးများ ဆော့ကစားနေသည့်ဘက်သို့ ကြည့်နေ၏။

အမျိုးသမီးမှာ အသက်(၃၀)နှစ်ခန့်ရှိပြီး ချောမောနုနယ်၏။

သူမသည် အင်္ကျီပွပွတစ်ထည် ဝတ်ဆင်ထား၏။

အမျိုးသားနှစ်ယောက်မှာ အသက်(၃၀)ကျော်ခန့်နှင့် (၂၀) ကျော်ခန့်ဖြစ်ပြီး ဖျင်ကြမ်းအင်္ကျီများ ဝတ်ဆင်ထား၏။

၎င်းတို့သည် ဆင်းရဲသားများနှင့်တူအောင် ဝတ်ဆင်ထားကြခြင်းဖြစ်၏။

သို့သော်...

၎င်းတို့၏ရုပ်ရည်မှာ အလွန်ပင် သပ်ရုပ်ရှင်းသန့်ကာ အထက်တန်းလွှာက လူဟုပင် ထင်မှတ်နိုင်၏။

အမျိုးသမီးက...

"ဖေဖေ...ကျွန်မတို့ လုံကွမ်းရောက်အောင် ဘယ်နှစ်ရက်လောက် ဆက်သွားရဦးမလဲ"

အဘိုးအိုက မီးခိုးများမှုတ်ထုတ်ကာ စဉ်းစားလိုက်၏။

ထိုစဉ်...

အသက်(၂၀)ခန့် လူငယ်က...

"လေးငါးရက်တော့ လိုဦးမှာပေါ့ အစ်မစုရဲ့"

စုစုဆိုသော အမျိုးသမီးက...

"မောင်လေး ရှီးယုံက မသိဘဲနဲ့ မပြောပါနဲ့"

ရှီးယုံက ပြုံးကာ ပခုံးတွန့်လိုက်၏။

အဘိုးအိုက...

"ရှီးယုံပြောတာ မဆိုးပါဘူး၊ နောက်လေးငါးရက်နေရင် လုံကွမ်းကို ရောက်တော့မှာပါ"

ရှီးယုံက ရယ်မောလိုက်၏။

"ကျွန်တော်ပြောတာ မှန်တယ် မဟုတ်လား"

စုစုက မျက်စောင်းထိုးကာ ပြုံး၍...

"အောင်မယ် မင်းက ရမ်းသမ်းပြောပြီး မှန်တာပါ"

"ထားပါတော့ဗျာ...ကဲ...အစ်မစုစု ကျွန်တော့်ဘို့ တူတွေကို ခေါ်ပါဦး၊ တော်ကြာနေပူထဲ ရောက်ကုန်ဦးမယ်"

စုစုက ကလေးများအားခေါ်ရန် ထရပ်လိုက်၏။

ထိုစဉ်...

အဝေးမှဖုန်များ တလိပ်လိပ် တက်လာသည်ကို တွေ့လိုက်ရ၏။

အဘိုးအိုက မျက်မှောင်ကုတ်သွား၏။

"မြင်းတွေ စောင်တော်များမယ် ထင်တယ်"

တစ်ချိန်လုံးငြိမ်နေသော ရှီးယွမ်က လှမ်းမျှော်ကြည့်လိုက်၏။

ဖုန်လုံးများကြားမှ မြင်းများကို တွေ့လိုက်ရ၏။

တစ်ဖန်...

အလံများ လွှင့်ထူထားသည်ကိုလည်း တွေ့လိုက်ရ၏။

ရှိုးယွမ်က မျက်မှောင်ကုပ်သွား၏။

"ရှိုးယုံ...သေသေချာချာကြည့်စမ်း စီးကုဝေရဲ့ လူတွေလား မသိဘူး"

ထိုစကားကြောင့် စုစု၏မျက်နှာ ကွက်ခနဲ ပျက်သွား၏။

ရှိုးယုံက...

"မဖြစ်နိုင်ပါဘူး အစ်ကိုကြီး၊ သူတို့ ဒီအထိ လိုက်လာမယ် မထင်ပါဘူး"

ရှိုးယွမ်က ဘာမှ မပြောပါ။

အပြင်ဘက်သို့ လှမ်းထွက်ကာ ကြည့်လိုက်၏။

ထိုစဉ်...

လေတစ်ချက် တိုက်ခတ်မှုကြောင့် ဖုန်မှုန့်များကြားမှ အလံတစ်ခုအား တွေ့လိုက်ရ၏။

သူ၏ မျက်လုံးအစုံ ပြူးကျယ်ဝိုင်းစက်သွားကာ မျက်နှာမှာလည်း ဖြူဖပ်ဖြူလျော် ဖြစ်သွား၏။

"ဖေဖေ...စီးကုဝေရဲ့ လူတွေပဲ၊ ရှိုးယုံ လှည်းမြန်မြန်တပ်၊ စုစု ကလေးတွေကို လှည်းပေါ်တင်"

သူက တရစပ် အော်လိုက်၏။

သူ၏ အသံမှာ တုန်ယင်နေ၏။

ထို့နောက်...

ရှိုးယုံနှင့်အတူ မြင်းလှည်းအား မြင်းများတပ်ဆင်လိုက်၏။

အဘိုးအိုက သက်ပြင်းတစ်ချက်ချလိုက်၏။

ရှိုးယုံက...

"ကဲ...ဖေဖေတို့ သွားနှင့်ကြတော့"

အဘိုးအိုက...

"မင်းကော..."

ရှိုးယုံက...

"ကျွန်တော် သူတို့ကို မျှားခေါ်သွားမယ်"

အဘိုးအိုက...

"ဖြစ်ပါ့မလား..."

ရှိုးယုံက...

"သူတို့ကို မျှားမခေါ်ရင် မဖြစ်ဘူးဆိုတာ ဖေဖေ သိပါတယ်"

အဘိုးအိုက ဘာမှ မပြောတော့ဘဲ ရှိုးယုံ၏ပခုံးအား တစ်ချက်ပုတ်လိုက်၏။

ထို့နောက်...

မြင်းလှည်းပေါ်သို့ တက်လိုက်၏။

ရှိုးယွမ်က ညီဖြစ်သူအား ကြည့်ကာ...

"ညီလေး...အစ်ကိုကြီးတို့ သွားနှင့်မယ်၊ ကွမ်းလုံက စောင့်နေမယ်၊ ကိုယ့်ကိုယ်ကိုယ် ဂရုစိုက်ပါ"

သူက ယင်းသို့ မှာကြားပြီး မြင်းနှင်တံအား ဝှေ့ယမ်းလိုက်၏။

မြင်းလေးကောင်ဆွဲသော ရထားမှာ လက်ဖက်ရည်ဆိုင်ရှေ့မှ လျင်မြန်သော အဟုန်ဖြင့် ထွက်ခွာသွားလေတော့သည်။

✿ ✿ ✿

ရှိုးယုံက ပါးစပ်ပိတ်ထားလိုက်၏။

အဘိုးအိုက...

"မြင်းခွာသံကို နားထောင်ရကာ အခုလာနေတဲ့ မြင်းက ခြံကျောင်တိတိရှိတယ်၊ သူတို့က မြင်းလှည်းထွက်သွားတာကိုတွေ့ ပါပဲ၊ မင်းက မျှားခေါ်ပြီး လမ်းလွဲမယ်ဆိုရင်တောင် အားလုံးက မင်းနောက်ကို လိုက်မှာ မဟုတ်ဘူး"

ရှိုးယုံက...

"အားလုံး မလိုက်လည်း အင်အားတစ်ဝက်ကွဲ ကွဲသွားရင် အမြတ်ပဲပေါ့ဗျ"

အဘိုးအိုက ပြုံးကာ...

"အင်အား ကွဲသွားတော့ရော မင်းဆန္ဒပြည့်ပြီလား၊ သူတို့က အန္တရာယ် မပေးနိုင်တော့ဘူးလား"

ဟု မေးလိုက်၏။

ရှိုးယုံက သက်ပြင်းတစ်ချက် ချလိုက်၏။

သူက ပြေးလွှားကနေသော မြင်းများအား ကြည့်လိုက်၏။

အဘိုးအို ပြောသကဲ့သို့ပင် မြင်းရှစ်ကောင်နှင့် လူရှစ်ယောက် ဖြစ်၏။

အလံကိုင်နှစ်ယောက် ပါလာကာ အားလုံးမှာ အနီရောင် ဝတ်စုံဆင်တူ ဝတ်ဆင်ထားကြ၏။

ထိုလူစုမှာ မကြာမီ ဆိုင်ရှေ့ဘို့ ရောက်လာကြတော့မည်ဖြစ် ၏။

အဘိုးအိုက...

ငွေ ၁၀၀ တန် လမ်းလွဲ

ရှိုးယုံသည် မျက်မှောင်ကုတ်ကာ အဝေးမှ လာနေသော မြင်း များအား မမှိတ်မသုန် ကြည့်နေ၏။

ထိုစဉ်...

"မင်းက ဒီလူတွေကို ဟန့်တားမလို့ ဟုတ်လား"

သူ့နောက်မှ စကားသံ ထွက်ပေါ်လာ၏။

ရှိုးယုံက နောက်သို့ လှည့်ကြည့်လိုက်၏။

သူ့နောက်တွင် ငိုက်မြည်းနေသော ဆိုင်ရှင်အဘိုးအိုမှလွဲ၍ မည်သူ့ကိုမှ မတွေ့ပါ။

သူက မျက်မှောင်ကုပ်ကာ ဆိုင်ရှင်အဘိုးအိုအား ကြည့်၍...

"ခုနတုန်းက စကားပြောတာ ဘယ်သူလဲ...ခင်ဗျားပဲ မဟုတ် ဟား"

အဘိုးအိုက မျက်လုံးဖွင့်ကာ ခါးကြောတစ်ချက် ဆန့်လိုက်၏။

"ဒီနေရာမှာ မင်းနဲ့ငါနဲ့ နှစ်ယောက်တည်းရှိတာ ငါမပြောလို့ ဘယ်သူက ပြောမှာလဲကွ"

"ဒီလူတွေကို ဟန့်တားဖို့ မင်းဇွေတစ်ရာ အကုန်ခံနိုင်မလား"

ဟု မေးလိုက်၏။

ရိုးယုံက အံ့အားသင့်သွား၏။

သူက အဘိုးအိုအား နားမလည်နိုင်စွာ ကြည့်လိုက်၏။

အဘိုးအို က...

"သူတို့ မကြောခင် ရောက်လာတော့မှာနော်"

ဟု သတိပေးလိုက်၏။

ရိုးယုံက...

"ဇွေတစ်ရာ ကုန်တာနဲ့ သူတို့ကို ဘယ်လိုဟန့်တားနိုင်မှာလဲ"

အဘိုးအိုက လက်ဝါးဖြန့်လိုက်၏။

"ကဲ... ဇွေတစ်ရာသာပေးပါ... မင်းတို့အတွက် အဆင်ပြေသွားပါလိမ့်မယ်"

ရိုးယုံက ချက်ချင်း ဆုံးဖြတ်ချက် ချလိုက်၏။

ဇွေတစ်ရာသည် သူ့အတွက် ဘာမှ မပြောပလောက်ပေ။

ဇွေတစ်ရာပေးလိုက်ခြင်းဖြင့် တစ်စုံတစ်ရာ အကျိုးထူးနိုင်သည်ဟု သူက ယုံကြည်မိ၏။

သူက ချက်ချင်းပင် ဇွေတစ်ရာထုတ်ကာ အဘိုးအိုလက်ထဲထည့်ပေးလိုက်၏။

အဘိုးအိုက ပြုံးကာ ဇွေအား သိမ်းဆည်း၍...

"ကဲ... မင်း ဆိုင်နောက်ဘက်ထဲ ဝင်နေပါ၊ ကျွပ် စီစဉ်လိုက်ပါ့မယ်"

ရိုးယုံသည် အဘိုးအို ပြောသည့်အတိုင်းပင် ဆိုင်နောက်ဘက် သို့ဝင်ကာ ပုန်းကွယ်၍ ပြန်ချောင်းကြည့်လိုက်၏။

"ခွပ်... ခွပ်... ခွပ်"

မြင်းခွာသံများ ဆူညံစွာ နီးကပ်လာ၏။

တစ်ခဏအကြာတွင် မြင်း(၈)ကောင်သည် ဆိုင်ရှေ့သို့ ရောက်လာ၏။

သို့သော်... သူတို့က ရှေ့ဆက် မသွားနိုင်ပါ။

အကြောင်းမှာ... လက်ဖက်ရည်ဆိုင်ပိုင်ရှင် အဘိုးအိုက သူတို့အား ဟန့်တားထားသောကြောင့် ဖြစ်၏။

မြင်းရှစ်ကောင်စလုံး လက်ဖက်ရည်ဆိုင်ရှေ့တွင် တုံ့ခနဲ ရပ်ဘန့်သွား၏။

ရှေ့ဆုံးမှ မြင်းစီးလာသူအား ရိုးယုံက ကောင်းကောင်း သိထား၏။

ထိုလူမှာ "စီးကုဝေ"၏ လူယုံတော်တစ်ယောက် ဖြစ်သော "သံကွေး" ဖြစ်၏။

သံကွေးက အဘိုးအိုအား စိုက်ကြည့်လိုက်၏။

"အဘိုးကြီး... သေချင်နေလို့ လမ်းပိတ်ရပ်နေတာလား ကွ"

ဟု အော်ငေါက်လိုက်၏။

အဘိုးအိုက လက်နှစ်ဖက်ဆုပ်ကာ...

"မိတ်ဆွေတို့... ခရီးဝေးကလာရတာ ပင်ပန်းပါတယ်၊ လက်ဖက်ရည်သောက်ရင်း ခဏတစ်ဖြုတ် နားကြပါဦးလား"

သံကွေးက...

"အဘိုးကြီး လျှာရှည်မနေနဲ့၊ ကျုပ်တို့မှာ အချိန်မရှိဘူး၊ လမ်း ဖယ်ပေးစမ်း"

ဟု ထပ်မံအော်ငေါက်လိုက်၏။

အဘိုးအိုက အပြုံးမပျက်ပေ။

"မိတ်ဆွေတို့က တယ်လောဘကိုး၊ တော်ကြာမှ အရသာ ရှိတဲ့ လက်ဖက်ရည် မသောက်မိတာကို နောင်တရနေဦးမယ်"

သံကွေးက စိတ်မရှည်တော့ပါ။

"ဟေ့... အဘိုးကြီးကို လမ်းဘေးဆွဲချစမ်း"

သူက နောက်ဘက်မှ ငယ်သားတစ်ယောက်အား အမိန့်ပေး လိုက်၏။

သံကွေး၏ငယ်သား တစ်ယောက်က မြင်းကို ခပ်သွက်သွက် နှင်ကာ အဘိုးအိုအား မြင်းနှင့်တိုက်ချလိုက်၏။

"ဝုန်း..."

သို့သော်...

လမ်းဘေးသို့ ပြုတ်ကျသွားသူမှာ အဘိုးအို မဟုတ်ဘဲ ထို ငယ်သား ဖြစ်နေ၏။

အဘိုးအိုမှာ လမ်းလယ်တွင် ရပ်နေဆဲဖြစ်၏။

အဖြစ်အပျက်မှာ လျင်မြန်လွန်းလှသဖြင့် မည်သို့ဖြစ်ပျက် သွားသည်ကို သံကွေးတစ်ယောက်ပင် မသိလိုက်ပါ။

သူသိလိုက်သည်မှာ အဘိုးအိုသည် ခေသူတစ်ယောက်မဟုတ် ခေ။

ပြည့်မတွင် သိုင်းသမားများ အလွန်ပေါများသည် မဟုတ်ပါ ဘူး။

သံကွေးက ပေါ့ပေါ့တန်တန် သဘောမထားဝံ့တော့ပါ။

"မိတ်ဆွေ ခင်ဗျားနဲ့ ကျုပ်နဲ့ ရန်ညှိုးမရှိပါဘူး"

အဘိုးအိုက ခေါင်းညိတ်လိုက်၏။

"ဟုတ်ကဲ့... မရှိပါဘူး"

သံကွေးက...

"ဒါဖြင့်... ကျုပ်တို့ကို ဘာကြောင့် နှောင့်ယှက်ရတာလဲ"

အဘိုးအိုက...

"ကျုပ်က သူတစ်ပါးဆီက ငွေယူထားမိလို့ပါ"

သံကွေးက မျက်မှောင်ကုတ်သွား၏။

"ကျုပ်တို့ကို ဟန့်တားဖို့ ခင်ဗျားက သူတစ်ပါးဆီက ငွေယူ ထားတယ်ဆိုတဲ့ သဘောလား"

အဘိုးအိုက ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်"

သံကွေးက မဲ့ပြုံး ပြုံးကာ...

"ခင်ဗျား တစ်ယောက်တည်းနဲ့ ကျုပ်တို့ကို ဟန့်တားနိုင်မယ် လို့ ထင်နေသလား"

အဘိုးအိုက...

"ကျုပ် တစ်ယောက်တည်းလို့ မိတ်ဆွေတို့ကို ဘယ်သူက ပြောသလဲ"

သံကွေးက ရင်ထိတ်သွား၏။

အဘိုးအို၏ ပုံစံမှာ အလွန်သွေးအေး၏။

သူတို့လူစုအား မမှုသည့် အရေးမထားသည့်ဟန် ဖြစ်၏။

သံကွေးမှာ အဘိုးအို၏ အေးတိအေးစက် ဟန်မူရာကြောင့် ပို၍ထိတ်လန့်မိ၏။

သူက ဖြစ်နိုင်လျှင် အဘိုးအိုနှင့် မတိုက်ခိုက်လိုပါ။

တစ်ဖန်...

လက်ဖက်ရည်ဆိုင်ထဲတွင် တစ်စုံတစ်ယောက်ရှိနေသည်ဟု သူက အလိုလို ခံစားမိ၏။

သံကွေးက...

"ကျုပ်တို့ကို ဟန့်တားဖို့ ခင်ဗျား ငွေဘယ်လောက် လက်ခံခဲ့သလဲ"

အဘိုးအိုက...

"ငွေတစ်ရာပါ"

သံကွေးက...

"ကောင်းပြီ ကျုပ်က ငွေငါးရာပေးမယ် လမ်းဖယ်ပေးပါ"

အဘိုးအိုက...

"ငွေတစ်ရာနဲ့ ငွေငါးရာ ဘယ်ဟာက ပိုများသလဲဗျ"

အဘိုးအို၏ ရေရွတ်သံကို ကြားလိုက်ရသောအခါ ပုန်းကွယ်နေသော ရိုးယုံက ရင်ထိတ်သွား၏။

အဘိုးအိုက ငွေမက်သူ တစ်ယောက်လော။

အကယ်၍...

အဘိုးအိုက ငွေမက်သူ တစ်ယောက်ဖြစ်နေလျှင် သူ့ကို အရင်ဆုံး ဖော်ထုတ်မည်ဖြစ်၏။

ရိုးယုံက အံတင်းတင်း ကြိတ်လိုက်၏။

သူက ဓားအား ကျစ်ကျစ်ပါအောင် ဆုပ်ထား၏။

ထိုစဉ်...

သံကွေး၏အသံကို ကြားလိုက်ရပြန်၏။

"ငွေငါးရာက များတာပေါ့ဗျ... ကျုပ်ဆီက ငွေကိုယူပြီး အေးအေး ဆေးဆေး လမ်းဖယ်ပေးစမ်းပါ"

အဘိုးအိုက ခေါင်းကို တစ်ဆတ်ဆတ် ညိတ်လိုက်၏။

"အင်း... ကျုပ်ကတော့ လိုချင်တယ်ဗျ... ဒါပေမဲ့ မဖြစ်ပါဘူးဗျာ၊ အထဲမှာ ရှိနေတဲ့ ကျုပ်မိတ်ဆွေက သဘောကျမှာ မဟုတ်ဘူး၊ သူက ကတိသစ္စာ တည်ကြည်တာကိုပဲ လိုချင်မှာဗျ၊ မဖြစ်ပါဘူးဗျာ၊ မဖြစ်ပါဘူးဗျာ တော်ကြာ သူက ကျုပ်ကို သတ်နေဦးမယ်"

သံကွေးက မျက်လုံးပြူးသွား၏။

အဘိုးအို၏ စကားအရဆိုလျှင် အထဲ၌ပုန်းအောင်းနေသူသည် အဘိုးအိုထက်ပင် သိုင်းပညာ အဆင့်မြင့်ဟန် တူ၏။

သို့သော်...

သံကွေးမှာ ယုံတစ်ဝက် မယုံတစ်ဝက် ဖြစ်နေ၏။

အဘိုးအိုက...

"ကဲ... မိတ်ဆွေတို့က ဆက်သွားဦးမှာလား... ကျုပ်က မတိုက်ခိုက်ချင်ဘူးဗျာ"

သူက အေးတိအေးစက်ပင် ပြောလိုက်၏။

သံကွေးမှာ မခံချိ မခံသာ ဖြစ်နေ၏။

သူက လွယ်လွယ် အလျော့မပေးလိုပါ။

အဘိုးအို၏ သိုင်းပညာကို စစ်ဆေးပြီးမှသာလျှင် အလျော့ပေး သင့်ပေးရန် ဆုံးဖြတ်လိုက်၏။

သူက မြင်းပေါ်မှ လွှားခနဲ ခုန်ဆင်းလိုက်၏။

"ကျုပ်တို့ကို ဟန့်တားမယ့် ခင်ဗျားရဲ့ သိုင်းပညာကို အရင် ကြည့်ပါရစေဗျာ"

သူက ပြောပြီး လက်သီးနှစ်ဖက်ကို အသုံးပြုကာ တိုက်ခိုက် လိုက်၏။

တစ်ဆက်တည်းပင်...

ခြေကန်ချက်များကိုပါ အသုံးပြုလိုက်၏။

အဘိုးအိုမှာ အရှုယ်နှင့်မလိုက်အောင်ပင် လျင်မြန်လှ၏။

သံကွေး၏ တိုက်ခိုက်မှုများကြားမှ အဘိုးအို၏ လက်တစ်ဖက် သည် ရှေ့သို့ ဆန့်ထွက်လာကာ သံကွေး၏ ပါးပြင်ပေါ်သို့ ရိုက်ခွဲ လိုက်၏။

"ဖြန်း... ဖြန်း..."

သံကွေး၏ ပါးပြင်နှစ်ဖက်တွင် နီရဲသော လက်ဝါးရာများ ဖြစ်ပေါ်လာ၏။

အဘိုးအိုက...

"ကဲ... မိတ်ဆွေတို့ မသေချင်ရင် လာလမ်းအတိုင်း ပြန်လှည့် သွားပါ"

ဟု ထပ်မံခြိမ်းခြောက်လိုက်၏။

သံကွေးမှာ ချက်ချင်း နောက်ဆုတ်သွား၏။

သူအနေနှင့် အဘိုးအိုအား မည်သို့မျှမယှဉ်နိုင်ကြောင်း ကောင်း စွာ သဘောပေါက်သွား၏။

သူက မြင်းပေါ်ခုန်တက်ကာ...

"အားလုံး သွားကြမယ်"

ဟု အမိန့်ပေးကာ မြင်းအား ပြန်လှည့်၍ ဒုန်းစိုင်းထွက်ခွာ သွား၏။

တစ်ခဏအတွင်းမှာပင် လက်ဖက်ရည်ဆိုင်လေးနှင့် ဝေး၍ သွားလေတော့သည်။



ရှီးယုံက အဘိုးအိုအား ဒူးထောက် ဂါရဝပြုလိုက်၏။

"အခုလို ကူညီတာ ကျေးဇူးတင်ပါတယ် အဘ"

အဘိုးအိုက ပြုံးလိုက်၏။

"မလိုပါဘူးကွာ... ကျုပ်က တန်ရာတန်ကြေး ရထားပြီပဲ"

ရှီးယုံသည် အဘိုးအိုမှာ ငွေကြေးကြောင့် မဟုတ်ဘဲ မိမိတို့ အား တမင်ကူညီခြင်းဖြစ်မှန်း ကောင်းစွာ နားလည်လိုက်၏။

ရှီးယုံက...

"အဘ နာမည်ကို သိပါရစေဗျာ"

အဘိုးအိုက...

"ကျုပ်နာမည်က အသုံးမပြုတာကြာလို့ မေ့တောင်မေ့နေပါပြီ"

ရှီးယုံက သက်ပြင်းတစ်ချက် ချလိုက်၏။

အဘိုးအိုက မပြောချင်မှန်း နားလည်လိုက်၏။

ရှိုးယုံက...

"ကျွန်တော်ကတော့ ဘဘရဲ့ ကူညီမှုကို တစ်သက်လုံး သတိရနေပါမယ်၊ ကျွန်တော်တို့က 'ကျန်းဖုနယ်ခြားဒေသ'က..."

သူ၏ စကား မဆုံးမီ အဘိုးအိုက လက်ကာပြလိုက်၏။

"မင်းတို့က ကျန်းဖုနယ်ခြားဒေသက မြို့စားကြီးအဆက် အနွယ်တွေဆိုတာ ကျုပ် သိပါတယ်"

"ဗျာ..."

ရှိုးယုံက အလွန်အံ့အားသင့်သွား၏။

အဘိုးအိုက...

"ကျန်းဖု နယ်ခြားဒေသမှာ တစ်သက်လုံး မြို့စားရာထူး ရထားတာ "ရိုး" အမျိုးအနွယ်တွေပဲ မဟုတ်လား"

ရှိုးယုံက...

"ဟုတ်ပါတယ်၊ ကျွန်တော့်ဖခင်က မြို့စားကြီး ရှိုးကျွန်ပါ"

အဘိုးအိုက ပြုံးကာ..

"အမတ်ရာထူးကို တစ်သက်လုံး ရထားတာလဲ "စီး"မျိုးနွယ်တွေပဲ မဟုတ်လား"

ရှိုးယုံက ခေါင်းညိတ်လိုက်၏။

"ဟုတ်ကဲ့... အခုလက်ရှိ အမတ်ကြီးက စီးကုဝေပါ၊ ဒါနဲ့ အဘက ဒီအကြောင်းတွေကို ဘယ်လိုလုပ် သိထားတာလဲ"

အဘိုးအိုက...

"ကျုပ် တစ်ချိန်က သိုင်းလောကထဲ ကျင်လည်ကျက်စားခဲ့

ဒေသက်ကြီးသားတွေကို ကျုပ်ကိုယ်တိုင် ခေါ်ယူခဲ့ဖူးတယ်၊ ဒီတော့ ကျန်းဖုနယ်ခြားဒေသကို တစ်ခေါက်ရောက်ခဲ့ဖူးလို့ သိထားတာပါ"

ရှိုးယုံက ခေါင်းတစ်ဆတ်ဆတ် ညိတ်ကာ...

"ဩော်... ဒါကြောင့် သိနေတာကိုး"

အဘိုးအိုက...

"အခု စီးကုဝေဆိုတဲ့ အမတ်က မင်းအဖေရဲ့ အာဏာကို ဆန့်ကျင်လို့ အခုလို ထွက်ပြေးလာရတာ မဟုတ်လား"

ရှိုးယုံက အံတင်းတင်း ကြိတ်လိုက်၏။

"ဟုတ်ကဲ့... စီးကုဝေ ဒီလောက် ကောက်ကျစ်လိမ်မယ်လို့ ထင်မထင်ထားဘူးဗျာ၊ မထင်မှတ်တဲ့ အချိန်ဖြစ်နေတော့ ခုခံကာကွယ်ဖို့ ဘာမှ မတတ်နိုင်ဘူး၊ သစ္စာရှိ လူယုံတော်တွေက အသက်နဲ့ ကာကွယ်ပေးလို့ အခုလို ကိုယ်လွတ်ရုန်းပြေးလာနိုင်တာပါ"

အဘိုးအိုက...

"ကဲ... ကဲ... မင်းသွားတော့၊ တော်ကြာနောက်ကျနေဦးမယ်"

"ဟုတ်ကဲ့... အခုလို ကူညီတာ ကျေးဇူးမမေ့ပါဘူး"

ရှိုးယုံက ဒူးထောက်ကာ အရိုအသေ ပေးလိုက်၏။

ထို့နောက်...

ဝှက်ထားသော မြင်းပေါ်သို့တက်ကာ လက်ဖက်ရည်ဆိုင်ဆီမှ ထွက်ခွာသွားလေတော့သည်။

✿ ✿ ✿

ရိုးမျိုးနွယ်စု

လုံကွမ်းမြို့။ ။

ကြီးမားသော မြို့ကြီးတစ်မြို့ မဟုတ်ပါ။

သို့သော်...

လမ်းဆုံလမ်းခွတွင် တည်ရှိသဖြင့် အတော်ပင်စည်ကားလှ၏။

လုံကွမ်းမြို့၏ ညနေဆည်းဆာအလှမှာ အလွန်ပင် ကြည့်နှုးဖွယ်ကောင်း၏။

လှပသော တိမ်တိုက်များကို နောက်ခံပြုထားသည့် တောင်တန်းညိုသည် လုံကွမ်းမြို့၏ တောင်ဘက်တွင် ရှိနေ၏။

တောင်ဘက်တံခါးဝတွင် မြင်းလှည်းတစ်စီး ရပ်တန့်လာ၏။

ပြီးမှ...

မြို့တွင်းသို့ ဖြည်းညင်းစွာ မောင်းနှင်ဝင်ရောက်လာ၏။

မြင်းလှည်းမောင်းသူ လူရွယ်က ပတ်ဝန်းကျင်အား အကဲခတ်ရင်း မြင်းလှည်းကို ဘီးလိမ့်ရုံမျှ မောင်းဝင်လိုက်၏။

ရုတ်တရက် မြင်းလှည်းပြတင်းလိုက်ကာ ပွင့်သွား၏။

ပြတင်းဝမှ ကလေးဦးခေါင်းနှစ်လုံး ပြူထွက်လာ၏။

"ဘိုးဘိုး... မြို့တစ်မြို့ ရောက်လာပြန်ပြီ"

ဟု ပြိုင်တူ ပြောလိုက်ကြ၏။

အဘိုးအိုက...

"ဟုတ်တယ်"

မြင်းလှည်းမှာ ရိုးမျိုးနွယ် မြို့စားကြီး ရိုးကျွန်မိသားစု၏ မြင်းလှည်းဖြစ်၏။

မြင်းလှည်းထဲမှ စုစုက...

"ဖေဖေ... ဒါ ကျွန်မတို့လာတဲ့ လုံကွမ်းမြို့လား"

ရိုးကျွန်က...

"ဟုတ်တယ်"

စုစုက ထပ်မံမေးရန် ပါးစပ်ပြင်လိုက်၏။

"ဖေဖေ... ဘယ်ကို မောင်းရမှာလဲ"

သူမ မေးမည့် မေးခွန်းကို ရိုးယွမ်က ဖေးလိုက်၏။

ရိုးကျွန်က မေးစေ့အား တစ်ချက်ပွတ်လိုက်၏။

အတန်ကြာမှ...

"ဆက်မောင်းဦး၊ ရှေ့လမ်းဆုံကျမှဝင် ညာဘက်ကွေ့ပြီး ဘယ်တည့်ဆက်သွားမယ်"

ဟု အေးဆေးစွာ ပြောလိုက်၏။

ရိုးယွမ်ကလည်း ဖခင်ပြောသည့်အတိုင်းပင် မြင်းလှည်းအား မောင်းနှင်လိုက်၏။

မကြာမီ... လမ်းဆုံတစ်ခုသို့ ရောက်ရှိလာ၏။

ရှီးယွမ်သည် ညာဘက်သို့ ချိုးကွေ့ကာ လမ်းမအတိုင်း တည့်တည့်မောင်းနှင်သွား၏။

အတန်ကြာမောင်းနှင်ပြီးနောက်...

"ရပ်လိုက်"

ရှီးကျွန်ထံမှ ဟန့်တားသည့်အသံ ထွက်ပေါ်လာ၏။

ရှီးယွမ်က မြင်းလှည်းအား ရပ်တန့်လိုက်၏။

သူက မြင်းလှည်းပေါ်မှ ချက်ချင်းခုန်ချကာ ပတ်ဝန်းကျင်အား လှည့်ပတ်၍ အကဲခတ်လိုက်၏။

မြင်းလှည်းသည် ခြံဝင်းတစ်ခုရှေ့တွင် ရပ်တန့်နေ၏။

ခြံဝင်းမှာ အတန်အသင့် ကျယ်ဝန်း၏။

ခြံစည်းရိုးအား သပ်သပ်ရပ်ရပ်နှင့် အခိုင်အခဲ့ကာရံထား၏။

ခြံဝင်းအတွင်းရှိ အိမ်ကလေးမှာ အနေတော် ဖြစ်၏။

ရှီးယွမ်က မြင်းလှည်းတဲခါးဝသို့ လျှောက်လာကာ...

"ဖေဖေ..."

ဆားကျွန်က...

"အထဲဝင်သွားပါ... ဟုန်စဲ့ ရှိမရှိ မေးကြည့်၊ ရှိတယ်ဆိုရင် ဟောဒီသေတ္တာလေး ပေးလိုက်ပါ"

ရှီးယွမ်သည် သုံးလက်မပတ်လည်ရှိသော သေတ္တာငယ်လေးအား ကိုင်ကာ အိမ်ကလေးရှိရာသို့ လျှောက်သွားလေတော့သည်။

✿ ✿ ✿

တစ်ကိုယ်တော် သိုင်းသမား ဟုန်စဲ့

အိမ်ကလေးသည် တိတ်ဆိတ်ငြိမ်သက်နေ၏။

"ဒေါက်... ဒေါက်... ဒေါက်"

ရှီးယွမ်က တဲခါးအား အသာအယာ ခေါက်လိုက်၏။

တဲခါးခေါက်သံအဆုံးတွင်...

"ဘယ်သူလဲဟေ့..."

အတန်ငယ် မာဆတ်ဆတ်နိုင်သော လေသံနှင့်အတူ တဲခါးဖွင့်လာ၏။

တဲခါးဝတွင် အသက်(၄၀)ခန့် ဥပဓိရုပ် ခဲ့ညားကာ ပိန်ပိန်ပါးပါး ရှိသော လူတစ်ယောက် ပေါ်လာ၏။

ရှီးယွမ်က လက်နှစ်ဖက်ဆုပ်ကာ...

"ကျွန်တော် ဟုန်စဲ့နဲ့ တွေ့ချင်လို့ပါ"

ဟု ယဉ်ကျေးစွာ ပြောလိုက်၏။

ထိုလူက မျက်မှောင်ကုတ်သွား၏။

ရှီးယွမ်အား ခြေဆုံးခေါင်းဆုံး ကြည့်ကာ...

"ကျုပ်က ဟုန်စံပဲ... မင်းက ဘာကိစ္စရှိလို့လဲ... ကျားရဲ့ ဂိုဏ်းကလား"

ရှီးယွမ်က...

"မဟုတ်ပါဘူး..."

သူက ဒူးထောက်ကာ လက်ထဲမှ သေတ္တာလေးအား လှမ်းပေးလိုက်၏။

ဟုန်စံက လှမ်းယူလိုက်၏။

ထို့နောက်...

အသာအယာ ဖွင့်ကြည့်လိုက်၏။

သူ၏ မျက်ဝန်းအစုံတွင် ဝမ်းသာသော အရိပ်အယောင်ဖြစ် ပေါ်လာ၏။

သို့သော်...

ချက်ချင်းပင် ငိုင်ကျသွား၏။

အတန်ကြာမှ...

"မြို့စားကြီးကော..."

ရှီးယွမ်က...

"ဖေဖေ အပြင်မှာ စောင့်နေပါတယ်"

ဟုန်စံက မျက်နှာအား လက်ဝါးဖြင့် ပွတ်လိုက်၏။

သူ့မျက်နှာတွင် ဝေခွဲမရဟန်၊ တွေဝေနေဟန် ပေါ်လွင်လာ၏။


တစ်ခဏကြာမှ...

သူ့မျက်နှာနီရဲလာကာ သေတ္တာလေးအား ရှီးယွမ်လက်ထဲ ပြန်ထည့်ပေးလိုက်၏။

"ကျုပ် လက်မခံနိုင်ကြောင်း ပြောလိုက်ပါ"

သူက ထိုမျှသာပြောပြီး တံခါးအား ပြန်လည်ပိတ်လိုက်၏။

"ဂျိမ်း..."



ရှီးယွမ်၏ အေးချမ်းသော မျက်နှာသည် ယခုနီးရဲကာ ဒေါသ ထွက်နေသော ဟန်မူရာ ပေါ်လွင်နေ၏။

သူက ခြံဝင်းမှထွက်ကာ မြင်းလှည်းရှိရာသို့ ပြန်လျှောက် လာ၏။

တံခါးဆောင့်ပိတ်သံကို ကြားလိုက်ရသော စုစုက မျက်မှောင် ကုပ်သွား၏။

သူမက ရှီးယွမ်အား ကြည့်ကာ...

"အစ်ကို ဘာဖြစ်လာတာလဲ"

ရှီးယွမ်က မဖြေပါ။

ဖခင်ထံ လျှောက်သွားလိုက်၏။

ရှီးကျွန်က...

"ဘယ်လိုလဲ ဟုန်စံနဲ့ တွေ့ခဲ့သလား"

ရှီးယွမ်က...

"သူက ကျွန်တော်တို့ကို လက်မခံနိုင်ဘူးလို့ အပြတ်ပြော လိုက်ပါတယ်"

ရှီးကျွန်၏ မျက်နှာတွင် ဒေါသထွက် စိတ်ဆိုးသော ဟန်မူရာ မရှိပါ။

သူက အသာပြုံးကာ...

"ကဲ... သားကြီး... မြင်းလှည်းပေါ်တက် အချိန်ရှိတုန်း တည်းခိုခန်း ငှားရအောင်"

ဟု အေးဆေးစွာပင် ပြောလိုက်လေသည်။



ညဥ့်နက်လှပြီဖြစ်၏။

တည်းခိုခန်း အနောက်ဘက်ရှိ သီးသန့်ဆောင်ကလေးတွင် မီးလင်းနေ၏။

သီးသန့်ဆောင်ထဲတွင် ရိုးမျိုးနွယ်ကလေးငယ်နှစ်ယောက်မှာ နှစ်ရှိုက်စွာ အိပ်မောကျနေ၏။

ရိုးယွမ်နှင့် စုစုမှာ ကလေးများ အနီးတွင် ထိုင်နေ၏။

ရိုးကျွန်မှာ လက်နှစ်ဖက်နောက်ပစ်ကာ လမ်းလျှောက်နေ၏။

ရိုးယွမ်က ဖခင်အား မောကြည့်ကာ...

"ဖေဖေ"

ရိုးကျွန်၏ ခြေလှမ်း ရပ်တန့်သွား၏။

သူက ရိုးယွမ်အား ငုံ့ကြည့်ကာ...

"ဘာလဲ... ဟုန်စဲ့ အကြောင်း မေးမလို့လား"

ရိုးယွမ်က ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ် ဖေဖေ"

ရိုးကျွန်က...

"ဖေဖေ့မှာ ပြည်မက မိတ်ဆွေသုံးယောက်ရှိတယ်၊ ဟုန်စဲ့က

တစ်ယောက်အပါအဝင်ပဲ၊ သူတို့တွေက အလွန် ကတိတည်ကြည်ကြတဲ့ သိုင်းသမားတွေပဲ၊ ဒါကြောင့်လည်း ပြည်မမှာ အခြေချဖို့ သူတို့နဲ့ လာတွေ့တာပေါ့၊ သူတို့ အကူအညီကို ယူရဦးမယ်"

ရိုးယွမ်က နှာခေါင်း ရှုံ့လိုက်၏။

"သူတို့က ကူညီမယ်လို့ ဖေဖေ ယုံကြည်တာ မှားတာပဲ"

ရိုးကျွန်က...

"မမှားဘူး... သူတို့ ကူညီမှာပါ"

ရိုးယွမ်က...

"အခုပဲ... ဟုန်စဲ့က လက်မခံနိုင်ဘူးလို့ ငြင်းလိုက်ပြီလေ"

ရိုးကျွန်က...

"သူ့မှာ အကြောင်းရှိလို့ ဖြစ်ပါလိမ့်မယ်"

ရိုးယွမ်က...

"ကျွန်တော်တော့ မထင်ဘူး"

ရိုးကျွန်က ပြုံးလိုက်၏။

"ထားပါတော့လေ... မင်းတို့ဒီမှာ စောင့်နေပါ၊ ရိုးယုံကိုလည်း စောင့်ကြည့်နေဦး"

ရိုးယွမ်က မျက်မှောင်ကုတ်ကာ...

"ဖေဖေက ဘယ်သွားမလို့လဲ"

ရိုးကျွန်က...

"ကွမ်းလုံမှာ အခြေချသင့် မချသင့် စုံစမ်းမလို့"

ရိုးယွမ်က...

"မနက်ဖြန်မှ သွားပါလား ဖေဖေ၊ ညပဲနက်နေပြီ"

ရှီးကျန်က...

"ညဘက်မှာ စနည်းနာရတာ ပိုကောင်းပါတယ်"

ဟု ပြောပြီး ထွက်ခွာသွားလေတော့သည်။



ချန်းနိ။ ။

ချန်းနိသည် အသက်(၂၀)ခန့်သာ ရှိသော မိန်းကလေး ဖြစ်၏။

လုံကွမ်း မြို့တစ်မြို့လုံးတွင် သူမအား မသိသူ မရှိပေ။

သူမ၏ ရုပ်ရည်ချောမောလှပမှု၊ ဉာဏ်ထက်မြက်မှုနှင့် သိုင်းပညာတော်ခြင်းတို့ကြောင့် ဖြစ်၏။

ထို့ပြင်...

သူမ ဖခင်၏ အရှိန်အဝါကြောင့်လည်း ဖြစ်၏။

ချန်းနိ၏ ဖခင်မှာ လုံကွမ်းမြို့တွင် အကျော်ကြားဆုံး သိုင်းဆရာကြီး ချန်းအန်း ဖြစ်၏။

ချန်းအန်းမှာ တစ်ဦးတည်းသော သမီးလေး ချန်းနိအား အလွန်ချစ်ခင်အားထားက သားတစ်ယောက်ကဲ့သို့ လွတ်လွတ်လပ်လပ် နေထိုင်ရန် အလိုလိုက်ထား၏။

ယနေ့...

ချန်းနိသည် ညဈေးတန်းကို လျှောက်ရန်ထွက်လာ၏။

သူ့မက လမ်းချိုးတစ်ခုသို့ လှမ်းဝင်မိသွားသောအခါ မျက်မှောင်ကုပ်သွား၏။

တစ်ကိုယ်တော် သိုင်းသမား ဟုန်စုံ၏ ခြံဝင်းရှေ့တွင် နယ်ခြားဒေသမှ မြင်းလှည်းတစ်စီး ရပ်ထားသည်ကို တွေ့လိုက်ရ၏။

"ဟင်... ဟုန်စုံက နယ်ခြားဒေသက လူတွေနဲ့ ဆက်သွယ်နေပါလား"

သူမက စိတ်ထဲတွင် ယင်းသို့ တွေးကာ ဆက်လျှောက်လာ၏။

သူမက မြင်းလှည်း နံဘေးမှဖြတ်ရင်း မသိမသာ အကဲခတ်မိ၏။

"မိသားစု တစ်စုပဲ"

သူမက မှတ်ချက်ချကာ ညဈေးတန်းသို့ ဆက်လျှောက်သွားလေတော့သည်။

ည။ ။

ချန်အန်းသည် စာဖတ်ခန်းထဲတွင် စာထိုင်ဖတ်နေ၏။

သူ့အနီးရှိစားပွဲတွင် ချန်းနိမှာ မုန့်အချိုထိုင်စားနေ၏။

"သူက ခေါင်းမာဟန် ဆောင်နေတာပဲ"

ချန်းနိထံမှ မကျေမနပ် ရေရွတ်သံ ထွက်ပေါ်လာ၏။

ချန်းအန်းက မျက်မှောင်ကုပ်သွား၏။

သမီးဖြစ်သူ၏ အဆက်အစပ် မရှိသောစကားကို သူက နားမလည်ဘဲ...

"သမီး ဘယ်သူ့ကို ပြောနေတာလဲ"

ဟု စာအုပ်မှ မျက်နှာခွာကာ လှမ်းမေးလိုက်၏။

ချန်းနီက...

"ဟုန်စဲ့ကို ပြောနေတာ ဖေဖေရဲ့"

ချန်းအန်းက...

"ဟုန်စဲ့က ဘာဖြစ်လို့လဲ"

ချန်းနီက...

"သူက အခုကိစ္စမှာ ဘယ်သူ့အကူအညီမှ မယူဘူးလို့ ပြော နေတယ် မဟုတ်လား၊ သူက ဘယ်ယူပါ့မလဲ၊ သူ့ကိုကူညီဖို့ နယ်ခြား ကလူတွေ ရောက်နေတာကိုး"

ချန်းအန်း၏ မျက်နှာပေါ်တွင် အံ့အားသင့်သော အရိပ်အရောင် များ ပေါ်လွင်လာ၏။

"ဟုတ်လို့လား သမီးရဲ့"

ချန်းနီက...

"ဟုတ်တယ်... အဘိုးအိုတစ်ယောက်၊ ဇနီးမောင်နှံနဲ့ ကလေး နှစ်ယောက်..."

ချန်းအန်းက...

"အဲဒါ ဟုန်စဲ့ကို ကူညီဖို့ ဟုတ်ပါ့မလား မဖြစ်နိုင်ဘူး"

ချန်းနီက...

"ဘာဖြစ်လို့လဲ"

ချန်းအန်းက...

"အကူအညီပေးဖို့ လာတဲ့ လူတွေက ကလေးခေါ်လာပါ့ မယ်"

ချန်းနီက ဘာပြောရမှန်း မသိဖြစ်သွား၏။

ချန်းအန်းက သမီးဖြစ်သူအား ကြည့်ကာ...

"သူတို့က အကူအညီပေးဖို့ထက် အတူအညီလာတောင်းတာ သည်း ဖြစ်နိုင်တာပဲ"

ချန်းနီက...

"ကျားရဲသခင်လေးက ဘာကြောင့် တစ်ယောက်ပြီး တစ် ယောက် ယုဉ်ပြိုင်ဖို့ စိန်ခေါ်ရတာလဲ"

ချန်းအန်းက...

"သူက သိုင်းလောကထဲမှာ သူ့ထက်သိုင်းပညာတော်တဲ့ လူ မရှိ သိချင်လို့ ယုဉ်ပြိုင်တာလို့ ပြောတာပဲ"

ချန်းနီက နာခေါင်း ရှုံ့လိုက်၏။

"ဟွန်... တော်တော် ဘဝင်မြင့်တဲ့လူပဲ"

ချန်အန်းက မြိုးကာ...

"ဘဝင်မြင့်မယ်ဆိုလည်း မြင့်ချင်စရာပဲလေ၊ သုံးလအတွင်း သူက ကျော်ကြားတဲ့ သိုင်းသမား (၈)ယောက်ကို အနိုင်ယူခဲ့နိုင် ဘာကိုး"

ချန်းနီကက...

"ဟုန်စဲ့က ကိုးယောက်မြောက် စိန်ခေါ်ခံရသူပေါ့"

ချန်းအန်းက...

"ဟုတ်တယ်... ကဲ... ဒါတွေထားလိုက်ပါတော့ ညနက်လှပြီ သမီးသွားအိပ်တော့"

ဟု စကားဖြတ်လိုက်၏။

ချွန်းနိမှာ မကျေမနပ်သော်လည်း ဖခင်၏ စကားကို မလွန်ဆန်နိုင်သဖြင့် စာဖတ်ခန်းထဲမှ ထွက်ခွာသွားလေတော့သည်။

✿ ✿ ✿

ညနက်လှပြီဖြစ်၍ ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်နေ၏။
အပြင်ဘက်တွင် မှောင်မဲနေ၏။
အိမ်ကလေးတစ်လုံးအတွင်းတွင်မူ မီးလင်းနေ၏။
မီးရောင်ဖြင့် အိမ်ကလေးအတွင်းသို့ ထင်ရှားစွာ တွေ့မြင်ရ၏။
အိမ်ထဲတွင် လူတစ်ယောက် ထိုင်နေ၏။
တစ်ကိုယ်တော် သိုင်းသမား ဟုန်စဲ့ ဖြစ်၏။
ဟုန်စဲ့သည် စားပွဲတွင် စာထိုင်ဖတ်နေ၏။
ထိုစဉ်...
အိမ်ကလေးအတွင်းသို့ လူတစ်ယောက် လှမ်းဝင်လာ၏။
ထိုလူမှာ အသက်(၃၀)ခန့်ရှိပြီး အညိုရောင်အင်္ကျီဝတ်ဆင်ထား၏။
သူက ဟုန်စဲ့အား ဒူးထောက် ဂါရဝပြုလိုက်၏။
ဟုန်စဲ့က လှည့်မကြည့်ဘဲ...
"ရောင်လုံ... မင်းရောက်လာပြီကိုး"
ဒူးထောက်နေသူက...
"ဟုတ်ပါတယ် ဆရာ"
ဟုန်စဲ့က စာအုပ်ချကာ...
"ကဲ... ကဲ... ထပါဦး"

ရောင်လုံမှာ ဟုန်စဲ့၏ တပည့်ဖြစ်၏။
ရောင်လုံက ထရပ်ကာ ကုလားထိုင်တွင် ဝင်ထိုင်လိုက်၏။
"ကျွန်တော် ဆရာ့စာရှုရချင်၊ ထွက်လာတာပါ"
ဟုန်စဲ့က ခေါင်းတဆတ်ဆတ် ညိတ်လိုက်၏။
ရောင်လုံက...
"ဆရာ... ကျားရဲသခင်လေးနဲ့ ယှဉ်ပြိုင်ဖို့..."
ဟုန်စဲ့က ကြားဖြတ်လိုက်၏။
"အဲဒီကိစ္စကြောင့် မဟုတ်ပါဘူး... မင်းကို တာဝန်တစ်ခုလေးစရာရှိလို့ ခေါ်လိုက်တာပါ"
ရောင်လုံက ခေါင်းညိတ်လိုက်၏။
"ဟုတ်ကဲ့... ပြောပါ ဆရာ"
ဟန်စဲ့က...
"မနက်လင်းတာနဲ့ လုံကွမ်းမြို့ထဲမှာ နယ်ခြားက ရှိုး အမျိုးနယ်ကို လိုက်ရှာပါ"
"ဟုတ်ကဲ့"
ဟုန်စဲ့က...
"သူတို့က ကျုပ်မိတ်ဆွေပါ၊ အခု သူတို့ ဒုက္ခရောက်လာပုံကောယ်"
"ဟုတ်ကဲ့"
ဟုန်စဲ့က သက်ပြင်းတစ်ချက်ချကာ...
"ကျုပ်က သူတို့ကို လက်ခံလိုက်ရင် ကျားရဲသခင်လေးက

တစ်မျိုး မြင်သွားမှာစိုးတယ်၊ ဒါကြောင့် လက်မခံဘဲနှင့် ထုတ်လိုက်တယ်"

"သြော်..."

ရှောင်လုံက ယခုမှ သဘောပေါက်သွား၏။

ဟုန်စုံက...

"မင်းက သူတို့ကိုရှာပြီး ကျုပ်ကိုယ်စား လိုအပ်တဲ့အကူအညီတွေပေးပါ"

ရှောင်လုံက ခေါင်းညိတ်လိုက်၏။

"စိတ်ချပါ ဆရာ"

ထိုစဉ်...

ဟုန်စုံ၏ နားထဲတွင် အလွန်ပါးလွှာသည့် ခြေသံကြားလိုက်ရ၏။

သူက မျက်မှောင်ကုတ်သွားကာ...

"ဘယ်သူလဲ"

ဟု ခပ်ဆတ်ဆတ် ငေါက်လိုက်၏။

ရှောင်လုံက လျင်မြန်စွာ လှုပ်ရှားလိုက်၏။

ပြတင်းပေါက် တွန်းဖွင့်ကာ အပြင်သို့ ခုန်ထွက်လိုက်၏။

အပြင်ဘက်တွင် လူတစ်ယောက် ရပ်နေသည်ကို တွေ့လိုက်ရ၏။

ထိုလူ၏ ဟန်မူရာမှာ အေးဆေးလှ၏။

လက်နှစ်ဖက် နောက်ပစ်ကာ အေးအေးဆေးဆေး ရပ်နေ၏။

ရှောင်လုံက...

"ခင်ဗျားက ဘယ်သူလဲ ဘာကြောင့် ဒီနေရာကို လာတာလဲ"

ထိုလူက ပြုံးလိုက်၏။

သူ၏ အပြုံးမှာ နှစ်လိုခင်မင်ဖွယ် ကောင်းလှ၏။

ထိုလူက...

"ကျုပ်ကို မင်းဆရာဆီ ခေါ်သွားပေးပါလား"

ဟု အေးအေးသက်သာပင် ပြောလိုက်၏။

ရှောင်ယုံက အူကြောင်ကြောင် ဖြစ်သွား၏။

သူက ထိုလူစိမ်းအား ဆရာဖြစ်သူထံ ခေါ်သွားရမည်လော သို့မဟုတ် မောင်းထုတ်ရမည်လော။

ထိုလူအား ကြည့်ရသည်မှာ ရန်ပြုမည့် ဟန်မူရာ မရှိပါ။

ထိုစဉ်...

ဟုန်စုံ၏ အသံ ထွက်ပေါ်လာ၏။

"ရှောင်လုံ... ကျုပ်ဆီ ခေါ်ခဲ့ပါ"

ရှောင်လုံသည် ဆရာဖြစ်သူ၏ အသံကြောင့် ထိုလူအား ငေးသွက်ကာ...

"ကျုပ် နောက်လိုက်ခဲ့ပါ"

သူက အိမ်ရှေ့တံခါးမှ ပတ်ကာ ခေါ်လာခဲ့လေတော့သည်။

✿ ✿ ✿

မိတ်ဟောင်း ဆွေဟောင်း

ရှောင့်လုံသည် လူစိမ်းအား၍ ဧည့်ခန်းအတွင်းသို့ ခေါ်ဆောင်လာ၏။

ဟုန်စံသည် ထိုလူစိမ်းအား တွေ့သည်နှင့် ပျာပျာသလဲ ဖြစ်သွား၏။

သူက ချက်ချင်းထရပ်ကာ ဦးညွတ်နှုတ်ဆက်လိုက်၏။

"မြို့စားကြီး... နေကောင်းရဲ့လား"

ထိုလူစိမ်းမှာ ကျန်းဖုနယ်ခြားဒေသမှ မြို့စားကြီး "ရှီးကျွန်" ပင် ဖြစ်၏။

ဟုန်စံက စကားဆက်လိုက်၏။

"မြို့စားကြီး ဒီကို ပြန်လာမယ်လို့ ကျုပ် မျှော်လင့်ပြီးသားပါ။ ဒါပေမဲ့ ဒီည ပြန်လာမယ်လို့တော့ မထင်မိဘူးဗျ"

ရှီးကျွန်က ပြုံးကာ...

"ကျုပ်က ဒီအတိုင်း စကားပြောရမှာလား"

ဟုန်စံက ပျာပျာသလဲဖြင့်...

"ဟာ... ခွင့်လွှတ်ပါဗျာ၊ ထိုင်ပါဦး... ရှောင်လုံ တစ်ခုခု ဒီစဉ်ပေးပါကွာ"

ရှောင်လုံက အခန်းထဲမှ ချက်ချင်းထွက်ခွာသွား၏။

ရှီးကျွန်က ဟုန်စံနှင့် မျက်နှာချင်းဆိုင်တွင် ဝင်ထိုင်လိုက်၏။

ဟုန်စံကလည်း ထိုင်ခုံတွင် ပြန်ထိုင်ကာ...

"ကျုပ် ခင်ဗျားတို့ကို လက်မခံနိုင်ဘူးလို့ ငြင်းရတာ ခွင့်လွှတ်ပေးပါဗျာ"

ရှီးကျွန်က...

"ကိစ္စမရှိပါဘူး၊ ခင်ဗျားမှာ ဘယ်လို အခက်အခဲများ တွေ့နေရလို့လဲ"

ဟုန်စံ၏ မျက်နှာ အနည်းငယ် ပျက်သွား၏။

သူက ချက်ချင်းပင် ဟန်ဆောင်ရယ်မောလိုက်၏။

"ကိစ္စသေးသေးလေးပါဗျာ၊ ဒါနဲ့ မြို့စားကြီးက ပြည်မကို ဘာကြောင့် ဆင်းလာရတာလဲ"

ရှီးကျွန်က...

"ကျုပ်က အခု မြို့စားကြီး မဟုတ်တော့ဘူး၊ မြို့စားကြီး အသစ်လက်ထဲကနေ ထွက်ပြေးလာရတာ"

"ဟင်..."

ဟုန်စံက အံ့အားသင့်သွား၏။

သူက မျက်မှောင် ကုပ်သွား၏။

ရှီးကျွန်က...

"ကျုပ်တို့နှစ်ယောက်ကို ဟန့်တားထားသလိုဖြစ်လို့ မေးကြည့်တာပါ"

ဟုန်စံက သက်ပြင်းချကာ...

"သူက အခု နှစ်ပိုင်းအတွင်းမှာ ကျော်ကြားလာတဲ့ သိုင်းသမား တစ်ယောက်ပါ"

ရှီးကျွန်က ခေါင်းတဆတ်ဆတ် ညိတ်လိုက်၏။

"သူက ခင်ဗျားနဲ့ ဘယ်လိုပတ်သက်နေလို့လဲ"

ဟုန်စံက...

"ကျားရဲသခင်လေးက အခုနှစ်ပိုင်းအတွင်း ကျော်ကြားတဲ့ သိုင်းသမားတွေကို လိုက်လံယှဉ်ပြိုင်ပြီး အနိုင်ယူခဲ့တယ်ဗျာ"

ရှီးကျွန်က ပြုံးလိုက်၏။

"အခုတစ်ကြိမ် ခင်ဗျား အလှည့်ပေါ့"

ဟုန်စံက...

"ဟုတ်ပါတယ်"

ရှီးကျွန်က...

"ဒီလို ယှဉ်ပြိုင်ရမဲ့ ကိစ္စတစ်ခုတည်းနဲ့ ကျုပ်ကို လက်မခံတာ မဟုတ်ဘူးထင်တယ်"

ဟုန်စံက ပါးစပ်ပိတ်သွား၏။

ရှီးကျွန်က...

"ကျုပ်တို့ကို လက်ခံရင် ကျုပ်တို့ကိုပါ အန္တရာယ်ပြုမှာ စိုးရိမ်သို့လား..."

ဟုန်စံက ပါးစပ် ပိတ်မြဲပိတ်ထား၏။

"တစ်နေ့ ဒီလို ဖြစ်လာနိုင်တယ်ဆိုတာ ကျုပ် သိထားပေမဲ့ ကြိုတင်ကာကွယ်ဖို့ နောက်ကျသွားတယ်၊ အခု မိသားစုနဲ့အတူ ပြည်မကို ထွက်ပြေးလာပြီး ဒီမှာပဲ အခြေချမယ်လို့ စိတ်ကူးထားတယ်"

ဟုန်စံ၏ မျက်နှာ ပြုံးရွှင်သွား၏။

"ပြည်မမှာ နေတာလည်း ကောင်းပါတယ်၊ လုံကွမ်းမှာ အခြေချမှာလား..."

ရှီးကျွန်က...

"ဒီမြို့ရဲ့ အနေအထားက ကောင်းပါတယ်၊ ဒီမှာ အခြေချရရင်လည်း မဆိုးပါဘူး"

ဟန်စံက...

"လုံကွမ်းမှာ အခြေချမယ်ဆိုရင် သိပ်ကောင်းတာပေါ့၊ မြို့အရှေ့ဘက်ခြမ်းမှာ ခြံဝင်းတစ်ခု ရောင်းဖို့ရှိတယ်၊ မြို့စားကြီးတို့အတွက် အတော်ပဲ၊ မနက်ကျရင် ကျုပ်တပည့် ရှောင်လုံကို လိုက်ပို့ခိုင်းမယ်၊ ကျုပ်ကိုယ်တိုင် မဆောင်ရွက်နိုင်တာ ခွင့်လွှတ်ပါ"

ရှီးကျွန်က...

"ရပါတယ်၊ ဒါနဲ့ ကျားရဲသခင်လေးဆိုတာ ဘယ်သူလဲ"

သူက ရုတ်တရက် ကောက်ကာ ငင်ကာ မေးလိုက်သဖြင့် ဟုန်စံက ပါးစပ်ပိတ်သွား၏။

ဟုန်စံက သက်ပြင်းချကာ ခေါင်းငုံ့သွား၏။

အတန်ကြာသည်အထိ သူ့ထံမှ အသံထွက်မလာပါ။

ရှီးကျွန်က ပြုံးလိုက်၏။

ရှိုးကျွန်ုပ်က ထိုင်ရာမှ ထလိုက်၏။

"ကျုပ်လည်း ကျားရဲသခင်လေးကို စိတ်ဝင်စားလာပြီ၊ သူ့ကို ဆွေးခြေးအောင် တွေ့ဦးမယ်"

ဟု ပြုံး၍ ပြောလိုက်၏။

ဟုန်စံ့၏ မျက်နှာကွက်ခနဲ ပျက်သွား၏။

"မြို့စားကြီး ပြန်ထိုင်ပါဦးဗျာ"

ရှိုးကျွန်ုပ်က ပြန်လည်ထိုင်ချလိုက်၏။

ဟုန်စံ့က သူဖတ်နေသော စာအုပ်အား လှန်လိုက်၏။

စာရွက်များကြားမှ စာတစ်စောင် ထုတ်ယူလိုက်၏။

စာရွက်ပေါ်တွင်...

ဟုန်စံ့...

မြို့စား ရှိုးကျွန်ုပ်တို့ မိသားစုကို လက်ခံထားရင် သွေးချောင်းစီးစေရမယ်...

ရွှေဒီးကွက်

ဟု ရေးထား၏။

ရှိုးကျွန်ုပ်က မျက်မှောင်ကုတ်သွား၏။

"ဒီစာကို ဘယ်တုန်းက ရတာလဲ"

ဟုန်စံ့က...

"ခင်ဗျားတို့ ရောက်လာတဲ့ မနက်ကပဲ"

ရှိုးကျွန်ုပ်က...

"ဒီစာကြောင့် လက်မခံတာလား"

ဟုန်စံ့က...

"ဒီစာကြောင့်လည်း ပါပါတယ်၊ ကျုပ်က ခင်ဗျားတို့ကို ဟန်ဆောင်ငြင်းပယ်ပြီး တစ်ဖက်ကနေ ကျုပ်တပည့်ကို အကူအညီ ပေးဖို့ တာဝန်ပေးတာ ခင်ဗျားလည်း ကြားမှာပေါ့"

ရှိုးကျွန်ုပ်က ခေါင်းညိတ်လိုက်၏။

သူက မျက်မှောင်ကုပ်ကာ...

"ကျုပ် ဒီကိုလာမယ်ဆိုတာ သူတို့က ဘယ်လိုလုပ် ကြိုသိနေရတာလဲ"

ဟုန်စံ့က ပခုံးတစ်ချက် တွန့်လိုက်၏။

"ရွှေဒီးကွက်ကို ခင်ဗျား သိလား"

ရှိုးကျွန်ုပ်က ခေါင်းခါယမ်းလိုက်၏။

"မသိဘူး"

ဟုန်စံ့က...

"ရွှေဒီးကွက်ဆိုတာ အဖွဲ့အစည်းတစ်ခုရဲ့ နာမည်ပါ၊ ရွှေဒီးကွက်ဟာ တကယ်တော့ ရက်စက်ကြမ်းကြုတ်တဲ့ ကြေးစား အဖွဲ့အစည်းတစ်ခုပဲ"

ရှိုးကျွန်ုပ်က...

"သူတို့က ဘယ်လိုကြောင့် ကျုပ်ကို သိနေရတာလဲ"

ဟုန်စံ့က...

"ဘာဖဲဖြစ်ဖြစ် အခုသူတို့ရဲ့ ပစ်မှတ်က ခင်ဗျားတို့မိသားစုဖြစ်နေပြီ၊ ဒါနဲ့ ခင်ဗျားတို့ အခု ဘယ်မှာ တည်းကြလဲ"

ရှိုးကျွန်ုပ်က...

"မြို့ထဲက တည်းခိုခန်းတစ်ခုမှာ..."

ဟုန်စဲ့က မျက်မှောင်ကုတ်သွား၏။


"ဒါဆိုရင် စိတ်မချရဘူး၊ ကျုပ်တို့ တစ်ခေါက် သွားကြည့်မှ ဖြစ်မယ်"

သူတို့နှစ်ယောက်မှာ ပြိုင်တူထရပ်လိုက်၏။

ထိုစဉ်...

ရှောင်လုံက စားစရာများကို ဗန်းဖြင့် ကိုင်ကာထွက်လာ၏။

ဆရာဖြစ်သူနှင့် မြို့စားကြီးဆိုသူတို့မှာ ဘာမှမပြောဘဲ ဧည့်ခန်းတွင်းမှ ကမန်းကတန်း ပြေးထွက်သွားသဖြင့် သူက ကြောင်အဲ့အဲ့ဖြစ်ကျန်ခဲ့၏။



"ဒေါင်..."

အဝေးမှ အုန်းမောင်းခေါက်သံတစ်ချက် ထွက်ပေါ်လာ၏။

"ဝူး... ဝူး... ဝုတ်"

ဆွဲဆွဲငင်ငင် အူလိုက်သော ခွေးအူသံများက ညှ၏ တိတ်ဆိတ်မှုကို ဖြိုခွဲလိုက်ကြ၏။

အမှောင်ထုအတွင်းမှ လူရိပ်နှစ်ခု ပြေးထွက်လာ၏။

မကြာမီ...

မြို့တွင်းရှိ တည်းခိုခန်းတစ်ခုအနီးသို့ ရောက်လာ၏။

တည်းခိုခန်း၏ အနောက်ဘက်ဆောင်မှာမီးလင်းနေဆဲဖြစ်၏။

ရှီးကျွန်က အသံတိုးတိုးဖြင့်...

"အဲဒီ သီးသန့်ဆောင်ပဲ"

သူက ပြောပြီး ခြေလှမ်းလိုက်၏။

သို့သော်... ရှေ့သို့ မရောက်ပါ။

ဟုန်စဲ့က လှမ်းဆွဲထားသောကြောင့် ဖြစ်၏။

ဟုန်စဲ့က...

"ငြိမ်ငြိမ်နေ အဆောင်အမိုးပေါ်မှာ လူရှိတယ်"

ဟု လေသံဖြင့် သတိပေးလိုက်၏။

ရှီးကျွန်က အဆောင်အမိုးပေါ်သို့ မော့ကြည့်လိုက်၏။

ထိုအခါ...

အဆောင်ခေါင်မိုးပေါ်တွင် အနက်ရောင် ညလူဝတ်စုံနှင့် လူနှစ်ယောက် ဝမ်းလျားမှောက်ကာ တရွေ့ရွေ့သွားနေသည်ကို တွေ့လိုက်ရ၏။

ဟုန်စဲ့က လေသံဖြင့်...

"ကျုပ် ကြည့်ရှုင်းလိုက်မယ်၊ တခြားရန်သူ အခြေအနေကို ကြည့်ထားလိုက်ပါ"

သူက ပြောပြီး အမှောင်ထုအတွင်းမှ ထိုးထွက်လိုက်၏။

တစ်ဆက်တည်းပင် အဆောင်ခေါင်မိုးပေါ်သို့ လျင်မြန်စွာ ခုန်တက်လိုက်၏။

ဝတ်စုံနက် နှစ်ယောက်သည် ရုတ်တရက် ခေါင်မိုးပေါ်သို့ ဟုန်စဲ့ ရောက်လာသည်ကို တွေ့ရသောအခါ ထိတ်လန့်သွား၏။

သူတို့က ကမန်းကတန်း တိုက်ခိုက်ရန် ဟန်ပြင်လိုက်၏။

သို့သော်...

ဟုန်စဲ့က သူတို့ထက် ပို၍ လျင်မြန်၏။

ဟုန်စဲ့သည် အမိုးပေါ် ရောက်ရောက်ချင်းပင် ဝတ်စုံနက်များအား ပြေး၍ ကန်ချလိုက်၏။

ဟုန်စဲ့၏ ခြေကန်ချက်မှာ လျင်မြန်လှ၏။

ဝတ်စုံနက်နှစ်ယောက် ကုန်းထလိုက်သည့်အချိန်မှာ တည့်မတ်စွာ ကန်ချလိုက်ပြီး ဖြစ်၏။

"ဝုန်း..."

"ဝုန်း..."

ဝတ်စုံနက်နှစ်ယောက်သည် အပေါ်သို့ မြောက်တက်ကာ မြေပေါ်သို့ အကာအကွယ်မဲ့ ကျသွား၏။

"ဖုတ်..."

"ဖုတ်..."

ရှီးကျွန်က ဝတ်စုံနက်များထဲ ပြေးသွား၏။

ဝတ်စုံနက် နှစ်ယောက်မှာ လုံးဝမထနိုင်တော့ပါ။

ဟုန်စဲ့၏ ပြင်းထန်လှသော ခြေကန်ချက်က သူတို့နှစ်ယောက်၏ ဇီဝိန်ကို ချုပ်သွားစေ၏။

ထိုစဉ်...

ပြတင်းပေါက်မှ ရှီးယွမ်က လွှားခနဲ ခုန်ထွက်လာ၏။

သူ့လက်ထဲတွင် ဓားတစ်လက် ဝင့်ကာ ကိုင်ထား၏။

သူက အပြင်သို့ ရောက်သောအခါ ဖခင်ဖြစ်သူအား တွေ့လိုက်ရသဖြင့် အံ့အားသင့်သွား၏။

"ဖေဖေ..."

ဟုန်စဲ့ကလည်း အမိုးပေါ်မှ ခုန်ဆင်းလာ၏။

ရှီးယွမ်သည် ဟုန်စဲ့အား တွေ့လိုက်ရသောအခါ မျက်နှာသုန်မှုန်သွား၏။

ဟုန်စဲ့က သူ့အား မကြည့်ဘဲ ဝတ်စုံနက်နှစ်ယောက်အား စစ်ဆေးလိုက်၏။

ဝတ်စုံနက်နှစ်ယောက်၏ ရင်ဝတွင် ဇီးကွက်ရုပ် ဆေးမင်ကြောင် ထိုးထားသည်ကို တွေ့လိုက်ရ၏။

တစ်ဆက်တည်းပင်... ဝတ်စုံနက်နှစ်ယောက်၏ လက်ထဲတွင် ပြောင်းတစ်ခုစီ လွတ်ကျနေသည်ကို တွေ့ရ၏။

ရှီးယွမ်က...

"သူတို့က ဘယ်သူတွေလဲ"

ဟုန်စဲ့က...

"ရွှေဇီးကွက်ဂိုဏ်းက..."

ရှီးကျွန်က...

"သူတို့က အဆိပ်အပ်နဲ့ လုပ်ကြံမဲ့ ပုံစံပဲဗျ"

ဟု မှတ်ချက်ချလိုက်၏။

ဟုန်စဲ့က ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်... ကဲ... ကျုပ် သူတို့ကို ရှင်းလိုက်ဦးမယ်ဗျ။ မှပြန်လာခဲ့မယ်"

ပြောပြီး ဝတ်စုံနက်နှစ်ယောက်၏ အလောင်းအားထမ်းကာ အမှောင်ထုထဲသို့ တိုးဝင်သွားလေတော့သည်။

✿ ✿ ✿

"လုံးဝမရှိခဲ့ပါဘူးဗျာ၊ အမှန်အတိုင်း ပြောရရင် ရွှေဇီးကွက်ဆိုတဲ့ နာမည်ကိုတောင် ခင်ဗျားဆီရောက်မှ ပထမဆုံး ကြားဖူးတာပါ"

ဟုန်စံက...

"သေသေချာချာ စဉ်းစားကြည့်ပါဦး"

ရှိုးကျွန်က...

"ရွှေဇီးကွက်ဂိုဏ်းက ပြည်မက မဟုတ်လား"

ဟုန်စံက ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်လေ"

ရှိုးကျွန်က...

"ကျုပ်တို့ပြည်မကို ဆင်းလာတာ ရက်ပိုင်းပဲ ရှိသေးတယ်၊ ဒီကြားကနေ ပြည်မကိုလာကတည်းက ခင်များဆီကိုပဲ ဦးတည်လာတာ လမ်းမှာလည်း ဘာပြဿနာမှ မတွေ့ခဲ့ဘူး၊ အဲဒီနာမည်ကိုလည်း အခုမှ ကြားဖူးတာ"

ဟုန်စံက တွေဝေသွား၏။

သူတို့ပြောဆိုသမျှကို ဘာတစ်ခွန်းမှ နားမလည်ဘဲ နားထောင်နေသည့် ရှိုးယွမ်က မေးလိုက်၏။

"ရွှေဇီးကွက်က ဘာလဲဗျ"

ဟုန်စံက...

"ရွှေဇီးကွက်ဆိုတာ အလွန်ရက်စက် ကြမ်းကြုတ်တဲ့ဂိုဏ်းနဲ့အစည်းတစ်ခုပဲ၊ သူတို့နဲ့ ရန်ငြိုးဖွဲ့မိတဲ့ လူမှန်သမျှ အသက်ဆုံးခဲ့ဘူး"

မမြင်ရတဲ့ အန္တရာယ်

ကျင်းကျင်းသည် အရက်နှင့် စားသောက်စရာ အချို့အားစားပွဲတွင်ချပေးကာ အတွင်းခန်းထဲသို့ ဝင်သွား၏။

စားပွဲတွင် ဟုန်စံ၊ ရှိုးကျွန်နှင့် ရှိုးယွမ်တို့ ထိုင်နေ၏။

ရှိုးကျွန်က အရက်တစ်ခွက်ငဲ့ကာ ဟုန်စံထံ ကမ်းပေးရင်း...

"ခင်ဗျား အမြော်အမြင် ရှိပေလို့ပေါ့ဗျာ၊ နို့မဟုတ်ရင် ကျုပ်မိသားစုအတွက် မတွေးဝံ့စရာပဲ"

ဟုန်စံက...

"ဒါတွေ ထားလိုက်ပါတော့၊ ကျုပ် တစ်ခုမေးပါရစေ"

ရှိုးကျွန်က...

"မေးပါ"

ဟုန်စံက ရှိုးကျွန်အား စိုက်ကြည့်ကာ...

"ရွှေဇီးကွက်ဂိုဏ်းနဲ့ ခင်ဗျားတို့ မိသားစု ဘယ်လိုရန်ညိုးပြဿနာများ ရှိခဲ့သလဲ"

ရှိုးကျွန်က...

ရီးကျွန်က...

"ကျုပ်တို့က သူတို့နဲ့ ဘာပြဿနာမှ မရှိခဲ့ပါဘူး"

ဟုန်စံက...

"ခင်ဗျားတို့ကသာ ဘာပြဿနာမှ မရှိဘူးပြောတာ သူတို့က ခင်ဗျားတို့ကို ရှင်းပစ်ဖို့တောင် ကြံစည်နေပြီဆိုတာ အခုလက်တွေ့ပဲ မဟုတ်လား"

ရီးကျွန်က မျက်နှာမဲ့လိုက်၏။

"ကျုပ်တို့က ကြောက်တတ်တဲ့ လူတွေ မဟုတ်ဘူး"

ဟုန်စံက ခေါင်းညိတ်လိုက်၏။

"ဒါကို ကျုပ်သိပါတယ်၊ ရွှေဇီးကွက်က ခင်ဗျားတို့ကို ရှင်းပစ်ဖို့ ကြိုးစားတဲ့အခါမှာ တရားတာ မတရားတာ မရှိဘူး၊ သူတို့က ရန်သူကို အနိုင်ရဖို့ပဲ ကြည့်တယ်၊ ဘယ်လိုနည်းနဲ့မဆို ခင်ဗျားတို့ကို ရှင်းပစ်ဖို့ ကြိုးစားမှာပဲ"

ရီးယွမ်က အံတင်းတင်း ကြိတ်လိုက်၏။

"ရွှေဇီးကွက်ဂိုဏ်းကို ဦးဆောင်တာ ဘယ်သူလဲ"

ဟုန်စံက...

"အဲဒါကို သိတဲ့လူ အခုထိမရှိဘူး၊ သူက အလွန်လျှို့ဝှက်တဲ့ လူတစ်ယောက်ပဲ၊ သူ့ကို ဆက်ဆံတဲ့လူတိုင်းက သူ့ရဲ့ မျက်နှာအစစ်ကို မတွေ့ရဘူး၊ ရွှေရောင်ဇီးကွက်မျက်နှာဖုံး စွပ်ထားတယ်လို့ သိရတယ်၊ နောက်ပြီး သူဟာ အဆင့်မြင့်သိုင်းသမား တစ်ယောက်လို့ အများက ယူဆထားကြတယ်"

ရီးကျွန်က...

"ထားပါတော့... အဲဒီလူနဲ့ ကျုပ်တို့နဲ့ ဘယ်တုန်းက ရန်သူဖြစ်သွားမှန်းတောင် ကျုပ် မသိဘူး"

ဟုန်စံက...

"ရှေ့လျှောက် သတိနဲ့ နေတော့ပေါ့ဗျာ၊ သူတို့က တစ်နည်းဟုတ် တစ်နည်းနဲ့ ရန်ရှာလာကြတော့မှာ သေချာတယ်"

ရီးကျွန်က...

"စိတ်ချပါ အခုလိုကူညီတာ တကယ်ပဲ ကျေးဇူးတင်ပါတယ်"

ဟုန်စံက...

"ဒီစကားက မိတ်ဆွေတွေကြားမှာ မလိုအပ်ပါဘူးဗျာ၊ ကျုပ်အကြံ ပေးချင်တာကတော့ ရွှေဇီးကွက်ဂိုဏ်းရဲ့ ရန်ကလွတ်အောင် ရှောင်တိမ်းတာ အကောင်းဆုံးပါပဲ"

ရီးကျွန်က မျက်လုံးပြူးကာ...

"ရှောင်တိမ်းရမယ် ဟုတ်လား"

ဟုန်စံက...

"ဟုတ်တယ် ရွှေဇီးကွက်ဂိုဏ်းက ရက်စက်ကြမ်းကြုတ်ရုံတင်မဟုတ်ဘူး၊ အင်အားလည်း ကြီးမားတယ်၊ သူတို့ကို ရင်ဆိုင်ဖို့ဆိုတာ မလွယ်ဘူး၊ ဒါကြောင့် ရှောင်တိမ်းတာ အကောင်းဆုံးပါပဲ"

"ဟား... ဟား... ဟား"

ရီးကျွန်က ရယ်မောလိုက်၏။

သူက အူလိုက် သည်းလိုက် ရယ်မောနေခြင်း ဖြစ်၏။

အားလုံးက သူ့အား ကြည့်နေ၏။

အတန်ကြာမှ...

ရှိုးကျွန်က ရယ်မောခြင်းကို ရပ်တန့်လိုက်၏။

ဟုန်စံက...

ခင်ဗျား ဘာဖြစ်သွားတာလဲ"

ရှိုးကျွန်က...

"ကျုပ်က မိတ်ဆွေချင်းမို့ သတိပေးတာပါ"

ရှိုးကျွန်က...

"ကျုပ် နားလည်ပါတယ်၊ ဒါပေမဲ့ ကျုပ်တို့က ပြည်မကို အခုမှ ရောက်လာတာလေ၊ ဘယ်ကိုသွားပြီး ဘာကိုရှောင်တိမ်းရမှာလဲ၊ ရန်သူ ဘယ်သူ ဘယ်ဝါဆိုတာလည်း မသိဘူး၊ ဘယ်နေရာကို ပြေးရမယ်ဆိုတာလည်း မသိပါဘူးဗျာ"

သူ၏ စကားကြောင့် ဟုန်စံက ငိုင်ကျသွား၏။

အတန်ကြာမှ ခေါင်းကို လေးပင်စွာ ခါယမ်းကာ...

"ကျုပ် စကားပြောတာ ဆန္ဒစောသွားတယ်ဗျာ"

ရှိုးကျွန်က ဘာစကားမှ မပြောပါ။

ဟုန်စံက သက်ပြင်းတစ်ချက် ချလိုက်၏။

"ဒီနေရာမှာ ဆက်မနေသင့်တော့တာ အမှန်ပဲ... ကဲ... အားလုံး သတိဝိရိယထားပြီး စောင့်နေကြပါ၊ ကျုပ် ပြန်လာခဲ့ပါမယ်"

ရှိုးကျွန်က ဘာစကားမှ မပြောနိုင်ပါ။

ဟုန်စံသည် အဆောင်လေးအတွင်းမှ လျင်မြန်စွာ ထွက်ခွာသွားလေသည်။



လုံခြုံတဲ့နေရာ

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွား၏။

ထမင်းတစ်အိုး ကျက်ခန့်အကြာတွင်...

"ခွပ်... ခွပ်... ခွပ်"

မြင်းခွာသံ သဲ့သဲ့ ထွက်ပေါ်လာ၏။

တစ်ဆက်တည်းပင် လှည်းဘီးသံကိုပါ ကြားလိုက်ရ၏။

"ကျိ... ကျိ... ကျိ"

မြင်းလှည်းတစ်စီး၏ အသံဖြစ်၏။

မြင်းလှည်းမှာ တည်းခိုခန်းရှေ့တွင် ရပ်တန့်သွား၏။

ရှိုးကျွန်နှင့် ရှိုးယွမ်မှာ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်၏။

ရှိုးယွမ်က ပြတင်းပေါက်မှ ကန့်လန့်ကာအား အသာဆွဲဖယ်၍ ချောင်းကြည့်လိုက်၏။

ရှိုးကျွန်က...

"ဟုန်စံတို့လား"

ရှိုးယွမ်က ခေါင်းညိတ်လိုက်၏။

မကြာမီ တံခါးပွင့်ကာ အခန်းထဲသို့ ဟုန်စဲ့ ဝင်လာ၏။

ဟုန်စဲ့က အထဲ ရောက်ရောက်ချင်းပင်...

"လာ... သွားကြမယ်"

ရှီးကျန်က...

"ဘယ်သွားမလို့လဲ"

ဟုန်စဲ့က...

"လုံခြုံတဲ့ နေရာကိုပါ"

ရှီးကျန်က...

"အခုသွားမှာလား..."

ဟုန်စဲ့က...

"ဟုတ်တယ်၊ အခုချက်ချင်း သွားမှဖြစ်မယ်၊ သူတို့ နောက်ထပ် တစ်ကြိမ် ပြန်လာရင် မလွယ်ဘူး"

ရှီးကျန်က ခေါင်းခါယမ်းလိုက်၏။

"အခုသွားလို့ မဖြစ်သေးဘူး"

ဟုန်စဲ့က မျက်မှောင်ကုပ်ကာ...

"ဘာဖြစ်လို့လဲ"

ရှီးကျန်က...

"ကျုပ်ရဲ့သားငယ် လိုက်လာဦးမှာ၊ သူ့ကိုစောင့်ရမယ်"

ဟုန်စဲ့က သက်ပြင်းတစ်ချက် ချလိုက်၏။

"ရှီးကျန်..."

သူက စိတ်မရှည်စွာ ခပ်ဆတ်ဆတ် ခေါ်လိုက်၏။

ရှီးကျန်က ဟုန်စဲ့အား လှည့်ကြည့်လိုက်၏။

ဟုန်စဲ့က...

"အခုသွားကြမယ်၊ မနက်လင်းတာနဲ့ ခြံကွပ်တွေ့နိုင်တယ်"

ရှီးကျန်က...

"မဖြစ်ဘူး၊ ကျုပ် သားငယ်..."

ဟုန်စဲ့က ကြားဖြတ်ကာ...

"ကျုပ် ပြန်လာခေါ်ပေးပါမယ်၊ အခု လောလောဆယ် ကလေးတွေအတွက် ကြည့်ရမယ်၊ ရွှေဇီးကွက်က ကလေးလူကြီး ခံညာတာ မဟုတ်ဘူး"

ရှီးကျန်က တွေဝေသွား၏။

ရှီးယွမ်က အံတင်းတင်း ကြိတ်လိုက်၏။

"သူတို့က ဘာကြောင့် ကျုပ်တို့ကိုလာပြီး ရန်ညှိုးဖွဲ့ရတာလဲ"

ဟုန်စဲ့က...

"အဲဒီအကြောင်း သိချင်ရင် ကိုယ့်အသက်ကို လုံခြုံအောင် အရင်ဆုံး စောင့်ရှောက်ရမယ်"

ရှီးကျန်က...

"ကောင်းပြီ..."

သူက အဆောင်တွင်း၌ အမှတ်အသား သုံးလေးခုမျှ ပြုလုပ်လိုက်၏။

ဟုန်စဲ့က...

"သားငယ်ကို မှာနေတာလား"

ရှီးကျန်က ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ် သူ့ကို ဒီမြို့မှာပဲ စောင့်ခိုင်းထားခဲ့တယ်"

ဟုန်စံက ခေါင်းညိတ်လိုက်၏။

"ကောင်းတယ်... ကဲ... ကျုပ် မြင်းလှည်းပေါ် တက်ကြပါ"

ရှိုးကျွန်တို့လူစုသည် သူတို့၏ နယ်ခြားဒေသမှ ယူလာသည့် မြင်းလှည်းကို မသုံးတော့ဘဲ ဟုန်စံ့၏ မြင်းလှည်းပေါ်သို့ တက်လိုက်ကြ၏။

မြင်းလှည်းမောင်းသူ နေရာတွင် ရှောင်လုံကအသင့်ထိုင်နေ၏။

ဟုန်စံ့က...

"ကဲ... ရှောင်လုံ... ဂရုစိုက်ပြီး ခေါ်သွားပါ"

ရှောင်လုံက ဦးညွှတ်၍...

"စိတ်ချပါ ဆရာ"

ရှိုးကျွန်က...

"ဟုန်စံ့... ခင်ဗျား နေခဲ့မလို့လား"

ဟုန်စံ့က သက်ပြင်းတစ်ချက် ချလိုက်၏။

"ကျုပ် လိုက်လာမှာပါ၊ လမ်းကြောင်း ရှင်းရဦးမယ်လေ"

ပြောပြီးသူက လက်ဝှေ့ယမ်းလိုက်၏။

"ကဲ... သွားကြတော့..."

ရှောင်လုံက သူ၏စကားဆုံးသည်နှင့် မြင်းလှည်းအား အသာမောင်းနှင် ထွက်ခွာသွားလေတော့သည်။



နံနက်ခင်း အရုဏ်ဦး။ ။

မင်းလမ်းမအတိုင်း မြင်းလှည်းတစ်စီး ပြေးလွှားနေ၏။

မြင်းလှည်း၏ ခပ်လှမ်းလှမ်း အကွာတွင် မြင်းသုံးစီး ခြေလှမ်းနှံ့မှန်ဖြင့် လိုက်ပါနေ၏။

သူတို့သည် ရှေ့မသွားနေသော မြင်းလှည်းအား မတွေ့ပါ။

ထို့အတူ ရှေ့မှ မြင်းလှည်းကလည်း နောက်မှ မြင်းသုံးကောင်လာသည်ကို မသိပါ။

သို့သော်... မြင်း(၃)ကောင်သည် မြင်းလှည်းသွားနေဆဲ ဖြစ်သည်ကို သိ၏။

လမ်းမပေါ်တွင် မြင်လှည်းဘီးရာများ အထင်းသားပေါ်နေသည် မဟုတ်ပါကား...

မြင်းပေါ်မှ လူ (၃)ယောက်မှာ အလောတကြီး မရှိပါ။

သူတို့သည် မြင်းလှည်းဘီးရာများကိုကြည့်ကာ မှန်မှန်သာလိုက်ပါလာ၏။

သူတို့ (၃)ဦးစလုံး ဝတ်စုံနက်များ ဝတ်ဆင်ထား၏။

ခါးတွင် ဓားလွတ်ကိုယ်စီ ချိတ်ထား၏။

အချိန်များ တဖြေးဖြေး ကုန်ဆုံးလာ၏။

အမှောင်ထုပျောက်ကာ နံနက်ခင်း အလင်းရောင်ပင် ပေါ်လာ၏။

နံနက်ခင်း နေခြည်သည် ဝန်ကျင်းတစ်ခုလုံးအား နွေးထွေးစွာလင်းစေ၏။

လမ်းတစ်ခုလုံး လူသူ တစ်စုံတစ်ယောက်မှ မရှိဘဲ ရှင်းလင်းနေ၏။

တဖြည်းဖြည်း မြို့ပြင်သို့ ရောက်လာ၏။

မြင်းစီးသမား (၃)ယောက်သည် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်၏။

သူတို့သည် မြင်းများအား အရှိန်မြှင့်လိုက်၏။

ထိုစဉ်... လမ်းအရှေ့ဘက်မှ ကြိုးတန်းတစ်ခု ရုတ်တရက် ထွက်ပေါ်လာ၏။

မျှော်လင့်မထားသဖြင့် မြင်းစီးသမား (၃)ယောက်မှာ ထိတ်လန့်သွားကြ၏။

သူတို့သည် မြင်းဇက်ကြိုးကို ကမန်းကတန်း ဆွဲကာ ရပ်တန့်လိုက်၏။

သို့သော်... အချိန် မမီတော့ပေ။

မြင်းများသည် ကြိုးတန်းကို ဝင်တိုက်ကာ တလိမ့်ကောက်ကွေး လဲကျသွား၏။

"ဟီး... ဟီး..."

"အား... ယား..."

"ဝုန်း..."

ဆူညံစွာ အော်ဟစ်သံများ ထွက်ပေါ်လာ၏။

မြင်းသုံးကောင်စလုံး နာကျင်စွာ ဟီနေကြ၏။

မြင်း(၃)ကောင်မှာ ခြေလက်များ ထိခိုက်ကျိုးပဲ့သွားကြ၏။

ဝတ်စုံနက် သုံးယောက်မှာမူ မြင်းများအား အရှိန်ထိန်းမရတော့သဖြင့် ဇက်ကြိုးအားလွတ်ကာ မြေပေါ်သို့ ခုန်ဆင်းလိုက်နိုင်၏။

ဝတ်စုံနက်(၃)ယောက် မြေပေါ်တွင် ခြေချမိသည်နှင့်...

"ဟေ့... ဘယ်သူလဲကွ သတ္တိရှိရင်ထွက်ခဲ့၊ ခိုးကြောင် ခိုးဝှက် သုံးမနေနဲ့"

ဟု အော်ငေါက်လိုက်ကြ၏။

သူတို့ စကားဆုံးသည်နှင့် သစ်ပင်တစ်ပင်နောက်မှ လူ တစ်ယောက် ထွက်လာ၏။

ထိုလူမှာ ခန္ဓာကိုယ် ပိန်ပိန်ပါးပါးရှိပြီး မျက်နှာတွင် ပဝါ တစ်ခုစည်းနှောင်ထား၏။

ဝတ်စုံနက်က...

"မင်း ဘယ်သူလဲ၊ ဘာကြောင့် ကျုပ်တို့ကို အခုလို လုပ်ရ တာလဲ"

"မင်းတို့က ရွှေဇီးကွက်ဂိုဏ်းကလား"

ဝတ်စုံနက်က ရင်ကော့ကာ...

"ဟုတ်တယ်၊ မင်းက ရွှေဇီးကွက်ဂိုဏ်းအကြောင်း သိရင် ဘာလုပ်သင့်တယ်ဆိုတာ နားလည်လောက်ပြီ ထင်တယ်"

ဝိန်ပိန်ပါးပါးနှင့်လူက...

"မင်းတို့ ရွှေဇီးကွက်ဂိုဏ်းက စောစောကလူတွေကို ဘာဖြစ်လို့ ရန်ရှာရတာလဲ"

ဝတ်စုံနက်က...

"အဲဒီကိစ္စ မင်းနဲ့ ဘာဆိုင်သလဲ၊ မင်းက ဘယ်သူလဲ"

ဝိန်ပိန်ပါးပါးနှင့် လူက...

"မင်းတို့က သူတို့ကို အန္တရာယ်ပေးမယ်ဆိုရင် ကျုပ်နဲ့အရင်ဆုံး တွေ့မယ်ဆိုတာ သိထားပါ"

"ဟား... ဟား... ဟား"

ဝတ်စုံနက်များက ရယ်မောလိုက်၏။

"ကောင်းပြီလေ... ခင်ဗျားရဲ့ အစွမ်းကို ကြည့်ရသေးတာပေါ့"

သူတို့သည် ခါးမှဓားအား အသီးသီး ဆွဲထုတ်လိုက်ကြ၏။

ပိန်ပိန်ပါးပါးနှင့်လူက လက်နှစ်ဖက် နောက်ပစ်ကာ ဝတ်စုံနက်များအား ကြည့်နေ၏။

ဝတ်စုံနက်များက တစ်ယောက်နှင့်တစ်ယောက် မျက်ရိပ်ပြလိုက်၏။

ထို့နောက်... သူတို့သုံးယောက်သည် ပိန်ပိန်ပါးပါးနှင့် လူထံ တစ်ဟုန်ထိုး ပြိုင်တူ တိုက်ခိုက်လိုက်လေသည်။

"ချွင်... ချွင်..."

"အား..."

အဖြစ်အပျက်မှာ လျင်မြန်လွန်းလှ၏။

ဝတ်စုံနက်တစ်ယောက်မှာ မြေပေါ်သို့ လဲကျသွား၏။

ကျန်နှစ်ယောက်မှာ ငေးငိုင်ကာ ရပ်နေ၏။

သူတို့၏ လက်ထဲတွင် ဓားများ မရှိတော့ပါ။

ပိန်ပိန်ပါးပါးနှင့် လူထံမှ အသံထွက်ပေါ်လာ၏။

"ပြောစမ်း... မင်းတို့နဲ့ ဘာရန်ညှိုးရှိလို့ သူတို့ကို ဒုက္ခပေးတာလဲ"

သူ၏ အသံမှာ အေးစက်နေ၏။

ဝတ်စုံနက် နှစ်ယောက်၏ ခန္ဓာကိုယ်များ ဆတ်ခနဲ တုန်ခါသွား၏။

"ကျုပ်... ကျုပ်တို့... မသိ"

ပိန်ပိန် ပါးပါးနှင့်လူက...

"မင်းတို့ လိမ်မနေနဲ့"

ဝတ်စုံနက်က...

"တကယ်ပါ ကျုပ်တို့ တကယ်မသိတာပါ၊ အခုလည်း နောက် ယောင်ခံလိုက်ဖို့ အမိန့်ရထားလို့ လိုက်နေတာပါ"

ပိန်ပိန်ပါးပါးနှင့်လူမှာ ဝတ်စုံနက်များက အမှန်ပြောခြင်း ဖြစ်မှန်း နားလည်လိုက်၏။

"ကောင်းပြီ... မင်းတို့ ပြန်ပြီး စောစောက ကျုပ်ပြောခဲ့တာကို ပြန်ပြောလိုက်ပါ"

သူကပြောပြီး လေတစ်ချက် ချွန်လိုက်၏။

"ရှီး..."

"ဟီး... ဟီး..."

သစ်ပင်များကြားမှ မြင်းတစ်ကောင် ပြေးထွက်လာ၏။

မြင်း မရပ်မီပင် ပိန်ပိန်ပါးပါးနှင့်လူက ခုန်တက်လိုက်၏။

ထို့နောက်...

တစ်ဟုန်ထိုး မောင်းနှင်ထွက်ခွာသွားလေတော့သည်။



ဗုန်းစန်းတောင်

(၅)ရက်။ ။

(၅)ရက်ဟူသော အချိန်သည် လျင်မြန်စွာပင် ကုန်ဆုံးသွား၏။

ရှောင်လုံသည် ငါးရက်တာ အချိန်အတွင်း မြင်လှည်းအား ခေတ္တခဏသာ အနားယူ၍ တရကြမ်းပင် မောင်းနှင်နေ၏။

ထို့ကြောင့်... (၅)ရက်တာ အချိန်အတွင်းမှာပင် လုံကွမ်းမြို့နှင့် အလွန်ဝေးကွာလာပြီ ဖြစ်၏။

တစ်နေရာ အရောက်တွင် ရှောင်လုံက မြင်းအရှိန်အား လျော့ချလိုက်၏။

တစ်ဆက်တည်းပင် သူက ပတ်ဝန်းကျင်အား အကဲခတ်ကြည့်လိုက်၏။

ပတ်ဝန်းကျင်တစ်ခုလုံး တောင်တန်းများသာ ကာရံထား၏။

ရှောင်လုံသည် မြင်းလှည်းအား တောင်ခြေတစ်နေရာသို့ မောင်းနှင်သွား၏။

တောင်ခြေရောက်မှ မြင်းလှည်းအား ရပ်တန့်လိုက်၏။

ရှီးယွမ်က မြင်းလှည်းရပ်လိုက်သည်နှင့် ချက်ချင်းအောက်သို့ ခုန်ဆင်းလိုက်၏။

သူက ခန္ဓာကိုယ်တစ်ချက် ဆန့်ကာ အကြောများ ဖြေလျော့လိုက်၏။

"ပျတ်... ပျတ်..."

ယခုမှပင် သူက အတော်ညောင်းညာ ကိုက်ခဲနေမှန်း သတိရ၏။

ရှီးကျွန်ကလည်း မြင်းလှည်းအောက်သို့ ဆင်းလိုက်၏။

ရှောင်လုံသည် ပတ်ဝန်းကျင်အား လုံးဝအလစ်မပေးဘဲ သတိထားကြည့်နေ၏။

ထိုစဉ်... စုစုနှင့် ကလေးငယ် နှစ်ယောက်ကလည်း မြင်းလှည်းပေါ်မှ ဆင်းကာ ခြေလက်များ ဆန့်လိုက်ကြ၏။

စုစုက...

"ကျွန်မတို့ ဒီမှာ ခဏနားတာလား"

ရှောင်လုံက...

"ဟုတ်ပါတယ်"

စုစုက...

"ကျွန်မတို့ ဘယ်အထိ ဆက်သွားရဦးမှာလဲ..."

ရှောင်လုံက ခေါင်းခါယမ်းလိုက်၏။

"မသိဘူးဗျာ"

စုစု၏ မျက်လုံးအစုံ ဝိုင်းစက်သွား၏။

ထို့အတူ... ရှီးကျွန်နှင့် ရှီးယွမ်ကလည်း အံ့သြသွားကြ၏။

ရှိုးယွမ်က...

"ခင်ဗျား ဘယ်လို ပြောလိုက်တာလဲ"

ရှောင်လုံက...

"အမှန်ပြောတာပါ"

ရှိုးယွမ်က မျက်မှောင်ကုပ်ကာ...

"မဟုတ်သေးပါဘူးကွာ"

ရှောင်လုံက အေးအေး ဆေးဆေးပင်...

"ဟုတ်တယ်... ကျုပ်ဆရာက ဒီအထိ သွားရမယ်လို့ပဲ အမိန့်ပေးတာဗျ၊ ရှေ့ဘယ်ကို ဆက်သွားရမယ်ဆိုတာ ကျုပ်လည်း တကယ် မသိပါဘူး"

ရှိုးယွမ်က ဘာမှ မပြောတော့ဘဲ ပတ်ဝန်းကျင်အား အကဲခတ်လိုက်၏။

ဝန်ကျင်တစ်ခုလုံး တောင်တန်းများ ကာရံထားသည်ကိုသာ တွေ့၍ လူရိပ် လူခြေ လုံးဝ မတွေ့ပါ။

ရှိုးယွမ်က ရှောင်လုံဘက် လှည့်ကာ...

"ခင်ဗျား ဆရာက ဘာမှာလိုက်သေးလဲ"

ရှောင်လုံက...

"ခင်ဗျားတို့ကို ဒီနေရာအထိ ခေါ်သွားဖို့ပဲ ပြောတာဗျ"

"ခွပ်... ခွပ်... ခွပ်"

ရုတ်ထရက်...

တောင်ကြားလမ်းထဲမှ မြင်းတစ်ကောင် ဒုန်းစိုင်းပြေးလာသည်ကို တွေ့လိုက်ရ၏။

ရှောင်လုံ၏လက်သည် ဓားရိုးပေါ်သို့ အလိုလိုရောက်ကာ ဒေါသနှင့် ကလေးများရှေ့တွင် ရပ်မိပြီးသား ဖြစ်နေ၏။

သို့သော်...

အနားရောက်မှပင် ထိုမြင်းစီးသမားမှာ မိမိ၏ဆရာ ဟုန်စဲ့ဖြစ်နေသည်ကို တွေ့လိုက်ရ၏။

"ဆရာ..."

သူက ဝမ်းသာအားရ အော်လိုက်၏။

ရှိုးကျွန်တို့ကလည်း အလွန်ဝမ်းသာသွား၏။

ဟုန်စဲ့သည် မြင်းမရပ်မီမှာပင် မြင်းပေါ်မှခုန်ဆင်းကာ မြင်းခေါင်းကြိုးအား ဆွဲလိုက်၏။

တစ်ဆက်တည်းပင်...

"ရှောင်လုံ... မြင်းနဲ့ မြင်းလှည်းကို လုံခြုံတဲ့နေရာမှာ ဝှက်ထားလိုက်ပါ"

ဟု အမိန့်ပေးလိုက်၏။

ထို့နောက်... ကလေးငယ်တစ်ယောက်အား ဖွေ့ခနဲ ပခုံးပေါ်သို့ ကောက်ချိကာ...

"ကဲ... အချိန်မရှိဘူး၊ ကျုပ်နောက်က မြန်မြန်လိုက်ခဲ့ကြပါ"

သူက ပြောပြီး ခြေလှမ်းကျဲကြီးများဖြင့် တောင်ပေါ်သို့ စတင်တက်သွားလေတော့သည်။

✿ ✿ ✿

သဘာဝရှုမျှော်ခင်း

ဟုန်စဲ့သည် တောင်ပေါ်စတင် တက်နေရင်း ဤတောင်မှာ "ဖုန်စန်းတောင်"ဖြစ်ကြောင်း ရှင်းပြနေ၏။

သူတို့သည် တောင်တစ်ဝက်သို့ ရောက်လာမိသောအခါ...

"ကျွန်မ ခဏနားပါရစေရှင်"

စုစု၏ ဟန့်တားသံ ထွက်ပေါ်လာ၏။

သူမ၏ အသံမှာ အလွန်မောပန်း နွမ်းနယ်နေဟန် ရောယှက်နေ၏။

စုစုက ပြောပြီးသည်နှင့် အနီးရှိ သစ်ပင်အောက်တွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်၏။

သူမ၏ ဟန့်တားသံကြောင့် အားလုံး၏ ခြေလှမ်းရပ်တန့်သွား၏။

ဟုန်စဲ့က သက်ပြင်းတစ်ချက် ချလိုက်၏။

"တောင်းပန်ပါတယ် ကျုပ် လောသွားတယ်၊ အားလုံး ခဏနားကြပါဗျာ"

ရှီးယွမ်က စုစုအား ဖေးမလိုက်၏။

စုစုသည် အလွန်နုနယ်သော မိန်းကလေး ဖြစ်၏။

သူမသည် ကျန်းဖုနယ်ခြားဒေသမှ သူဌေးကြီးတစ်ဦး၏ သမီးဖြစ်၏။

သူမ အရွယ်ရောက်လာသောအခါတွင်းလည်း ရှီးယွမ်နှင့် လက်ထပ်ကာ မြို့စားကေဟာတွင်သာ ကြီးပြင်းလာရ၏။

ထို့ပြင်... ရှီးယွမ်ကိုယ်တိုင်ကလည်း အလွန်ချစ်မြတ်နိုးကာ အရိပ်တကြည့်ကြည့်ဖြင့် အလိုလိုက်ခဲ့ရသော ဇနီးဖြစ်၏။

ဤမျှ ကြမ်းတမ်းသော ခရီးကို သူမက မည်သို့လှမ်းနိုင်ပါမည်နည်း။

ယခုအချိန်ထိ သူမက တစ်ခါမှ မညည်းညူခဲ့ပါ။

ယခုမူ... သူမက လုံးဝမနေနိုင်တော့သဖြင့် ခဏနားရန် တောင်းဆိုလိုက်ခြင်း ဖြစ်၏။

ရှီးယွမ်သည် ရေဘူးဖွင့်ကာ စုစုအား တိုက်လိုက်၏။

ပစ္စည်းများအား ရှောင်လုံနှင့် ဟုန်စဲ့က ကူညီသယ်ပေးသဖြင့် ရှီးယွမ်တို့မှာ အတန်ငယ် သက်သာရာရခြင်း ဖြစ်၏။

ဟုန်စဲ့က...

"ညမမှောင်ခင် ဒီတောင်ကို ကျော်ပြီးမှ ဖြစ်မယ်ဗျ၊ အခုမှ တောင်တစ်ဝက်ပဲ ရှိသေးတယ်၊ ဒါကြောင့် ကျုပ် လောနေတာပါ"

ဟု သူက ရှင်းပြလိုက်၏။

စုစုက အားနာစွာဖြင့်...

"ကျွန်မ ခဏနားပြီးရင် ခရီးဆက်လို့ ရပါပြီရှင်"

ဟုန်စဲ့ကလည်း သူမတို့အား သနားကာ...
"အို... နားပါဗျာ၊ ကျုပ်တို့ အချိန်မီမှာပါ"
ဟု ပြောလိုက်လေတော့သည်။



"ဝေါ... ဝေါ..."
ရေတံခွန်မှာ အရှိန်ဖြင့် စီးကျနေ၏။
စမ်းချောင်းရေမှာ ဒူးဆစ်အထိ နက်၏။
ရေမှာ အလွန်ကြည်လင်လှ၏။
ရေအောက်မှ ကျောက်တုံးလေးများကြားတွင် ကူးခတ်နေသော ငါးကလေးများကိုပင် တွေ့မြင်ရ၏။
ဝန်ကျင်တစ်ခုလုံး အလွန်ပင် သာယာလှ၏။
သဘာဝအလှောက် ဖူးပွင့်နေသော ပန်းကလေးများကလည်း အလှချင်း ပြိုင်နေကြ၏။
စမ်းချောင်းကလေးမှာ ပေ (၂၀)ခန့်သာ ကျယ်ဝန်း၏။
စမ်းချောင်းကလေးပေါ်တွင် သစ်သားတံတားကွေးတစ်ခု ထိုးထား၏။
စမ်းချောင်းတစ်ဖက်တွင် ကုန်းမြေမို့မို့ရှိပြီး ထင်းရှူးပင်များ စီတန်းပေါက်နေ၏။
ထိုထင်းရှူးပင်များကြားတွင် သစ်လုံးများဖြင့် ဆောက်လုပ်ထားသော အိမ်ကလေးတစ်လုံး ရှိ၏။
ဤနေရာ ဝန်းကျင်ရှိ ရှုခင်းမှာ အလွန်ပင် သာယာလှပ၏။

ပန်းချီဆရာ တစ်ယောက်က စိတ်ကူးနှင့် ရေးဆွဲထားသော ပန်းချီကား တစ်ချပ်ဟုပင် ထင်မှတ်မှားနိုင်သည် မဟုတ်ပါလား"

သာယာလှသော သဘာဝ ဝန်းကျင် အလှအပကြောင့် စုစုပင်ပန်းနွမ်းနယ်သမျှ ပြေပျောက်သွားသည်ဟု ထင်မိ၏။
သူမတို့သည် တစ်တောင်တက် တစ်တောင်ဆင်း နှစ်ရက်ခန့် ခရီးနှင်လာခဲ့ပြီးမှ ယခုနေရာသို့ ရောက်လာခြင်း ဖြစ်၏။
ရှိုးကျွန်ကလည်း ဤနေရာ ဤဒေသတွင် ဤကဲ့သို့ အိမ်လေး ရှိမည်ဟု မမျှော်လင့်ထားသဖြင့် အလွန်အံ့အားသင့်နေမိ၏။
"ဒီအိမ်ကလေးက..."
ဟုန်စဲ့က ကျေနပ်စွာ ပြုံးကာ...
"ကျုပ်ရဲ့ လျှို့ဝှက်အိမ်လေ"
စုစုက ပြုံးကာ...
"သိပ်လှတာပဲရှင်..."
ဟုန်စဲ့က ခေါင်းညိတ်လိုက်၏။
"တစ်နေ့ ကျုပ် သိုင်းလောကထဲကနေ အနားယူတဲ့အခါမှာ လျှို့ဝှက် ဇာတ်မြေပ်နေထိုင်ဖို့ ဒီနေရာလေးကို ရှာဖွေထားတာပါ"
ရှိုးကျွန်က...
"သိပ်ကောင်းတာယ်၊ လျှို့ဝှက်ပြီး နေချင်စရာပဲ"
ဟုန်စဲ့က...
"ကဲ... လာ အိမ်ထဲ သွားကြမယ်"

သူက ပြောပြီးရှေ့မှ ဦးဆောင် ခေါ်သွားလေတော့သည်။

✿ ✿ ✿

"ဟား..."

ရှီးယွမ်သည် လေတစ်ချက် မှုတ်ထုတ်ကာ ကြမ်းပြင်ပေါ်သို့ ခြေပစ်လက်ပစ် ထိုင်ချလိုက်၏။

ရှောင်လုံကလည်း သူ့အနီးတွင် ဝင်ရောက်ထိုင်ချလိုက်၏။

သူတို့သည် အိမ်ကလေးအား တစ်ချက်ပြန်ကြည့်လိုက်၏။

အိမ်ကလေးမှာ သူတို့နှစ်ဦး တစ်နေကုန် ရှင်လင်းထားသဖြင့် အတော်ပင် သန့်ရှင်းသပ်ရပ်နေ၏။

ရှီးယွမ်သည် ယခုကဲ့သို့ အေးချမ်းသည့်နေရာလေးတွင် တစ်သက်လုံး နေထိုင်လိုစိတ်များ ဖြစ်ပေါ်လာ၏။

ရှောင်လုံသည် အိမ်ရှေ့မြက်ခင်းပြင်တွင် ကစားနေသော ကလေးငယ်နှစ်ယောက်အား ကြည့်လိုက်၏။

"ကလေးတွေကတော့ တော်တော် ပျော်နေပုံပဲ၊ ခရီးပင်ပန်းပေမယ့် သူတို့ခံနိုင်ရည် ရှိသားပဲ"

ရှီးယွမ်က သက်ပြင်းတစ်ချက် ချလိုက်၏။

"ဒီလိုပါပဲဗျာ... ကလေးဆိုတော့ ခရီးထွက်ရတာတို့ နေရာအသစ်အဆန်းတို့ ရောက်ရတာတို့ဆိုရင် ပျော်ကြတာပါပဲဗျာ"

"ခင်ဗျား ဒီနေရာကို သဘော မကျဘူးလား"

ရှီးယွမ်က သက်ပြင်းချလိုက်၏။

"နေရာကိုတော့ သဘောကျပါတယ်၊ ဒါပေမဲ့..."

သူ၏စကားကို ရှောင်လုံက ကြားဖြတ်လိုက်၏။

"ကျုပ် နားလည်ပါတယ်ဗျာ၊ ခင်ဗျားတို့ သိပ်လည်း အားငယ်ပါနဲ့၊ ကျုပ်တို့ ရှိပါတယ်"

"ကျေးဇူးတင်ပါတယ်ဗျာ၊ ကျုပ်တို့ကြောင့် ခင်ဗျားတို့လည်း ဘာမှ ဒုက္ခရောက်ရပြီ"

ရှောင်လုံက ခေါင်းခါယမ်းလိုက်၏။

"မိတ်ဆွေတွေကို ကူညီရတာ ကျုပ်တို့က ဒုက္ခလို့ သဘောထားပါဘူးဗျာ"

ထိုစဉ်...

အိမ်နောက်ဖေးမှ မွေးကြိုင်သော ဟင်းနံ့များ ပျံ့လွင့်လာ၏။

ရှောင်လုံက ရုတ်တရက်...

"အဲဒါမှ ဒုက္ခပဲ..."

ရှီးယွမ်က...

"ဘာဖြစ်လို့လဲ"

"ဟင်းနံ့က မွေးလွန်းလို့ ကျုပ် ဗိုက်ဆာလာပြီဗျ"

ထိုစဉ် စုစုက ထွက်လာကာ...

"အားလုံး အဆင်သင့် ပြင်ပြီးပါပြီရှင်"

"ဟား... ဟား... ဟား"

အားလုံးက စိတ်လွတ် ကိုယ်လွတ် ပျော်ရွှင်စွာ ရယ်မောဟိုက်ကြလေသည်။

✿ ✿ ✿

မိတ်ဆွေစစ်

အားလုံးဆာလောင်စွာ စားသောက်ကြသဖြင့် အစားအသောက်များမှာ တစ်ခဏအတွင်းပင် ကုန်သွား၏။

စုစုသည် ကလေးများအား သိပ်ရန် အတွင်းခန်းထဲသို့ ခေါ်ဆောင်သွား၏။

ရှိုးကျွန်တို့ လေးယောက်မှာ အရက်သောက်နေကြ၏။

ရှိုးကျွန်က ဟုန်စုံအား အရက်တစ်ခွက် ငဲ့ပေးရင်း...

"ဟုန်စုံ..."

ဟုန်စုံက ရှိုးကျွန်ဆီမှ အရက်ခွက်အား လှမ်းယူကာ...

"ပြောပါ"

ရှိုးကျွန်က...

"ခင်ဗျားနဲ့ ကျားရဲသခင်လေး ယှဉ်ပြိုင်ရမဲ့ နေ့ရက်က ဘယ်တော့လဲဗျ"

ဟုန်စုံက မျက်နှာကွက်ခနဲ ပျက်သွားကာ ပါးစပ်ပိတ်သွား၏။

အတန်ကြာမှ သက်ပြင်းတစ်ချက် ချကာ...

"ဒီကနေ့ မွန်းတည့်ချိန်"

"ဗျာ..."

ရှိုးကျွန်၏ မျက်လုံးအစုံ ဝိုင်းစက်ပြူးကျယ်သွား၏။

"ဒါ... ဒါဆို... ခင်ဗျား မမီတော့ဘူးပေါ့"

ဟုန်စုံက မချိပြုံးပြီးကာ...

"ကျုပ်သူ့ကို မယှဉ်ပြိုင်လိုပါဘူးလေ"

ရှိုးကျွန်က ငိုင်ကျသွား၏။

"ကျုပ်ကြောင့်ပဲ..."

ဟုန်စုံက ခေါင်းခါယမ်းလိုက်၏။

"မဟုတ်ပါဘူးဗျာ"

ရှိုးကျွန်က ပြုံးကာ...

"ကျုပ် နားလည်ပါတယ်၊ ခင်ဗျားက ကျုပ်တို့ကို ကူညီနေရလို့ ယှဉ်ပြိုင်ဖို့ ပျက်ကွက်သွားခဲ့တာပါ"

ရှိုးယွမ်းကလည်း မျက်လုံးပြူးသွားကာ...

"ဒါဆို... ဦး... ဦး..."

ဟုန်စုံက လက်ကာပြလိုက်၏။

"ကဲ... ဒါတွေ ထားလိုက်ပါဗျာ"

ရှိုးယွမ်က ဒူးထောက်လိုက်၏။

"ကျုပ်တို့မိသားစုကို ဂုဏ်သိက္ခာ အပျက်ခံပြီး ကူညီခဲ့တဲ့ ကျေးဇူးတရားကို ဘယ်တော့မှ မမေ့ပါဘူးဗျာ"

ဟုန်စုံက သူ့အား ဖေးမထူလိုက်၏။

"ကျုပ်နဲ့ မင်းအဖေက မိတ်ဆွေတွေပါ၊ ဒီလောက်အထိ မလိုအပ်ပါဘူးလေ"

ရိုးကျွန်က...

"ဒီအတိုင်းဆိုရင် ခင်ဗျား သိုင်းလောကထဲ ပြန်ဝင်ဖို့ သိပ် မလွယ်တော့ဘူးဗျ"

ဟုန်စုံက...

"ကျုပ် ပြောပြီးပါပြီ၊ ဒီနေရာကို ကျုပ် ဘာကြောင့် ရွေးချယ် တယ်ဆိုတာ"

ရိုးကျွန်က...

"ဒါဖြင့်... ခင်ဗျားက အခုကတည်းက ဇာတ်မြှုပ်တော့မှာပေါ့" ဟုန်စုံက ခေါင်းညိတ်လိုက်၏။

"သိုင်းလောကကို ကျုပ် စိတ်ပျက်နေတာ ကြာပါပြီဗျာ" အားလုံး ပါးပစ်ပိတ်ထားလိုက်ကြ၏။

သူတို့ရင်ထဲတွင်မူ ဟုန်စုံအတွက် စာနာနားလည် မိကြလေ တော့သည်။



စိန်ခေါ်ယှဉ်ပြိုင်ပွဲ

နံနက်ခင်း။ ။

လုံကွမ်းမြို့၏ နံနက်ခင်း စေးမှာ စည်ကားလှ၏။

လူသွားလူလာလည်း များပြားလှ၏။

မြို့အရှေ့ဘက်မှ မြင်းညိုကြီး တစ်ကောင်ဆွဲကာ လူငယ် တစ်ယောက် ဝင်ရောက်လာ၏။

လူငယ်၏ ရုပ်ရည်မှာ ယောကျ်ားပီသ ချောမောခံ့ညားလှ၏။

သူက မြင်းကိုဆွဲကာ စေးအတွင်းသို့ ဝင်လာ၏။

တွေ့မြင်သမျှ အရာအားလုံးမှာ လူငယ်အတွက် အထူးအဆန်း ဖြစ်နေ၏။

သူက ဟိုကြည့် ဒီကြည့် လျှောက်လာရင်း မမျှော်လင့်ဘဲ ခြေနှင်းကလေးတစ်ယောက်နှင့် ရင်ဆိုင်တိုးမိ၏။

နှစ်ဦးစလုံး ကမန်းကတန်း ရှောင်မိသော်လည်း ရှောင်ရာ တောက်ချင်း တူသဖြင့် တိုက်မိသွား၏။

"အင့်..."

မိန်းကလေးမှာ နောက်သို့လန်ကာ လဲကျသွား၏။

သူမသည် အဖြူရောင်ဝတ်စုံ ဝတ်ဆင်ထားသဖြင့် ဖုန်များ ပေးကျံသွား၏။

လူငယ်က အလွန်အားနာသွား၏။

သူက တောင်းပန်ရန် ဟန်ပြင်လိုက်စဉ် မိန်းကလေးက ထလာကာ...

"ရှင် ဘယ်လိုလူလဲ ရိုင်းလှချည်လား၊ ကျွန်မကို တမင်တကာ ဝင်တိုက်တာ မဟုတ်လား..."

ဟု အော်ငေါက်လိုက်၏။

လူငယ်မှာ မိန်းကလေး၏ ဒေါသသံကြောင့် တောင်းပန်လို စိတ်များ ပျောက်ကွယ်သွား၏။

သို့သော်...

စိတ်ကိုထိန်းချုပ်ကာ တောင်းပန်ရန် ဟန်ပြင်လိုက်၏။

မိန်းကလေးက နှုတ်ခမ်းစူကာ...

"လူပုံကိုက ဘယ်လိုမှန်းမသိဘူး... တောသားမြို့တက်လာသလိုနဲ့ ဟိုငေးဒီငေးနဲ့ ကြည့်နေတာကိုး၊ တစ်လမ်းလုံး သူပိုင်တယ်များ ထင်နေသလားမသိဘူး"

ဟု ပွစိပွစိနှင့် ဆက်ပြောပြန်၏။

လူငယ်က လက်နှစ်ဖက်ဆုပ်ကာ...

"တောင်းပန်ပါတယ်ဗျာ၊ ကျုပ် မြင်မိလို့ အခုလိုဝင်တိုက်မိတာပါ"

ဟု စိတ်ကို လျော့ကာ တောင်းပန်လိုက်၏။

မိန်းကလေးကမဲ့ကာ...

"ရှင်က မမြင်ရအောင် မျက်မမြင်လည်း မဟုတ်ပါဘူး၊ လူဘစ်ယောက်လုံးတောင် မမြင်ဘူးလားရှင့်"

လူငယ်မှာ မိန်းကလေး၏ မကျေချမ်းနိုင်မှုကြောင့် သူက ဒေါသထွက်လာ၏။


"ကျုပ်ကတော့ မမြင်တာ အမှန်ပဲ၊ ခင်ဗျားကကော မမြင်ဘူးလား၊ မြင်ရင် ခင်ဗျား ရှောင်သွားပါလား"

ဟု ပြန်ပြောလိုက်၏။

သူ၏စကားကြောင့် မိန်းကလေးက ဘာဆက်ပြောရမှန်းမသိဖြစ်သွား၏။

လူငယ်က ဘာစကားမှ ဆက်မပြောတော့ပါ။

မြင်းကိုဆွဲကာ ဈေးတန်းထဲမှ ထွက်လာခဲ့လေတော့သည်။



မကြာခင်...

မွန်းတည့်ချိန် ရောက်တော့မည် ဖြစ်၏။

လမ်းနံဘေးရှိ ခေါက်ဆွဲဆိုင်မှာ နံနက်စာစားချိန် ခဏကျော်နေပြီဖြစ်၍ လူရှင်းနေ၏။

ဆိုင်ထောင့်ရှိ စားပွဲတွင် အသက် (၂၀)ကျော်ခန့် လူငယ်တစ်ဦး ထိုင်နေ၏။

သူ့ရှေ့တွင် ကုန်နေသော ခေါက်ဆွဲပန်းကန်သာ ရှိ၏။

လူငယ်အားကြည့်ရသည်မှာ ပင်ပန်းနွမ်းနယ်ပြီ. စိတ်ရှုပ်နေဟန် ပေါ်လွင်နေ၏။

လူငယ်က သက်ပြင်းတစ်ချက် ချလိုက်၏။

"ဒုက္ခပဲ... မနက်ကတည်းက တစ်မြို့လုံး ပတ်ပြီးနေပြီ၊ အရထိ ဖေဖေတို့ အစ်ကိုတို့ကို မတွေ့ရသေးဘူး၊ ဘယ်ရောက်နေကြပါလိမ့်"

သူက မျက်မှောင်ကုပ်ကာ အပြင်ဘက်ကို ငေးရင်း တွေးနေခြင်းဖြစ်၏။ ထိုလူငယ်မှာ အခြားသူ မဟုတ်ပါ။

ကျန်းဖုနယ်ခြားဒေသမှ ထွက်ပြေးလာသော မြို့စားကြီး ရှီးကျန်း၏သားငယ် ရှီးယုံ ဖြစ်၏။

သူသည် နောက်ချန်နေပြီးမှ လိုက်လာခဲ့ရာ လမ်းခရီးမကွာ ကျင်သဖြင့် ယခုမှ ကွမ်းလုံမြို့သို့ ရောက်လာခြင် ဖြစ်၏။

ရှီးယုံသည် စားသောက်ဆိုင် ကလေးထဲတွင် ထိုင်နေသည်မှာ ကြာပြီဖြစ်၏။

ထိုအတောအတွင်း လူများအုပ်စုလိုက် အနောက်ဘက်သို့ ဦးတည်သွားနေကြသည်ကို သူက သတိပြုမိ၏။

သူရောက်ကတည်းက သွားနေကြသည်မှာ ယခု အချိန်အင် ဖြစ်၏။

ရှီးယုံသည် ငေးနေရင်း စိတ်ဝင်စားလာ၏။

သူက ဆိုင်လုလင်အား လှမ်းမေးလိုက်၏။

"ဟေ့... လူတွေ ဟိုဘက်ကိုပဲ သွားနေကြပါလား ဘာပွဲ လို့လဲဗျ"

ဆိုင်လုလင်က အပြင်ဘက်သို့ တစ်ချက်လှမ်းကြည့်ကာ...

"ဩော်... သိုင်းပြိုင်ပွဲရှိလို့ သွားကြည့်ကြတာ..."

ရှီးယုံက အံ့အားသင့်သွား၏။

"သိုင်းပြိုင်ပွဲ... ဟုတ်လား"

ဆိုင်လုလင်က...

"ဟုတ်တယ်... ဒီနေ့မွန်းတည့်ချိန် စမှာဗျ"

ရှီးယုံက...

"ကျွန်းရဲသခင်လေးက ကျုပ်တို့မြို့က တစ်ကိုယ်တော် သိုင်းသမားဟုန်စုံကို ယှဉ်ပြိုင်ဖို့ စိန်ခေါ်ထားတယ်ဗျ"

ရှီးယုံသည် ဟုန်စုံမှာ မိမိတို့ဖခင်၏ မိတ်ဆွေဖြစ်ပြီး ယခုလာရောက်ခြင်းမှာလည်း ဟုန်စုံထံ ဖြစ်သဖြင့် သူကစိတ်ဝင်စားသွား၏။

"အင်း... ဘာပဲဖြစ်ဖြစ် သွားကြည့်ဦးမယ်... ဟိုမှာ ဖေဖေတို့လည်း ရောက်ချင်ရောက်နေမှာပဲ"

သူက တွေးရင်း ကျသင့်ငွေ ရှင်းပေးလိုက်၏။

ထို့နောက်...

လူများသွားရာနောက်သို့ လိုက်ပါသွားလေတော့သည်။

✿ ✿ ✿

ကျားရဲသခင်လေး

မြို့အနောက်ဘက်ခြမ်း။ ။

မြို့ရိုးအပြင်ဘက် မလှမ်းမကမ်းတွင် ကျယ်ပြန့်ညီညာသော မြက်ခင်းပြင်တစ်ခု ရှိ၏။

ထိုလွင်ပြင်ထဲတွင် စင်မြင့်တစ်ခု ဆောက်လုပ်ထား၏။

စင်မြင့်အနီးတွင် လူအများအပြား ရောက်ရှိနေ၏။

ရှိုးယုံက လူကြားထဲ တိုးဝင်လိုက်၏။

သူသည် စင်မြင့်နှင့် အနီးဆုံးတွင် နေရာယူကာ ဖခင်နှင့် အစ်ကိုအား တွေ့လိုတွေ့ငြား ရှာဖွေနေ၏။

စင်မြင့်ပေါ်တွင် အဝါရောင်ဝတ်စုံ ဆင်တူဝတ်ဆင်ထားသည့် လူလေးယောက်ကျ အသင့်ရပ်နေ၏။

နေသည် တဖြည်းဖြည်း ကောင်းကင်ပေါ်သို့ မြင့်တက်လာ၏။

မကြာမီ ...

မွန်းတည့်ချိန် ရောက်တော့မည်ဖြစ်၏။

ထိုစဉ် ...

စင်မြင့်အနီးသို့ ဝေယာဉ်တစ်ခု ရောက်လာ၏။

အဝါရောင် ဝတ်စုံဆင်တူ ဝတ်ဆင်ထားသည့် လူ (၄)ယောက် ထမ်းလာခြင်း ဖြစ်၏။

ဝေါယာဉ်မှာ အဝါရောင်ဖြစ်ပြီး အလယ်အနက်ပေါ်တွင် ခုန်အုပ်ကာမည့် ကျားတစ်ကောင်၏ပုံ ရေးဆွဲထားသော အလံတစ်ခု လွှင့်ထားသည်။

လူအားလုံးက ဝေါယာဉ်အား စိတ်ဝင်တစားကြည့်နေကြ၏။

ဤဝေါယာဉ်သည် ကျားရဲသခင်လေး၏ ဝေါယာဉ်ပင် ဖြစ်သည် မဟုတ်ပါလား။

အချိန်တိုအတွင်း ကျော်ကြားလာသော ကျားရဲသခင်လေးအား တိုင်းက တွေ့မြင်ကိုလှ၏။

အားလုံးသော လူများ၏ မျက်ဝန်းများသည် ဝေါယာဉ်ကိုသာ စိုက်ကြည့်နေကြ၏။

ထိုစဉ် ...

ဝေါယာဉ်၏ ကန့်လန့်ကာ လှမ်သွား၏။

အတွင်းမှ လူရိုပ်တစ်ခု ထွက်လာသည်ကို ရိပ်ခနဲ တွေ့မြင်လိုက်ရ၏။

ထိုလူရိုပ်သည် စင်မြင့်ပေါ်တွင် တည်ငြိမ်စွာ ရပ်နေ၏။

သူ၏ လူပ်ရှားမှုမှာ လျင်မြန်လွန်လှသဖြင့် မည်သူကမှ သေချာစွာ မတွေ့လိုက်ပါ။

"ဟယ် ..."

စည်ပရိသတ်များထဲမှ အံ့အားသင့်သောအသံများ လျှံထွက်လာ၏။

ထိုလူရိပ်မှာ အသက် (၂၄)ခန့်ရှိပြီး ချောမောခဲ့ညားသည့် လူငယ်တစ် ဖြစ်၏။

သူသည် အဝါရောင်ဝတ်စုံကို ဝတ်ဆင်ထားပြီး ခါးတွင် အနက်ရောင် ခါးပတ် ဝတ်ဆင်ထား၏။

ဆံပင်အား အနက်ရောင်ပဝါဖြင့် စည်းနှောင်ထား၏။

အဝတ်ဖိနပ်ရှည် အနက်ရောင် ဝတ်ဆင်ထား၏။

သူ၏ အသားမှာ ဖြူဖွေးကြည်လင်နေ၏။

သူနှုတ်ခမ်းပေါ်တွင် နှစ်လိုဖွယ်အပြုံး ခိုတွဲနေ၏။

ဤလူငယ်မှာ ယခုတလော သိုင်းလောကတွင် အလွန်ကျော်ကြားနေသည့် ကျားရဲသခင်လေး ဖြစ်မှန်း ယုံနိုင်စရာပင် မရှိပါ။

ကျားရဲသခင်လေးမှာ အလွန်ရက်စက် ကြမ်းကြုတ်သည်ဟု သတင်းထွက်ပေါ်နေသည့် မဟုတ်ပါလား။

ယခု ...

လူငယ်အား ကြည့်ရသည်မှာ ရက်စက်သင့် အရိပ်အရောင် လုံးဝမရှိပါ။

ကျားရဲသခင်လေးသည် စင်မြင့်တစ်ဖက်တွင် လက်နှစ်ဖက် နောက်ပစ်ကာ ရပ်နေ၏။

သူ၏ ပုံဟန်မှာ တစ်ကိုယ်တော် သိုင်းသမားဟုန်စဲ့အား စောင့် မျှော်နေဟန် ပေါ်လွင်နေ၏။

သို့သော် ...

ယခုအချိန်ထိ ဟုန်စဲ့အား အရိပ်အယောင်မျှပင် မတွေ့မြင်ရသေးပါ။

နေလုံးကြီးသည် တဖြည်းဖြည်း ရွေ့လျားရင်း ခေါင်းပေါ်ဘည့်တည့်သို့ ရောက်လာပြီဖြစ်၏။

ပရိသတ်အားလုံး စိတ်လှုပ်ရှားနေကြ၏။

အားလုံးက ဟုန်စဲ့အား စောင့်မျှော်နေကြ၏။

အချိန်မှာ မွန်းတည့်ချိန် ရောက်လာပြီ ဖြစ်သော်လည်း ဟုန်စဲ့က ပေါ်မလာပါ။

တဖြည်းဖြည်းနှင့် မွန်းတည့်ချိန်မှ မွန်းလွဲချိန်သို့ ရောက်လာ၏။

ကျားရဲသခင်လေး၏ မျက်နှာတွင် စိတ်မရှည်သော ဟန်မှုယာပေါ်လာ၏။

သူက နှုတ်ခမ်းတစ်ချက် မဲ့ကာ ...

"လုံကွမ်းက သူရဲကောင်း သိုင်းသမားလို့ ဘာဖြစ်လို့ ကျော်ကြားနေတာလဲ၊ တော်တော် သူရဲဘောကြောင်တဲ့ လူပဲ"

ဟု ရေရွတ်လိုက်၏။

သူ၏ အသံမှာ တိုးညှင်းသော်လည်း အားလုံးကြားနိုင်၏။

ကျားရဲသခင်လေးက ခန္ဓာကိုယ်တစ်ချက် လှုပ်လိုက်၏။

သူသည် ဝေယျာဉ်ထဲသို့ ပြန်လည်ရောက်ရှိသွား၏။

အဝါရောင်ဝတ်စုံနှင့် လူ (၄)ယောက်သည် ဝေယျာဉ်အားသမ်းကာ ထိုနေရာမှ လျင်မြန်စွာ ထွက်ခွာသွားလေတော့သည်။

✿ ✿ ✿

အတင်းနှင့် သတင်း

ရှီးယုံသည် စားသောက်ဆိုင်၊ တည်းခိုခန်းများတွင် ဖခင်ရှီးကျွန်တို့ ပုံသဏ္ဌာန်အား ပြောပြကာ သတင်းစုံစမ်း၏။

တဖြည်းဖြည်း စုံစမ်းရင်း မြို့ထဲမှ တည်းခိုခန်းတစ်ခုသို့ ရောက်လာ၏။

သူက ဆိုင်လုလင်ထံတွင် စုံစမ်းလိုက်၏။

ဆိုင်လုလင်က တစ်ချက်စဉ်းစားကာ ...

"ကျွန်တော် မှတ်မိပြီ၊ သူတို့ ဒီမှာ တည်းသွားတယ်ဗျာ"

ရှီးယုံက ဝမ်းသာသွား၏။

"သူတို့ဒီမှာ တည်းသွားတယ် ဟုတ်လား"

ဆိုင်လုလင်က ...

"ဟုတ်တယ် အနောက်ဘက် သီးသန့်ဆောင်မှာဗျ"

ရှီးယုံက ...

"သူတို့ ဘယ်ကို ထွက်သွားကြသလဲ"

ဆိုင်လုလင်က ...

"သူတို့က (၇)ရက်စာ ငှားရမ်းထားတာဗျာ၊ ဒါပေမဲ့ တစ်ညပဲ အိပ်သည်းတယ်၊ နောက်တစ်နေ့မနက် သွားကြည့်တော့ တစ်ယောက်မှ မရှိကြတော့ဘူး"

ရှီးယုံက ...

"ဟုတ်လား ..."

သူက မျက်မှောင်ကုပ်ကာ စဉ်းစားလိုက်၏။

"သူတို့ဘာကြောင့် အလျင်စလို ထွက်သွားရတာလဲ ဘာဖြစ်လို့ ငါ့ကို မစောင့်ရတာလဲ၊ သူတို့ထွက်သွားပေမဲ့ ငါ့အတွက်တော့ ချန်ခဲ့ပြန်မှာ သေချာတယ်၊ ဘယ်လို လုပ်ရမလဲ"

သူက စဉ်းစားရင်း ဆိုင်လုလင်ဘက် လှည့်ကာ ...

"အဲဒီအခန်း အခု အားလား ..."

ဆိုင်လုလင်က ခေါင်းညိတ်လိုက်၏။

"ဟုတ်ကဲ့ ..."

သူက စဉ်းစားရင်း ဆိုင်လုလင်ဘက် လှည့်ကာ ...

"အဲဒီအခန်း အခု အားသလား"

ဆိုင်လုလင်က ခေါင်းညိတ်လိုက်၏။

"ဟုတ်ကဲ့ ..."

ရှီးယုံက အိတ်ထဲမှ ငွေတုံးလေးတစ်တုံး ထုတ်ကာ ဆိုင်လုလင် လက်ထဲ ထည့်ပေးလိုက်၏။

"အဲဒီအခန်းမှာ ငါ့အတွက် ပြင်ပေးပါ"

✿ ✿ ✿

ရှိုးယုံသည် အိပ်ရာမှ နိုးလာသည်နှင့် စားသောက်ခန်းမထဲသို့ ဆင်းလာ၏။

စားသောက်ခန်းမထဲတွင် လူအတော်များနေပြီ ဖြစ်၏။

ရှိုးယုံသည် သူ့ကိုယ်သူ နယ်ခြားကဟု မထင်အောင် ပြည်မသားကဲ့သို့ ဝတ်ဆင်ထား၏။

ထို့ကြောင့် ...

သူ့အား မည်သူကမှ နယ်ခြားကဟု မထင်ပေ။

ရှိုးယုံသည် လွတ်နေသော စားပွဲတွင်ထိုင်ကာ စားသောက်ဖွယ်ရာများ မှာကြားလိုက်၏။

ထို့နောက် ...

ပတ်ဝန်းကျင်အား လေ့လာအကဲခတ်မိ၏။

လူတိုင်းမှာ ကျားရဲသခင်လေးနှင့် ဟုန်စဲ့တို့၏ အကြောင်းများကို ပြောဆိုနေသည်ကိုသာ ကြားရ၏။

ရှိုးယုံက စိတ်ဝင်စားစွာ နားစွင့်လိုက်၏။

"ကျားရဲသခင်လေးဟာ ကျော်ကြားသလောက် အသက်က အလွန်ငယ်သေးတာပဲ"

"ဟေ့ ... အသက်ငယ်ပေမဲ့ သူ့ကို အထင်မသေးလိုက်နဲ့၊ သူက အဆင့်မြင့် သိုင်းသမားတွေ တစ်ယောက်ပြီး တစ်ယောက်ကို စိန်ခေါ် အနိုင်ယူနေတာ"

"ဟုတ်တယ် ... ကျားရဲသခင်လေးရဲ့ သိုင်းပညာက သိပ်ကြောက်စရာကောင်းတယ်"

"ဒါတွေကြောင့် ဟုန်စဲ့က ထွက်ပြေးတာ ဖြစ်မှာပေါ့"

ရှိုးယုံသည် အခန်းထဲ ဝင်လိုက်သည်နှင့် တံခါးအား လုံခြုံစွာ ပိတ်ကာ ဖခင်နှင့် အစ်ကိုတို့ ထားခဲ့မည့် အချက်ပြ သင်္ကေတများကို လိုက်လံရှာဖွေလိုက်၏။

သူ၏ ယူဆချက် မမှားပါ။

သူသည် ဖခင်ရေးခြစ်ထားသည့် သင်္ကေတ သုံးခုအား တွေ့လိုက်၏။

ထိုသင်္ကေတ သုံးခုစလုံး၏ အဓိပ္ပာယ်မှာ ...

"စောင့်ပါ"

ဟူ၍ ဖြစ်၏။

ထို့ကြောင့် ...

ရှိုးယုံသည် သင်္ကေတအတိုင်း တည်းခိုခန်းတွင် စောင့်ရန်သာ ဆုံးဖြတ်လိုက်၏။

သူက ခုတင်ပေါ်တွင် ခြေပစ်လက်ပစ် လဲချလိုက်၏။

ခရီးပင်ပန်းလာသဖြင့် ထိုသို့လဲချလိုက်သောအခါ မျက်ခွံများ လေးလံလာ၏။

နောက်ဆုံး သူက မည်သို့မျှ မဟန့်နိုင်တော့ဘဲ အိပ်ပျော်သွားလေတော့သည်။

ည။

မီးထွန်းချိန်ပင် ရောက်လာပြီ ဖြစ်၏။

ရှိုးယုံသည် နားထောင်ရင်း ပိုစိတ်ဝင်စားလာကာ နားစွင့်လိုက်၏။

"ကျားရဲသခင်လေးက သိုင်းပညာတော်သလောက်လည်း ရက်စက်တယ်၊ သူက ယှဉ်ပြိုင်ခဲ့သမျှ ဘယ်သူ့ကိုမှ အသက်ချမ်းသာ မပေးခဲ့ဘူး"

"ဟုတ်တယ် ... သူ့သတင်းတွေကြားပြီး ယှဉ်ပြိုင်ရမှကြောက်လို့ ဟုန်စဲ့က ထွက်ပြေးသွားတာ ဖြစ်မယ်"

"သေချာတယ်"

"ကျုပ်တော့ အဲဒီလို မထင်ဘူး"

"ခင်ဗျားက ဘယ်လို ထင်လို့လဲ"

"ကျုပ်တို့လုံကွမ်းမှာဆိုရင် ဟုန်စဲ့က သူရဲကောင်းတစ်ယောက်ပဲဗျ၊ လုံကွမ်းမြို့က ဟုန်စဲ့ကြောင့် ပိုပြီးကျော်ကြားလာတာလို့ ပြောလို့ရတယ်"

"ဒါဆိုရင် အခု ဟုန်စဲ့ကြောင့် လုံကွမ်းမြို့ နာမည်ပျက်တော့မှာပေါ့ ... သူက သူရဲကောင်း မဟုတ်တော့ဘူး၊ သူရဲဘောကြောင်တဲ့လူ ဖြစ်သွားပြီလေ"

"သူက ထွက်ပြေးတာတော့ မဟုတ်လောက်ဘူး၊ သူ့မှာ အကြောင်းကိစ္စ တစ်ခုခု ရှိလို့ဖြစ်မယ်"

"ဘာပဲဖြစ်ဖြစ်လေ သူက ကိစ္စရှိတယ်ဆိုရင် ရက်ရွေပြီး ပြန်ချိန်းဆိုပေါ့၊ ဘာဖြစ်လို့ တိတ်တဆိတ် ထွက်သွားရတာလဲ"

"အရမ်းအရေးကြီးတဲ့ ကိစ္စပေါ်လာလို့ ဖြစ်မှာပေါ့"

"ဘယ်လိုပဲ ဖြစ်ဖြစ် အခုဆိုရင် ကျားရဲသခင်လေးရဲ့စိတ်ထဲမှာ ဟုန်စဲ့က သူရဲဘောကြောင်တဲ့လူလို့ ထင်သွားပြီ မဟုတ်လား"

စကားပြန်ဖြေသံ ထပ်မကြားရတော့ဘဲ ပြန်လည်တိတ်ဆိတ်သွားလေသည်။



ယနေ့။ ။

လုံကွမ်းမြို့ တစ်မြို့လုံးတွင် ကျားရဲသခင်လေးနှင့် ဟုန်စဲ့အကြောင်းကိုသာ ပြောဆိုနေကြ၏။

ချန်းအန်း၏ သိုင်းသင်တန်းကျောင်းတွင်လည်း ထိုအကြောင်းကိုသာ ပြောဆိုနေကြ၏။

ချန်းအန်းသည် သိုင်းပြိုင်ပွဲမှ ပြန်လာကတည်းက သီးသန့်ခန်းထဲတွင်သာ ဝင်နေ၏။

ချန်းနိမှာမူ ထိုအဖြစ်အပျက်များကို ကျေနပ်ခြင်းမရှိပါ။

သူမက သိုင်းသင်တန်းသားများနှင့် ငြင်းခုံနေ၏။

သို့သော် ...

သူမ နိုင်အောင် မပြောနိုင်သဖြင့် ဇောဘဲသို့ ခြေဆောင့်စက်ဆိုးကာ ဝင်လာ၏။

ထို့နောက် သီးသန့်ခန်းထဲဝင်ကာ ဖခင်နှင့် မျက်နှာချင်းဆိုင်ဘဲ ထိုင်လိုက်၏။

ချန်းအန်းက သူမအား ကြည့်ကာ ...

"သမီး ဘာဖြစ်လာတာလဲ၊ ဘယ်သူနဲ့ ရန်ဖြစ်လာတာလဲ"

ချန်းနိုက နှုတ်ခမ်းစူကာ ...

"ဘယ်သူနဲ့မှ ရန်မဖြစ်ပါဘူး"

ချန်းအန်းက ...

"သမီးကိုကြည့်ရတာ တစ်ခုခုကို အခဲမကြေသလိုပဲ၊ ပြော စမ်းပါဦး၊ ဘာဖြစ်လာတာလဲ ..."

ချန်းနိုက ...

"နေ့လယ်ခင်းက အဖြစ်အပျက်ကို စိတ်ဆိုးတာပါ"

ချန်းအန်းက ...

"နေ့လယ်ခင်းက ဘာဖြစ်လို့လဲ"

ချန်းနိုက ဖခင်အား စိတ်မရှည်သလိုကြည့်ကာ ...

"နေ့လယ်က သိုင်းပြိုင်ပွဲမှာ ကျားရဲသခင်လေးကို ဟုန်စဲ့က မယှဉ်နိုင်ရဲလို့ မလာတဲ့ကိစ္စပါ"

ချန်းအန်းက သက်ပြင်းတစ်ချက်ချလိုက်၏။

ချန်းနိုက ...

"သမီးကတော့ ဟုန်စဲ့ကို ဒီလိုသူရဲဘောကြောင်တဲ့ လူတစ် ယောက်လို့ လုံးဝမထင်ခဲ့မိဘူး"

ချန်းအန်းက ...

"ဟုန်စဲ့က သိုင်းပညာတော်တယ်၊ တည်ကြည်ဖြောင့်မတ်တဲ့ လူတစ်ယောက်ပဲ၊ သူက လုံကွမ်းမြို့က သူရဲကောင်းလို့တောင် ချီး ကျူးကြသေးတာပဲ"

ချန်းနိုက နှာခေါင်းရှဲ့လိုက်၏။

"အခု သူ့မှာ အဲ့ဒီအရည်အချင်းတွေ မရှိကြတော့ဘူး၊ လူတိုင်း က သူ့ကို သူရဲဘောကြောင်ပြီး ထွက်ပြေးသွားတဲ့ လူတစ်ယောက် လို့ ယူဆလိုက်ကြပြီ ဖေဖေ ..."

ချန်းအန်းက ...

"သူ့မှာ အကြောင်းတစ်ခုခုတော့ ရှိလိမ့်မယ်"

ချန်းနိုက ...

"သူ့ရဲ့ ဂုဏ်သိက္ခာကိုတောင် မငဲ့ကွက်နိုင်လောက်အောင် အရေးကြီးတဲ့ အကြောင်းလား ဖေဖေ"

ချန်းအန်းက ခေါင်းညိတ်လိုက်၏။

"ဟုတ်လိမ့်မယ် ... သူက အရမ်းအရေးကြီးလို့ တိတ်တဆိတ် ရှောင်ထွက်သွားတာဖြစ်ရမယ်"

ချန်းနိုက ခဏငြိမ်သက်သွားပြီးမှ

"ဖေဖေ ..."

ချန်းအန်းက ...

ဘာလဲ သမီး"

ချန်းနိုက စဉ်းစားကာ ...

"ကျားရဲသခင်လေးနဲ့ ဟုန်စဲ့တို့ ယှဉ်ပြိုင်ရင် ဘယ်သူအနိုင် ရမယ်လို့ ဖေဖေ ထင်သလဲ"

ဟု မေးလိုက်၏။

ချန်းအန်းက တွေဝေသွား၏။

အတန်ကြာမှ သက်ပြင်းတစ်ချက်ချကာ ...

"ဒါ အပြောရခက်တယ်ကွယ့်"

ချွန်းနိုက ...

"ဘာဖြစ်လို့လဲ ဖေဖေ"

ချွန်းအန်းက ...

"ဟုန်စဲ့က သိုင်းပညာ သိပ်တော်တယ်ဆိုပေမယ့် သူ့ရဲ့သိုင်းပညာ အဆင့်ကို သိတဲ့လူ သိပ်မရှိကြဘူး၊ ဒီလိုပဲ ကျားရဲသခင်လေးကလည်း ထိပ်သီးသိုင်းသမားတွေကို တစ်ယောက်ပြီးတစ်ယောက် အနိုင်ယူလာလို့ သူ့ရဲ့သိုင်းပညာအဆင့်ကို အထင်သေးလို့မရဘူး"

ချွန်းနိုက ...

"ဟုန်စဲ့က အတွေ့အကြုံ ပိုများမှာပဲ"

ချွန်းအန်းက ...

"ဒါပေမယ့် သူက ကျားရဲသခင်လေးလောက် ရက်စက်တဲ့လူ မဟုတ်ဘူး"

ချွန်းနိုက ...

"ဒါဖြင့် ကျားရဲသခင်လေးကို ယှဉ်ပြိုင်နိုင်တဲ့လူ မရှိတော့ဘူးလား"

ချွန်းအန်းက ပြုံးလိုက်၏။

"သိပ်ရှိတာပေါ့ကွာ၊ သိုင်းပညာဆိုတာ တောင်လိုပဲ၊ အမြင့်ဆုံးလို့ ထင်ရပေမယ့် သူ့ထက်မြင့်တဲ့တောင်တွေလည်း ရှိတာပဲ"

ချွန်းနိုက ထိုအဖြေအား ကျေနပ်သွား၏။

သူမက ပြုံးကာ ...

"ဖေဖေ ..."

ချွန်းအန်းက ...

"ဘာလဲ သမီး"

ချွန်းနိုက ...

"ဖေဖေနဲ့ ကျားရဲသခင်လေး ဆိုရင်ကော ..."

ချွန်းအန်းက မျက်လုံးပြူးသွား၏။

"ဖေဖေက အသက်ကြီးပါပြီ သမီးရယ်"

"ခစ် ... ခစ် ... ခစ် ..."

ချွန်းနိုက ဖခင်အားကြည့်ကာ သဘောကျစွာ ရယ်မောလိုက်လေသည်။

✿ ✿ ✿

ချစ်စရာ မိန်းကလေး

ရှီးယုံသည် တည်းခိုခန်းအပြင်ဘက်သို့ ထွက်လာ၏။

မီးထွန်းချိန်ရောက်နေပြီဖြစ်၍ အိမ်တိုင်းလိုလို မီးအိမ်များ ထွန်းညှိထား၏။

ထို့ကြောင့် လင်းလျက်ပင်ရှိ၏။

လုံးကွမ်းမြို့မှာ အချက်အချာကျသည့် လမ်းဆုံမြို့ဖြစ်၏။

ထို့ကြောင့် နေ့ဘက်တွင်သာမက ညဘက်တွင်လည်း စည်ကားနေ၏။

ရှီးယုံသည် တည်းခိုခန်းအပြင်ဘက်တွင်ရပ်ရင်း လူများ ဥဒဟို သွားလာနေသည်ကို ငေးကြည့်နေမိ၏။

သူတို့ ထိုသို့ငေးရင်း ရပ်နေရသည်ကို ပျင်းရိလာ၏။

မြို့တွင်းလျှောက်သွားရန် ဆုံးဖြတ်ကာထွက်လာခဲ့၏။

မြို့၏ မင်းလမ်းကား စည်ကားလှ၏။

လမ်းဘေးတစ်ဖက်တစ်ချက်တွင် စားသောက်ဆိုင်များ အစီအရီ ရှိနေ၏။

ရှီးယုံသည် လူကြားထဲလျှောက်သွားရင်း သူ၏အင်္ကျီအိတ်လှုပ်ခါသွားသလို ခံစားလိုက်ရ၏။

သူက အိတ်အား ကမန်းကတန်း အုပ်လိုက်၏။

သို့သော် ... အိတ်အတွင်းမှ ငွေအိတ်မှာ မရှိတော့ပါ။

လူများကြားထဲ တိုးဝင်သွားသော ကျောပြင်တစ်ခုကို တွေ့လိုက်ရ၏။

ရှီးယုံက နှာခေါင်းရှုံ့လိုက်၏။

"ဟေ့ ... ခါးပိုက်နှိုက် မပြေးနဲ့"

သူက အော်ဟစ်ရင်း ထိုလူနောက်သို့ ပြေးလိုက်သွား၏။

ခါးပိုက်နှိုက်ကလည်း လျင်မြန်လှ၏။

လမ်းကြိုလမ်းကြားများအတွင်း ချိုးကွေ့ဝင်သွား၏။

ရှီးယုံက အလစ်မပေးဘဲနောက်မှထက်ကြပ်မခွာလိုက်သွား၏။

ဤသို့ဖြင့် ပြေးလွှားရင်း လမ်းကြားလေးတစ်ခုသို့ ရောက်လာ၏။

ထိုစဉ် လမ်းကြားလေးတစ်ဖက်မှ ဝင်လာသော လူရိပ်အား တွေ့လိုက်ရ၏။

ရှီးယုံက ဝမ်းသာသွား၏။

"ရှေ့က ခါးပိုက်နှိုက်ကို ဖမ်းထားပါဗျာ"

ဟု အော်ဟစ်လိုက်၏။

ခါးပိုက်နှိုက်မှာ ရှေ့မှ လူရိပ်အား ကျော်ဖြတ်ပြေးရန် ဟန်ပြင်လိုက်၏။

သို့သော် ... လူရိပ်မှာ အလွန်လျင်မြန်လှ၏။

သူက လှမ်းယူမည်ပြုပြီးမှ မိန်းကလေး၏ မျက်နှာအား ကြည့်ခဲလိုက်၏။

ထို့အတူ မိန်းကလေးကလည်း ရှီးယုံ့၏ မျက်နှာကို တွေ့မြင်သွား၏။

"ညော်... ရှင်ကိုး"

ရှီးယုံ့က ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်... မင်း မှတ်မိသားပဲ"

မိန်းကလေးက မျက်လုံးပြူးသွား၏။

သူမက ရှီးယုံ့အား မျက်စောင်းထိုးကာ...

"ရှင်မှန်းသိရင် မကူညီပါဘူး"

သူမကပြောပြီး ငွေအိတ်အား ပေးမလိုလိုနှင့် မြေပေါ်ပစ်ချကာ ခြေထောက်ဆောင့်၍ ထွက်ခွာသွား၏။

"ဟွန်း... အကြောင်းကြောင်းလူကိုမှ အကူအညီပေးမိတယ်၊ ငါက ဆိုးပါတယ်"

ဟု တစ်ယောက်တည်း ပွစိပွစိ ရေရွတ်သွား၏။

ရှီးယုံ့သည် မိန်းကလေးအား ပြုံး၍ လိုက်ကြည့်နေမိ၏။

ထိုမိန်းကလေး၏ စိတ်ဆိုးနေပုံမှာ အလွန်ချစ်စရာကောင်းသည်ဟု သူကထင်မိ၏။

မြင်ကွင်းထဲမှ မိန်းကလေး ပျောက်ကွယ်သွားမှ သူက ငွေအိတ်အား ကောက်ယူကာ အိတ်ထဲ သေသေချာချာ သိမ်းဆည်းလိုက်၏။

ခါးပိုက်နှိုက်အား တစ်ချက်လှည့်ကြည့်လိုက်၏။

လက်နှစ်ဖက်အား ဝေ့ယမ်းလိုက်ရာ...

"ဝုန်း..."

ခါးပိုက်နှိုက်မှ နောက်သို့ လွင့်စဉ်လဲကျသွား၏။

ရှီးယုံ့က...

"ကျေးဇူးတင်ပါတယ်ဗျာ"

သူက အော်ပြောကာ ခါးပိုက်နှိုက်၏ကိုယ်ပေါ်တွင် ရှာဖွေလိုက်၏။

သူ၏ငွေအိတ်အား မတွေ့ရပေ။

"ဟာ... ဒုက္ခပဲ"

"ဘာဒုက္ခလဲရှင့်"

ထိုစကားသံကြားမှပင် မိမိအား ကူညီသူမှာ မိန်းကလေးတစ်ယောက်ဖြစ်မှန်း သိလိုက်ရ၏။

လမ်းကြားက မှောင်နေသည့်အပြင် တစ်ဦးနှင့်တစ်ဦး အတန်ငယ် ကွာဝေးလှသဖြင့် မျက်နှာအား မတွေ့ရပါ။

ရှီးယုံ့က...

"ကျုပ် ငွေအိတ် မတွေ့တော့ဘူး"

မိန်းကလေးထံမှ ချိုလွင်သော ရယ်သံနှင့်အတူ...

"ရှင့်ငွေအိတ်က ဒီမှာရှင့်..."

ရှီးယုံ့က ယခုမှပင် သက်ပြင်းချနိုင်၏။

"ကျေးဇူးပါပဲဗျာ"

သူက သူ့ငွေအိတ်အား ယူရန် မိန်းကလေးထံသို့ လျှောက်သွားလိုက်၏။

ခါးဝိုက်နှိုက်မှာ သတိရကာ ညည်းညူနေဆဲဖြစ်၏။

ရှိုးယုံက လေချွန်ကာ လမ်းကြားလေးထဲမှ ထွက်လာခဲ့လေတော့သည်။

✿ ✿ ✿

နောက်တစ်နေ့နံနက်။

ရှိုးယုံသည် အိပ်ရာမှ ထလိုက်သည်နှင့် မနေ့က မိန်းကလေးကို ထူးထူးခြားခြား သတိရမိ၏။

သူသည် ထိုမိန်းကလေးနှင့် နှစ်ကြိမ်တိုင်တိုင် ဆုံတွေ့ခဲ့၏။

မိန်းကလေးမှာ လုံကွမ်းမြို့မှ ဖြစ်နိုင်၏။

သူက ရှာဖွေလျှင် တွေ့မည်ဟု ယုံကြည်မိ၏။

သူသည် ဖခင်၏ မှာကြားချက်အတိုင်း ဤနေရာတွင် စောင့်စိုင်းရန်မှလွဲ၍ တခြားလုပ်စရာမရှိပေ။

ထို့ကြောင့် သူက မြို့တဲထွက်ကာ မိန်းကလေးအား စုံစမ်းရန် စိတ်ကူးလိုက်၏။

ရှိုးယုံသည် အဝတ်အစားများ လဲလှယ်လိုက်၏။

သူ၏ ပုံဟန်မှာ သူဌေးသားတစ်ယောက်နှင့် တူလှ၏။

ခါးတွင် ငွေဘူးတိုတစ်လက်ကို ချိတ်ဆွဲကာ အခန်းထဲမှ ထွက်လာခဲ့လေတော့သည်။

✿ ✿ ✿

ညဉ့်ငှက်မယ်

ကျားရဲသခင်လေး။

သူသည် အခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန် လျှောက်နေ၏။

သူ၏ မျက်နှာတွင် မကျေမနပ်သော အရိပ်အရောင်များ ပေါ်လွင်နေ၏။

သူ့ရှေ့တွင် အဝါရောင် ဝတ်စုံနှင့် ငယ်သားများက ကြမ်းပြင်ပေါ်တွင် ဒူးထောက်နေကြ၏။

ထိုစဉ် အခန်းထဲသို့ လူတစ်ယောက် ဝင်လာ၏။

ထိုလူအား တွေ့လိုက်သည်နှင့် ကျားရဲသခင်လေးက ...

"ဘာသတင်းရခဲ့လဲ ချင်းယွဲ့...."

ချင်းယွဲ့ဆိုသူက ချက်ချင်း ဒူးထောက်ကာ ...

"ဘာသတင်းမှ မရခဲ့ပါဘူး၊ ဟုန်ဇဲ့က လုံကွမ်းမြို့တစ်ဝိုက်မှာ ရှိမနေတာတော့ သေချာပါတယ်"

ကျားရဲသခင်လေး၏ မျက်နှာ တင်းမာခက်ထန်သွား၏။

"တောက် ..."

သူက မကျေမနပ်ဖြင့် တောက်ခေါက်လိုက်၏။

ချင်းယွဲ့က ...

"ဟုန်စုံက လူတွေပြောသလို သခင်လေးကို ကြောက်လို့ ထွက်ပြေးသွားတာ ဖြစ်ပါလိမ့်မယ်"

ကျားရဲသခင်လေးက ခေါင်းခါယမ်းလိုက်၏။

"ကျုပ်တော့ ဒီလိုမထင်ဘူး"

ချင်းယွဲ့က ...

"သခင်လေးက ဘယ်လိုထင်လို့လဲ"

ကျားရဲသခင်လေးက ...

"ကျုပ်ကို ယုဉ်ပြိုင်စရာ မလိုဘူးလို့ ယူဆပြီး ထွက်သွားတယ်လို့ ထင်တယ်"

ချင်းယွဲ့က ...

"မဖြစ်နိုင်ဘူး၊ သူက သူ့နာမည်အပျက်ခံ၊ သိက္ခာအကျခံပြီး အခုလို ရှောင်တိမ်းသွားပါ့မလား"

ကျားရဲသခင်လေးက ...

"ချင်းယွဲ့ မင်းက သိုင်းသမားတွေရဲ့ စိတ်ဓာတ်ကို နားမလည်သေးပါဘူး၊ သူက ကျုပ်ဘို့ အရေးစိုက်စရာမလိုဘူးလို့ ဥပက္ခာပြုသွားတာကွ"

ချင်းယွဲ့က သက်ပြင်းတစ်ချက်ချလိုက်၏။

စိတ်ဓာတ်ပြင်းထန်လွန်းသော သူ၏ သခင်လေးအား စိတ်မသက်သာစွာ ကြည့်ကာ ...

"သခင်လေး အထင်မှားတာ ဖြစ်ပါလိမ့်မယ်၊ ထားပါတော့

ဦးမရှိလည်း တခြားလူတွေနဲ့ ယှဉ်လို့ရပါတယ်၊ လုံကွမ်းမှာ နာမည်ကျော်ကြားတဲ့ လူတွေ ပေါပါတယ်"

ကျားရဲသခင်လေးက နှုတ်ခမ်းမဲ့လိုက်၏။

"လုံကွမ်းမှာ နာမည်ကျော်ကြားတဲ့ သိုင်းသမားတွေ ပေါတယ်ဆိုတာ မှန်ပါတယ်၊ ဒါပေမယ့် ကျုပ်မျက်စိထဲမှာ ဟုန်စုံတစ်ယောက်ပဲ အထင်ကြီးလို့ရတယ်၊ ကျန်တာတွေက အရေအတွက်ပါ၊ အရည်အချင်း မဟုတ်ပါဘူး"

"ဟင့် ..."

သူ၏ စကားအဆုံးတွင် ခေါင်မိုးပေါ်မှ နာခေါင်းရှဲ့လိုက်သည့်အသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

"ဟေ့ ... ဘယ်သူလဲ"

ကျားရဲသခင်လေးက အော်ငေါက်လိုက်၏။

ချင်းယွဲ့က ချက်ချင်းပင် ပြတင်းပေါက်မှတစ်ဆင့် အပြင်ဘက်သို့ ခုန်ထွက်လိုက်၏။

တစ်ဖန် ခေါင်မိုးပေါ်သို့ ခုန်တက်သွား၏။

ကျားရဲသခင်လေးသည် တံခါးအား ဆွဲဖွင့်ကာ အပြင်ဘက်သို့ ခုန်ထွက်လိုက်၏။

သူက အပြင်ဘက်သို့ ခြေချမိသည်နှင့် လူရိပ်တစ်ခု သူ့ရှေ့သို့ ပစ်ကျလာ၏။

ကျားရဲသခင်လေးက လျင်မြန်စွာ ဖမ်းယူကာ သွေးကြောဖွင့်လိုက်၏။

ပစ်လွှင့်လာသူမှာ ချင်းယွဲ့ ဖြစ်၏။

"ကျွန်မရဲ့ သိုင်းကွက်(၁၀)ကွက်ကို ခုခံနိုင်တဲ့ လူမှ ဒီမေးခွန်း မေးခွင့်ရှိတာ၊ ဒါတောင် နာမည်သိရဖို့ မသေချာဘူးနော်"

ဟု ခပ်ကြွားကြွား ပြောလိုက်၏။

ကျားရဲသခင်လေးသည် မိန်းကလေး၏ ကြွားဝါသော လေသံကြောင့် ဒေါသထွက်လာ၏။

သူက ခြေထောက်တစ်ချက် ဆောင့်လိုက်ရာမှ ငှက်တစ်ကောင်ကဲ့သို့ ခေါင်မိုးပေါ်သို့ ရောက်ရှိသွား၏။

သူက မိန်းကလေးအား စူးရှစွာကြည့်ကာ...

"မင်းရဲ့ စော်ကားတဲ့စကားအတွက် ဒူးထောက်တောင်းပန်ရမယ်"

"ဟင်း...ဟင်း...ဟင်း"

ညဉ့်ငှက်မမယ်က ချိုလွင်စွာ ရယ်မောလိုက်၏။

"ကျွန်မကို ဒူးထောက်တောင်းပန်စရာ မလိုပါဘူးရှင်၊ ရှင် နားလည်ရင်ပဲ တော်ပါပြီ"

သူကပြောပြီး လှည့်ထွက်သွားရန် ဟန်ပြင်လိုက်၏။

"ရပ်လိုက်စမ်း"

ကျားရဲသခင်လေးက ဟန့်တားလိုက်၏။

သူ့အသံမှာ အလွန်စူးရှအေးစက်နေလေသည်။

ညဉ့်ငှက်မယ်က လှည့်ကြည့်လိုက်၏။

ကျားရဲသခင်လေးက သူမအား စူးရှစွာ စိုက်ကြည့်နေ၏။

သူ၏မျက်နှာသည် အေးစက်တင်းမာကာ မျက်လုံးအစုံမှာ လူသတ်လိုသော အရိပ်အယောင်များကို တွေ့မြင်လိုက်ရ၏။

ကျားရဲသခင်လေးသည် ချင်းယွဲ့အား မြေပေါ်တွင် အသာချထားရင်း ရင်ထဲတွင် ထိတ်ခနဲ ဖြစ်သွား၏။

သူ၏တပည့် ချင်းယွဲ့အား တဒင်္ဂအတွင်း သွေးကြောပိတ်နိုင်သော ရန်သူမှာ မည်သူဖြစ်ပါသနည်း။

ထိုလူ၏ သိုင်းပညာသည် မည်မျှ အဆင့်မြင့်ပါသနည်း။

ကျားရဲသခင်လေးက တွေးရင်း ခေါင်မိုးပေါ်သို့ မော့ကြည့်လိုက်၏။

ခေါင်မိုးပေါ်တွင် အနက်ရောင် ဝတ်စုံဝတ်ဆင်ထားသည် ညဉ့်ငှက်မယ်တစ်ယောက်အား တွေ့လိုက်ရ၏။

သူမသည် မျက်နှာကိုလည်း အနက်ရောင် မျက်နှာဖုံးစွပ်ထားသဖြင့် မည်သူမည်ဝါဖြစ်မှန်း မသိနိုင်ပါ။

ကျားရဲသခင်လေးက...

"မင်း ဘယ်သူလဲ၊ ဘာလာလုပ်တာလဲ"

သူ၏ အသံမှာ အသံအနိမ့်အမြင့် မရှိဘဲ ပကတိတည်ငြိမ်နေ၏။

ညဉ့်ငှက်မယ်က...

"လုံကွမ်းမှာ ဟုန်စုံတစ်ယောက်ပဲ သိုင်းပညာရှင် ရှိတာမဟုတ်ဘူးဆိုတာ ရှင်သိစေချင်လို့ လာပြောတာပါ"

ကျားရဲသခင်လေးက...

"မင်း ဘယ်သူလဲ"

ညဉ့်ငှက်မယ်က...

ညဉ့်ငှက်မယ်က ရင်ထိတ်သွား၏။

ကျားရဲသခင်လေးသည် သွေးဆာတတ်သော လူတစ်ယောက် ဖြစ်မှန်း သူမက ကောင်းစွာနားလည်လိုက်လေတော့သည်။

✿ ✿ ✿

ရှီးယုံသည် တစ်နေ့လုံး မြို့ထဲလှည့်လည်ကာ မိန်းကလေးအား ရှာဖွေမိ၏။

သို့သော် ...

အချိန်သာ ကုန်သွားပြီး မိန်းကလေးအား မတွေ့ပါ။

ထို့ကြောင့် သူက စိတ်ပျက်ပျက်နှင့် ညစျေးတန်းဘက်သို့ လျှောက်လာ၏။

ညစျေးတန်းမှာ အလွန်စည်ကားလှ၏။

ရှီးယုံသည် စျေးတန်းထဲလျှောက်သွားရင်း မီးအိုး၊ ဖျောက်အိုး များ တွေ့ရသဖြင့် တူကလေးနှစ်ယောက်အားပေးရန် သတိရပြီး ဝယ်လိုက်၏။

တစ်ဖန် မီးခိုးထွက်စေသော အလုံးများလည်း တွေ့ရသဖြင့် အစ်မစုစုအား နောက်ပြောင်ရန် ဝယ်လိုက်ပြန်၏။

သူက ဆက်လျှောက်လာရင်း တစ်နေရာ အရောက်တွင် မျက်နှာဖုံးစွပ်များ ရောင်းနေသည်ကို တွေ့၍ သရဲမျက်နှာဖုံးတစ်ခု ဝယ်လိုက်၏။

ရှီးယုံသည် မယ်မယ်ရရ မရှိဘဲ စျေးတန်းထဲ လျှောက်ကာ မိန်းကလေးအား တွေ့လိုတွေ့ငြား လိုက်ရှာနေမိ၏။

မိန်းကလေး၏ အရိပ်အယောင်ကိုပင် မတွေ့ရပါ။

ရှီးယုံက သက်ပြင်းတစ်ချက် ချလိုက်၏။

ယနေ့ အဘယ်ကြောင့်မှန်းမသိ မိန်းကလေးအား တွေ့မြင် သိုစိတ်များ တဖွားဖွား ဖြစ်ပေါ်လာ၏။

သူက ရှေ့ဆက်မသွားတော့ဘဲ စျေးတန်းထဲမှ ထွက်လာခဲ့ တော့သည်။

သူသည် လုံကွမ်းမြို့ အရှေ့ဘက်ခြမ်းသို့ ထွက်လာခဲ့၏။

ထိုအရှေ့ဘက်ခြမ်းမှာ ချမ်းသာကြွယ်ဝသူများ နေထိုင်သော ရပ်ကွက်ဖြစ်၏။

ကျယ်ဝန်းသော ခြံဝင်းများနှင့် သပ်ရပ်ခမ်းနားသောအဆောက် အဦးများကိုသာ ဆောက်လုပ်ထား၏။

ခြံဝင်းထိပ်များတွင် ရောင်စုံအလှမီးပုံးများ ချိတ်ဆွဲထား၏။

ရှီးယုံသည် ခြံဝင်းကျယ်များအား ငေးမောကြည့်ရှုရင်း လျှောက် လာခဲ့၏။

မကြာမီ သူသည် အစွန်အဖျားရှိ ခြံဝင်းတစ်ခုရှေ့သို့ ရောက် လာ၏။

သူ၏မျက်လုံးများက မထင်မှတ်ဘဲ ခြံဝင်းအတွင်းရှိ ဂေဟာ အမိုးပေါ်သို့ ရောက်သွား၏။

သူ၏ မျက်လုံးအစုံမှာ နှစ်ဆခန့် ပြူးကျယ်သွားလေတော့ သည်။

✿ ✿ ✿

မျက်နှာမပြုံသူများ

ကျားရဲသခင်လေး၏ မျက်လုံးအစုံသည် အေးစက်စက် စူးရှနေ၏။

"ကဲ ... မင်း လက်နက်ထုတ်လိုက်ပါ"

ညဥ့်ငှက်မယ်က ရင်ထိတ်သွား၏။

"ရှင်က ကျွန်မလို မိန်းကလေးတစ်ယောက်နဲ့ ယှဉ်ပြိုင်မယ် ဟုတ်လား"

သူမက တအံ့တသြဟန်ဖြင့် မေးလိုက်၏။

ကျားရဲသခင်လေးက မဲ့ပြုံး ပြုံးလိုက်၏။

"ကျုပ်ကို မင်းက အရင်စိန်ခေါ်တာပါ၊ ကဲ ... စကားမရှည်နဲ့၊ လက်နက်သာ ထုတ်ပါ ..."

ညဥ့်ငှက်မယ်က နှုတ်ခမ်းတစ်ချက်ကိုက်ကာ ...

"ကောင်းပြီလေ ..."

သူမက ခါးတွင်ပတ်ထားသော ခါးပတ်အား ဖြည်ကာ ဝှေ့ယမ်းလိုက်၏။

ချွင် ..."

ပြောင်လက်ထက်မြက်သော ဓားရှည်တစ်လက် ဖြစ်၏။

ဓားပျော့ဖြစ်သဖြင့် သူမက ခါးတွင် ပတ်ထားခြင်းဖြစ်၏။

ကျားရဲသခင်လေးက လက်တစ်ဖက်လှုပ်ရှားလိုက်ရာ ...

"ချွင် ..."

သူ၏လက်ထဲတွင် ဓားတစ်လက်မှာ မျက်လှည့်ပြသလို ရောက်ရှိလာလေသည်။

ကျားရဲသခင်လေးက ...

"ကဲ ... မင်းတို့ လုံကွမ်းက ဓားစွမ်းပြပါဦး၊ ကျုပ်ကတော့ မိန်းကလေးမို့လို့ ညှာတာလိမ့်မယ် မထင်နဲ့"

ဟု ခပ်ထန်ထန်ပြောလိုက်၏။

မိန်းကလေးက နှာခေါင်းရှုံ့လိုက်၏။

သူမက ခွန်းတုံ့မပြန်တော့ပါ။

ဓားအား ဝှေ့ယမ်းကာ စတင်တိုက်ခိုက်လိုက်လေသည်။

သူမသည် ကျားရဲသခင်လေးအား ယှဉ်ပြိုင်ရန်မှာ မလွယ်ကူလှမှန်း နားလည်လိုက်၏။

ထို့ကြောင့် သူမ၏ အကောင်းဆုံး ဓားကွက်ဖြစ်သော 'ကြယ်ကြွေ' ဓားကွက်ကို ဖော်ထုတ်အသုံးပြုကာ စတင်တိုက်ခိုက်လိုက်၏။

ဓားရိပ်များ ဖြာထွက်သွားပြီး ကျားရဲ သခင်လေး၏ ခန္ဓာကိုယ်အား လွှမ်းခြုံသွား၏။

ကျားရဲသခင်လေးက ...

"ဘယ်ဆိုးလို့တုန်း ..."

သူကစားဖြင့် ခုခံမကာ ရှောင်တိမ်းလိုက်၏။

သို့သော် ...

ကြယ်ကြွေးကွက်သည် တစ်ကွက်တည်းဟုထင်ရသော်လည်း တစ်ကွက်တည်း မဟုတ်ပါ။

စုစုပေါင်း (၉) ကွက်ဖြစ်၏။

ပေါ့ပေါ့တန်တန် သဘောထား ရှောင်တိမ်းသူသည် ကျန် စားကွက်များအောက်သို့ ကျရောက်သွားမည် ဖြစ်၏။

ယခုလည်း ကျားရဲသခင်လေးက ပေါ့ဆစွာပင် ရှောင်တိမ်း လိုက်၏။

ထိုအခါ စားကွက်များသည် တစ်ကွက်ပြီးတစ်ကွက် ဆက် တိုက်ဆိုသလိုပင် ကျရောက်လာ၏။

ကျားရဲသခင်လေးက ရင်ထိတ်သွား၏။

သူက အထိတ်တလန့်ဖြင့် ဆက်တိုက်ခုခံပေးလိုက်ရ၏။

သူသည် အသည်းအသန် ခုခံပေးရသဖြင့် ဒေါသခြောင်း ခြောင်း တွက်လာ၏။

သူသည် အတွင်းအားကို အပြည့်အဝသုံးကာ စားချက် (၈) ချက် ဆက်တိုက်အသုံးပြုပြီး ရှောင်တိမ်းမှ ညဉ့်ငှက်မယ်၏ စားချက် အောက်မှ လွတ်မြောက်သွားခဲ့၏။

သူ၏ မျက်နှာတစ်ခုလုံး နီရဲလာ၏။

ရုက်ခြင်း၊ ခံပြင်းဒေါသဖြစ်ခြင်းများက သူ၏ တစ်ကိုယ်လုံး အား ဖုံးလွှမ်းသွား၏။

သူ၏ မျက်နှာပေါ်တွင် လူသတ်ချင်သော အရိပ်အယောင်များ ထိန်းမရအောင် ပေါ်လာ၏။

ကျားရဲသခင်လေးက အံ့တင်းတင်းကြိတ်လိုက်၏။

ထို့နောက် သူက စားအား ဝှေ့ယမ်းကာ ပြန်လည်တိုက်ခိုက် လိုက်၏။

သူ၏ စားချက်များမှာ ပြင်းထန်လှ၏။

စားကွက်တိုင်းမှာ ရက်စက်ကြမ်းကြုတ်လှ၏။

ညဉ့်ငှက်မယ်သည် နောက်သို့ ဆုတ်ရင်း ရှောင်တိမ်းကာ လက်ထဲမှ စားဖြင့် ခုခံပေးလိုက်၏။

"ချွင် ..."

စားစားချင်း ထိခတ်သဖြင့် မီးပွင့်သွား၏။

သူမ၏ လက်မောင်းတစ်ခုလုံး ထုံကျဉ်သွား၏။

ကျားရဲသခင်လေးက အေးစက်စွာ ရယ်မောလိုက်၏။

"ကျုပ်စားကွက်တွေ မြည်းကြည့်ပါဦး"

သူကပြောပြီး စားကွက်များ တစ်ကွက်ပြီးတစ်ကွက် ဖော် ထုတ်တိုက်ခိုက်လိုက်၏။

ညဉ့်ငှက်မယ်မှာ ကျားရဲသခင်မလေး၏ စားချက်များကို ရင် ဆိုင် မခုခံဝံ့တော့ပါ။

ထို့ကြောင့် သူမသည် ပေါ့ပါးသွက်လက်သော ကိုယ်ဖော် ပညာကို အသုံးပြုကာ ခုခံရှောင်တိမ်းနေရ၏။

ခေါင်မိုးပေါ်တွင် ဖြစ်၍ တိုက်ခိုက် ရှောင်တိမ်းရသည်မှာ မလွတ်လပ်ပေ။

ကောင်းစွာ လူပ်ရှား၍မရပေ။

ညဉ့်ဒုက်မယ်မှာ ရှောင်တိမ်းရင်း အမိုးစွန်းသို့ ရောက်မှန်းမသိ ရောက်ရှိသွား၏။

ကျားရဲသခင်လေး၏ မျက်လုံးများ တောက်ပလာ၏။

သူသည် အတွင်းအား အပြည့်အဝသုံးကာ ဓားအား ဝှေ့ယမ်းကာ တရကြမ်း ဖိ၍တိုက်ခိုက်လိုက်၏။

ညဉ့်ဒုက်မယ်သည် ကျားရဲသခင်လေး၏ ပြင်းထန်သော ဓားချက်များကို ရင်မဆိုင်ဝံ့ပါ။

သူမက နောက်ဆုတ်၍ ရှောင်တိမ်းလိုက်စဉ် သူမ၏ ခြေထောက်မှာ လေကိုသာ နင်းမိသွား၏။

"ဟာ..."

ညဉ့်ဒုက်မယ်ထံမှ ထိတ်လန့်သံ ထွက်ပေါ်လာ၏။

"ဟား... ဟား... ဟား"

ကျားရဲသခင်လေးက သဘောကျစွာ ရယ်မောလိုက်၏။

သို့သော်...

သူ၏ရယ်သံမှာ တစ်ဝက်တစ်ပျက်နှင့် ရပ်တန့်သွား၏။

ညဉ့်ဒုက်မယ်၏ ကိုယ်ဖော့ပညာသည် အလွန်ပင်ကောင်းလွန်းလှ၏။

သူမသည် အမိုးပေါ်မှ ပြုတ်ကျသည်နှင့် လေထဲတွင် တစ်ပတ်ကျွမ်းပစ်ကာ အရှိန်ကို ထိန်းလိုက်၏။

ထို့နောက် မြေပေါ်သို့ သစ်ရွက်လေး တစ်ရွက်အလား ကျရောက်သွား၏။

ကျားရဲသခင်လေးက နှုတ်ခမ်းမဲ့လိုက်၏။

"မင်းမဆိုဘူး၊ ဒါပေမယ့် ကျုပ်လက်ထဲကနေ မလွတ်နိုင်ပါဘူး"

သူက ချက်ချင်းပင် မြေပေါ် ခုန်ဆင်းကာ ညဉ့်ဒုက်မယ်အား ဓားဖြင့် ခုတ်ချလိုက်၏။

ထိုစဉ် လူရိပ်တစ်ခု ခုန်ပျံရောက်ရှိလာ၏။

လူရိပ်နှင့်အတူ ငွေရောင်အလင်းတန်း ထွက်ပေါ်လာကာ ကျားရဲသခင်လေး၏ ဓားချက်အား ခုခံပေးလိုက်၏။

"ချွင်..."

နှစ်ဦးစလုံး နောက်သို့ တစ်လှမ်းစီ ဆုတ်သွားရ၏။

ကျားရဲသခင်လေးသည် ဟန့်တားလာသူအား ကြည့်လိုက်၏။

ဟန့်တားလာသူမှာ သရဲမျက်နှာဖုံး တစ်ခု စွပ်ထား၏။

ကျားရဲသခင်လေးက မျက်မှောင်ကြုတ်သွား၏။

"ဒီလူကလည်း မျက်နှာဖုံးစွပ်နဲ့ပါလား၊ ဘယ်လိုဖြစ်ပြီး ငှက်နှာမပြဝံ့တဲ့ လူတွေနဲ့ လာတွေ့နေရပါလိမ့်"

ဟု ရေရွတ်လိုက်၏။

သူက ဟန့်တားလာသူအား သေသေချာချာကြည့်လိုက်၏။

ထိုလူ၏ ခန္ဓာကိုယ်အနေအထားမှာ သူနှင့်မတိမ်းမယိမ်း ရှိပြီး ဒေါ့ဖုံးတန်ဝတ်စုံ ဝတ်ဆင်ထား၏။

လက်ထဲတွင် ငွေဓားတိုတစ်လက် ကိုင်ဆောင်ထား၏။

ကျားရဲသခင်လေးက...

"မင်းက ဘယ်သူလဲ... ဘာကိစ္စ ဝင်စွက်ဖက်ရတာလဲ"

ဟု အေးစက်စွာ မေးလိုက်၏။

ထိုလူက ဓားအား ရင်ဝတွင် ကပ်ကာ အရိုအသေပေးလိုက်၏။

"မိန်းကလေးတစ်ယောက်ကို ဒီလောက်အနိုင်ယူရရင် ဟော်လောက်ရောပေါ့ဗျာ"

ကျားရဲသခင်လေးက ...

"ကျုပ်ကိစ္စကို ဝင်စွက်တဲ့လူက သေဖို့စာရင်းရတဲ့လူပဲဗျ"

ထိုလူက ခေါင်းညိတ်လိုက်၏။

"ဒါဆိုရင် ကျုပ်ကိုသွားခွင့်ပြုပါ"

သူကပြောပြီး မိန်းကလေး၏ လက်အားဆွဲကာ လှည့်ထွက်သွား၏။

ကျားရဲသခင်လေးက ဘာမှမပြောပါ။

သူက သရဲမျက်နှာနှင့်လူ၏ နောက်ကျောသို့ ဓားတစ်ချက် ထိုးစိုက်ချလိုက်၏။

ညဉ့်ငှက်မယ်က ထိတ်လန့်သွား၏။

ထိုလူကမူ ဤသို့တိုက်ခိုက်လာနိုင်သည်ကို ကြိုတင်သိထားဟန် တူ၏။

ရုတ်တရက် ဘေးသို့ ထိုင်ချကာ လက်ပြန်ဓားချက်ဖြင့် ထိုးစိုက်လာသော ဓားအား ရိုက်ထုတ်လိုက်၏။

"ချွင် ..."

ကျားရဲသခင်လေးက မဲ့မြုံး ပြုံးလိုက်၏။

"မဆိုးဘူး ... မင်းတို့ သွားလို့မရတော့ဘူး၊ ကျုပ်ဓားက ထုတ်ဒဲ့ရင် သွေးစွန်းရမှ ကျေနပ်တယ်"

ထိုလူက ...

"ခင်ဗျားရဲ့ စိတ်ဓာတ်က တော်တော် ရက်စက်တာပဲ၊ ကျုပ်ဘို့ကို သတ်လို့ကော ခင်ဗျားအတွက် ဘယ်လိုအကျိုးရှိမှာလဲ"

ကျားရဲသခင်လေးက ...

"ဘာပဲဖြစ်ဖြစ် ကျုပ်စိတ်ကျေနပ်မှု ရမယ်"

ထိုလူက သက်ပြင်းချလိုက်၏။

ကျားရဲသခင်လေးအား စိတ်ပျက်စွာ ကြည့်လိုက်၏။

ကျားရဲသခင်လေးက ဘာစကားမှ မဆက်မပြောပါ။

ဓားအား ဝှေ့ယမ်းကာ တိုက်ခိုက်လိုက်၏။

သရဲမျက်နှာဖုံးစွပ်နှင့် လူက ငွေဓားတိုအား ဝှေ့ယမ်းကာ ပြန်လည်ခုခံလိုက်လေသည်။

တစ်ခဏအတွင်း သူတို့က သိုင်းကွက် ၁၀ ကွက်ခန့် ယှဉ်ပြိုင်ပြီးသွား၏။

ထိုသို့ ယှဉ်ပြိုင်ရင်း ကျားရဲသခင်လေ၏ သိုင်းပညာမှာ ပို၍ ဆက်မြက်ကြောင်း ကွဲပြားသိသာလာ၏။

သရဲမျက်နှာဖုံးစွပ်နှင့် လူသည် အခြေအနေမဟန်မှန်း နားလည်လိုက်၏။

ထို့ကြောင့် သူက အိတ်ထဲသို့ လက်နှိုက်ကာ ပြန်ထုတ်၍ ခြေပေါ်သို့ ပစ်ချလိုက်၏။

"ဝုန်း ..."

"ခိုင်း ... ခိုင်း"

"ဖောင်း ..."

ပေါက်ကွဲသံများ ဆူညံစွာ ထွက်ပေါ်လာ၏။

မီးခိုးများသည် အထွက်လာကာ ဝန်းကျင်တစ်ခုလုံး ဖုံးလွှမ်းသွား၏။

"ဟား ... ဟား ... ဟား"

ထိုလူ၏ ရယ်သံ မီးခိုးများကြားမှ ထွက်ပေါ်လာ၏။

ကျားရဲသခင်လေးက ထိတ်လန့်သွား၏။

နောက်သို့ ဝါးတစ်ရိုက်ခန့် ခုန်ဆုတ်လိုက်၏။

မီးခိုးများကြားမှ မီးရှူးမီးပန်းများ ထိုးထွက်လာသည်ကို တွေ့လိုက်ရ၏။

"ဖောက် ... ဖောက်"

ဆူညံလှသော အသံများကြောင့် ကျားရဲသခင်လေး၏ လူများ ရောက်ရှိလာ၏။

ချင်းယွဲ့မှာလည်း ကောင်းစွာ သတိရလာပြီဖြစ်၍ ကျားရဲသခင်လေးထံ လျှောက်လာ၏။

မကြာမီ ပေါက်ကွဲသံများ တိတ်ဆိတ်သွား၏။

မီးရှူးမီးပန်းများလည်း ငြိမ်သွား၏။

မီးခိုးများလည်း လွင့်ပါးသွား၏။

ခြံဝင်းထဲတွင် ညဥ့်ငှက်မယ်နှင့် သရဲမျက်နှာဖုံးစွပ်နှင့်လူ မရှိတော့ပါ။

"တောက် ..."

ကျားရဲသခင်လေးသည် အံတင်းတင်းကြိတ်ကာ တက်တစ်ခါက်လိုက်၏။

ထို့နောက် ဒေါသတကြီးဖြင့် ဂေဟာထဲသို့ ပြန်လည်ဝင်သွားတော့သည်။

✿ ✿ ✿

ဘုံကျောင်းပျက်တစ်ခုရှေ့တွင် လူနှစ်ယောက် ထိုင်နေ၏။

တစ်ယောက်မှာ သရဲမျက်နှာဖုံး စွပ်ထားပြီး တစ်ယောက်မှာ ကိုယ်လုံး အနက်ရောင် ဝတ်ထားသည့် ညဥ့်ငှက်မယ်တစ်ယောက်ဖြစ်၏။

သူတို့သည် ကျားရဲသခင်လေး၏ ဂေဟာထဲမှ ထွက်ပြေးလာခဲ့ကြနေရာတွင် ထိုင်ကာ အမောဖြေနေခြင်းဖြစ်၏။

ညဥ့်ငှက်မယ်က ...

"ကျေးဇူးတင်ပါတယ်ရှင်"

သရဲမျက်နှာဖုံးနှင့် လူက ...

"မလိုပါဘူးဗျာ၊ ဒီလူက အတော်ကြောက်စရာကောင်းတယ်"

ညဥ့်ငှက်မယ်က ...

"ဟုတ်တယ် ... သူ့ရဲ့ သိုင်းကွက်တွေက သူသေကိုယ်သေကွက်တွေရှင့်"

မျက်နှာဖုံးစွပ်နှင့်လူက ...

"မီးခိုးနဲ့ ဗျောက်အိုးတွေသာ မပါရင် ကျုပ်တို့ သူ့လက်ထဲက ခွံ့မလွယ်ဘူး"

ညဥ့်ငှက်မယ်က ...

"ဒီကနေ့ ရှင့်ကျေးဇူးတွေကို ကျွန်မ မှတ်ထားပါ့မယ်၊ ကျွန်
နာမည် ချွန်းနီပါ"

မျက်နှာဖုံးစွပ်နှင့် လူက ...

"ကျုပ်ကလည်း လမ်းကြုံလို့ ကူညီတာပါ၊ ကျုပ်နာမည်
ရှီးယုံပါ၊ လုံကွမ်းမြို့ ရဲ့ ဧည့်သည်တစ်ယောက်ပါ"

သူတို့သည် တစ်ယောက်နှင့် တစ်ယောက် မိတ်ဆက်
မျက်နှာပေါ်မှ မျက်နှာဖုံးစွပ်များကို အသီးသီး ဆွဲချွတ်လိုက်ကြ

"ဟင် ... ခင်ဗျား"

"ဩော် ... ရှင်ကိုး"

သူတို့နှစ်ယောက်စလုံး အံ့အားသင့်သွား၏။

ရှီးယုံက ...

"ချွန်းနီဆိုတာ ခင်ဗျားကိုး"

ချွန်းနီ၏ မျက်နှာ နီရဲလာ၏။

သူမက နှုတ်ခမ်းစူကာ ...

"ရှင်မှန်းသိရင် ကျေးဇူးတင်ကြောင်း ပြောမိမှာ မဟုတ်ပါဘူး
ဟု ပြောရင်း လှည့်ထွက်သွားရန် ဟန်ပြင်လိုက်၏။

ရှီးယုံသည် မိုမိတွေ့ချင်နေသော မိန်းကလေးအား တွေ့လို
ရသဖြင့် ဝမ်းသာသွား၏။

သူက ကမန်းကတန်း ဟန့်တားလိုက်၏။

"ခဏနေပါဦးဗျာ"

ချွန်းနီက ပြန့်လှည့်လာကာ ...

"ရှင်က ဘာပြောချင်သေးလို့လဲ"

ရှီးယုံက ပြုံးကာ ...

"ကျုပ်တို့က ရန်သူတွေမှမဟုတ်တာ၊ မိတ်ဆွေမဖြစ်နိုင်ဘူး
ားဗျာ၊ ကျုပ်ဘက်က မှားယွင်းမှုရှိခဲ့ရင် တောင်းပန်ပါတယ်ဗျာ"

ဟု ယဉ်ကျေးစွာ ပြောလိုက်၏။

ချွန်းနီ၏ မျက်နှာ ပြုံးသွား၏။

သူမ ပြုံးလိုက်သောအခါ ပိုလှသည်ဟု ရှီးယုံက ထင်မိ၏။

ချွန်းနီက ...

"ရှင် ဘာကြောင့် ကျွန်မနဲ့ မိတ်ဆွေဖြစ်ချင်ရတာလဲ"

သူမက ရုတ်တရက် မေးလိုက်ခြင်းဖြစ်၏။

ရှီးယုံက မည်သို့ဖြေရမှန်းမသိ ဖြစ်သွား၏။

"ဟို ... ဟို ... အဲ"

သူက ထစ်ထစ်ငေါ့ငေါ့နှင့် မဖြေတတ်ပေ။

"ခစ် ... ခစ် ... ခစ်"

ချွန်းနီက သဘောကျစွာ ရယ်မောလိုက်၏။

ရှီးယုံ၏ မျက်နှာ နီရဲသွား၏။

"ကျုပ် ... ကျုပ်ကို လှောင်နေတာလား"

ရှီးယုံ၏ အသံမှာ အနည်းငယ် တုန်ခါနေ၏။

ချွန်းနီက သူမ၏ လှောင်ပြောင်မှု လွန်သွားမှန်း နားလည်
ိုက်၏။

သူမက တောင်းပန်လိုက်၏။

"ကျွန်မ တောင်းပန်ပါတယ်ရှင်၊ ကျွန်မတို့က ရန်သူတွေ မဟုတ်တာ"

ရှိုးယုံ၏ မျက်နှာ ဝင်းလက်သွား၏။

"ဒါဖြင့် မိတ်ဆွေဖြစ်နိုင်တာပေါ့"

ချွန်းနိုက ခေါင့်းညိတ်လိုက်၏။

"ဒါပေါ့"

ရှိုးယုံက ...

"ဝမ်းသာလိုက်တာဗျာ၊ ကျုပ် လုံကွမ်းရောက်တာ သုံးလေး ရှိပြီဗျ၊ အခုထက်ထိ မိတ်ဆွေတစ်ယောက်မှ မရှိသေးဘူး၊ တကယ်လို့ ခင်ဗျား တတ်နိုင်ရင် မနက်ဖြန် နေ့လယ်စာ စားဖို့ ဖိတ်ခေါ်ပါရစေ ..."

ချွန်းနိုက ...

"ဘယ်မှာ စားမှာလဲ"

ရှိုးယုံက ...

"ဘယ်ဆိုင်ကောင်းသလဲဆိုတာ ကျုပ်မသိသေးဘူးဗျ၊ ခင်ဗျားက ဒီမြို့ခံပဲ၊ ကောင်းမယ့်ဆိုင်သာ စီစဉ်ပါ"

ချွန်းနိုက အနည်းငယ်စဉ်းစားကာ ...

"ဒီလိုဆိုရင် မြို့တောင်ဘက်က 'မြို့တော်' စားသောက်ဆိုင်မှာ စောင့်နေပါ၊ ကျွန်မ လာခဲ့ပါ့မယ်"

"ကောင်းပါပြီဗျာ"



မြို့တော် စားသောက်ဆိုင်။

ကြီးမားသော နှစ်ထပ်စားသောက်ဆိုင် ဖြစ်၏။

သန့်ရှင်းသပ်ရပ်ကာ အစားအသောက်မျိုးစုံ ရနိုင်၏။

ရှိုးယုံသည် မြို့တော်စားသောက်ဆိုင်၏ အပေါ်ထပ်သို့ တက်သွား၏။

သူက စားပွဲလွတ်စာစ်ခုတွင် ဝင်ထိုင်ကာ စောင့်နေ၏။

အချိန်အတော်ကြာလာ၏။

ချွန်းနိုက ရောက်မလာသေးပါ။

ရှိုးယုံက ရင်ထိတ်သွား၏။

ချွန်းနိုလာပါ့မလား၊ သူ ငါ့ကို တမင် ကျိစယ်လိုက်တာလား၊ မိတ်ဆွေအဖြစ်ကော တကယ် သတ်မှတ်လို့လား"

သူက အတွေးရှုပ်လာ၏။

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးလာ၏။

နေ့လယ်စာ စားချိန်ပင် ကျော်လွန်လာ၏။

ချွန်းနိ၏ အရိပ်အယောင်ကိုပင် မတွေ့ရပါ။

ရှိုးယုံက ထိုင်ရာမှ ထရန် ဟန်ပြင်လိုက်၏။

ထိုစဉ် လှေကားအတိုင်း တက်လာသော ခြေသံကို ကြားလိုက်ရ၏။

ရှိုးယုံက လှေကားထိပ်သို့ လှမ်းကြည့်လိုက်၏။

သူက မှင်တက်မိသွား၏။

အသက်ရှူရန်ပင် မေ့လျော့သွားကာ ငေးမောကြည့်နေမိ၏။

ချွန်းနိသည် စားပွဲရှိရာသို့ တစ်လှမ်းချင်း လျှောက်လာ၏။

သူမသည် အဖြူရောင် ဝတ်စုံ ဝတ်ဆင်ထား၏။

အဖြူရောင်ဝတ်စုံကြောင့် သူမ၏ အလှမှာ ပို၍ ပေါ်လွင်လာ၏။

ချန်းနီသည် သပ်သပ်ရပ်ရပ် ဝတ်ဆင်လိုက်သောအခါ အလွန်ပင် လှပသော မိန်းကလေးအဖြစ် ထင်ရှားပေါ်လွင်လာ၏။

ရီးယုသည် သူမအား ငေးကြည့်နေသဖြင့် ဖိတ်ခေါ်ရန်ပင် မေ့လျော့နေ၏။

ချန်းနီက ပြုံးကာ ...

"ဘယ်လိုလဲရှင့် ... ကျွန်မကို ထိုင်ဖို့တောင် မပြောတော့ဘူးလား"

ဟု မေးလိုက်၏။

ရီးယုက သတိဝင်လာကာ ...

"ထိုင်ပါဗျာ ... ထိုင်ပါ"

ထိုစဉ် အနားသို့ ဆိုင်လုလင် ရောက်ရှိလာ၏။

ချန်းနီသည် စားသောက်ဖွယ်ရာများကို မှာကြားလိုက်လေတော့သည်။



ချန်းနီနှင့် ရီးယုသည် စားသောက်ဖွယ်ရာများကို စားသောက်နေ၏။

ချန်းနီက ...

"ရှင် ဒီမြို့မှာ ဘယ်လောက်ကြာဦးမှာလဲ ..."

ရီးယုက သက်ပြင်းတစ်ချက် ချလိုက်၏။

"မသိသေးဘူး၊ ကျုပ်အဖေနဲ့ အစ်ကိုနဲ့ သတင်းရတဲ့အထိ နေရမှာပေါ့"

ချန်းနီက မျက်မှောင်ကြုတ်သွား၏။

ရီးယုက ပြုံးကာ ...

"ဒီလိုပါ၊ ကျုပ်တို့ မိသားစုက လုံကွမ်းကို ပြောင်းလာခဲ့တာပါ၊ ကျုပ်ကတော့ ကိစ္စတစ်ခုကြောင့် လမ်းခရီးမှာ ကြန့်ကြာနေတာပါ"

ချန်းနီက နားထောင်နေ၏။

ရီးယုက စကားဆက်လိုက်၏။

"ကျုပ် ဒီကိုရောက်တော့ သူတို့ကို မတွေ့ရတော့ဘူး၊ ဒီမှာစောင့်နေဖို့ပဲ သတင်းရတယ်"

ချန်းနီက ...

"ဩော် ... ဒီလိုကိုး၊ ဒါနဲ့ ရှင့် မိသားစုက ဘယ်ကိုဆက်သွားတယ်လို့ ထင်သလဲ"

ရီးယုက သက်ပြင်းတစ်ချက် ချလိုက်၏။

"ကျုပ်လည်း မပြောတတ်ပါဘူးဗျာ၊ သူတို့ ကိစ္စအကြောင်းထူး မရှိဘဲနဲ့တော့ လုံကွမ်းက ထွက်သွားကြမှာမဟုတ်ဘူး"

ချန်းနီက ...

"ရှင် မစုံစမ်းကြည့်ဘူးလား"

"ရီးယုက ...

"သူတို့ ကျုပ် အခုတည်းတဲ့ တည်းခိုခန်းမှာ တည်းခိုနေရင်က ရုတ်တရက် ထွက်သွားတယ်လို့လဲ သိရတယ်ဗျ"

ချွန်းနီသည် ရှီးယုံနှင့် စကား ကြာကြာပြောမှ တစ်ခါတစ်ရံ ရှီးယုံ၏ စကားသံမှာ ဝဲနေမှန်း သတိပြုမိ၏။

"ရှင်က နယ်ခြားဒေသက လာတဲ့လူလား"

သူမက ကောက်ကာင်းကာ မေးလိုက်၏။

ရှီးယုံက အံ့အားသင့်သွား၏။

"ဟုတ်ပါတယ် ... ခင်ဗျား ဘယ်လိုလုပ် သိတာလဲ"

ချွန်းနီက ပြုံးကာ ...

"ကျွန်မ ခန့်မှန်းကြည့်တာပါ"

ရှီးယုံက ...

"ခန့်မှန်းတာ တော်လိုက်တာ၊ မှန်လွန်းလို့ အံ့သြမိတယ်"

ထိုစဉ် သူတို့နံဘေး စားပွဲတွင် ကျောခိုင်းထိုင်နေသော လူတစ်ယောက်က သူတို့စကားအား နားစွင့်နေသည်ကို နှစ်ယောက်စလုံးက သတိမပြုမိပါ။

ချွန်းနီက ...

"တကယ်တော့ အံ့သြစရာမရှိပါဘူး၊ ကျွန်မက နယ်ခြားဒေသက လူကို တွေ့ဖူးလို့ ခန့်မှန်းကြည့်တာပါ"

ရှီးယုံ၏ မျက်ခုံးမွေး နှစ်ခု အပေါ်သို့ မြင့်တက်သွား၏။

"ဒါဆို ခင်ဗျားက ကျုပ်တို့ မိသားစုကို တွေ့မြင်ဖူးလိုက်တယ် ထင်တယ်"

ချွန်းနီက ...

"ဟုတ်မယ်ထင်တယ်၊ သူတို့က မြင်းလှည်းနဲ့လား"

ရှီးယုံ၏ မျက်လုံးအစုံ ဝင်းလက်လာ၏။

"ဟုတ်တယ် ... သူတို့ကို ဘယ်တုန်းက တွေ့တာလဲ"

ချွန်းနီက အနည်းငယ် စဉ်းစားကာ ...

"လွန်ခဲ့တဲ့ တစ်ပတ်လောက်ကရှင့်၊ သူတို့က လူတစ်ယောက်ကို လာတွေ့တာ ..."

ရှီးယုံက ...

"ဘယ်သူ့ကိုလဲ"

ချွန်းနီက ...

"ဟုန်စဲ့ကို ... အဲ ..."

သူမက ပြောရင်း တစ်စုံတစ်ခုအား သတိရလာ၏။

သူမ၏ မျက်လုံးအစုံ ဝင်းလက်လာ၏။

"ဟုတ်ပြီ ... ကျွန်မ နားလည်ပြီရှင့်"

ရှီးယုံက မျက်မှောင်ကြုတ်သွားကာ ...

"ဘာနားလည်တာလဲ၊ ခင်ဗျား ဘာတွေပြောနေတာလဲ"

သူ၏စကားကို ချွန်းနီက အဖြေပြန်မပေးဘဲ ...

"ကျွန်မ ယုံကြည်တဲ့အတိုင်းပါပဲလား၊ သူက သူရဲကောင်းအစစ်၊ သူရဲဘောကြောင်တဲ့ လူတစ်ယောက် မဟုတ်ဘူး"

ရှီးယုံက သက်ပြင်းတစ်ချက်ချလိုက်၏။

"ကျုပ်တော့ ဘာမှနားမလည်ဘူး"

သူ၏စကားကြောင့် ချွန်းနီက ရယ်မောကာ ...

"ဟုတ်သားပဲ ... ကျွန်မက ကိုယ့်အတွေးနဲ့ကိုယ်ဆိုတော့ ရှင် ဘယ်နားလည်ပါ့မလဲ၊ ဒီလိုလုပ် ရှင်တည်းခိုခန်းက စောင့်နေ၊ ကျွန်မ ဖေဖေကို ခေါ်ပြီးလာခဲ့မယ်"

ရှီးယုံက ...

"အခုပြောလို့ မရဘူးလား"

"ချွန်းနိုက ...

"ကျွန်မလာတော့ ရှင့်ကို အကြောင်းစုံ ပြောပြပါ့မယ်၊ ရှင် စောင့်နေပါ့ရှင့်"

ပြောပြီး သူမက ထရပ်ကာ စားသောက်ဆိုင်ထဲမှာ ဆင်းသွား လေသည်။

သူတို့အနောက် စားပွဲဝိုင်းမှ လူကလည်း ထထွက်သွားလေ တော့သည်။



ဦးလေးချွန်းကုန်း ...။

"ဖေဖေ ..."

ခေါ်သံနှင့်အတူ တံခါးဖွင့်ကာ ချွန်းနို ဝင်လာ၏။

ချွန်းအန်းက လှမ်းကြည့်လိုက်၏။

"ဟော ... သမီးပြန်လာပြီလား၊ ဟောဒီမှာ ဦးလေးချွန်းကုန်း ရောက်နေတယ်"

ချွန်းနိုက အခန်းထဲ ပြေးဝင်လာ၏။

ဖခင်ဖြစ်သူ နံဘေးတွင် ထိုင်နေသည့် ချွန်းကုန်းအား ဒူး ထောက် အရိုအသေပေးလိုက်၏။

"ထပါကွယ်"

ချွန်းကုန်းက ဖေးမလိုက်၏။

ချွန်းကုန်းမှာ ချွန်းအန်း၏ ညီငယ်ဖြစ်၏။

ချွန်းနို၏ အချစ်ဆုံး ဦးလေးလည်း ဖြစ်၏။

သူသည် သိုင်းလောကထဲ လှည့်လည်ကျက်စားသွားလာနေ ထိုင်သော သိုင်းသမားတစ်ယောက်လည်း ဖြစ်၏။

ချွန်းနီသည် ဦးလေးဖြစ်သူနှင့် သွားလာနေထိုင်လိုသဖြင့် အမြဲတမ်း လိုက်ပါရန် တောင်းဆိုခဲ့၏။

သို့သော် ... ဖခင်ဖြစ်သူက စိုးရိမ်ပြီး တစ်ကြိမ်မှ ခွင့်မပြုခဲ့ပါ။

ချွန်းကုန်းက ...

"ကဲ ... သမီး ဝမ်းသာပေတော့ ..."

"ဘာဖြစ်လို့လဲ ... ဦးလေးရဲ့"

"သမီး ဒီတစ်ခေါက် ဦးလေးနဲ့ လိုက်ချင်ရင် လိုက်ဖို့ အစ်ကို ကြီးက ခွင့်ပြုလိုက်ပြီကွ"

"ဟေး ..."

ချွန်းနီက ဝမ်းသာအားရ အော်လိုက်၏။

သူမသည် ဖခင်နှင့် ဦးလေးရှေ့တွင် ကလေးကဲ့သို့ပင်။

ပြီးမှ သူမက လာရင်းကိစ္စအား သတိရလာ၏။

"ဖေဖေ ... ဟုန်စဲ့ ဘာကြောင့် ပျောက်သွားသလဲ သိလား" ဟု ရုတ်တရက် မေးလိုက်၏။

ချွန်းအန်းက မျက်မှောင်ကြုတ်ကာ ...

"မသိဘူး၊ ဘာဖြစ်လို့လဲ"

"သမီး သိခဲ့ရပြီ"

ချွန်းအန်းက မျက်မှောင်ကြုတ်ရင်း ပို၍ အံ့အားသင့်သွား၏။

"သမီး ဘာသိခဲ့တာလဲ ... ဆိုစမ်းပါဦး"

ချွန်းနီက ...

"သူ့ဆီကို နယ်ခြားက လူတွေ ရောက်လာတယ်ဆိုတာ ဖေဖေ့ကို သမီး ပြောခဲ့ဖူးတယ် မဟုတ်လား၊ မှတ်မိရဲ့လား"

ချွန်းအန်းက ခေါင်းညိတ်လိုက်၏။

"ဖေဖေ မှတ်မိပါတယ်"

ချွန်းနီက ...

"နယ်ခြားက လူတွေက ဒီမှာ အခြေချနေထိုင်ဖို့ ဟုန်စဲ့ဆီကို ရောက်လာခဲ့ကြတာ၊ ဒါပေမယ့် သူတို့က တစ်ညပဲ ဒီမြို့မှာနေပြီး ဟုန်စဲ့နဲ့အတူ ထွက်သွားကြတယ်"

ချွန်းအန်း၏ နဖူးကြောများ ထောင်ထလာ၏။

"အင်း ... သမီးပြောသလိုဆိုရင် နယ်ခြားကလူတွေက ရုတ်ဘရက် အန္တရာယ်ပေါ်လာလို့ ပြည်မကို ဆင်းပြီး ဟုန်စဲ့ဆီကို သာတာဖြစ်မယ်၊ ဒါနဲ့ နေပါဦး ... ဒီကိစ္စကိုသမီးက ဘယ်လိုလုပ် သိတာလဲ"

ချွန်းနီသည် ရှီးယုံနှင့် သိကျွမ်းလာရာမှ တစ်ဆင့်ထိုအကြောင်းများ တွေးမိပုံကို ပြန်ပြောလိုက်၏။

"သူက အခုတည်းခိုခန်းမှာ စောင့်နေလိမ့်မယ်၊ ကျွန်မတို့က သူ့ကို ရှင်းပြကြမယ်၊ ကံကောင်းရင် ဟုန်စဲ့တို့ သွားတဲ့နေရာကို သူ တွက်ဆမိချင် တွက်ဆမိသွားနိုင်တယ်"

ချွန်းအန်းက ချွန်းကုန်းဘက်လှည့်ကာ ...

"ကဲ ... ဒီလိုဆိုရင်တော့ ညီလေးပါ လိုက်ခဲ့ပါကွာ"

သူတို့သည် ဂေဟာထဲမှ ချက်ချင်း ထွက်လွှားလာခဲ့ကြလေသည်။

✿ ✿ ✿

လူတစ်ယောက်သည် အရေးကြုံလာလျှင် မသိစိတ်က အလို
ုိ တုံ့ပြန်တတ်၏။

ယခုလည်း ရုတ်တရက် ဓားတစ်လက် ရင်ဝသို့ တိုးဝင်လာ
သောအခါ သူက အလိုလို ပက်လက်လှန်ကာ လှဲချလိုက်၏။

"ဝှစ်..."

ဓားမှာ သူ၏ကိုယ်ပေါ်မှ ဖြတ်သွား၏။

ဓားချက်လွဲသွားသည်နှင့် အခန်းတွင်းသို့ လူရိပ်များ ဖြိုင်တူ
ုန်ဝင်လာ၏။

စုစုပေါင်း လေးယောက်ဖြစ်သည်။

ထိုလူလေးယောက်သည် အခန်းထဲ ရောက်သည်နှင့် မျက်နှာ
ုပေါ်တွင် မျက်နှာဖုံးများ စွပ်လိုက်၏။

ရှီးယုံသည် ကြမ်းပြင်ပေါ်တွင် လဲနေ၏။

သူက မထရဲသေးပါ။

ရန်သူ့အခြေအနေကို အကဲခတ်ရင်း...

"ခင်ဗျားတို့ ဘယ်သူတွေလဲ၊ ကျုပ်နဲ့ ဘာရန်ညိုးရှိလို့လဲ"

သူက မေးလိုက်၏။

ထိုလူများမှာ ကျားရဲသခင်လေး၏ လူများဖြစ်နေမည်လားဟု
ုတွေးမိ၏။

သူ့ရင်ထဲတွင် အလွန်လေးလံသွား၏။

"ဟား... ဟား... ဟား..."

ထိုလူလေးယောက်က စူးရှစွာ ရယ်မောလိုက်၏။

"မင်းက ရှီးယုံ မဟုတ်လား"

ကယ်တင်ရှင်

ရှီးယုံသည် သီးသန့်ခန်းတွင် ထိုင်နေ၏။

သူက ချွန်းနိအား စောင့်မျော်နေခြင်းဖြစ်၏။

ချွန်းနိမှာ သူ့မိသားစုနှင့် ပတ်သက်ပြီး တစ်စုံတစ်ခုအား
သိထားဟန်တူ၏။

ရှီးယုံက တွေးရင်း စိတ်လှုပ်ရှားလာ၏။

ချွန်းနိ ရောက်လာမည့် အချိန်ကိုသာ စောင့်မျော်နေမိ၏။

"ဒေါက်... ဒေါက်... ဒေါက်"

ရုတ်တရက် တံခါးခေါက်သံ ထွက်ပေါ်လာ၏။

"လာပြီဗျ..."

ရှီးယုံက ဝမ်းသာအားရ အော်ကာ တံခါးအား ဆွဲဖွင့်လိုက်၏။

"ဝှစ်..."

လေတိုးသံနှင့်အတူ အလင်းတန်းတစ်ခု လင်းလက်သွား၏။

ဓားတစ်လက် ရုတ်ခြည်း တိုးဝင်လာ၏။

ရှီးယုံက ထိတ်လန့်သွား၏။

"ရှီးယုံက အဲ့အားသင့်သွား၏။

"ခင်ဗျားတို့က ကျုပ်ကို သိတယ် ... ဟုတ်လား"

ထိုလူများက ...

"ဟုတ်တယ် ... မင်း မသေချင်ရင် ကျုပ်တို့နောက်ကို အေးအေးဆေးဆေး လိုက်ခဲ့ပါ"

ရှီးယုံက ...

"ကျုပ်က ဘယ်ကိုလိုက်ရမှာလဲ"

ထိုလူများက ...

"ကျုပ်တို့အခန်းကို၊ အခုဆိုရင် မင်းရဲ့ အဖေတို့နောက်ကို လည်း ကျုပ်တို့လူတွေ သွားနေပြီ"

ရှီးယုံသည် ထိုလူများ၏ လေသံကို မနှစ်မြို့ပါ။

ထိုလူများသည် မိမိ၏ ရန်သူဖြစ်ရမည်ဟု အလိုလို ခံစားမိ၏။

ထိုလူများက ...

"ကဲ ... အချိန်ကြာတယ်၊ မြန်မြန်ထစမ်း ..."

ဟု အော်ငေါက်လိုက်၏။

ရှီးယုံသည် မီးစင်ကြည့်ကရန် ဆုံးဖြတ်ကာ ထရပ်လိုက်၏။

"ခင်ဗျားတို့က ဘယ်သူတွေလဲ၊ ကျုပ်ကို ဘာကြောင့် ဖမ်းဆီးရတာလဲ"

ထိုလူများက ...

"စကားမရှည်စမ်းနဲ့၊ ကျုပ်တို့နောက်ကိုသာ လိုက်ခဲ့ပါ"

ရှီးယုံက ...

"ခင်ဗျားတို့ ခေါ်တိုင်း ကျုပ်က လိုက်ရမှာလား"

"ခွပ် ... ခွပ် ... ခွပ်"

မျက်နှာဖုံးစွပ်နှင့် တစ်ယောက်က လက်ခုပ်တီးလိုက်၏။

ထိုလူမှာ အဖွဲ့ခေါင်းဆောင် ဖြစ်ဟန်တူ၏။

လက်ခုပ်သံဆုံးသည်နှင့် အခန်းထဲသို့ လူလေးယောလ် တန်း ဝင်လာ၏။

ခေါင်းဆောင်ဖြစ်သူက ...

"မင်းက ကျုပ်တို့ကို ခုခံနိုင်မှာလား"

ဟု အေးစက်စွာ မေးလိုက်၏။

ရှီးယုံ၏ ရင်ထဲတွင် လေးလံသွား၏။

ထိုလူများအား သူက မသိပါ။

သို့သော် ...

ထိုလူများမှာ မိမိအား ကျောင်းကျိုးပေးမယ့်လူများ မဟုတ်ခန်း ရိပ်စားမိ၏။

ရှီးယုံက အံ့တစ်ချက်ကြိတ်လိုက်၏။

သူသည် ထိုလူများအား တိုက်ခိုက်ထွက်ပြေးရန် စိတ်ဆုံးဖြတ်ကာ ခ်ားအား ဆွဲထုတ်လိုက်၏။

"ချွင် ..."

ရှီးယုံက ခားဆွဲထုတ်လိုက်သည်နှင့် မျက်နှာဖုံးစွပ် လေးယောက်က ချက်ချင်းပင် ရှေ့တိုးကာ ဝန်းရံလိုက်၏။

ရှီးယုံက ခားအား အသင့်ပြင်ကာ ...

"ခင်ဗျားတို့ ကျုပ်ကိုခေါ်နိုင်စွမ်းရှိရင် ခေါ်ကြလေ"

ခေါင်းဆောင်ဖြစ်သူက ...

"မင်းက ခေါင်းမာချင်တာကိုး၊ ကဲ ... အားလုံးတိုက်ကြစမ်း"

ရုတ်တရက် အခန်းတွင်း၌ တိုက်ပွဲတစ်ခု ချက်ချင်းဖြစ်လာ၏။

ရှီးယုံ၏ သိုင်းပညာမှာ ကောင်းလွန်လှ၏။

သူ၏ ဓားပညာသည် ပြည်မမှ ဓားပညာမျိုးမဟုတ်ပါ။

အလွန်ထူးခြားသော ဓားကွက်များဖြစ်၏။

"ချွင် ..."

"ဝှစ် ..."

"ဝုန်း ..."

သိုင်းကွက် သုံးဆယ်အတွင်း လူ နှစ်ယောက် လဲကျသွား၏။

"အား ... အား"

ရှီးယုံသည် ထိုလူများ အင်အား ထပ်မဖြည့်မီ ထိုးဖောက်ထွက်ရန် ကြိုးပမ်းယုတ်လျော့ခြင်းမရှိ ထိုးဖောက်ထွက်လိုက်၏။

ထိုစဉ် အခန်းတွင်းသို့ မျက်နှာဖုံးစွပ်နှင့် လူလေးယောက် ထပ်မံဝင်ရောက်လာ၏။

စုစုပေါင်း ဆယ့်နှစ်ယောက်။

နှစ်ယောက်မှာ လဲကျသွားသဖြင့် ဆယ်ယောက် ကျန်သေး၏။

အားလုံးက လက်နက်ကိုယ်စီနှင့် ရှီးယုံထံသို့ တိုးဝင်လာ၏။

ရှီးယုံက ရင်ထိတ်သွား၏။

ဤမျှ များပြားသော ရန်သူများကို အခန်းကျဉ်းလေးအတွင်း မည်သို့ ခုခံတိုက်ခိုက်ရမည်နည်း။

သူ့အတွက် လွတ်မြောက်နိုင်ရန် လမ်းမရှိတော့ပါ။

မည်သူမည်ဝါမှန်း မသိရသေးသော ရန်သူ၏ လက်အောက်သို့ ကျရောက်နေပြီဟု တွေးကာ စိတ်ဓာတ်ကျသွား၏။

"ဟား ... ဟား ... ဟား"

ခေါင်းဆောင်ဖြစ်သူက ရယ်မောလိုက်၏။

"ရှီးယုံ မင်း ပြေးလို့ မလွတ်ပါဘူး"

ထိုစဉ် ကျယ်လောင်သော အသံတစ်ခု ထွက်ပေါ်လာ၏။

"ဝုန်း ..."

ခေါင်မိုးပေါ်၌ ကြီးမားသော အပေါက်ကြီးတစ်ခု ဖြစ်ပေါ်လာ၏။

အမိုးပေါ်မှ ကြိုးစတစ်စသည် ရှီးယုံ၏ ရှေ့တည့်တည့်သို့ ကျရောက်လာ၏။

တစ်ဆက်တည်းပင် ...

"မြန်မြန်တက် ..."

ဟူသော အသံလည်း ထွက်ပေါ်လာ၏။

ရှီးယုံက တွေဝေမနေတော့ပါ။

ချက်ချင်းပင် ကြိုးစအား ဆွဲကာ အပေါ်သို့ ခုန်တက်လိုက်၏။

မျက်နှာဖုံးစွပ်နှင့် လူများမှာ ရုတ်တရက်ဖြစ်၍ ကြောင်အဲ့အဲ့ဖြစ်နေကြ၏။

သူတို့ သတိဝင်လာသောအခါ ရှီးယုံအား မတွေ့ရတော့ပါ။

"တောက် ..."

ခေါင်းဆောင်ဖြစ်သူက မကျေမနပ်ဖြင့် တက်ခေါက်လိုက်၏။

"ပြန်ကြမယ်"

သူက အမိန့်ပေးကာ ရှေ့ဆုံးမှ ထွက်ခွာသွား၏။

နောက်မှ သူ့လူများအား အားလုံး လိုက်ပါသွားလေတော့သည်။

✿ ✿ ✿

ချွန်းကုန်းသည် တည်းခိုခန်းအတွင်း ဝင်ရောက်မည်အပြုတွင် လူတစ်ယောက်အား တွေ့မြင်လိုက်ရသဖြင့် ခြေလှမ်း တုံ့ခနဲ ရပ်တန့်သွား၏။

သူက ထိုလူအား သေချာစွာ ကြည့်လိုက်၏။

ထိုလူသည် တည်းခိုခန်း၏ တစ်ဖက်ပေါက်မှ လျင်မြန်စွာ ထွက်ခွာသွားသဖြင့် ထိုလူ၏ နောက်ကျောကိုသာ တွေ့မြင်လိုက်ရ၏။

ချွန်းအန်းနှင့် ချွန်းနီက သတိမပြုမိပေ။

ချွန်းနီက ...

"သူက အနောက်ဘက် သီးသန့်ဆောင်မှာ နေတာ ဖေဖေ"

ချွန်းအန်းက မျက်မှောင်ကြုတ်သွား၏။

သူက ချက်ချင်းပင် ရှေ့မှ လျင်မြန်စွာ လျှောက်ကာ အထဲဝင်သွားလိုက်၏။

အနောက်ဘက်ဆောင်တံခါးမှာ ပိတ်ထား၏။

ထိုအဆောင်မှာ သီးသန့်ဆောင်ဖြစ်ပြီး တည်းခိုခန်းနှင့် အတန်ငယ် အလှမ်းဝေး၏။

ချွန်းအန်းက တံခါးခေါက်လိုက်၏။

"ဒေါက် ... ဒေါက်"

မည်သည့် တုံ့ပြန်သံမှ မကြားရပါ။

သူက တံခါးအား အနည်းငယ် တွန်းလိုက်ရာ ဟသွား၏။

ချွန်းနီက စိတ်မရှည်စွာ တံခါးအား တွန်းဖွင့်လိုက်၏။

"ရှီးယုံ ရှင်ဘယ်မှာလဲ"

သူမက အထဲသို့ လှမ်းဝင်လိုက်သောအခါ မျက်လုံးအစုံမှာ ခိုင်းစက်ပြူးကျယ်သွား၏။

အခန်းတစ်ခုလုံး ဖရိုဖရဲ ဖြစ်ကာ ပျက်စီးနေ၏။

ထို့ပြင် ခေါင်မိုးပေါ်တွင်လည်း ကြီးမားသော အပေါက်တစ်ခုအား တွေ့မြင်လိုက်ရ၏။

"ရှီးယုံ"

ချွန်းနီက စိုးရိမ်တကြီး အော်ဟစ်လိုက်၏။

ချွန်းအန်းက ...

"ကျုပ်တို့ မရောက်ခင်ကလေးကမှ တိုက်ပွဲဖြစ်ခဲ့တာ ..."

သူက ကြမ်းပြင်ပေါ်မှ သွေးစများအားကြည့်ကာ ပြောလိုက်ခြင်းဖြစ်၏။

ချွန်းကုန်းကလည်း မျက်မှောင်ကြုတ်သွား၏။

"အခြေအနေက တော်တော် ရှုပ်ထွေးခဲ့တယ် ထင်တယ်"

ချွန်းနီက မျက်လုံးပြူးသွား၏။

"ထင် ... ဒါ ... ဒါဆို ... သူ ... သူ ဒုက္ခရောက်နေပြီ ထင်တယ်"

ချွန်အန်းက ...

"မပြောတတ်ဘူး"

ချွန်းကုန်းက သက်ပြင်းအသာချလိုက်၏။

ထိုစဉ် ချွန်းအန်းက ဆိုင်လှလင်အား ခေါ်ကာ မေးလိုက်၏။

ဆိုင်လှလင်မှာ အရှေ့ဘက်တွင် အလုပ်ရှုပ်နေသဖြင့် အနောက်ဘက်ဆောင်မှ ဆူညံသံ ကြားသော်လည်း သတိမထားမိကြောင်း ပြေပြလိုက်၏။

ချွန်းအန်းက ...

"သမီးပြောတဲ့ သူငယ် အန္တရာယ်ကင်းမကင်းဆိုတာ ပြောရခက်တယ်"

ချွန်းနိုက ...

"ကျွန်မတော့ သူ ဒုက္ခရောက်နေပြီထင်တာပဲ ..."

သူမ၏ အသံမှာ စိုးရိမ်နေမှန်း ဖုံးဖိမရပေ။

ချွန်းအန်းက ချွန်းကုန်းဘက်လှည့်ကာ ...

"ညီလေး ... ခုနက မင်း လူတစ်ယောက်ကို ကြည့်နေတယ် ထင်တယ် ... ဟုတ်လား"

ချွန်းကုန်းက ...

"ဟုတ်တယ် ... အဲ့ဒီလူက ရိစန်းကို့ပါ၊ သူ့ကို အစ်ကိုကြီး သိချင်မှသိမယ်"

ချွန်းအန်းက ...

"လုံကွမ်းမြို့မှာ ကျုပ်မသိတဲ့လူ မရှိသလောက်ပဲ၊ သူ့ကိုတော့ ကျုပ် မသိဘူး"

ချွန်းကုန်းက ...

"ဒီလူက လုံကွမ်းမြို့က မဟုတ်ဘူး၊ ကျန်းနန်နယ်သား တစ်ယောက်ပဲ"

ချွန်းအန်းက မျက်မှောင်ကြုတ်သွား၏။

"သိုင်းလောကသားတစ်ယောက်ပဲပေါ့၊ ဒီကိစ္စနဲ့ ပတ်သက်မယ်လို့ ညီလေး ထင်နေသလား"

ချွန်းကုန်းက သက်ပြင်းတစ်ချက် ချလိုက်၏။

"သူနဲ့ မပတ်သက်ပါစေနဲ့လို့ ဆုတောင်းရမှာပဲ"

ချွန်းအန်းက ...

"ဘာဖြစ်လို့လဲ ..."

ချွန်းကုန်းက ...

"အစ်ကိုကြီး ရွှေဇီးကွက်ဂိုဏ်းကို ကြားဖူးလား"

ချွန်းအန်း၏ မျက်နှာ ကွက်ခနဲ ပျက်သွား၏။

"ကြားဖူးတယ်၊ သူက ရွှေဇီးကွက်ဂိုဏ်းကလား"

ချွန်းကုန်းက ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်"

ချွန်းအန်းက သက်ပြင်းတစ်ချက် ချလိုက်၏။

"ကဲ ... ဒီမှာဆက်နေလို့ အကျိုးမရှိကော့ဘူး၊ ကျုပ်တို့ ပြန်ကြတာ ကောင်းမယ်"

သူကပြောပြီး လှည့်ထွက်သွား၏။

ချွန်းကုန်းနှင့် ချွန်းနီမှာ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ကာ နောက်မှ ခပ်ကုပ်ကုပ် လိုက်ပါသွားလေတော့သည်။



တော်အုပ်။

မြို့ပြင်တောအုပ် တစ်နေရာ...။

သစ်ပင်ကြီး တစ်ပင်အောက်တွင် လူနှစ်ယောက် ခြေပစ်လက်ပစ် ထိုင်နေ၏။

တစ်ယောက်မှာ အသက် ၆၀ ခန့် အဘိုးအိုဖြစ်ပြီး ကျန် တစ်ယောက်မှာ အသက် ၂၀ ခန့် လူငယ်တစ်ယောက်ဖြစ်၏။

လူငယ်မှာ ရှီးယုံဖြစ်၏။

ရှီးယုံသည် ယခုမှပင် မိမိအား ကယ်တင်လာသည့် လူအား သေချာကြည့်မိ၏။

သူက အလွန်အံ့အားသင့်သွား၏။

"ခင်ဗျား လက်ဖက်ရည်ဆိုင် ပိုင်ရှင်"

အဘိုးအိုက ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်... အခု ကျုပ်ဆိုင်ပြုတ်သွားပြီဗျ"

ဟု အေးအေးဆေးဆေး ပြောလိုက်၏။

ရှီးယုံက သက်ပြင်းချလိုက်၏။

ထိုအဘိုးအိုသည် မိမိအား တမင်ကူညီနေမှန်း သူက ကောင်း စွာ နားလည်လိုက်၏။

ရှီးယုံက ချက်ချင်း ဒူးထောက်လိုက်၏။

"အခုလို ကူညီပေးတာ ကျေးဇူးတင်ပါတယ်ဗျာ"

"ဟား... ဟား... ဟား..."

အဘိုးအိုက ရယ်မောလိုက်၏။

"လမ်းကြုံလို့ ကူညီတယ်လို့ သဘာထားပါကွာ၊ ဒါနဲ့ ကျုပ် မေးဦးမယ်၊ ထပါဦး"

ရှီးယုံက ဒူးထောက်ရာမှ တင်ပျဉ်ခွေထိုင်ကာ...

"ဟုတ်ကဲ့... မေးပါ"

အဘိုးအိုက...

"မင်းနဲ့ ရွှေဇီးကွက်ဂိုဏ်းက ဘာပြဿနာရှိလို့လဲ..."

ရှီးယုံက...

"ဗျာ... ဒီလူတွေက ရွှေဇီးကွက်ဂိုဏ်းက ဟုတ်လား"

အဘိုးအိုက ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်လေ"

ရှီးယုံက...

"ကျုပ် သူတို့ကို မသိဘူး၊ မြင်လည်းမမြင်ဖူးဘူး၊ ပြီးတော့ ရွှေဇီးကွက်ဂိုဏ်းဆိုတာကို အခုမှကြားဖူးတာပါ"

အဘိုးအိုက မျက်မှောင်ကြုတ်သွား၏။

"ဟုတ်ရဲ့လားကွာ"

ရှီးယုံက ခေါင်းညိတ်လိုက်၏။

"ကျုပ် ခုမှ ပြည်မကို ရောက်ဖူးတာပါ၊ ဘယ်လိုလုပ် သိမှာ လဲ"

အဘိုးအိုက ခေါင်းတဆတ်ဆတ် ညိတ်လိုက်၏။

"ဒါလည်း ဟုတ်တာပဲ"

ရှီးယုံက ...

"ဒါနဲ့ အဘပြောတဲ့ ရွှေဇီးကွက်ဂိုဏ်းဆိုတာ ဘယ်ဂိုဏ်းလဲ"

အဘိုးအိုက ...

"ကျန်းနန်နယ်ထဲမှာ လူတိုင်းကြောက်ရွံ့နေရတဲ့ အနက်ရောင် ဂိုဏ်းတစ်ခုပဲ"

ရှီးယုံက ...

"သူတို့က ကျုပ်ကိုမှ ဘာဖြစ်လို့ ရွေးပြီး ရန်ရှာနေတာလဲ မသိဘူး"

အဘိုးအိုက ...

"ဒါနဲ့ မင်းအဖေကိုကော တွေ့ပြီလား၊ သူတို့ ဘယ်မှာလဲ"

ရှီးယုံက ခေါင်းခါယမ်းလိုက်၏။

"မသိဘူးဗျ၊ သူတို့က ဒီကိုရောက်လာပြီး ချက်ချင်း ထွက်သွားကြတယ်"

အဘိုးအိုက ...

"ဟုန်စဲ့ကိုကော တွေ့သလား"

ရှီးယုံက ...

"ဟုန်စဲ့ ဟုတ်လား ... ဘယ်သူလဲ"

အဘိုးအိုက ...

"မင်းအဖေရဲ့ မိတ်ဆွေပဲ၊ မင်းအဖေက သူနဲ့တွေ့ချင်လို့ လုံကွမ်းမြို့ကို လာတာလေ"

ထိုအခါမှပင် ရှီးယုံက သတိရလာ၏။

"ဩော် ... ကျားရဲသခင်လေးနဲ့ ယှဉ်ပြိုင်ရမှာ ကြောက်လို့ ထွက်ပြေးသွားတယ်ဆိုပြီး သတင်းထွက်နေတဲ့ လူလား"

အဘိုးအိုက ထိုစကားကြောင့် မျက်မှောင်ကြုတ်သွား၏။

သူက ဘာမှပြန်မပြောဘဲ တစ်စုံတစ်ခုအား စဉ်းစားနေ၏။

တစ်ခဏကြာမှ ...

"ဟုတ်ပြီ ... ဒီအတိုင်း ဖြစ်ရမယ်"

ဟု တစ်ကိုယ်တည်း ပြောလိုက်၏။

သူ၏စကားကို ရှီးယုံက နားမလည်ပါ။

"ဘာပြောတာလဲဗျ"

အဘိုးအိုက ...

"မင်းအဖနဲ့ မင်းအစ်ကို မိသားစုကို ဟုန်စဲ့က လုံခြုံတဲ့ နေရာကို လိုက်လံပို့ဆောင်ပေးတာပဲ ဖြစ်ရမယ်"

ရှီးယုံက ...

"ပြည်မကို ရောက်လာပြီပဲ၊ ကျုပ်တို့မှာအန္တရာယ်မရှိတော့ ပါဘူး"

အဘိုးအိုက ပြုံးလိုက်၏။

"အခုပဲ ရွှေဇီးကွက်ဂိုဏ်းက မင်းကိုလာပြီး ရန်ရှာတယ် မဟုတ်လား၊ ဟုန်စဲ့က မင်းမိသားစုကို ရွှေဇီးကွက်ဂိုဏ်းရဲ့ ရန်က သွတ်မြောက်အောင် ခေါ်သွားတာပဲ ဖြစ်မယ်"

ရှီးယုံက ခေါင်းတဆတ်ဆတ် ညိတ်လိုက်၏။

"ဒါနဲ့ အဘနာမည်က ဘယ်သူလဲ၊ ဘာဖြစ်လို့ ကျုပ်တို့ အကြောင်းကို ဒီလောက်သိထားရတာလဲ"

ယခုကဲ့သို့ မိမိတို့အပေါ် သစ္စာရှိသော လူများအား တွေ့လိုက်ရသဖြင့် ဖော်မပြနိုင်လောက်အောင် ဝမ်းသာသွားမိ၏။

လေတံခွန်က ...

"ကျီးချွမ်နဲ့ ကျုပ်က မိတ်ဆွေတွေပါ၊ သွေးသောက်ညီအစ်ကို လို့လည်း ပြောလို့ရပါတယ်။ ကျုပ် ယင်စန်းဒေသကို လာတယ် ဆိုတာကလည်း ကျီးချွမ်ဆီကို လာတာပါ ..."

ရှီးယုံက ဒူးထောက်ဂါရဝပြုလိုက်ပြန်၏။

"ဘာကျေးဇူးတွေ များနေပါဦ"

လေတံခွန်က ...

"မလိုပါဘူးကွယ်၊ အခုလောလောဆယ် မြို့စားကြီးကို ရှာတွေ့ဖို့လိုတယ်၊ ကျုပ်တွက်ဆထားတဲ့အတိုင်း ဟုန်စဲ့နဲ့အတူ ရှိနေတယ်ဆိုရင်တော့ ရှာဖို့မခဲယဉ်းပါဘူး"

ရှီးယုံက ...

"အဘပဲ သင့်သလို စီမံပါဗျာ"

လေတံခွန်က ခေါင်းညိတ်လိုက်၏။

"မြို့စားကြီးနဲ့တွေ့တော့မှ ရွှေဒီးကွက်ဝိုဏ်းနဲ့ ဘယ်လို ရန်ညိုးရှိတယ်ဆိုတာ မေးရမယ်၊ ကဲ ... သွားကြစို့"

ရှီးယုံက ...

"ကျုပ်တို့ ဘယ်သွားကြမှာလဲ ..."

လေတံခွန်က ...

"ဟုန်စဲ့က သိုင်းလောကကနေ အနားယူတဲ့အခါမှာ ဇာတ်ပွဲပေးနေထိုင်ဖို့ စီစဉ်ထားတဲ့နေရာ ရှိတယ်၊ ဒီနေရာက လျှို့ဝှက်

အဘိုးအိုက ပြုံးကာ ...

"ကျုပ်နာမည်က အသုံးမပြုတာကြာလို့ မေ့တောင်နေပြီကွ၊ ကျုပ်ကိုတော့ လူတွေက 'လေတံခွန်' လို့ ခေါ်ကြတယ်၊ ဘာဖြစ်လို့ ခေါ်တာလဲဆိုတော့ ကျုပ်လည်း မသိဘူး"

သူကပြောရင်း အိတ်ထဲမှ စာတစ်စောင်ထုတ်ကာ ရှီးယုံအား ပေးလိုက်၏။

"ရော့ ... ဒီစာကို ဖတ်ကြည့်ရင် မင်း သဘောပေါက်လိမ့်မယ် ထင်တယ်"

ရှီယုံက စာအား ယူကာ ဖတ်ကြည့်လိုက်၏။

လေတံခွန် ...

ကျုပ်တို့မြို့စားကြီး မိသားစုဟာ အမတ်ယုတ် စီးကုဝေရဲ့ အန္တရာယ် ပြုမှုကြောင့် ပြည်မကို ရွှောင်တိမ်းသွားရပါတယ်။ သူတို့မိသားစုဟာ ကျန်းဖု နယ်ခြားဒေသရဲ့ ကျေးဇူးရှင်တွေပါ၊ ဒါကြောင့် တတ်နိုင်သမျှ ကူညီစောင့်ရှောက်ပေးပါလို့ မေတ္တာရပ်ခံပါတယ်။

ကျီးချွမ်
စစ်သူကြီး
ကျန်းဖု နယ်ခြားဒေသ

ဟု ရေးသားထား၏။

ရှီးယုံသည် အံ့သြဝမ်းသာသွား၏။

ကျီးချွမ်မှာ ဖခင်၏ လက်အောက်မှ စစ်သူကြီးတစ်ယောက် ဖြစ်၏။

တယ်ဆိုပေမယ့် သူနဲ့ပတ်သက်တဲ့ လူတွေကတော့ သိကြပါတယ်၊ အခုလည်း သူတို့ အဲဒီနေရာမှာ ရှိတာသေချာတယ်၊ ကျုပ်တို့ လိုက်သွားကြတာပေါ့"

ရှိုးယုံက ...

"အဘက ဟုန်စုံနဲ့ သိလို့လား"

လေတံခွန်က ...

"သိပါတယ်၊ ကျုပ်တို့ လူချင်းမတွေ့တာတော့ ငါးနှစ်လောက် ရှိပြီ"

သူကပြောပြီး ထရပ်လိုက်၏။

ထိုစဉ် ...

ခွပ် ... ခွပ် ... ခွပ်"

မြင်းတစ်ကောင် အပြင်းမောင်းနှင်လာသည်ကို တွေ့လိုက်ရ၏။

မြင်းစီးသမားမှာ အသက် ၃၀ ခန့် လူရွယ်တစ်ယောက် ဖြစ်၏။

လူရွယ်သည် မြင်းအား ဒုန်းစိုင်းစီးကာ ရှိုးယုံတို့ကို ဖြတ်ကျော်၍ လုံကွမ်းမြို့ဘက်သို့ ဦးတည်မောင်းနှင်သွားလေသည်။

ရှိုးယုံက ...

"ဒီလူ ဘာတွေအရေးကြီးလာလို့လဲ မသိဘူး"

သူကကြိတ်၍ မှတ်ချက်ချလိုက်၏။

ထို့နောက် လေတံခွန်နှင့်အတူ ထွက်ခွာသွားလေတော့သည်။

✿ ✿ ✿

နောက်ယောင်ခံ

ရှောင်လုံသည် မြင်းကို တရကြမ်းမောင်းနှင်လာ၏။

သူသည် လုံကွမ်းမြို့အပြင်ဘက်ရှိ တောတုပ်တစ်နေရာတွင် သုံးနှစ်ယောက် ရပ်နေသည်ကို တွေ့လိုက်ရ၏။

သူက တစ်ချက်မျှအကဲခတ်ကြည့်လိုက်၏။

အဘိုးအိုတစ်ယောက်နှင့် လူငယ်တစ်ယောက်ဖြစ်၏။

လူငယ်၏ ပုံဟန်မှာ သူဆက်သွယ်ရမည့် လူ၏ပုံမှန်းနှင့် လွဲလွန်တူ၏။

သို့သော် ...

သူဆက်သွယ်ရမည့် လူမှာ တစ်ယောက်တည်းဖြစ်၏။

ယခု လူငယ်မှာ အဘိုးအိုနှင့်အတူ ခရီးသွားမည့်ဟန် ဖြစ်၏။

ထို့ကြောင့် သူက ဂရုမစိုက်တော့ဘဲ မြင်းကိုသာ တရကြမ်း မောင်းနှင်သွား၏။

သူ့အတွက် နေမဝင်မီ လုံကွမ်းမြို့သို့ရောက်ရန် အရေးကြီးနေသည် မဟုတ်ပါလား။



နေဝင်ဆည်းဆာချိန်။

ရှောင်လုံသည် လုံကွမ်းမြို့ထဲသို့ ရောက်ရှိလာ၏။

လမ်းပေါ်တွင် လမ်းသွားလမ်းလာများဖြင့် စည်ကားနေ၏။

ရှောင်လုံသည် မြို့ထဲသို့ ရောက်သည်နှင့် မြင်းအရှိန်အား လျော့ချလိုက်၏။

သူက မြင်းကို ဖြည်းဖြည်းမှန်မှန်နှင်ကာ မင်းလမ်းမအတိုင်း ဖြတ်ဝင်လာ၏။

တစ်နေရာအရောက်တွင် တည်းခိုခန်းတစ်ခုအား တွေ့လိုက်ရ၏။

သူက တည်းခိုခန်းရှေ့တွင် မြင်းကို ရပ်တန့်လိုက်၏။

ထို့နောက် မြင်းပေါ်မှ လွှားခနဲ ခုန်ဆင်းလိုက်၏။

ဆိုင်လုလင်က ရှောင်လုံအား သိနေသဖြင့် ချက်ချင်း ခရီးဦးကြိုပြုလိုက်၏။

ရှောင်လုံက ...

"အနောက်ဘက်ဆောင်မှာ ဘယ်သူရှိလဲ၊ လူငယ်တစ်ယောက်လာတည်းခိုလား"

ဆိုင်လုလင်က ခေါင်းညိတ်လိုက်၏။

"ဟုတ်ကဲ့ ..."

ရှောင်လုံက ...

"ဒါဖြင့် ကျုပ်ကိုလိုက်ပို့စမ်း"

ဆိုင်လုလင်က ...

"အခု သူမရှိတော့ဘူးဗျ"

ရှောင်လုံ မျက်မှောင်ကြုတ်သွား၏။

"ဘယ်ရောက်သွားလဲ၊ ဘယ်ထွက်သွားတာလဲ၊ သူ ဘာတွေ ဖာခဲ့သလဲ"

ဟု မေးခွန်းများ ဆက်တိုက်မေးလိုက်၏။

ဆိုင်လုလင်က ...

"ကျုပ်တို့ သိတာက ဒီမှာ တစ်ခုတစ်ခု ဖြစ်ခဲ့သလိုပဲ၊ အားလုံးလည်း ပျက်စီးနေတယ်၊ အဲ့ဒီသူငယ်လည်း ပျောက်ချင်းမလာ ပျောက်နေတယ်"

ရှောင်လုံက လက်သီးအား ကျစ်ကျစ်ပါအောင် ဆုပ်လိုက်၏။

သူက အံတင်းတင်းကြိတ်ကာ ...

"ရွှေဇီးကွက် ... မင်းတို့ လက်ဦးသွားပြီကိုး၊ နေနှင့်ဦးပေါ့ကွာ"

ဟု ကြိုးဝါးလိုက်၏။

သူ၏တာဝန်မှာ ရှိုးယုံအား ခေါ်ဆောင်လာရန်ဖြစ်၏။

ယခု ရှိုးယုံက မရှိတော့ပါ။

သူက ဘာဆက်လုပ်ရမည်နည်း။

ရှိုးယုံအား ဆက်လက်စုံစမ်းရန် မလိုတော့ပါ။

ရွှေဇီးကွက်ဂိုဏ်း၏ လက်ထဲ ကျရောက်သွားပြီဟုသာ မှတ်သုလိုက်၏။

သူသည် ဆရာဖြစ်သူထံ ပြန်ရုန် ဆုံးဖြတ်လိုက်၏။

ဆရာအား အကျိုးအကြောင်း ဖြောပြပြီးမှ ဘာဆက်လုပ်ရမည်ကို စီစဉ်ဆောင်ရွက်ရမည် မဟုတ်ပါလား။

ရှောင်လုံသည် တည်းခိုခန်းထဲမှ ထွက်ခွာသွားလေတော့သည်။



ရှောင်လုံသည် တည်းခိုခန်းထဲမှ ထွက်ခွာသွား၏။

သူထွက်သွားသည်နှင့် စားပွဲတစ်လုံးမှ လူတစ်ယောက် ထွက်လာ၏။

ထိုလူမှာ ကျားရဲသခင်လေးပင် ဖြစ်၏။

ကျားရဲသခင်လေးက ကျေနပ်စွာပြုံးလိုက်၏။

ထိုစဉ် နံဘေးစားပွဲမှ ချင်းယွဲ့က ထလာကာ လေသံတိုးတိုးဖြင့် ...

"သခင်လေး ... အဲဒီလူက ရှောင်လုံပဲ၊ ဟုန်စုံရဲ့ တပည့်ဆိုတာပေါ့"

ကျားရဲသခင်လေးက ခေါင်းညိတ်လိုက်၏။

"ကျုပ်သိတယ်၊ ကဲ ... မြင်းအသင့်ပြင်လိုက်၊ ကျုပ်တို့ လိုက်သွားကြမယ်"

ချင်းယွဲ့က ချက်ချင်း ထွက်သွား၏။

ကျားရဲသခင်လေးက နောက်မှလိုက်ပါသွား၏။

တည်းခိုခန်းအပြင်ဘက် ရောက်သည်နှင့် ကျားရဲသခင်လေး၏ မျက်နှာတွင် ဟန်မူရာတစ်မျိုး ပေါ်လာ၏။

"ဟုန်စုံ ... ခင်ဗျား ဘယ်မှာပဲ ပုန်းနေပါစေ၊ ကျုပ်က တွေ့အောင် ရှာပြမယ်"

သူက စိတ်ထဲမှ ကြိုးဝါးကာ မြင်းပေါ်ခုန်တက်၍ ရှောင်လုံသွက်သွားရာနောက်သို့ လိုက်ပါသွားလေသည်။

ကျားရဲသခင်လေးတို့ ထွက်သွားသည်နှင့် ထောင့်ဆုံးစားပွဲဘွင် ထိုင်နေသော လူတစ်ယောက်က ထရပ်လိုက်၏။

သူ့မျက်နှာပေါ်တွင် ကောက်ကျစ်စင်းလဲသော အပြုံးတစ်ခု ဖြစ်ပေါ်လာသည်ကို မည်သူကမှ သတိမထားမိပါချေ။



ဓားကောက် မူတိ

ဓားကောက်မူတိ။

ဤသည်မှာ လူတစ်ယောက်၏ အမည်ဖြစ်၏။

ထိုလူမှာ ဟန်ကျိုးမြို့သားဖြစ်၏။

သူ့တွင် မျိုးနွယ်နာမည် မရှိပါ။

သူသည် အလွန်ရက်စက်ကြမ်းကြုတ်ပြီး ကောက်ကျစ်သော ဓားသမားတစ်ယောက်ဖြစ်၏။

သူ၏ဓားမှာ ဓားကောက်ဖြစ်ပြီး အလွန်လေးလံလှ၏။

သူသည် ရှောင်လင်ကျောင်းတွင် သုံးနှစ်ခန့် သိုင်းပညာသင်ကြားဖူး၏။

သို့သော် ...

သူက ဘုန်းကြီးဘဝတွင် မပျော်ပိုက်သောကြောင့် ရှောင်လင်ကျောင်းမှ ထွက်လာခဲ့၏။

သူ၏ပင်ကိုအကျင့်ဗီဇမှာလည်း မကောင်းလှပါ။

သူသည် သိုင်းပညာအားကိုးဖြင့် ငွေရှာတတ်လာ၏။

ငွေရလာလေ ပျက်စီးလာလေဖြစ်၏။

သူ၏နာမည်မှာလည်း တဖြည်းဖြည်း ကျော်ကြားလာ၏။

ကောင်းသော ကျော်ကြားခြင်းဖြင့် မဟုတ်ပါ။

မည်သို့ဖြစ်ပါစေ ... ဓားကောက်မူတိက အရေးမစိုက်ပါ။

သူ့အတွက် ငွေရရှိလျှင် ဘာမဆို လုပ်မည်ဟု ဆုံးဖြတ်ထား၏။

သူ့အတွက် လောကပေါ်တွင် ပျော်ပျော်ပါးပါး နေထိုင်ရန် ငွေရရှိရန်မှာ ပို၍အရေးကြီးသည် မဟုတ်ပါလား။

✿ ✿ ✿

ရီစန်းကို။

သူ့အား ကြည့်ရသည်မှာ အလောတကြီးနိုင်လှ၏။

သူက ငယ်သားများအား စစ်ဆေးလိုက်၏။

သုံးဆယ့်ခြောက်ယောက်တိတိ ရှိ၏။

အင်အား မနည်းလှပေ။

သို့သော် ထိုလူအင်အားဖြင့် ဟုန်စုံအား အနိုင်ယူနိုင်ရန်မှာ မလွယ်လှမှန်း ရီစန်းကို့က သိထား၏။

သူ့အတွက် လူအင်အား ထပ်မံရရှိရန် အရေးကြီး၏။

အဆင့်မြင့် သိုင်းသမား ထပ်မံစေလွှတ်ရန် ဌာနချုပ်သို့ အကြောင်းကြားရမည်မှာလည်း မလွယ်လှပေ။

အချိန်မှာ အရေးကြီးနေသဖြင့် သူက အကြောင်းမကြားတော့ပါ။

သူကတွေးတောနေ၏။

သူက အမည်တစ်ခုအား ရုတ်တရုတ် သတိရလာ၏။

"ဓားကောက်မူတိ ...

သူက ထိုအမည်အား ရေရွတ်ရင်း သူ့မျက်လုံးအစုံမှာ ဝင်းလက်လာ၏။

ဓားကောက်မူတိမှာ ယခု သူတို့သွားမည့် ခရီးစဉ်အတွင်းမှ မြို့တစ်မြို့ပေါ်တွင် နေထိုင်သူဖြစ်၏။

သူက တစ်လက်စတည်း ဝင်ခေါ်ရန် ဆုံးဖြတ်လိုက်၏။

ဓားကောက်မူတိအား ခေါ်ရန်အတွက်မူ ငွေကြေးအလွန်ကုန်ကျမည် ဖြစ်၏။

သို့သော် ...

ကိစ္စမရှိပါ။

လုပ်ငန်းအောင်မြင်ရန်က ပို၍အရေးကြီးသည် မဟုတ်ပါလား။

ဓားကောက်မူတိသာပါလျှင် သူ့အတွက် အင်အားပြည့်သွားပြီဟု ယုံကြည်မိ၏။



နံနက်။

နံနက်ခင်းမှာ သာသာယာယာ ရှိနေ၏။

ဓားကောက်မူတိသည် အိပ်ရာမှ နိုးသည်နှင့် စားပွဲပေါ်တွင် တင်ထားသည့် အရက်အိုးအား လှမ်းယူကာ မော့သောက်လိုက်၏။

ရုတ်တရုတ် ...

"ဒေါက် ... ဒေါက် ... ဒေါက်"

တံခါးခေါက်သံ ကျယ်လောင်စွာ ထွက်ပေါ်လာ၏။

ဓားကောက်မူတိက မျက်မှောင်ကြုတ်သွား၏။

"ဟေ့ ... ခေါက်မနေနဲ့ ... ဖွင့်ထားတယ်၊ ဝင်ခဲ့ ..."

သူက အော်ပြောလိုက်၏။

"ကျွိ ..."

ဆိမထည့်သဖြင့် တံခါးမှာ အသံရှည်မြည်ကာ ပွင့်သွား၏။

အခန်းထဲသို့ လူတစ်ယောက် ဝင်လာ၏။

"မင်းကိုး ..."

ထိုလူမှာ ရီစန်းကို ဖြစ်၏။

ရီစန်းကိုက ခပ်တည်တည်ဖြင့် ...

"ဓားကောက်မူတိ ... ခင်ဗျားကို ကျုပ် အလိုရှိနေတယ်"

သူက အေးအေးဆေးဆေး ပြောလိုက်၏။

ဓားကောက်မူတိက ဘာမှမပြောပါ။

ပခုံးတစ်ချက် တွန့်ပြလိုက်၏။

ရီစန်းကိုက ဘာစကားမှ မပြောဘဲ ကတ္တီပါအိတ်ကလေးတစ်လုံးအား ဓားကောက်မူတိအား ပစ်ပေးလိုက်၏။

"အဲဒါ စရံတစ်ဝက်ပဲ၊ လုပ်ငန်းအောင်မြင်ရင် ကျန်တစ်ဝက် ပေးမယ်"

ဓားကောက်မူတိက အိတ်ကလေးအား ဖမ်းယူလိုက်၏။

သူက အိတ်ကိုဖွင့်ကြည့်ကာ အထဲမှအရာအား ကြည့်လိုက်၏။

သူ့မျက်နှာတစ်ခုလုံး ရွှင်ပြုံးသွား၏။

သူက ငွေအိတ်အား ပြန်ပိတ်ကာ ...

"ကောင်းပြီ ... ကျုပ်လက်ခံတယ်"

ရိစန်းကိုက ...

"ဒါဖြင့် အခုပဲ ကျုပ်နောက်လိုက်ခဲ့ဗျာ"

ပြောပြီး ချာခနဲ လှည့်ထွက်သွားလေတော့သည်။

***

လေတံခွန်နှင့် ရှီးယုံမှာ လမ်းလျှောက်နေ၏။

ရှီးယုံသည် လေတံခွန်၏ ကိုယ်ဖော့ပညာကို ကြိတ်၍ ချီးကျူးမိ၏။

လေတံခွန်သည် သူ့ထက် အသက်များစွာကြီး၏။

သို့သော် ...

သူ့ထက်များစွာ လျင်မြန်ပေါ့ပါး၏။

လေတံခွန်၏ သိုင်းပညာမှာ အလွန်မြင့်မားလိမ့်မည်ဟု သူက ယုံကြည်၏။

ရှီးယုံသည် လေတံခွန်နှင့် ခရီးသွားရသည်ကို ပျော်ရွှင်နေမိ၏။

လေတံခွန်သည် ထိုသို့သွားလာရင်း သိုင်းလောက ဗဟုသုတများကို နားထောင်ချင်စရာကောင်းလောက်အောင်ပင် စိကာပတ်ကုံးပြောပြတတ်၏။

သူတို့သည် စကားတပြောပြောနှင့် ခရီးဆက်လာသည်မှာ နှစ်ရက်အတွင်း အတော်ပင် ခရီးပေါက်လာ၏။

ရှီးယုံက ...

"ဘယ်လောက် ဆက်သွားရဦးမလဲ အဘ ..."

လေတံခွန်က သူ့အားလှည့်ကြည့်ကာ ...

"ဘာလဲ ... မင်း မောနေပြီလား"

ရှီးယုံက ...

"မဟုတ်ပါဘူး အဘ ... သိချင်လို့ပါ"

လေတံခွန်က ...

"ဒီအတိုင်း ခြေလျင်သာ ဆက်သွားရမယ်ဆိုရင် တစ်ပတ်လောက်တော့ ကြာဦးမှာ သေချာတယ်"

ရှီးယုံက ...

"ကျုပ်တို့မှာ မြင်းပါလာရင် ကောင်းမှာပဲ"

လေတံခွန်က ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ် ... နောက်တစ်နေ့ ညလောက်ဆိုရင် ရွာတစ်ရွာကို တွေ့နိုင်ကောင်းရဲ့၊ အဲဒီမှာ မြင်းဝယ်ပြီး ကျုပ်တို့ ခရီးဆက်ကြတာပေါ့၊ အခုတော့ အားတင်းထားဦး"

သူတို့ စကားတပြောပြောဖြင့် ဆက်လျှောက်လာကြ၏။

ထိုစဉ် ...

"ခွပ် ... ခွပ် ... ခွပ်"

မြင်းခွာသံ ကြားလိုက်ရသဖြင့် နောက်လှည့်ကြည့်လိုက်ကြ၏။

နောက်ဘက်တွင် မြင်းတစ်ကောင်အပြင်းနှင်လာသည်ကို တွေ့လိုက်ရ၏။

လေတံခွန်နှင့် ရှီးယုံက လမ်းဘေးသို့ ဆင်းကာ ရှောင်တိမ်းပေးလိုက်၏။

မြင်းမှာ သူတို့နှစ်ယောက်အား ဖြတ်ကျော်ကာ တစ်ခဏအတွင်းမှာပင် အဝေးသို့ ရောက်ရှိသွား၏။

ရှိုးယုံသည် မြင်းစီးသမားအား ကြည့်ရင်း မျက်မှောင်ကြုတ်သွား၏။

"အဘ ... ဒီလူကို မှတ်မိလား"

လေတံခွန်က ...

"လွန်ခဲ့တဲ့ နှစ်ရက်လောက်က လုံကွမ်းမြို့ဘက်ကို သွားတာတွေ့လိုက်တယ်၊ သူ့ကြည့်ရတာ အရေးကြီးကိစ္စ ရှိတယ်ထင်ပါရဲ့"

သူတို့က လမ်းပေါ် ပြန်တက်ကာ ဆက်လျှောက်လာ၏။

ခြေလှမ်း ၃၀ ပင် မပြည့်သေးပါ။

နောက်မှ မြင်းခွာသံ ကြားလိုက်ရပြန်၏။

"ခွပ် ... ခွပ် ... ခွပ်"

လေတံခွန်နှင့် ရှိုးယုံက လမ်းနံဘေးသို့ ဆင်းပေးလိုက်၏။

မြင်းမှာ ရှိုးယုံတို့အား လျင်မြန်စွာ ဖြတ်ကျော်သွား၏။

ရှိုးယုံသည် မြင်းပေါ်မှ လူအား တွေ့လိုက်ရသောအခါ မျက်လုံးပြူးကာ ပါးစပ်အဟောင်းသား ဖြစ်သွား၏။

လေတံခွန်က ...

"မင်း သူ့ကို သိလို့လား"

ရှိုးယုံက ခေါင်းညိတ်လိုက်၏။

"သိတယ် အဘ ..."

လေတံခွန်က ...

"ဒီလူငယ်ရဲ့ မျက်လုံးတွေက စူးရှလွန်းတယ်၊ အဆင့်မြင့် သိုင်းပညာ တတ်မြောက်ထားပုံပဲ"

ဟု မှတ်ချက်ချလိုက်၏။

ရှိုးယုံက ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်အဘ ... သူက အခုတလော အင်မတန် နာမည်ကျော်ကြားနေတဲ့ ကျားရဲသခင်လေးဆိုတာပဲ"

"ဩော် ..."

လေတံခွန်က သက်ပြင်းတစ်ချက်ချလိုက်၏။

"သူ့ရဲ့ သိုင်းပညာက အလွန်ရက်စက်ကြမ်းကြုတ်တယ်ဆိုတာ ကျုပ်ကြားဖူးတယ်"

ရှိုးယုံက ...

"ဟုတ်တယ် ... ကျွန်တော်တောင် သူ့ကို သိုင်းကွက် ၁၀၀ လောက်ပဲ ယှဉ်နိုင်တယ်"

ဟု ဝန်ခံလိုက်၏။

လေတံခွန်က ...

"မင်း အဲ့ဒီလောက် မည့်ပါဘူး"

ရှိုးယုံက ခေါင်းညိတ်လိုက်၏။

"မှန်ပါတယ် ... ဒါပေမယ့် သူကိုက တော်လွန်းနေတာပါ၊ ကျွန်တော် သူနဲ့ သိုင်းကွက် ၁၀ ကွက်လောက် ယှဉ်ကြည့်ပြီးပြီ"

လေတံခွန်က မျက်မှောင်ကြုတ်သွား၏။

"ဟုတ်လား"

သူ့အသံတွင် အံ့အားသင့်ဟန်ပါနေ၏။

ရှီးယုံက အဖြစ်အပျက်များအား ပြန်လည်ပြောပြလိုက်၏။

လေတံခွန်က နားထောင်ရင်း ခေါင်းတဆတ်ဆတ်ညိတ်နေ၏။

ရှီးယုံက ...

"အဲ့ဒီနေ့က ဥာဏ်သာမက္ကရင် ကျွန်တော်တို့ ဒုက္ခရောက်မှာ သေချာတယ်၊ သူက သွေးဆာနေသလိုပဲဗျ"

လေတံခွန်က ...

"ဒါဆို သူ့ရဲ့စိတ်ဓာတ်ကိုက သူ့ရဲ့သိုင်းပညာလိုပဲ ရက်စက်ကြမ်းကြုတ်နေတာပေါ့"

"ဟုတ်တယ်"

လေတံခွန်က သက်ပြင်းတစ်ချက် ချလိုက်၏။

"လူတိုင်းမှာ စာနာတတ်တဲ့စိတ် အနည်းနဲ့အများတော့ ရှိကြစမြဲပါ၊ သူက စာနာစိတ် လုံးဝမရှိတဲ့ လူတစ်ယောက်ဖြစ်နေတာ ဆိုရင်တော့ သူက သိုင်းလောကမှာ ကြာရှည်ရပ်တည်နိုင်မှာမဟုတ်ဘူး၊ ရန်ငြိုးတွေများပြီး တစ်နေ့ဒုက္ခရောက်မှာ သေချာတယ်၊ အခုတော့ဘာင် သူ့မှာ ရန်ငြိုးတွေ ဘယ်လောက်များနေပြီလဲ မသိဘူး"

ရှီးယုံက ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ် ... ဒီအတိုင်းသာ ဆက်ပြီး ကျင်လည်နေရင် သူ့ကို သိုင်းလောကသားတွေက လက်ပိုက်ကြည့်နေမှာ မဟုတ်ဘူး"

လေတံခွန်က ...

"ကဲ ... ကဲ ... သူတစ်ပါးအကြောင်း ထားလိုက်ပါဦး၊ ကျုပ်တို့

မမှောင်ခင် ခရီးဆက်ကြမှဖြစ်မယ်၊ ဒီတစ်ခါ ကျုပ်တို့ ပြေးသွားကြမယ်"

ရှီးယုံက ခေါင်းညိတ်လိုက်၏။

"ဟုတ်ကဲ့ပါ အဘ ..."

သူတို့နှစ်ယောက်သည် ကိုယ်ဖော့ပညာ အသုံးပြုကာ ပြေးလွှားသွားလေတော့သည်။

✿ ✿ ✿

ကွမ်းညီနောင် သုံးဖော်

လုံကွမ်းမြို့။

ချန်းဂေဟာအတွင်း...

မြင်းသုံးကောင်သည် တရကြမ်း မောင်းနှင်ကာ ချန်းဂေဟာရှေ့တွင် တန့်ခနဲ ရပ်တန့်သွား၏။

ချန်းအန်း၏ တပည့်များ ထွက်လာကာ ဟန့်တားလိုက်၏။

"ရပ်လိုက်..."

မြင်းပေါ်မှ လူသုံးယောက်က လွှားခနဲခုန်ဆင်းလာ၏။

ထိုလူသုံးယောက်လုံးမှာ ကိုယ်ခန္ဓာထွားကြိုင်း၏။

အညိုရောင် ဖျင်ကြမ်းအင်္ကျီများ ဝတ်ဆင်ထား၏။

လက်တစ်ဖက်တွင် ရွှေလက်ပတ်ကို ကိုယ်စီဝတ်ဆင်ထား၏။

သူတို့၏ ခါးစည်းကြိုးမှာ အပြားလက်လေးလုံးခန့်ရှိပြီး ခါးစည်းကြိုးထဲတွင် ဓားလွတ်ကိုယ်စီထိုးထား၏။

လူသုံးယောက်အနက် အလယ်မှလူက...

"မင်းတို့ ဆရာ ချန်းအန်းနဲ့ တွေ့ချင်တယ်၊ လမ်းဖယ်ပေးပါ"

သူ့၏အသံမှာ ပျော့ပျောင်းခြင်း မရှိပေ။

သင်တန်းသားများက ဒေါသ ခြောင်းခြောင်း ထွက်လာ၏။

"ကျုပ်တို့ ဆရာကြီးကို နာမည်တပ်ခေါ်ရအောင် ရိုင်းပျလွန်းလား၊ ခင်ဗျားတို့က ဘယ်သူတွေလဲ"

ဟု ပြန်မေးလိုက်၏။

ထိုလူက စိတ်ရှည်ဟန်မတူပါ။

သူက အထဲသို့ လှမ်းဝင်ရန် ဟန်ပြင်လိုက်၏။

သင်တန်းသား တစ်ဦးက...

"ဒီလိုလွယ်လွယ်ဝင်လို့ မရဘူး"

ဓားတစ်ချက်ခုတ်ကာ ဟန့်တားလိုက်၏။

ထိုလူက ခန္ဓာကိုယ် တစ်ချက်ယိမ်းကာ ရှောင်တိမ်းပြီး လက်ဖြန်တစ်ချက် ရိုက်ချလိုက်၏။

"ဝုန်း..."

သင်တန်းသားမှာ ဓားတခြား လူတခြား လွင့်စဉ်သွား၏။

ထိုသင်တန်းသား၏ အဖြစ်ကို တွေ့သောအခါ ကျန်လူများက လှုပ်လှုပ်ရွရွ ဖြစ်လာ၏။

"ရှီး... ရှီး"

အချက်ပေး ခရာသံများ ဆူညံစွာ ထွက်ပေါ်လာလေသည်။

အထဲမှ သင်တန်းသားများ ထပ်မံထွက်လာကာ မြင်းစီးသမားသုံးယောက်အား ဝိုင်းရံတိုက်ခိုက်လိုက်ကြ၏။

မြင်းစီးသမား သုံးယောက်မှာလည်း မနေသာတော့ပါ။

လက်ဝါးနှစ်ဖက် အသုံးပြုကာ ပြန်လည်တုံ့ပြန်တိုက်ခိုက်လိုက်ကြ၏။

"ဝုန်း ..."

"အင့် ..."

တဒင်္ဂအတွင်းမှာပင် ဆူညံသော အသံများနှင့်အတူ အသေးစား တိုက်ပွဲလေး ဖြစ်ပွားသွားလေတော့သည်။

✿ ✿ ✿

မြင်းစီးသမား သုံးယောက်မှာ သွက်လက်လှ၏။

သူတို့၏ ပြင်းထန်သော တိုက်ခိုက်မှုကြောင့် မည်သူမျှ အနားမကပ်ဝံ့တော့ဘဲအဝေးမှသာ ဝိုင်းရံတိုက်ခိုက်နေကြ၏။

ရုတ်တရက် ...

"အားလုံး ရပ်ကြပါ ..."

အောင်မြင်သော အသံကြီး ဟိန်းထွက်လာ၏။

တိုက်ခိုက်မှုများ ရပ်တန့်သွား၏။

အားလုံးက အသံလာရာသို့ လှမ်းကြည့်လိုက်ကြ၏။

ဂေဟာအဝတွင် ရပ်နေသော လူသုံးယောက်အား တွေ့လိုက်ရ၏။

သင်တန်းသားများသည် ချွန်းအန်း၊ ချွန်းကုန်းနှင့် ချွန်းနိုတို့အား တွေ့လိုက်ရသောအခါ ချက်ချင်းပင် အရိုအသေ ပေးလိုက်ကြလေသည်။

မြင်းစီးသမား သုံးယောက်ကလည်း လက်နှစ်ဖက်ဆုပ်ကာ အရိုအသေပေးလိုက်ကြ၏။

"လေးစားပါတယ်"

ချွန်းအန်းဟ ပြုံးကာ ...

"ဓားလွတ်ဂိုဏ်းက ကွမ်းညီနောင်သုံးယောက်ပါလား၊ ဘာကိစ္စများရှိလို့ ရောက်လာကြတာလဲ၊ ကျုပ် မသိလို့ မကြိုဆိုမိတာခွင့်လွှတ်ပါဗျာ"

ကွမ်းညီနောင်များက ...

"ရပါတယ်ဗျာ"

ချွန်းအန်းက ...

"ကဲ ... ရောက်လာမှတော့ အထဲဝင်ပြီး အနားယူကြပါဦးဗျာ"

ဟု ဖိတ်ခေါ်လိုက်လေတော့သည်။

✿ ✿ ✿

ချွန်းအန်းသည် ဓားလွတ်ဂိုဏ်းမှ ကွမ်းညီနောင်သုံးယောက်အား စားပွဲတည်းခင်းကာ ဧည့်ခံလိုက်၏။

ထို့နောက် ချွန်းကုန်း၊ ချွန်းနိတို့နှင့်လည်း မိတ်ဆက်ပေးလိုက်၏။

ချွန်းနိမှာ အဲ့အား သင့်နေ၏။

သူမသည် သိုင်းလောကအကြောင်းကို စိတ်ဝင်စားသဖြင့် အမြဲလေ့လာနေသူ ဖြစ်၏။

သူမက ဓားလွတ်ဂိုဏ်းအကြောင်းကို ကြားဖူးထား၏။

ဓားလွတ်ဂိုဏ်းသည် အဖြူရောင်အဖွဲ့အစည်းတစ်ခုဖြစ်ပြီး ကျုံစန်းနယ်တွင် သြဇာအာဏာကြီးမား၏။

ဓားလွတ်ဂိုဏ်းချုပ်ထက်ပင် ကွမ်းညီနောင်သုံးဖော်မှာ ပို၍ ကျော်ကြား၏။

အကြီးဆုံး 'ကွမ်းရှုန့်' မှာ စကားပြော အလွန်လိမ္မာသူဖြစ်၏။

အလတ်ဖြစ်သူ 'ကွမ်းလု' မှာမူ ဒေါသကြီး၏။

သူသည် ဦးနောက်စဉ်းစားမှု အားနည်း၏။

လက်ရုံးရည်ကိုသာ အဓိကထား အားကိုးသူဖြစ်၏။

ထို့ကြောင့် သူ့အား ကျန်ညီအစ်ကိုနှစ်ယောက်က အမြဲ ထိန်းသိမ်းရ၏။

'ကွမ်းစင်' မှာ ညီအငယ်ဆုံးဖြစ်၏။

သူသည် ညီအစ်ကိုအားလုံးထဲတွင် သိုင်းပညာအတော်ဆုံးဖြစ်၏။

သူက စကားနည်းသလောက် အလုပ်လုပ်ရာတွင် တိကျသူဖြစ်၏။

သူသည် ဘယ်သောအခါမှ သူတစ်ပါးနှင့် ရန်ငြိုးမဖွဲ့ပေ။

ထို့အတူ သူ့အား ရန်ငြိုးဖွဲ့လျှင်လည်း ထိုလူအတွက် မလွယ်ကူလှပေ။

ချွန်းအန်းက ...

"အခုလို ကျုပ်ဆီလာလည်တဲ့အတွက် အများကြီး ဂုဏ်ယူပါတယ်ဗျာ"

ကွမ်းရှုန့်က ...

"ကျုပ်တို့ကလည်း နောင်ကြီးဆီ ၁၄ပြီး ဂါရဝပြုချင်တာကြာပါပြီ၊ အခုမှပဲ လာဖြစ်တော့တယ်"

နှစ်ဖက်စလုံးက လိုရင်းကိစ္စကို မပြောကြဘဲ စကားစခက်နေ၏။

ချွန်းကုန်းက သူဝင်၍ မေးမြန်းမှဖြစ်မည်ဟု ဆုံးဖြတ်လိုက်၏။

သူက အရက်ခွက်အား အသာချကာ ...

"မိတ်ဆွေတို့က လုံကွမ်းကို အလည်သက်သက် လာကြတာမဟုတ်ဘူးလို့ ကျုပ်ထင်တယ်"

စိတ်မရှည်သော ကွမ်းလုက ...

"ဟုတ်တယ်"

ချွန်းကုန်းက ...

"ဘာကိစ္စရှိလို့လဲဆိုတာ သိချင်တယ်ဗျာ ..."

ကွမ်းလုက ပြောရန်ဟန်ပြင်လိုက်စဉ် ကွမ်းစင်းအား အသာလက်ကုပ်လိုက်၏။

ကွမ်းရှုန့်က ...

"ဒီလိုပါ ... ကျုပ်တို့လာတဲ့ ကိစ္စကတော့ လုံကွမ်းနယ်မြေထဲမှာ ကျုပ်တို့ စာရှင်းရှင်းစရာတစ်ခု ရှိပါတယ်၊ နောင်ကြီးတို့အနေနဲ့ ဒီကိစ္စမှာ ဘေးကပဲ ကြည့်နေဖို့ လာပြီး မေတ္တာရပ်ခံတာပါ"

ချွန်းအန်းက မျက်မှောင်ကြုတ်သွား၏။

ကွမ်းရှုန့်၏ စကားအရ မိမိတို့ လုံကွမ်းမြို့တွင် တိုက်ပွဲတစ်ခုဖြစ်ပွားတော့မည်မှာ သေချာနေ၏။

မိမိအနေနှင့် အကြောင်းအရာ သေသေချာချာ မသိဘဲ ကတိပေး မစောမိစေရန် စိတ်ကိုထိန်းကာ...

"ကွမ်းညီနောင်က ဘယ်သူနဲ့များ ရန်ငြိုးဖွဲ့မိလို့လဲ၊ ကျုပ်တို့လုံကွမ်းမြို့က သိုင်းသမားတွေတော့ ဟုတ်မယ်မထင်ဘူး"

ကွမ်းရှုန့်က...

"ဟုတ်ပါတယ်"

သူကက ပွင့်ပွင့်လင်းလင်း ပြောရန် ဆုံးဖြတ်လိုက်၏။

ဆွန်းအန်း၏ အကူအညီရလျှင် ပို၍ကောင်းမည်ဟု စိတ်ကူးမိလိုက်သောကြောင့်ဖြစ်၏။

ကွမ်းရှုန့်က...

"ဒီလူက လုံကွမ်းမြို့က မဟုတ်ပါဘူး၊ ဒါပေမယ့် အခု လုံကွမ်းမြို့ကို ရောက်နေတယ်လို့သိပါတယ်၊ နောင်ကြီးလည်း သူ့ကို သိမှာပါ"

ဆွန်းအန်းက...

"ဘယ်သူလဲဗျ..."

ကွမ်းရှုန့်က...

"ကျားရဲသခင်လေးပါ"

"ဗျာ..."

ဆွန်းအန်း၏ မျက်ခုံးမွေးအစုံသည် နဖူးပေါ်သို့ မြင့်တက်သွား၏။

ကွမ်းရှုန့်က...

"ဒီလိုပါ... ကျားရဲသခင်လေးက ကျုပ်တို့ ဓားလွတ်ဝိုဏ်းရဲ့ ဒုဝိုဏ်းချုပ်ကို လုပ်ကြံသွားပါတယ်"

ကွမ်းလုံက

"ဒီလူက အသက်ငယ်ပေမယ့် သိပ်ရက်စက်တဲ့လူဗျ"

ကွမ်းရှုန့်က...

"ဒီလူငယ်ကို စောစောစီးစီး မနှိမ်နင်းနိုင်ရင် သိုင်းလောကမှာ သွေးချောင်းစီးတိုက်ပွဲတွေ ဆက်ဖြစ်နေဦးမှာပဲ"

ဆွန်းနိုက...

"ဟုတ်တယ်... ကျားရဲသခင်လေးက စိတ်ထားပါ၊ ကြမ်းကြုတ်ရက်စက်နေတဲ့ လူတစ်ယောက်ရှင့်"

သူမက မမကျမနပ်ဖြင့် ဝင်ပြောလိုက်၏။

ဆွန်းအန်းက သူမအား တစ်ချက်စိုက်ကြည့်လိုက်၏။

ဆွန်းနိမှာ ဖခင်ဖြစ်သူ၏ အကြည့်ကြောင့် ဇက်ကလေးဖုကာ ပါးစပ်ပိတ်သွား၏။

ကွမ်းရှုန့်က...

"ဒီညီမလေး ပြောတာ သိပ်မှန်ပါတယ်၊ သူက အလွန်ရက်စက်တဲ့ လူတစ်ယောက်ပါ၊ အမှန်တကယ်ဆိုရင် သူ့ကို သုတ်သင်ဖို့ကိစ္စမှာ နောင်ကြီးတို့က အကူအညီတောင် ပေးသင့်ပါတယ်"

ဆွန်အန်းက သက်ပြင်းတစ်ချက် ချလိုက်၏။

"ကျုပ်ကြားတဲ့ သတင်းက တစ်မျိုးဗျ"

ကွမ်းရှုန့်က...

"နောင်ကြီးက ဘယ်လိုကြားမိလို့လဲ..."

ချန်းအန်းက ...

"သူက သိုင်းသမားတိုင်းကို ပွင့်ပွင့်လင်းလင်း စိန်ခေါ်ယှဉ်ပြိုင်ပြီး အနိုင်ယူခဲ့တာဗျ၊ ကောက်ကျစ်စဉ်းလဲတာ လူအင်အားနဲ့ အနိုင်ယူတာ လုံးဝမရှိခဲ့ဘူး၊ ဒါကြောင့် သူ့ကိုရှင်းတဲ့နေရာမှာ ကျုပ် မပါပါရစေနဲ့ဗျာ ..."

ကွမ်းရှန့်က ခေါင်းညိတ်လိုက်၏။

"ကောင်းပါပြီဗျာ ... ဒါပေမယ့် ကျုပ်တို့ကိစ္စမှာ ဝင်မစွက်ဖို့တော့ မေတ္တာရပ်ခံပါတယ်"

ချန်းအန်းက ခေါင်းညိတ်လိုက်၏။

"ခင်ဗျားတို့ကိစ္စ ကိုယ့်ဘာသာ ရှင်းကြပါ၊ ကျုပ် မကူညီနိုင်တာကို ဘယ်လိုမှ စိတ်မရှိပါနဲ့၊ သိုင်းလောကမှာ ပြောစရာအဖြစ် မခံနိုင်လို့ပါ"

ကွမ်းရှန့်က ...

"ကျေးဇူးတင်ပါတယ်ဗျာ၊ ကျုပ်တို့ကို ခွင့်ပြုပါဦး ..."

ချန်းအန်းက ...

"ဒါနဲ့ ကျားရဲသခင်လေး ဘယ်မှာရှိတယ်ဆိုတာသိပြီးပြီလား"

ကွမ်းရှန့်က ခေါင်းခါယမ်းလိုက်၏။

"ကျုပ်တို့က အခုမှ လုံကွမ်းမြို့ကို ဝင်ရောက်လာတာဗျ၊ ရောက်ရောက်ချင်း နောင်ကြီးဆီ အရင်လာတာပဲ"

ချန်းအန်းက ...

"ကျားရဲသခင်လေးက ဒီမြို့က သိုင်းသမားဟုန်စဲနဲ့ ယှဉ်ပြိုင်

ဖို့ မြို့အရှေ့ဘက်ခြမ်းမှာ တည်းခိုနေတယ်ဗျ၊ အခု ရှိသေးလား မရှိတော့ လူးလားဆိုတာတော့ ကျုပ်လည်း မသိတော့ဘူး"

ကွမ်းရှန့်က မှတ်သားကာ ...

"ကျေးဇူးတင်ပါတယ် နောင်ကြီး ... ကျုပ်တို့ကိုသွားခွင့်ပြုပါဦး"

သူတို့သည် ချန်းဂေဟာမှ ထွက်ခွာသွားကြ၏။

ချန်းအန်းတို့က ဂေဟာအပြင်ဘက်ထိ လိုက်လံပို့ဆောင်ပေးလိုက်ကြလေသည်။

✿ ✿ ✿

သူသည် ထိုဒေသတွင် မွေးဖွားကြီးပြင်းလာသဖြင့် ထိုဒေသအား အလွန်သံယောဇဉ် ကြီး၏။

ဟုန်စံသည် ကိုယ့်ပါးကိုယ် ရိုက်ပစ်လိုက်ချင်စိတ် ဖြစ်မိပေါ်လာ၏။

သူ၏စကားကြောင့် ရှီးကျွန် စိတ်မကောင်းဖြစ်သွားသည် မဟုတ်ပါလား။

"ကျုပ် တောင်းပန်ပါတယ်ဗျာ"

ရှီးကျွန်ကက ပြုံးကာ ...

"စိတ်မကောင်းမဖြစ်ပါနဲ့ဗျာ၊ ကျုပ်လည်း မြို့စားကြီးဘဝကို မေ့ထားဖို့ ဆုံးဖြတ်ပြီးပါပြီ"

ထိုစဉ် သူတို့အနီးသို့ ရှီးယွမ် ရောက်လာ၏။

ရှီးကျွန်က ...

"သားကြီး ... ဘာကိစ္စရှိလို့လဲ၊ ငါ့မြေးတွေကော ..."

ရှီးယွမ်က ...

"ဖေဖေ မြေးတွေ အိပ်နေပါတယ်၊ ဒီနေ့ ရှောင်လုံတို့ ပြန်ရောက်မှာ မဟုတ်လား"

ဟုန်စံက ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ် ... သူက ရှီးယုံကို တွေ့ရင် ချက်ချင်း ပြန်လာကြလိမ့်မယ်"

ထိုစဉ် ပြေးလာနေသော ခြေသံကို ကြားလိုက်ရ၏။

ဟုန်စံက ...

"ရှောင်လုံ ခြေသံပဲ"

မလိုချင်တဲ့ အရှုံး

"ကဲ ... ဒီကိုခွေရင် ခင်ဗျား ရှုံးပြီပေါ့ ..."

ဟုန်စံ၏ တက်ကြွသောအသံ ထွက်ပေါ်လာ၏။

"ဟား ... ဟား ... ဟား"

ရှီးကျွန်က ရယ်မောလိုက်၏။

"ခင်ဗျားရဲ့ စစ်တုရင်ပညာကလည်း သိုင်းပညာလိုပဲ၊ အခုထိ ကျုပ် မယှဉ်နိုင်သေးပါလားဗျာ"

သူကပြောပြီး မင်းကြီးအရုပ်အား လှဲချလိုက်၏။

"ဟား ... ဟား ... ဟား"

ဟုန်စံက သဘောကျစွာ ရယ်မောကာ ...

"ခင်ဗျားက မြို့စားကြီး ဘဝနဲ့ အချိန်ကုန်ခဲ့တာကိုး၊ နို့မဟုတ်ရင် ကျုပ် အနိုင်ရဖို့မလွယ်ပါဘူးဗျာ"

သူ၏စကားကြောင့် ရှီးကျွန်၏ မျက်နှာ ညှိုးနွမ်းသွား၏။

ကျန်းဖုနယ်ခြားဒေသအား သတိရသွားသောကြောင့် ဖြစ်၏။

ရှီးယွမ်က လှမ်းကြည့်လိုက်ရာ စမ်းချောင်းတံတားရှိရာသို့ ပြေးလာနေသော ရှောင်လုံအား တွေ့လိုက်ရ၏။

ရှီးယွမ်က မျက်မှောင်ကြုတ်သွားကာ ...

"ရှောင်လုံ တစ်ယောက်တည်းပါလား"

ဟုန်စဲ့က ...

'နောက်မှာ ပါလာမှာပေါ့"

သူတို့ကြည့်နေစဉ် ရှောက်လုံက တံထားပေါ်သို့ ရောက်ရှိလာ၏။

တစ်ဒင်္ဂအတွင်းမှာပင် သူတို့အနီးသို့ ရောက်လာ၏။

ရှောင်လုံက ဂါရဝပြုကာ ...

"ရှီးယုံကို မတွေ့ခဲ့ပါဘူး"

ရှီးကျွန်က ...

"ရှောင်လုံ ... သေသေချာချာ ပြောပါဦး"

ရှောင်လုံက အဖြစ်အပျက်များအား ပြန်လည်ပြောပြလိုက်လေသည်။

ရှီးကျွန်၏ မျက်နှာပေါ်တွင် စိုးရိမ်သော ဟန်မူရာဖြစ်ပေါ်လာ၏။

ဟုန်စဲ့က အံတင်းတင်း ကြိတ်လိုက်၏။

"ရွှေဇီးကွက်ဂိုဏ်းက လက်ဦးသွားပြီထင်တယ်"

ရှီးကျွန်က ဝုန်းခနဲ ထရပ်လိုက်၏။

"တောက် ..."

သူက တက်တစ်ချက်ကို ပြင်းစွာ ခေါက်လိုက်၏။

ဟုန်စဲ့က လက်အား ဖမ်းဆွဲလိုက်ရာ အလိုလို ထိုင်လျက် ပြန်ကျသွား၏။

ဟုန်စဲ့က ...

"မလောပါနဲ့ ... ခင်ဗျားတို့ ဘယ်လောက်စိုးရိမ်ပူပန်နေတယ် ဆိုတာ ကျုပ်နားလည်ပါတယ်၊ ရှီးယုံ မသေသေးဘူးဆိုရင်တော့ ကျုပ် ရအောင်ပြန်ကယ်ပေးပို့မယ်"

ထိုစဉ် ပေါ့ပါးသော ခြေသံကို ကြားလိုက်ရ၏။

ဟုန်စဲ့က ချာခနဲ လှည့်ကြည့်လိုက်၏။

စမ်းချောင်းအကူး တံတားကွေးလေး၏ တစ်ဖက်ထိပ်တွင် လူတစ်ယောက် ရပ်နေသည်ကို တွေ့လိုက်ရ၏။

ထိုလူမှာ အဝါရောင် ဝတ်စုံကို ဝတ်ဆင်ထား၏။

အနက်ရောင် ပခါဖြင့် ဆံပင်စည်းထား၏။

အနက်ရောင်ခြေအိတ်ရှည် ဝတ်ဆင်ထား၏။

ခါးတွင် ဟောင်းနွမ်းကာ အရောင်အဆင်း ကင်းမဲ့သော ဓား အိမ်တစ်ခု ချိတ်ထား၏။

ထိုလူမှာ အသက် ၂၄ နှစ်ခန့်သာ ရှိသေးသော လူငယ်တစ်ယောက် ဖြစ်၏။

သူ့အား တွေ့မြင်လိုက်သည်နှင့် အေးစိမ့်သော အငွေ့အသက်များ ခံစားလိုက်ရ၏။

ထိုအေးစိမ့်သော အငွေ့အသက်များသည် လူငယ်၏ ခန္ဓာကိုယ်မှ တစ်ဆင့် ပတ်ဝန်းကျင်သို့ ပျံ့နှံ့နေသည်ဟု ထင်ရလေသည်။

ထိုလူငယ် ရပ်နေပုံမှာ ကျောက်တိုက်တစ်တိုင် စိုက်ထူထား သည်နှင့် တူလှ၏။

ရှီးယွမ်က ထရပ်လိုက်၏။

"မိတ်ဆွေက ဘယ်သူလဲ... ဘာကိစ္စနဲ့ ရောက်လာရတာလဲ"

လူငယ်က ဘာမှပြန်မဖြေပါ။

ဟုန်စဲ့ကိုသာ စိုက်ကြည့်နေ၏။

ဟုန်စဲ့က သက်ပြင်းတစ်ချက်ချလိုက်၏။

"ကျားရဲသခင်လေးဆိုတာ သူပဲ..."

ဟု တစ်လုံးချင်း ပြောလိုက်၏။

သူ၏ အသံမှာ သာမန်လေသံမျှသာဖြစ်၏။

သို့သော်...

အားလုံး၏ နားထဲတွင် ကျယ်လောင်စွာ ကြားလိုက်ရ၏။

ရှောင်လုံက အံတင်းတင်းကြိတ်လိုက်၏။

လက်ကလည်း ဓားရိုးဆီသို့ ရောက်သွား၏။

ဟုန်စဲ့က...

"ရှောင်လုံ... သူက မင်းရဲ့ ပြိုင်ဘက်မဟုတ်ဘူး"

ရှောင်လုံမှာ ဆရာဖြစ်သူ၏ စကားကြောင့် မကျေမနပ်ဖြင့် ပြန်လည်ငြိမ်သက်သွား၏။

ရှီးကျွန်က သက်ပြင်းတစ်ချက်ချလိုက်၏။

"သူက ဒီအထိတောင် လိုက်လာသေးတာကိုး"

ဟုန်စဲ့က ခေါင်းညိတ်လိုက်၏။

ရှီးကျွန်က...

"ဒီသူငယ်ကြည့်ရတာ ကြောက်စရာကောင်းမယ်"

ဟုန်စဲ့က...

"တကယ်တော့ လောကပေါ်မှာ အားလုံးက ကြောက်စရာ ကောင်းတာချည်းပါပဲဗျာ"

သူက ပြောရင်း ထရပ်လိုက်၏။

ရှီးကျွန်၏ မျက်နှာ ကွက်ခနဲ ပျက်သွား၏။

"ဟုန်စဲ့..."

သူက စိုးရိမ်တကြီး ခေါ်လိုက်၏။

ဟုန်စဲ့က သူ့ဘက်လှည့်ကာ မြို့ပြလိုက်၏။

"မပူပါနဲ့ဗျာ... ကျုပ်သူနဲ့ စကားပြောလိုက်ပါဦးမယ်"

သူကပြောပြီး တံတားကွေ့လေး၏ တစ်ဖက်ထိပ်သို့ အေးအေး ဆေးဆေး လျှောက်သွားလိုက်၏။

ကျားရဲသခင်လေးက ဟုန်စဲ့အား စိုက်ကြည့်နေ၏။

သူ့အကြည့်မှာ စူးရဲလွန်းလှ၏။

ကျားရဲသခင်လေးက...

"ခင်ဗျား ကျုပ်ကို ရှောင်ပြေးလို့ မရနိုင်ပါဘူး"

သူ၏အသံမှာ အေးစက်တင်းမာနေ၏။

ဟုန်စဲ့က တုန်လှုပ်ခြင်းမရှိဘဲ...

"မင်း ဘာကြောင့် ရောက်လာတာလဲ"

ကျားရဲသခင်လေးက...

"ဓားထုတ်လိုက်ပါ"

သူ၏လေသံမှာ အလွန်အေးစက်လှ၏။

ပြတ်သားလှသော စိန်ခေါ်မှုဖြစ်၏။

ဟုန်ဲ့က သက်ပြင်းတစ်ချက် ချလိုက်၏။

ထို့နောက် ပြီးကာ ...

"မင်း ဒီကိုရောက်လာတာ ကျုပ်ကို ယှဉ်ပြိုင်ဖို့ သက်သက်ပဲလား"

ကျားရဲသခင်လေးက ...

"ခင်ဗျားနဲ့ ယှဉ်ပြိုင်ဖို့ မဟုတ်ရင် ကျုပ် ဒီအထိ လိုက်လာမှာ မဟုတ်ဘူး"

ဟုန်စဲ့က ...

"မင်းနဲ့ ကျုပ် ရန်ငြိုးရှိသလား

ကျားရဲသခင်လေးက ခေါင်းခါယမ်းလိုက်၏။

"မရှိပါဘူး"

ဟုန်စဲ့က ...

"ဒါဆိုရင် ဘာကြောင့် ကျုပ်နဲ့ ယှဉ်ပြိုင်ချင်ရတာလဲ"

ကျားရဲသခင်လေးက ...

"ခင်ဗျားက လုံကွမ်းနယ်တစ်ခုလုံးမှာ အကောင်းဆုံး သိုင်းသမားဖြစ်တယ်ဆိုတာကြောင့်ပါ၊ ကျုပ်က နယ်တစ်နယ်က ထိပ်သီး သိုင်းသမားတွေကို ယှဉ်ပြိုင်အနိုင်ယူဖို့ ဆုံးဖြတ်ထားပါတယ်"

ဟုန်စဲ့က ပြုံးလိုက်၏။

"မင်းက ကျုပ်ကို အနိုင်ယူဖို့သက်သက် စိန်ခေါ်တာပေါ့"

ကျားရဲသခင်လေးက မထီတရီ ပြုံးကာ ...

"ဟုတ်တယ်"

ဟုန်စဲ့က ...

"ကျုပ် အသက်ကြီးပါပြီ၊ နောက်ပြီး ... ကျုပ်ရဲ့ သိုင်းပညာကလည်း အများပြောသလောက် မဟုတ်ပါဘူး၊ မင်းလိုလူငယ်တစ်ယောက်ကို အနိုင်ယူနိုင်စွမ်းလည်း မရှိပါဘူး၊ ကျုပ် အရှုံးပေးပါဘယ်"

"ဗျာ ..."

သူ၏စကားကြောင့် ကျားရဲသခင်လေးမှာ ကြောင်အဲ့အဲ့ဖြစ်သွား၏။

ဟုန်စဲ့က စကားဆက်လိုက်၏။

"သိုင်းလောကကို ကျုပ်ကိုယ်တိုင် ကြေညာပေးပါ့မယ်"

ကျားရဲသခင်လေး၏ မျက်နှာတစ်ခုလုံး နီရဲသွား၏။

"ခင်ဗျားက ကျုပ်ကို ယှဉ်ပြိုင်စရာမလိုတဲ့ မလောက်လေးမလောက်စား လူလို့ ထင်နေသလား"

ဟုန်စဲ့က ...

"မဟုတ်ပါဘူး၊ ကျုပ် တကယ် အရှုံးပေးတာပါ၊ မင်း ကျေနပ်အောင်းပါတယ်"

ကျားရဲသခင်လေးက ...

"မကျေနပ်ဘူး"

ဟုန်စဲ့က သက်ပြင်းချလိုက်၏။

ကျားရဲသခင်လေးမှာ နားလည်ရခဲသော လူငယ်တစ်ယောက်ပဲ သူက တွေးမိ၏။

ကျားရဲသခင်လေးက ...

"မယှဉ်ပြိုင်ဘဲနဲ့ အနိုင်အရှုံး ဆုံးဖြတ်လို့ မရပါဘူး၊ ဒါကြောင့် ခင်ဗျား လက်နက်ထုတ်ပါ"

ဟုန်စုံက ...

"ကျုပ် မင်းကို အရှုံးပေးပြီးပြီပဲ၊ မင်း ကျေကျေနပ်နပ်နဲ့ ပြန်ပါတော့ကွာ"

ကျားရဲသခင်လေးက နှာခေါင်းရှုံ့လိုက်၏။

"ကဲ ... ဘာမှမပြောမနေနဲ့၊ လက်နက်ထုတ်ပါ"

သူ၏အသံမှာ အေးစက်မာကြောနေ၏။

သူ၏မျက်လုံးများကလည်း တိုက်ခိုက်လိုသော အရိပ်အယောင်များ ပေါ်ထွက်နေ၏။

ဟုန်စုံက ပါးစပ်ပိတ်ထားလိုက်၏။

ကျားရဲသခင်လေးသည် ရှေ့သို့ တစ်လှမ်းချင်း တိုးလာ၏။

ဟုန်စုံနှင့် ခြေလှမ်းသုံးလှမ်းခန့်အကွာတွင် ရပ်တန့်လိုက်၏။

"ချွင် ..."

သူက ဓားကို ဆွဲထုတ်လိုက်၏။

အေးစိမ့်သော အငွေ့အသက်များ ပတ်ဝန်းကျင် တစ်ခုလုံးသို့ ပျံ့နှံ့သွား၏။

ဟုန်စုံက မလှုပ်မယှက် ရပ်နေ၏။

ကျားရဲသခင်လေးက ...

"ခင်ဗျား လက်နက်ထုတ်ပါ"

ထပ်မံပြောလိုက်၏။

ဟုန်စုံက ပါးစပ်ပိတ်မြဲ ပိတ်ထား၏။

ကျားရဲသခင်လေးက စိတ်မရှည်တော့ဘဲ ...

"ကဲ ... ကျုပ်တိုက်ခိုက်တော့မယ်၊ ခင်ဗျား လက်နက်မထုတ်ရင် နောင်တရလို့ ဆုံးမှာမဟုတ်ဘူး"

သူကပြောပြီး ဓားအား ဝှေ့ယမ်းကာ ဟုန်စုံအား တိုက်ခိုက်လိုက်၏။

ဟုန်စုံမှာ တည်ငြိမ်စွာ ရပ်နေ၏။

သူက လုံး၀ ရှောင်တိမ်းခြင်း မရှိပါ။

ကျားရဲသခင်လေး၏ ဓားမှာ ဟုန်စုံ၏ ခန္ဓာကိုယ်ဆီသို့ တိုး၀င်သွားလေသည်။

ကျားရဲသခင်လေးက မျက်လုံးပြူးသွား၏။

သူ၏ဓား်ချက်ကို ဟုန်စုံက လုံး၀ ခုခံခြင်းမပြုပေ။

သူသည် ရက်စက်ကြမ်းကြုတ်သော လူတစ်ဦးဖြစ်၏။

သို့သော် ...

ခုခံခြင်းမရှိသော လူတစ်ယောက်အား တိုက်ခိုက်တတ်သည့် လူစားမျိုး မဟုတ်ပေ။

သူက ဓားအား ကမန်းကတန်း လမ်းကြောင်းလွဲလိုက်၏။

သို့သော် ...

အနည်းငယ် နောက်ကျသွား၏။

"ဖြွဲ့ ..."

အင်္ကျီပြဲသံနှင့်အတူ ဟုန်စုံ၏ ညာဘက်ပခုံးမှ သွေးများဖြာခနဲ ကျလာ၏။

ကျားရဲသခင်လေးသည် အထိတ်တလန့်ဖြင့် ဟုန်စုံ၏ မျက်နှာအား ကြည့်လိုက်၏။

ဟုန်စုံ၏ မျက်နှာမှာ ပကတိတည်ငြိမ်နေ၏။

ကျားရဲသခင်လေးက ...

"ခင်ဗျား ဘာကြောင့် မရှောင်တာလဲ ..."

ဟုန်စုံက ...

"မင်းကကော ဘာကြောင့် လမ်းကြောင်းပြောင်းလိုက်ရတာလဲ"

ကျားရဲသခင်လေးက ပါးစပ်ပိတ်သွား၏။

ဟုန်စုံက ...

"ကဲ ... မင်း ကျေနပ်ပြီလား"

ကျားရဲသခင်လေးက ဓားအား ပြန်သိမ်းလိုက်၏။

ထို့နောက် ဟုန်စုံအား လေးစားစွာ ဂါရဝပြုလိုက်၏။

ဟုန်စုံက ...

"ကျုပ်မှာ မိတ်ဆွေတွေကို ကာကွယ်ပေးဖို့ တာဝန်ရှိသေးတယ်၊ ဒီအတွက်ကြောင့် မင်းနဲ့ မယှဉ်ပြိုင်တာပါ၊ မင်းကို အထင်သေးလို့ မဟုတ်ပါဘူး"

သူက လေးလေးနက်နက် ပြောလိုက်၏။

ကျားရဲသခင်လေး၏ မျက်နှာပေါ်တွင် အရိပ်တစ်မျိုး ပြောင်းလဲသွား၏။

ဟုန်စုံက စကားဆက်လိုက်၏။

"ကျုပ် အသက်ကြီးပါပြီ၊ သိုင်းလောကမှာ တစ်ဦးနဲ့တစ်ဦး တိုက်ခိုက်နေကြတာတွေကိုလည်း ငြီးငွေ့နေပါပြီ၊ ရန်ငြိုးတွေ၊ သွေးကြွေးတွေ၊ အာဃာတတွေနဲ့ ပြည့်နေတဲ့ သိုင်းလောကကို ကျုပ်ထက်မင်းက ပိုပြီး စိတ်ကုန်လိမ့်မယ်လို့ ကျုပ် မျှော်လင့်ပါတယ်"

သူက စကားဆုံးသည်နှင့် ချာခနဲလှည့်ကာ အိမ်ကလေးရှိရာသို့ ပြန်လျှောက်လာလေသည်။

ကျားရဲသခင်လေးသည် နေရာတွင် ငေးငိုင်ကာရပ်နေ၏။

အတန်ကြာမှ သူက လေပူတစ်ချက် မှုတ်ထုတ်ကာ နောက်ကြောင်းပြန်လှည့်လိုက်လေတော့၏။



ကျန်းဖုနယ်ခြားဒေသ

ကျန်းဖုနယ်ခြားဒေသ ... ။

ယင်းသည် ပြည်မနှင့် မွန်ဂိုကုန်းမြင့်ကြားတွင် တည်ရှိသော ဒေသတစ်ခုဖြစ်၏။

ယင်းဒေသတွင် လူမျိုးစု သုံးစုရှိ၏။

ရှီးမျိုးနွယ်စု၊ စီးမျိုးနွယ်စုနှင့် ကျိုးမျိုးနွယ်စုတို့ ဖြစ်ကြ၏။

ရှီးမျိုးနွယ်နှင့် စီးမျိုးနွယ်မှာ အင်အားများပြီး ကျိုးမျိုးနွယ်မှာ အင်အားနည်း၏။

ကျန်းဖုဒေသတွင် လူမျိုးစု သုံးစု ကွဲနေသော်လည်း စုစုပေါင်း လူဦးရေမှာ တစ်သောင်းမျှသာရှိ၏။

ကျန်းဖုနယ်ခြားဒေသမှာ ကျန်းဖုမြို့နှင့် ကျေးရွာပေါင်း ၁၀ ရွာဖြင့် ဖွဲ့စည်းထားသော နယ်ခြားဒေသဖြစ်၏။

ကျန်းဖုနယ်ခြားဒေသတွင် နေထိုင်သူများမှာ အလွန်ရိုးသားကြ၏။

အများစုမှာ အမ်လိုက်သော အလုပ်ဖြင့် အသက်မွေးဝမ်းကျောင်း ပြုကြ၏။

ကျန်းဖုဒေသတွင် ကျောက်သံ ပတ္တမြားများစွာ ထွက်ရှိသော်လည်း အနည်းအကျဉ်းသာ ထုတ်လုပ်နိုင်ကြ၏။

ကျန်းဖုဒေသသည် ပြည်မ၏ သြဇာနှင့် မွန်ဂို၏ အာဏာကြား သီးခြား လွတ်လပ်စွာ ရပ်တည်နိုင်ခဲ့သည်မှာ နှစ်ပေါင်း ၇၀ ခန့် ရှိပြီ ဖြစ်၏။

ကျန်းဖုဒေသည် အစဉ်အေးချမ်းသာယာလျက်ရှိ၏။

သို့သော် ...

မြို့စားကြီး ရှီးကျွန်တို့ မိသားစု ထွက်ပြေးတိမ်းရှောင်သွားကတည်းက ယင်းဒေသမှာ တည်ငြိမ်မှု မရှိတော့ပါချေ။

✿ ✿ ✿

ကျန်းဖုမြို့။

မြို့စားဂေဟာ ... ။

မြို့စားဂေဟာမှာ ကျောက်ဖြူနှင့် တည်ဆောက်ထား၏။

ကျန်းဖုဒေသမှ လူများသည် မုဆိုးအလုပ်ဖြင့် အသက်မွေးကြသော်လည်း ဗီသုကာအတတ်ပညာကို ထူးချွန်လှ၏။

မြို့စားဒေသသည် ဒေသခံတို့၏ ဗီသုကာ လက်ရာအဖွမ်းကို ထုတ်ဖော်ပြသနိုင်၏။

မြို့စားဂေဟာမှာ အလွန်ပင် ခမ်းနားလှ၏။

ဂေဟာလှေကားရင်းမှ စကာ ကော်ဇော်နီ ခင်းထားသဖြင့် ကျောက်ဖြူသားနှင့် အလွန်ပန်ရ၏။

ဂေဟာဧည့်ခန်းမှာ ပေါ်းဆယ် ပတ်လည်ခန့် ကျယ်ဝန်းပြီး ကျောက်ဖြူတိုင်လုံးပေါ်တွင် ရွှေငွေတို့ဖြင့် ပန်းခက်များ ဖော်ထား၏။

ဧည့်ခန်းတွင်း၌ တိရစ္ဆာန် အရေခွံများ တပ်ဆင်ထားသော ကုလားထိုင်များ ခင်းကျင်းထား၏။

ယခု ဧည့်ခန်းတွင်းရှိ ကုလားထိုင် တစ်လုံးပေါ်တွင် လူတစ်ယောက် ငြိမ်သက်စွာ ထိုင်နေ၏။

ထိုလူမှာ အဝါရောင် ပိုးဖဲအင်္ကျီကို ဝတ်ဆင်ထား၏။

နဖူးပြင်တွင် ရတနာစီခြယ်ထားသော ခေါင်းစည်းအား စည်းထား၏။

အသက် (၄၀) ကျော်ခန့်ရှိပြီး ပိန်ပိန်ပါးပါးဖြစ်၏။

နှုတ်ခမ်းမွေးကားကားနှင့်ဖြစ်ပြီး မျက်နှာမှာ အနည်းငယ် ချိုင့်ဝင်နေ၏။

သူ၏ ဘေးတစ်ဖက်တစ်ချက်စီတွင် အသက် (၁၈) နှစ်ခန့် ရှိသော မိန်းမပျိုလေး နှစ်ယောက်က သားမွေးယပ်တောင်ဖြင့် လူပ်ယမ်းကာ ခပ်ပေးနေ၏။

သူ့ရှေ့ရှိ ကျောက်ဖြူစားပွဲပေါ်တွင် အရက်အိုးတစ်လုံးနှင့် ကျောက်စိမ်းအရက်ခွက်တစ်ခု ရှိ၏။

ထိုလူမှာ ကျန်းဖုဒေသ၏ မျိုးနွယ်စုခေါင်းဆောင် စီးကုဝေ ဖြစ်၏။

သူသည် ကျန်းဖုဒေသ၏ အမတ်တစ်ယောက်လည်း ဖြစ်၏။

စီးကုဝေသည် ကျောက်စိမ်းအရက်ခွက်ထဲသို့ အရက်တစ်ခွက်ငဲ့ထည့်လိုက်၏။

ကျောက်စိမ်းခွက်အတွင်းရှိ အရက်များမှာ အစိမ်းရောင် သမ်းနေပြီး သင်းပျံ့မွှေးကြိုင်နေ၏။

ထိုစဉ် ခြေသံ ထွက်ပေါ်လာ၏။

ရဲမက်ဝတ်စုံနှင့် လူတစ်ယောက် ပေါ်လာကာ စီးကုဝေအား ဦးညွှတ်လိုက်၏။

စီးကုဝေက ခေါင်းညိတ်လိုက်၏။

ရဲမက်က ခါးညွှတ်ကာ ရှေ့သို့လျှောက်လာ၏။

"တပ်မှူး ကျိုးချမ် ရောက်လာပါတယ်"

စီးကုဝေ၏ မျက်နှာပေါ်တွင် အရိပ်တစ်မျိုး ဖြစ်သွား၏။

"ကောင်းပြီ ... ယွတ်လိုက်ပါ"

သူကပြောပြီး မသိမသာ ပြုံးလိုက်၏။

ရဲမက်တစ်ဦး ဦးညွှတ်ကာ ချက်ချင်း ပြန်ထွက်သွား၏။



ထုံးတမ်းစဉ်လာ

ရဲမက်မှာ အခန်းထဲမှ ချက်ချင်းထွက်ခွာသွား၏။
မကြာမီ ည့ဉ်ခန်းထဲသို့ လူတစ်ယောက် ဝင်လာ၏။
ထိုလူမှာ အသက် (၄၀) ခန့်ရှိ၏။
သူ၏မျက်နှာမှာ တည်ကြည်ပြီး ယုံကြည်စိတ်ချရသည့် မျက်နှာမျိုး ဖြစ်၏။
သူသည် တမ်မူးဝတ်စုံအား သပ်သပ်ရပ်ရပ် ဝတ်ဆင်ထား၏။
ထိုလူမှာ ကျန်းဖြို့၏ တပ်မှူးကျီးချွမ်ဖြစ်၏။
ကျီးချွမ်သည် စီးကုဝေအား အရိုအသေ မပေးပါ။
စီးကုဝေနှင့် မျက်နှာချင်းဆိုင် ခုံတွင် ဝင်ရောက်ထိုင်ချလိုက်၏။
စီးကုဝေက သူ၏အပြုအမူကို မကျေမနပ်ဖြစ်သွား၏။
သို့သော် ...
မျက်နှာပေါ်တွင် အပြုံးမပျက်ပေ။

ကျီးချွမ်မှာ တပ်မှူးတစ်ယောက်ဖြစ်သည့်အပြင် ကျီးမျိုးနွယ်စု၏ ခေါင်းဆောင်တစ်ယောက်လည်း ဖြစ်သည်မဟုတ်ပါလား။
စီးကုဝေက ...
"ဘယ်လိုလဲ ... မြို့စားကြီးရှိုးကျွန်တို့ မိသားစုသတင်း ရပြီလား"
ကျီးချွမ်က ခေါင်းခါယမ်းလိုက်၏။
"မရသေးဘူး"
စီးကုဝေက သက်ပြင်းတစ်ချက်ချကာ ...
"သူတို့ မိသားစုက ဘဏ္ဍာငွေတွေ ယူပြီး ကျန်းဖုဒေသကနေ ထွက်ပြေးသွားတာဗျ"
ကျီးချွမ်းက နှာခေါင်းရှုံ့လိုက်၏။
"ဒါတွေ ထားလိုက်ပါတော့ဗျာ၊ ကျုပ်ကိုခေါ်တဲ့ကိစ္စကို ပြောပါဦး"
စီးကုဝေက ...
"ဒီလိုပါ ... ကျုပ်တို့ ကျန်းဖုဒေသမှာ ခေါင်းဆောင် ကင်းမဲ့နေတာ အခုဆိုရင် တစ်လလောက်ရှိပါပြီ၊ ဒီတော့ ထုံးတမ်းစဉ်လာအရ မြို့စားအသစ် ရွေးချယ်ရလိမ့်မယ်ဆိုတာ ပြောဖို့ပဲ"
ကျီးချွမ်က မသိမသာ မျက်နှာမဲ့လိုက်၏။
ကျန်းဖုဒေသ၏ ထုံးတမ်းစဉ်လာအရ မြို့စား အဆက်အနွယ်များသာ ရာထူးဆက်ခံရ၏။
လက်ရှိ မြို့စားအဆက်အနွယ်မှာ ရှိုးမျိုးနွယ်ဖြစ်၏။

ရိုးမျိုးနွယ်မှ မြို့စားရာထူး ဆက်ခံမည့်သူမရှိလျှင် စီးမျိုးနွယ်က ဆက်ခံရမည်ဖြစ်၏။

ကျီးမျိုးနွယ်ကမူ တပ်မှူးရာထူးသာ ဆက်ခံရပေမည်။

ယခု စီးမျိုးနွယ်စုမှ စီးကုဝေသည် မြို့စားကြီး ရှိုးကျန်၏ အဆက်အနွယ်များ မရှိတော့သဖြင့် သူက စီးမျိုးနွယ်စုခေါင်းဆောင်အဖြစ် မြို့စားရာထူး ဆက်ဆံမည်ဟု သွယ်ဝိုက်ကာ ပြောနေခြင်းဖြစ်၏။

ကျီးချွန်က ပြုံးလိုက်၏။

"ဟုတ်တာပေါ့ ... ကျုပ်တို့ ဒေသမှာ ခေါင်းဆောင်ကင်းမဲ့တာ ကြာရှည်ဆိုရင် မသင့်တော်ပါဘူး"

စီးကုဝေက ...

"ဒါဖြင့် ... မြို့စားရာထူး ရွေးချယ်ဖို့ ခင်ဗျား သဘောတူတယ်ပေါ့"

ကျီးချွန်က ခေါင်းညိတ်လိုက်၏။

"ကျုပ်က ထုံးတမ်းစဉ်လာကို တစ်သဝေမတိမ်း လိုက်နာဆောင်ရွက်တဲ့လူပါ၊ သဘောမတူစရာ အကြောင်းမရှိပါဘူး"

စီးကုဝေက ကျေနပ်စွာ ပြုံးလိုက်၏။

"ခင်ဗျားဘက်က မကန့်ကွက်ဘူးဆိုရင်တော့ သန်ဘက်ခါမှာ မြို့စားအသစ် ရွေးချယ်ပွဲ ကျင်းပချင်ပါတယ်"

သူက အချိုသတ်ပြောလိုက်၏။

ကျီးချွန်က ခေါင်းညိတ်လိုက်၏။

"ထုံးတမ်းစဉ်လာနဲ့ ညီညွတ်မယ်ဆိုရင် ကျုပ် လုံးဝမကန့်ကွက်ပါဘူး၊ ဒါပေမယ့် ထုံးတမ်းစဉ်လာနဲ့ မညီညွတ်ဘူးဆိုရင်တော့ ကျုပ်က ကန့်ကွက်မယ်ဆိုတာ ကြိုတင်ပြောထားပါရစေ"

စီးကုဝေက ...

"ခင်ဗျားက ထုံးတမ်းစဉ်လာကို အလွန်ရိုသေပြီး အလွန်တိကျတဲ့ လူဆိုတာ ကျုပ်နားလည်ပါတယ်၊ အခုဆိုရင် သက်တော်ရှည်အမတ်ကြီး နှစ်ယောက်လည်း အသင့်ရှိနေပါတယ်"

ကျီးချွန်က မျက်လုံးပင့်ကာ ...

"ဩော် ... ရောက်နေပြီလား"

စီးကုဝေက ...

"မနေ့ကပဲ ရောက်ပါတယ်"

ကျီးချွန်က ခေါင်းတဆတ်ဆတ် ညိတ်လိုက်၏။

"ကောင်းပါတယ်ဗျာ ... ကောင်းတယ်၊ အဲဒီနေ့ ကျုပ် ဆက်ဆက်လာပါ့မယ်၊ ခွင့်ပြုပါဦး"

သူက ပြောပြီး ထိုင်ရာမှ ထကာ ဂါရဝပြုခြင်းမရှိဘဲ ထွက်ခွာသွားလေတော့သည်။



မြို့စားရာထူး ဆက်ခံပွဲ

မြို့စားဧဟာ။

ခန်းမအတွင်း လူများစုံလင်စွာ ရောက်ရှိနေ၏။

အများစုမှာ စီးကုဝေ၏ လူယုံများပင် ဖြစ်၏။

မြို့စားရာထူး ဆက်ခံကျင်းပရန် အချိန်ရောက်ခါနီးမှ ကျီးချွမ်းက သူ၏ ကိုယ်ရံတော်များနှင့်အတူ ရောက်လာ၏။

သူသည် သူ့အတွက် သတ်မှတ်ပေးထားသော နေရာသို့ မရောက်မီ ရောက်ရှိနေကြသော သက်တော်ရှည်အမတ်ကြီး နှစ်ဦးအား ဂါရဝပြုလိုက်၏။

ထိုသက်တော်ရှည် အမတ်နှစ်ဦးမှာ အသက်ရှစ်ဆယ်ခန့်ရှိ၏။

ရှိးမျိုးနွယ်နှင့် စီးမျိုးနွယ်မှဖြစ်၏။

စီးကုဝေက ထရပ်လိုက်၏။

သူက လက်တစ်ဖက် ဝှေ့ယမ်းလိုက်ရာ တစ်ယောက်တစ်ပေါက် ပြောဆိုနေကြသော စကားသံများ ရုတ်ခြည်း တိတ်ဆိတ်သွား၏။

စီးကုဝေက ...

"ကျုပ်တို့ ကျန်းဖုသေမှာ ခေါင်းဆောင်ကင်းမဲ့နေရာ ကြာပြီ"

သူက စကားရပ်ကာ လူအားလုံးအား တစ်ချက် ဝေ့ကြည့်ပြီးမှ စကားဆက်လိုက်၏။

"ဒီလို ခေါင်းဆောင်ကင်းမဲ့နေတာ ကြာရှည်ဆိုရင် မသင့်တော်ဘူးဆိုတာ အားလုံးသိပါတယ်၊ ဒါကြောင့် ထုံးတမ်းစဉ်လာအိုင်း မြို့စားရာထူးကို ရွေးချယ် ထားရပါမယ်"

သူက သက်တော်ရှည် အမတ်ကြီးနှစ်ယောက်အား ဦးညွှတ်လိုက်၏။

"ဘိုးဘိုးတို့က ထုံးတမ်းစဉ်လာအတိုင်း မြို့စားရာထူး ရွေးချယ်ပေးပါလို့ မေတ္တာရပ်ခံဟတယ်"

သက်တော်ရှည် အမတ်ကြီး နှစ်ဦးက ထရပ်လိုက်၏။

သူတို့ လက်ထဲတွင် စာချွန်လိပ်များ ကိုယ်စီ ကိုင်ထား၏။

သက်တော်ရှည်အမတ်ကြီး တစ်ဦးက စာချွန်ကို ဖွင့်လိုက်၏။

ထို့နောက် အောင်မြင်သော လေသံနှင့် ဖတ်ကြားလိုက်၏။

"စည်းကမ်းချက်အမှတ်စဉ် (၁) အရ မြို့စားရာထူးကို အဆက်အနွယ်များကသာ ဆက်ခံရမှာ ဖြစ်ပါတယ်"

စီးကုဝေကည

"ဟုတ်ကဲ့ ... အခု မြို့စားရိုးကျွန်တို့ တစ်မိသားစုလုံး ပျောက်သွားပြီး အဆက်အနွယ် တစ်ဦးတစ်ယောက်မှ မကျန်ခဲ့ပါဘူး"

သက်တော်ရှည် အမတ်ကြီးက ...

"စည်းကမ်းချက်အမှတ်(၂) အရ ရှိးမျိုးနွယ် မရှိတော့တဲ့

အတွက် စီးမျိုးနွယ် အကြီးအကဲက မြို့စားရာထူးကို ဆက်ခံမှာ ဖြစ်ပါတယ်"

စီးကုဝေ၏ မျက်နှာ တစ်ခုလုံး ဝင်းလက်သွား၏။

သက်တော်ရှည်အမတ်ကြီးက ...

"စည်းကမ်းချက် (၁၁)အရ စီးကုဝေကို မြို့စားရာထူး အပ်နှင်းပါတယ်"

သူကပြောပြီး ဂါရဝပြုလိုက်၏။

ကျန်လူများကလည်း စီးကုဝေအား ဂါရဝပြုလိုက်၏။

သို့သော် ...

ကျီးချွမ်ကမူ လုံးဝ ဂါရဝပြုခြင်းမရှိပါ။

စီးကုဝေက ဒေါသထွက်သွား၏။

သူက ကျီးချွမ်အား စိုက်ကြည့်ကာ ...

"ကျီးချွမ် ... ခင်ဗျားက ကျုပ်ရဲ့သစ္စာကို မခံဘူးလား"

သူက အေးစက်စွာ မေးလိုက်၏။

ကျီးချွမ်းက ...

"ခင်ဗျားက ကျန်းဖုမြို့စားဖြစ်မှ ကျုပ်က ဂါရဝပြုနိုင်မှာပါ"

သူက အေးအေးဆေးဆေးပင် ပြန်ဖြေလိုက်၏။

စီးကုဝေက မျက်နှာမဲ့ကာ ...

"အခုပဲ သက်တော်ရှည်အမတ်ကြီးတွေက ကျုပ်ကို မြို့စားရာထူး အပ်နှင်းတာ ခင်ဗျားမတွေ့ဘူးလား"

ကျီးချွမ်က သက်တော်ရှည်အမတ်ကြီး နှစ်ယောက်ဘက် လှည့်ကာ ဦးညွှတ်လိုက်၏။

"ဘိုးဘိုးတို့ ... အခု မြို့စားကြီးရာထူး အပ်နှင်းပွဲ အထမြောက်အောင် စည်းကမ်းချက် တစ်ဆယ့်ငါးကို ဖတ်ပြပါဦးဗျာ"

သက်တော်ရှည်အမတ်ကြီးက ...

"စည်းကမ်းချက် တစ်ဆယ့်ငါးချက်အရ မြို့စားရာထူး အပ်နှင်းခံရကြောင်း အတည်ပြုရန် အမိန့်တော်တံဆိပ် ခတ်နှိပ်ရမည်၊ တံဆိပ်မခတ်နှိပ်နိုင်သရွေ့ မြို့စားရာထူး အတည်မဖြစ်စေရ"

ကျီးချွမ်က ပြုံးလိုက်၏။

"ကျေးဇူးတင်ပါတယ် ဘိုးဘိုး ... ဆောင်ရွက်စရာရှိတာကို ဆက်လက်ဆောင်ရွက်ပါ ခင်ဗျာ"

စီးကုဝေ၏ မျက်နှာ ကွက်ခနဲ ပျက်သွား၏။

သက်တော်ရှည်အမတ်ကြီး နှစ်ဦးသည် စာချွန်လွှာပေါ်တွင် ရှိုးမြို့စားကြီးအစား စီးကုဝေကို မြို့စားရာထူး အပ်နှင်းလိုက်ကြောင်း ရေးသားလိုက်၏။

"ကဲ ... စီးကုဝေ တံဆိပ်တုံးပေးပါ၊ ကိစ္စတစ်ခါတည်း ပြီးစီးသွားအောင်ပါ"

စီးကုဝေ၏ မျက်နှာ ရဲသွား၏။

"တံ ... တံဆိပ်တုံး ပျောက်နေပါတယ်"

အမတ်ကြီးနှစ်ယောက်မှာ တွေဝေသွား၏။

စီးကုဝေက ...

"တံဆိပ်တုံးကို ရှိးကျွန်တို့ ဖျောက်ဖျက်လိုက်သလား မသိဘူး၊ တံဆိပ်တုံးမရှိလည်း ကျုပ်ကို စည်းကမ်းချက်အတိုင်း မြို့စားရာထူး ဆက်ခန့်ကြောင်းသာ ကြေညာလိုက်ပါဗျာ"

ကျီးချွမ်က ထရပ်လိုက်၏။

"စီးကုဝေ ... ကျုပ်က ထုံးတမ်းစဉ်လာအတိုင်း မဟုတ်ရင် မြို့စားရာထူး ဆက်ခံပွဲကို ကန့်ကွက်မယ်လို့ ခင်ဗျားကို ကြိုတင် ပြောပြီးသားပါ၊ ကျုပ်တို့ စည်းကမ်းအတိုင်းသာ ဆောင်ရွက်ကြရ အောင်"

စီးကုဝေ၏မျက်နှာ ရဲသွား၏။

သူက သက်တော်ရှည်အမတ်ကြီးဘက်လှည့်ကာ ...

"ဘိုးဘိုး ... တံဆိပ်တုံးက ပျောက်နေတာပဲ၊ တံဆိပ်မခတ်နိုပ်လို့ကော မရဘူးလား၊ဗျာ"

သက်တော်ရှည်အမတ်ကြီးက ...

"စိတ်မကောင်းပါဘူး၊ စည်းကမ်းချက် တစ်ဆယ့်ငါးမှာ အတိအလင်း ရေးထားပါတယ်"

စီးကုဝေက ...

"တံဆိပ်တုံး မတွေ့မချင်း မြို့စားရာထူး ဆက်ခံလို့မရတော့ ဘူးလား"

သက်တော်ရှည် အမတ်ကြီးက ...

"ဒီလိုလည်း မဟုတ်ပါဘူး၊ စည်းကမ်းချက် (၃၁)မှာတော့ တံဆိပ်တုံးပျောက်နေခဲ့ရင် သုံးနှစ်တိတိ ရာဇဖွေရမယ်၊ မတွေ့တော့မှ တံဆိပ်အသစ်ပြုလုပ်ပြီး ရာထူးဆက်ခံနိုင်တယ်လို့ ရေးထားပါတယ်"

စီးကုဝေက သက်ပြင်းတစ်ချက် ချလိုက်၏။

"ဒါဖြင့် တံဆိပ်တုံးမတွေ့ရင် သုံးနှစ်အထိ စောင့်ရမှာပေါ့ ဟုတ်လား"

သက်တော်ရှည်အမတ်ကြီးက ခေါင်းညိတ်လိုက်၏။

"မှန်ပါတယ်"

စီးကုဝေသည် ထိုင်ခုံပေါ်သို့ အရုပ်ကြိုးပြတ် ပြန်လည်ထိုင်ချ လိုက်၏။

အခန်းတွင်း၌ တစ်ယောက်တစ်ပေါက် ပြောဆိုနေသံများ ဆူညံစွာ ပြန်လည်ထွက်ပေါ်လာ၏။

ကျီးချွမ်က ကျေနပ်စွာ ပြုံးလိုက်၏။

သူက ထိုင်ရာမှ ထရပ်လိုက်၏။

သက်တော်ရှည်အမတ်ကြီး နှစ်ယောက်အား ဦးညွှတ်ဂါရဝ ပြုကာ ...

"ဒီကနေ့ မြို့စားရာထူး ခန့်အပ်ပွဲ အထမြောက်တဲ့အတွက် ကျုပ် စိတ်မကောင်းပါဘူး၊ ကျုပ်ကိုခွင့်ပြုပါဦး"

သုံးကပြောပြီး ကိုယ်ရံတော်များ ခြံရံကာ ခန်းမအတွင်းမှ ထွက်ခွာသွား၏။

သက်တော်ရှည်အမတ်ကြီး နှစ်ယောက်ကလည်း ထရပ်ကာ ခန်းမထဲမှ ထွက်ခွာသွား၏။

မကြာမီ တစ်ယောက်ပြီးတစ်ယောက် ခန်းမထဲမှ ထွက်ခွာသွား ကြ၏။

နောက်ဆုံး ခန်းမထဲတွင် လူအနည်းငယ်သာ ကျန်တော့၏။

ထိုလူများမှာ စီးကုဝေနှင့် သူ၏ လူယုံများပင် ဖြစ်လေတော့ သည်။

✿ ✿ ✿

"ခွမ်း ..."

အရက်အိုးများ အစိပ်စိပ်အမြွာမြွာ ကွဲသွား၏။

စီးကုဝေ၏ မျက်နှာတစ်ခုလုံး နီရဲနေ၏။

ဒေါသဖြစ်ခြင်း၊ ခံပြင်းခြင်း စသော အရိပ်အယောင်များသည် မျက်နှာပေါ်တွင် ပေါ်နေ၏။

သူ့ရှေ့ရှိ ကြမ်းပြင်ပေါ်တွင် လူယုံသုံးယောက်မှာ တုပ်တုပ်မျှ မလှုပ်ကြဘဲ ရှိ၏။

စီးကုဝေသည် အရက်အိုး အသစ်အား လှမ်းဆွဲလိုက်၏။

သူက ကျောက်စိမ်းအရက်ခွက်ထဲ ထည့်ရန်ဟန်ပြင်ပြီးမှ မထည့်တော့ဘဲ အိုးလိုက်မော့ချလိုက်၏။

နှုတ်ခမ်းထောင့်မှ စီးကျလာသော အရက်များကို လက်ခုံဖြင့် သုတ်ပြီး အရက်အိုးကို စားပွဲပေါ်သို့ တင်လိုက်၏။

"တောက် ..."

သူက မကျေမနပ်ဖြင့် တက်ခေါက်လိုက်ပြန်၏။

သူ၏ တက်ခေါက်သံကြောင့် လူယုံများမှာ တုပ်တုပ်မျှ မလှုပ်ဘဲ ရှိနေရာမှ တုန်ယင်သွားကြ၏။

စီးကုဝေက ...

"တောက် ... ဒင်း သိမယ် ... ဒင်း သိမယ်၊ သက်သက်မဲ့ငါ့ကို အာခံတာ"

လူယုံများမှာ ငြိမ်နေကြ၏။

"ကျီးချွမ် ... ကျီးချွမ် မင်းက သိရဲ့သားနဲ့ ကျုပ်ကို မြို့စားရာထူး မရအောင် လုပ်သွားတာကိုး ..."

လူယုံတစ်ယောက်က ...

"သခင်ကြီး ... သူ ဝင်ရှုပ်တာ များနေပြီ၊ သူ့ကို ရှင်းပစ်လိုက်ရမလား"

"တိတ်စမ်း ..."

စီးကုဝေက အော်ငေါက်လိုက်၏။

လူယုံဖြစ်သူမှာ ခေါင်းမဖော်ရဲတော့ပါ။

စီးကုဝေက ...

"သူ့ကို ရှင်းပစ်လို့ မရဘူးကွ. ရှိးကျန်ကော သူကော မရှိရင် ကျုပ်ကို ဘယ်သူမှ ယုံကြည်ကြတော့မှာ မဟုတ်ဘူးကွ"

သူက အော်ငေါက်လိုက်သဖြင့် အားလုံးက ငြိမ်ကျသွား၏။

စီးကုဝေက ...

"စီးလန် ... ပြည်မက ဘာသတင်းသလဲ"

စီးလန်က ...

"မရသေးပါဘူး"

စီးကုဝေက ...

"ပြည်မကို အမြန်ဆုံးဆက်သွယ်ပါ၊ တစ်လအတွင်း ကျုပ်တို့လိုချင်တာကို ရအောင်လုပ်ခိုင်းပါ"

စီးလန်က ခေါင်းညိတ်လိုက်၏။

"ဟုတ်ကဲ့ပါ သခင်ကြီး"

စီးကုဝေက ...

"မထူးပါဘူးကွာ ... မင်းကိုယ်တိုင် ပြည်မကိုသွားနေတာ အကောင်းဆုံးဖြစ်မယ်"

စီးလန်က...

"အမိန့်အတိုင်းပါ"

စီးကုဝေက...

"လိုချင်တဲ့ ငွေကြေးယူသွား၊ ခေါ်ချင်တဲ့လူခေါ်သွား၊ ကိစ္စ အောင်မြင်ဖို့ အရေးကြီးတယ်၊ မနက်ဖြန် မနက်ကစပြီး မင်းဒီမှာ မရှိရတော့ဘူး...ကြားလား"

စီးလန်က ဦးညွှတ်လိုက်၏။

"အမိန့်အတိုင်းပါ သခင်ကြီး"

သူက ချက်ချင်းပင် စီးကုဝေရှေ့မှထွက်ခွာသွားလေတော့သည်။

စီးကုဝေက ကျန်လူနှစ်ယောက်ဘက်လှည့်ကာ...

"မင်းတို့ကိုလည်း တာဝန်ပေးစရာရှိတယ်"

လူယုံနှစ်ယောက်က...

"အမိန့်ရှိပါ"

စီးကုဝေက...

"ကျီးချွန်က ကျုပ်ကို သံသယဝင်နေပုံရတယ်၊ ဒါကြောင့် ကျီးချွန်ရဲ့လှုပ်ရှားမှုတွေကို မင်းတို့က မျက်ခြည်မပြတ်စောင့်ကြည့်ကြပါ"

ဟု မှာကြားလိုက်၏။

လူယုံနှစ်ယောက်က ဦးညွှတ်ကာ...

"အမိန့်အတိုင်းပါ သခင်ကြီး"

စီးကုဝေက...

"ကောင်းပြီ...သွားကြတော့"

လူယုံနှစ်ဦးမှာ လျင်မြန်စွာ ထွက်ခွာသွားကြ၏။

စီးကုဝေက သက်ပြင်းတစ်ချက်ချလိုက်၏။

"ရှီးကျွန်...မင်းက တံဆိပ်တုံးပါ ယူသွားတာကိုး၊ ဒါပေမယ့် မကြာခင် ကျုပ်လက်ထဲပြန်ရောက်တော့မှာပါ၊ မင်းပြေးလို့ မရပါဘူး"

သူက တွေးရင်း ပြုံးလိုက်၏။

"ရှီးကျွန်...မင်း ပြည်မဘက်ကိုထွက်ပြေးတာ ကိုယ့်သေတွင်းကိုယ်တူးတာပဲ၊ မင်းကို ကယ်သူဝေးသွားပြီကွ"

"ဖျောက်...ဖျောက်"

သူက တစ်ကိုယ်တည်း တီးတိုးရေရွတ်ကာ လက်ဆစ်ကလေးများအား ချိုးလိုက်၏။

မကြာမီ မြို့စားဖြစ်တော့မည့်အရေးကိုတွေးကာ သူက သဘောကျနေမိ၏။

မြို့စားရာထူးရလျှင် ကျီးမျိုးနွယ်မှ သူနှင့်အဆင်မပြေမည့်လူကို ရှာဖွေမည်ဖြစ်၏။

ကျီးချွန်အားဖယ်ရှားပြီး ထိုလူကို ခန့်ထားမည်ဟုလည်း ကြိတင် စီမံကိန်းများ ရေးဆွဲနေလေတော့သည်။

သူ့အား တစ်နေရာမှ စောင့်ကြည့်နေသောမျက်လုံးအစုံကိုမူ သူက လုံးဝသတိမထားမိပါချေ။

✿ ✿ ✿

သိုင်းလောကထဲ ခြေတစ်လှမ်း

ချန်းဂေဟာ။

ချန်းဂေဟာအတွင်းမှ ချန်းအန်း၊ ချန်းကုန်းနှင့် ချန်းနီတို့ ထွက်လာကြ၏။

ချန်းအန်း၏ မျက်နှာမှာ တည်ကြည်လေးနက်နေသလောက် ချန်းနီ၏ မျက်နှာမှာမူ ရွှင်လန်းတက်ကြွနေ၏။

အပြင်ဘက်သို့ ရောက်သည်နှင့် ချန်းကုန်းနှင့် ချန်းနီအား ဦးညွှတ်ဂါရဝပြုလိုက်၏။

ချန်းအန်းက ...

"ချန်းကုန်း ..."

ဟု ခေါ်လိုက်၏။

ချန်းကုန်းက ...

"ပြောပါ အစ်ကိုကြီး"

ချန်းအန်းက ...

"သမီးကို ဂရုစိုက်ပါ၊ သူ့ကို အလိုမလိုက်ပါနဲ့"

ချန်းကုန်းက ခေါင်းညိတ်လိုက်၏။

"စိတ်ချပါ အစ်ကိုကြီး"

သူက ချန်းနီဘက်လှည့်ကာ ...

"ချန်းနီ ... မင်း အဖေပြောတာ ကြားတယ်နော်"

ချန်းနီက စပ်ဖြဲဖြဲဖြင့် ခေါင်းညိတ်လိုက်၏။

"ဟုတ်ဟဲ့ ..."

ချန်းအန်းက ချန်းနီ၏ ဦးခေါင်းအား ပွတ်သပ်လိုက်၏။

"သမီးလေး ..."

ချန်းနီက ...

"ပြောပါ ဖေဖေ"

ချန်းအန်းက ...

"သမီးက မဆိုးနဲ့နော်၊ သိုင်းလောကထဲ သွားတဲ့အခါမှာ ကိုယ်နှုတ်အမူအရာကို ဆင်ခြင်ပါ၊ ဦးလေးရဲ့ စကားကို နားထောင်ပါ၊ စိတ်ထင်တိုင်း မလုပ်ပါနဲ့၊ သူတစ်ပါးကို သိုင်းပညာအားကိုးနဲ့ အနိုင်မကျင့်မိစေနဲ့၊ နေရာတကာမှာ ကိုယ့်ရဲ့သိုင်းပညာအစွမ်းကို ထုတ်မပြနဲ့ ..."

သူက သမီးဖြစ်သူအား စိတ်မချနိုင်စွာ တတွတ်တွတ်မှာနေ၏။

ချန်းနီက ခေါင်းညိတ်လိုက်၏။

"စိတ်ချပါ ဖေဖေ"

ချန်းကုန်းက ...

"အစ်ကိုကြီး ... ကျွန်တော်တို့ သွားတော့မယ်"

ချန်းအန်းက ခေါင်းညိတ်လိုက်၏။

ဂေဟာတစ်ခုလုံး တိတ်ဆိတ်ခြောက်သွေ့နေသလို ခံစားလိုက်ရလေတော့သည်။



တံခွန်းမြို့ အရှေ့ပိုင်းရပ်ကွက်ရှိ ထောင့်ဆုံးခြံဝင်းထဲတွင် ဖြစ်၏။

ဝုန်း ..."

တံခါးရွက်မှာ ကျိုးပဲ့လွင့်စဉ်သွား၏။

တံခါးပွင့်သွားသည်နှင့် အခန်းထဲသို့ လူသုံးယောက်ဝင်လာ၏။

ထိုလူများမှာ လက်တွင် ရွှေလက်ပတ် ကိုယ်စီဝတ်ဆင်ထား ပြီး ခါးတွင် ဓားလွတ်များကို ကိုယ်စီထိုးထား၏။

ထိုလူသုံးယောက်မှာ ဓားလွတ်ဂိုဏ်းမှ ကွမ်းညီနောင်သုံး ယောက် ဖြစ်၏။

ကွမ်းညီနောင် သုံးယောက် အတွင်းသို့ ခုနှဝင်လိုက်သည်နှင့် အဝါရောင် ဝတ်ဆင်ထားသည့် လူငါးယောက်မှာ ထိတ်လန့်သွား မက၏။

သူတို့က ချက်ချင်းပင် လက်နက်များ ဆွဲထုတ်ကာ ...

"ခင်ဗျားတို့ ဘယ်သူတွေလဲ ... ဘာကြောင့် ကျူးကျော်ဝင် လာရတာလဲ"

ဟု အော်ငေါက်လိုက်၏။

ကွမ်းလုက မဲ့လိုက်ပြီး ...

"မင်းတို့က ကျားရဲသခင်လေးရဲ့ လူတွေလား"

"ကောင်းပြီ ... သမီးကို ဂရုစိုက်ပါနော်"

"စိတ်ချပါ ..."

ချွန်းကုန်းနှင့် ချွန်းနီတို့သည် မြင်းတစ်ကောင်ပေါ်ဆီသို့ ခုန် တက်လိုက်ကြ၏။

ထို့နောက် ချွန်းဂေဟာရှေ့မှ ထွက်ခွာသွားလေသည်။

ချွန်းအန်းသည် သမီးဖြစ်သူအား ငေးကြည့်ရင်း ကျန်ရစ်ခဲ့၏။

သူ၏ရင်ထဲတွင် ဟာတာတာ ခံစားလိုက်ရ၏။

သူသည် မိတဆိုးသမီးလေးအား ငယ်စဉ်ကပင် မိခင်တစ် ယောက်၊ ဖခင်တစ်ယောက်အဖြစ် ရင်အုပ်မခွာ ထိန်းသိမ်းစောင့် ရှောက်ခဲ့၏။

တစ်ကြိမ်မှ မျက်စိအောက်က အပျောက်မခံခဲ့ပါ။

ယခုမူ အချိန်တန်အရွယ်ရောက်၍ သိသင့်သိထိုက်သော ဗဟုသုတများ သိရန် ခွင့်ပြုရချေပြီ။

သမီးမှာ သူ့အပါးမှ ထွက်ခွာသွားပြီဖြစ်၏။

သူ၏ မျက်ဝန်းအိမ်တွင် မျက်ရည်များ ရစ်ဝဲလာ၏။

ချွန်းအန်းသည် သက်ပြင်းတစ်ချက်ချကာ မျက်ရည်များ ထိန်း လိုက်၏။

သူသည် သမီးဖြစ်သူအား သိုင်းလောက ဗဟုသုတရစေရန် စေလွှတ်လိုက်ရသော်လည်း သူက မခွဲနိုင်ပါ။

"ဟူး ..."

ချွန်းအန်းသည် လေပူတစ်ချက် မှုတ်ထုတ်လိုက်၏။

ထို့နောက် ဂေဟာအတွင်း ပြန်လှည့်ဝင်လာခဲ့၏။

သူက ခက်ထန်စွာ မေးလိုက်၏။

အဝါရောင် ဝတ်စုံနှင့်လူက ...

"ဟုတ်တယ်၊ ခင်ဗျားတို့ သိတယ်ဆိုရင် ဒီနေရာက အမြန်ဆုံး ထွက်သွားကြပါ"

"ဟား ... ဟား ... ဟား"

ကွမ်းလုက ရယ်မောလိုက်၏။

"ကောင်းပြီ ... မင်းတို့ သခင်လေးကို ခေါ်လိုက်ပါ"

အဝါရောင်ဝတ်စုံနှင့်လူက ...

"ခင်ဗျားတို့ ဘာကိစ္စရှိလို့လဲ"

ကွမ်းလုက စိတ်မရှည်စွာဖြင့် ...

"စကားရှည်မနေနဲ့၊ ခေါ်မှာသာ ခေါ်လိုက်စမ်းပါ"

ထိုစဉ် ဆူဆူညံညံ အသံကြားလိုက်၍ အခန်းတွင်းမှ ချင်းယွဲ့ ထွက်လာ၏။ သူက ကွမ်းညီနောင်သုံးယောက်အား ကြည့်ကာ ...

"မိတ်ဆွေတို့ ..."

ကွမ်းလုက ခေါင်းခါယမ်းလိုက်၏။

"ကျုပ်တို့က မိတ်ဆွေမဟုတ်ဘူး၊ မင်းတို့ရဲ့သခင်လေးကိုသာ ခေါ်လိုက်စမ်းပါ၊ မဟုတ်ရင် ကျုပ်တို့အထဲဝင်ရလိမ့်မယ်"

ဟု အော်ငေါက်လိုက်၏။

ချင်းယွဲ့မှာ ကွမ်းလု၏ လေသံမျက်နှာပေးကြောင့် ဒေါသ ထွက်လာ၏။

"ခင်ဗျားတို့ ရိုင်းပျလှချည်လား"

သူကပြောပြီး လက်တစ်ချက် ဝှေ့ယမ်းလိုက်၏။

အဝါရောင်ဝတ်စုံနှင့် လူများက ကွမ်းညီနောင်သုံးဖော်အား ဝိုင်းရံထားလိုက်၏။

ချင်းယွဲ့က ...

"ခင်ဗျားတို့ ဒီကအမြန်ဆုံး ထွက်သွားကြပါလို့ ကျုပ် နောက်ဆုံး ပြောပါရစေ"

"ဟား ... ဟား ... ဟား"

ကွမ်းလုက အားရပါးရ ရယ်မောလိုက်၏။

"ကျုပ်တို့လာတာ မင်းတို့ သခင်လေးနဲ့ စာရင်းရှင်းမလို့၊ မင်းတို့က ဟန့်တားမယ်ဆိုရင် မင်းတို့ နောင်တရစေရမယ်"

ချင်းယွဲ့က ပို၍ ဒေါသထွက်လာ၏။

ကွမ်းလုက သူ၏ခါးကြားမှ ဓားလွတ်အား ဆွဲထုတ်လိုက်၏။

"ချွင် ..."

ချင်းယွဲ့သည် စိတ်လျော့လိုက်ဟန်ဖြင့် သက်ပြင်းချလိုက်၏။

"ကျုပ်တို့ သခင်လေး မရှိပါဘူး"

ကွမ်းရှန့်က ...

"မင်း မလိမ်နဲ့ ..."

ချင်းယွဲ့ ...

"ကျုပ်တို့ သခင်လေး ကိစ္စရှိလို့ ခရီးထွက်သွားပါတယ်၊ ကိစ္စသာ ပြောခဲ့ပါ"

ကွမ်းလုက ...

"မင်းတို့ အခုမှ ကြောက်နေပြီပေါ့ ..."

ချင်းယွဲ့က ခေါင်းခါယမ်းလိုက်၏။

ဓားကိုယ်စီဆွဲကာ တိုက်ပွဲအတွင်းသို့ ဝင်ရောက်တိုက်ခိုက်လိုက်လေတော့သည်။

✿ ✿ ✿

ကွမ်းညီနောင်သုံးဖော်မှာ အဆင့်မြင့်သိုင်းသမားများ ဖြစ်၏။

သူတို့သည် တစ်ဦးချင်း သိုင်းပညာ မြင့်မားလှသည့်အတွက် သုံးယောက်ပေါင်း တိုက်ခိုက်လိုက်သောအခါ ပို၍ အစွမ်းထက်မြက်လှပေသည်။

အဝါရောင် ဝတ်စုံနှင့်လူများမှာ ကွမ်းညီနောင်သုံးဖော်၏ ပြိုင်ဘက်များ မဟုတ်ကြပါ။

ထို့ကြောင့် တစ်ခဏအတွင်း ဒဏ်ရာကိုယ်စီ ရကာ တိုက်ခိုက်နိုင်စွမ်း မရှိတော့ပါ။

ချင်းယွဲ့မှာ ဒေါသခြောင်းခြောင်း ထွက်နေ၏။

သို့သော် ... သူကိုယ်တိုင်လည်း ဓားမကိုင်နိုင်တော့ပါ။

သူ၏ ညာဘက်လက်တွင် သွေးချင်းချင်းနီရဲနေ၏။

ကွမ်းလုက မဲ့ပြုံးပြုံးလိုက်၏။

"ကျားရဲသခင်လေးရဲ့ လူတွေကလည်း ဒီလောက်တောင်ပဲ ညံ့ရသလားကွာ"

သူက လှောင်ပြောင်သော လေသံဖြင့် ပြောလိုက်၏။

ချင်းယွဲ့က အံတင်းတင်းကြိတ်လိုက်၏။

"ခင်ဗျားတို့ စော်ကားတဲ့အတွက် နောက်တစ်နေ့မှာ နောင်တ ရစေရမယ်"

"ကျုပ်တို့ ဘယ်သူ့မှ မကြောက်ဘူး"

ကွမ်းလုက ...

"ဒါဖြင့် မင်းတို့ သခင်လေးကို ခေါ်လိုက်စမ်း"

ချင်းယွဲ့က ...

"ကျုပ်ပြောပြီးပြီပဲ၊ ကျုပ်တို့သခင်လေး မရှိဘူး"

ကွမ်းလုက ...

"မယုံဘူး ... ကျုပ်ဝင်ရှာမယ်"

"ဒါဆိုရင်တော့ ကျုပ်တို့ကလည်း တတ်နိုင်သမျှ ဟန့်တား ရမှာပေါ့"

"ဟား ... ဟား ... ဟား"

ကွမ်းလုက ရယ်မောလိုက်ပြန်၏။

"ကောင်းတာပေါ့၊ မင်းတို့ အစွမ်းပြကြစမ်း"

သူက ပြောပြီးသည်နှင့် ဓားအား/ဝှေ့ယမ်းကာ စတင်တိုက်ခိုက်လိုက်၏။

"ဝှစ် ... ဝှစ် ... ဝှစ်"

ကျားရဲသခင်လေး၏ လူများကလည်း ပြန်လည်တိုက်ခိုက်၏။

တစ်ခဏအတွင်း အခန်းတွင်း၌ ပြင်းထန်သော တိုက်ပွဲလေး တစ်ခု ဖြစ်ပေါ်လာလေသည်။

"ယား ..."

"ဝုန်း ..."

"အင့် ..."

ကွမ်းရှန့်နှင့် ကွမ်းစင်းမှာ မနေသာတော့ပါ။

သူက ကြိုးဝါးလိုက်၏။

ကွမ်းစင်းက မျက်မှောင်ကြုတ်ကာ ...

"အစ်ကိုကြီး ကြည့်ရတာတော့ ကျားရဲသခင်လေး ဒီမှာ တကယ်မရှိဘူးထင်တယ်"

ကွမ်းရှုန့် ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်၊ သူရှိနေရင် ထွက်မလာဘဲ နေမှာမဟုတ်ဘူး"

ကွမ်းရှုန့်က ချင်းယွဲ့အား စိုက်ကြည့်လိုက်၏။

"မင်းတို့ သခင်လေး ဘယ်သွားသလဲ"

ချင်းယွဲ့ ပါးစပ်ပိတ်ထားလိုက်၏။

ဝမ်းရှုန့်က ...

"ကောင်းပြီလေ ... မင်းတို့ သခင်လေးကို ပြောလိုက်ပါ၊ ကျုပ်တို့ ဓားလွတ်ဂိုဏ်းက ကွမ်းညီနောင်သုံးဖော်က သူ့ကို စာရင်းရှင်းဖို့ စောင့်နေတယ်လို့"

"ကောင်းပြီ ... ကျုပ် ဆက်ဆက်ပြောလိုက်ပါ့မယ်"

ကွမ်းညီနောင် သုံးဖော်သည် ဘာမှဆက်မပြောတော့ဘဲ အိမ်ဝင်းထဲမှ ထွက်ခွာသွားလေတော့သည်။

နားဦးစို့

ဒုတိယဝိုင်း ဆက်လက်ဖတ်ရှုပါရန်

နန္ဒကျော်သူ

နန္ဒကျော်သူ

မဟာမြိုင် ရွှေဧးကွက်

ဒုတိယပိုင်း

စာမူခွင့်ပြုချက်အမှတ် ၅၀၀၂၁၉၀၃၀၀၅
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၂၁၉၀၃၀၀၅
၂၀၀၅ ခုနှစ်၊
ပထမအကြိမ်၊ အုပ်ရေ–၅၀၀
တန်ဖိုး ၁၀၀/–ကျပ်

ထုတ်ဝေသူ

ဒေါ်မိုးကေခိုင်၊ ချိုတေးသံစာပေ
ရွှေနှံသာကျေးရွာ၊ ပုလဲမြို့(၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ်

ဦးသော်လွင်မြင့် (စန္ဒကူး-ပုံနှိပ်တိုက်)
၉(H) နဝရတ်ရိပ်သာလမ်း၊
မရမ်းကုန်းမြို့နယ်။

မျက်နှာဖုံးပုံနှိပ်

ဦးဝင်းကျော်မိုး (မုံရွေး-ပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅-လမ်း၊ ရန်ကုန်မြို့။

ဒို့တာဝန်အရေးသုံးပါး

- ပြည်ဆောင်စုမဖြိုကွဲရေး — ဒို့အရေး
- ဘိုင်းရင်းဆစ်စည်းလုံးညီညွတ်မှုမဖြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
- မဲဆောသည့် ပွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
- ဖြစ်ပေါ်လာသည့်ပွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး၊

စီးပွားရေးဦးတည်ချက်(၄)ရပ်

- လယ်ယာမြေများကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- လူမှုဝန်ထမ်းစီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ပြည်ထောင်စုစီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

လူမှုရေးဦးတည်ချက်(၄)ရပ်

- အမျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- ကျန်းမာတိုးတက်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာ ပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
- ဒေသဓာတ် ရှင်သန်ထက်မြက်ရေး၊
- အမျိုးသားလုံး ကျန်းမာကြံခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

တံခါးပိတ်ထားတဲ့ ရွာကလေး

ရွာကလေးတစ်ရွာ။

တောင်ခြေရွာကလေးဖြစ်၏။

ရွာကလေးမှာ အိမ်ခြေတစ်ရာခန့်ရှိပြီး ရွာလယ်လမ်းမမှာ ဆောင်ပင် ကျယ်ဝန်းလှ၏။

အချိန်မှာ ဆည်းဆာချိန်သာ ရှိသေး၏။

ယခု ရွာလယ်လမ်းမအတိုင်း လူနှစ်ယောက် လျှောက်လာ၏။

အဘိုးအိုတစ်ယောက်နှင့် လူငယ်တစ်ယောက် ဖြစ်၏။

အဘိုးအိုမှာ လေတံခွန်ဖြစ်ပြီး လူငယ်မှာ ရှိုးယုံဖြစ်၏။

သူတို့သည် တရွေ့ရွေ့လျှောက်လာရင်း ရွာလယ်သို့ ရောက်လာ၏။

လေတံခွန်သည် ရွာလယ်သို့ရောက်လာသည်နှင့် မျက်မှောင်ကုတ်သွား၏။ သူ၏လှုပ်နေသော ခြေလှမ်းများကလည်း တုံ့ခနဲ ရပ်တန့်သွား၏။

ရှီးယုံက ...

"အဘ ... ဘာဖြစ်လို့လဲ"

သူက နားမလည်နိုင်စွာ မေးလိုက်၏။

လေတဲခွန်က ...

"သိပ်ထူးဆန်းတာပဲ"

ရှီးယုံက မျက်မှောင်ကုတ်သွား၏။

"ဘာထူးဆန်းတာလဲ အဘ"

လေတဲခွန်က ...

"ကျုပ်တို့ ရွာလယ်အထိ ရောက်လာပြီ၊ အိမ်တိုင်း တံခါးပိတ်ထားတယ်၊ ညအချိန်လည်း မရောက်သေးဘူး"

ထိုအခါမှပင် ရှီးယုံက သတိပြုမိ၏။

"ဟုတ်သားပဲ"

ရွာထဲရှိ အိမ်တိုင်းလိုလို တံခါးပိတ်ထား၏။

လူသံလည်း တိတ်ဆိတ်နေ၏။

လမ်းမပေါ်တွင် လူမရှိပါချေ။

လူမနေသော ရွာတစ်ရွာနှင့် တူနေ၏။

သို့သော်

ရွာပျက်တစ်ခုနှင့်တော့ မတူပါ။

ရှီးယုံ၏ စိတ်ထဲတွင် ထူးဆန်းသလို ခံစားလိုက်ရ၏။

သူက လေတဲခွန်အားကြည့်ကာ...

"လူမနေတဲ့ ရွာများလား"

လေတဲခွန်က ခေါင်းခါယမ်းလိုက်၏။

"မဟုတ်ဘူး၊ အိမ်တွေက လူပစ်သွားတဲ့ပုံစံ မဟုတ်ဘူး၊ လူတွေက အိမ်ထဲမှာပဲ ရှိရမယ်"

ရှီးယုံက မျက်မှောင်ကုတ်ကာ...

"ဒါဖြင့် ဘာကြောင့် ပုန်းနေရတာလဲ"

ဟု မေးလိုက်၏။

သူ့အမေးအား လေတဲခွန်က ပြန်ဖြေစရာလိုပါ။

သူတို့ရှေ့လမ်းပေါ်တွင် လူဝဝယောက်ခန့် ထွက်ပေါ်လာခြင်းမှာ သူတို့သိလိုသည့် အဖြေဖြစ်သည် မဟုတ်ပါလား။

ထိုလူအားလုံးမှာ လက်နက်ကိုယ်စီ ကိုင်ဆောင်ထား၏။

ရှီးယုံက အံ့အားသင့်သွား၏။

ထိုလူများ၏ ပုံဟန်မှာ ရွာသားများမဟုတ်မှန်း ကောင်းစွာ နားလည်လိုက်၏။

သူ၏ရင်ထဲတွင် လေးလံသွား၏။

နောက်သို့ မသိမသာ လှည့်ကြည့်လိုက်၏။

သူတို့၏နောက်ဘက် လမ်းအား ပိတ်ကာ လူလေးယောက် ရပ်နေ၏။

ရှီးယုံက သက်ပြင်းတစ်ချက်ချလိုက်၏။

ရွာထဲမှာလူများ အဘယ်ကြောင့် အိမ်တံခါးပိတ်ကာ ပုန်းအောင်းနေသည်ကို သူက နားလည်သွား၏။

လေတံခွန်မှာ မလှုပ်မယှက် ရပ်နေ၏။

ရှိုးယုံက ...

"ဒီလူတွေက ဘယ်သူတွေလဲ ဘဘ"

လေတံခွန်က ...

"မသိဘူး၊ ဒါပေမယ့် သူတို့ကိုကြည့်ရတာ ကျုပ်တို့ကို စောင့်ဆိုင်းနေတဲ့ပုံပဲ"

ရှိုးယုံက ထိုလူစုအား အကဲခတ်လိုက်၏။

သူသည် ထိုလူစုထဲမှ တစ်ယောက်အား မှတ်မိလိုက်၏။

တည်းခိုခန်းတွင် တည်းခိုရင်း မျက်နှာဖုံးကျွတ်သွားသဖြင့် သူက ထိုလူအား မှတ်မိလိုက်ခြင်းဖြစ်၏။

"ဘဘ ... သူတို့ကို ကျုပ်သိတဲ့"

သူက လေသံဖြင့် ပြောလိုက်၏။

လေတံခွန်က ...

"ဟုတ်လား၊ ဘယ်သူတွေလဲ"

ရှိုးယုံက ...

"ရွှေဒီးကွက်ဂိုဏ်းက လူတွေပဲ"

လေတံခွန်၏ မျက်နှာ တင်းမာသွား၏။

"ဩော် ... သင်းတို့က လိုက်လာသေးတာကိုး"

သူက ရွှေဒီးကွက်ဂိုဏ်းမှ လူများအား မမှိတ်မသုန်ကြည့်လိုက်၏။

ထိုအချိန်မှာပင် ရွှေဒီးကွက်ဂိုဏ်းမှ လူများသည် သူတို့ထံသွားကာ ခြေလှမ်းဆယ်လှမ်းခန့်အကွာတွင် ရပ်တန့်လိုက်၏။

ရွှေဒီးကွက်ဂိုဏ်းသားများက လေတံခွန်အားကြည့်လိုက်၏။

"အဘိုးကြီး ... ခင်ဗျား ဒီနေရာက အမြန်ဆုံးထွက်သွားရင် ကောင်းမယ်"

ဟု ခြိမ်းခြောက်လိုက်၏။

လေတံခွန်က နှုတ်ခမ်းမဲ့ကာ ...

"မင်းတို့ တော်တော်ရိုင်းစိုင်းပါလား"

ရှိုးယုံက သက်ပြင်းတစ်ချက်ချလိုက်၏။

"ခင်ဗျားတို့ လိုချင်တာ ကျုပ်ပဲ မဟုတ်လား"

သူက အေးအေးဆေးဆေးပင် မေးလိုက်၏။

ရွှေဒီးကွက်ဂိုဏ်းသားက ...

"ဟုတ်တယ်"

ရှိုးယုံက ...

"နောက်ကော ဘာကိစ္စရှိသေးသလဲ"

ရွှေဒီးကွက်ဂိုဏ်းသားက ...

"နောက်ကိစ္စတစ်ခုကတော့ မင်းကို ငရဲပြည်နဲ့ သေရွာကို ပေးရမယ်လို့ အမိန့်ရထားတယ်"

"ဟား ... ဟား ... ဟား ..."

သူ၏စကားကြောင့် ကျန်ဂိုဏ်းသားများက အားရပါးရ ရယ်မောလိုက်၏။

ရိုးယုံက အံတင်းတင်းကြိတ်လိုက်၏။

"ကောင်းပြီ၊ မင်းတို့ကပဲ ငရဲပြည်ပို့နိုင်မလား၊ ကျုပ်ကဲ့ ငရဲပြည်ပို့ပေးရမလားဆိုတာ ကြည့်ရသေးတာပေါ့"

သူကပြောပြီး ဓားဆွဲထုတ်လိုက်၏။

"ချွင်..."

လေတဲခွန်က...

"ငါ့တူ...မင်း နောက်ဆုတ်လိုက်စမ်း"

ဟု ဟန့်တားလိုက်၏။

ရိုးယုံက ဦးညွှတ်ကာ...

"အဘကို ကျေးဇူးတင်ပါတယ်၊ ဒီကိစ္စမှာ အဘနဲ့ မပတ်သက်တဲ့အတွက် ထွက်သွားနိုင်ပါတယ်"

ရွှေဇီးကွက်ဂိုဏ်းသားက...

"ဟုတ်တယ်၊ ခင်ဗျား မြန်မြန်ထွက်သွားစမ်း"

လေတဲခွန်က ခေါင်းခါယမ်းလိုက်၏။

"ကျုပ်က ထွက်သွားချင်ပါတယ်၊ ဒါပေမယ့် မဖြစ်သေးဘူး ကျုပ်က ကိုးချမ်းကို ကတိပေးပြီးပြီကွယ်"

ရိုးယုံက သက်ပြင်းတစ်ချက်ချလိုက်၏။

"အဘရဲ့ စေတနာကို နားလည်ပါတယ်၊ သူတို့က အခု အင်အားများတယ်၊ ဒါကြောင့် အချိန်ရှိတုန်း အဘ ထွက်သွားတာ အကောင်းဆုံးပဲ"

လေတဲခွန်က ဘာမျှ မပြောတော့ပါ။

သူက ရှေ့သို့ ခြေလှမ်းလှမ်းလိုက်၏။

ရွှေဇီးကွက်ဂိုဏ်းသားများအား စိုက်ကြည့်ကာ...

"မင်းတို့က ရွှေဇီးကွက်ဂိုဏ်းက ဟုတ်လား"

သူ အေးအေးဆေးဆေးပင် မေးလိုက်၏။

ရွှေဇီးကွက်ဂိုဏ်းသားက...

"ဟုတ်တယ်"

လေတဲခွန်က ခေါင်းတဆတ်ဆတ် ညိတ်လိုက်၏။

"ကောင်းတယ်၊ ရွှေဇီးကွက်ဂိုဏ်းကို ကျုပ်က ဆုံးမချင်နေတာ ကြာပြီ"

သူက အေးစက်စွာ ပြောလိုက်၏။

သူ၏စကားကြောင့် ရွှေဇီးကွက်ဂိုဏ်းသားများမှာ ဒေါသ ခြောင်းခြောင်း ထွက်လာ၏။

"ဟေ့...အားလုံး တိုက်ကြစမ်း"

တစ်ယောက်က ကျယ်လောင်စွာ အော်လိုက်၏။

အော်သံဆုံးသွားသည်နှင့် ရွှေဇီးကွက် ဂိုဏ်းသားများသည် လက်နက်ကိုယ်စီ ဝှေ့ယမ်းကာ လေတဲခွန်တို့အား ဝင်ရောက်တိုက်ခိုက်လိုက်လေတော့သည်။



"ဝုန်း..."

"အား..."

"အား..."

လေတံခွန်၏ လူပ်ရှားမှုမှာ သွက်လက်လှ၏။

ရှေ့ဆုံးမှ ပြေးဝင်လာသော ရွှေဇီးကွက်ဂိုဏ်းသားနှစ်ယောက်မှာ အဝေးသို့ လွင့်စဉ်သွား၏။

လေတံခွန်က ဆက်တိုက်ပင် အနီးသို့ရောက်လာသည့် ရွှေဇီးကွက်ဂိုဏ်းသားထံသို့ ခုန်ဝင်ကာ ဓားကို လုယူလိုက်၏။

ထို့နောက် ညာခြေဖြင့် ပတ်ကန်လိုက်ရာ...

"ဝုန်း..."

ရွှေဇီးကွက်ဂိုဏ်းသားမှာ လွင့်စဉ်သွား၏။

ရှိုးယုံက အံ့အားသင့်သွား၏။

လေတံခွန်၏ သိုင်းပညာမှာ မြင့်မားလှသည် မဟုတ်ပါလား။

သူကြည့်နေစဉ်မှာပင် ရွှေဇီးကွက်ဂိုဏ်းသားနှစ်ယောက်က သူ့ထံ ခုန်ဝင်လာသဖြင့် သူက မနေနိုင်တော့ပါ။

ဓားအား ဝှေ့ယမ်းကာ ပြန်လည်တိုက်ခိုက်ရလေသည်။

တစ်ခဏအတွင်းမှာပင် ပြင်းထန်သောတိုက်ပွဲတစ်ခုဖြစ်ပေါ်လာလေတော့သည်။

❖ ❖ ❖

ရွှေဇီးကွက်ဂိုဏ်းသားများသည် အင်အားကိုအသုံးပြုကာ တရကြမ်း ဝိုင်းရံတိုက်ခိုက်လိုက်ကြ၏။

လေတံခွန်က ပြုံးလိုက်၏။

သူသည် ခန္ဓာကိုယ်အား ပတ်ချာလည်လှည့်ကာ ရွှေဇီးကွက်ဂိုဏ်းသားများအား တိုက်ခိုက်လိုက်၏။

သူ၏လူပ်ရှားမှုမှာ အသက်အရွယ်နှင့် မလိုက်ပေ။

သူသည် ရှိုးယုံကဲ့သို့ လူငယ်တစ်ဦးထက်ပင် အဆများစွာ ပို၍ လျင်မြန်ဖျတ်လတ်လှ၏။

သူ၏ကိုယ်ဖော့ပညာမှာ နာမည်နှင့်လိုက်အောင်ပင် ထက်မြက်လှ၏။

လေတံခွန်၏ သွက်လက်သောတိုက်ကွက်များကို ရွှေဇီးကွက်ဂိုဏ်းသားများက မခုခံနိုင်ပါချေ။

အရေအတွက်သည် အရည်အချင်းမဟုတ်ပါ။

ရွှေဇီးကွက်ဂိုဏ်းသားများသည် အရေအတွက်အားဖြင့် များပြားလှသော်လည်း သိုင်းပညာအဆင့်မမြင့်လှပါ။

ထို့ကြောင့် သိုင်းပညာမြင့်မားလှသော လေတံခွန်နှင့် တိုက်ခိုက်ရသောအခါ တစ်ယောက်ပြီးတစ်ယောက် ဒဏ်ရာရကာ တိုက်ပွဲအတွင်းမှ ထွက်သွားရလေသည်။

အချိန်များ တရွေ့ရွေ့ကုန်ဆုံးသွား၏။

အမွေးတိုင်တစ်တိုင်ခန့် အချိန်ကုန်သွားသောအခါ ရွှေဇီးကွက်

"ကျုပ်တို့ ဟိုကို အမြန်ဆုံးရောက်မှဖြစ်မယ်"
ရှီးယုံက...
"ဘာဖြစ်လို့လဲ အဘ"
သူက နားမလည်သဖြင့် ပြန်မေးလိုက်၏။
လေတံခွန်က...
"လမ်းမှာ ရွှေဇီးကွက်ဂိုဏ်းက ကျုပ်တို့ကို စောင့်ပြီး တိုက်ခိုက်ခဲ့တယ်မဟုတ်လား၊ ဒါကြောင့် ဟိုကိုလည်း ရောက်မနေဘူး မပြောနိုင်ဘူး၊ ဟိုမှာလည်း အန္တရာယ်ရှိနေနိုင်တယ်"
"ဗျာ..."
ရှီးယုံက မျက်လုံးပြူးသွား၏။
သူက ထိတ်လန့်စွာ ရေရွတ်လိုက်၏။
လေတံခွန်က...
"အဲဒီလောက်လည်း မစိုးရိမ်ပါနဲ့၊ ဟိုမှာ ဟုန်စဲ့ရှိနေတာပဲ၊ ကယ်လို့ ရန်သူရောက်လာရင် သူက အထိုက်အလျောက်တော့ ခံနိုင်မှာပါ"
ရှီးယုံက အံတင်းတင်းကြိတ်လိုက်၏။
"ကျုပ်မနားတော့ဘူး၊ ဟိုကို အမြန်ဆုံးခရီးဆက်ကြမယ်၊ ဘယ်လောက် လိုသေးလဲ အဘ"
လေတံခွန်က...
"ဒီတစ်ညလုံး ခရီးဆက်ရင်တော့ မနက်စောစော ရောက်နိုင်သင့်မယ်"

ဂိုဏ်းသားများအားလုံး ဒဏ်ရာကိုယ်စီရကာ အကောင်းပကတိ မရှိကြတော့ပါ။

ရွှေဇီးကွက်ဂိုဏ်းသားများအားလုံးမှာ ရွာလယ်လမ်းမပေါ်တွင် လဲကျနေကြ၏။

သူတို့၏မျက်နှာပေါ်တွင် ကြောက်လန့်သော ဟန်မူရာများ ပေါ်တွင်နေ၏။

လေတံခွန်က...
"မင်းတို့အားလုံးပဲ ရွှေဇီးကွက်ဂိုဏ်းသားများမှာ နောက်တစ်ကြိမ် ထပ်တွေ့ရမယ်ဆိုရင်တော့ ကျုပ်အဆိုးမခံဘိုနဲ့"
ဟု ခြိမ်းခြောက်လိုက်၏။
ထို့နောက် ရှီးယုံ၏လက်အားဆွဲကာ ရွာကလေးထဲမှ လျင်မြန်စွာ ထွက်ခွာလာခဲ့လေတော့သည်။

❖ ❖ ❖

လေတံခွန်သည် လျင်မြန်စွာသွားနေ၏။
သူ့နောက်မှ ရှီးယုံမှာ နောက်မှ မနည်းလိုက်နေရ၏။
"အဘ...ခဏနားပါရစေ"
ရှီးယုံမှာ မခံနိုင်လွန်းသဖြင့် တောင်းပန်လိုက်၏။
လေတံခွန်က သက်ပြင်းတစ်ချက်ချလိုက်၏။
သူက ရှီးယုံ၏လက်အား လွှတ်ပေးကာ...

ရှီးယုံက...

"ကောင်းပြီ...ဒါဖြင့် ကျုပ်တို့ထွက်သွားကြမယ်"

လေတံခွန်နှင့် ရှီးယုံသည် ကိုယ်ဖော့ပညာအသုံးကာ ပြေးလွှား သွားကြလေတော့သည်။

❖ ❖ ❖

သိုင်းသမားကောင်း စိတ်ဓာတ်

ကျားရဲသခင်လေး။

သူသည် ခေါင်းငိုက်စိုက်ချကာ လမ်းလျှောက်နေ၏။

သူ၏ဦးခေါင်းတစ်ခုလုံး တင်းကြပ်နေသလို ခံစားရ၏။

သူသည် ငယ်စဉ်ကပင် တောင်ပေါ်ဒေသရှိ လူထူးလူဆန်း ဘစ်ဦးထံတွင် ဒုက္ခမျိုးစုံခံကာ သိုင်းပညာသင်ကြားခဲ့၏။

သိုင်းပညာပြည့်စုံသောအခါ ဆရာဖြစ်သူ၏ခွင့်ပြုချက်ဖြင့် ပြည်မသို့ ဆင်းလာခဲ့၏။

ပြည်မသို့ရောက်သောအခါ သိုင်းလောကတွင် ကျော်ကြားရန် ာ လွယ်ကူသော ကိစ္စမဟုတ်မှန်း နားလည်လိုက်၏။

သူသည် အချိန်တိုအတွင်း အမြန်ဆုံး ကျော်ကြားချင်၏။

ထိုသို့အချိန်တိုအတွင်း ကျော်ကြားရန် လမ်းစရှာမှေရာမှ နည်း ာမ်းတစ်ခုကို တွေ့လိုက်ရ၏။

ထိုနည်းလမ်းမှာ အခြားမဟုတ်ပါ။

သိုင်းလောကဌ် ကျော်ကြားနေသူများကို စိန်ခေါ်ယှဉ်ပြိုင် တိုက်ခိုက်ခြင်း အနိုင်ယူခြင်းဖြင့် ကျော်ကြားမှုကို ရယူရန်ဖြစ်၏။

သူသည် ထိုနည်းလမ်းအတိုင်းပင် လုပ်ဆောင်ခဲ့၏။

ကျော်ကြားသော သိုင်းသမားများကို တစ်ယောက်ပြီး တစ်ယောက် စိန်ခေါ်အနိုင်ယူခဲ့၏။

ဤနည်းဖြင့် သူ၏နာမည်သည် အထိုက်အလျောက် ကျော်ကြားလာ၏။

အနိုင်ရရှိမှုအတွက် စိတ်ကျေနပ်နှစ်သိမ့်မှုများကိုလည်း ခံစားယစ်မူးနေမိ၏။

ယနေ့ သူက တစ်ကိုယ်တော် သိုင်းသမား ဟုန်စဲ့အား အနိုင်ရရှိခဲ့၏။

သို့သော်...

သူက ဝမ်းမသာနိုင်ပါ။

ယခင်ကကဲ့သို့ စိတ်ကျေနပ်နှစ်သိမ့်မှု၊ ပီတိဖြစ်မှုတို့ကိုလည်း မခံစားရပါ။

ထိုအရာများအစား ရုက်စိတ်တို့ အစားထိုးဝင်ရောက်လာ၏။

သူသည် ဟုန်စဲ့အပေါ် လေးစားမိ၏။

ဟုန်စဲ့မှာ သိုင်းသမားကောင်းတစ်ယောက်ဖြစ်မှန်း ပို၍ နားလည်လာ၏။

ဟုန်စဲ့သည် ကျော်ကြားမှု၊ ဂုဏ်သိက္ခာ စသည့်အရာများထင်

ခံတ်ဆွေနှင့်တာဝန်ကို အလေးထားသူဖြစ်ကြောင်း သူကောင်းကောင်း သိလာရ၏။

ထို့ကြောင့် အနိုင်ရသည့်အတွက် ဝမ်းမသာပါ။

ဟုန်စဲ့အား ဒဏ်ရာရအောင် ပြုလုပ်လိုက်မိသည့်အတွက်လည်း မိမိကိုယ်မိမိ ရှက်နေ၏။

သူ၏ သိုင်းပညာထက်မြက်သည်မှာ မှန်၏။

သို့သော်...

ဟုန်စဲ့ကဲ့သို့ တည်ငြိမ်လွန်းသူတစ်ယောက်နှင့် ယှဉ်ပြိုင်လျှင်...

"ဟူး"

ကျား‌ရဲသခင်လေးက လေပူတစ်ချက် မှုတ်ထုတ်လိုက်၏။

သူသည် ခဏခဏ သက်ပြင်းချနေမိ၏။

သူသည် ကျော်ကြားမှုရအောင် ဖြတ်လမ်းနည်းဖြင့် ဆောင်ရွက်ခြင်းမှာ တရားမျှမှုရှိပါသလောဟု ဆန်းစစ်မိ၏။

အတွေးများမှာ သူ့ခေါင်းထဲတွင် ချာချာလည်နေ၏။

ကျား‌ရဲသခင်လေးသည် မနေနိုင်တော့ပါ။

အတွေးစများအား ဖြတ်တောက်လိုက်၏။

ဟုန်စဲ့ထံမှ ကျောခိုင်းထွက်လာသောအခါ သူ့ရင်ထဲတွင် လေးလံသောခံစားချက်များ တစ်ပါတည်း ပါလာ၏။

သူသည် သက်ပြင်းတစ်ချက်ချကာ သစ်ပင်တွင်ချည်နှောင်ထားသော မြင်းအား ဖြုတ်ယူလိုက်၏။

ထို့နောက် မြင်းပေါ် လွှားခနဲတက်ကာ ထိုနေရာမှ ဒုန်းစိုင်းထွက်ခွာလာခဲ့လေတော့သည်။

❖ ❖ ❖

"ခွပ်...ခွပ်...ခွပ်"

ကျားရဲသခင်လေးသည် မြင်းအား ဒုန်းစိုင်းမောင်းနှင်နေ၏။ ညဲ့အမှောင်ထုမှာ သိပ်သည်းလွန်းလှ၏။

လရောင်သည် ထူထပ်သော သစ်ပင်ရိပ်ကိုဖောက်ထွက်ကာ ကျနေသော်လည်း အလင်းရောင်သဲကွဲမှု မရှိပါ။

ကျားရဲသခင်လေးသည် တောလမ်းအတိုင်း မြင်းကို အသော့နှင်နေမိ၏။

သူသည် လုံကွမ်းမြို့သို့ပြန်ကာ ငယ်သားများကိုခေါ်ပြီး တစ်နေရာတွင် အခြေချနေထိုင်ရန် စိတ်ကူးမိ၏။

ယခု သူ၏အမည်မှာ အထိုက်အလျောက် ကျော်ကြားမှုရှိနေပြီ ဖြစ်၏။

သူသည် မူလက ဆုံးဖြတ်ထားသလို စိန်ခေါ်တိုက်ခိုက်မှုများ မလုပ်တော့ဘဲ ရပ်တန့်ပစ်ရန် ဆုံးဖြတ်မိ၏။

ကျားရဲသခင်လေးသည် စိတ်ကူးဖြင့် တွေးတောရင်း ခရီးဆက်လာရာ ညဉ့်နက်သန်းခေါင်သို့ ရောက်ရှိလာ၏။

ထိုစဉ်...

"ခွပ်...ခွပ်...ခွပ်"

လမ်းအရှေ့ဘက်မှ မြင်းခွာသံများ ဆူညံစွာထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

ကျားရဲသခင်လေးက ရင်ထိတ်သွား၏။

မြင်းခွာသံများမှာ များပြားလှ၏။

သူသည် မြင်းခွာသံအား နားထောင်ကာ စိတ်မှန်းဖြင့် ရေတွက်လိုက်၏။

"တစ်ကောင်...နှစ်ကောင်...သုံးကောင်"

"ဆယ်ကောင်...ဆယ့်နှစ်ကောင်"

"နှစ်ဆယ့်ကိုး...သုံးဆယ်"

သူက မျက်မှောင်ကြုတ်သွား၏။

မြင်းကောင်ရေ သုံးဆယ်ခန့်ရှိမည်ဟု ခန့်မှန်းမိ၏။

"ထူးဆန်းလှချည်လား"

သူက ရေတွက်လိုက်၏။

"မြင်းတော်တော်များတာပဲ၊ ဒီလမ်းကို အာမခံဌာနသားတွေလည်း အသုံးမပြုပါဘူး၊ ဘယ်သူတွေများပါလိမ့်"

သူက တွေးရင်း မြင်းကို ရပ်တန့်လိုက်၏။

မြင်းခွာသံများ ပို၍ဆူညံလာ၏။

တဖြည်းဖြည်း နီးကပ်လာပြီဖြစ်၏။

ကျားရဲသခင်လေးသည် မြင်းအား ချုံကြားထဲသို့ မောင်းသွင်းလိုက်၏။

ထို့နောက် ချုံကွယ်တွင် ပုန်းအောင်းစောင့်ကြည့်လိုက်၏။

မြင်းခွာသံများ ပို၍ဆူညံလာ၏။

မကြာမီ သူ့ရှေ့လမ်းပေါ်၌ မြင်းများ တစ်ကောင်ပြီး တစ်ကောင် ကျော်ဖြတ်သွားကြ၏။

စုစုပေါင်း မြင်းသုံးဆယ်နှင့် လူအယောက်သုံးဆယ်ဖြစ်၏။

အားလုံး လက်နက်အသီးသီး ကိုင်ဆောင်ထား၏။

ဝန်းကျင်တစ်ခုလုံး အလင်းရောင် မသဲကွဲသဖြင့် မျက်နှာများကို ကောင်းစွာ မမြင်ရပေ။

မြင်းခွာသံများ တဖြည်းဖြည်းဝေး၍ ပျောက်ကွယ်သွား၏။

ကျားရဲသခင်လေးသည် ပုန်းကွယ်နေရာမှ ထွက်လာ၏။

"ဘယ်သူတွေပါလိမ့်...ကြည့်ရတာတော့ အရေးတကြီး ခရီးသွားနေပုံပဲ"

သူက တီးတိုးရေရွတ်ကာ မြင်းပေါ်တက်၍ ရှေ့သို့ ခရီးဆက်လက် ထွက်ခွာလာခဲ့လေသည်။

ကျားရဲသခင်လေးသည် အေးအေးဆေးဆေးပင် ခရီးဆက်လာ၏။

ထိုသို့ ခရီးဆက်ရင်း သူတွေ့ခဲ့သည့် လူစုအကြောင်း တွေးနေမိ၏။

"ဒီလူတွေ ဒီလောက်ခေါင်တဲ့ လမ်းက ဘာဖြစ်လို့ သွားရသလဲ၊ ဘယ်ကိုသွားမှာလဲ"

"ဒီကနေသွားရင် ဘယ်ကိုရောက်မှာလဲ"

ကျားရဲသခင်လေးသည် တွေးရင်း တစ်စုံတစ်ရာအား သတိရသွား၏။

"ဟင်..."

သူက မျက်လုံးပြူးသွား၏။

ရင်လည်း ထိတ်သွား၏။

သူက မြင်းကေကြိုးအားဆွဲကာ တုံ့ခနဲရပ်လိုက်၏။

"ဒီလူတွေက ဟုန်စုံဆီသွားတာလား...ဒုက္ခပဲ၊...ဒီလောက်များတဲ့ ရန်သူတွေကို ဟုန်စုံတို့ ခုခံနိုင်ပါ့မလား"

ကျားရဲသခင်လေးက သုက်ပြင်းတစ်ချက်ချလိုက်၏။

"ရန်သူလည်း ဟုတ်ချင်မှ ဟုတ်မှပေါ့"

သူက စိတ်ကိုဖြေသိမ့်လို ရေရွတ်လိုက်၏။

"ရန်သူဖြစ်နေရင်ကော ဘယ်လိုလုပ်မလဲ"

ကျားရဲသခင်လေးသည် တွေးရင်း ကြက်သီးများထလာ၏။

"ဟုန်စုံမှာ ငါ့ကြောင့် ဒဏ်ရာရနေတယ်၊ ရန်သူသာဆိုရင် သူရင်ဆိုင်နိုင်မှာမဟုတ်ဘူး၊ မဖြစ်ဘူး..."

သူက အံကြိတ်လိုက်၏။

"ဟိုင်းယား..."

မြင်းအား ချက်ချင်းနောက်ပြန်လှည့်လာ ဒုန်းစိုင်းမောင်းနှင်သွားလေတော့သည်။

❖ ❖ ❖

ရှောင်လွှဲမရတဲ့ ကံကြမ္မာ

လေနုအေးကလေး ဝှေ့ယမ်းတိုက်ခိုက်နေ၏။
ငေးအဝေ့တွင် မီးအိမ်မှာ ယိမ်းနွဲ့လှုပ်ရှားနေ၏။
မီးရောင်အောက်တွင် အိမ်ကလေးထဲမှ အရိပ်များ ယိမ်းထိုးနေ၏။

အိမ်ကလေးထဲတွင် လူသုံးယောက် ထိုင်နေ၏။
ညဉ့်နက်လှပြီဖြစ်သော်လည်း သူတို့က မအိပ်ကြသေးပါ။
ထိုလူသုံးယောက်မှာ ဟုန်စုံ၊ ရှိုးကျွန်နှင့် ရှိုးယွမ်တို့ဖြစ်၏။
ဟုန်စုံ၏ ညာဘက်ပခုံးတွင် ပတ်တီးတစ်စု စည်းနှောင်ထား၏။
ပတ်တီး၏ အချို့နေရာများတွင် အနီရောင်သွေးစွန်းနေ၏။
ဟုန်စုံ၏ မျက်နှာမှာ ဒဏ်ရာကြောင့် ဖြူရော်နေ၏။
ရှိုးယွမ်က...
"ဦးက ကျားရဲသခင်လေးတိုက်ခိုက်တာကို ဘာဖြစ်လို့ မရှောင်ဘဲနေ"

သူက အားမလိုအားမရ မေးလိုက်၏။

ဟုန်စံက သက်ပြင်းတစ်ချက်ချလိုက်၏။

"ကျုပ်သာ ရှောင်တမ်းလိုက်ရင် သူ့နဲ့ မလွဲမသွေ တိုက်ခိုက်ရတော့မှာပဲ"

ရှီးယွမ်က...

"ဦးက သူ့ကို ရှုံးနိမ့်နိုင်လား"

ဟုန်စံက...

"အတိအကျတော့ မပြောနိုင်ဘူး၊ ဒါပေမယ့် တိုက်ခိုက်မှုဖြစ်လာရင် ရပ်တန့်လို့ရမှာမဟုတ်ဘူး၊ ကျားရဲသခင်လေးနဲ့ ယှဉ်ပြိုင်တဲ့လူဟာ သေရင်သေ၊ ဒါမှမဟုတ်ရင်တော့ သူသေမှာပဲ"

ရှီးယွမ်က နားမလည်ပါချေ။

"ဘာဖြစ်လို့လဲဗျ"

ဟုန်စံက...

"ကျားရဲသခင်လေးရဲ့ သိုင်းကွက်တွေက အသေအရှင်ပဲ ဦးတည်တယ်၊ ဒါကြောင့် ယှဉ်ပြိုင်လိုက်ပြီဆိုတာနဲ့ တစ်ယောက်မဟုတ်တစ်ယောက်က ကျိန်းသေ အသက်ဆုံးရှုံးမှာပဲ"

"သြော်..."

ရှီးယွမ်က ပင့်သက်တစ်ချက်ရှိုက်လိုက်၏။

ဟုန်စံက...

"သူက လေ့ကျင့်ခဲ့ရတဲ့ သိုင်းကွက်တွေရဲ့ ရက်စက်ကြမ်းကြုတ်

ကြောင့် စိတ်ကပါ ရက်စက်နေတာပါ၊ တကယ်တော့ သူ့ရဲ့ အတွင်းစိတ်မှာ စိတ်ထားကောင်းတွေရှိပါတယ်၊ ကျားက ဓား တစ်ချက် အထိခံလိုက်တဲ့အတွက် သူအများကြီး အသိတရားရလိမ့်မယ်လို့ မျှော်လင့်ရတာပဲ"

ရှီးယွမ်က...

"ဦးက သူ့အတွက် စဉ်းစားပေးတာ ဘာဖြစ်နေလို့လဲ"

ဟုန်စံက...

"ကျားရဲသခင်လေးဟာ သိုင်းပညာအင်မတန်တော်ပြီး အရွယ်ငယ်သူကောင်းတယ်၊ သူ့လိုလူငယ်တစ်ယောက်ကို လမ်းမှားမရောက်အောင်ဆွဲချင်ဘူး၊ သူက အဖြူရောင်သိုင်းသမားဖြစ်နေမှသာ သိုင်းလောကအတွက် အကျိုးရှိမယ်၊ တကယ်လို့ သူက အနက်ရောင် သိုင်းသမားဖြစ်သွားမယ်ဆိုရင်တော့ သိုင်းလောကအတွက် ကြီးမားတဲ့အန္တရာယ်ပဲပဲ၊ တကယ်ဆိုရင် ကျားရဲသခင်လေးက အင်မတန် အရည်အချင်းရှိတဲ့ လူငယ်တစ်ယောက်ပါ၊ ကျုပ် သူ့ကို လေးစားပါတယ်"

ရှီးယွမ်သည် ဟုန်စံ၏စကားကို နားထောင်ရင်း ဟုန်စံအပေါ် ကြည်ညိုလေးစားလာ၏။

ဟုန်စံသည် လက်ရုံးရည်သာမက နှလုံးရည်နှင့်ပါ ပြည့်စုံသည့် သိုင်းသမားကောင်းတစ်ယောက် ဖြစ်၏။

ရှီးကျွန်က...

"ကဲ ဟုန်စံ ညဉ့်နက်လှပြီ၊ ခင်ဗျားအနားယူရင် ကောင်းမယ်ထင်တယ်"

ဟုန်စဲ့က ခေါင်းညိတ်လိုက်၏။

"ဟုတ်ကဲ့...ခင်ဗျားတို့လည်း အနားယူကြပါဦး၊ ကျွန်ုပ်ဒဏ်ရာအတွက် မစိုးရိမ်ကြပါနဲ့၊ တစ်ပတ်လောက် ငြိမ်ငြိမ်နေလိုက်ရင် သက်သာသွားမှာပါ"

သူက ပြောပြီး ထရပ်လိုက်၏။

ထိုစဉ်...

"ခွပ်...ခွပ်...ခွပ်"

မြင်းခွာသံများ မိုးပြိုမတတ်ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

ဟုန်စဲ့၏မျက်နှာ ကွက်ခနဲပျက်သွား၏။

"ဝုန်း..."

ရုတ်တရက် တံခါးပွင့်ကာ ရှောင်လုံ ပြေးဝင်လာ၏။

"ဆရာ...အပြင်မှာ ရန်သူတွေရောက်နေပြီ"

ဟု သတင်းပို့လိုက်၏။

ဟုန်စဲ့က အံတင်းတင်းကြိတ်လိုက်၏။

"သူတို့ ဒီနေရာအထိ ခြေရာခံနိုင်ခဲ့ပြီပဲ"

သူက တစ်လုံးချင်းပြောလိုက်ပြီး ပြတင်းပေါက်အနီး လျှောက်သွားကာ အပြင်သို့ လှမ်းကြည့်လိုက်၏။

အပြင်ဘက်တွင် မြင်းစီးသမားများ တန်းစီရပ်နေကြ၏။

မြင်းစီးသမားအချို့က မီးတိုင်များစိုက်ထူလိုက်ကြရာ ပတ်ဝန်းကျင်တစ်ခုလုံး လင်းထိန်သွားလေသည်။

ရှေ့ဆုံးမြင်းပေါ်မှ လူတစ်ယောက် ခုန်ဆင်းလာ၏။

ရိစန်းကို ဖြစ်၏။

ဓားကောက်မှုတိကလည်း မြင်းပေါ်မှ ခုန်ဆင်းကာ သူနှင့်ခုံးချင်း ယှဉ်ကာရပ်လိုက်၏။

"မိတ်ဆွေတို့ ထွက်လာခဲ့ကြပါ"

ရိစန်းကို့က အော်လိုက်၏။

ဟုန်စဲ့သည် ရှိုးကျွန်တို့ဘက်လှည့်ကာ အသံတိုးတိုးဖြင့်...

"ကျုပ် အခြေအနေထွက်ကြည့်လိုက်ဦးမယ်၊ ခင်ဗျားတို့ ဒီမှာနေခဲ့ပါ၊ အခြေအနေမဟန်ရင် နောက်ဖေးပေါက်ကနေ ထွက်ပြေးကြပေတော့"

သူက မှာကြားလိုက်၏။

ထို့နောက် အိမ်တံခါးဖွင့်ကာ အပြင်သို့လှမ်းထွက်လိုက်၏။

သူသည် ရိစန်းကို့နှင့် ဝါးတစ်ရိုက်ခန့်အကွာအထိ တစ်လှမ်းခုံး လျှောက်သွားလိုက်၏။

သူက ခြေလှမ်းရပ်ပြီး ရိစန်းကို့အား စိုက်ကြည့်ကာ...

"မင်း ဘယ်သူလဲ...ဘာကိစ္စရောက်လာရတာလဲ"

ဟု အေးတိအေးစက် မေးလိုက်၏။

ရိစန်းကို့က...

"ခင်ဗျားက ဟုန်စဲ့ မဟုတ်လား"

သူက အမေးကိုမဖြေဘဲ ပြန်မေးလိုက်၏။

"ဟုတ်တယ်"

ဟုန်စဲ့က ရိစန်းကို့အား စိုက်ကြည့်ကာ...

"မင်း ဘယ်သူလဲ"

ရိစန်းကို့က လက်နှစ်ဖက်ဆုပ်ကာ...

"ကျုပ်နာမည် ရိစန်းကို့ပါ၊ ရွှေဇီးကွက်ဂိုဏ်းကပါ"

ဟုန်စဲ့က...

"မင်းတို့ ရွှေဇီးကွက်ဂိုဏ်းနဲ့ ကျုပ်နဲ့ ဘာပြဿနာရှိသလဲ"

ရိစန်းကို့က...

"မိတ်ဆွေနဲ့ ဘာပြဿနာမှမရှိပါဘူး...ဒါပေမယ့်..."

သူက အိမ်ကလေးဆီသို့ တစ်ချက်လှမ်းကြည့်ကာ စကား ဆက်လိုက်၏။

"မိတ်ဆွေ အကာအကွယ်ပေးနေတဲ့လူတွေနဲ့တော့ ပြဿနာ ရှိနေတယ်"

ဟုန်စဲ့က မျက်မှောင်ကြုတ်သွား၏။

"ကျုပ် အကာအကွယ်ပေးနေတဲ့လူတွေ ဟုတ်လား၊ ဘယ်သူ တွေလဲဗျ"

သူက မသိသလို ပြန်မေးလိုက်၏။

"ရိုးမိသားစုပါ"

ရိစန်းကို့က ပြန်ဖြေလိုက်၏။

ဟုန်စဲ့က ခေါင်းခါယမ်းလိုက်၏။

"မင်းတို့ မှားနေပြီ၊ သူတို့ကို ကျုပ်မသိဘူး"

"ဟင်း...ဟင်း...ဟင်း"

ရိစန်းကို့က ရယ်မောလိုက်၏။

"ဒါဖြင့် ကျုပ်တို့ အိမ်ထဲဝင်ရှာပါရစေ"

ဟုန်စဲ့၏ မျက်နှာ တင်းမာသွား၏။

"ကျုပ်အိမ်ထဲကို ဘယ်သူမှ ဝင်ရှာခွင့်မပြုနိုင်ဘူး"

ရိစန်းကို့က...

"ခင်ဗျားက ပြဿနာဖြစ်အောင် ဖန်တီးနေတာလား"

သူက အေးတိအေးစက်မေးလိုက်၏။

ဟုန်စဲ့က...

"ကျုပ်က ပြဿနာကို ဖန်တီးတာမဟုတ်ဘူး၊ မင်းတို့က ပြဿနာကို ယူလာတာပါ"

သူက လုံးဝ အရေးမစိုက်ဟန်ဖြင့် ဖြေလိုက်၏။

ဓားကောက်မူတိက စိတ်မရှည်တော့ပါ။

"ဟုန်စဲ့...ခင်ဗျားကို ကျုပ်တို့က ကြောက်နေတယ်လို့ မထင်လိုက်ပါနဲ့"

ဟု ဝင်ပြောလိုက်၏။

ဟုန်စဲ့က ဓားကောက်မူတိဘက်လှည့်ကာ...

"ဩော်...ကောက်ကျစ်တဲ့မြွေခွေးလိုကောင်လည်း ပါလာတာကိုး"

ဓားကောက်မူတို၏ မျက်နှာ နီရဲသွား၏။

ရီစန်းကို့က...

"မိတ်ဆွေ... ရွှေဖီးကွက်ဂိုဏ်းကိုထောက်ထားပြီး ဒီနေရာက ထွက်သွားပါ"

သူက ဂိုဏ်း၏အရိုန်အဝါကိုသုံးကာ ခြိမ်းခြောက်လိုက်၏။

ဟုန်စဲ့က နာခေါင်းရှဲ့လိုက်၏။

သူက မြေကြီးအား လက်ညှိုးထိုးကာ...

"ဒီနေရာက ကျုပ်နေရာပါ၊ ဒါကြောင့် မင်းတို့သာ ဒီနေရာက အမြန်ဆုံး ထွက်သွားကြပါ"

ဟု ပြောလိုက်၏။

ရီစန်းကို့၏ မျက်နှာ တင်းမာခက်ထန်သွား၏။

ဓားကောက်မူတိုက...

"ရီစန်းကို့...စေတနာကို နားမလည်တဲ့လူနဲ့ စကားဆက် ပြောနေလို့ အကျိုးရှိမှာမဟုတ်ဘူး"

သူက ပြောပြီး ခါးမှ ဓားကောက်အား ဆွဲထုတ်လိုက်၏။

"ရွှင်"

ဟုန်စဲ့က ပြုံးကာ...

"မင်းလို မြေခွေးကောင်ကိုလည်း ကျုပ်က ဆုံးမချင်စေတတ်နဲ့ အတော်ပဲ"

သူက ဓားကောက်မူတိဘက်သို့ လှည့်ရုပ်လိုက်၏။

ဟုန်စဲ့ လှည့်လိုက်သည်နှင့် ဓားကောက်မူတိက လေးလံသော ဓားကောက်အား ဝှေ့ယမ်းကာ စတင်တိုက်ခိုက်လိုက်၏။

သူ၏ဓားကောက်မှာ ငါးလက်မကျယ်ပြီး တစ်ပေခန့်ရှည်လျား၏။ ဓားဦးမှာ ချွန်ထက်နေ၏။

ဓားကောက်အားကြည့်ရသည်မှာ အလွန်လေးလံသည်ဟု ထင်ရသော်လည်း မူတိလက်ထဲတွင် ပေါ့ပါးနေ၏။

"ဂွစ်...ဂွစ်"

ဓားကောက်သည် ပြင်းထန်သောအရှိန်ဖြင့် ဟုန်စဲ့၏ခါးလယ်သို့ ဖြတ်ဝင်သွား၏။

ဓားကောက်တစ်ချက်ထိသွားပါက အသက်နှင့်ခန္ဓာကိုယ် အိုးဘားကွဲမည်မှာ သေချာနေ၏။

ဟုန်စဲ့က ခါးတစ်ချက်နွဲ့.ကာ ရှောင်တိမ်းလိုက်ပြန်၏။

မူတိသည် ဓားချက်လွဲသွားသည်နှင့် ညာခြေအားတစ်ပတ်သည်ကာ ခန္ဓာကိုယ်ကို အရှိန်ယူ၍ လက်ပြန်ခုတ်ချလိုက်ပြန်၏။

ဓားကောက်ကြီးအား ရုတ်တရက်လက်ပြန်ခုတ်ချလိုက်သောကြောင့်စွမ်အား သိပ်လွယ်ကူသော ကိစ္စတစ်ခုမဟုတ်ပါ။

သို့သော်...

မူတိကမူ မျက်စိတစ်မှိတ်အတွင်း ပြုလုပ်လိုက်ခြင်းဖြစ်၏။

ရုတ်တရက် ဟုန်စဲ့က အပေါ်သို့ခုန်တက်လိုက်၏။

ခုတ်ချလာသော ဓားသွားအပေါ် ခြေဖျားထောက်၍ ကျန်ခြေဖြင့် မူတိ၏မျက်နှာအား ကန်ချလိုက်၏။

တစ်ခဏအတွင်း သူတို့သည် သိုင်းကွက်နှစ်ဆယ်ခန့် ယှဉ်ပြိုင်မိသွား၏။

ဟုန်စဲ့မှာ မူတို၏ ဓားကောက်သိုင်းကွက်များကို သဘောပေါက်နားလည်သွား၏။

သူက သဘောကျစွာ ပြုံးလိုက်၏။

မူတိုက နောက်တစ်ကြိမ် တိုက်ခိုက်လာသောအခါ သူက ပုတ်ရုံမျှသာ ရှောင်တိမ်းပြီး လက်တစ်ဖက်ဆန့်ထုတ်လိုက်၏။

သူ၏ လက်ချောင်းလေးများသည် မူတို၏ ဓားကိုင်ထားသောလက်လောက်ဝတ်အား ကုတ်ချလိုက်၏။

မူတိုက ထိတ်လန့်သွား၏။

သူက ဟုန်စဲ့၏တိုက်ခိုက်မှုကို ရှောင်တိမ်းလျှင် လက်ထဲမှ ဓားကောက်အား လက်လွတ်ရပေမည်။

အကယ်၍ ဓားကောက်အား မလွတ်လျှင် လက်တစ်ခုလုံး ပြုံးကြွေသွားနိုင်၏။

ထိုစဉ် အလင်းတန်းတစ်ခု ထွက်ပေါ်လာ၏။

ဓားတစ်လက်မှ ဟုန်စဲ့၏နောက်ကျောဘက်သို့ တိုးဝင်လာ၏။

ဟုန်စဲ့က ရင်ထိတ်သွား၏။

သူက မူတိအား မတိုက်ခိုက်တော့ဘဲ နောက်ကျောမှ ဝင်လာသည့်ဓားအား ရှောင်တိမ်းပေးလိုက်၏။

မူတိမှာ သူ့လက်ထဲမှ လွတ်သွား၏။

"ဟင်..."

"ဟာ..."

အာမေဋိတ်သံများ ထွက်ပေါ်လာ၏။

အားလုံး ထိတ်လန့်သွားကြ၏။

ဟုန်စဲ့၏တုံ့ပြန်မှုမှာ လျင်မြန်လွန်းလှသည်မဟုတ်ပါလား။

ဟုန်စဲ့၏ခြေဖျားအောက်ဝယ် မူတိထိမှန်သွားပြီဟု ယူဆရိုက်ကြ၏။

ရီစန်းကိုက ဝင်ရောက်ကူညီရန် ဟန်ပြင်လိုက်၏။

သို့သော်...

မူတိမှာ ခေသူတစ်ယောက်မဟုတ်ပါ။

သူက ခေါင်းငုံ့ကာ ဘယ်လက်ဖြင့် ဟုန်စဲ့၏ညာဘက် ခြေကျင်းဝတ်အား ဖမ်းဆုပ်လိုက်၏။

ဟုန်စဲ့မှာ ချက်ချင်း အောက်သို့ ပြန်ခုန်ဆင်းလိုက်၏။

မူတိက ဆက်တိုက်ပင် ဓားကောက်ကြီးအားလွဲကာ တိုက်ခိုက်လိုက်၏။

သူသည် တစ်ကိုယ်တော်သိုင်းသမား ဟုန်စဲ့နှင့် တိုက်ခိုက်သည့်အတွက် လုံးဝမပေါ့ဆရဲပါ။

သူ၏အကောင်းဆုံး ဓားကောက်သိုင်းကွက်များကို ထုတ်သော်ကာ တိုက်ခိုက်လိုက်ခြင်းဖြစ်၏။

ဟုန်စဲ့မှာ ဓားကောက်အား ရှောင်တိမ်းရင်း လက်ဝါး နှစ်ချက်ကို အသုံးပြုကာ တိုက်ခိုက်လိုက်၏။

ဟုန်စံသည် သူ့အား အလစ်ဝင်တိုက်လာသူအား ကြည့်လိုက်ရာ ရိစန်းကို ဖြစ်နေ၏။

ဟုန်စံက မဲ့ပြုံးပြုံးကာ...

"မင်းတို့က အများနဲ့လားကွ"

သူက ခံပြင်းစွာမေးလိုက်၏။

ရိစန်းကို့က ပြန်မဖြေပေ။

ဓားအား ဝှေ့ယမ်းကာ တိုက်ခိုက်လိုက်၏။

ဟုန်စံမှာ ဒေါသခြောင်းခြောင်းထွက်လာ၏။

သူသည် ရိစန်းကို့အား ပြန်လည်တိုက်ခိုက်လိုက်၏။

တစ်ဖက်မှ မူတိကလည်း သူ့အားတိုက်ခိုက်လာ၏။

ဟုန်စံက အံတင်းတင်းကြိတ်လိုက်၏။

"မင်းတို့နှစ်ယောက်ပေါင်းတိုက်ခိုက်လို့ ကျုပ်ကို နိုင်မယ်မှာ ထင်နေသလား"

သူသည် လက်ဝါးအားအသုံးပြုကာ တိုက်ခိုက်နေရာမှ ဓား ထုတ်ကာ တိုက်ခိုက်လိုက်၏။

"ချွင်...ချွင်"

"ဖွစ်..."

တိုက်ပွဲမှာ ပြင်းထန်လှ၏။

ဟုန်စံမှာ အံချိန်ဆွဲ၍ မတိုက်ခိုက်သင့်ကြောင်း နားလည်လိုက်၏။

ယခုပင် သူ၏ဒဏ်ရာဟောင်းမှ သွေးစို့လာပြီမဟုတ်ပါလား။

ဟုန်စံသည် ဓားအား ဝှေ့ယမ်းကာ တရကြမ်းတိုက်ခိုက်လိုက်

သူ၏ပြင်းထန်သော တိုက်ခိုက်မှုအောက်တွင် ရိစန်းကို့နှင့်

ကို ကျရောက်နေ၏။

ရိစန်းကို့သည် အခြေအနေမဟန်မှန်း နားလည်လိုက်၏။

ဟုန်စံမှာ နာမည်ကျော်ကြားမှုအတိုင်း သိုင်းပညာ အင်မတန်

မြက်လှသည် မဟုတ်ပါလား။

သူသည် အချက်ပေး ခရာအား ထုတ်ကာ မှုတ်လိုက်၏။

"ရှီး..."

ခရာသံထွက်ပေါ်လာသည်နှင့် ရွှေဇီးကွက်ဂိုဏ်းသားများ လက်

ကိုယ်စီဖြင့် တိုက်ပွဲရှိရာသို့ ပြေးဝင်လာကြ၏။

အချို့ကလည်း သစ်လုံးအိမ်ကလေးဆီသို့ ပြေးသွားကြလေသည်။

❖ ❖ ❖

မမျှတတဲ့ တိုက်ပွဲ

"ဟေး..."

"ယား..."

ရွှေဧးကွက်ဂိုဏ်းသားများသည် ညာသံပေးကာ အော်နေကြ၏။

ရှောင်လုံသည် မသဲမကွဲအသံထွက်ကာ ဆဲဆိုလိုက်၏။

သူသည် ဆရာဖြစ်သူ၏အဖြစ်အားကြည့်ကာ အံတင်းတင်းကြိတ်လိုက်၏။

ထို့နောက်အိမ်အပြင်သို့ခုန်ထွက်ကာ ပြေးဝင်လာသော ရန်သူများအား ဆီးကြိုကာ တိုက်ခိုက်လိုက်၏။

ရှီးယုံကလည်း သက်ပြင်းတစ်ချက်ချလိုက်၏။

သူသည် ခါးမှဓားအားဆွဲထုတ်ကာ အိမ်အပြင်သို့ခုန်ထွက်လိုက်၏။

ရှောင်လုံနှင့်အတူ ရန်သူများအား ဟန့်တားတိုက်ခိုက်လိုက်၏။

ရှီးကျွန်သည် လူအင်အားမမျှတသော တိုက်ပွဲအား အကဲခတ်ကြည့်လိုက်၏။

သူက သက်ပြင်းတစ်ချက်ချ လိုက်၏။

ထိုစဉ်...

"ဘိုးဘိုး...သားတို့ ကြောက်တယ်"

အိမ်ခန်းထဲမှ စုစုနှင့် ကလေးနှစ်ယောက် ပြေးထွက်လာ၏။

သူတို့သားအမိ သုံးယောက်မှာ လွန်စွာကြောက်ရွံ့တုန်လှုပ်နေ၏။

ရှီးကျွန်သည် မြေးငယ်နှစ်ဦးအား နမ်းရှုံ့လိုက်၏။

ထို့နောက် အိတ်ထဲမှအထုပ်လေးတစ်ထုပ်အားထုတ်ယူကာ မြေးငယ်တစ်ဦးလက်ထဲသို့ ထည့်ပေးလိုက်၏။

သူက စုစု၏ပခုံးအား ပုတ်ကာ...

"သမီး...အချိန်ရှိတုန်း ပြေးပေတော့"

သူ၏အသံမှာ တုန်ယင်သော်လည်း ထိန်းကာ ပြောနေမှန်းသိသာလှ၏။

စုစု၏မျက်နှာ ဖြူရော်သွား၏။

"ဖေဖေ..."

ရှီးကျွန်က...

"တို့မျိုးနွယ်မပြတ်စေနဲ့၊ စီးကုဝေကို အရှုံးမပေးရဘူး၊ ကလေးတွေကို ကောင်းကောင်းစောင့်ရှောက်ပါ"

ဟု မှာကြားလိုက်၏။

ထိုစဉ် တံခါးဝ၌ ရွှေဇီးကွက်ဂိုဏ်းသားနှစ်ဦး ပေါ်လာ၏။

ရှိုးကျွန်၏ မျက်နှာ တင်းမာသွား၏။

"ကဲ...သမီး သွားပေတော့"

သူသည် စုစုအား တွန်းထုတ်ကာ အိမ်တံခါးဝသို့ ပြေးထွက်သွား၏။

ခါးကြားမှဓားအား ဆွဲထုတ်ကာ ဝင်ရောက်လာသော ရွှေဇီးကွက် ဂိုဏ်းသားနှစ်ယောက်အား ဆီးကြိုတိုက်ခိုက်လိုက်လေသည်။

❖ ❖ ❖

စုစုသည် ငေးငိုင်နေ၏။

အတန်ကြာမှ သူမက သတိဝင်လာ၏။

အပြင်ဘက်တွင် တိုက်ခိုက်သံများ၊ အော်ဟစ်သံများ ကဏ္ဍာပျက်မတတ် ဆူညံနေ၏။

စုစုသည် မျက်ရည်များအား သုတ်လိုက်၏။

သူမသည် ရွှေငွေများယူကာ ကလေးနှစ်ယောက်အား လက်ဆွဲလိုက်၏။

ထို့နောက် အိမ်နောက်ဘက်မှ တစ်ဟုန်ထိုးပြေးထွက်သွားလေတော့သည်။

သို့သော်...

စုစုတို့ သားအမိမှာ ကံမကောင်းပါ။

အိမ်အနောက်ဘက်သို့ ပတ်လာနေသော ရွှေဇီးကွက်ဂိုဏ်းသားခြို့က တွေ့မြင်သွား၏။

"ဟေ့...ရပ်လိုက်"

"ဟေ့...မပြေးနဲ့"

ဟု အော်ငေါက်ငမ်းသံများ ထွက်ပေါ်လာ၏။

စုစုမှာ ပို၍ထိတ်လန့်သွား၏။

"အီး...ဝါး..."

ကလေး နှစ်ယောက်မှာလည်း ကြောက်ရွံ့လွန်းလှသဖြင့် ဆတ်တလန့် ငိုကြွေးလိုက်လေသည်။

စုစုမှာ အံတင်းတင်းကြိတ်လိုက်၏။

သူသည် ကလေးနှစ်ယောက်၏လက်အား တင်းတင်းဆုပ်ကာ ခြေပင်များကြားထဲသို့ တိုးဝင်ကာ ပြေးထွက်လာလေတော့သည်။

❖ ❖ ❖

ဟုန်စဲ့၏ညာဖက်ပခုံးမှဒဏ်ရာသည် ပြန်လည်နာကျင်လာ၏။

သွေးများလည်း ပြန်လည်ထွက်လာ၏။

သူသည် အံတင်းတင်းကြိတ်ကာ ဓားအား သွက်လက်စွာ ချမ်း၍ တိုက်ခိုက်နေဆဲဖြစ်၏။

သူ၏တိုက်ခိုက်မှုကြောင့် ဓားကောက်မှုတိနှင့် ရိုစန်းကို့မှာ အံ့ရာကိုယ်စီ ရထားကြ၏။

ရှောင်လုံသည် ဓားကို တေ့ယမ်းကာ တိုက်ခိုက်နေ၏။
သူသည် ဟုန်စံ့၏တစ်ဦးတည်းသော တပည့်ဖြစ်၏။
ထို့ကြောင့် သူ၏ဓားပညာမှာ မညံ့ပါ။
သူသည် ဓားအားတေ့ယမ်းရင်း သွက်လက်စွာတိုက်ခိုက်နေ၏။
သူ၏ဓားကိုင်လက်တွင် သွေးများဖြင့် စေးထန်းနေ၏။
သူ၏ခန္ဓာကိုယ်တွင်လည်း မိမိသွေးနှင့် ရန်သူ့သွေးများ ရောနှောစွန်းထင်းကာ တစ်ကိုယ်လုံး နီရဲနေ၏။
သူ၏လက်ချက်ဖြင့် ရန်သူငါးယောက်ခန့်ကျဆုံးသွားပြီဖြစ်၏။
ထို့အတူ သူ၏ကိုယ်ပေါ်တွင်လည်း ရန်သူ့ဓားချက်ငါးချက် ခန့် ရရှိခဲ့ပြီဖြစ်၏။
ရန်သူများမှာ သေဆုံးသွားသော်လည်း လျော့ပါးမသွားချေ။
ယခုထိ သူ့အား ငါးယောက်ခန့်က ဝိုင်းရံတိုက်ခိုက်နေဆဲ ဖြစ်၏။
ရှောင်လုံသည် အံတင်းတင်းကြိတ်ကာ တိုက်ခိုက်နေ၏။
သူသည် အလွန်မောပန်းနေပြီဖြစ်၏။
ဒဏ်ရာများမှ သွေးထွန်လွန်မူ၊ နာကျင်မှုတို့ကြောင့်လည်း အားခွေနေသလို ခံစားရ၏။
သို့သော်...
သူက ယခုထိ လက်လျော့ရန် မစဉ်းစားမိပါ။
သူမြို့မြို့စွာရပ်နိုင်သည်အထိ၊ သူ့ခန္ဓာကိုယ်တွင် သွေးတစ်စက်

ရွှေဇီးကွက်ဂိုဏ်းသား သုံးယောက်မှာလည်း လဲကျသေဆုံးနေကြ၏။
သို့သော်...
ရန်သူအင်အားမှာ လျော့ပါးမသွားချေ။
ဟုန်စံ့အား ရိုစန်းကို့နှင့် ရွှေဇီးကွက်ဂိုဏ်းသား ဆယ်ဦးခန့်က ဝိုင်းရံတိုက်ခိုက်နေ၏။
ဟုန်စံ့မှာ ရင်ထိတ်လာ၏။
ရှီးကျွန်တို့မိသားစုအတွက်လည်း စိုးရိမ်လာ၏။
သူသည် ရိုစန်းကို့တို့လက်ထဲမှ ထိုးဖောက်ထွက်နိုင်ရန် ကြိုးစားသော်လည်း ထွက်မရဘဲဖြစ်နေ၏။
ဟုန်စံ့မှာ ဒေါသတကြီးတိုက်ခိုက်နေ၏။
သူ၏တိုက်ခိုက်မှုမှာ ကြောက်ခမန်းလိလိ ပြင်းထန်လှ၏။
ရိုစန်းကို့နှင့် မူတိသည် ဟုန်စံ့အား ရင်မဆိုင်ဝံ့ကြပါ။
သူတို့သည် ပါးနပ်ပြီး ကောက်ကျစ်စဉ်းလဲသူများဖြစ်၏။
ဟုန်စံ့အား အနိုင်ယူရန်ထက် ထိုးဖောက်ထွက်မသွားနိုင်အောင် ဝိုင်းရံပိတ်ဆို့ထားရန်သာ အဓိကထား တိုက်ခိုက်နေ၏။
ဟုန်စံ့မရှိလျှင် ကျန်လူများက ရှီးမိသားစုအား အပြတ်ရှင်းနိုင်မည်မဟုတ်ပါလား။



ကျန်သည်အထိ၊ သူ့အသက်နှင့်ခန္ဓာကိုယ် ယှဉ်တွဲရှိနေသည်အထိ တိုက်ခိုက်သွားရန် ဆုံးဖြတ်ထားပြီးဖြစ်၏။

"ယား..."

"သေစမ်း..."

ရှောင်လုံသည် ဓားအား ဇွေ့ယမ်းရင်း အော်ဟစ်ကာ တိုက်ခိုက်နေ၏။

သို့သော်...

သူ၏ဓားချက်များသည် အစပိုင်းကလောက် လျင်မြန်မှုမရှိတော့ပါ။ တစ်စတစ်စ နေးကွေးလာ၏။

သူသည် စိတ်ကဆောင်နေသော်လည်း ခန္ဓာကိုယ်က မလိုက်နိုင်တော့ပါ။

သူသည် သွက်လက်လျင်မြန်သော ဓားချက်များဖြင့် ရန်သူကို ဟန့်တားထားနိုင်ခဲ့ခြင်း ဖြစ်၏။

သူ၏ဓားချက်တို့ နေးကွေးလာသောအခါ ရန်သူ၏တိုက်ခိုက်မှုက သူ့အပေါ် ပိလာ၏။

နေရာစုံ ထောင့်စုံမှ ဝင်လာသည့် ရန်သူ့ဓားချက်များကို သူက အသေအလဲ ခုခံကာကွယ်နေရ၏။

"ချွင်..."

"ယား..."

သိုင်းကွက် ဆယ်ကွက်ခန့် ဆက်လက်တိုက်ခိုက်မိသောအခါ

"ဒုတ်..."

"အား..."

ရန်သူ၏ဓားချက်တစ်ချက်က ရှောင်လုံး၏နောက်ကျောသို့ ခုတ်ချမိသွား၏။

ရှောင်လုံ၏ ခန္ဓာကိုယ် ရှေ့သို့ယိုင်းအကျတွင် ကျန်ဓားချက်များကလည်း သူ၏ခန္ဓာကိုယ်ပေါ်သို့ ဖြိုင်တူ ကျရောက်လာလေတော့သည်။

"အား..."

"ဝုန်း..."



ရှိုးကျန်သည် ရွှေဇီးကွက်ဂိုဏ်းသား သုံးယောက်နှင့် ယှဉ်ပြိုင်တိုက်ခိုက်နေ၏။

သူသည် ငယ်စဉ်က သိုင်းပညာ အလွန်ထက်မြက်ခဲ့သူ တစ်ယောက်ဖြစ်၏။

သို့သော်...

မြို့စားဘဝဖြင့် နှစ်သုံးဆယ်ကျော်ကာလအတွင်း သိုင်းပညာ အလေ့အကျင့် ပျက်ခဲ့၏။

ထို့ကြောင့် ယခုကဲ့သို့ ရန်သူနှင့်ရင်ဆိုင်ရသောအခါ အတော်ပင် ခက်ခဲရောက်နေ၏။

အသက်အရွယ်ကြီးရင့်လာမှုကြောင့် ငယ်စဉ်ကကဲ့သို့ အစောလည်း မခံနိုင်တော့ပါ။

ရုန်သူ၏ ဓားချက်မထိအောင် မနည်းခုခံနေရ၏။

အချိန်ကြာလာသောအခါ သူက အခြေအနေမဟန်တော့ပါ။

သူသည် ဟုန်စုံ၏ အပြင်ဘက်မှ အခြေအနေကို မသိရသေးပါ။

ဟုန်စုံ အမြန်လာကူပါစေဟု ဆုတောင်းရင်း တတ်စွမ်းသမျှ ခုခံနေရ၏။

ထိုစဉ် ရုန်သူ၏ ဓားချက်က သူ၏ဓားကိုင်လက်အား ခုတ်ခဲ့မိသွား၏။

"အား..."

ရှီးကျွန်သည် ဓားအား လက်လွတ်ကာ နောက်သို့ဆုတ်ယောင်လိုက်ရ၏။

ရုန်သူသုံးယောက်က ရှီးကျွန်အား လုံးဝအလွတ်မပေးပါ။

ရှီးကျွန်ထံခုန်ဝင်ကာ တရကြမ်း ထိုးခုတ်တိုက်ခိုက်လိုက်ကြ၏။

ရှီးကျွန်သည် ရက်စက်လှသော ရုန်သူ၏ဓားချက်အား နောက်ဆုတ်ကာ ရှောင်တိမ်းနေရ၏။

ထိုစဉ် မည်သည့်အချိန်က သူ့နောက်ရောက်နေမှန်းမသိသော ရုန်သူတစ်ယောက်၏ ဓားသည် သူ၏နောက်ကျေမှတစ်ဆင့် ရင်ဝသို့ ထွင်းဖောက်ဝင်သွားလေတော့သည်။

"အား..."

ရှီးကျွန်သည် ရှေ့သို့မှောက်လျက်လဲကျသွားလေတော့သည်။

❖ ❖ ❖

"အား..."

ရှီးကျွန်၏ နာကျင်စွာအော်ဟစ်သံထွက်ပေါ်လာ၏။

တိုက်ခိုက်နေသော ရှီးယွမ်၏မျက်နှာ ကွက်ခနဲပျက်သွား၏။

"ဖေဖေ..."

သူက အော်ဟစ်ကာ နောက်ဆုတ်ရင်း အိမ်ထဲသို့ ဝင်လိုက်၏။

အိမ်ထဲအရောက်တွင် ရှီးကျွန်သေဆုံးနေသည်ကို တွေ့လိုက်ရ၏။

ရှီးယွမ်မှာ ဒေါသခြောင်းခြောင်းထွက်လာ၏။

ရင်ထဲ၌ နာကြည်းမှု၊ ခံပြင်းမှုတို့က ရုန်းထွက်လာ၏။

သူသည် ဓားအား ကျစ်ကျစ်ပါအောင်ဆုပ်ကာ...

"..."

ဆဲဆိုရေရွတ်လိုက်၏။

ထို့နောက် ရွှေဇီးကွက်ဂိုဏ်းသားများထံ တရကြမ်းပြေးဝင်သွား၏။

မျက်စိရှေ့တွင် မြင်သမျှ ထိုးခုတ်တိုက်ခိုက်လိုက်၏။

ရှီးယွမ်သည် လူတစ်ယောက်နှင့် မတူတော့ပါ။

ဒဏ်ရာရနေသော ကျားနာတစ်ကောင်နှင့်တူနေ၏။

သူ့တွင် အသိတရားမရှိတော့ပါ။

သူ့အာရုံထဲတွင် ရွှေဇီးကွက်ဂိုဏ်းသားများအား လက်စား ချေရန်တစ်ခုတည်းသာ ရှိတော့၏။

ဘာမှ တွေးတောစဉ်းစား မနေတော့ပါ။

ဓားအား ဇွတ်ယမ်းကာ တွေ့သမျှ လိုက်လံထိုးခုတ်နေ၏။

"အား..."

"အား...ဝုန်း..."

ရှီးယွမ်၏ တိုက်ခိုက်မှုကြောင့် ရွှေဇီးကွက်ဂိုဏ်းသား သုံးယောက်မှာ လဲကျသေဆုံးသွား၏။

ထိုအခါမှပင် ရွှေဇီးကွက်ဂိုဏ်းသားများသည် သတိဝင်လာကာ ရှီးယွမ်အား စနစ်တကျ တုံ့ပြန်တိုက်ခိုက်လိုက်၏။

ရှီးယွမ်မှာ သိုင်းကွက်နှင့် စနစ်တကျမဟုတ်ဘဲ အရူး တစ်ယောက်ကဲ့သို့ မြင်မြင်သမျှ ဦးတည်ချက်မရှိဘဲ တိုက်ခိုက်နေခြင်း ဖြစ်၏။

ထို့ကြောင့် အချိန်ကြာလာသောအခါ သူသည် ရွှေဇီးကွက် ဂိုဏ်းသားများ၏ ဓားအောက်သို့ ကျရောက်သွားလေသည်။

"အား..."

"ဝုန်း..."

ရှီးယွမ်မှာ တစ်ကိုယ်လုံး သွေးချင်းချင်းရဲကာ မြေပေါ်သို့ ဆင်းခနဲ လဲကျသွားလေသည်။

သူ၏လက်ထဲတွင်မူ ဓားအားတင်းကြပ်စွာ ဆုပ်ကိုင်ထား၏။

သူသည် မြေပေါ်တွင် ဆန့်ငင်ဆန့်ငင် ကုန်းထရန်ကြိုးစား သော်လည်း မရတော့ပါ။

ခန္ဓာကိုယ်တစ်ချက် တွန့်လိမ်ကာ လဲကျငြိမ်သက်သွားလေ သည်။

❖ ❖ ❖

"ဟား...ဟား...ဟား"

ရွှေဇီးကွက်ဂိုဏ်းသားများသည် အောင်ပွဲခံကာ ရယ်မောလိုက် ကြ၏။

ရိစန်းတို့သည် တိုက်ပွဲအား ရပ်လိုက်၏။

ဟုန်စဲ့သည် အံတင်းတင်းကြိတ်ထား၏။

သူ၏မျက်ဝန်းအစုံမှ မျက်ရည်များ စီးကျနေ၏။

သူ့မျက်လုံးအစုံကမူ နာကြည်းသော အရိပ်အယောင်များ ဖြင့်နေ၏။

ဟုန်စဲ့၏ခန္ဓာကိုယ်တစ်ခုလုံးတွင်လည်း ဒဏ်ရာများစွာရကာ သွေးချင်းနီနေ၏။

သို့တိုင်အောင် သူသည် လက်ထဲမှဓားအား တင်းကြပ်စွာ ကိုင်ထား၏။

ဟုန်စဲ့သည် တိုက်ပွဲအား ရပ်တန့်ကာ လှည့်ထွက်သွားရန် ဟန်ပြင်နေသော ရိစန်းကို အား စူးရှစွာကြည့်ကာ...

"ရိစန်းကို....မင်း သွားခွင့်မရှိတော့ဘူး"

ဟု အေးစက်စွာ ပြောလိုက်၏။

ရိစန်းကိုက ခပ်ပြုံးပြုံးဖြင့်...

"ဟုန်စဲ့...ခင်ဗျား ကာကွယ်ရမယ့်လူတွေ အားလုံး သေဆုံးကုန်ပါပြီ"

ဟု ပြောလိုက်၏။

ဟုန်စဲ့၏ ခန္ဓာကိုယ် တစ်ချက်တုန်ခါသွား၏။

သူ၏ မျက်လုံးအစုံမှာ မီးဝင်းဝင်းတောက်နေ၏။

သူသည် ဘာစကားမှမပြောတော့ပါ။

"ဝုစ်..."

လက်ထဲမှ ဓား အား ဒေ့ယမ်းကာ ရိစန်းကို အား ခုတ်ချလိုက်၏။

သူက ထိုသို့ တိုက်ခိုက်လိုက်သောအခါ ဓားကောက်မူတိက ဓားကောက်နှင့် ကြားမှဝင်ရောက်ဟန့်တားလိုက်၏။

"ချွင်..."

ဓားဓားချင်းထိခတ်ကာ မီးပွင့်သွား၏။

ဟုန်စဲ့မှာ ဒေါသခြောင်းခြောင်းထွက်လာ၏။

သူသည် ရှိသမျှအင်အားကိုစုစည်းကာ ဓားကောက်မူတိအား ပြင်းထန်စွာ တိုက်ခိုက်လိုက်၏။

သူ၏ဓားချက်များမှာ ကြောက်ခမန်းလိလိ ပြင်းထန်နေ၏။

ဓားကောက်မူတိသည် ဟုန်စဲ့၏ ဓားကွန်ရက်အတွင်းကျရောက်

း၏။

ရိစန်းကိုက မဲ့ပြုံးပြုံးလိုက်၏။

သူသည် ဟုန်စဲ့၏ နောက်ကျောအား ဓားဖြင့် အလစ်ဝင်ရောက်

ခုတ်ချလိုက်၏။

ဟုန်စဲ့သည် ရိစန်းကို နောက်ကျောမှ အလစ်ဝင်ရောက် တိုက်

လာသည်ကို သိသော်လည်း မရှောင်ပေ။

ထို့အတူ သူက မူတိအား တိုက်ခိုက်နေသည့်အရှိန်အား လုံးဝ

လျော့ပါ။

သူ၏ဓားချက်သည် မူတိအား တည့်မတ်စွာ ခုတ်ချလိုက်၏။

သွေးများ ဖြာခနဲလွင့်စဉ်သွား၏။

"အား..."

မူတိသည် စူးရှနာကျင်စွာ အော်ဟစ်ပြီး...

"ဝုန်း..."

မြေပေါ်သို့ အရုပ်ကြိုးပြတ် လဲကျသွား၏။

ထိုအချိန်မှာပင် ရိစန်းကို၏ ဓားကလည်း ဟုန်စဲ့အား တည့်

မှာ ခုတ်ချမိသွား၏။

"အင့်..."

ဟုန်စဲ့သည် ရှေ့သို့တစ်ချက်ငိုက်ကျသွားပြီး နောက်သို့ပြန်

လှန်လာ၏။

ရိစန်းကို့က မျက်လုံးပြူးသွား၏။

သူက ထိတ်လန့်စွာကြည့်လိုက်၏။

သူ၏ဓားချက်မှာ သေလောက်သည့်ဓားချက်ဖြစ်သော်လည်း ဟုန်စုံက မားမားမတ်မတ် ရပ်နေသည်မဟုတ်ပါလား။

ဟုန်စုံမှာ အံတင်းတင်းကြိတ်လိုက်၏။

သူ၏ပါးစပ်တွင်းမှ သွေးများ ပွက်ခနဲအန်ထွက်လာ၏။

ဟုန်စုံက ဓားအား အားယူ၍မြှောက်ကာ ရိစန်းကို့အား ခုတ်ချရန် ဟန်ပြင်လိုက်၏။

သို့သော်...

သူက မဟန်နိုင်တော့ပါ။

မြေပေါ်သို့ လဲကျသွားလေသည်။

"ဝုန်း..."

ရိစန်းကို့သည် ယခုမှပင် သက်ပြင်းကို ရဲရဲချနိုင်လေတော့သည်။

"ဟူး..."



ဥက္ကဋ္ဌ သိုက်ပျက်

စုစုမှာ ပြေးနေ၏။

သူမသည် ကလေးနှစ်ယောက်အား လက်တွဲရင်း ခြေဦးတည့်ရာ အားသွန်ခွန်စိုက် ပြေးနေ၏။

ထိုသို့ပြေးရင်း တစ်နေရာအရောက်တွင် ခလုတ်တိုက်ကာ လဲကျသွား၏။

သူမသည် နာကျင်မှုကို ဂရုမထားနိုင်ဘဲ ထကာဆက်ပြေး၏။

အတန်ကြာပြေးပြီးမှ ကလေးတစ်ယောက် ပါမလာသည်ကို သတိပြုမိ၏။

"သား... သားငယ်လေး... ဘယ်မှာကျန်ခဲ့မှန်း မသိဘူး"

သူမသည် နောက်ကြောင်းပြန်လှည့်ရန် ဟန်ပြင်လိုက်၏။

ထိုစဉ် သူမတို့နောက်သို့ လိုက်လာသည့် ရွှေဒီးကွက်ဂိုဏ်းသားများ၏အသံများကို ကြားလိုက်ရ၏။

စုစုသည် ကျန်ရစ်ခဲ့သည့်ကလေးအား ပြန်မရှာနိုင်ကော့ပါ။

သူမသည် ငိုကြွေးရင်း ရှိသည့် ကလေးအား လက်ဆွဲ၍ ဆက်လက်ပြေးလွှားလာခဲ့လေတော့သည်။

❖ ❖ ❖

ရွှေဇီးကွက်ဂိုဏ်းသား လေးယောက်သည် စုစုနောက်သို့ မျက်ခြည်မပြတ် လိုက်လာကြ၏။

လမ်းတွင် ကလေးငယ်တစ်ယောက် ငိုနေသည်ကိုတွေ့၍ အသာပင် ဖမ်းဆီးလိုက်၏။

တစ်ဦးက လက်စတုံးရန် ဟန်ပြင်လိုက်စဉ် ကျန်လူများက ဟန့်တားလိုက်၏။

"ဟေ့...သူ့ကိုမသတ်နဲ့...ဆရာရိစန်းကို့ဆီ ခေါ်သွား"

ရွှေဇီးကွက်ဂိုဏ်းသားတစ်ဦးက...

"ကောင်းပြီ...ကျုပ် ကလေးကို ဆရာရိစန်းကို့ဆီခေါ်သွားမယ်၊ မင်းတို့သုံးယောက် အမျိုးသမီးနောက်ကို ဆက်လိုက်သွားကြ"

ကျန်ဂိုဏ်းသားသုံးယောက်သည် စုစုတို့နောက်သို့ ဆက်လိုက်သွားကြလေတော့သည်။

❖ ❖ ❖

အလာကောင်းသော်လည်း အခါနှောင်းခဲ့ပြီ

"ပြေး...ပြေး...ပြေး"

စုစုသည် ကိုယ့်ကိုယ်ကို အားတင်းနေ၏။

အသက်လုပြေးနေရသည်ကို နာကျင်ခြင်း၊ ပင်ပန်ခြင်းတို့ကို မေ့လျော့နေမိ၏။

စုစု၏အဝတ်အစားများသည် သစ်ပင် ချုံနွယ်များဖြင့်ငြိကာ ဒဏ်ပြုံကုန်၏။

သူမသည် အလွန်မောပန်းနေ၏။

ကလေးမှာလည်း မောဟိုက်ကာ အသက်ရှူသံပင်ထွက်နေ၏။

စုစုမှာ မနားရဲသေးပါ။

သူမသည် သားကြီးလက်ကိုဆွဲကာ ရှေ့သို့ဆက်ပြေးလိုက်၏။

သို့သော်...ကလေးငယ်မှာ ဆက်မလိုက်နိုင်တော့ပါ။

"မေ...မေ...သား...မပြေးနိုင်တော့ဘူး၊ သား...သားကို သားခဲ့ပြီး မေမေ...ပြေးပါ"

သူ၏စကားသံကြောင့် စုစု၏မျက်ဝန်းတွင် မျက်ရည်များ ရစ်ဝဲလာ၏။

သူမက သက်ပြင်းတစ်ချက်ချလိုက်၏။

"သားကို သူတို့မိလို့မဖြစ်ဘူး၊ သားက ရှိုးမျိုးနွယ်ရဲ့နောက်ဆုံး မျိုးဆက်ပဲ"

သူမက အံတင်းတင်းကြိတ်ကာ ပြောလိုက်၏။

သူမသည် သားကြီးအား ကျောပိုးလိုက်၏။

ထို့နောက် ဆက်လက်ပြေးသွားလိုက်၏။

သို့သော်...

သူမက ကြာကြာမပြေးရသေးပါ။

ရှေ့တွင် ရွှေဒီးကွက်ဂိုဏ်းသားသုံးယောက် ပေါ်လာကာ သူမ၏ ပြေးလမ်းကို ပိတ်ဆို့ထားလိုက်၏။

"ဟား...ဟား...ဟား...မင်းတို့ ပြေးလည်း ရွှေဒီးကွက်လက်က မလွတ်ပါဘူး"

ရွှေဒီးကွက်ဂိုဏ်းသားများက ရယ်မောလိုက်ကြ၏။

စုစုသည် ကျောပေါ်မှ သားကြီးအား အောက်သို့ အသာချလိုက်၏။

ခါးမှဓားအား ဆွဲထုတ်လိုက်၏။

"ရှင်တို့ တစ်ယောက်မှ ရှေ့မတိုးနဲ့"

သူမက အော်ငေါက်လိုက်၏။

"ဟား...ဟား...ဟား"

ရွှေဒီးကွက်ဂိုဏ်းသားများက သဘောကျစွာရယ်မောလိုက်၏။

သူတို့သည် စုစုအား အရေးမထားဘဲ ရှေ့သို့တိုးလာ၏။

"နယ်ခြားက အမျိုးသမီးတွေက တော်တော်လှတာပဲကွ"

တစ်ယောက်ကပြောရင်း ရှေ့သို့တိုးလာ၏။

စုစုသည် အံတင်းတင်းကြိတ်လိုက်၏။

သူမသည် အနီးဆုံးရောက်လာသည့် ရွှေဒီးကွက်ဂိုဏ်းသားထံ ခုန်ဝင်ကာ ဓားဖြင့်ထိုးချလိုက်လေသည်။

သူမက သိုင်းပညာမတတ်ပါ။

ကြောက်ကြောက်လန့်လန့်နှင့် လုပ်မိလုပ်ရာ လုပ်လိုက်ခြင်းဖြစ်၏။

သို့သော်...

သူမ၏လူပ်ရှားမှုက မထင်မှတ်လောက်အောင်ပင် လျင်မြန်တိကျလှ၏။

"အား..."

ရွှေဒီးကွက်ဂိုဏ်းသားမှာ ရင်ဝကို လက်ဖြင့်ဖိကာ မြေပေါ်သို့ လဲကျသွား၏။

"ဟင်..."

စုစုက ထိတ်လန့်သွား၏။

သူမ၏မျက်နှာတစ်ခုလုံး သွေးဆုတ်သကဲ့သို့ ဖြူလျော်သွား၏။

သူမသည်လက်ထဲမှ သွေးစွန်းနေသောဓားအား ပြုံးကျယ်သော မျက်လုံးအစုံဖြင့်စိုက်ကြည့်ကာ ကြောင်ငေးနေမိ၏။

ကျန်ဂိုဏ်းသားနှစ်ယောက်မှာလည်း ထိတ်လန့်သွား၏။

ချက်ချင်းပင် စုစုအား တိုက်ခိုက်လိုက်၏။

"မလုပ်နဲ့"

ကျယ်လောင်သော ဟန့်တားသံထွက်ပေါ်လာ၏။

အသံနှင့်အတူ ချုန်ယွယ်များကြားမှ မြင်းတစ်ကောင်ထွက်ပေါ်လာ၏။

သို့သော်...မြင်းပေါ်မှလူ၏ဟန့်တားမှုမှာ နောက်ကျသွား၏။

ရွှေဇီးကွက်ဂိုဏ်းသားနှစ်ယောက်၏ ဓားချက်မှာ စုစုထံ ကျရောက်သွား၏။

စုစုမှာ မရွှောင်တိမ်းနိုင်တော့ပါ။

"အင့်..."

သူမသည် အော်ပင် မအော်နိုင်တော့ဘဲ မြေပေါ်သို့လဲကျသွားလေတော့သည်။

❖ ❖ ❖

မြင်းစီးသမားမှာ ဒေါသခြောင်းခြောင်းထွက်နေ၏။

သူသည် မြင်းပေါ်မှ လွှားခနဲခုန်ဆင်းကာ ရွှေဇီးကွက်ဂိုဏ်းသား နှစ်ယောက်အား တိုက်ခိုက်လိုက်၏။

သူ၏ဓားချက်များမှာ လျင်မြန်လွန်းလှ၏။

"ဝုန်း..."

"ဝုန်း..."

ရွှေဇီးကွက်ဂိုဏ်းသားနှစ်ယောက်မှာ အော်ပင်မအော်နိုင်ဘဲ မြေပြင်ပေါ်သို့လဲကျအသက်ပျောက်သွားလေသည်။

မြင်းစီးသမားမှာ အခြားလူမဟုတ်ပါ။

ဟုန်စုံအတွက် စိတ်မချဖြစ်ပြီး ပြန်လှည့်လာသော ကျားရဲသခင်လေးပင်ဖြစ်၏။

ကျားရဲသခင်လေးသည် ပတ်ဝန်းကျင်အား လှည့်ပတ်အကဲခတ်လိုက်၏။

ထိုအခါ သစ်ပင်များကြားတွင် ပုန်းအောင်းနေသော ကလေးငယ်တစ်ယောက်အား တွေ့လိုက်ရ၏။

ကျားရဲသခင်လေးက...

"ကလေး...လာ...လာ..."

သူက ချော့မော့ကာ ခေါ်လိုက်၏။

ကလေးငယ်မှာ ထိတ်လန့်စရာမြင်ကွင်းများကို ဆက်တိုက်တွေ့မြင်ရသဖြင့် ကြောင်တောင်တောင်ဖြစ်နေသည်ကို တွေ့လိုက်ရ၏။

ကလေးငယ်လက်ထဲတွင် အထုပ်ကလေးနှစ်ထုပ်အား ကိုင်ထားသည်ကို တွေ့လိုက်ရ၏။

ကျားရဲသခင်လေးသည် ကလေးငယ်၏ ဆံစအား ပွတ်သပ်ကာ နှစ်သိမ့်လိုက်၏။

"ကလေးရဲ့ ရန်သူတွေ မရှိတော့ပါဘူးကွယ်"

သူသည် ထိုကလေးငယ်မှာ ဟုန်စဲ့ စောင့်ရှောက်နေသည့် မိသားစုထဲမှဖြစ်မည်ဟု ရိပ်မိလိုက်၏။

သူသည် ဟုန်စဲ့တို့လူစုအတွက် စိတ်ပူလာ၏။

အကယ်၍ ဟုန်စဲ့အိမ်၌ တိုက်ပွဲဖြစ်နေလျှင် ကလေးငယ်အား ခေါ်သွားရန်ဖြစ်မည်မဟုတ်ဟု စဉ်းစားမိ၏။

"ကဲ...ကလေး...ခဏအနားယူရင်း အိပ်လိုက်ဦးနော်"

သူက ကလေးငယ်၏သွေးကြောအား အသာထောက်ပိတ်လိုက်၏။

ထို့နောက် သစ်ပင်ကြီးတစ်ပင်အားရှာဖွေကာ အပေါ်သို့ခုန်တက်လိုက်၏။

ကလေးငယ်အား သစ်ကိုင်းခွဆုံကြားတွင် မကျစေရန်ထားကာ အောက်သို့ ပြန်ဆင်းလာ၏။

ထို့နောက် မြင်းပေါ်တက်ကာ ဟုန်စဲ့၏အိမ်ဘက်သို့ဦးတည် ပြေးလွှားထွက်လာခဲ့လေတော့သည်။

ကျားရဲသခင်လေးသည် ရင်ထဲတွင် ထိတ်နေ၏။

လေထဲမှ သွေးနံ့များကိုရသောကြောင့် ဖြစ်၏။

"ဟင်..."

ကျားရဲသခင်လေး၏ မျက်လုံးအစုံ ပြူးကျယ်သွား၏။

မြက်ခင်းပေါ်ဝယ်လဲကျသေဆုံးနေသူများကို တွေ့လိုက်ရ၏။

သက်ရှိ လူသူတစ်စုံတစ်ယောက်မှ မတွေ့ရပါ။

"ငါနောက်ကျသွားပြီ"

သူကရေရွတ်ရင်း မြင်းပေါ်မှခုန်ဆင်းလိုက်၏။

ထို့နောက် ဓားရိုးပေါ်သို့လက်တင်ကာ ရှေ့ဆက်လျှောက်လာ၏။

အလောင်း လေးလောင်းနှင့် သွေးကွက်များကို တွေ့လိုက်ရ၏။

သူက အလောင်းများအား စစ်ဆေးကြည့်လိုက်၏။

ဟုန်စဲ့နှင့် သူ့မိတ်ဆွေများ၏အလောင်းများဖြစ်သည်ကို တွေ့၏။ ရန်သူ၏အလောင်းများကို မတွေ့ရပါ။

သွေးကွက်များကိုသာ တွေ့ရသဖြင့် ရန်သူဘက်မှလည်း အတော်ကျဆုံးသွားမှန်းသိရ၏။

ရန်သူများသည် သူတို့၏လူများ၏အလောင်းများကိုပါ သယ်ဆောင်သွားဟန်တူ၏။

"တောက်..."

ကျားရဲသခင်လေးက တက်ခေါက်လိုက်၏။

"ငါ့ကြောင့်...ငါသာ ဟုန်စံကို ဒုက္ခမပေးခဲ့ရင် သူတို့ အခု လို သေချင်မှသေမှာ..."

သူက နောင်တကြီးစွာရနေ၏။

ကျားရဲသခင်လေးသည် ဟုန်စံတို့အား လုံး၏ အလောင်းများ ကို မြေမြှုပ်ပေးလိုက်၏။

ထို့နောက် ဟုန်စံ၏မြေပုံရှေ့တွင် ဒူးထောက်ကာ...

"ဟုန်စံ...ခင်ဗျားရဲ့တာဝန်ကို ကျုပ်ဆက်ယူပါ့မယ်ဗျား ဒီကလေးကို ကျုပ်တတ်နိုင်သလောက် စောင့်ရှောက်ပါ့မယ်၊ သူ့ရဲ့ ရုန်းသူကိုလည်း ကျုပ်ဖော်ထုတ်ပြီး ရင်ဆိုင်ဖြေရှင်းပေးပါ့မယ်လို့ ခင်ဗျားကို ကျုပ်ကတိပေးပါတယ်"

သူက လေးနက်စွာ ပြောလိုက်လေတော့သည်။



နောက်တစ်နေ့နံနက်။

နေရောင်ခြည် ထွက်ပေါ်လာပြီဖြစ်၏။

ကျေးငှက်ကလေးများ၏အသံဆူညံစွာထွက်ပေါ်လာ၏။

ချောင်းကူးတံတားလေးရှိရာသို့ လူနှစ်ယောက် ရောက်ရှိလာ ၏။

လေတံခွန်နှင့် ရှီးယုံဖြစ်၏။

သူတို့သည် တံတားခုံလေးပေါ်တက်၍ သစ်လုံးအိမ်ကလေး ဆီသို့သွားနေကြ၏။

တံတားတစ်ဖက်ထိပ်သို့ရောက်သောအခါ လေတံခွန်၏ခြေ လှမ်းများ တုံ့ခနဲရပ်တန့်သွား၏။

သူ၏မျက်နှာပေါ်တွင်လည်း စိုးရိမ်ပူပန်သော အရိပ်အယောင် များ ပေါ်ထွက်လာ၏။

ရှီးယုံက...

"အဘ...ဘာဖြစ်လို့လဲ"

ဟု ချက်ချင်းပင် မေးလိုက်၏။

လေတံခွန်က...

"သွေးနံ့ရနေတယ်၊ ကျုပ်တို့နောက်ကျသွားပြီ ထင်တယ်"

သူကပြောပြီးသည်နှင့် ချက်ချင်းပင် သစ်လုံးအိမ်ကလေးဆီ သို့ ပြေးလွှားသွားလေတော့သည်။



သစ်လုံးအိမ်ကလေးရှေ့တွင် သွေးကွက်များ ရှိနေဆဲဖြစ်၏။

ထို့ပြင် အသစ်စက်စက် မြေပုံငါးခုလည်းရှိနေ၏။

မြေပုံများပေါ်တွင် တိုင်စိုက်ထူထား၏။

တိုင်ပေါ်တွင်...

"ဟုန်စံ၊ ဟုန်စံရဲ့တပည့်၊ ဟုန်စံ ကာကွယ်ပေးတဲ့ မိတ်ဆွေ များစုသုံးယောက်..."

ဟု ရေးသားထား၏။

လေပြည်လေညင်းကလေး တေ့ယမ်းတိုက်ခတ်နေ၏။

လေထဲတွင် ငိုရှိုက်သံက လွင့်မျောပါသွား၏။

ရှိုးယုံသည် မြေပုံများရှေ့တွင် ဒူးထောက်ငိုကြွေးနေ၏။

သူသည် ဖခင်၏မြေပုံပေါ်တွင် ခေါင်းငိုက်စိုက်ချကာ ငိုကြွေးနေခြင်းဖြစ်၏။

လေတဲခွန်မှာ ရှိုးယုံ၏နောက်တွင် ရပ်နေ၏။

သူသည် ရှိုးယုံ ငိုကြွေးနေသည်ကို ငေးကြည့်နေ၏။

အတန်ကြာမှ သူက ရှိုးယုံ၏ ပခုံးပေါ်သို့ လက်တစ်ဖက် အသာတင်လိုက်၏။

"လူလေး"

သူ့အသံမှာ တည်ငြိမ်နေ၏။

ရှိုးယုံက နောက်လှည့်ကြည့်ကာ...

"အဘ..."

ဟု ကြေကွဲသံနှင့် ခေါ်လိုက်၏။

လေတဲခွန်က...

"လူလေး...ပြီးခဲ့တာတွေက ပြီးပါပြီ၊ လူလေးငိုနေလို့ မပြီးဘူး၊ ရှေ့ဆက်လုပ်ရမယ့်အလုပ်တွေ အများကြီးရှိတယ်"

သူက ဖျောင်းဖျလိုက်၏။

ရှိုးယုံက မျက်ရည်များအား ကြမ်းတမ်းစွာသုတ်ကာ အံတင်းတင်း ကြိတ်လိုက်၏။

"ဒါ ရွှေဇီးကွက်လက်ချက်ပဲ မဟုတ်လား"

လေတဲခွန်က...

"ဖြစ်နိုင်ပါတယ်၊ ဒါနဲ့ မင်းရဲ့တူနှစ်ယောက်ကို မတွေ့ပါဘူး"

ရှိုးယုံသည် ထိုအခါမှပင် သတိရလာ၏။

"ဟုတ်သားပဲ"

"တောက်..."

သူက တက်တစ်ချက်ခေါက်လိုက်၏။

လေတဲခွန်က...

"ကလေးနှစ်ယောက်ကို ရွှေဇီးကွက်ဂိုဏ်းသားက ဖမ်းသွားပြီးဖြင်တယ်"

ရှိုးယုံက လက်သီးကိုကျစ်ကျစ်ပါအောင်ဆုပ်ကာ...

"ကျုပ်...ကျုပ်...ရွှေဇီးကွက်ဂိုဏ်းကို သွားမယ်"

သူကပြောပြီး ထရပ်လိုက်၏။

လေတဲခွန်က...

"သွားရမှာပေါ့၊ ဒါပေမယ့်..."

ရှိုးယုံက...

"ကျုပ် အခုပဲသွားမယ်ဗျာ"

သူကပြောပြီး ရှေ့မှပြေးလွှားထွက်ခွာသွားလေတော့သည်။

❖ ❖ ❖

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွား၏။

ရှီးယုံသည် အားကုန်ပြေးထွက်လာ၏။

နောက်ဆုံး သူက မဟန်နိုင်တော့ဘဲ မြေကြီးပေါ်သို့လဲကျသွားလေသည်။

"ဝုန်း..."

ရှီးယုံသည်ပြန်မထဘဲ မြေပြင်ပေါ်တွင် ဆက်လဲနေ၏။

သူ၏ရင်အစုံမှာ နိမ့်ချည်မြင့်ချည်ဖြစ်နေ၏။

အသက်ရှူသံမှာလည်း ပြင်းထန်နေ၏။

သူ၏မျက်လုံးအစုံမှာ ဝိုကြွေးရသဖြင့် နီရဲနေ၏။

အတန်ကြာမှ သူက အမောပြေလာ၏။

ဒေါသစိတ်၊ ဝမ်းနည်းစိတ်များ တဖြည်းဖြည်းလျော့လာ၏။

သူဝေနေသောစိတ်များ ငြိမ်ကျသွား၏။

အရာရာအား စဉ်းစားချင့်ချိန်နိုင်လာ၏။

ရှီးယုံက ထထိုင်လိုက်၏။

လေတံခွန်အား မတွေ့ရတော့ပါ။

သူက သက်ပြင်းတစ်ချက်ချလိုက်၏။

"ငါ ရွှေဇီးကွက်ဂိုဏ်းကို သွားမယ်၊ ငါ့မိသားစုအတွက် ကလဲ့စားချေမယ်"

သူက အံတင်းတင်းကြိတ်ကာ ရေရွတ်လိုက်၏။

"ဒါပေမယ့်... ရွှေဇီးကွက်ဂိုဏ်းက ဘယ်မှာလဲ"

သူ့အတွေးများ ပြတ်တောက်သွား၏။

ရွှေဇီးကွက်ဂိုဏ်း မည်သည့်နေရာတွင်ရှိသည်ကို သူက မသိပါ။

"ဟူး..."

ရှီးယုံသည် လေပူတစ်ချက် မှုတ်ထုတ်လိုက်၏။

ထိုစဉ်...

"လူလေး...မင်းစိတ်တည်ငြိမ်ပြီလား"

စကားသံကို ကြားလိုက်ရ၏။

ရှီးယုံက ကမန်းကတန်း လှည့်ကြည့်လိုက်၏။

သစ်ပင်များကြားမှထွက်လာသော လေတံခွန်အား တွေ့လိုက်

"အဘ..."

ရှီးယုံက ဝမ်းသာအားရခေါ်လိုက်၏။

လေတံခွန်သည် ရှီးယုံ၏နံဘေးတွင် ဝင်ထိုင်လိုက်၏။

"လူလေး..."

လေတံခွန်က အေးအေးဆေးဆေးပင် ခေါ်လိုက်၏။

ရှီးယုံက...

"ပြောပါ အဘ"

လေတံခွန်က...

"မင်းက ရွှေဇီးကွက်ဂိုဏ်းကို လက်စားချေချင်တယ် ဟုတ်
ား"

ဟု မေးလိုက်၏။

ရှီးယုံက ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ် အဘ"

လေတံခွန်က...

"ကောင်းပြီ...ဒါဆိုရင် ရွှေဇီးကွက်ဂိုဏ်းက မင်းတို့မိသားစုကို ဘာဖြစ်လို့ ရန်ရှာတယ်ဆိုတာ အရင်ဆုံး စုံစမ်းရမယ်"

ရှီးယုံက ခေါင်းညိတ်လိုက်၏။

"ဟုတ်ကဲ့"

လေတံခွန်က...

"ရွှေဇီးကွက်ဂိုဏ်းနဲ့ မင်းတို့မိသားစုဟာ ပြဿနာ တစ်ခုတစ်ရာ မရှိဘဲ အခုလိုရန်ရှာခံရတာဟာ အကြောင်းတစ်စုံတစ်ရာကြောင့် ရှင်းပစ်တယ်ဆိုတာ မင်းသိသင့်တယ်"

ရှီးယုံက တွေဝေသွား၏။

အတန်ကြာမှ သူက ခေါင်းမော့ကာ...

"ကျွန်တော်တို့ ကျန်းဖူဒေသကို မပြန်နိုင်အောင် လက်စတုံးတဲ့ သဘောလား"

ဟု မေးလိုက်၏။

လေတံခွန်က ခေါင်းညိတ်လိုက်၏။

"အဲဒါ အဖြစ်နိုင်ဆုံးပဲ"

ရှီးယုံက...

"ဘာပဲဖြစ်ဖြစ် ကျွန်တော်ရအောင်စုံစမ်းမယ်၊ ရွှေဇီးကွက်ဂိုဏ်းကို ကလဲ့စားချေမယ်"

လေတံခွန်က...

"ကောင်းပြီ...မင် ်းအခုဘာလုပ်မလဲ"

ရှီးယုံက...

"ပထမဆုံး ရွှေဇီးကွက်ဂိုဏ်း ဘယ်မှာရှိတယ်ဆိုတာ စုံစမ်းမယ်၊ နေရာသိရင် ဝင်တိုက်ခိုက်မယ်"

လေတံခွန်က ပြုံးလိုက်၏။

"မင်းအတွေးက ကလေးမဆန်ဘူးလား"

ရှီးယုံ၏မျက်နှာ နီရဲသွား၏။

"ကျွန်...ကျွန်တော်..."

လေတံခွန်က...

"မင်း စဉ်းစားပါဦး"

ရှီးယုံက မဲ့လိုက်၏။

"ကျွန်တော် သေရမှာ မကြောက်ပါဘူး၊ ရန်သူကို တိုက်ခိုက်ချင်း သေပါစေဗျာ၊ ကျွန်တော် မကြောက်ဘူး"

လေတံခွန်က...

"မင်း အဲဒီလိုလုပ်ရင်တော့ မင်းစကားအတိုင်း သေမှာ သေချာတယ်"

ရှီးယုံက အံကြိတ်လိုက်၏။

"ကျွန်တော်ပြောပြီးပြီပဲ၊ ကျွန်တော်သေရမှာ ကြောက်တဲ့
မဟုတ်ဘူး၊ ကျွန်တော်ဘဝမှာ တွယ်တာစရာ မိသားစုမှမရှိတော့တာ"

လေတံခွန်က...

"မင်းရဲ့ တူကလေးနှစ်ယောက်ကော"

ဟု လျှပ်တစ်ပြက် မေးလိုက်၏။

ရှီးယုံမှာ ငိုင်ကျသွား၏။

လေတံခွန်က...

"မင်း သေလို့မဖြစ်ဘူး"

ရှီးယုံကပါးစပ်ပိတ်ထားလိုက်၏။

လေတံခွန်က ဆက်ပြောလိုက်၏။

"မင်းတူလေး နှစ်ယောက်ကို ကယ်တင်ရမယ်၊ ရန်သူ
ချေမှုန်းရမယ်၊ နောက်ဆုံးအဆင့် မင်းက ကျန်းဖုနယ်မှာ ရှီးမြို့တော
ကြီး ပြန်ဖြစ်ရမယ်"

သူ၏အသံမှာ ပြတ်သားလွန်း၏။

ရှီးယုံက...

"ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမယ့်..."

လေတံခွန်က...

"ဒါပေမယ့် ဘာဖြစ်သလဲ"

ရှီးယုံက...

"ကျွန်တော် ဒါတွေအားလုံးကို အောင်မြင်အောင်လုပ်နိုင်
မလား"

လေတံခွန်က...

"မင်း ယောကျ်ားမဟုတ်ဘူးလား"

ရှီးယုံ၏မျက်နှာ နီရဲသွား၏။

လေတံခွန်က ဆက်ပြောလိုက်၏။

"မင်းက သေရမှာကိုမကြောက်ဘဲ တခြားဘာကိုများ ကြောက်
နေရတာလဲ"

ရှီးယုံ၏မျက်နှာတွင် ရဲဝံ့သောဟန်မူရာများ ပြန်လည်ဖြစ်ပေါ်
လာ၏။

"ဟုတ်တယ်...အဘ"

သူက အံကိုတင်းတင်းကြိတ်ကာ...

"ကျွန်တော် မဖြစ်ဖြစ်အောင် ကြိုးစားရမယ်"

လေတံခွန်က ကျေနပ်စွာ ပြုံးလိုက်၏။

"ဒီလိုမှပေါ့၊ မင်း အောင်မြင်ဖို့အတွက် ကျုပ်က ကူညီပေး
မှာပါ"

ရှီးယုံသည် လေတံခွန်အား ဒူးထောက်ဂါရဝပြုလိုက်၏။

"ကျေးဇူးတင်ပါတယ် အဘ"

လေတံခွန်က ရှီးယုံအား ဖေးမကာ တွဲထူလိုက်၏။

"ကိစ္စမရှိပါဘူး...ထပါ...ကျုပ်တို့သွားကြမယ်"

ရှီးယုံက...

"ကျုပ်တို့ ဘယ်သွားမှာလဲ"

လေတံခွန်က...

"မင်းရဲ့တာဝန်တွေကို ထမ်းဆောင်ဖို့ အစီအစဉ်ပြုလုပ်ရမယ်လေ၊ လောလောဆယ်တော့ ကျုပ်ဗိုက်ဆာနေပြီ၊ စားသောက်ဆိုင်တစ်ခုခုကို သွားကြမယ်"

သူကပြောပြီး ရှေ့မှထွက်သွား၏။

ရှီးယုံက နောက်မှလိုက်ပါသွားလေတော့သည်။



"မေမေ...မေမေ"

ကလေးငယ်က သတိရလာသည်နှင့် ထိုစကားအား စတင်ရေရွတ်လိုက်၏။

ကျားရဲသခင်လေးက သက်ပြင်းတစ်ချက်ချလိုက်၏။

"ကလေးရဲ့မေမေ..."

ကလေးမှာ အသက် ခုနစ်နှစ်ရှိပြီဖြစ်၍ သိပ်ငယ်လွန်းသည်မဟုတ်ပါ။

ထို့ကြောင့် အဖြစ်အပျက်များအား ပြန်မှတ်မိနေ၏။

"သူ...သူတို့...မေမေ့ကို သတ်လိုက်ကြပြီ...အီး..."

ကလေးငယ်က ပြောရင်း ငိုကြွေးလိုက်၏။

ကျားရဲသခင်လေးက ကမန်းကတန်း ချော့မော့လိုက်၏။

သူက လေးငယ်စိတ်ပြောင်းစေရန် အမျိုးမျိုး ချော့မော့လိုက်၏။

အတန်ကြာမှ ကလေးမှာ တိတ်သွား၏။

ကျားရဲသခင်လေးက ကလေးငယ်၏ဆံစလေးများအား ပွတ်သပ်ပေးကာ...

"ကလေးရဲ့နာမည်က ဘယ်လိုခေါ်သလဲ"

ကလေးက...

"ရှီးဝေ့"

ကျားရဲသခင်လေးက...

"သားတို့က ဘယ်ကလာတာလဲကွ"

ရှီးဝေ့က...

"သားတို့က ကျန်းဖုနယ်ခြားဒေသကနေ ထွက်ပြေးလာရတာဗျ၊ သားဘိုးဘိုးက ဖြို့စားကြီးဗျ၊ အဲဒီမှာ သားတို့ အရမ်းပျော်တာပဲ"

ကျားရဲသခင်လေးသည် ရှီးဝေ့၏စကားကြောင့် မျက်မှောင်ကြုတ်သွား၏။

သူသည် ရှီးဝေ့အား မေးမြန်းရင်း သူတို့မိသားစုအကြောင်းအတော်များများကို သိခွင့်ရလာ၏။

ကျားရဲသခင်လေးက သက်ပြင်းချလိုက်၏။

"ငါ ဘာဆက်လုပ်ရမှာလဲ"

"ငါ့ကြောင့် ဟုန်စဲ့ သေသွားရတယ်"

"ဟုန်စဲ့ ကာကွယ်ပေးရတဲ့မိသားစုလည်း သေသွားပြီး ကလေးဘစ်ယောက် မိဘမဲ့ဖြစ်ကျန်ရစ်ခဲ့တယ်"

"ဟုန်စုံကို ရွှေဒီးကွက်ဂိုဏ်းက လုပ်ကြံသွားနိုင်တာ ငါ ကြောင့်ပဲ"

"ငါ ရွှေဒီးကွက်ဂိုဏ်းကို ပြန်ပြီးချေမှုန်းပစ်ရမယ်"

သူသည် ရှိုးဝေ့အား မြင်းပေါ်တင်ကာ ဆက်လက်ထွက်ခွာ လာခဲ့၏။

သူ၏ရှေ့ခရီးစဉ်မှာ မသေချာလှပါ။

သူဘာလုပ်ရမည်ကိုပင် ရေရေရာရာ မသိသေးပါ။

သူတစ်စုံတစ်ခုပြုလုပ်ရမည်ကိုသာ သိနေတော့သည်။

❖ ❖ ❖

မဟာမြိုင်တောအုပ်

မဟာမြိုင်တောအုပ် ...

အမည်နှင့်လိုက်အောင်ပင် အင်မတန်ကြီးမားသည့်တောအုပ် တစ်ခုဖြစ်၏။

ယင်းတောအုပ်ထဲ ဝင်လိုက်သည်နှင့် အမှောင်ထိကိုသာ တွေ့ ရမည်ဖြစ်၏။

မဟာမြိုင်တောမှာ သစ်ပင်ချုံနွယ်များထူထပ်လွန်းလှ၏။

နေပြောက်ပင် မထိုးနိုင်လောက်အောင် ပိန်းပိတ်မှောင်မည်း နေ၏။

မဟာမြိုင်တောမှာ ကြီးမားကျယ်ဝန်းလှ၏။

သားရဲတိရစ္ဆာန်များလည်း ပေါများလွန်းလှ၏။

မုဆိုးအချို့မှာ မဟာမြိုင်တောအား အမှီပြုကြသော်လည်း တော နက်ပိုင်းအထိ မဝင်ရဲကြပါ။

ထို့ကြောင့် ...

မဟာမြိုင်တောအတွင်းပိုင်းမှာ ပို၍လျှို့ဝှက် သိပ်သည်းနေလေသည်။

မဟာမြိုင်တောအတွင်း၌ ကျင်လည်ကျက်စားသော မုဆိုးမှာလည်း အနည်းငယ်မျှသာဖြစ်၏။

ထို့ကြောင့် အမြဲလို လူသွားလူလာရှင်းလွန်းလှ၏။

ဤမျှခေါင်လွင်သော တောအုပ်အတွင်းသို့ ရုတ်တရက် မြင်းခွာသံများ ဝင်ရောက်လာ၏။

"ခွပ်...ခွပ်...ခွပ်..."

တောလမ်းကလေးအတွင်း မြင်းလေးကောင် ရှေ့ဆင့်နောက်ဆင့် တန်းစီလျက်ဝင်ရောက်လာ၏။

မြင်းစီးသမားသုံးယောက်မှာ တူညီဝတ်စုံကိုဝတ်ဆင်ထားပြီး ကိုယ်ခန္ဓာထွားကျိုင်း၏။

ထိုလူသုံးယောက်မှာ ကိုယ်ရံတော်များဖြစ်ပုံရ၏။

အလယ်မှလူမှာ အသက်လေးဆယ်ခန့်ရှိ၏။

အဖိုးတန်ဝတ်စုံကိုဝတ်ဆင်ထားကာ ခါးတွင် ကျောက်စီခါးတစ်လက်ကို ချိတ်ဆွဲထား၏။

မြင်းစီးသမားတစ်ယောက်သည် မည်သူမျှမဝင်ရဲသည့် မဟာမြိုင်တောထဲဝယ် အေးအေးဆေးဆေး ခရီးဆက်နေကြ၏။

တောမှာ နက်လာလေ ပို၍သစ်ပင်ဝါးပင်များထူထပ်ပြီး အေးစိမ့်လာလေဖြစ်၏။

အဖိုးတန်ဝတ်စုံနှင့်လူက သူ၏အင်္ကျီရင်ဝအား ဆွဲစေ့လိုက်၏။

"ရောက်တော့မှာလား"

သူ၏အသံမှာ ပြည်မမှလေသံနှင့်မတူဘဲ အတန်ငယ်ဝဲနေ၏။

ကိုယ်ရံတော်များက...

"ရောက်တော့မှာပါ ဆရာ"

သူတို့သည် မြင်းများအား ခပ်သွက်သွက်နှင်လိုက်ကြ၏။

တောအတွင်းတစ်နေရာအရောက်ဝယ် သစ်ပင်များက တစ်ဖန်ကျဲသွား၏။

မကြာမီ တောအုပ်အတွင်း၌ ပေတစ်ထောင်ခန့်ရှိသော တောင်ဘစ်လုံးအား တွေ့လိုက်ရ၏။

ကိုယ်ရံတော်တစ်ဦးက...

"ရောက်ပါပြီ ဆရာ"

အဖိုးတန်ဝတ်စုံနှင့်လူက တောင်ကို တစ်ချက်မော့ကြည့်လိုက်၏။

တောင်ထိပ်သို့တက်ရန်လှေကားထစ်များ ဖောက်လုပ်ထားသည်ကို တွေ့လိုက်ရ၏။

တောင်ပေါ်တွင်မူ အဆောက်အအုံတစ်ခုမှ မတွေ့ရပါ။

အဖိုးတန်ဝတ်စုံနှင့်လူက မျက်မှောင်ကြုတ်သွား၏။

"မင်းထို့ သေချာရဲ့လား၊ ကျုပ်တော့ လူရိပ်လူယောင်တောင်မတွေ့ဘူး"

ကိုယ်ရံတော်က...

"ရှိပါတယ်၊ ကျွန်တော်တို့တောင် ခြေရောက်တာနဲ့ သူတို့ကို တွေ့ရမှာပါ"

ထိုလူက ခေါင်းတဆတ်ဆတ်ညိတ်လိုက်၏။

ထို့နောက် မြင်းအား ခပ်သွက်သွက်နှင်လိုက်၏။

မကြာမီ တောင်ခြေသို့ ရောက်ရှိသွား၏။

ရုတ်တရက်...

"ရပ်လိုက်"

ဟန့်တားသံတစ်ခု ထွက်ပေါ်လာ၏။

အဖိုးတန်ဝတ်စုံနှင့်လူက မျက်မှောင်ကြုတ်သွား၏။

အသံသာကြားရပြီး လူရိပ်လူယောင် မတွေ့ရပါ။

ထို့ကြောင့် သူက မြင်းကိုမရပ်ဘဲ ဆက်လက်လှမ်းလိုက်၏။

ထိုစဉ်...

"ဝှစ်..."

လေတိုးသံနှင့်အတူ လုံ့ရည်တစ်လက်က အဖိုးတန်ဝတ်စုံနှင့် လူ၏ မြင်းရှေ့ခြေထောက်နှစ်ချောင်းကြား မြေတွင် စိုက်ဝင်သွား၏။

"ဟီး...ဟီး"

မြင်းမှာ ထိတ်လန့်စွာဟီ၍ ပတပ်ရပ်လိုက်၏။

အဖိုးတန်ဝတ်စုံနှင့်လူက မြင်းအား ချက်ချင်းထိန်းလိုက်၏။

ရှေ့ဆက်မတိုးသင့်မှန်းလည်း သဘောပေါက်လိုက်၏။

သူက နာခေါင်းတစ်ချက်ရှုံ့ကာ သစ်ပင်ချုံနွယ်များဘက် ငေးမော၍...

"ဟော်...မိတ်ဆွေကို ဒီလိုပဲကြိုဆိုရသလား"

ဟု ပြန်လည် ငေါက်ငမ်းလိုက်၏။

သူ၏အသံအဆုံးတွင် လူတစ်ယောက် လျှပ်တစ်ပြက် ထွက်လာ၏။

သူသည် အနက်ရောင်ဝတ်စုံအားဝတ်ဆင်ကာ လက်ထဲတွင် ဓားရှည်တစ်လက် ကိုင်ဆောင်ထား၏။

"မဟာမြိုင်..."

ဟု မေးလိုက်၏။

အဖိုးတန်ဝတ်စုံနှင့်လူက မဆိုင်းမတွပင်...

"ရွှေဇီးကွက်"

ဟု ပြန်ဖြေလိုက်၏။

အနက်ရောင်ဝတ်စုံနှင့်လူက ချက်ချင်းဦးညွှတ်ကာ...

"ခင်ဗျားတို့က မိတ်ဆွေတွေပါ၊ ဘာကိစ္စများရှိလို့ပါလဲခင်ဗျာ"

ဟု ကောင်းမွန်စွာ နှုတ်ဆက်လိုက်၏။

အဖိုးတန်ဝတ်စုံနှင့်လူက...

"မင်းတို့ဂိုဏ်းချုပ်နဲ့ တွေ့ချင်လို့ပါ"

ဝတ်စုံနက်က...

"မိတ်ဆွေရဲ့နာမည်ကို ပြောပါ"

အဖိုးတန်ဝတ်စုံနှင့်လူက...

"စီးလန်"

ဝတ်စုံနက်က ချက်ချင်းပင် ကိုယ်ကိုရို့ကာ လမ်းဖယ်ပေးလိုက်၏။

"မိတ်ဆွေတို့ရဲ့မြင်းကိုထားခဲ့ပါ၊ ကျုပ်တို့ စောင့်ရှောက်ထားပါ့မယ်"

စီးလန်က မြင်းပေါ်မှ ခုန်ဆင်းလိုက်၏။

သူ၏ကိုယ်ရံတော်များကလည်း လိုက်၍ခုန်ဆင်းလိုက်ကြ၏။

စီးလန်က...

"ကျုပ်တို့ သွားလို့ရပြီလား"

ဝတ်စုံနက်က...

"ရပါပြီ...မိတ်ဆွေတို့ လာတဲ့အကြောင်းကို ကျုပ်အကြောင်းကြားထားလိုက်ပါ့မယ်၊ သွားနိုင်ပါပြီ"

စီးလန်က ခေါင်းညိတ်လိုက်၏။

ထို့နောက် တောင်တက် လှေကားထစ်များအတိုင်း စတင်တက်သွားလေတော့သည်။

❖ ❖ ❖

လှိုဝှက် လုံခြုံရေး

စီးလန် တက်လာခဲ့သည်မှာ တောင်တစ်ဝက်ကျော်ကာ တောင်ဆိပ်သို့ပင် ရောက်ကာနီးပြီဖြစ်၏။

လမ်းတွင် အနှောင့်အယှက်အဟန့်အတားမရှိပါ။

လုံခြုံရေး၊ စစ်ဆေးသူတစ်စုံတစ်ယောက်ကိုမှလည်း မတွေ့ရပါ။

စီးလန်က ခြေလှမ်းရပ်လိုက်၏။

သူက မျက်မှောင်ကြုတ်ကာ...

"လုံခြုံရေးက တော်တော်ပေါ့လျော့ပါလား"

ဟု ဝေဖန်လိုက်၏။

သူစကားဆုံးသည်နှင့်...

"ကျုပ်တို့ တောင်ပေါ်ကို ခွင့်ပြုချက်မရဘဲတော်ရုံလူ မတက်နိုင်ပါဘူး"

ဟူသော စကားသံကို ကြားလိုက်ရ၏။

စီးလန်သည် အသဲလာရာဘက်သို့ ကြည့်လိုက်၏။

လူသူတစ်စုံတစ်ယောက်ကိုမှ မတွေ့ရပါ။

စီးလန်က သက်ပြင်းထစ်ချက် မသိမသာချလိုက်၏။

"သြော်... ကင်းပုန်းတွေ ချထားတာကိုး"

သူက တွေးမိလိုက်၏။

စီးလန်သည် ဘာစကားမှ ဆက်မပြောတော့ပါ။

လှေကားထစ်များအတိုင်း ဆက်၍တက်လာခဲ့၏။

မကြာမီ လှေကားထစ်များ ကုန်ဆုံးသွား၏။

တောင်ထိပ်သို့ရောက်ရန် ပေသုံးဆယ်မျှသာ လိုတော့၏။

သို့သော်...

တောင်ထိပ်အထိ ဆက်တက်ရန် မလိုတော့ပါ။

လှေကားထစ်များအဆုံးတွင် လူဇင်ဂူပေါက်တစ်ပေါက်ကို တွေ့လိုက်ရ၏။

စီးလန်တို့ လိုဇင်ဂူပေါက်ဝသို့ရောက်လာသည်နှင့် ဓက်စုံနက် တစ်ဦး ရပ်နေသည်ကို တွေ့ရ၏။

ထိုလူ၏ခါးတွင် ရွှေရောင်ခါးစည်းကြိုးစည်းနှောင်ထား၏။

ဂိုဇင်းဝင်များအနက် အဆင့်မြင့်သူတစ်ဦးဖြစ်မှန်း ချက်ချင်း ရိပ်စားမိလိုက်၏။

ထိုဝတ်စုံနက်က ဦးညွှတ်ကာ...

"မိတ်ဆွေတို့ကို ကြိုဆိုပါတယ်"

ဟု ဆီးကြိုနှုတ်ဆက်လိုက်၏။

စီးလန်က ခေါင်းညိတ်၍ အသိအမှတ်ပြုကာ...

"ကျုပ် မင်းတို့ ဂိုဇင်းချုပ်နဲ့တွေ့ချင်တယ်"

ဝတ်စုံနက်က...

"ဂိုဇင်းချုပ်က အသင့်စောင့်နေပါတယ်၊ ကျုပ်နောက်လိုက်ခဲ့ပါ"

ပြောပြီး လိုဇင်ဂူထဲ လှည့်ဝင်သွား၏။

စီးလန်တို့လူစုက နောက်မှ လိုက်ပါသွားကြ၏။



ထိုစဉ်...

"ဧည့်သည်တော်တွေ ရောက်လာကြပြီကိုး"

ဟူသော စူးရှသည့် အသံထွက်ပေါ်လာ၏။

စီးဖန်တို့လူစုသည် အသံထွက်ပေါ်ရာသို့လှည့်ကြည့်လိုက်၏။

မည်သည့်အချိန်က ရောက်နေမှန်းမသိသောလူတစ်ယောက်

[illegible]း တွေ့လိုက်ရ၏။

ထိုလူမှာ အနက်ရောင်ဝတ်စုံရှည်ဝတ်ဆင်ထား၏။

မျက်နှာပေါ်တွင် ရွှေရောင်ဇီးကွက်မျက်နှာဖုံးတစ်ဝက် တပ်

[illegible]ထား၏။

စီးလန်က စကားပြောရန် ဟန်ပြင်လိုက်၏။

ဇီးကွက်မျက်နှာဖုံးနှင့်လူက ဦးအောင် ပြောလိုက်၏။

"ထိုင်ကြပါ"

စီးလန်တို့လူစုက ကုလားထိုင်တွင် အသီးသီးဝင်ထိုင်လိုက်

[illegible]။

ဇီးကွက်မျက်နှာဖုံးနှင့်လူက စားပွဲတစ်ဖက်ထိပ်တွင် ဝင်ထိုင်

[illegible]...

"ခင်ဗျားတို့ ပင်ပန်းပြီး ဆာနေကြရော့မယ်...စားကြပါဦး"

ဟု လေသံကွက်ပြလိုက်၏။

စီးလန်က ပြုံးလိုက်၏။

"အစားအသောက်က အရေးမကြီးပါဘူးဗျာ"

ရွှေဇီးကွက်ဂိုဏ်းချုပ်

လိုဏ်ဂူထဲတွင် ဝင်ပါနယ် ကောက်ကွေ့သောအပေါက်များစွာ ရှိ၏။

ယင်းအပေါက်များကို ဖြတ်ကျော်ပြီးမှ အခန်းကျယ်တစ်ခုသို့ [illegible]ရောက်ရှိလာ၏။

ယင်းအခန်းမှာ သဘာဝလိုဏ်ဂူအခန်း မဟုတ်ပါ။

လူတို့ဖန်တီးပြုပြင်ထားသော အခန်း ဖြစ်၏။

အခန်းမှာ ပေါ်ဆယ်ပတ်လည်ခန့်ကျယ်ဝန်း၏။

နံရံတစ်ဖက်တွင် ကြီးမားသော ဇီးကွက်ရုပ်တစ်ခုကို ရွှေရောင် [illegible]ဖြင့် ရေးခြယ်ထား၏။

အခန်းတွင်း၌ မည်သူမျှမရှိပါ။

ကုလားထိုင် ဆယ်လုံးခန့် အစီအရီချထား၏။

စားပွဲပေါ်တွင် အငွေ့တထောင်းထောင်းထနေသော စား [illegible]သောက်ဖွယ်ရာများ ခင်းကျင်းထားသည်ကို တွေ့ရ၏။

ဇီးကွက်မျက်နှာဖုံးနှင့်လူက...

"မိတ်ဆွေက တယ်ပြီး ဆန္ဒစောတာကိုး"

စီးလန်က...

"ကျုပ်ကတော့ အလုပ်ကိစ္စကို အရင်ကြားချင်တယ်ဗျာ၊ ကျွန်တို့အတွက် အရေးကြီးနေလို့ပါ"

ဇီးကွက်မျက်နှာဖုံးနှင့်လူက...

"အားလုံး သေသွားပါပြီ"

ထိုစကားကြောင့် စီးလန်၏မျက်နှာတစ်ခုလုံး ဝင်းပသွား၏။

"တကယ်ပဲလားဗျာ"

သူက မယုံကြည်နိုင်စွာ မေးလိုက်၏။

ဇီးကွက်မျက်နှာဖုံးနှင့်လူကက ဒေါသထွက်သွား၏။

"ကျုပ်က လိမ်ညာပြောနေတယ်လို့ ခင်ဗျားထင်သလား"

စီးလန်က ကမန်းကတန်း တောင်းပန်လိုက်၏။

"မဟုတ်ပါဘူးဗျာ...စိတ်မရှိပါနဲ့၊ ကျုပ်က သေချာအောင် မေးမိတာပါ"

ဇီးကွက်မျက်နှာဖုံးနှင့် လူက...

"ကျုပ်တို့ရွေဇီးကွက်ဂိုဏ်းက မသေချာရင် ဘာမှမလုပ်ဘူး လုပ်ရင်လည်း သေချာပိရိအောင်လုပ်တယ်"

စီးလန်က...

"ကျုပ် စကားပြောမှားသွားတာ ခွင့်လွှတ်ပါ၊ ဒါထက်...

ဇီးကွက်မျက်နှာဖုံးနှင့် လူက...

"ခင်ဗျား ယုံကြည်အောင် ပြပါ့မယ်"

"ခွပ်...ခွပ်...ခွပ်"

ဇီးကွက်မျက်နှာဖုံးနှင့်လူက လက်ခုပ်တီးလိုက်၏။

လက်ခုပ်သံအဆုံးတွင် နံရံတစ်ခုပွင့်သွားကာ ဝတ်စုံနက် တစ်ယောက် ဝင်လာ၏။

သူ့လက်ထဲတွင် ကလေးငယ်တစ်ယောက် ပါလာ၏။

စီးလန်၏မျက်နှာ ရွှင်ပြုံးသွား၏။

"ဒါ ရှီးကျွန်ရဲ့ မြေးပဲ"

ဇီးကွက်မျက်နှာဖုံးနှင့်လူက ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်...အသက်ရှင်တာ သူတစ်ယောက်ပဲရှိတယ်"

စီးလန်က သက်ပြင်းတိုစ်ချက်ချလိုက်၏။

"သူ့ကိုပါ သတ်ပစ်ရမှာ"

"ဘာ..."

ဇီးကွက်မျက်နှာဖုံးနှင့်လူက စူးရှစွာအော်လိုက်၏။

စီးလန်တို့လူစုက အလန့်တကြားဖြင့် မော့ကြည့်လိုက်၏။

"ဘာဖြစ်လို့လဲဗျ"

ဇီးကွက်မျက်နှာဖုံးနှင့်လူက ခေါင်းခါယမ်းလိုက်၏။

"ကလေးတစ်ယောက်ကိုတော့ ကျုပ်တို့မသတ်နိုင်ဘူး၊ ခင်ဗျားဘို့ဘာသာ ကြည့်ရှင်းလိုက်ကြပါ"

စီးလန်က...

"ဟုတ်ကဲ့...ယုံကြည်ပါပြီဗျာ၊ တံဆိပ်တုံးပဲ ကျန်ပါတော့တယ်"

ဇီးကွက်မျက်နှာဖုံးနှင့် လူက...

"တံဆိပ်တုံး...ဟုတ်လား"

စီးလန်က...

"ဟုတ်ပါတယ်"

ဇီးကွက်မျက်နှာဖုံးနှင့် လူက...

"ဘာတံဆိပ်တုံးလဲ"

စီးလန်က...

"ရိုးကျန်ဆိုက အမိန့်တော်တံဆိပ်တုံးပါ"

ဇီးကွက်မျက်နှာဖုံးနှင့်လူက...

"ကျုပ်တို့တာဝန်က ရိုးကျန်တို့မိသားစုကို ရှင်းဖို့ပဲ"

စီးလန်က မျက်နှာပျက်သွား၏။

"ဒါ...ဒါဖြင့် တံဆိပ်တုံးမရခဲ့ဘူးပေါ့"

ဇီးကွက်မျက်နှာဖုံးနှင့်လူက...

"ခင်ဗျားတို့ ခိုင်းတဲ့ထဲမှာ မပါဘူးလေ"

စီးလန်က...

"ဒုက္ခပါပဲဗျာ..."

ဇီးကွက်မျက်နှာဖုံးနှင့်လူက...

"ကဲ...ကျုပ်တို့ အလုပ်လုပ်ပြီးပြီ၊ အေးအေးဆေးဆေး စားကြဦး"

စီးလန်က...

"မပြီးသေးဘူး"

ဇီးကွက်မျက်နှာဖုံးနှင့်လူက...

"ဘာကျန်သေးလို့လဲ"

စီးလန်က...

"အမိန့်တော် တံဆိပ်တုံးပါ"

ဇီးကွက်မျက်နှာဖုံးနှင့်လူက...

"အဲဒီကိစ္စ အခုမှ ပေါ်လာတာလေ"

စီးလန်၏မျက်နှာ ပျက်သွား၏။

"ဒါ...ဒါဆို...ဘယ်လိုလုပ်ကြမလဲ...ဒုက္ခပါပဲ"

ဇီးကွက်မျက်နှာဖုံးနှင့် လူက...

"အလုပ်အသစ် ထပ်အပ်ပေါ့ဗျာ"

ဟုအေးအေးဆေးဆေး ပြောလိုက်၏။

စီးလန်က သက်ပြင်းတစ်ချက်ချလိုက်၏။

ဇီးကွက်မျက်နှာဖုံးနှင့်လူက...

"ဒီတစ်ခါ အရင်ကြေးထက် လျော့ယူပါ့မယ်ဗျာ"

စီးလန်က မတတ်သာတော့ပါ။

သူက ခေါင်းညိတ်လိုက်ပြီး...

"ကောင်းပြီလေ...တစ်လအတွင်း..."

ဇီးကွက်မျက်နှာဖုံးနှင့် လူက...

"စိတ်ချပါ...ကဲ...စားကြပါဦး"

ဟု ဖိတ်ခေါ်လိုက်၏။

စီးလန်က ခေါင်းခါယမ်းလိုက်၏။

သူက စားချင့်စိတ် မရှိတော့ပါ။

ကလေးငယ်အားခေါ်ကာပြန်ရန် စိတ်ကူးလိုက်၏။

"ကဲ...ကျုပ် ကလေးခေါ်ပြီး ပြန်ပါတော့မယ်၊ နောက် တစ်ကြိမ်လာတဲ့အခါမှာ တံဆိပ်တုံးအသင့် ဖြစ်နေပါစေဗျာ"

ဇီးကွက်မျက်နှာဖုံးနှင့်လူက...

"စိတ်ချပါ...ကျုပ်တို့ ရွှေဇီးကွက်ဂိုဏ်းက မလုပ်နိုင်တာ ဘာမှမရှိပါဘူး"

စီးလန်က ဘာမှမပြောတော့ပါ။

ထိုင်ရာမှထလိုက်ပြီး လူယုံတော်များအား...

"ကလေးကို ခေါ်ခဲ့"

ဟု အမိန့်ပေးပြီး ရှေ့မှထွက်ခွာသွားလေသည်။

❖ ❖ ❖

"ခွပ်...ခွပ်...ခွပ်"

မြင်းခွာသံမှာ စည်းချက်ကျစွာ ထွက်ပေါ်နေ၏။

တောလမ်းကလေးအတွင်း မြင်းခွာသံကောင် ရင်ပေါင်တန်းကာပြေးနေ၏။

မြင်းပေါ်တွင် အသက် လေးဆယ်ခန့် လူကြီးတစ်ယောက်နှင့် မိန်းမပျိုလေးတစ်ဦး လိုက်ပါလာ၏။

ချွန်းကုန်းနှင့် ချွန်းနီဖြစ်၏။

ချွန်းနီသည် ပထမဆုံးအကြိမ် အပြင်လောကသို့ထွက်ရသဖြင့် အလွန်ပျော်ရွှင်နေ၏။

တွေ့မြင်သမျှအရာအားလုံးမှာ သူမအတွက် အသစ်အဆန်းချည်းဖြစ်နေ၏။

ချွန်းကုန်းမှာလည်း တူမဖြစ်သူပျော်ရွှင်နေသည်ကို တွေ့ရသဖြင့် အလိုလို ပျော်နေမိ၏။

ဤသို့ဖြင့် ခရီးဆက်လာရင်း မဟာမြိုင်တောအုပ်အစပ်သို့ ရောက်ရှိလာကြ၏။

ချွန်းနီသည် ကြီးမားသော တောအုပ်ကြီးအားကြည့်ကာ...

"ဦးလေး..."

ဟု ခေါ်လိုက်၏။

ချွန်းကုန်းက သူမဘက်လှည့်ကြည့်ကာ...

"ဘာလဲ"

ချွန်းနီက...

"ဒီတောအုပ်က အကြီးကြီးပဲနော်...နာမည်ရှိလား"

ချုန်းကုန်းက...

"ရှိတယ်...မဟာမြိုင်တောအုပ်တဲ့"

ချုန်းနီက...

"မဟာမြိုင်ဆိုတော့ နာမည်နဲ့လိုက်အောင် နက်ရှိုင်းတဲ့ တောအုပ်ကြီးလား"

ချုန်းကုန်းက...

"ဟုတ်တယ်...မဟာမြိုင်တောက အလွန်နက်တယ်၊ ဘယ်သူမှ တောအတွင်းအထိ မဝင်နိုင်ကြဘူး"

ချုန်းနီက...

"အခု ကျွန်မတို့က မဟာမြိုင်တောထဲဝင်ကြမှာလား"

ချုန်းကုန်းက...

"အင်း...ဝင်တယ်ဆိုရုံလောက်ပဲ၊ ဖြတ်လမ်းက ပိုပြီးနီးတယ်၊ ခရီးပေါက်မယ်"

ချုန်းနီက...

"ဟိုးအတွင်းထိ ဘာဖြစ်လို့ မဝင်တာလဲ"

ချုန်းကုန်းက ပြုံးလိုက်၏။

"ဟိုးအတွင်းထိ ဝင်စရာကိစ္စမှမရှိဘဲ"

ချုန်းနီက...

"ဒါလည်း ဟုတ်တာပဲ"

ချုန်းကုန်းက...

"ကဲ...စကားများနေနဲ့၊ မမှောင်ခင် ဒီတောထဲကဖြတ်နိုင်အောင် သွားရမယ်၊ မှောင်သွားရင် တောထဲမှာညအိပ်နေရဦးမယ်"

သူတို့သည် မဟာမြိုင်တောဖြတ်လမ်းအတိုင်း ခရီးဆက်လာခဲ့ကြ၏။

ချုန်းကုန်းသည် မြင်းအား ခပ်သွက်သွက် ခရီးနှင်သွားလို၏။

သို့သော်...

သူက မသွားနိုင်ပါ။

ချုန်းနီမှာ ဟိုငေးဒီငေးနှင့် ဖြည်းဖြည်းချင်းလိုက်ပါလာသောကြောင့်ဖြစ်၏။

ချုန်းကုန်းက...

"ချုန်းနီ..."

ချုန်းနီက အနီးရှိ ပန်းပွင့်ကြီးများနားတွင် မြင်းကိုရပ်ကာ ကိုင်ကြည့်နေရင်း...

"ဘာလဲ ဦးလေး"

ချုန်းကုန်းက...

"တို့မြန်မြန်သွားမှ ဖြစ်မယ်၊ မိုးချုပ်တော့မယ်"

ချုန်းကုန်းက...

"ကျွန်မတို့မှာ အရေးကြီးကိစ္စမှ မရှိတာ၊ ဒီမှာကြည့်မပါဦး...ဘယ်လောက်လှတဲ့ ပန်းပွင့်တွေလဲလို့"

ချုန်းကုန်းက သက်ပြင်းတစ်ချက်ချလိုက်၏။

"ဒီကောင်မလေးကြောင့်ခက်ပါတယ်၊ ဒီညတော့ မဟာမြိုင်တောထဲမှာပဲစခန်းချဖို့ သေချာသွားပါပြီ"

ဟု ညည်းတွားလိုက်၏။

ချွန်းနီမှာမူ မြင်းအား အေးအေးဆေးဆေးပင် နှင်နေ၏။



စီးလန်သည် မြင်းအား ရပ်တန့်လိုက်၏။

မရပ်၍လည်း မရတော့ပါ။

အမှောင်ထုက သိပ်သည်းလာပြီ မဟုတ်ပါလား။

"အားလုံး နားကြ...ဒီမှာပဲ စခန်းချကြမယ်"

ကိုယ်ရံတော်သုံးယောက်က မြင်းပေါ်မှ ခုန်ဆင်းလိုက်ကြ၏။

ထို့နောက် ညအိပ်ရန်အတွက် နေရာရှာဖွေကာ ပြင်ဆင်လိုက်ကြ၏။

စီးလန်သည် ရိက္ခာခြောက်များအားထုတ်ကာ ကလေးငယ်အား တစ်ချက်ကြည့်လိုက်၏။

သူ့မျက်စိထဲတွင် ကလေးငယ်အစား ရှီးကျွန်ကိုသာ မြင်နေမိ၏။

စီးလန်က နှာခေါင်းတစ်ချက်ရှဲ့လိုက်၏။

"ဒီတစ်ခါတော့ မင်းတို့ ရှီးမျိုးပြုတ်ပြီပေါ့"

ဟု ကျေနပ်အားရသံဖြင့် ကြိုးဝါးလိုက်၏။

သူသည် ကလေးအားသတ်ပစ်ရန် စိတ်ကူးမိ၏။

သို့သော်...

သွေးအေးအေးနှင့် ကလေးတစ်ယောက်အားသုတ်ရန်ကို မဝံ့ရဲဖြစ်နေမိ၏။

ကိုယ်ရံတော်တစ်ဦးက ကလေးအား နေရာချပေးလိုက်၏။

"တောက်..."

စီးလန်မှာ ကလေးအားကြည့်ကာ တက်တစ်ချက်ခေါက်လိုက်၏။

"ရှုပ်လိုက်တာ...ကျန်းဖုအထိခေါ်သွားရဦးမယ်"

ကိုယ်ရံတော်တစ်ဦးက...

"ဒီတောထဲမှာ ထားပစ်ခဲ့ရင်ကော..."

စီးလန်က...

"မဖြစ်ဘူး...သခင်ကြီး သိရင် ကျေနပ်မှာမဟုတ်ဘူး၊ ဒီကလေးကိစ္စ သခင်ကြီး ကြည့်ရှုင်းပါလိမ့်မယ်"

သူကပြောရင်း ရှီးကျွန်တို့အလောင်းများအား မစစ်ဆေးခဲ့မိသည်ကို သတိရလာ၏။

သူသည် ရိစန်းကို့ပြောသည်ကို နားထောင်ပြီး ချက်ချင်းခြိန်လာခဲ့သည်မဟုတ်ပါလား။

"ဟာ...ဒုက္ခပါပဲ"

ကိုယ်ရံတော်က...

"ဘာဖြစ်လို့လဲ"

စီးလန်က...

"ကျုပ် ပြန်ချင်စိတ်များပြီး အလောင်းတွေကို မစစ်ဆေးခဲ့မိဘူး"

ကိုယ်ရံတော်က...

"ဒါဆို..."

စီးလန်က...

"မနက်ကျမှ တစ်ခေါက်ပြန်ပြီး သွားကြည့်ကြတာပေါ့"

သူတို့အားလုံး မြေပြင်ပေါ်တွင် လဲလျောင်းလိုက်၏။

ခရီးပန်းလာကြသဖြင့် တစ်ခဏအတွင်းမှာပင် အိပ်ပျော်သွားကြ၏။

ကလေးငယ်မှာ မအိပ်သေးပါ။

သူကတစ်ချိန်လုံး အိပ်ချင်ယောင်ဆောင်နေသဖြင့် စီးလန်တို့လူစုပြောသည်ကို ကြားခဲ့၏။

ထို့ကြောင့် စီးလန်တို့လူစု အိပ်ပျော်သွားသည်နှင့် သူက အမှောင်ထုထဲသို့ တိုးဝင်သွား၏။

ကလေးငယ်သည် မည်သည့်နေရာသို့သွားရမည်မှန်း မသိပါ။

စီးလန်တို့လူစုမှာ သူ့အပေါ်ကောင်းသူများမဟုတ်၍ ၎င်းတို့လက်မှ လွတ်ရန်သာ သိ၏။

အမှောင်ထုကို ကြောက်ရမည်မှန်း မသိပါ။

ခြေဦးတည့်ရာ အမှောင်ထုထဲသို့ တိုးဝင်လာ၏။

တော်ရုံလူပင် ညဘက်မသွားဝံ့သော မဟာမြိုင်တောထဲသို့ ကလေးငယ်မှာ နားမလည်ဘဲ ထွက်လာ၏။

သူ့တွင် ရည်ရွယ်ချက်ပန်းတိုင်မရှိပါ။

အသက် ခြောက်နှစ်အရွယ်ခန့် ကလေးမှာ မဟာမြိုင်တောကြောင်း မည်သို့နားလည်ပါမည်နည်း။



"ဦးလေး..."

ချွန်းကုန်းက မျက်လုံးမဖွင့်ဘဲ...

"ဘာလဲ..."

ချွန်းနိုက...

"တောကောင်တွေ"

"ဘယ်မှာလဲ တောကောင်တွေ"

ချွန်းကုန်းက ဝုန်းခနဲထ ထိုင်လိုက်၏။

ဝန်းကျင်တစ်ခုလုံးအား လှည့်ပတ်ကြည့်လိုက်၏။

ချွန်းနိုက...

"မလာပါဘူး"

ချွန်းကုန်းက သက်ပြင်းတစ်ချက်ချကာ...

"ဒါဖြင့် ဘာဖြစ်လို့ တောကောင်တွေလို့ ပြောရတာလဲ"

ချွန်းနိုက...

"ကျွန်မတို့အိပ်နေတုန်း တောကောင်တွေလာရင် ဘယ်လို ဟုပ်မလဲလို့ မေးမလို့ပါ ဦးလေးရဲ့"

ချွန်းကုန်းက ပြုံးကာ...

"မီးရောင်ရှိရင် သူတို့မလာပါဘူး၊ တို့နှစ်ယောက် တစ်ယောက် တစ်လှည့်စီ အိပ်ကြတာပေါ့"

ချွန်းနိုက...

"အဲဒါ ကောင်းတယ်...ဦးလေး အရင်အိပ်ပါ"

တောနက်ထဲမှ ကလေးငယ်

"ဖျောက်...ဖျောက်"

သစ်ကိုင်းများ မီးလောင်သံတဖျောက်ဖျောက်နှင့် ထွက်ပေါ် နေ၏။

မီးရောင်ဖြင့် ဝန်းကျင်တစ်ခုလုံးအား ထင်ရှားစွာ တွေ့မြင် ရ၏။

ချွန်းကုန်းမှာ မီးဖိုနံဘေးတွင် လဲလျောင်းလိုက်၏။

"ကဲ...ချွန်းနီ အိပ်တော့"

သူကပြောပြီး မျက်လုံးမှိတ်လိုက်၏။

ချွန်းနီမှာ ဝန်းကျင်တစ်ခုလုံးအား လှည့်ပတ်ကြည့်ရင်း မအိပ် ရဲသေးပါ။

ချွန်းကုန်းစောစောကပြောခဲ့သည့် တောကောင်များအကြောင်း ပြန်တွေးကာ ကြောက်နေ၏။

သူမသည် မျက်လုံးမှိတ်ထားသည့် ချွန်းကုန်းအားကြည့်ကာ...

ချွန်းကုန်းက ဘာစကားမှမပြောတော့ဘဲပြန်လည်လဲလျောင်းလိုက်၏။

တစ်ခဏအကြာ၌ ချွန်းကုန်းထံမှ ဟောက်သံများထွက်ပေါ်လာလေတော့သည်။

❖ ❖ ❖

အချိန်များတရွေ့ရွေ့ ကုန်ဆုံးလာ၏။

ညအမှောင်ထုမှာ ပို၍သိပ်သည်းလာ၏။

တိတ်ဆိတ်သောညဉ့်ယံတွင် တစ်ခါတစ်ရံ တောကောင်များ၏ အသံများကို ကြားနေရ၏။

မီးပုံဘေးတွင်ထိုင်နေရင်း ချွန်းနီမှာ ကြောက်ရွံ့သလိုခံစားနေရ၏။

သူမသည် သစ်ကိုင်းခြောက်များကို မီးပုံထဲသို့ထည့်လိုက်၏။

မီးအလင်းရောင် ပိုလင်းလာမှ ကြောက်ရွံ့စိတ်များ ပြေလာသလိုခံစားလိုက်ရ၏။

ထိုစဉ်...

"ချွတ်...ဖျောက်"

တစ်စုံတစ်ယောက်၏ သစ်ကိုင်းခြောက်နင်းသံထွက်ပေါ်လာ၏။

ချွန်းနီ၏ခန္ဓာကိုယ် တစ်ချက်တုန်ခါသွား၏။

သူမသည် သစ်ကိုင်းခြောက်ကျိုးသံကြားရာသို့ လှည့်ကြည့်လိုက်၏။

သစ်ပင်များ လူပ်ရှားသွားသည်ကို တွေ့လိုက်ရ၏။

ချွန်းနီက ရင်ထိတ်သွား၏။

"တောကောင်များလား"

အတွေးနှင့်အတူ လက်ကလည်း ခါးရိုးကို အသင့်ဆုပ်ကိုင်လာ၏။

ချွန်းနီမှာ ရင်တထိတ်ထိတ်ခုန်လာ၏။

သူမသည် သစ်ကိုင်းသစ်လက်များ လူပ်ရှားသွားသည့်နေရာများ သေချာစွာ အကဲခတ်လိုက်၏။

အမှောင်ထဲမှ တောက်ပသော မျက်လုံးတစ်စုံကို တွေ့လိုက်ရ၏။

"ဟုတ်ပြီ...တောကောင်ပဲ"

သူမက ဓားကို အသင့်ဆုပ်ကိုင်လိုက်၏။

ထိုစဉ် သစ်ပင်များလူပ်ရှားပြီး ထွက်ပေါ်လာသောအရာအား တွေ့မြင်လိုက်ရသောအခါ အလွန်ပင် အံ့အားသင့်သွားရလေတော့သည်။

❖ ❖ ❖

ကလေးငယ်တစ်ယောက်။

ယခု မီးအလင်းရောင်ရှေ့တွင် ကလေးငယ်တစ်ယောက် ရောက်ရှိနေ၏။

ကလေးငယ်မှာ အလွန်ပင် မောပန်းနေ၏။

သစ်ပင်များကြားမှထွက်လာပြီး မီးပုံဘေးမရောက်မီ မြေပေါ်သို့ လဲကျသွား၏။

ချွန်းနီသည် အဖြစ်အပျက်များကို အံ့သြနေပြီး ကြက်ဆေးသေနေမိ၏။

ထိုစဉ် ပြေးလွှားလာနေသော ခြေသံများကို ကြားလိုက်ရ၏။

ထိုအခါမှ ချွန်းနီက သတိဝင်လာ၏။

ချက်ချင်းပင် ကလေးငယ်အား ပွေ့ထူလိုက်၏။

ကလေးမှာ အလွန်မောပန်းနေသဖြင့် ဘာမှမပြောနိုင်ဘဲရှိနေ၏။

ချွန်းနီသည် ရေဘူးအားဖွင့်ကာ ကလေးငယ်အား ရေအနည်းငယ် တိုက်လိုက်၏။

ဖြူရော်နေသော ကလေး၏မျက်နှာတွင် သွေးရောင်ပြန်လွှမ်းလာ၏။

ချွန်းနီက...

"သား...ဘယ်ကရောက်လာတာလဲ၊ လူကြီးတွေကော"

ဟု ညင်သာစွာ မေးလိုက်၏။

ကလေးငယ်မှာ မဖြေနိုင်ပါ။

ခန္ဓာကိုယ် တုန်ယင်နေ၏။

ချွန်းနီက...

"သား...ဘာမှမကြောက်နဲ့၊ သား ဘယ်သူလဲ...သားရဲ့ဒီဘတွေ ဘယ်မှာလဲ"

ရုတ်တရက်...

"ဩော်...သားက ဒီရောက်နေတာကိုး"

သစ်ပင်များကြားမှ စကားသံ ထွက်လာ၏။

အသံနှင့်အတူ လူတစ်ယောက် လှမ်းထွက်လာ၏။

ချွန်းနီက လှမ်းကြည့်လိုက်၏။

ထိုလူက ချွန်းနီအား ဦးညွှတ်ကာ...

"ကျုပ်ကလေးကိုပြုစုပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်ဗျာ"

သူကပြောပြီး ကလေးအား...

"လာစမ်း...မင်းက လူကြီးကို တော်တော်ဒုက္ခပေးတာပဲ"

ဟု ငေါက်ငမ်းလိုက်၏။

ကလေးငယ်၏မျက်လုံးအစုံ ဝိုင်းစက်ပြူးကျယ်သွား၏။

"ဟင့်အင်း...မလိုက်ဘူး"

ဟု အော်ဟစ်လိုက်၏။

ထိုလူက...

"မင်း တော်တော်ဆိုးနေပါလား"

ကလေးက...

"ဟင့်အင်း...ဦးတို့က ကျွန်တော့်အဖေမှ မဟုတ်တာ"

ထိုလူ၏မျက်နှာ ကွက်ခနဲပျက်သွား၏။

ချွန်းနိုက ထိုလူအား လှမ်းကြည့်လိုက်၏။

ထိုလူက သက်ပြင်းတစ်ချက်ချကာ...

"ကလေးက အရမ်းဆိုးတယ်ဗျာ၊ မဟာမြိုင်တောက **အရှင်နက်လို့** သူ့ကို ဘယ်မှမသွားဖို့ ဆူမိတာကို စိတ်ကောက်**နေတာ**" ဟု ရှင်းပြလိုက်၏။

ကလေးငယ်က...

"မဟုတ်ဘူး...သူ ညာပြောနေတာ ဒေါဒေါ၊ **သူတို့က** ကျွန်တော့်ကို လိုက်ဖမ်းနေကြတာ"

ချွန်းနိုက...

"သား...ကိုယ့်မိဘကို အဲဒီလိုမပြောရဘူးလေ"

ထိုလူက...

"အဲဒါသာကြည့်ပါတော့ဗျာ"

ကလေးက...

"မဟုတ်ဘူး ဒေါဒေါ...သူတို့က ကျွန်တော့်ကို **လိုက်ဖမ်း**နေကြတာ၊ ကျွန်တော့် ဖေဖေ၊ မေမေနဲ့ ဘိုးဘိုးကို သူတို့သတ်**လိုက်**ကြပြီ၊ **ကျွန်တော့်** ကိုကိုတောင် သူတို့သတ်လိုက်ပြီလား **မသိဘူး**၊ ဟီး...**ဟီး**"

ကလေးက ပြောရင်း အော်ဟစ်ငိုကြွေးလိုက်၏။

ချွန်းနိုက အံ့အားသင့်သွား၏။

ထိုလူက ကလေးအားလှမ်းဆွဲကာ...

"မင်းဘာတွေလျှောက်ပြောနေတာလဲ၊ သူများ အဟုတ်ထင်သွားဦးမယ်"

ပြောပြီး ချွန်းနိုက ဦးညွှတ်ကာ ကလေးအား အတင်း**ဆွဲခေါ်**သွား**၏**။

ကလေးကလည်း အတင်းငိုယို၍ ပြန်လည်ရုန်း**ကန်နေ**၏။

ချွန်းနိုမှာကြည့်ရင်း စိတ်ထဲတွင် တစ်မျိုးဖြစ်လာ**၏**။

"ကလေးနဲ့ဒီလူတွေနဲ့ ဘယ်လိုပတ်သက်နေသလဲမသိဘူး၊ ဘယ်သူပြောတာ အမှန်လဲ"

သူမက စဉ်းစားမရဘဲဖြစ်နေ**၏**။

ထိုစဉ် ကလေးအားခေါ်သူမှာ စိတ်မရှည်နိုင်ဘဲ **ကန်ကျောက်**သွားသည်ကို တွေ့လိုက်ရ**၏**။

"ဝုန်း..."

ကလေးမှာ မြေပေါ်သို့လဲကျသွား**၏**။

ထိုလူက ကလေးအားဆွဲထူလိုက်**၏**။

ချွန်းနိုမှာ စိတ်ထဲတွင် စနိုးစနောင့်ဖြစ်လာ**၏**။

သူမက သက်ပြင်းတစ်ချက်ချလိုက်**၏**။

"ရပ်လိုက်ပါ"

အဘယ်ကြောင့်မှန်းမသိ နှုတ်မှ အလိုလိုအသံထွက်လာ**၏**။

ထိုလူက လှည့်ကြည့်ကာ...

"ဘာပြောချင်လို့လဲ မိန်းကလေး"

ချွန်းနီက ဘာမှ မပြောဘဲ ကလေးအားကြည့်လိုက်၏။

သူမရင်ထဲတွင် တစ်ဆို့သွား၏။

ကလေးမှာ မျက်ရည်များကြားမှ သူမအား အားကိုးတကြီး ကြည့်ကာ...

"ကျွန်တော့်ကို ကယ်ပါဦး ဒေါ်ဒေါ်ရယ်...သူတို့တွေက လူဆိုးတွေပါ...သားကို သတ်လိမ့်မယ်"

ထိုလူက ကလေး၏ပါးစပ်အား လှမ်းပိတ်လိုက်၏။

ချွန်းနီက...

"သားမိဘတွေကော..."

ထိုလူက ချွန်းနီအား စိုက်ကြည့်ကာ...

"မိန်းကလေး မင်းနဲ့မဆိုင်တာ မစပ်စုနဲ့"

ပြောပြီး ကလေးအား ဆွဲလိုက်ပြန်၏။

ချွန်းနီက ဟန့်တားလိုက်၏။

"ရပ်လိုက်"

ဤတစ်ကြိမ်တွင် ထိုလူက ဂရုမစိုက်တော့ပါ။

ကလေးအား တရွတ်တိုက်ဆွဲရင်း ထွက်သွား၏။

ချွန်းနီက လျှပ်တစ်ပြက် ထိုလူ၏ရှေ့မှပိတ်ဆို့လိုက်၏။

"ရပ်လိုက်ပါ"

ထိုလူက...

"မိန်းကလေး...ကျုပ်တို့ကိစ္စမှာ ဝင်မစွက်တာ ကောင်းမယ်"

ချွန်းနီက နှာခေါင်းရှုံ့ကာ...

"ဒီအတိုင်းဆိုရင်တော့ သားလေးပြောတာ မှန်နေပြီ ထင်တယ်"

ထိုလူ၏မျက်နှာ ကွက်ခနဲပျက်သွား၏။

ချွန်းနီ၏ရင်ထဲမှ သံသယမှာလည်း ပို၍ခိုင်မာလာ၏။

ထိုလူက ချွန်းနီအား အေးစက်စွာစိုက်ကြည့်ကာ...

"မိန်းကလေး...မင်းနဲ့ ကျုပ်နဲ့ ကြားမှာ ပြဿနာမရှိဘူး၊ ပြဿနာမဖန်တီးချင်ပါနဲ့"

ဟု အေးစက်စွာပြောလိုက်၏။

ချွန်းနီက မဲ့ကာ...

"ရှင်တို့က ဘယ်သူတွေလဲ၊ ဘာကြောင့် ကလေးကိုဖမ်းထားရတာလဲ"

ထိုလူ၏မျက်နှာ တင်းမာသွားကာ...

"မိန်းကလေး ဖယ်စမ်း"

ချွန်းနီက...

"ကလေးထားခဲ့ရင် ရှင်တို့သွားလို့ရပါတယ်"

ထိုလူက...

"မင်းက ပြောတာ နားမထောင်ဘဲ ရောင့်တက်နေပါလား"

သူကပြောပြီးသည်နှင့် လက်ဝါးတစ်ချက် ရိုက်ထုတ်လိုက်၏။

ချွန်းနိုက ထိတ်လန့်ကာ နောက်သို့ရှောင်တိမ်းလိုက်၏။

ထိုလူက လျှပ်တစ်ပြက် ထိုးထွက်လိုက်၏။

သို့သော်...

ချွန်းနိုက ချက်ချင်းဟန့်တားလိုက်၏။

ထိုလူက ဒေါသခြောင်းခြောင်းထွက်လာ၏။

"မိန်းကလေး...ကျုပ်ကို အဆိုးမဆိုနဲ့"

ဟုပြောရင်း လက်ဝါးသုံးချက် ဆက်တိုက် တိုက်ခိုက်လိုက်၏။

သူ၏လက်ဝါးတိုက်ကွက်များမှာ ရက်စက်ကြမ်းကြုတ်လှ၏။

ချွန်းနိုက ရှောင်တိမ်းကာ...

"ရှင့်ရဲ့သိုင်းကွက်တွေက ဒီလောက်ရက်စက်နေမှတော့ ရှင်က ဘယ်နည်းနဲ့မှ လူကောင်းတစ်ယောက် မဖြစ်နိုင်ဘူး"

သူမကပြောရင်း ဓားအားဆွဲထုတ်ကာ ပြန်လည်တိုက်ခိုက်လိုက်၏။

သူမ၏ဓားကွက်များသည် ထိုလူ၏ပြေးလမ်းအား ပိတ်ဆို့ထား၏။

ထိုလူက ဒေါသခြောင်းခြောင်းထွက်လာ၏။

ကလေးအားတွန်းထုတ်ကာ ချွန်းနိုက တရကြမ်းတိုက်ခိုက်လိုက်၏။

ချွန်းနိုကလည်း ခေသူမဟုတ်ပါ။

ဖခင်ဖြစ်သူ၏ ဓားပညာကို အမွေရထားသူဖြစ်၏။

သူမသည် ထိုလူအား ကောင်းစွာ တိုက်ခိုက်နိုင်၏။

သိုင်းကွက်သုံးဆယ်ခန့် ယှဉ်ပြိုင်မိသောအခါ ထိုလူသည် အခြေအနေအား သဘောပေါက်သွား၏။

ချွန်းနိအား အနိုင်ရရန်မလွယ်ကူမှန်း နားလည်လာ၏။

ထိုလူက ခံပြင်းလာ၏။

သူသည် အရက်စက်ဆုံး သိုင်းကွက်များကို ဆုတ်ဖော်လိုက်၏။

သို့သော်...

သူ၏ တိုက်ခိုက်မှုမှာ အရာမထင်ပါ။

ချွန်းနိ၏ ဓားချက်အောက်တွင် ပျောက်ကွယ်သွားရ၏။

ဓားကွက်နှစ်ဆယ်ခန့် ထုပ်တိုက်မိသောအခါ...

"အား..."

ထိုလူ၏လက်မောင်းတွင် ဓားချက်တစ်ချက် ထိမှန်ကာ နောက်ဆုတ်သွားရ၏။

"ဖြောင်း...ဖြောင်း...ဖြောင်း"

လက်ခုပ်သံထွက်ပေါ်လာ၏။

သစ်ပင်များကြားမှာ လူသုံးယောက်ထွက်လာ၏။

ရှေ့ဆုံးမှလူသည် အဖိုးတန်ဝတ်စုံဝတ်ဆင်ထား၏။

"မိန်းကလေးရဲ့ ဓားပညာက သိပ်ကောင်းပါလား"

ချွန်းနိုက...

"ရှင်က ဘယ်သူလဲ"

ထိုလူက...

"ကျုပ်က စီးလန်ပါ...မိန်းကလေးကို လေးစားပါတယ် မိန်းကလေးအနေနဲ့ ကျုပ်တို့ကိစ္စမှာ ဝင်မစွက်စေချင်ပါဘူး"

ချွန်းနိုက မျက်မှောင်ကြုတ်သွား၏။

"ရှင်က ဟိုလူနဲ့ တစ်ဖွဲ့တည်းပေါ့"

စီးလန်က...

"သူက ကျုပ်ရဲ့ကိုယ်ရံတော်ပါ"

ချွန်းနိုက...

"ရှင်တို့က ဘာကြောင့် ကလေးကို ဒုက္ခပေးနေရတာလဲ"

စီးလန်က...

"မိန်းကလေးက ဒီကိစ္စတွေမသိပါဘူး၊ ကျုပ်မှာလည်း ရှင်းဥ ဖို့ အချိန်မရှိဘူး၊ ဒါကြောင့် မိန်းကလေးကို ဝင်မစွက်ဖို့ပြောရတာပါ"

ချွန်းနိုက...

"ဒါဖြင့် အကောင်းဆုံးက ကလေးကိုထားခဲ့ပါ"

စီးလန်က...

"မိန်းကလေး အလိုက်မသိပါလား"

ချွန်းနိုက...

"ရှင်တို့က ကလေးကိုဒုက္ခပေးမယ့်လူတွေလို့ ကျွန်မယုံကြည်နေတယ်"

စီးလန်က...

"ဟင့်အင်း...မင်းက ငယ်ငယ်ရွယ်ရွယ်နဲ့ ဒုက္ခတွေလိုချင်ဘာကိုး"

ချွန်းနိုက မဲ့ကာ...

"ရှင်တို့ ခြိမ်းခြောက်တိုင်း ကြောက်မယ်ထင်သလား၊ ကျွန်မရဲ့မှာ ဘယ်သူမှ မတရားလုပ်လို့မရဘူး"

စီးလန်က ပြုံးလိုက်၏။

"မင်းကို ပညာမပြလို့ မရတော့ပါဘူးလေ"

သူကပြောပြီး လက်တစ်ဖက်ဝှေ့ယမ်းလိုက်၏။

သူ၏အနောက်ဘက်မှ ကိုယ်ရံတော် ရှေ့သို့ခုန်ထွက်လာကာ ချွန်းနိအား တိုက်ခိုက်လိုက်၏။

ချွန်းနိုက အသင့်ပြင်ထားသဖြင့် ချက်ချင်းတုံ့ပြန်တိုက်ခိုက်ခဲ့၏။

သူမသည် ရန်သူအားအချိန်ဆွဲ၍ မတိုက်လိုပါ။

ထိုလူအားတိုက်ပြီးလျှင် စီးလန်အားတိုက်ခိုက်ရမည်ကို ကြိုးသိနေ၏။

ထို့ကြောင့် သွက်လက်သော ဓားချက်များဖြင့် တရကြမ်းတိုက်ခိုက်နေ၏။

သိုင်းကွက်နှစ်ဆယ်အတွင်း ချွန်းနိမှာ အသာစီးရလာ၏။

သူမက စိတ်ဓာတ်တက်ကြွလာ၏။

လက်တွေ့တိုက်ပွဲများတွင် သူမက ဓားစွမ်းပြနိုင်သည်မဟုတ်ပါလား။

စီးလန်က သက်ပြင်းတစ်ချက်ချလိုက်၏။

သူ၏ကိုယ်ရံတော်များသည် မိန်းကလေးအား ယှဉ်နိုင်မည်မဟုတ်ကြောင်း ရိပ်စားမိလိုက်၏။

သူကိုယ်တိုင် ဝင်ရောက်တိုက်ခိုက်ရန် ဆုံးဖြတ်လိုက်၏။

"ချွင်..."

ဓားအားဆွဲထုတ်ကာ တိုက်ပွဲအတွင်း ခုန်ဝင်လိုက်၏။

စီးလန် ဝင်ရောက်လာသည်နှင့် တိုက်ပွဲအခြေအနေပြောင်းလဲသွား၏။

ချွန်းနိမှာ ချက်ချင်းဆိုသလိုပင် ခံစစ်အနေအထားသို့ ရောက်သွား၏။

သိုင်းကွက်သုံးဆယ်အတွင်း အခြေအနေပြောင်းလဲသွား၏။

စီးလန်၏ သိုင်းပညာမှာ မြင့်မားကြောင်း သိလိုက်ရ၏။

သူမသည် စီးလန်အား မကြောက်ပါ။

တစ်ဦးချင်းဆိုလျှင် စီးလန်အား ကောင်းစွာယှဉ်ပြိုင်နိုင်သည်ကို ယုံကြည်၏။

ယခု သုံးယောက်နှင့်တစ်ယောက် တိုက်ခိုက်နေရသဖြင့် သူမက ရှုံးနိမ့်လာခြင်းဖြစ်၏။

ထို့ပြင် သူမသည် တိုက်ပွဲအတွေ့အကြုံနည်းပါး၏။

သူမတွင် တုံ့ပြန်ရန် အကောင်းဆုံးဓားကွက်များရှိသော်လည်း အသုံးမပြုတတ်သဖြင့် ရှုံးနိမ့်လာရ၏။

"ဟား...ဟား...ဟား"

စီးလန်က သဘောကျစွာ ရယ်မောလိုက်၏။

"မိန်းကလေး...မင်း ဘာတတ်နိုင်သေးလဲ၊ ကျုပ်တို့ကိုစွင်ဝင်စွက်ချင်တဲ့အတွက် မင်းကို မုတ်လောက် သားလောက်အောင်းမရမယ်"

သူကပြောရင်း ဓားအားလေ့ယမ်းကာ ပြင်းထန်စွာတိုက်ခိုက်၏။

ဓားကွက်များမှာ ပို၍ပြင်းထန်လာ၏။

ချွန်းနိသည် စီးလန်၏ဓားကွက်များကို မနည်းပင်ခုခံနေရ၏။

သူမသည် နောက်ထပ်ဓားကွက်ဆယ်ကွက်ကိုပင် ခုခံနိုင်ပါဘူးဟု သံသယဝင်လာ၏။

ထိုစဉ် ရုတ်တရက်...

"ဝါး..."

သမ်းဝေသံတစ်ခု ကျယ်လောင်စွာထွက်ပေါ်လာ၏။

အသံနှင့်အတူ ချွန်းကုန်းက ပျင်းကြောတစ်ချက်ဆန့်ကာ ထနေရာမှ ထထိုင်လိုက်၏။

ချွန်းနိက ဝမ်းသာသွား၏။

"ဦးလေး"

ဟု ခေါ်လိုက်၏။

ချွန်းကုန်းက တိုက်ပွဲအား တစ်ချက်ကြည့်ကာ နှာခေါင်းရှုံ့လိုက်၏။

"မင်းက ဒါလေးတောင် နိုင်အောင် မတိုက်နိုင်ဘူးလား"

ဟု ပြစ်တင်ပြောဆိုလိုက်၏။

ချွန်းနိုက ဒေါသထွက်လာ၏။

သူမအားမကူညီသည့်အပြင် ပြစ်တင်ပြောဆိုနေသောချွန်းကုန်းအား ကြည့်ကာ နှုတ်ခမ်းစူလိုက်၏။

ဘာစကားမှ မပြောတော့ပါ။

အံတင်းတင်းကြိတ်ကာ ခုခံလိုက်၏။

ချွန်းကုန်း ထလာသည်ကိုတွေ့၍ စီးလန်က ရင်ထိတ်သွား၏။

မိန်းကလေးအား အရင်ရှင်းရမည်ဟု တွေးလိုက်၏။

သူက ချွန်းနိအား ဖိတိုက်ခိုက်လိုက်၏။

သူ၏ ဓားချက်များသည် ချွန်းနို၏ တစ်ကိုယ်လုံးအား ဖုံးလွှမ်းသွား၏။

ချွန်းနိမှာ ထိတ်လန့်ကာ မနည်းပင် ခုခံနေရ၏။

ချွန်းကုန်းက နှာခေါင်းတစ်ချက်ရှုံ့ကာ...

"ကြွယ်ကြွေ..."

ဟု ရေရွတ်လိုက်၏။

ချွန်းနိက ချက်ချင်းပင် ထိုဓားကွက်အား သတိရသွား၏။

သူမက ကြယ်ကြွေဓားသိုင်းကွက်အား ဖော်ထုတ်လိုက်၏။

"ချွမ်း..."

"အား..."

စီးလန်၏ ကိုယ်ရံတော်မှာ ချွန်းနိ၏ ဓားချက်ထိကာ နောက်သို့ ဆုတ်သွားရ၏။

ထို့အတူ စီးလန်မှာလည်း ချွန်းနို၏ ဓားချက်လွတ်အောင် နောက်သို့ ခြေလှမ်းငါးလှမ်းမျှဆုတ်၍ ရှောင်တိမ်းပေးလိုက်၏။

စီးလန်မှာ ဒေါသခြောင်းခြောင်းထွက်လာ၏။

သို့သော်...

သူက အခြေအနေမှန်အား ရိပ်စားမိလိုက်၏။

ဆက်လက် တိုက်ခိုက်နေလျှင် မည်သို့မျှအကျိုးမရှိမှန်း နားလည်လိုက်၏။

သူက ချွန်းနိအား စူးရှစွာစိုက်ကြည့်ကာ...

"မိန်းကလေး...မင်း ဒီနေ့ မဆိုင်တဲ့ကိစ္စဝင်ရှုပ်တဲ့အတွက် အောင်တစ်ချိန်မှာ ဒုက္ခရောက်မယ်"

ဟု ခြိမ်းခြောက်လိုက်၏။

ထို့နောက်...

သစ်ပင်များကြားထဲ ပြေးဝင်သွား၏။

သူ၏ ကိုယ်ရံတော်သုံးယောက်ကလည်း နောက်မှပြေးလိုက်သွားလေတော့သည်။

ချွန်းနိမှာ ယခုမှပင် သက်ပြင်းချလိုက်နိုင်၏။

❖ ❖ ❖

ကလေးငယ်သည် မျက်ရည်များသုတ်ကာ ချွန်းနိအား အားငင်တကြီး ကြည့်လိုက်၏။

ချွန်းနိက...

"သား...ဘာမှမကြောက်နဲ့တော့"

ကလေးက...

"ကျေးဇူးတင်ပါတယ် ဒေါ်ဒေါ်"

ချွန်းနိက...

"သူတို့က ဘယ်သူတွေလဲ"

ကလေးက...

"သား ဘိုးဘိုးရဲ့ရန်သူတွေပါ၊ သူတို့က ဘိုးဘိုးနဲ့ ဖေဖေ့ကို သတ်လိုက်ကြပြီ၊ မေမေနဲ့ ကိုကိုလည်း ဘယ်ရောက်သွားပြီးမသိဘူး"

သူကပြောရင်း ငိုကြွေးလိုက်ပြန်၏။

ချွန်းနိမှာ ကလေးငယ်အား ချော့မော့မေးရင်းမှ ကလေးငယ်၏ မိသားစုမှာ ရက်စက်စွာအသတ်ခံလိုက်ရမှန်း တစ်စတစ်စသိခွင့်ရလာ၏။

ချွန်းနိက ကလေးငယ်အား နှစ်သိမ့်ကာ...

"သား နာမည်က ဘယ်သူလဲ"

ကလေးက...

"ရှိုးအစ်..."

ချွန်းနိက မျက်မှောင်ကြုတ်သွား၏။

"ရှိုးအစ် ဟုတ်လား"

ကလေးက ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်"

ချွန်းနိသည် ရှိုးယုံအား သတိရလာ၏။

ရှိုးယုံမှာလည်း သူ၏မိသားစုအား စောင့်မျှော်နေသူတစ်ဦးဟုတ်ပါလား။

"ရှိုးယုံ..."

သူမက အမှတ်တမဲ့ ရေရွတ်လိုက်၏။

ရှိုးအစ်က...

"ဟင်...ဒေါ်ဒေါ်က ဦးလေးရှိုးယုံကို သိတယ်ဟုတ်လား"

ဟု အံ့အားသင့်စွာ မေးလိုက်၏။

"ဟုတ်ပါတယ်"

ချွန်းနိ၏ရင်ထဲတွင် နင့်ခနဲ ခံစားလိုက်ရ၏။

သူမသိထားသည်မှာ ရှိုးအစ်ကိုတို့ တစ်မိသားစုလုံး သေဆုံးသွားပြီဖြစ်၏။

ထိုအထဲတွင် ရှိုးယုံတစ်ယောက်လည်း ပါဝင်သွားပြီဟု ထင်၏။

သူမ၏ကိုယ်ခန္ဓာ တစ်ချက်တုန်ယင်သွား၏။

မျက်နှာမှာလည်း ဖြူဖပ်ဖြူရော်ဖြစ်သွား၏။

သူမ၏မျက်ဝန်းအစုံမှမျက်ရည်များ စီးကျလာ၏။

တစ်ခဏကြာမှ သူမက သတိဝင်ကာ ကိုယ့်ကိုယ်ကို တည်ငြိမ်အောင် ပြန်ထိန်းနိုင်၏။

သူမက မျက်ရည်များ ကမန်းကတန်း သုတ်လိုက်၏။

ချွန်းကုန်းက...

"ချွန်းနို...ရှိုးယုံက မင်းရဲ့မိတ်ဆွေလား"

ချွန်းနိုက ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်"

ချွန်းကုန်းက သက်ပြင်းတစ်ချက် ချလိုက်၏။

"ဒီကလေးကို ဘယ်လိုလုပ်မလဲ"

ချွန်းနိုက ရှိုးအစ်အား ကြင်နာစွာကြည့်ကာ...

"ကျွန်မတို့ ခေါ်သွားရမှာပေါ့"

ချွန်းကုန်းက...

"ပြဿနာ..."

ချွန်းနိုက မျက်လုံးပြူး၍အော်လိုက်၏။

"ပြဿနာကြောက်ရင် ဦးလေးပြန်တော့"

ချွန်းကုန်းက ရယ်မောလိုက်၏။

"မင်းကလည်း ဒေါသကြီးပဲ၊ ကျုပ်စကားကို ဆုံးအောင်လဲ နားထောင်ပါဦး"

ချွန်းနိုက...

"ဦးလေးက ဘာပြောမလို့လဲ"

ချွန်းကုန်းက...

"ဒီကလေးရဲ့ပြဿနာက မလွယ်ဘူးကွ၊ သူ့ကို ဒီအတိုင်း ဘိန်းသိမ်းထားလို့မရဘူး၊ ဘာကြောင့် သူ့မိသားစုအသတ်ခံရတာလဲ ဆိုတာ စုံစမ်းရမယ်"

ချွန်းနိုက မဲ့လိုက်၏။

"ဒီတစ်ခါ သူ့ကိုလာခေါ်တဲ့လူတွေ့ရင် ကျွန်မတို့မေးကြည့်ကြတာပေါ့"

"ကောင်းပြီလေ"

ချွန်းကုန်းက ခေါင်းညိတ်လိုက်၏။

သူတို့သည် အန္တရာယ်တစ်ခုထဲရောက်နေပြီဟု အလိုလို သိလိုက်၏။

သို့သော်လည်း ယခုအချိန်မှ ရှောင်လွှဲ၍မရတော့ပါ။

ကလေးငယ်အား သူ၏မိတ်ဆွေတစ်ဦးဦးထံအပ်နှံရန် စဉ်းစားမိ၏။

ချွန်းကုန်း...

"သားတို့က ဘယ်မှာနေတာလဲ"

ရှိုးအစ်က...

"ကျန်းဖုဒေသမှာ..."

ချွန်းကုန်းက မျက်မှောင်ကြုတ်သွား၏။

"ဟင်...အဝေးကြီးပါလား၊ ဒါနဲ့ သားတို့က ဘယ်သူ့ဆီ လာကြတာလဲ"

ရှိုးအစ်က...

"ဒါတော့ ကျွန်တော် မသိဘူး၊ ကျွန်တော်တို့အားလုံး **ထွက်** လာကြတာ"

ချွန်းကုန်းက...

"သားတို့ ဆွေမျိုးတွေ ဒီမှာရှိသလား"

ရှိုးအစ်က ခေါင်းခါယမ်းလိုက်၏။

ချွန်းကုန်းက...

"ကျန်းဖုမှာကော..."

ရှိုးအစ်က ခေါင်းညိတ်လိုက်၏။

ချွန်းနိုက ဦးလေးဖြစ်သူအား ကြည့်လိုက်၏။

ချွန်းကုန်းက...

"ကဲ...ငါ့တူမရေ...ကျုပ်တို့ ကျန်းဖုဒေသကို သွားကြတာပေါ့၊ ဒီခရီးကို မရောက်ဖူးဘူး၊ ဗဟုသုတအသစ်ရတာပေါ့လေ"

ထိုစကားကြားလိုက်ရသောအခါ ချွန်းနိုက ဝမ်းသာသွားလေ ကာသည်။



အဖော်အဖြစ် ကလေးငယ်တစ်ဦးရှိနေ၏။

အတည်တကျနေထိုင်ရန် အိုးအိမ်ရှိသင့်ပြီဖြစ်၏။

ရှီးဝေ့၏ ရှေ့ရေးကို သူက တာဝန်ယူပြုစုစောင့်ရှောက်ရမည် မဟုတ်ပါလား။

ကျားရဲသခင်လေးနှင့် ရှီးဝေ့သည် လမ်းမအတိုင်းလျှောက်ရင်း မောလာသဖြင့် သစ်ပင်ကြီးတစ်ပင်အောက်၌ ခေတ္တခိုနားလိုက်ကြ၏။

ရှီးဝေ့က...

"ဦးဦး...ကျွန်တော်တို့ ဘယ်သွားကြမှာလဲ"

ကျားရဲသခင်လေးက...

"ဦးဦးရဲ့အိမ်ကိုပေါ့"

သူက ဖြေသာဖြေလိုက်ရသော်လည်း သူ့၌အိမ်မရှိသေးပါ။

မြို့တစ်မြို့ရောက်လျှင် အိမ်တစ်လုံးဝယ်မည်ဟု စိတ်ကူးလိုက်၏။

ထိုစဉ်...

"ခွပ်...ခွပ်...ခွပ်"

မြင်းခွာသံနှင့်အတူ ဖုန်မှုန့်များ တလိပ်လိပ်တက်လာသည်ကို တွေ့လိုက်ရ၏။

မြင်း ငါးကောင်ဖြစ်ရမည်ဟု ခန့်မှန်းလိုက်၏။

သူ၏ခန့်မှန်းချက် မမှားပါ။

မြင်း ငါးကောင် လျင်မြန်စွာ ပြေးလာနေ၏။

ချင်ကျုံးဂိုဏ်းသားများ

အချိန်များ တရွေ့ရွေ့ကုန်ဆုံးသွား၏။

ဆယ်ရက်ဟူသော အချိန်မှာ သိပ်မကြာလိုက်ပါ။

ကျားရဲသခင်လေးသည် ရှီးဝေ့နှင့်အတူ နေထိုင်သွားလာရင်း ကလေးငယ်အပေါ် သံယောဇဉ်ဖြစ်လာ၏။

ရှီးဝေ့မှာလည်း အလွန်ချစ်စရာကောင်းပြီး လိမ္မာရေးခြားရှိသော ကလေးဖြစ်သည် မဟုတ်ပါလား။

ရှီးဝေ့နှင့်အတူနေထိုင်သွားလာရင်းမှ ကျားရဲသခင်လေး၏ ကြမ်းတမ်းသောစိတ်များ တဖြည်းဖြည်း နူးညံ့လာသည်မဟုတ်ပါလား။

သူတို့နှစ်ဦးသည် ရည်ရွယ်ချက်မဲ့ လျှောက်သွားနေကြ၏။

ကျားရဲသခင်လေးသည် ထိုသို့သွားလာရင်းမှ စဉ်းစားမိ၏။

သူတို့နှစ်ဦးမှာ ထိုအတိုင်းသွားလာနေ၍ မဖြစ်ပါ။

ယခု သူက တစ်ယောက်တည်းတော့ မဟုတ်ပါ။

"မင်းကို လိုက်ရှာနေတာ ကြာပြီ"

ဟု အေးစက်စွာပြောလိုက်၏။

သူ၏အသံတွင် မုန်းတီးမှုအပြည့်ပါနေ၏။

ကျားရဲသခင်လေးက ဘာစကားမှ ပြန်မပြောပါ။

ချင်ကျုံးဂိုဏ်းသားက...

"မင်း ပြေးလို့ မလွတ်ပါဘူး"

သူ၏စကားအဆုံးတွင် ကျန်ဂိုဏ်းသားများက မြင်းပေါ်မှ ဆင်းလာကာ ကျားရဲသခင်လေးအား ဝိုင်းရံထားလိုက်ကြ၏။

ကျားရဲသခင်လေးက သက်ပြင်းတစ်ချက်ချလိုက်၏။

"မင်းတို့က ဘာကိစ္စနဲ့ ကျုပ်ကိုလိုက်ရှာကြတာလဲ"

သူက အေးအေးဆေးဆေးပင် မေးလိုက်၏။

ချင်ကျုံးဂိုဏ်းသားက...

"မင်းက ကျုပ်တို့ရဲ့အစ်ကိုကြီး အမှတ်တစ်ကို **သတ်ပစ်ခဲ့**တာ ကျုပ်တို့က မေ့မယ်ထင်သလား"

ဟု ဒေါသတကြီး အော်ငေါက်လိုက်၏။

ကျားရဲသခင်လေးက...

"သူနဲ့ ကျုပ်နဲ့ ယှဉ်ပြိုင်တယ်...ရှုံးတဲ့လူ သေတယ်...ဒါ ဘာမှ မဆန်းပါဘူး"

သူ၏စကားကြောင့် ချင်ကျုံးဂိုဏ်းသားများမှာ **ဒေါသ** ခြောင်း ထွက်လာကြ၏။

မြင်းပေါ်တွင် အနီရောင်ဝတ်စုံ ဝတ်ဆင်ထားသည့် လူငါးယောက် လိုက်ပါလာ၏။

အားလုံး ကျောတွင် ဓားကိုယ်စီထိုးထား၏။

ကျားရဲသခင်လေးက မျက်မှောင်ကြုတ်သွား၏။

ထိုလူများမှာ ကျုံးဂိုဏ်းမှဖြစ်မှန်း သူက မှတ်မိလိုက်၏။

ကျားရဲသခင်လေးသည် ခေါင်းငုံ့ထားလိုက်၏။

ချင်ကျုံးဂိုဏ်းသားများသည် ကျားရဲသခင်လေးအနီးမှ **ကျော်**ဖြတ်သွား၏။

အတော်ဝေးဝေးရောက်မှ မြင်းများကို ရပ်တန့်ကာ **ပြန်လှည့်**လာ၏။

ထို့နောက် သစ်ပင်တစ်ပင်အောက်တွင် မြင်းများ**ကိုတန်းစီ**ရပ်ကာ ကျားရဲသခင်လေးအား အကဲခတ်ကြည့်လိုက်၏။

ကျားရဲသခင်လေးသည် မသိမသာ သက်ပြင်းချလိုက်၏။

သူက ခေါင်း လုံးဝ မမော့ပါ။

ရှိုးဝေအား ပွတ်သပ်ကာ ချော့သိပ်နေ၏။

ထိုစဉ် ချင်ကျုံးဂိုဏ်းသားတစ်ဦးက မြင်းပေါ်မှဆင်း**ကာ** သူ့ထံ လျှောက်လာနေသည်ကို သူက မကြည့်ဘဲသိလိုက်၏။

သူသည် ပြဿနာအား ရှောင်တိမ်း၍မရမှန်း နားလည်လိုက်၏။

ချင်ကျုံးဂိုဏ်းသားက သူနှင့် မျက်နှာချင်းဆိုင်ရပ်ကာ...

စိတ်မထိန်းနိုင်သော ဂိုဏ်းသားတစ်ဦးက...

"ငါတို့ရဲ့ အမှတ်တစ်အစ်ကိုကြီးရဲ့အသက်အစား မင်းအသက် ပေးလျော်ရမယ်ကွ"

ဟု အော်ဟစ်လိုက်၏။

ကျားရဲသခင်လေးက...

"ခင်ဗျားတို့က ကျုပ်ရဲ့ပြိုင်ဘက်မဟုတ်ဘူး၊ ကျုပ်အခုအချိန်မှာ လူမသတ်ချင်ဘူး၊ ဒါကြောင့် ဒီနေရာက အမြန်ဆုံးထွက်သွားကြပါ"

ချင်ကျုံးဂိုဏ်းသားက မဲ့လိုက်၏။

"မင်း အခုမှကြောက်နေလို့မရဘူး၊ ဒီတစ်ကြိမ် မင်းအလှည့်ပဲ"

သူကပြောပြီး ဓားအား ဆွဲထုတ်လိုက်၏။

"ရွှင်..."

ကျားရဲသခင်လေးသည် အေးစက်သော မျက်လုံးအစုံဖြင့် ချင်ကျုံးဂိုဏ်းသားများအား တစ်ချက်ဝေ့ကြည့်လိုက်၏။

"မင်းတို့ကို ကျုပ်မသတ်ချင်ဘူး"

ချင်ကျုံးဂိုဏ်းသားက...

"ကျုပ်ကတော့ မင်းကို သတ်ချင်နေတယ်"

သူကပြောပြီးသည်နှင့် ဓားအားဝှေ့ယမ်းကာ ကျားရဲသခင်လေးအား တိုက်ခိုက်လိုက်၏။

သူ၏ဓားချက်မှာ လျင်မြန်တိကျလှ၏။

သို့သော်...

ကျားရဲသခင်လေး၏ လှုပ်ရှားမှုက ထိုဓားချက်ထက်ပို၍ လျင်မြန်၏။

သူသည် ချင်ကျုံးဂိုဏ်းသားက ဓားခုတ်ချလိုက်သည်နှင့် နေရာ ခွာပြီးသား ဖြစ်သွား၏။

ထို့ကြောင့် ဓားချက်မှာ လွဲချော်သွား၏။

ကျားရဲသခင်လေးသည် ရှီးဝေ့အား ချီပိုးကာ သစ်ပင်ပေါ် ခုန်တက်လိုက်၏။

ရှီးဝေ့အား သစ်ပင်ခွကြားတွင် သေချာစွာတင်ထားပြီး...

"ဦးဦး သူတို့ကို မောင်းထုတ်လိုက်ဦးမယ်၊ သား ဒီမှာ ခဏ နေဦး"

ပြောပြီး အောက်သို့ပြန်လည် ဆင်းလိုက်၏။

ကျားရဲသခင်လေးမြေပေါ်ပြန်ကျလာသည်နှင့် ချင်ကျုံးဂိုဏ်း သားငါးဦးက ဝိုင်းရံလိုက်၏။

ကျားရဲသခင်လေးက...

"မင်းတို့ ဒီနေရာက ထွက်သွားတာ အကောင်းဆုံးပဲ"

သူ၏အသံမှာ အေးစက်ပြီး ခက်ထန်နေ၏။

ချင်ကျုံးဂိုဏ်းက...

"သွားရင်တောင် မင်းအသက်ကိုယူပြီးမှ သွားမယ်"

ဟု ပြောပြီး စတင်တိုက်ခိုက်လိုက်၏။

တစ်ယောက်က စတင်တိုက်ခိုက်လိုက်သည်နှင့် ကျန်လူများက ဝိုင်းရံကာ တိုက်ခိုက်လိုက်ကြ၏။

ငင်းတို့၏ ဓားချက်များစွာ ပြင်းထန်လှ၏။

ကျားရဲသခင်လေးမှာ မတိုက်ခိုက်လိုပါ။

သို့သော်...

အခြေအနေအရ သူက တုံ့ပြန်၍မဖြစ်တော့ပါ။

"ချင်"

ကျားရဲသခင်လေးသည် ဓားအား ဆွဲထုတ်ကာ ပြန်လည် တိုက်ခိုက်လိုက်၏။

တစ်ခဏအတွင်းမှာပင် ပြင်းထန်သော တိုက်ပွဲတစ်ခုဖြစ်ပေါ်လာ၏။

ဓားသံများလည်း ဆူညံစွာထွက်ပေါ်လာလေတော့သည်။



ဓားသံမှာ တိတ်ဆိတ်သွား၏။

အရာအားလုံး မူလအတိုင်း ငြိမ်သက်သွား၏။

ချင်ကျုးဂိုဏ်းသား ငါးယောက်စလုံး မလှုပ်မယှက်ရှဲ့နေကြ၏။

ငင်းတို့လက်ထဲတွင် ဓားမရှိတော့ပါ။

အားလုံး၏ကိုယ်ပေါ်တွင် သွေးများစွန်းထင်းနေ၏။

အားလုံး တစ်နေရာမဟုတ်တစ်နေရာ ဒဏ်ရာအသီးသီး ရရှိထားကြ၏။

ထို့ကြောင့်...

ငင်းတို့မျက်နှာမှာ ဖြူရော်နေ၏။

သူတို့၏မျက်လုံးများကမူ ကျားရဲသခင်လေးအား မုန်းတီးစွာ စိုက်ကြည့်နေကြ၏။

ကျားရဲသခင်လေးက အေးအေးဆေးဆေးပင် ဓားအား ပြန်သိမ်းလိုက်၏။

"မင်းတို့ သွားကြတော့"

သူက အေးစက်စွာ ပြောလိုက်၏။

ချင်ကျုးဂိုဏ်းသားများက...

"မင်းက ကျုပ်တို့ကို မသတ်ဘူးလား"

ကျားရဲသခင်လေးက...

"အခုအချိန်မှာ ကျုပ်လူမသတ်ချင်ဘူး"

ချင်ကျုးဂိုဏ်းသားများက...

"မင်းက ကျုပ်တို့ကိုလွှတ်ရင် တစ်ချိန်မှာ နောင်တရလိမ့်မယ်၊ ကျုပ်တို့က အခွင့်အရေးရတာနဲ့ မင်းကိုသတ်ဖို့ ကြိုးစားမှာပဲ"

ကျားရဲသခင်လေးက မဲ့ပြုံး ပြုံးလိုက်၏။

"အဲဒါ ခင်ဗျားတို့ကိစ္စပါ"

ချင်ကျုးဂိုဏ်းသားက...

"မင်းကိုသတ်မယ့်လူက ကျုပ်တို့ချည်းပဲ မထင်နဲ့၊ အနည်းဆုံး လူတစ်ရာလောက် ရှိတယ်"

ထိုစကားကြောင့် ကျားရဲသခင်လေးမှာ ရင်ထိတ်သွား၏။ ချင်ကျုံးဂိုဏ်းသားက...

"မင်း အနိုင်ယူပြီးသတ်ခဲ့တဲ့လူတွေရဲ့ မိတ်ဆွေတွေနဲ့ ငယ်သား တွေက မင်းကို လက်စားချေကြမှာပဲ၊ ကျုပ်တို့နဲ့ နောက်တစ်ကြိမ် ပြန်တွေ့ရင် မင်းအသက်ရှင်နေပါ့စေလို့ ဆုတောင်းပါတယ်"

ပြောပြီး ငါးယောက်စလုံး မြင်းပေါ်တက်ကာ ထိုနေရာမှ လျင်မြန်စွာ ထွက်ခွာသွားလေသည်။

သူ့စကားကြောင့် ကျားရဲသခင်လေးမှာ တွေဝေစွာဖြင့် ထို နေရာတွင် ရပ်နေမိလေတော့သည်။

❖ ❖ ❖

ကျားရဲသခင်လေးသည် မည်မျှအချိန်ကြာအောင် ငိုင်တွေရပ် နေမိသည် မသိ။

"ဦးဦး...ကျွန်တော့်ကို အောက်ပြန်ချပေးပါ"

ဟူသော ရှိုးဝေ၏အသံကိုကြားမှ သတိဝင်လာ၏။

ကျားရဲသခင်လေးသည် ရှိုးဝေအား သစ်ပင်ပေါ်မှ အောက်သို့ ပြန်လည်ချပေးလိုက်၏။

ရှိုးဝေက...

"ဦးဦး...အဲဒီလူတွေက လူဆိုးတွေလား၊ ဦးဦးက သိပ်တော် ဘာပဲ၊ ကျွန်တော်သာ ဦးဦးလိုတော်ရင် လူဆိုးတွေကို မောင်းထုတ် နိုင်မှာပဲ"

ဟု အားတက်သရော ပြောလိုက်၏။

ကျားရဲသခင်လေးက ပြုံးကာ...

"မင်းက သိုင်းပညာကို စိတ်ဝင်စားလို့လား"

ရှိုးဝေက ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်...ကျွန်တော်လည်း ဦးဦးလို သိုင်းပညာမျိုး ဘာတ်ချင်တယ်"

ကျားရဲသခင်လေးက ပြုံးလိုက်၏။

"မင်း တတ်ချင်ရင် တတ်ရမှာပေါ့"

ရှိုးဝေက...

"ဦးဦးက ကျွန်တော့်ကို သင်ပေးမလို့လား"

ရှိုးဝေ၏စကားကြောင့် ကျားရဲသခင်လေးက တွေဝေသွား၏။

ရှိုးဝေက...

"ဦးဦး...ကျွန်တော့်ကို သင်ပေးမယ် မဟုတ်လားဟင်"

ဟု ထပ်မေးလိုက်၏။

ကျားရဲသခင်လေးက...

"အင်း...သင်ပေးမှာပေါ့ကွ"

"ဟေး..."

ရှိုးဝေ့က လွန်စွာ ဝမ်းသာသွား၏။

"ဦးဦး တကယ်ပြောတာနော်"

ကျားရဲသခင်လေးက...

"တကယ်ပြောတာပါ"

ကျားရဲသခင်လေးသည် သူ၏မြင်းမှာ လမ်းခရီးတွင် သေဆုံးသွားသဖြင့် သူက ရှိုးဝေ့နှင့်အတူ လမ်းလျှောက်လာရ၏။

ယခု အနည်းငယ် အပန်းပြေသွားပြီဖြစ်၍ သူက ခရီးဆက်ရန် ဟန်ပြင်လိုက်၏။

"ကဲ...သားရေ...ဦးဦးတို့ ဆက်သွားကြစို့"

သူသည် ရှိုးဝေ့၏ လက်အား ဆွဲကာ ထွက်လာခဲ့လေတော့သည်။

❖ ❖ ❖

ဆရာတပည့်

လူငယ်တစ်ယောက် ရပ်နေ၏။

သူ့လက်ထဲတွင် စားလွတ်တစ်ချောင်းကိုင်ထား၏။

နေရောင်အောက်တွင် စားသွားမှာ ဝင်းလက်တောက်ပနေ၏။

ထိုလူငယ်မှာ ရှိုးယုံဖြစ်၏။

ရှိုးယုံသည် အလွန်မောပန်းနေကာ ခန္ဓာကိုယ်အထက်ပိုင်းတွင် ချွေးများ ရွှဲနစ်နေ၏။

"ချွင်..."

ရုတ်တရက်...

သူက စားအား မြေပေါ်သို့ပစ်ချလိုက်၏။

ထို့နောက် ခြေပစ်လက်ပစ် ထိုင်ချလိုက်၏။

လေတံခွန်က မျက်မှောင်ကြုတ်၍...

"မင်း ဘယ်လိုဖြစ်တာလဲ"

ရှိုးယုံက...

"သိုင်းကွက်တစ်ရာကျော်နေပြီ၊ အဘကိုထိအောက်မှ မတိုက်ခိုက်နိုင်တာ၊ ဆက်ပြီးတိုက်နေလို့ကော ဘာများထူးခြားမှာလဲ"

ဟု စိတ်ပျက်သော လေသံဖြင့် ပြောလိုက်၏။

လေတံခွန်က သက်ပြင်းချလိုက်၏။

သူက ရှီးယုံအနီးတွင် ဝင်ထိုင်လိုက်၏။

"မင်းရဲ့သိုင်းပညာနဲ့ ကျုပ်ရဲ့သိုင်းပညာက ကွာတာကိုး၊ ဒါပေမယ့် စိတ်မပျက်ပါနဲ့"

ရှီးယုံက...

"ကျွန်တော် ဘာမှတတ်နိုင်တော့မှာ မဟုတ်ပါဘူး"

လေတံခွန်က...

"မင်း ယောကျ်ားမဟုတ်လား၊ ဘာဖြစ်လို့ သတ္တိကြောင်နေရတာလဲ"

ဟု သွေးထိုးပေးလိုက်၏။

ရှီးယုံက...

"ကျွန်တော် သတ္တိကြောင်တာမဟုတ်ဘူး၊ ဒါပေမယ့် ကျွန်တော့်ရဲ့ မဖြစ်စလောက် သိုင်းပညာလေးနဲ့ ရန်သူကို ဘယ်လိုလုပ် ရင်ဆိုင်ရမှာလဲ"

လေတံခွန်က...

"မင်းက ကျုပ်ကို ဘာကြောင့် မေ့ထားရတာလဲ"

သူ၏စကားကြောင့် ရှီးယုံမှာ ကြောင်အမ်းအမ်းဖြစ်သွား၏။

အတန်ကြာမှ လေတံခွန်၏စကားကို သူက သဘောပေါက်

။

သူက ချက်ချင်းပင် လေတံခွန်ရှေ့တွင် ဒူးထောက်လိုက်၏။

"ဆရာ"

ဟု လှိုက်လဲစွာ ခေါ်လိုက်၏။

"ကဲ...ထပါကွာ"

လေတံခွန်က သူ့အား ဖေးမကာ ထူပေးလိုက်၏။

"ရှီးယုံ...မင်း သိုင်းပညာအရင်းသင်ရမယ်၊ ဒီအတောအတွင်း ကျုပ်က မင်းကိုယ်စား ရန်သူ့သတင်းအခြေအနေကို စုံစမ်းပေး မယ်"

ရှီးယုံက...

"ဆရာ့ကျေးဇူးတွေ များနေပြီဗျာ"

လေတံခွန်က လက်ကာပြလိုက်၏။

"ရွှေဇီးကွက်ဂိုဏ်းက ဒုစရိုက်ဂိုဏ်းပဲ၊ သိုင်းလောကမှာ ရှိနေသင့်ဘူး၊ ကျုပ်ကူညီတာ မင်းတစ်ယောက်တည်းအတွက် မဟုတ်ဘူး၊ အားလုံးအတွက်ပဲ"

ရှီးယုံက...

"ဘာပဲပြောပြော ဆရာ့ကျေးဇူးတွေ ကျွန်တော့်အပေါ်မှာ ပေးလွန်းလှပါပြီ၊ ဘယ်လိုပြန်ဆပ်ရမယ်မှန်းတောင် မသိတော့ပါဘူး"

လေတံခွန်က...

"မင်းက ကျုပ်ကို ကျေးဇူးဆပ်ချင်ရင် လွယ်ပါတယ်"

ရှိုးယုံက...

"ဟုတ်ကဲ့ ပြောပါဆရာ...ကျွန်တော် ဘာလုပ်ပေးရမလဲ"

လေတံခွန်က...

"ကျုပ်သင်ပေးတဲ့ သိုင်းပညာကို မင်းက အမြန်ဆုံး အောင်မြင်အောင် လေ့ကျင့်ရမယ်"

ရှိုးယုံက ခေါင်းညိတ်လိုက်၏။

"စိတ်ချပါ...ဆရာ"

ရှိုးယုံ၏ကျဆင်းနေသောစိတ်ဓာတ်များ ပြန်လည်တက်ကြွလာ၏။

အကယ်၍ သူက လေတံခွန်၏သိုင်းပညာများကို ရရှိလျှင် ရန်သူများကို ကောင်းစွာဖြိုခွင်းနိုင်မည်ဟု ယုံကြည်မိ၏။

လေတံခွန် သင်ပေးသမျှ သိုင်းပညာကို အချိန်တိုအတွင်း တတ်မြောက်အောင် လေ့ကျင့်မည်ဟုလည်း ဆုံးဖြတ်ချက်ချလိုက်လေတော့သည်။

❖ ❖ ❖

မဟာမြိုင်ဘောအုပ်။

ချွန်းနီသည် နောက်သို့ လှည့်ကြည့်လိုက်၏။

မဟာမြိုင်တောအုပ်မှာ အဝေးဌာနကျန်ရစ်ခဲ့ပြီဖြစ်၏။

ချွန်းနီက အရှေ့သို့လှည့်ကြည့်လိုက်၏။

သူမရှေ့တွင် ရှိုးအစ် ရှိနေ၏။

ရှိုးအစ်နှင့် တွေ့ဆုံခြင်းမှာ အိပ်မက်တစ်ခုလိုပင် ခံစားရ၏။

သို့သော်...

ထိုအိပ်မက်မှာ ကြေကွဲစရာ အိပ်မက်ဖြစ်၏။

ရှိုးအစ်နှင့်တွေ့ဆုံခြင်းသည် ရှိုးယုံနှင့်ခွဲလိုက်ရခြင်းဟု နားလည်နေမိသည် မဟုတ်ပါလား။

ချွန်းနီသည် တိတ်ဆိတ်စွာပင် ချွန်းကုန်းနောက်မှ လိုက်ပါလာ၏။

ချွန်းကုန်းသည် တိတ်ဆိတ်စွာပင် ချွန်းကုန်းနောက်မှ လိုက်ပါလာ၏။

ချွန်းကုန်းမှာ မြင်းကို မှန်မှန်စီးကာ တွေးတောနေ၏။

သူသည် ရှိုးအစ်အား ကျန်းပုဒေသရှိ ၎င်း၏ဆွေမျိုးများထံ လိုက်ပို့ပေးရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်၏။

ကျန်းပုဒေသမှာ ပြည်မနှင့် မွန်ဂို၏ကြားမှ နယ်ခြားတွင် ရှိနေ၏။ ခရီးမှာ ကြမ်းတမ်းလှ၏။

ချွန်းနီတစ်ယောက် လိုက်ပါနိုင်မည်လော။

သူ့အနေနှင့်ကော ချွန်းနီအား ခေါ်သွားသင့်ပါသလား။

ချွန်းကုန်းက သက်ပြင်းချကာ မြင်းအား ရပ်တန့်လိုက်၏။

ချွန်းနိုက...

"ဦးလေး...ဘာဖြစ်လို့လဲ"

ချွန်းကုန်းက...

"မင်းကို အိမ်အရင်ပြန်ပို့ပေးရင် ကောင်းမလားလို့ စဉ်းစားနေတာ"

ချွန်းနိုက မျက်မှောင်ကြုတ်ကာ...

"ကျွန်မက ဘာဖြစ်လို့ အိမ်အရင်ပြန်ရမှာလဲ"

ချွန်းကုန်းက...

"ကျန်းမှကိုသွားရမယ့်ခရီးက သိပ်ကိုကြမ်းတမ်းလွန်းတယ်၊ ပြီးတော့..."

သူ၏စကားမဆုံးမီ ချွန်းနိုက ကြားဖြတ်ပြောလိုက်၏။

"ကျွန်မ သွားနိုင်တယ်"

သူမ၏အသံမှာ ဆုံးဖြတ်ပြီးသောအသံမျိုး ဖြစ်၏။

ချွန်းကုန်းက သက်ပြင်းချလိုက်၏။

"မဟုတ်သေးဘူး၊ ဒီလမ်းခရီးက..."

ချွန်းနိုက ခေါင်းခါယမ်းကာ...

"ကျွန်မ ဆုံးဖြတ်ပြီးပြီ၊ ကျန်းမှကိုအရောက်သွားမယ်၊ ဒါဟာ ကျွန်မအတွက် အခွင့်အရေးတစ်ခုပဲ"

ချွန်းကုန်းက ပါးစပ်ပိတ်သွား၏။

သူသည် ချွန်းနို၏စိတ်ဓာတ်ကို ကောင်းစွာသိထား၏။

ချွန်းနိမှာ သူ့လိုပင် ခေါင်းမာပြီး တစ္ဆေတ်ထိုးနိုင်လှ၏။

ချွန်းကုန်းက...

"ကောင်းပြီလေ...တို့ လမ်းခရီးမှာတော့ သတိဝီရိယအပြည့်ထားရမယ်"

ချွန်းနိုက မျက်မှောင်ကြုတ်သွား၏။

"ဘာဖြစ်လို့လဲ"

ချွန်းကုန်းက ရှိုးအစ်အား မေးငေါ့ပြကာ...

"သူနဲ့ပတ်သက်တဲ့အန္တရာယ်တွေ တို့တွေ့ကြုံနိုင်တယ်"

ချွန်းနိုက မဲ့လိုက်၏။

"ကျွန်မ ဓားစွမ်းပြခွင့်ကြုံတာပေါ့"

ချွန်းကုန်း၏မျက်နှာ တင်းမာသွား၏။

"ပြဿနာတစ်ခုကို ပေါ့ပေါ့ဆဆမတွေးနဲ့"

ဟု ငေါက်လိုက်၏။

ချွန်းနိုက ခေါင်းငုံ့သွား၏။

ချွန်းကုန်းက...

"သူ့ကိုကာကွယ်ချင်ရင် သူ့ရန်သူကို ရင်ဆိုင်နိုင်ရမယ်၊ အန္တရာယ်လိုအန္တရာယ်တွေ့ကြမယ်မှန်းမသိဘဲ အလွယ်မတွေးရဘူး...ပြောရဘူး"

ချွန်းနိုက...

"ကျွန်မ မှားသွားပါတယ်"

ဟု ဝန်ခံလိုက်၏။

ချွန်းကုန်းက...

"သူ့ရဲ့ရန်သူ ဘယ်သူဘယ်ဝါမှန်း ကျုပ်တို့မသိဘူး၊ အဲဒီလို မသိတဲ့အတွက် အလွန်သတိထားနိုင်မှ ဆော်ကာကျမယ်...နားလည်ရဲ့လား"

ချွန်းနိုက...

"ဟုတ်ကဲ့...ကျွန်မ နားလည်ပါပြီ"

ရှိုးအစ်က သူမအား မော့ကြည့်ကာ...

"ဒေါ်ဒေါ်"

ဟု ခေါ်လိုက်၏။

ချွန်းနိုက ရှိုးအစ်အား ငုံ့ကြည့်လိုက်၏။

"ဘာလဲ သား"

ရှိုးအစ်က...

"ကျွန်တော် ဗိုက်ဆာနေပြီ"

ချွန်းနိုသည် ချွန်းကုန်းဘက်လှည့်ကြည့်လိုက်၏။

ချွန်းကုန်းက ပခုံးတစ်ချက်တွန့်ကာ...

"ခဏနေရင် စားသောက်ဆိုင်တစ်ဆိုင်ကို ရောက်တော့မှာပါကွာ"

သူကပြောပြီး မြင်းအားမောင်းနှင်ကာ ဆက်လက်ထွက်ခွာသွား၏။

ချွန်းနိုက ရှိုးအစ်အား နှစ်သိမ့်ပြီး နောက်မှလိုက်ပါသွားလေသည်။



အသက်တန်ဖိုး

မြို့ကလေးတစ်မြို့။

မြို့အဝင်လမ်းမပေါ်တွင် စားသောက်ဆိုင်လေးတစ်ဆိုင်ရှိ၏။ ဆိုင်တွင်း၌ လူရှင်းနေ၏။

ချန်းကုန်း၊ ချန်းနိန့်နှင့် ရှီးအစ်သည် စားသောက်ဆိုင်ထဲသို့ လှမ်းဝင်လာ၏။

သူတို့ရောက်ရှိချိန်မှာ စားသောက်ချိန်မဟုတ်ဘဲ ကြားချိန် ဖြစ်နေသဖြင့် ဤမျှလူရှင်းနေခြင်းဖြစ်မှန်း ချန်းကုန်းက နားလည်လိုက်၏။

ချန်းကုန်းက အရက်နှင့် စားသောက်ဖွယ်ရာများကို မှာယူလိုက်၏။

မကြာမီ...

အငွေ့တထောင်းထောင်းထနေသော ထမင်းနှင့် ဟင်းလျာများ ရောက်ရှိလာ၏။

ချန်းကုန်းက အရက်တစ်ခွက်ငဲ့သောက်ရင်း...

"ကဲ...မင်းတို့ အရင်စားနှင့်ကြ"

ချန်းနိန့်နှင့် ရှီးအစ်မှာ ဆာလောင်နေပြီဖြစ်၍ စားစရာများကို စားသောက်လိုက်၏။

သူတို့စားသောက်နေစဉ်မှာပင် ဆိုင်တွင်းသို့ လူများဝင်ရောက်လာ၏။

စုစုပေါင်း လူလေးယောက် ဖြစ်၏။

အနက်ရောင်ဝတ်စုံများ ဆင်တူဝတ်ဆင်ထား၏။

ဝတ်စုံနက်များသည် ချန်းကုန်းတို့အား မမြင်သေးပါ။

ဆိုင်ရှင်ထံသို့လျှောက်သွားပြီး...

"ဟေ့...မင်းတို့ ကလေးတစ်ယောက်ပါတဲ့ ခရီးသည်တွေကို တွေ့မိသလား"

ဟု ခက်ထန်စွာ မေးလိုက်၏။

ဆိုင်ရှင်မှာ မည်သို့ဖြေရမှန်းမသိ ဖြစ်သွား၏။

သူ့ဆိုင်တွင်း၌ ကလေးတစ်ယောက်ပါသည့် ခရီးသည် ရှိနေသည်မဟုတ်ပါလား။

ဆိုင်ရှင် ငေးငိုင်သွားသည်ကိုတွေ့၍ ဝတ်စုံနက်က စိတ်ရှည်တော့ပါ။ သူက လက်ပြန်တစ်ချက် ရိုက်ချလိုက်၏။

"မေးတာမဖြေဘဲ ဘာငိုင်နေတာလဲကွ"

"ဖြန်း..."

ဆိုင်ရှင်မှာ နောက်သို့လန်သွား၏။

ဝတ်စုံနက်က...

"ပြောစမ်း...ကျုပ် မေးတာ မကြားဘူးလား"

ဟု အော်ငေါက်လိုက်ပြန်၏။

ဆိုင်ရှင်တစ်ကိုယ်လုံး တုန်ယင်သွား၏။

"ဟို...ဟို..."

သူသည် ဘာမှဆက်မပြောနိုင်ဘဲ ချွန်းကုန်းတို့ဘက်သို့ လှမ်းကြည့်လိုက်၏။

ဝတ်စုံနက်က ဆိုင်ရှင်ကြည့်ရာသို့ လိုက်ကြည့်လိုက်၏။

ချွန်းကုန်းတို့အား တွေ့မြင်သွား၏။

ချွန်းနီ၏အနီးတွင်ထိုင်နေသော ရှီးအစ်ကိုလည်း တွေ့မြင်သွား၏။

သူတို့၏မျက်နှာမှာ ပြုံးရွှင်သွား၏။

ဆိုင်ရှင်အား တွန်းထုတ်လိုက်ပြီး ချွန်းကုန်းတို့ စားပွဲရှိရာသို့ လျှောက်လာခဲ့လေတော့သည်။

ချွန်းကုန်းက ချွန်းနီအား ပြုံးကြည့်လိုက်၏။

အန္တရာယ် စလာပြီဟူသော အပြုံးမျိုးဖြစ်၏။

ချွန်းနီကလည်း ပြုံးလိုက်၏။

သူမ၏အပြုံးမှာ အေးစက်နေ၏။

ရန်သူကို ထိမထင်သည့် အပြုံးမျိုးဖြစ်၏။

စားသောက်ဆိုင်တစ်ခုလုံး တိတ်ဆိတ်သွားသလိုထင်ရလေတော့သည်။



ဝတ်စုံနက်သည် တစ်လှမ်းချင်းလျှောက်လာပြီးမှ စားပွဲအနီးသို့ ရပ်တန့်လိုက်၏။

ရှီးအစ်အား စိုက်ကြည့်လိုက်၏။

ရှီးအစ်မှာ မျက်လုံးပြူးကာ ထိတ်လန့်သွား၏။

သူသည် ချွန်းနီအနီးသို့ ပို၍တိုးကပ်လိုက်၏။

ချွန်းနီက ရှီးအစ်၏ ဦးခေါင်းအား အသာအယာ ပွတ်သပ်ခ်သိမ့်လိုက်၏။

သူမသည် ဝတ်စုံနက်အား ဂရုမထားပါ။

ဝတ်စုံနက်က ချွန်းကုန်းနှင့် ချွန်းနီအား စိုက်ကြည့်လိုက်၏။

"ကျုပ် ထိုင်လို့ ရမလား"

ချွန်းကုန်းက...

"ဘယ်သူမဆို ထိုင်လို့ရပါတယ်"

ဝတ်စုံနက်က စားပွဲတွင် ဝင်ထိုင်လိုက်၏။

ထို့နောက်...

ငွေတုံးတစ်တုံးအား စားပွဲပေါ်တင်လိုက်၏။

"မိတ်ဆွေတို့ ကလေးပါတာ အလုပ်ရှုပ်ပါတယ်ဗျာ၊ ခင်ဗျား

တို့ ငွေယူသွားပါ၊ ကလေးထားခဲ့တာ ပိုပြီးအဆင်ပြေလိမ့်မယ်ထင်
တယ်”

ဟု ပြောလိုက်၏။

ချွန်းကုန်းက ငွေတုံးအားကြည့်ကာ...

“ဒီငွေက ကျုပ်တို့အတွက် ဟုတ်လား”

ဟု မျက်ခုံးပင့်ကာ မေးလိုက်၏။

ဝတ်စုံနက်က ငွေတုံးလေးများ ထပ်တင်လိုက်၏။

“ဒီလောက်ငွေဆိုရင်ကော”

ချွန်းကုန်းက သက်ပြင်းတစ်ချက်ချလိုက်၏။

“ဒီကလေးရဲ့တန်ဖိုးက ဒီလောက်ပဲလားဗျာ”

ဝတ်စုံနက်က...

“ခင်ဗျားက ဘယ်လောက် လိုချင်လို့လဲ”

ချွန်းကုန်းက လက်တစ်ချောင်းထောင်ပြလိုက်၏။

“တစ်ထောင်လား”

ဝတ်စုံနက်က...

“တစ်သောင်းလား”

ချွန်းကုန်း ခေါင်းခါယမ်းလိုက်ပြန်၏။

“တစ်သိန်းလား”

ဝတ်စုံနက်က ထပ်မေးလိုက်ပြန်၏။

ချွန်းကုန်းက ခေါင်းခါယမ်းလိုက်၏။

ဝတ်စုံနက်က သက်ပြင်းတစ်ချက်ချကာ...

“ခင်ဗျားပဲပြောပါတော့”

ချွန်းကုန်းက...

“သူ့ရဲ့အသက်တစ်ချောင်းပဲ”

ဝတ်စုံနက်၏မျက်နှာ ကွက်ခနဲပျက်သွား၏။

“ဒီကလေးကို ခင်ဗျားက အလွယ်တကူ ပြန်မပေးနိုင်ဘူး
ဆိုပါတော့”

ချွန်းကုန်းက ခေါင်းညိတ်လိုက်၏။

“ဟုတ်တယ်”

ဝတ်စုံနက်က...

“ဒါဆိုရင် ခင်ဗျားတို့ အန္တရာယ်ဆိုးနဲ့ ကြုံတွေ့မှာ သေချာ
တယ်”

ချွန်းကုန်းက...

“ကျုပ်တို့ မျှော်လင့်ပြီးသားပါ”

သူက မဲ့ပြုံးပြုံးကာ စကားဆက်လိုက်ပြန်၏။

“ကျုပ်တို့က ခြိမ်းခြောက်တိုင်း မကြောက်တတ်ပါဘူး”

ဝတ်စုံနက်က သက်ပြင်းတစ်ချက်ချကာ ထိုင်ရာမှထလိုက်၏။

ချွန်းနိုက ဝတ်စုံနက်တိုက်ခိုက်လာလျှင် ခုခံနိုင်ရန် အသင့်
ပြင်ထား၏။

သို့သော်...

ဝတ်စုံနက်က တိုက်ခိုက်ခြင်းမပြုပါ။

သူက ချွန်းကုန်းအား လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်လိုက်၏။

"မိတ်ဆွေ ဒီမြို့က မထွက်ခင် 'အနီရောင်ဂေဟာ' ကို ဒီကလေး လာပို့ပေးပါ၊ ဒီအဖြစ်အပျက်တွေကို မေ့ပစ်လိုက်ပါ့မယ် တကယ်လို့ ကျုပ်စကားကို နားမထောင်ဘဲ ဒီမြို့က ထွက်တာနဲ့ အန္တရာယ်များစွာနဲ့ ကြုံတွေ့ရပါလိမ့်မယ်၊ ကျုပ်စကားကို ခြိမ်းခြောက်တာလို့ ယူဆရင် ပိုပြီးမှားယွင်းတာကို သိလာပါလိမ့်မယ်"

သူက ပြောပြီးသည်နှင့် လက်တစ်ဖက်ဝှေ့ယမ်းလိုက်၏။

ဝတ်စုံနက်များအားလုံး ဆိုင်ထဲမှထွက်ခွာသွား၏။

သူက ရှီးအစ်အားပြုံး၍ကြည့်ကာ ဆိုင်ထဲမှထွက်ခွာသွားတော့သည်။

❖ ❖ ❖

ချွန်းကုန်းက သက်ပြင်းတစ်ချက်ချလိုက်၏။

ချွန်းနီက နှာခေါင်းရှုံ့ကာ...

"ခြိမ်းခြောက်သွားပုံကတော့ အလာကြီးပဲ"

ဟု ပြောလိုက်၏။

ချွန်းကုန်းက ခေါင်းခါယမ်းလိုက်၏။

"သူ့စကားကို သတိထားရမယ်၊ သူခြိမ်းခြောက်သွားတာ မဖြစ်နိုင်ဘူး"

ချွန်းနီက...

"ကျွန်မ မကြောက်ဘူး"

ချွန်းကုန်းက...

"အန္တရာယ်က လက်တစ်ကမ်းအကွာမှာ ရောက်နေပြီ၊ ကျုပ်ဘို့ စဉ်းစဉ်းစားစား လုပ်ရမယ်"

ချွန်းနီက...

"အဲဒီလူက ဘယ်သူလဲ"

ချွန်းကုန်းက ခေါင်းခါယမ်းလိုက်၏။

"မသိဘူး...ဒါပေမယ့် အဲဒီလူရဲ့သိုင်းပညာက အတော်စထက်မြက်လိမ့်မယ်"

ချွန်းနီက ရင်ထဲတွင် လေးလံသွား၏။

သူမသည် ရှီးအစ်အား ကောင်းစွာ စောင့်ရှောက်နိုင်ပါမည်လား။

သူမ မပြောနိုင်ပါ။

ချွန်းနီက...

"ကျွန်မတို့ ဒီမြို့ကထွက်တာနဲ့ အန္တရာယ်ကို တွေ့ကြုံရမယ်ဆိုတာ တကယ်ပဲလား"

ချွန်းကုန်းက ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်"

ချွန်းနီက...

"ကျွန်မတို့ ဘာလုပ်ကြမလဲ"

ချွန်းကုန်းက ပခုံးတစ်ချက်တွန့်လိုက်၏။

ချွန်းနီက သက်ပြင်းတစ်ချက်ချလိုက်၏။

ချွန်းကုန်းက...

"သူတို့က ကျုပ်တို့ကို ဒီမြို့ကမထွက်စေချင်မှတော့ တို့တွေ ဒီမြို့မှာ ခဏနေကြတာပေါ့"

သူ၏အသံမှာ အေးအေးဆေးဆေး ရှိလှ၏။

ချွန်းနီက ချွန်းကုန်းအား မော့ကြည့်လိုက်၏။

ချွန်းကုန်း၏မျက်နှာမှာ တည်ကြည်နေ၏။

သူမသည် ဘာမှ ဆက်မမေးတော့ပါ။

ချွန်းကုန်းသည် မည်သည့်ခြိမ်းခြောက်မှုကိုမှ လက်ခံသော လူတစ်ယောက် မဟုတ်ပေ။

သူမသည် ချွန်းကုန်း၏စိတ်ဓာတ်အား ကောင်းစွာသိထား၏။

ချွန်းကုန်းတွင် အကြံအစည်ရှိရမည်ဟု သူမက ယုံကြည်မိလေတော့သည်။

❖ ❖ ❖

အနီရောင်ဂေဟာ

ည...။

အမှောင်ထုက လျင်မြန်စွာရောက်ရှိလာ၏။

ချွန်းကုန်းမှာ ခုတင်ပေါ်တွင် ထိုင်နေ၏။

သူ့အားကြည့်ရသည်မှာ အပြင်ထွက်ရန် အသင့်ပြင်ပြီးအချိန် စောင့်နေပုံရ၏။

ချွန်းနီက မနေနိုင်ဘဲ...

"ဦးလေး...ဘယ်သွားမလို့လဲ"

ဟု မေးလိုက်၏။

ချွန်းကုန်းက ချက်ချင်းအဖြေမပေးပါ။

အတန်ကြာမှ...

"အနီရောင်ဂေဟာ"

ဟု အသံတိုးတိုးဖြင့် ပြောလိုက်၏။

"ရှင်..."

ချွန်းနီက အံ့အားသင့်သွား၏။

"ဦးလေး... ဘာသွားလုပ်မှာလဲ"

ချွန်းကုန်းက...

"ကျုပ်ကို ခြိမ်းခြောက်ရဲတာ ဘယ်သူလဲဆိုဟာ သွားကြည့်မလို့ပါ"

ချွန်းနီက...

"ကျွန်မလဲ လိုက်မယ်"

ချွန်းကုန်းက လက်ကာပြလိုက်၏။

"မဖြစ်ဘူး"

ချွန်းနီက...

"ဘာဖြစ်လို့လဲ၊ ကျွန်မကိုယ်ကျွန်မ ကောင်းကောင်း ကာကွယ်နိုင်ပါတယ်"

ချွန်းကုန်းက ခုတင်ပေါ်တွင် အိပ်ပျော်နေသော ရှိုးအစ်အား မေးငေါ့ပြလိုက်၏။

"မဖြစ်ဘူးဆိုတာ သူ့ကို စောင့်ရှောက်ဖို့ မင်းရှိနေမှ ဖြစ်မှာ မို့လို့ပါ"

ချွန်းနီက ပါးစပ်ပိတ်သွား၏။

ချွန်းကုန်း၏စကားမှာ မှန်ကန်နေသည် မဟုတ်ပါလား။

ထိုအချိန်မှာပင်...

"ဒေါင်..."

အုန်းမောင်းခေါက်သံတစ်ချက် ထွက်ပေါ်လာ၏။

ချွန်းကုန်းက ခုတင်ပေါ်မှ ထလိုက်၏။

"ကျုပ် သွားမယ်"

ချွန်းနီက...

"ဟုတ်ကဲ့... သတိထားသွားပါ"

ချွန်းကုန်းက ခေါင်းညိတ်လိုက်၏။

"ကျုပ် အာရုံလင်းချိန်မှ ပြန်မလာခဲ့ရင်တော့ မင်းတို့ ဒီမြို့က အမြန်ဆုံးပြေးပေတော့"

ချွန်းနီက မျက်မှောင်ကုတ်သွား၏။

ချွန်းနီက...

"ကျုပ်စကားကို နားထောင်ပါ၊ ဒီကနေ ချွန်းဂေဟာကိုသာ အရောက်ပြန်...ကြားလား"

ချွန်းနီက...

"ကျွန်မ..."

သူမက စောဒကတက်ရန် ဟန်ပြင်လိုက်၏။

ချွန်းကုန်းက...

"စကားမရှည်နဲ့နော်၊ အချိန်မရှိဘူး၊ သတိဝီရိယထားပြီးနေပါ"

သူက ပြောပြီးသည်နှင့် ပြတင်းပေါက်မှတစ်ဆင့် အပြင်ဘက်သို့ ခုန်ထွက်သွားလေတော့သည်။



ကောင်းကင်ပေါ်တွင် လခြမ်းကွေးလေး ရှိနေ၏။

လရောင်သည် ပတ်ဝန်းကျင်အား သင့်တင့်သောအလင်းရောင်ကို ပေးဝေနေ၏။

ချွန်းကုန်းသည် အမှောင်ထုကို အကာအကွယ်ယူကာ လျှောက်လာနေ၏။

သူသည် ထိုသို့လျှောက်လာရင်း အလေးအနက် တွေးတောနေ၏။

ရန်သူသည် မိမိတို့အား ခြိမ်းခြောက်ခြင်းလော။

သူ၏စိတ်ထဲတွင် နှစ်ခွဖြစ်နေ၏။

တစ်ခုက ရန်သူက မိမိတို့အား အမှန်တကယ် တိုက်ခိုက်လာနိုင်ခြင်းနှင့် နောက်တစ်ခုက ရန်သူသည် သူတို့အား တိုက်ခိုက်နိုင်ရန် စစ်ကူစောင့်ခြင်းဖြစ်မည်ဟုပင် ဖြစ်၏။

ထို့ကြောင့် သူက သေချာအောင် စုံစမ်းကြည့်ရန် အနီရောင်ဂေဟာသို့ ထွက်လာခြင်းဖြစ်၏။

ထိုပြင် ကလေးငယ်အား အလွန်အလိုရှိနေသော လူများမှာ မည်သူများနည်းဟု သိချင်စိတ်ကလည်း ရှိနေသည် မဟုတ်ပါလား။

ချွန်းကုန်းသည် လျင်မြန်စွာ လှုပ်ရှားလာရင်း မကြာမီ ကျယ်ဝန်းလှသော ခြံဝင်းတစ်ခုအနီးသို့ ရောက်ရှိလာ၏။

ခြံဝင်းအား မြင့်မားသော အုတ်တံတိုင်း ကာရံထား၏။

ခြံဝင်းနှင့် တံခါးကိုလည်း အနီရောင်ဆေးများ ခြယ်သထားကာ မြဝင်းအဝင်ဝတွင် အနီရောင်မီးပုံးကြီးနှစ်လုံး ချိတ်ဆွဲထား၏။

မီးပုံးပေါ်တွင် "အနီရောင်ဂေဟာ"ဟု ရေးသားထား၏။

ချွန်းကုန်း သည်ဂေဟာအား အကဲခတ်ကြည့်လိုက်၏။

ခြံဝင်းအတွင်း၌ လူသူမတွေ့ရပါ။

ခြံဝင်းအလယ်တွင် ကြီးမားသော အနီရောင်ဂေဟာကြီးတစ်ခု ရှိ၏။

နှစ်ထပ်အဆောက်အအုံဖြစ်ပြီး မီးများလင်းထိန်နေအောင် ထွန်းညှိထားသည်ကို တွေ့ရ၏။

ချွန်းကုန်းက အုတ်တံတိုင်းအနီးသို့ ချဉ်းကပ်သွား၏။

ထို့နောက် အမှောင်ရိပ်ပိုကျရာဘက်သို့ ချဉ်းကပ်သွားပြီး အုတ်တံတိုင်းပေါ်သို့ ကြောင်တစ်ကောင်နယ် ပေါ့ပါးစွာ ခုန်တက်လိုက်၏။

သူက လူရိပ်လူခြေ အကဲခတ်ကြည့်ကာ ခြံဝင်းအတွင်းသို့ ခုန်ချလိုက်၏။

ချွန်းကုန်းမှာ ဂေဟာနှင့် မလှမ်းမကမ်းတွင်ရှိသော ပန်းဥယျာဉ်သို့ သွက်လက်စွာ ပြေးသွားပြီး ပုန်းကွယ်လိုက်၏။

ချွန်းကုန်းသည် ပန်းခြံကြားအရောက်တွင် ခြေသံထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

မကြာမီ ဂေဟာအနောက်ဘက်မှ ပတ်ကာ လျှောက်လာနေသော အစောင့်နှစ်ဦးအား တွေ့လိုက်ရ၏။

ချွန်းကုန်းမှာ ကိုယ့်ကိုကိုယ် အလွန်ကံကောင်းသည်ဟု ထင်မိ၏။

အကယ်၍ သူက ဂေဟာအနောက်ဘက်သို့ ပြေးသွားလျှင် အစောင့်များနှင့် ပက်ပင်းတိုးမိမည်မှာ သေချာ၏။

ချွန်းကုန်းသည် ပန်းချီကြားတွင် အသက်မရှူဘဲ ပုန်းအောင်းနေမိ၏။

အစောင့်နှစ်ဦးက စကားတပြောပြောနှင့် ချွန်းကုန်းအနီးမှ ဖြတ်ကျော်ကာ ခြံဝင်းအဝဆီသို့ လျှောက်သွားကြ၏။

တစ်ခဏအကြာတွင် ချွန်းကုန်းနှင့် ဝေးသွားလေသည်။

ချွန်းကုန်းသည် ပန်းခြံများကြားမှ ဂေဟာနှင့်အနီးဆုံးနေရာသို့ လျှောက်သွားလိုက်၏။

ပန်းဥယျာဉ်အတွင်းရှိ သစ်ပင်ကြီးတစ်ပင်သည် ဂေဟာနှင့် အလွန်နီးကပ်စွာ ရှိနေ၏။

ချွန်းကုန်းသည် ထိုသစ်ပင်ပေါ်သို့ လျင်မြန်စွာ တက်သွားလိုက်၏။

ထို့နောက် ဂေဟာအတွင်းသို့ ပြတင်းပေါက်မှတစ်ဆင့် ချောင်းကြည့်လိုက်လေတော့သည်။

❖ ❖ ❖

ဂေဟာတစ်ခုလုံးများ မီးများထိန်လင်းနေ၏။

ချွန်းကုန်းသည် သစ်ကိုင်း သုံးလေးခုပြောင်းလိုက်ပြီးနောက် အခန်းတစ်ခုထဲတွင် လူတစ်ယောက်ထိုင်နေသည်ကို တွေ့လိုက်ရ၏။

အခန်းတွင်း၌ စားပွဲရှည်တစ်လုံးရှိ၏။

စားပွဲထိပ်တွင် လူတစ်ယောက်ထိုင်နေ၏။

ချွန်းကုန်းသည် ထိုလူအား ကောင်းစွာမှတ်မိလိုက်၏။

မိမိတို့အား လာရောက်ခြိမ်းခြောက်သွားသည့် ဝတ်စုံနက် ဖြစ်နေသည် မဟုတ်ပါလား။

ထိုဝတ်စုံနက်သည် အေးအေးဆေးဆေးထိုင်နေ၏။

သူ့ရှေ့ရှိစားပွဲပေါ်တွင် စားသောက်ဖွယ်ရာများ အဆင်သင့် ပြင်ထားသည်ကို တွေ့ရ၏။

ဝတ်စုံနက်က အစားအသောက်များကို ထိပ်မထိရသေးပါ။

ထိုလူက တစ်စုံတစ်ယောက်အား စောင့်နေခြင်း ဖြစ်မှန်း ချွန်းကုန်းက ရိပ်စားမိလိုက်၏။

ချွန်းကုန်းသည် စားပွဲပေါ်မှ ပြင်ဆင်ထားသည်များကို တစ်ချက်ကြည့်လိုက်၏။

စားပွဲမှာ လူ(၁၀)ယောက်မက ထိုင်နိုင်သော်လည်း သုံးယောက် အတွက်သာ စားစရာများ ပြင်ဆင်ထား၏။

ယခု အခန်းထဲတွင် လူတစ်ယောက်ထိုင်နေ၏။

နောက်နှစ်ယောက်ကို သူက စောင့်ဆိုင်းနေဟန်တူ၏။

ထိုလူနှစ်ဦးမှာ မည်သူများ ဖြစ်ပါသနည်း။

အဘယ်ကြောင့် ထိုလူနှစ်ဦးကို စောင့်နေရပါသနည်း။

မိမိအားတိုက်ခိုက်ရန် စစ်ကူတောင်းထား၍လော။

ချွန်းကုန်းမှာ သိချင်စိတ်များ ပြင်းပြလာ၏။

သူသည် သစ်ပင်ပေါ်တွင် ငြိမ်သက်စွာဖြင့် ထိုင်စောင့်နေလိုက်လေတော့သည်။

❖ ❖ ❖

အချိန်များ တရွေ့ရွေ့ကုန်ဆုံးလာ၏။

ချွန်းကုန်းသည် အခန်းထဲသို့ မျက်တောင်မခတ် ကြည့်နေလိုက်၏။

"ဒေါင် ... ဒေါင် ..."

ရုတ်တရက်၊ အုန်းမောင်းနှစ်ချက်တီးသံကြားလိုက်ရ၏။

အခန်းထဲရှိ လူ၏ မျက်နှာပေါ်တွင် အပြုံးတစ်ခုပေါ်လာသည်ကို တွေ့လိုက်ရ၏။

"အင်း... စောင့်နေတဲ့လူ ရောက်လာပြီထင်တယ်"

သူက တွေးရင်း အခန်းတွင်းသို့ သေချာစွာ ကြည့်လိုက်၏။

အခန်းတွင်းသို့ လူနှစ်ယောက် လှမ်းဝင်လာ၏။

ထိုလူနှစ်ယောက်မှာ ပြတင်းပေါက်အား ကျောပေးကာ ထိုင်ချလိုက်ကြ၏။

ချွန်းကုန်းက မျက်မှောင်ကုတ်သွား၏။

သူသည် ထိုလူနှစ်ဦး၏ ကိုယ်ဟန်ကိုကြည့်ရင်း သူသိသလိုထင်မိ၏။

ချွန်းကုန်းသည် ရှေ့သို့ တိုးနိုင်သမျှတိုးကာ ကြည့်လိုက်၏။

အခန်းတွင်းမှ လူနှစ်ယောက်မှာ တီးတိုးပြောဆို တိုင်ပင်နေကြ၏။

ၛင်းတို့ ဘာပြောနေကြသည်ကို ချွန်းကုန်း မသိပါ။

ထိုစဉ် လူတစ်ယောက်က ရုတ်တရက် ပြတင်းပေါက်သို့ လှည့်ကြည့်လိုက်၏။

မီးရောင်ဖြင့် ထိုလူ၏မျက်နှာကို ချွန်းကုန်းက သေချာစွာ တွေ့မြင်လိုက်၏။

"ဟင် ..."

ချွန်းကုန်းက ရင်ထိတ်သွား၏။

ထိုလူက သူ့အားမတွေ့ပါ။

ဖြန်လှည့်ကာ စကားပြောနေ၏။

ချွန်းကုန်းသည် သက်ပြင်းတစ်ချက်ချလိုက်၏။

သူဘာလုပ်ရမည်ကို သူက သိသွား၏။

ထို့ကြောင့် ...

နောက်သို့ လျင်မြန်စွာ ပြန်ဆုတ်ထား၏။

ထို့နောက် အနီရောင်ဂေဟာထဲမှ လျင်မြန်စွာ ပြန်ထွက်ခွာလာခဲ့လေတော့သည်။

❖ ❖ ❖

ချွန်းနီသည် စိတ်လှုပ်ရှားနေ၏။
သူမသည် တည်းခိုခန်းမှထွက်ခွာရန် အသင့်ပြင်ထားလိုက်၏-
မကြာမီ အုန်းမောင်းသုံးချက် တီးတော့မည်ဖြစ်၏။
ယခုအချိန်အထိ ဦးလေးချွန်းကုန်း ပြန်မလာသေးပါ။
သူမသည် အလင်းရောင်မလာမီ ထွက်ပြေးရမည်ဖြစ်၏။
သူမသည် ရှိုးအစ်အား မနှိုးသေးပါ။
ထွက်ခွာတော့မှပင် နှိုးပြီး ခေါ်သွားရန် စိတ်ကူးမိ၏။
ချွန်းနီမှာ ထိုင်မရထိုင်မရ ဖြစ်နေ၏။
သူမက အလွန်စိတ်လှုပ်ရှားနေ၏။
တိတ်ဆိတ်ခြင်းမှာ ချောက်ချားဖွယ်ကောင်းနေ၏။
ယခုကဲ့သို့ စောင့်ဆိုင်းနေရသည်ကို သူမက စိတ်မရှည်နိုင်ပါ။
ချွန်းနီသည် ခုတင်ပေါ်မှ ထကာ လမ်းလျှောက်လိုက်၏။
ဘယ်နှစ်ခေါက်လျှောက်မိမှန်း သူမက မမှတ်မိပါ။
ထိုစဉ် ပြတင်းတံခါး ရုတ်တရက် ပွင့်သွားကာ အတွင်းသို့
လူရိပ်တစ်ခု ခုန်ဝင်လာ၏။
ချွန်းနီက ထိတ်လန့်သွား၏။
"ချွင် ..."
ချက်ချင်းပင် ဓားဆွဲထုတ်ကာ တိုက်ခိုက်ရန် ဟန်ပြင်လိုက်၏။
"ကျုပ်ပါ"
ဝင်လာသူထံမှ အသံထွက်ပေါ်လာ၏။

ချွန်းနီသည် ချွန်းကုန်း၏အသံဖြစ်ကြောင်း မှတ်မိလိုက်ပြီး
ဓားအား ပြန်လည်သိမ်းဆည်းလိုက်၏။
"ဦးလေး ... အခြေအနေ ဘယ်လိုလဲ"
ချွန်းကုန်းက ...
"နောက်မှမေး၊ အခုချက်ချင်းသွားကြမယ်၊ ကျုပ်နောက်က
လိုက်ခဲ့"
သူက ပစ္စည်းထုပ်များအားကျောပိုးပြီး အခန်းအပြင်သို့ ပြန်
သည်ခုန်ထွက်လိုက်၏။
ချွန်းနီကလည်း ရှိုးအစ်အား ပွေ့ချီလိုက်၏။
ထို့နောက် ချွန်းကုန်းနောက်မှ ပြေးလိုက်သွားလေတော့သည်။

❖ ❖ ❖

ချွန်းကုန်းမှာ ရှေ့မှ ပြေးလွှားနေ၏။
ချွန်းနီမှာ နောက်မှ အမီလိုက်နေ၏။
အတန်ကြာ ပြေးမိသောအခါ သူတို့သည် မြို့ကလေးနှင့်
တော်ဝေးဝေးသို့ ရောက်လာကြ၏။
ချွန်းနီသည် ကိုယ်ဖော်ပညာသုံးကာ ချွန်းကုန်းနှင့် **ရင်ပေါင်**
းနှီး ပြေးလိုက်နေရင်း ...
"ဦးလေး ... ဘာဖြစ်လို့လဲ"
ဟု မေးလိုက်၏။
ချွန်းကုန်းက ...

"ကျုပ်တို့ ဒီက အမြန်ဆုံးသွားနိုင်မှ ဖြစ်မယ်"
သူ၏အသံမှာ စိတ်လှုပ်ရှားနေ၏။
ချွန်းနိုက ...
"ရန်သူ ဘယ်သူလဲ သိခဲ့ပြီလား"
ချွန်းကုန်းက ...
"ရန်သူ ဘယ်သူဆိုတာတော့ မသိသေးဘူး၊ ဒါပေမယ့် ကျုပ်တို့ ရင်ဆိုင်ရမယ့် လူနှစ်ယောက်ကိုတော့ သိခဲ့ရပြီ"
ချွန်းနိုက ...
"ဟုတ်လား ... ဘယ်သူတွေလဲ"
ချွန်းကုန်းက ...
"ဝိညာဉ်ဖြူညီနောင်"
ဟု တစ်လုံးချင်း ပြောလိုက်၏။
"ရှင် ..."
ချွန်းနိုး၏မျက်နှာ ကွက်ခနဲ ပျက်သွား၏။
သူမက ရင်ထိတ်သွား၏။
သူမသည် ဝိညာဉ်ဖြူညီနောင်၏ အကြောင်းကို ကောင်းစွာ ကြားခဲ့ဖူးသည် မဟုတ်ပါလား။
ချွန်းကုန်းတစ်ယောက် အဘယ်ကြောင့် ဤနေရာမှ အမြန်ဆုံး သွားလိုခြင်းကို သူမက ကောင်းစွာနားလည်သဘောပေါက်လေတော့သည်။

❖ ❖ ❖

ဝိညာဉ်ဖြူညီနောင်။
ထိုလူနှစ်ဦးမှာ ရုပ်ချင်းဆင်တူ၏။
ခန္ဓာကိုယ်မှာလည်း ခွဲခြားမရအောင် တူ၏။
သူတို့၏ မူလနာမည်များကို မည်သူမှ မသိပါ။
သူတို့၏ ထူးခြားသော ပုံသဏ္ဌာန်ကြောင့် သိုင်းလောကသားများက သူတို့အား ဝိညာဉ်ဖြူညီနောင်ဟု ခေါ်ကြခြင်းဖြစ်၏။
နှစ်ဦးစလုံး အဖြူရောင်ဝတ်စုံရှည်များ ဝတ်ဆင်ထား၏။
မျက်နှာမှာလည်း သွေးမရှိဘဲ ဖြူရော်နေ၏။
ဓားကောက်အဖြူရောင်ကို ကိုင်ဆောင်ထား၏။
ထိုနှစ်ဦးမှာ ကြေးစားများဖြစ်ပြီး ၎င်းတို့နှင့် ရင်ဆိုင်ရသူတိုင်းကို ဒုက္ခတွေ့စေ၏။
သူတို့၏ သိုင်းပညာအဆင့်ကို မည်သူမျှမသိပါ။
သူတို့သည် ရန်သူကို ရင်ဆိုင်ရာတွင် နည်းလမ်းပေါင်းမျိုးစုံကို အသုံးပြုတတ်၏။
ကြေးတန်းစားလောကတွင် ဝိညာဉ်ဖြူညီနောင်မှာ ထိပ်ဆုံးမှပါနေသူများ ဖြစ်၏။
ထို့ပြင် ဝိညာဉ်ဖြူညီနောင်မှာ "ဘယ်တော့မှ မသေဆုံး" ကဲ့သော စကားဖြင့် နာမည်ကျော်ကြားနေခြင်းဖြစ်၏။
ချွန်းနိုက တွေးရင်း သက်ပြင်းတစ်ချက်ချလိုက်၏။
ချွန်းကုန်းက သူမဘက် လှည့်ကြည့်ကာ ...

"မင်း ဘာတွေ တွေးနေတာလဲ"

ချွန်းနိုက...

"ဝိညာဉ်ဖြူညီနောင် အကြောင်းပါ"

ချွန်းကုန်းက သက်ပြင်းချလိုက်၏။

ချွန်းနိုက...

"ကျွန်မတို့ ဝိညာဉ်ဖြူညီနောင်လက်က လွတ်ပါ့မလား"

ဟု မေးလိုက်၏။

ချွန်းကုန်းက မဲ့လိုက်၏။

"ကျုပ် သူတို့ကို မကြောက်ဘူး၊ ဒါပေမယ့်..."

ချွန်းနိုက...

"ကျွန်မ သိပါတယ်၊ သူတို့က အလွန်ပရိယာယ်များပြီး ကောက်ကျစ်ကြတယ်"

ချွန်းကုန်းက ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်၊ ကျုပ်တို့က သူတို့ရဲ့ ပရိယာယ်တွေ လှည့်ကွက်တွေနဲ့ ထောင်ချောက်တွေကို သတိထားရင် သူတို့ကို ရင်ဆိုင်နိုင်မယ်"

ချွန်းနိုက...

"ဟုတ်တယ်"

ချွန်းကုန်းက...

"ဒါကြောင့် ဘာမဆို ကျုပ်မသိဘဲ မလှုပ်ရှားပါနဲ့၊ ကျုပ်စကားကို နားထောင်ပါ"

ချွန်းနိုက ခေါင်းညိတ်လိုက်၏။

"ကျွန်မ နားထောင်ပါ့မယ်"

ချွန်းကုန်းက...

"ကဲ...ကျုပ်တို့ ခပ်သွက်သွက် ပြေးကြစို့၊ တတ်နိုင်သလောက် အဝေးကြီးရောက်အောင် ပြေးကြမယ်၊ ရှေ့ကျမှ နားကြတာပေါ့"

သူက ပြောပြီး အရှိန်မြှင့်ကာ ပြေးထွက်သွား၏။

ချွန်းနိုကလည်း နောက်မှ ပြေးလိုက်သွားလေတော့သည်။



နောက်တစ်နေ့ည။

ချွန်းကုန်းတို့သည် ဘုံကျောင်းပျက်တစ်ခုအနီးသို့ ရောက်ရှိလာကြ၏။

ချွန်းနိုမှာ အလွန်မောဟိုက်နေပြီဖြစ်၍...

"ကျွန်မတို့ ရှေ့က ဘုံကျောင်းပျက်မှာ ဒီညနားကြရင် ကောင်းမယ် ထင်တယ်"

ချွန်းကုန်းက ခေါင်းညိတ်လိုက်၏။

"ကောင်းတယ်၊ မင်းတို့ ဒီနေရာက စောင့်နေ၊ ကျုပ် အရင် သွားကြည့်လိုက်ဦးမယ်"

သူက ပြောပြီး ဘုံကျောင်းပျက်အတွင်းသို့ လှမ်းဝင်သွား၏။

ချွန်းကုန်းမှာ သတိကြီးစွာထားရင်း အထဲသို့ လျှောက်သွား၏။

ဘုံကျောင်းပျက်ထဲတွင် မည်သူမျှမရှိပါ။

ချွန်းကုန်းက သေချာစွာ စစ်ဆေးလိုက်၏။

ဘုံကျောင်းပျက်မှာ အတော်ပင် ပျက်စီးယိုယွင်းနေ၏။

အမိုးများပေါက်ပြဲနေသလို အချို့နေရာတွင် အကာအရံလည်း အတော်ပျက်စီးနေ၏။

ကြမ်းခင်းတစ်ခုသာ အကောင်းကျန်၏။

"အပြင်မှာ အိပ်ရတာထက်စာရင်တော့ တော်သေးတယ်လို့ ဆိုရမှာပဲ"

သူက တစ်ကိုယ်တည်း ရေရွတ်လိုက်၏။

ထို့နောက် အပြင်ဘက်ပြန်ထွက်လာကာ လက်ဝှေ့ယမ်းပြလိုက်၏။

"လာကြလော့"

ချွန်းနိုနှင့် ရှိုးအစ်မှာ ပုန်းကွယ်ရာမှ ထွက်လာကြလေတော့သည်။

❖ ❖ ❖

ခြေရာခံ ဇီးကွက်...။

ည။

တိတ်ဆိတ်နေ၏။

ဝန်းကျင်တစ်ခုလုံး မှောင်မည်းနေ၏။

လကွေးမှာ တတ်စွမ်းသလောက် အလင်းရောင်ဖြာဝေပေးနေ၏။

လရောင်သည် ဘုံကျောင်းပျက်၏ အမိုးအပေါက်များထဲမှ ထိုးကျနေသဖြင့် ဘုံကျောင်းထဲတွင် အတန်ငယ် လင်းနေ၏။

ချွန်းနိမှာ အိပ်မရပေ။

အတွေးများဖြင့် ရှုပ်နေ၏။

သူမသည် သက်ပြင်းတစ်ချက်ချကာ ရှိုးအစ်အား ကြည့်လိုက်၏။

ရှိုးအစ်မှာ နှစ်ခြိုက်စွာ အိပ်မောကျနေ၏။

"အင်း... ကလေးဆိုတော့ အန္တရာယ်ကို ကြောက်လန့်ရကောင်းမှန်း မသိပါလား"

သူမကတွေးရင်း လှုးလွန့်လိုက်၏။

ထိုစဉ်...

"ငါ့တူမ အိပ်မရသေးဘူးလား"

ချွန်းကုန်း၏အသံ ထွက်ပေါ်လာ၏။

ချွန်းနိက...

"ဟုတ်ကဲ့..."

ချွန်းကုန်းက...

"ဘာလဲ... ရန်သူ့အကြောင်း တွေးနေလို့လား"

ချွန်းနိက...

ရွှန်းနိမှာ ရွှန်းကုန်း၏ စကားကြောင့် စိတ်သက်သာရာရလာ၏။

သူမသည် ဘာကိုမှမတွေးတော့ဘဲ ကြိုးစား၍ အိပ်ပျော်အောင် အိပ်စက်လိုက်လေသည်။

အတန်ကြာသောအခါ သူတို့သည် မှေးခနဲ အိပ်ပျော်သွားကြလေတော့သည်။

❖ ❖ ❖

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွား၏။

သန်းခေါင်းယဲပင် ကျော်လွန်သွားချေပြီ။

ရွှန်းကုန်းသည် အိပ်ပျော်နေရာမှ ရုတ်တရက် လန့်နိုးလာ၏။

သူက ပြန်အိပ်ရန် ကြိုးစားလိုက်စဉ်မှာပင် ပေါ့ပါးသော ခြေသံသဲ့သဲ့ကို ကြားလိုက်ရ၏။

ရွှန်းကုန်းက မျက်မှောင်ကုတ်သွား၏။

သူက သေချာစွာ နားစိုက်ထောင်လိုက်၏။

ခြေသံမှ ခြေသံအစစ်ဖြစ်၏။

ရွှန်းကုန်းသည် ဓားကို အသံမမြည်အောင် ဆွဲထုတ်ကာ အသင့်ကိုင်ထားလိုက်၏။

ခြေသံမှာ တဖြည်းဖြည်းနှင့် ဘုံကျောင်းပျက်ထဲ ရောက်ရှိလာ၏။

"ဟုတ်တယ်၊ အခုလောက်ဆိုရင် သူတို့ မျက်ခြေပြတ်လောက်ပြီ ထင်တယ်"

ရွှန်းကုန်းက သက်ပြင်းတစ်ချက်ချလိုက်၏။

သူတို့သည် တစ်နေ့လုံး တစ်ညလုံး မနားဘဲ ခရီးဆက်လာခဲ့ကြ၏။

သို့သော်...

ရန်သူအား မျက်ခြေပြတ်နိုင်ပါမည်လော။

သူက မသိပါ။

ဝတ်စုံနက်၏ ခြိမ်းခြောက်စကားကို သူတို့က အလေးထားသလို ဖြစ်နေမည်လော။

သူတို့က အစိုးရိမ်လွန်နေခြင်းလော။

ရွှန်းကုန်းက ခေါင်းကို ဖြည်းညှင်စွာ ခါယမ်းလိုက်၏။

ရန်သူသည် ဝိညာဉ်ဖြူညီနောင်နှင့် တွေ့ဆုံခြင်းမှာ အစွမ်းကိန္နဖြစ်နေနိုင်၏။

ထိုသို့ တွေးမိမှ ရွှန်းကုန်းက စိတ်သက်သာရာရလာ၏။

သူက လေသံတိုးတိုးဖြင့်...

"ရွှန်းနီ ဘာမှ မတွေးနဲ့၊ အိပ်ပျော်အောင်သာ အိပ်ပါ၊ မနက်ကျ ခရီးဆက်ရဦးမယ်၊ ရန်သူ ကျုပ်တို့နောက် လိုက်မလာနိုင်တော့ပါဘူး"

ဟု နှစ်သိမ့်လိုက်၏။

ချွန်းကုန်းသည် မလှုပ်ရှားသေးဘဲ ငြိမ်သက်စွာဖြင့် **စောင့်ဆိုင်း**နေလိုက်၏။

လူရိပ်သုံးရိပ်။

တရွေ့ရွေ့နှင့် ချွန်းကုန်းတို့အနီးသို့ ချဉ်းကပ်လာ၏။

သူတို့လက်ထဲတွင် ဝင်းလက်သောဓားများ ကိုင်ဆောင်ထား၏။

ချွန်းကုန်းတို့ အနီးသို့ ရောက်လာသောအခါ လူရိပ်များက ရပ်တန့်လိုက်ကြ၏။

တစ်ယောက်က ဓားအား မြှောက်လိုက်၏။

ထို့နောက် ကျန်လူများအား အချက်ပြကာ လက်**ထဲမှဓားများ**ဖြင့် ပြိုင်တူခုတ်ချလိုက်၏။

ချွန်းကုန်းက မစောင့်တော့ပါ။

ထိုလူများတို့ကိုခိုက်လိုက်သည်နှင့် **ချက်ချင်းခုန်ထကာ** ပြန်လည်တိုက်ခိုက်လိုက်လေသည်။

"ချွင်...ချွင်..."

ချွန်းကုန်း၏ တုံ့ပြန်တိုက်ခိုက်မှုကြောင့် လူရိပ်**သုံးရိပ်**မှာ နောက်သို့ ဆုတ်သွားရ၏။

သို့သော်...

ချက်ချင်းပင် **ရှေ့**ပြန်တိုးကာ တိုက်ခိုက်လိုက်၏။

သူတို့က ဝိုင်းရံပြီး တိုက်ခိုက်ခြင်းဖြစ်၏။

ချွန်းနီမှာ တိုက်ခိုက်သံများကြောင့် လန့်နိုးလာ၏။

"ချွင်..."

သူမသည် ချက်ချင်းပင် ဓားအားဆွဲထုတ်ကာ တိုက်ပွဲ **အတွင်း**သို့ ခုန်ဝင်လိုက်၏။

တစ်ခဏအကြာတွင် ဘုံကျောင်းပျက်ထဲ၌ ပြင်းထန်သောဘိုက်ပွဲတစ်ခု ဖြစ်ပေါ်လာလေတော့သည်။

❖ ❖ ❖

"ချွင်..."

"ယား..."

"အား..."

တစ်ခဏအကြာတွင် ဆူညံသောအသံများ တိတ်ဆိတ်သွား၏။

ချွန်းကုန်းက ပြုံးလိုက်၏။

ချွန်းနီးက ပြန်ပြုံးပြလိုက်၏။

ထို့နောက် ဓားအား ပြန်သိမ်းလိုက်၏။

တိုက်ပွဲမှာ ပြီးဆုံးသွားပြီဖြစ်၏။

ရန်သူတစ်ယောက် ကျဆုံးပြီး နှစ်ယောက်မှာ **ကိုယ့်လွတ်ရုန်း**ထွက်ပြေးသွားကြ၏။

ချွန်းကုန်းက...

"ကျုပ်တို့ ဒီမှာရှိတာ ရန်သူသိသွားပြီ၊ မီးထွန်းလိုက်တာ ကောင်းပါတယ်"

"ဟုတ်ကဲ့"

ချွန်းနိုက မီးထွန်းညှိလိုက်၏။

အခန်းတွင်း၌ အလင်းရောင်လင်းထိန်သွား၏။

ချွန်းကုန်းသည် ကြမ်းပြင်ပေါ်တွင် လဲကျသေဆုံးနေသော ရန်သူ၏ အလောင်းအား ကြည့်လိုက်၏။

ထိုလူမှာ ဝတ်စုံနက်ဝတ်ဆင်ထား၏။

ချွန်းကုန်းသည် အလောင်းအား ပက်လက်ဆွဲလှန်လိုက်၏။

ထိုလူအား သူက မသိပါ။

ချွန်းကုန်းသည် အလောင်းအား ရှာဖွေလိုက်၏။

အလောင်း၏ ရင်ဘတ်တွင် မီးကွက်ရုပ်ဆွဲထား၏။

ချွန်းကုန်း၏မျက်နှာ ကွက်ခနဲ ပျက်သွား၏။

"တောက်..."

သူက တက်တစ်ချက်ခေါက်လိုက်၏။

ချွန်းနိုက မျက်မှောင်ကုတ်ကာ..."

"ဦးလေး... ဘာတွေ့လို့လဲ"

ဟု မေးလိုက်၏။

ချွန်းကုန်းက...

"ဒီလူတွေက ရွှေဒီးကွက်ဂိုဏ်းကပဲ"

ချွန်းနိမှာလည်း မျက်နှာပျက်သွား၏။

ချွန်းကုန်းက သက်ပြင်းတစ်ချက်ချလိုက်၏။

သူက ရှိုးအစ်အား ကြင်နာစွာကြည့်ကာ...

"ဒီကလေးက ဘယ်လိုလုပ်ပြီး ရွှေဒီးကွက်ဂိုဏ်းနဲ့ ပြဿနာ ရှိနေရတာလဲ"

ချွန်းနိုက...

"သူတို့က နယ်ခြားကလာတာတောင် မကြာသေးဘူး၊ ရွှေဒီး ကွက်ဂိုဏ်းနဲ့ ရန်ညှိုးရှိမယ် မထင်ပါဘူး"

ချွန်းကုန်းက...

"အခု ရွှေဒီးကွက်ဂိုဏ်း ပါဝင်နေတာ မင်းအမြင်ပဲလေ"

ချွန်းနိုက...

"ကျွန်မတို့ ဘာလုပ်ကြမလဲ"

ချွန်းကုန်းက...

"ဘာလုပ်မယ်ဆိုတာ မဆုံးဖြတ်ခင် ရွှေဒီးကွက်ဂိုဏ်း အကြောင်း မင်း သိသမျှ ပြောစမ်း"

ဟု မေးလိုက်၏။

ချွန်းနိုက...

"ရွှေဒီးကွက်ဂိုဏ်းက အလွန်လျှို့ဝှက်တဲ့ အဖွဲ့အစည်းတစ်ခုပဲ၊ သူတို့က အခကြေးငွေယူပြီး ဒုစရိုက်မှုတွေ ကျူးလွန်ကြတယ်၊ သူတို့နဲ့ ရင်ဆိုင်ရသူတိုင်း ဒုက္ခရောက်ရတယ်၊ ရွှေဒီးကွက်ဂိုဏ်း

ချုပ်ရဲ့ သိုင်းပညာမှာ အလွန်တော်တယ်လို့ ပြောကြတယ်၊ သိုင်းလောကသားတွေက ရွှေဇီးကွက်ဂိုဏ်းကို ဖြိုခွဲချင်ပေမယ့် ဂိုဏ်းရဲ့ ဌာနချုပ် ဘယ်မှာရှိတယ်ဆိုတာ ဘယ်သူမှ မသိကြလို့ လက်လျှော့ကြရတယ်"

ချန်းကုန်းက ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်၊ ရွှေဇီးကွက်ဂိုဏ်းချုပ်နဲ့ အဖြူရောင်သိုင်းသမား "နဂါးလက်သီး"တို့ ယှဉ်ပြိုင်ခဲ့ကြတာကော မင်းကြားမိသလား"

ဟု မေးလိုက်၏။

ချန်းနိုက ခေါင်းခါယမ်းလိုက်၏။

"အဲဒါတော့ ကျွန်မ မသိဘူး"

ချန်းကုန်းက...

"ဒီကိစ္စက လျှို့ဝှက်ပြီး လူသိနည်းတယ်၊ နဂါးလက်သီးဆိုတဲ့ သိုင်းသမားကိုတော့ မင်းသိတယ်မဟုတ်လား"

ချန်းနိုက ခေါင်းညိတ်လိုက်၏။

"ဟုတ်ကဲ့...သိပါတယ်၊ သူက ထိပ်တန်းသိုင်းသမားတစ်ဦးပါ၊ နံပါတ်စဉ် သုံးဆယ် ဝန်းကျင်လောက်မှာ ရှိမယ်ထင်တယ်"

ချန်းကုန်းက...

"ဟုတ်တယ်၊ သူက ရွှေဇီးကွက်ဂိုဏ်းကို ခွဲနပဲကြီးစွာနဲ့ ရှာဖွေခဲ့တယ်၊ နောက်ဆုံး ရွှေဇီးကွက်ဂိုဏ်းချုပ်နဲ့ တွေ့ဆုံပြီး ယှဉ်ပြိုင်ခဲ့တယ်"

ချန်းနိုက စိတ်ဝင်စားစွာ နားထောင်နေ၏။

"နောက်ဆုံး ဘယ်သူနိုင်ခဲ့သလဲ"

ဟု စိတ်ထက်သန်စွာ မေးလိုက်၏။

ချန်းကုန်းက ပြုံးလိုက်၏။

သူက ချန်းနိုး၏ အမေးကို ပြန်မဖြေဘဲ မေးလိုက်၏။

"မင်းက ဘယ်သူနိုင်မယ်ထင်သလဲ"

ချန်းနိုက ပါးစပ်ပိတ်သွား၏။

သူမက မဖြေရဲပါ။

ချန်းကုန်းက...

"နဂါးလက်သီးက ရွှေဇီးကွက်ဂိုဏ်းချုပ်နဲ့ သိုင်းကွက်နှစ်ရာကျော်ပဲ ယှဉ်ခိုင်ခဲ့တယ်၊ သူက တစ်သက်လုံး သိုင်းပညာ အသုံးမပြုနိုင်တော့ဘူး၊ အသက်ရှင်နေတာကလွဲရင် ဘာမှ သုံးမရတော့တဲ့ ဒုက္ခိတတစ်ယောက် ဖြစ်သွားခဲ့တယ်"

ချန်းနိ၏ ရင်ထဲတွင် လေးလံသွား၏။

ရွှေဇီးကွက်ဂိုဏ်းချုပ်၏ သိုင်းပညာ မည်မျှမြင့်မားသည်ကိုလည်း နားလည်သွားရ၏။

သူမတို့ ချန်းမိသားစု၏ ဓားပညာမှာ ထူးခြားပြီး ထက်မြက်မှန်း သူမက သိ၏။

သို့သော်

သူမတို့ ဓားပညာမှာ နဂါးလက်သီးလောက် မမြင့်မားမှန်း နားလည်ထား၏။

နဂါးလက်သီးပင် ရွေးဒီးကွက်ဂိုဏ်းချုပ်အား မယှဉ်နိုင်ခဲ့လျှင် သူမတို့က မည်သို့ယှဉ်နိုင်ပါမည်နည်း။

ချန်းနိုက သက်ပြင်းချလိုက်၏။

"ကျွန်မတို့ ဘာလုပ်ကြမလဲ"

ချန်းကုန်းက...

"ရွေးဒီးကွက်ဂိုဏ်းကို ကျုပ်တို့ ရင်ဆိုင်နိုင်ပါ့မလား။ ဟု ပြန်မေးလိုက်၏။

ချန်းနိုက အံကြိတ်လိုက်၏။

"ကျွန်မတို့က လက်လျော့ပြီး ကလေးကို ရွေးဒီးကွက်ဂိုဏ်းရဲ့ လက်ထဲ ထည့်ပေးရမှာလား"

သူမ၏ အသည်းမှာ အနည်းငယ် တုန်ယင်နေ၏။

ချန်းကုန်းက...

"တို့မှာ ရွေးစရာ နှစ်လမ်းပဲရှိတယ်"

သူက လက်နှစ်ချောင်းထောင်က ပြောလိုက်၏။

ချန်းနိုက စိတ်ဝင်စားစွာဖြင့်...

"ဘာများလဲ"

ချန်းကုန်းက...

"ပထမလမ်းကတော့ ကလေးကို စွန့်လွှတ်ဖို့ပဲ"

သူကပြောပြီး စွန်းနိအား ကြည့်လိုက်၏။

"မင်း တတ်နိုင်ပါ့မလား"

ချန်းနိုက...

"ဟင့်အင်း...ကျွန်မ မလုပ်နိုင်ဘူး"

ချန်းကုန်းက...

"ဒါဆိုရင်တော့ နောက်တစ်လမ်းက ကလေးကို ကျန်းဖုဒေသ အမြန်ဆုံးရောက်အောင် ပို့နိုင်ဖို့ပဲ"

ချန်းနိုက...

"ကျွန်မတို့ သွားကြတော့မလား"

ချန်းကုန်းက...

"အခုမှ တို့လောနေလို့ အပိုပဲ၊ ညဘက်ခရီးဆက်ရတာ ပိုအန္တရာယ်များတယ်"

ချန်းနိုက...

"ရန်သူ ထပ်ရောက်လာရင်ကော"

ချန်းကုန်းက ပခုံးတစ်ချက်တွန့်လိုက်၏။

"ရောက်လာရင်တော့ ရင်ဆိုင်ကြတာပေါ့"

ချန်းနိုက ပါးစပ်ပိတ်ထားလိုက်၏။

ချန်းကုန်းက...

"ရွေးဒီးကွက်ဂိုဏ်းက ဒီကလေးကို ဘာကြောင့် လိုချင်ရတာလဲ မသိဘူး"

သူက မျက်မှောင်ကုတ်ပြောလိုက်၏။

ချန်းနိုက...

"ကျုပ်ခုတ် ကျုငှတ်မကျန်ဆိုသလို ဖြစ်မယ်ထင်တယ်"

ချွန်းကုန်းက...

"ကျုပ်တစ်နေ့တော့ ရွှေဒီးကွက်ဂိုဏ်းကို အရောက်သွားဦးမယ်"

ဟု ဆုံးဖြတ်ပြီးသော လေသံဖြင့် ပြောလိုက်၏။

❖ ❖ ❖

နောက်တစ်နေ့နံနက်။

တစ်ညလုံး မည်သည့်ရန်သူမျှ ရောက်မလာခဲ့ပါ။

နောက်တစ်နေ့ နေထွက်မှ ချွန်းကုန်းတို့သည် ဘုံကျောင်းပျက်ထဲမှ ထွက်ခဲ့ကြ၏။

မွန်းတည့်ချိန်အထိ မည်သည့်ရန်သူကိုမျှမတွေ့ရပါ။

မွန်းလွဲပိုင်းရောက်မှပင် ချွန်းကုန်းတို့သည် မြို့ငယ်လေးတစ်မြို့သို့ ရောက်ရှိလာ၏။

မြို့ကလေးမှာ အိမ်ခြေလေးရာခန့်သာရှိ၏။

မြို့လယ်ဖြတ်လမ်းတစ်ခုရှိပြီး တောင်နှင့်မြောက်ကို ဖြောင့်တန်းစွာ ဖောက်လုပ်ထား၏။

မြို့လယ်ပိုင်းတွင် စားသောက်ဆိုင်တစ်ဆိုင်တည်းသာရှိ၏။

ချွန်းကုန်းမှာ မြို့ငယ်လေးတွင် မနားလိုပါ။

သို့သော်

ချွန်းနီနှင့် ရှိုးအစ်အား ညာတာကာ မြို့လေးထဲရှိ စားသောက်ဆိုင်တွင် ဝင်ရောက်အနားယူလိုက်၏။

စားသောက်ဆိုင်မှာ အတော်ပင် စုတ်ချာ၏။

ကုလားထိုင်များမှာလည်း ခနေ့်နီ ခနေ့်နဲ့ဖြစ်၏။

ချွန်းကုန်းသည် ဆိုင်ပေါက်ဝသို့ မျက်နှာပြုထားသည့် စားပွဘွင် ဝင်ထိုင်ကာ နေရာယူလိုက်၏။

သို့မှသာ အပြင်ဘက်လမ်းကို ကောင်းစွာ တွေ့မြင်ရမည်မဟုတ်ပါလား။

ထိုအချိန်တွင် ဆိုင်လုလင်ရောက်လာကာ...

"ဘာများသုံးဆောင်မလဲ"

ဟု မေးလိုက်၏။

ချွန်းကုန်းက အရက်နှင့် စားသောက်စရာများ မှာကြားလိုက်၏။

မကြာမီ ဆိုင်လုလင်က ပြန်ရောက်လာ၏။

သူ့လက်ထဲတွင် ထမင်းအုပ်တစ်လုံး ပါလာ၏။

ဆိုင်လုလင်က ထမင်းအုပ်အား စားပွဲပေါ်သို့ ချပေးပြီး ဆိုင်ဘွင်းသို့ ပြန်ဝင်သွား၏။

ချွန်းကုန်းသည် ဆိုင်တွင်းသို့ အကဲခတ်လိုက်၏။

ဆိုင်ထဲ၌ မည်သည့် စားသောက်သူမှမရှိပါ။

လူအလွန်ရှင်းနေ၏။

ချွန်းကုန်းမှာ အရက်နှင့် ဟင်းလျာများကို စောင့်ဆိုင်းနေသော်လည်း အတန်ကြာသည်အထိ ဆိုင်လုလင်က ပေါ်မလာပါချေ။

ချွန်းနိုက စိတ်မရှည်တော့ပါ။

ထမင်းအုပ်အား ဆွဲဖွင့်လိုက်၏။

"အား..."

"ခွမ်း..."

ချွန်းနိုက ထိတ်လန့်စွာ အော်ပြီး ထမင်းအုပ်အဖုံးအား လွှတ်ချလိုက်မိ၏။

ရှိုးအစ်က ထိတ်လန့်ကာ မျက်လုံးပြူးသွား၏။

ချွန်းကုန်းက...

"ဘာဖြစ်လို့လဲ"

ချွန်းနို၏ မျက်လုံးအစုံမှာ ပြူးကျယ်ဝိုင်းဝက်သွား၏။

သူမသည် အဖြေမပေးနိုင်သေးဘဲ မောဟိုက်နေ၏။

ချွန်းကုန်းက မျက်မှောင်ကုတ်သွား၏။

ချွန်းနို၏ မျက်နှာမှာ ဖြူရော်နေပြီး ထိတ်လန့်နေဟန် ပေါ်လွင်နေသည် မဟုတ်ပါလား။

ချွန်းကုန်းက ထမင်းအုပ်အတွင်း ကြည့်လိုက်၏။

သူ၏ မျက်လုံးအစုံမှာ ပြူးကျယ်သွား၏။

ထမင်းအုပ်ထဲတွင် ထမင်းမရှိပါ။

ထမင်းအစား တလှုပ်လှုပ်နှင့် လူးလွန့်နေသော မြွေစိမ်းသေးသေးလေးများရှိ၏။

ကြည့်နေရင်းမှပင် မြွေစိမ်းကလေးများသည် ထမင်းအုပ်အတွင်းမှ စားပွဲပေါ်သို့ တက်လာကြ၏။

ချွန်းကုန်းသည် တူတစ်စုံယူကာ မြွေစိမ်းများအား ထိုးချေသတ်လိုက်၏။

ချွန်းနိမှာ ထိတ်လန့်စွာဖြင့်...

"ဒါ...ဒါ..."

ချွန်းကုန်းက သက်ပြင်းတစ်ချက်ချလိုက်၏။

သူက ဆိုင်အတွင်းသို့ စိုက်ကြည့်လိုက်ပြီး...

"မြွေစိမ်း...ခင်ဗျားရောက်နေမှတော့ ထွက်လာခဲ့ပါတော့ဗျာ"

ဟု တစ်လုံးချင်း ပြောလိုက်၏။

သူ၏စကားအဆုံးတွင်...

"ဟား...ဟား...ဟား..."

ဆိုင်အတွင်းဘက်မှ ရယ်မောသံထွက်လာ၏။

ရယ်မောသံနှင့်အတူ လူတစ်ယောက်ထွက်ပေါ်လာ၏။

ထိုလူသည် အစိမ်းရောင်ဝတ်စုံကို ဝတ်ဆင်ထား၏။

သူ၏ရုပ်ရည်မှာ သာမန်လူနှင့် မခြားပါ။

သူ၏ခါးတွင် တစ်ပေခန့်ရှိသော စုတ်တံတစ်ချောင်း ထိုးစိုက်ထား၏။

ထိုစုတ်၏ အဖျားတွင်း စိမ်းဖန့်ဖန့်အရောင် သန်းနေ၏။

ထိုလူမှာ မြွေစိမ်းဆိုသူပင်ဖြစ်၏။

ချန်းနိသည် မြွေစိမ်းသိုင်းသမား၏ အမည်အား ကောင်းစွာ ကြားဖူးထား၏။

မြွေစိမ်းမှာ အဆိပ်အသုံးပြုသည့် သိုင်းသမားဖြစ်၏။

သူ၏ စုတ်တံသိုင်းကွက်ငါးကွက်မှာလည်း နာမည်ကြီးလှ၏။

စုတ်တံမှာ မြွေတစ်ကောင်ကဲ့သို့ လူးလွန့်လှုပ်ရှားပြီး ရန်သူ၏ ဒီဝိန်အား ခြွေတာတ်၏။

ချန်းနိသည် မြွေစိမ်းသိုင်းသမားအကြောင်း တွေးတောနေစဉ် မြွေစိမ်းက သူတို့၏ စားပွဲတွင် ဝင်ထိုင်လိုက်၏။

ချန်းကုန်းက အေးဆေးစွာ ပြုံးပြလိုက်၏။

"မြွေစိမ်း... ကျုပ်တို့ မတွေ့တာကြာပြီနော်"

မြွေစိမ်းက...

"ရှစ်နှစ်လောက်တော့ ရှိပြီဗျ"

သူ၏အသံမှာ ချန်းကုန်းပေါ်တွင် စိမ်းမနေပါ။

ချန်းကုန်းက...

"ကျုပ်တို့ မိတ်ဆွေတွေပဲလား"

ဟု မြွေစိမ်း၏မျက်နှာအားစိုက်ကြည့်ကာ မေးလိုက်၏။

မြွေစိမ်းက ဘာမျှ မပြောပါ။

အတန်ကြာမှ...

"ဟူး..."

လေပူတစ်ချက် မှုတ်ထုတ်လိုက်၏။

"ကျုပ်တာဝန်ယူရမှာ ခင်ဗျားဖြစ်လိမ့်မယ်လို့ လုံးဝ မမျှော်လင့်ခဲ့တာ အမှန်ပဲ"

ချန်းကုန်းက အေးအေးဆေးဆေးပင်...

"အခု မင်း ဘာလုပ်မလဲ"

မြွေစိမ်းက...

"ကျုပ်က ခင်ဗျားနဲ့ မိတ်ဆွေတွေပါပဲ၊ ဒါပေမယ့် ခင်ဗျားကလဲ ကျုပ်ကို မိတ်ဆွေလိုပဲ သဘောထားရမယ်"

ချန်းကုန်းက သက်ပြင်းချလိုက်၏။

"ဖြစ်ပါတယ်"

မြွေစိမ်းက...

"မိတ်ဆွေမှန်ရင် မိတ်ဆွေကောင်းတို့ရဲ့ စကားကို နားထောင်ရမယ်၊ နားထောင်သင့်တယ်"

ချန်းကုန်းက...

"မင်းက ဘာအကြံပေးချင်လို့လဲ"

မြွေစိမ်းက...

"ခင်ဗျားနဲ့ ပါလာတဲ့ ကလေးကို ကျုပ်လက်ထဲ အပ်လိုက်ပါ"

ဟု ပြောလိုက်၏။

ချန်းကုန်းက ဘာစကားမှ မပြောပေ။

အတန်ကြာမှ မြွေစိမ်းက ချန်းကုန်းအားကြည့်ကာ...

"ဒီကလေး ဘယ်သူလဲဆိုတာ သိလား"

ချွန်းကုန်းက ခေါင်းခါယမ်းလိုက်၏။

"သူ့နာမည်က ရှိုးအစ်ပါ"

မြွေစိမ်းက သက်ပြင်းချကာ...

"ဒီကလေးက ကျန်းဖုံးနယ်ခြားဒေသက ကျန်းဖုံးမြို့စားကြီး ရှိုးကျွန်းရဲ့ မြေးပါ"

ချွန်းကုန်းက...

"ဒီလောက်တော့ ကျုပ်သိပါတယ်၊ ကျုပ် စဉ်းစားမရတာ ဒီကလေးနဲ့ ရွှေဇီးကွက်ဂိုဏ်းနဲ့ ဘယ်လိုပတ်သက်နေသလဲဆိုတာပဲ"

မြွေစိမ်းက...

"အခု ကျုပ်တာဝန်က ဒီကလေးကို လက်ရှိ ကျန်းဖုမြို့စားဆီ ပို့ပေးဖို့ပဲ"

ချွန်းကုန်းက...

မြွေစိမ်း..."

မြွေစိမ်းက...

"ခင်ဗျား ဘာမေးမလို့လဲ"

ချွန်းကုန်းက...

"မင်းက ဘယ်အချိန်က ရွှေဇီးကွက်ဂိုဏ်းဝင် ဖြစ်နေတယ် ဆိုတာ ကျုပ်မသိပါလား"

မြွေစိမ်းက ပြုံးလိုက်၏။

"ဒါက အရေးမကြီးပါဘူး၊ အခု ကျုပ်စကားကို နားထောင်ပါဦး"

ချွန်းကုန်းက...

"ပြောကြည့်ပါ"

မြွေစိမ်းသည် ချွန်းကုန်းမှာ ခေါင်းမသူဖြစ်မှန်း ကောင်းစွာသိထား၏။

ထို့ကြောင့် သူ့စကားအား နားထောင်မည်မဟုတ်မှန်းလည်းသိ၏။

သို့သော်

မိတ်ဆွေအချင်းချင်း သူက မိတ်မပျက်လိုပေ။

ထို့ကြောင့် ကြိုးစားကြည့်ရန် ဆုံးဖြတ်ကာ ပြောလိုက်ခြင်းဖြစ်၏။

"ဒီကလေးက ခင်ဗျားတို့နဲ့ ဘယ်လိုမှ မပတ်သက်ပါဘူး၊ ဘာကြောင့် ရွှေဇီးကွက်ဂိုဏ်းနဲ့ ပြဿနာအဖြစ်ခံရတာလဲ၊ ကလေးကို ကျုပ်နဲ့ ထည့်လိုက်ပါ၊ ခင်ဗျားကို ခွင့်လွှတ်ဖို့ ဂိုဏ်းချုပ်ကို ကျုပ် ပြောပေးပါ့မယ်"

"ဟား...ဟား...ဟား..."

မြွေစိမ်း၏ စကားအဆုံးတွင် ချွန်းကုန်းက သဘောကျစွာ လှိုက်လှိုက်လဲလဲ ရယ်မောလိုက်၏။

ချွန်းကုန်း၏ ရယ်သံကြောင့် မြွေစိမ်းမှာ မျက်မှောင်ကုတ်သွား၏။

"ကျုပ်စကားက ရယ်စရာပါနေလို့လား"

ချွန်းကုန်းက...

"မင်းစကားက မိတ်ဆွေကို အကြံကောင်းပေးနေတာမှမဟုတ်ဘဲ"

မြွေစိမ်းက...

"ကျုပ်က စေတနာနဲ့"

ချွန်းကုန်းက လက်ကာပြကာ ကြားဖြတ်ပြောလိုက်၏။

"တော်စမ်းပါ၊ မင်းက စေတနာကို ဟန်ပြပြီး မင်းရဲ့ တာဝန်ကို ထမ်းဆောင်နေတာပဲ"

မြွေစိမ်းမျက်နှာ ကွက်ခနဲ ပျက်သွားကာ...

"ခင်ဗျားက ဒီကလေးကို ဘာလုပ်မှာလဲ"

ချွန်းကုန်းက...

"ခင်ဗျားက တော်တော်ခက်တာပဲ၊ ကျုပ်ကလည်း သူ့ကို ကျန်းဖုဒေသိကို သွားပို့မှာပဲ၊ ကျုပ်လက်ထဲထည့်ပေးလိုက်ရင် နှစ်ယောက်စလုံး အဆင်ပြေတာပေါ့"

ချွန်းကုန်းက ခေါင်းခါယမ်းလိုက်၏။

"ကျုပ်ကိုယ်တိုင် ကျန်းဖုဒေသကိုပို့ပြီး သူ့ဆွေမျိုးတွေလက်ထဲ အပ်မယ်"

မြွေစိမ်းက သက်ပြင်းတစ်ချက်ချလိုက်၏။

"ခင်ဗျားက ရွှေဇီးကွက်ကို ဆန့်ကျင်မယ်ပေါ့"

ဟု အေးစက်စွာ မေးလိုက်၏။

ချွန်းကုန်းက ပြုံးလိုက်၏။

"သူများတွေကတော့ ရွှေဇီးကွက်ဂိုဏ်းကို ကြောက်လိမ့်မယ်၊ ကျုပ်ကတော့ လုံးဝ မကြောက်ဘူး"

မြွေစိမ်းက...

"ခင်ဗျားနဲ့ ကျုပ်နဲ့ မိတ်ဆွေအဖြစ်ကို မလိုချင်တော့ဘူးပေါ့ ဟုတ်လား"

ချွန်းကုန်းက မဲ့လိုက်၏။

"မိတ်ဆွေတွေက အဲဒီလို ခြိမ်းခြောက်စကား မပြောတတ်ကြပါဘူး"

မြွေစိမ်း၏မျက်နှာ ကွက်ခနဲပျက်သွား၏။

"ခင်ဗျား...ခင်ဗျား..."

ချွန်းကုန်းက...

"ကျုပ်ကို အားမနာပါနဲ့၊ မင်းတာဝန်ကို မင်းထမ်းဆောင်နိုင်ပါတယ်"

သူက လေသံအေးအေးဖြင့်ပင် ပြောလိုက်၏။

မြွေစိမ်းက ခေါင်းညိတ်လိုက်၏။

"ကောင်းပါတယ်၊ ကျုပ်ကို အဆိုးမဆိုပါနဲ့"

ချွန်းကုန်းက...

"မင်းရဲ့ စုတ်တံသိုင်းကွက်ဟာ ဘယ်လောက်အစွမ်းထက်တယ်ဆိုတာ ကျုပ်သိပါတယ်ဗျာ"

မြွေစိမ်းက...

"ကောင်းပြီလေ၊ ခင်ဗျားကို တစ်ချိန်က ခင်မင်ခဲ့တဲ့ မိတ်ဆွေဖြစ်တဲ့အတွက် အခွင့်အရေးတစ်ခု ပေးပါ့မယ်၊ ခင်ဗျားတို့ စားသောက်ဒုနားယူပြီးမှ ထွက်လာပါ၊ ကျုပ် မြို့ပြင်မှာ စောင့်နေပါ့မယ်"

သူကပြောပြီး ဆိုင်ထဲမှ ခြေလှမ်းကြိုကြဖြင့် ထွက်ခွာသွားလေတော့သည်။

❖ ❖ ❖

ချန်းကုန်းသည် ငြိမ်သက်စွာ ထိုင်နေ၏။

ယခုမှပင် ဆိုင်လုလင်က သူတို့မှာထားသည့် အစားအသောက်များကို လာရောက်ချပေးလိုက်၏။

ချန်းကုန်းက ယုံကြည်စွာပင် အစားတွင် အဆိပ်ပါမပါ မစစ်တော့ဘဲ စားသောက်လိုက်၏။

စားသောက်ပြီးမှ ချန်းနီက...

"ဦးလေး..."

ဟု ခေါ်လိုက်၏။

ချန်းကုန်းက လက်ထဲမှ အရက်ခွက်အား ချကာ...

"ဘာလဲ..."

ချန်းနီက...

"ကျွန်မတို့ သွားရမှာလား"

ချန်းကုန်းက ခေါင်းညိတ်လိုက်၏။

"သွားရမယ်"

ချန်းနီက စိုးရိမ်သံဖြင့်...

"တခြားလမ်းက ရှောင်သွားလို့ မရဘူးလား"

ချန်းကုန်းက...

"အခုမှတော့ ရှောင်လွဲလို့ မရတော့ဘူး"

ချန်းနီက...

"သူတစ်ယောက်တည်း မဟုတ်ဘဲ အများနဲ့ဆိုရင် ကျွန်မတို့ ဒုက္ခရောက်လိမ့်မယ်"

ချန်းကုန်းက...

"မပူပါနဲ့... မြွေစိမ်းတစ်ယောက်တည်းရှိမှာပါ၊ နောင်တစ်ချိန် ဆိုရင်တော့ ကျုပ်လဲ မသိတော့ဘူး"

သူကပြောပြီး အရက်တစ်ခွက်ငှဲ့ကာ ထပ်သောက်လိုက်လေတော့သည်။

❖ ❖ ❖

မြွေစိမ်းရဲ့သစ္စာ

မြို့ပြင်။

ချွန်းကုန်းတို့သည် မြို့ပြင်သို့ ရောက်ရှိလာ၏။

ချွန်းနိုက မြင်းအား ရပ်တန့်ကာ...

"ဦးလေး...မြွေစိမ်းကို မတွေ့ပါလား"

ချွန်းကုန်းက ပတ်ဝန်းကျင်အား အကဲခတ်လိုက်၏။

ပတ်ဝန်းကျင်တစ်ခုလုံး မည်သူ့ကိုမျှ မတွေ့ရပါ။

ချွန်းနိုက...

"သူ စောင့်မနေဘူးထင်တယ်"

ချွန်းကုန်းက မြင်းဇက်ကြိုးကို ထိန်းရင်း...

"သူ တစ်နေရာရာမှာ ရှိနေမှာပါ၊ ကဲ...ဆက်သွားကြစို့"

သူတို့သည် လမ်းအတိုင်း ခရီးဆက်ခဲ့ကြ၏။

ချွန်းနိုက ပတ်ဝန်းကျင်အား သတိထားအကဲခတ်ရင်း ခရီးဆက်လာခဲ့၏။

အတန်ကြာလာသောအခါ တောတန်းကလေးတစ်ခု အနီးသို့ ရောက်လာ၏။

ထိုတောတန်းကလေးအစပ်တွင် လူတစ်ယောက်ရပ်နေသည်ကို တွေ့လိုက်ကြရ၏။

အလှမ်းဝေးသဖြင့် ထိုလူအား သဲကွဲစွာ မမြင်ရသော်လည်း မြွေစိမ်းဖြစ်ကြောင်း ချွန်းနိုက ရိပ်မိလိုက်၏။

သူမ၏ ရင်ထဲတွင် လေးလံသွား၏။

ချွန်းကုန်းက အံတင်းတင်းကြိတ်လိုက်၏။

သူက အသံတိုးတိုးဖြင့်...

"ချွန်းနို အခြေအနေကိုကြည့်ပြီး ခရီးဆက်ပါ"

ဟု မှာကြားလိုက်၏။

ချွန်းနိုက ဦးခေါင်းအသာညိတ်လိုက်၏။

သူတို့က မြင်းများအား အသော့နှင်လိုက်ရာ မကြာမီ မြွေစိမ်းနှင့် ဝါးတစ်ရိုက်ခန့်အကွာသို့ ရောက်ရှိလာ၏။

ချွန်းကုန်းက မြွေစိမ်းအား စိုက်ကြည့်လိုက်၏။

သူက မြွေစိမ်းအနီးတွင် မြင်းကို ရပ်တန့်လိုက်၏။

သူ၏မျက်လုံးအစုံ ဝိုင်းစက်ပြူးကျယ်သွား၏။

မြွေစိမ်းသည် မြေပေါ်တွင် မားမားမတ်မတ် ရပ်နေ၏။

သူ၏ခြေထောက်အောက် မြေပြင်တွင် သွေးတစ်ကွက် အိုင်ထွန်းနေသည်ကို တွေ့လိုက်ရ၏။

ချွန်းကုန်းက...

"မြွေစိမ်း မင်းဘယ်လိုလုပ် ဒဏ်ရာရတာလဲ"

သူက စိုးရိမ်တကြီး မေးလိုက်၏။

မြွေစိမ်းက...

"စကားမများနဲ့၊ မြန်မြန်သွား၊ ညာဘက်လမ်းခွဲအတိုင်း မြန်မြန်သွား"

"ဟု အားကုန်နေသည့် လေသံဖြင့် ပြောလိုက်၏။

မြွေစိမ်းက အံ့အားသင့်စွာဖြင့်...

"မင်း ဘာပြောတာလဲ"

မြွေစိမ်းက...

"ဝိညာဉ်ဖြူညီနောင် လိုက်လာပြီ၊ မြန်မြန်ပြေးတော့"

ဟု ပြောလိုက်၏။

ချွန်းကုန်းမှာ အလွန်အံ့အားသင့်နေမိ၏။

သို့သော်

သူက ဘာမှ ဆက်မမေးတော့ပါ။

မြင်းအားဒုန်းစိုင်းနှင်ကာ ချက်ချင်းပင် တောတန်းထဲသို့ ဝင်ရောက်သွား၏။

အနောက်ဘက်မှ မြွေစိမ်း၏အသံ လွင့်ပျံလာ၏။

"ကျုပ်က ခင်ဗျားရဲ့ မိတ်ဆွေပါနော်"

ထိုစကားသံကြောင့် ချွန်းကုန်း၏ရင်ထဲတွင် တစ်ဆို့သွား၏။

"ဟုတ်ပါတယ်ကွာ"

သူက ပြန်အော်လိုက်၏။

သူကပြန်လှည့်ကာ မြွေစိမ်းအား တွေ့လိုသည့်ဆန္ဒကို ချိုးနှိမ်၍ မြင်းအား ခပ်သွက်သွက် နှင်လိုက်လေတော့သည်။

❖ ❖ ❖

လမ်းဆုံတစ်ခု။

လမ်းဆုံး လမ်းဆုံသော လမ်းဆုံဖြစ်၏။

ချွန်းကုန်းသည် လမ်းဆုံတွင် မြင်းအား ခေတ္တရပ်လိုက်၏။

ချွန်းနီကလည်း မြင်းအား ရပ်တန့်ကာ...

"ဦးလေး...ကျွန်မတို့ သူ့စကားကို ယုံကြည်ရမှာလား"

ချွန်းကုန်းက တွေဝေသွား၏။

အတန်ကြာမှ ဘာမှမပြောဘဲ ညာဘက်အစွန်ဆုံးလမ်းအတိုင်း မြင်းကို မောင်းနှင်ဝင်ရောက်သွားလိုက်၏။

လမ်းအတွင်း အတော်ဝင်မိသောအခါ အံ့အားသင့်သွားကြရလေ၏။

ချွန်းနီ ထိတ်လန့်စွာ အော်လိုက်၏။

"ဟင်...အလောင်းတွေ"

ရှုးအစ်မှာလည်း ထိတ်လန့်နေပြီး ချွန်းနီ၏လက်မောင်းအား ဖက်ထားလိုက်၏။

ချွန်းကုန်းက အလောင်းများအား ကြည့်လိုက်၏။

လမ်းနံဘေးတွင် လဲကျသေဆုံးနေသော အလောင်းငါးလောင်းမက ရှိနေ၏။

သူသည် အခြေအနေအား နားလည်သဘောပေါက်သွား၏။

သူ့ရင်ထဲတွင်လည်း ဖော်မပြနိုင်သော ခံစားမှုတစ်ခု ဖြစ်ပေါ်လာ၏။

ထို့အတူ ချွန်းနီကလည်း အဖြစ်မှန်ကို ရိပ်စားမိလိုက်၏။

"ဦးလေး...ဒီလူတွေကို မြွေစိမ်းက ရှင်းပစ်လိုက်တာနဲ့တူတယ်"

ချွန်းကုန်းက ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်"

ချွန်းနီက နားမလည်သလို ဖြစ်သွား၏။

"တကယ်ဆို သူက ကျွန်မတို့ရဲ့ ရန်သူပဲ၊ ဘာကြောင့်..."

ချွန်းကုန်းက သက်ပြင်းတစ်ချက် ချလိုက်၏။

"သူက တစ်ချိန်တုန်းက ကျုပ်နဲ့ ကျေးဇူးရှိခဲ့တယ်၊ သူ့ရဲ့ ညီလေးကို ကျုပ်က ရန်သူတွေလက်ထဲက ကယ်တင်ခဲ့တယ်၊ သူ့ညီလေး သေသွားပေမယ့် သူ့နဲ့ကျုပ်က မိတ်ဆွေအဖြစ် ရောက်ခဲ့တယ်၊ အခု သူက အဲဒီကျေးဇူးကို ဆပ်လိုက်တဲ့အပြင် ကျုပ်ကို မိတ်ဆွေအဖြစ် ခင်မင်ဆဲဆိုတာကို သူ့အသက်စွန့်ပြီး သက်သေပြလိုက်တာပဲ"

ဟု ရှင်းပြလိုက်၏။

ချွန်းနီမှာ မိတ်ဆွေအပေါ် သစ္စာတရားကြီးမားပုံကို အံ့သြစွာ ခံစားမိ၏။

ချွန်းကုန်းက...

"ကဲ...အချိန်ရှိတုန်း မြန်မြန်သွားကြမယ်"

သူတို့သည် မြင်းများအား ခပ်သွက်သွက် နှင်လိုက်လေတော့သည်။

❖ ❖ ❖

အခန်းတစ်ခုလုံး တိတ်ဆိတ်သွား၏။

အခန်းတွင်း၌ လူသုံးယောက်မှာ ဒူးထောက်နေ၏။

အားလုံးမှာ ခေါင်းပင်မမော့ကြပါ။

သူတို့ရှေ့တွင် လူတစ်ယောက်မှာ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေ၏။

အခန်းတစ်ခုလုံးတွင် လူများရှိနေသော်လည်း မည်သည့်အသံမှ မကြားရဘဲ တိတ်ဆိတ်နေ၏။

လမ်းလျှောက်နေသူက အတန်ကြာမှ ခြေလှမ်းရပ်ကာ ဒူးထောက်နေသူများအား ကြည့်လိုက်၏။

ထိုလူမှာ စီးကုဝေဖြစ်၏။

သူ့ရှေ့တွင် ဒူးထောက်နေသူမှာ စီးလန်နှင့် ကိုယ်ရံတော်များဖြစ်၏။

လဲ ပြန်မရသေးဘူး၊ မင်းက ဘာအောင်မြင်အောင် ဆောင်ရွက်ခဲ့သလဲ”

သူ၏အသံမှာ အေးစက်မာကျောနေ၏။

စီးလန်က်...

“ကျုပ် နောက်တစ်ကြိမ် အောင်မြင်အောင် ဆောင်ရွက်ပါရစေ”

“ဟား...ဟား...ဟား...”

စီးကုဝေ ရယ်မောလိုက်၏။

“နောက်တစ်ကြိမ်...ဟုတ်လား”

စီးလန်က...

“ဟုတ်ကဲ့...ဒီတစ်ကြိမ် ကျုပ် ရွှေငါးကွက်ဂိုဏ်းနဲ့အတူ ပူးပေါင်းဆောင်ရွက်ရင် အောင်မြင်မှာ သေချာပါတယ်.သခင်ကြီး”

စီးကုဝေမှာ တွေဝေသွား၏။

အတန်ကြာမှ...

“အချိန်ဘယ်လောက်မှာလဲ”

ဟု ပြန်မေးလိုက်၏။

စီးလန်က...

“သူတို့ကို ရှာဖွေရမှာဆိုတော့...”

စီးကုဝေက လက်ကာပြလိုက်၏။

“သုံးလ...ကျုပ်ပေးတဲ့အချိန်အတွင်းမှာ မအောင်မြင်ရင်တော့”

စီးကုဝေက...

“စီးလန်...”

ဟု ခေါ်လိုက်၏။

သူ၏အသံမှာ ခက်ထန်နေ၏။

စီးလန်က မော့ကြည့်ကာ...

စီးကုဝေ၏ မျက်နှာမှာ တင်းမာခက်ထန်နေသည်ကို တွေ့ရသဖြင့် သူ၏တစ်ကိုယ်လုံး တုန်သွား၏။

“စီးလန် မင်းလုပ်ခဲ့တဲ့အမှားကို မင်းသိလား”

စီးလန်က...

“ဟုတ်...ဟုတ်ကဲ့...သိပါတယ်”

စီးကုဝေ၏ လက်တစ်ဖက် မြောက်တက်သွား၏။

“ဖြန်း...”

စီးလန်မှာ ချက်ချင်း လည်ထွက်သွား၏။

သူက ပြန်ထိန်းကာ ခေါင်းငုံ့လိုက်၏။

စီးကုဝေက...

“ဘယ်အရာကိုမဆို သေချာအောင် လုပ်ရတယ်ကွ”

ဟု အော်ငေါက်လိုက်၏။

စီးလန်က ပါးစပ်ပိတ်ထားလိုက်၏။

စီးကုဝေက...

“ရှိုးယုံနဲ့ ကလေးနှစ်ယောက် လွတ်နေသေးတယ်၊ တံဆိပ်တုံး

သူက စကားကို ဆုံးအောင်မပြောဘဲ ရပ်တန့်လိုက်ပြီး စီးလန့်အား စိုက်ကြည့်လိုက်၏။

စီးလန့်က...

"မအောင်မြင်ရင် ပေးတဲ့အပြစ်ဒဏ်ကို ခံပါ့မယ်"

ဟု ပြတ်သားစွာ ပြောလိုက်၏။

စီးကုဝေ ရယ်မောလိုက်ပြန်၏။

"ကောင်းပြီ...မင်းတို့သွားနိုင်ပြီ၊ အောင်မြင်ခဲ့ရင် မင်း အတွက် အကျိုးရှိရမယ်လို့ ကျုပ်က ကြိုတင်ကတိပေးလိုက်မယ်"

စီးလန့်၏မျက်နှာ ပြုံးရွှင်သွား၏။

သူသည် ရွှေဇီးကွက်ဂိုဏ်းနှင့် ပူးပေါင်းကာ ရှီးယုံတို့အား ရှာဖွေလျှင် တွေ့ကို တွေ့ရမည်ဟု ယုံကြည်ထား၏။

ရွှေဇီးကွက်ဂိုဏ်းသည် ပေါင်းသင်းရခက်သော်လည်း ထိုက်သင့်သော ငွေကြေးပေးလိုက်လျှင် အရာအားလုံး လွယ်ကူချောမွေ့သွားမည်ဖြစ်ကြောင်း သူက သိရှိထားသည် မဟုတ်ပါလော။

❖ ❖ ❖

အေးချမ်းတဲ့ဘဝ

အိမ်ကလေးတစ်လုံး။

အိမ်ကလေးမှာ ခမ်းနားကြီးကျယ်ခြင်းမရှိပါ။

သို့သော် အလွန်လက်ရာမြောက်သော ဗိသုကာအတတ်ကြောင့် အိမ်ကလေးမှာ အလွန်ချစ်စရာကောင်းနေ၏။

အိမ်ကလေးမှာ အတန်ကျယ်ဝန်းသော ခြံဝင်းပါရှိ၏။

ခြံဝင်းတစ်ခုလုံးအား လူတစ်ရပ်သာသာခန့်မြင့်သော အုတ်တံတိုင်းဖြင့် ကာရံထား၏။

နေရောင်ခြည် ပေါ်ထွက်လာပြီဖြစ်၏။

အိမ်ကလေး၏ ပြတင်းတံခါးပွင့်သွား၏။

ပြတင်းဝတွင် လူငယ်တစ်ယောက် ပေါ်ထွက်လာ၏။

ကျားရဲသခင်လေးပင် ဖြစ်၏။

ကျားရဲသခင်လေးသည် နေ့တစ်နေ့၏အစကို ကြည်နူးစွာဖြင့် ကြည့်နေမိ၏။

သူ့ဘဝတစ်လျှောက်လုံး လူပ်ရှားမှုများဖြင့်သာ ပြည့်နှက်နေခဲ့၏။

အေးချမ်းသက်သာစွာ မနေခဲ့ရပေ။

ယခုမှ သူသည် အေးချမ်းသာယာသောဘဝကို နားလည်ခံစားမိ၏။

ယခင်က ကျော်ကြားလိုသောစိတ်ကြောင့် သူသည် အမြဲပင်ပူလောင်နေခဲ့ရ၏။

ယခု သူသည် ကျော်ကြားလိုစိတ်မရှိပါ။

သိုင်းလောကတွင် နှစ်အနည်းငယ်မျှ ကျော်ကြားပြီးနောက် သိုင်းလောကကို စိတ်ကုန်သွား၏။

အေးချမ်းသာယာသောဘဝတွင် နေထိုင်လိုစိတ်များ ဖြစ်ပေါ်လာခဲ့၏။

ယခု သူ့ဘဝ အေးချမ်းခဲ့ချေပြီ။

ရှီးဝေကလေးရှိနေသည့်အတွက် သူ့တွင် ပျင်းရိ ငြီးငွေ့ဖွယ် အချိန် သိပ်မရှိပါ။

သို့သော်

စားသောက်ရေးအတွက်မူ အတော်ပင် ကသီလင်တနိုင်လှ၏။

သူတို့အိမ်ကလေးတွင် အိမ်ရှင်မတစ်ယောက် လိုအပ်နေသည်ဟု တွေးမိ၏။

ကျားရဲသခင်လေးသည် ကိုယ့်အတွေးကို ကိုယ်သဘောကျသွား၏။

သူသည် လက်ထပ်ခြင်း၊ ချစ်ခြင်း စသည်တို့ကို မသိပါ။

သူ့ဘဝတစ်လျှောက်တွင် မိန်းကလေးများအား လုံးဝ ဂရုမပြုမိပါ။

သိုင်းပညာအတွက်သာ အချိန်တစ်ခုလုံး မြှုပ်နှံထားခဲ့၏။

သူကတွေးရင်း သဘောကျကာ ရယ်မောလိုက်၏။

"ဦးဦး ဘာတွေ သဘောကျနေတာလဲ"

ရှီးဝေ၏အသံ ထွက်ပေါ်လာ၏။

ကျားရဲသခင်လေးက လှည့်ကြည့်လိုက်ရာ အခန်းဝတွင် ရပ်နေသော ရှီးဝေအား တွေ့လိုက်ရ၏။

ကျားရဲသခင်လေးက ပြုံးလိုက်၏။

"မင်း နိုးပြီလား"

ရှီးဝေက...

"ကျွန်တော် သိုင်းလေ့ကျင့်တဲ့အခန်းက စောင့်နေတာ၊ ဦးဦး ပေါ်မလာလို့ လာကြည့်တာ"

ကျားရဲသခင်လေးက ပခုံးတစ်ချက်တွန့်လိုက်၏။

ရှီးဝေ၏ သိုင်းပညာသင်ကြားလိုစိတ်ကို လက်ဖျားခါ အံ့သြမိ၏။

သူ ငယ်ငယ်ကအတိုင်းဟု ခံစားမိ၏။

ရှီးဝေက...

"ဦးဦးကလေ ဒီနေ့ ဝူတန်ဓားကွက် သင်ပေးမယ်လို့ ပြောထားတယ်လေ"

ကျားရဲသခင်လေး...

"သင်ပေးပါ့မယ်ကွာ"

သူသည် ရှိုးဝေနှင့်အတူ သိုင်းလေ့ကျင့်ရာအခန်းသို့ လိုက်သွား၏။

ထို့နောက် ဝူတန်ဂိုဏ်းသားများ အသုံးပြုသော ဓားကွက်၏ သဘောတရားများကို ရှင်းပြပြီး ဓားကွက်ကို သင်ပေးလိုက်၏။

ရှိုးဝေက ဓားကွက်များကို ချက်ချင်းလေ့ကျင့်နေ၏။

ကျားရဲသခင်လေးသည် ရှိုးဝေလေ့ကျင့်နေသည်ကို ရပ်ကြည့်နေ၏။

ရှိုးဝေမှာ အလွန်ဉာဏ်ကောင်း၏။

အသက်ငယ်ရွယ်သော်လည်း သိုင်းပညာ၏ သဘောတရားကို သိပ်ရှင်းပြစရာမလိုဘဲ နားလည်၏။

သူငယ်စဉ်က ခုနစ်ရက်ခန့် လေ့ကျင့်ရသော သိုင်းကွက်ကိုပင် ရှိုးဝေက တစ်ရက်လေ့ကျင့်ရုံနှင့် တတ်၏။

ယခု သူတို့ ဤအိမ်ကလေးတွင် နေထိုင်ခဲ့သည်မှာ ရက်နှစ်ဆယ်ခန့် ရှိပြီ ဖြစ်၏။

ထိုရက်နှစ်ဆယ်အတွင်း ရှိုးဝေမှာ သိုင်းပညာ၏ အခြေခံသဘောတရားကို တတ်မြောက်ကျွမ်းကျင်ခဲ့၏။

ကျားရဲသခင်လေးသည် ရှိုးဝေ လေ့ကျင့်နေသည်ကို သဘောကျစွာ ကြည့်နေမိ၏။

နောင်တစ်ချိန်တွင် ထူးချွန်ကျောကြားမည့် သိုင်းသမားတစ်ယောက်အား မွေးထုတ်ပေးနေရသည်ဟု ခံစားမိ၏။

သူ့ကဲ့သို့ ကျော်ကြားလိုစိတ်နှင့် လူအရမ်းမသတ်မိရန်၊ နာမည်ကျော်ကြားအောင် ဖြတ်လမ်းနည်းဖြင့် မပြုလုပ်ရန် သတိထားလေ့ကျင့်သွားမည်ဟု ဆုံးဖြတ်လိုက်လေတော့သည်။



"မဟုတ်သေးဘူး"

လေတံခွန်က အော်လိုက်၏။

ရှိုးယုံသည် ဓားကွက်လေ့ကျင့်နေရာမှ ရပ်တန့်လိုက်၏။

လေတံခွန်က ကျောက်တုံးပေါ်မှ ခုန်ဆင်းလိုက်၏။

ထို့နောက် အနီးရှိ သစ်ကိုင်းတစ်ကိုင်းတစ်ခုကို ဆွဲချိုးကာ ရှိုးယုံရှေ့သို့ လျှောက်လာ၏။

"ဒီမှာ... သေသေချာချာကြည့်၊ တတိယဓားကွက်မှာ အပြောင်း အလဲ သုံးခုရှိတယ်"

လေတံခွန်သည် ဓားအစား သစ်ကိုင်းကို အသုံးပြု၍ သိုင်းကွက်ကို လှုပ်ရှားပြသလိုက်၏။

ရှိုးယုံက သေချာစွာကြည့်ကာ မှတ်သားပြီး ပြန်လည်အသုံးပြုလိုက်၏။

လေတံခွန်က ခေါင်းခါယမ်းလိုက်၏။

"မဟုတ်သေးဘူးကွ၊ လက်ပြန်ဆွဲချက်က တုံ့နေတော့ အပြောင်းအလဲ တစ်ခုနဲ့တစ်ခုကြားမှာ ကွင်းဆက်ပြတ်သွားတယ်၊ ဒီဓားကွက်တွေက ကွင်းဆက်ပြတ်သွားရင် ကိုယ့်သေတွင်း ကိုယ်တူးသလိုပဲ"

ရှီးယုံက အသက်ကို ဝအောင်ရှူလိုက်၏။

ထို့နောက် ဓားကွက်အား ပြန်လည်လေ့ကျင့်လိုက်၏။

လေတံခွန်က ခေါင်းတဆတ်ဆတ်ညိတ်လိုက်၏။

"ဟုတ်ပြီ...မှန်သွားပြီ"

ရှီးယုံသည် ထိုဓားကွက်အား အဖန်ဖန်လေ့ကျင့်လိုက်၏။

သူ၏ခန္ဓာကိုယ်တွင် ချွေးသီးချွေးပေါက်များကျလာသည်အထိ လေ့ကျင့်လိုက်၏။

လေတံခွန်က...

"ကဲ...ခဏနားလိုက်ပါဦး"

ရှီးယုံက လေ့ကျင့်နေရာမှ ရပ်တန့်ကာ လေတံခွန် နံဘေးတွင် ထိုင်လိုက်၏။

"အဘ..."

ဟု ခေါ်လိုက်၏။

လေတံခွန်က...

"ရွှေဇီးကွက်ဂိုဏ်းအကြောင်း မေးမလို့လား"

ရှီးယုံက ခေါင်းကို ဆတ်ခနဲ ညိတ်လိုက်၏။

"ဟုတ်ပါတယ်"

လေတံခွန်သည် တစ်လအတွင်း သုံးလေးရက်တစ်ကြိမ်ခန့် အပြင်ထွက်ကာ ရွှေဇီးကွက်ဂိုဏ်းအကြောင်း စုံစမ်းနေသည် မဟုတ်ပါလား။

လေတံခွန်က...

"နိုးတော့ နိုးစပ်လာပါပြီ"

ရှီးယုံက ဝမ်းသာသွား၏။

လေတံခွန်က...

"ကျုပ်သိထားတဲ့သတင်းရယ်၊ စုံစမ်းလို့ရတဲ့သတင်းတွေကို စုစည်းလိုက်ရင်တော့ ရွှေဇီးကွက်ဂိုဏ်းက မဟာမြို့တောထဲမှာ ရှိတာ သေချာတယ်"

ရှီးယုံက...

"ကျွန်တော်တို့ မဟာမြို့တောထဲဝင်ပြီး ရှာကြတာပေါ့"

လေတံခွန်က ပြုံးလိုက်၏။

"မင်းက မဟာမြို့တောအကြောင်း ဘယ်လောက် သိထားလို့လဲ"

ရှီးယုံက ပါးစပ်ပိတ်သွား၏။

လေတံခွန်က...

"မဟာမြို့တောက ကျယ်ပြန့်တဲ့ တောအုပ်တစ်ခုပဲ၊ ဘယ်သူမှ ဒီတောထဲကို နှံ့အောင် အခုထိ မသွားဖူးသေးဘူး၊ တောနက်သလို

သားရဲတိရစ္ဆာန်လည်း အလွန်များတယ်၊ အန္တရာယ်တွေ ပြည့်နှက်နေတဲ့ တောအုပ်တစ်ခုပဲ၊ မကျွမ်းကျင်ဘဲ အဲဒီထဲ ဝင်မိရင် မျက်စိလည်ပြီး လမ်းပျောက်သွားတတ်တယ်”

ရှိုးယုံက သက်ပြင်းတစ်ချက်ချလိုက်၏။

“ဒါဆို သွားဖို့မလွယ်ဘူးပေါ့”

လေတံခွန်က ခေါင်းညိတ်လိုက်၏။

“ဟုတ်တယ်၊ မင်း သိုင်းပညာကို ဆက်လေ့ကျင့်ပါ၊ ကျုပ် မဟာမြိုင်တောထဲဝင်ဖို့ နည်းလမ်းရှာလိုက်ဦးမယ်”

ရှိုးယုံမှာ စိတ်ပျက်သွား၏။

သူသည် ဉာဏ်ကောင်းသော လူငယ်တစ်ယောက်ဖြစ်၏။

သို့သော် တစ်လအတွင်း သိုင်းပညာလေ့ကျင့်ခဲ့ရာ တိုးတက်လာသော်လည်း ယခုထိ မြင့်မြင့်မားမား မရှိသေးဟု ထင်မိ၏။

လေတံခွန်နှင့် ယှဉ်ပြိုင်လေ့ကျင့်ရာတွင် ယခု သိုင်းကွက် ငါးဆယ်မျှပင် မယှဉ်နိုင်သေးပါ။

သူက ထိုသို့စိတ်အားငယ်နေသည်ကို လေတံခွန်က ရိပ်မိသိရှိသွားဟန်တူ၏။

“ရှိုးယုံ...မင်းဘာတွေ အားငယ် နေတာလဲ၊ အခု မင်းရဲ့ သိုင်းပညာက အရင်ကထက် အများကြီးတိုးတက်သွားပြီ၊ သာမန် သိုင်းသမားကို မင်းက သိုင်းကွက်ဆယ်ကွက်အတွင်းမှာ အနိုင်ယူနိုင်တယ်”

ရှိုးယုံက ပါးစပ်ပိတ်ထားလိုက်၏။

လေတံခွန်က...

“မင်း မယုံဘူးလား”

ရှိုးယုံက ပါးစပ်ပိတ်ထားမြဲပိတ်ထား၏။

လေတံခွန်က...

“ရှိုးယုံ...ငါ့ကို ပွင့်ပွင့်လင်းလင်းပြောစမ်း”

ရှိုးယုံက...

“ကျွန်တော် အခုထက်ထိ အဘကို သိုင်းကွက်ငါးဆယ်ပြည့်အောင် မခုခံနိုင်သေးဘူး”

ဟု ပြောလိုက်၏။

“ဟား...ဟား...ဟား...”

သူ၏စကားကြောင့် လေတံခွန်က သဘောကျစွာ ရယ်မောလိုက်၏။

“ဒါကြောင့် မင်းက စိတ်ပျက်နေတာကိုး”

သူကပြောပြီး ရှိုးယုံ၏ပခုံးအား အသာပုတ်လိုက်၏။

“မင်းကို ကျုပ် အလွယ်တကူနိုင်တာ ဘာဆန်းလဲ၊ မင်း အခု လေ့ကျင့်နေတာ ကျုပ်ရဲ့သိုင်းကွက်တွေပဲလေ၊ မင်းဘယ်လို တိုက်ခိုက်မယ်ဆိုတာ ကျုပ်က ကြိုသိနေတာကိုး၊ ဒါပေမယ့် မင်း သိရမှာ တခြားသိုင်းသမားတွေက ကျုပ် မဟုတ်ဘူးလေ”

ထိုစကားကြားမှပင် ရှိုးယုံ၏မျက်နှာ ဝင်းလက်သွား၏။

သူက ကောင်းစွာသဘောပေါက် နားလည်သွားပြီ မဟုတ်ပါလား။

လေတံခွန်က...

"ကဲ...အချိန်ရှိတုန်း လေ့ကျင့်လိုက်ဦး"

ရှိုးယဲ့က. ထိုင်ရာမှ ခုန်ထလိုက်၏။

ထို့နောက် လေတံခွန်အား ဦးညွှတ်အရိုအသေပေးကာ သိုင်းကွက်များအား ဆက်လက်လေ့ကျင့်လိုက်လေတော့သည်။

နားဦးစို့။

တတိယပိုင်း စာတ်သိမ်းကို ဆက်လက်ဖတ်ရှုပါရန်။

နန္ဒကျော်သူ

နန္ဒကျော်သူ

မဟာမြိုင် ရွှေဇီးကွက်

တတိယပိုင်း(ဇာတ်သိမ်း)

စာမူခွင့်ပြုချက်အမှတ် ၅၀၀၂၁၉၀၃၀၀၅
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၂၇၉၀၃၀၀၅
၂၀၀၅ ခုနှစ်၊
ပထမအကြိမ်၊ အုပ်ရေ–၅၀၀
တန်ဖိုး ၁၀၀/–ကျပ်

ထုတ်ဝေသူ

ဒေါ်မိုးကေခိုင်၊ ချိုတေးသံစာပေ
ရွှေနှင်းသာကျေးရွာ၊ ပုလဲမြို့(၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ်

ဦးသော်လွင်မြင့် (စန္ဒကူး-ပုံနှိပ်တိုက်)
9(H) နဝရတ်ရိပ်သာလမ်း၊
မရမ်းကုန်းမြို့နယ်။

မျက်နှာဖုံးပုံနှိပ်

ဦးဝင်းကျော်မိုး (မုံရွေး-ပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅-လမ်း၊ ရန်ကုန်မြို့။

ဒို့တာဝန်အရေးသုံးပါး

☆ ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

ပြည်သူ့သဘောထား

☆ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
☆ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
☆ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
☆ အမျိုးသားဖြန့်လည်စည်းလုံးညီညွတ်ရေး၊
☆ မိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
☆ ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး၊

စီးပွားရေးဦးတည်ချက်(၄)ရပ်

☆ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
☆ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

လူမှုရေးဦးတည်ချက်(၄)ရပ်

☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
☆ အမျိုးဂုဏ်ဓာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
☆ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
☆ တစ်မျိုးသားလုံး ကျန်းမာကြွရွှင်ရေးနှင့် ပညာရည်မြင့်မားရေး၊

ရေရှည်မဟာမိတ်

စီးလန်သည် အခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေ၏။

သူက ရွှေဇီးကွက်ဂိုဏ်းသို့ ရောက်ရှိနေသည်မှာ (၁၀)ရက်ခန့် ရှိပြီဖြစ်၏။ အခြေအနေမှာ ထူးခြားမှုမရှိသေးပါ။

စီးလန်၏ ရင်ထဲတွင် ပူပန်နေ၏။

သုံးလအတွင်း အစစအရာရာ အဆင်ပြေပြီးစီးအောင် ဆောင်ရွက်နိုင်ပါမည်လောဟု ရင်ထဲတွင် သံသယဖြစ်နေ၏။

စီးလန်သည် တွေးရင်း ဂနာမငြိမ်ဖြစ်လာ၏။

ရွှေဇီးကွက်ဂိုဏ်းချုပ်ထဲသွားကာ အခြေအနေအရပ်ရပ်ကို မေးမြန်းကြည့်ရန် စိတ်ကူးမိ၏။

ထိုစဉ် ...

"ဒေါက် ... ဒေါက် ... ဒေါက် ..."

တံခါးခေါက်သံနှင့်အတူ တံခါးပွင့်လာ၏။

စီးလန်က လှည့်ကြည့်လိုက်ရာ အခန်းထဲသို့ လူတစ်ယောက် ဝင်လာသည်ကို တွေ့လိုက်ရ၏။

ထိုလူမှာ ရွှေရောင်ဧီးကွက်မျက်နှာဖုံး တပ်ဆင်ထားသည့် ရွှေဧီးကွက် ဂိုဏ်းချုပ်ပင် ဖြစ်၏။

စီးလန်က ဦးညွှတ်လိုက်ပြီး ...

"ကျုပ် အခုပဲ ဂိုဏ်းချုပ်ကြီးဆီလာဖို့ စိတ်ကူးရနေတာဗျ"

ရွှေဧီးကွက်ဂိုဏ်းချုပ်က ...

"ဟား ... ဟား ... ခင်ဗျား စိတ်လောနေတယ်ထင်တယ်"

စီးလန်က သက်ပြင်းတစ်ချက်ချကာ ...

"ကျုပ် စိတ်မလောလို့ မရဘူးလေ ... သုံးလအတွင်း အဲဒီကိစ္စ အဆင်မပြေရင် ကျုပ်သေရမှာဗျ ..."

"ဟား ... ဟား ... ဟား ..."

ရွှေဧီးကွက်ဂိုဏ်းချုပ်က ရယ်မောကာ ...

"စိတ်ချပါ ... ၊ ခင်ဗျား မသေစေရပါဘူးဗျာ"

ဟု ပြောလိုက်၏။

ထိုစကားကြားမှ စီးလန်၏ မျက်နှာ ပြုံးရွှင်သွား၏။

"အခြေအနေ တိုးတက်လာပြီလား ..."

ရွှေဧီးကွက်ဂိုဏ်းချုပ်က ...

"နီးစပ်လာပါပြီ ... သိပ်မကြာခင်မှာ သူတို့အားလုံးကို ခြေရာခံနိုင်တော့မှာပါ"

စီးလန်က ...

"အရေးအကြီးဆုံးက တံဆိပ်တုံးရဖို့ပဲ ..."

ရွှေဧီးကွက်ဂိုဏ်းချုပ်က ...

"ခင်ဗျားတို့ ကျုပ်ကို ထိုက်တန်တဲ့ အခကြေးငွေပေးပြီးပြီပဲ၊ ပုပါနဲ့ဗျာ ..."

စီးလန်က ...

"ဒီလိုလဲ ဘယ်ဟုတ်ဦးမလဲဗျာ ..."

ရွှေဧီးကွက်ဂိုဏ်းချုပ်က ...

"ကျုပ်တို့က ရေရှည်မိတ်ဆွေအဖြစ် ဆက်ဆံဖို့အတွက် ညှိနှိုးလုပ်ဆောင်နေတာပါ ..."

စီးလန်က ...

"ကောင်းပါတယ်ဗျာ ... ကျုပ်တို့သခင်ကြီးကလဲ အလွန်လို ဘားစွာ လက်ခံမှာ သေချာပါတယ်"

ရွှေဧီးကွက်ဂိုဏ်းချုပ်က ...

"ကဲ ... စိတ်အေးလက်အေးသာနေပါ၊ အခြေအနေတိုးတက် မှုကို ခင်ဗျား အားလုံးသိရမှာပါ"

သူက ပြောပြီး အခန်းထဲမှ ပြန်လည်ထွက်ခွာသွားလေတော့ သည်။

✿ ✿ ✿

မိုးသောက်ကြယ် ခုဂိဏ်းချုပ်

ကျားရဲသခင်လေးသည် အိပ်ရာထက်တွင် လဲလျောင်းနေ၏။ ညဉ့်နက်လှပြီ ဖြစ်၏။

သို့သော် ...

ယနေ့ညတွင် သူက ဘာကြောင့်မှန်းမသိ။ အိပ်၍မပျော်နိုင်ဘဲ ရှိနေ၏။

အိပ်ရာတွင် လူးလိမ့်ကာ အိပ်ပျော်ရန်ကြိုးစားသော်လည်း မရပေ။

နောက်ဆုံး သူက အတွင်းအားလေ့ကျင့်ရန် စဉ်းစားကာ ခုတင်ပေါ်တွင်ပင် တင်ပျဉ်ခွေထိုင်နေလိုက်၏။

ထိုစဉ် ...

ခေါင်းပေါ်မှ အလွန်ပေါ့ပါးသောခြေသံကို ကြားလိုက်ရ၏။

ကျားရဲသခင်လေးက မျက်မှောင်ကုတ်သွား၏။

"ဘယ်သူပါလိမ့် ..."

သူကတွေးရင်း အသာနားစွင့်လိုက်၏။

ခြေသံသည် သူ၏အခန်းခေါင်မိုးတည့်တည့်တွင် ရပ်သွား၏။

ကျားရဲသခင်လေးက ပြုံးလိုက်၏။

"မင်းတို့က ဒီအထိလိုက်ပြီး နှောင့်ယှက်ချင်နေပါလား ..."

သူ၏အတွေးပင် မဆုံးလိုက်ပါ။

"ဝုန်း ..."

အသံနှင့်အတူ ခေါင်မိုးမှာ ပေါက်ပြဲသွား၏။

ကျားရဲသခင်လေးက ဒေါသထွက်သွား၏။

"သောင်းကျန်းနေတာ ဘယ်သူလဲကွ ..."

သူက ကျယ်လောင်စွာ အော်ငေါက်လိုက်၏။

တစ်ဆက်တည်းပင် ပေါက်နေသောအမိုးပေါ်မှ ခုန်ထွက်လိုက်၏။

အပြင်ဘက်တွင် လသာနေ၏။

လရောင်ကြောင့် ပတ်ဝန်းကျင်ကို ထင်ရှားစွာ တွေ့မြင်နေရ၏။

ကျားရဲသခင်လေးသည် ပတ်ဝန်းကျင်အား လှည့်ပတ်ကြည့်လိုက်၏။

ပန်းခြံအတွင်း ရပ်နေသော လူတစ်ယောက်ကို တွေ့မြင်လိုက်ရ၏။

ကျားရဲသခင်လေးသည် အောက်သို့ခုန်ဆင်းကာ ထိုလူထံ လျှောက်သွားလိုက်၏။

ထိုလူမှာ အပြာရောင်အင်္ကျီဝတ်ဆင်ထားပြီး ခါးတွင် ဓားရှည် ဘစ်လက် ချိတ်ထား၏။

ဓားရိုးပေါ်တွင် ကြယ်ပုံသဏ္ဌာန် ရတနာများ တန်းစီထွင်းထား၏။

ထိုလူမှာ အသက်လေးဆယ်ခန့်ရှိပြီး မျက်လုံးများမှာ စူးရှတောက်ပနေ၏။ အဆင့်မြင့်သိုင်းသမားတစ်ဦးဖြစ်မှန်းသိသာလှ၏။

ကျားရဲသင်္ဘောက ထိုလူအား စိုက်ကြည့်ကာ ...

"ခင်ဗျားက ဘယ်သူလဲ ... ဘာကြောင့် ကျုပ်အိမ်ကို လာပြီး နှောင့်ယှက်ဖျက်ဆီးရတာလဲ ..."

ဟု အေးစက်ခက်ထန်စွာ မေးလိုက်၏။

ထိုလူက အေးစက်စွာပြုံး၍ ...

"ကျုပ်နာမည် ရီချိန်း ..."

ဟု အေးစက်စက်ပြောလိုက်၏။

ကျားရဲသင်္ဘောက ရင်ထိတ်သွား၏။

"ခင်ဗျားက မိုးသောက်ကြယ်ဂိုဏ်းက ..."

ရီချိန်းက ...

"ဟုတ်တယ် ... မိုးသောက်ကြယ်ဂိုဏ်း၏ ဒုဂိုဏ်းချုပ်ပဲ"

ကျားရဲသင်္ဘောသည် အခြေအနေအား ရိပ်စားမိလိုက်၏။

သူက သက်ပြင်းတစ်ချက်ချကာ ...

"ဘာကိစ္စနဲ့ ကျုပ်ဆီရောက်လာရတာလဲ"

ရီချိန်းက ...

"ကျုပ်ရဲ့ သွေးသောက်ညီအတွက် သွေးကြွေးလာတောင်းတာပါ"

ဟု အေးအေးဆေးဆေးပင် ပြောလိုက်၏။

ကျားရဲသင်္ဘော၏ မျက်နှာ ကွက်ခနဲပျက်သွား၏။

သူက အေးအေးဆေးဆေးနေလိုသော်လည်း နေခွင့်ရတော့မည်ဟု မထင်ပေ။

ရီချိန်းက ...

"မင်း ကြောက်နေပြီလား ..."

ကျားရဲသင်္ဘောက ခေါင်းခါယမ်းလိုက်၏။

"ကျုပ် ဘယ်သူ့ကိုမှ မကြောက်ပါဘူး၊ ဒါပေမယ့် ... ကျုပ် တစ်ခုပြောပါရစေ"

ရီချိန်းက ...

"ဘာပြောချင်လို့လဲ ..."

ကျားရဲသင်္ဘောက ...

"ကျုပ် သိုင်းလောကကို စိတ်ကုန်သွားပြီ ... ၊ သိုင်းလောကထဲမဝင်တော့ဘူးဆိုတာ အသိပေးချင်လို့ပါ ..."

ရီချိန်းက ...

"အဲဒါဆိုရင်တော့ မင်းလုပ်စရာ တစ်ခုပဲရှိတယ်"

ကျားရဲသင်္ဘောက ...

"ဘာလုပ်ရမှာလဲ ..."

ရီချိန်းက ...

"မင်း သေလိုက်ဖို့ပဲ ..."

ကျားရဲသင်္ဘောက ပါးစပ်ပိတ်သွား၏။

ရိုချိန်းက စကားဆက်လိုက်၏။

"ကျုပ် အပါအဝင် ဂိုဏ်းဂိုဏ်းက လူတွေက မင်းကို သွေးကြွေးတောင်းဖို့ လိုက်ရှာနေကြတယ်၊ အခု ဒီမြို့လေးမှာ ချင်ကျူးဂိုဏ်းနဲ့ ရတနာဂိုဏ်းကလူတွေ ရောက်နေကြပြီ၊ နောက်ရက်တွေမှာ သူတို့ မင်းကိုလာတွေ့ပါလိမ့်မယ်၊ ကျုပ်က သူတို့ထက် ဦးအောင် လာပြီးသွေးကြွေးတောင်းတာပါ ..."

ထိုစကားကြောင့် ကျားရဲသခင်လေး၏ ရင်ထဲတွင် လေးလံသွား၏။

သူက သက်ပြင်းတစ်ချက်ချလိုက်၏။

သူသည် ဂိုဏ်းဂိုဏ်းမှ နာမည်ကျော်ကြားသူများကို အတင်းယှဉ်ပြိုင်အနိုင်ယူကာ သတ်ဖြတ်ခဲ့သည်မဟုတ်ပါလား။

ရိုချိန်းက ...

"ကဲ ... မင်း ဓားထုတ်လိုက်ပါတော့ ..."

ကျားရဲသခင်လေးက ...

"ကျုပ် မယှဉ်လို့ မရဘူးလား ..."

ဟု စေဒကတက်လိုက်၏။

ရိုချိန်းက ...

"မင်းကိုယ်မင်း သတ်သေခွင့်တောင် မပေးနိုင်ဘူး"

သူ၏အသံမှာ နာကြည်းမုန်းတီးနေမှန်း ပေါ်လွင်နေ၏။

ကျားရဲသခင်လေးက သက်ပြင်းတစ်ချက်ချလိုက်၏။

တိုက်ပွဲကို သူက မည်သို့မျှ ရှောင်လွှဲ၍မရတော့ပါ။

"ချွင် ..."

သူက ဓားဆွဲထုတ်လိုက်၏။

ဓား၏ အေးစိမ့်သောအငွေ့အသက်သည် ပတ်ဝန်းကျင်တစ်ခုလုံးသို့ ဖုံးလွှမ်းသွားလေတော့သည်။

✿ ✿ ✿

ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်နေ၏။

ရိုချိန်းနှင့် ကျားရဲသခင်လေးတို့နှစ်ဦးစလုံး ဓားကိုယ်စီ အသင့်ကိုင်စွဲထား၏။

ခြေလှမ်းငါးဆယ်ခန့်အကွာတွင် နှစ်ဦးသား မျက်နှာချင်းဆိုင်ရပ်နေ၏။

မည်သူမျှ မလှုပ်ရှားသေးပါ။

သူတို့၏ မျက်လုံးများသည် တစ်ယောက်ကိုတစ်ယောက် အလစ်မပေးဘဲ ဟာကွက်များကို ရှာဖွေနေ၏။

အတန်ကြာသည်အထိ မလှုပ်ရှားကြပေ။

ရိုချိန်းမှာ စိတ်မရှည်တော့ပါ။

သူက စတင်မတိုက်ခိုက်လျှင် ကျားရဲသခင်လေးကလည်း ဘိုက်ခိုက်မည် မဟုတ်မှန်း နားလည်လိုက်၏။

ထို့ကြောင့် ညာခြေကို တစ်လှမ်းတိုးပြီး ဓားကိုဖွေစောင်းကာ ခုတ်ချလိုက်၏။

တစ်ဆက်တည်းပင် ခန္ဓာကိုယ်အား တစ်ပတ်လှည့်ကာ ဓားကို စက်ဝိုင်းသဏ္ဌာန် ပြုလုပ်လိုက်၏။

ဓားရိပ်များ ချက်ချင်းပင် ကျားရဲသခင်လေးထံသို့ တိုးဝင်လာ၏။

ကျားရဲသခင်လေးက ငြိမ်သက်စွာ ရပ်နေ၏။

ဓားရိပ်များ သူ၏ခန္ဓာကိုယ်အနီးသို့ရောက်မှ လက်ကိုဆွဲကာ ဆန့်ထုတ်လိုက်၏။

"ချွင် ..."

သူ၏ဓားသည် ဓားစက်ဝိုင်းအလယ်သို့ ဝင်သွားရာ မီးများ ပွင့်သွားပြီး ရီချိန်း၏ ဓားစက်ဝန်းပျောက်ကွယ်သွား၏။

ရီချိန်းက မဲ့ကာ ...

"မင်း မဆိုးဘူး ... သတိထားပေတော့ ..."

ရီချိန်းက ချက်ချင်းပင် မိုးသောက်ကြွယ်ဓားကွက်များကို အသုံးပြုကာ တိုက်ခိုက်လိုက်၏။

မိုးသောက်ကြွယ်ဂိုဏ်း၏ ဓားပညာမှာ ထူးခြား၏။

ပယ်လယ်ရေလွှိုင်းများကို ကြည့်ရှုကာ ဖန်တီးထား၏။

ထို့ပြင် နက္ခတ်တာရာများကိုကြည့်ရှု ဖန်တီးထားပြီး ပေါင်းစပ်တီထွင်ထားခြင်း ဖြစ်၏။

ထို့ကြောင့် ဓားအရှိန်မှာ ပင်လယ်ရေလွှိုင်းများပမာ ပြင်းထန်လှ၏။ ဓားကွက်များမှာ နက္ခတ်တာရာများကဲ့သို့ ဆွဲဆောင်မှုရှိကာ ပရိယာယ်များလှ၏။

ကျားရဲသခင်လေးသည် ထိုဓားကွက်များအနက်မှ အချို့ကို တွေ့မြင်ဖူးထား၏။

ထို့ကြောင့် ... သူက ကောင်းစွာ ခုခံနိုင်၏။

ရီချိန်းမှာ သူ၏ဓားကွက်ကို ကျားရဲသခင်လေးက ခုခံနိုင်သည်ကို တွေ့ရသဖြင့် ဒေါသချောင်းချောင်းထွက်လာ၏။

သူက ပို၍ပြင်းထန်စွာ တိုက်ခိုက်လိုက်၏။

ကျားရဲသခင်လေးမှာ ခံစစ်ကိုသာ အသုံးပြုနေရာမှ သိုင်းကွက်တစ်ရာခန့် ရောက်လာသောအခါ အခြေအနေမှာ အကျပ်အတည်းကြားသို့ ရောက်ရှိလာ၏။

သူက ပြန်လည်မတိုက်ခိုက်လျှင် မကြာခင် သေဆုံးရမည်ကို ကောင်းစွာ ခံစားနားလည်မိ၏။

သူသေ၍ မဖြစ်ပါ။

သူ တာဝန်ယူထားသော ရှိုးဝေ့ရှိုနေသည်မဟုတ်ပါလား။

ကျားရဲသခင်လေးသည် အံတင်းတင်းကြိတ်ကာ ပြန်လည် ခုခံတိုက်ခိုက်လိုက်လေသည်။

"ချွင် ..."

ကျားရဲသခင်လေး၏ ဓားကွက်များမှာ ကြောက်မက်ဖွယ်ကောင်းလှ၏။ သိုင်းကွက်ဆယ်ကွက်အတွင်း ရီချိန်းရရှိထားသော အသာစီးရနေမှုမှာ ပြိုကွဲသွား၏။

ရီချိန်းက ပို၍ဒေါသထွက်လာ၏။

သူသည် မိုးသောက်ကြွယ်ဂိုဏ်း၏ ဒုဂိုဏ်းချုပ်ဖြစ်၏။

မိုးသောက်ကြယ်ဂိုဏ်း၏ သိုင်းပညာဖြင့် သူရပ်တည်နိုင်ခဲ့သည်မှာ နှစ်ပေါင်း နှစ်ဆယ်ခန့် ရှိပြီဖြစ်၏။

ယခု ... ကျားရဲသခင်လေးဟူသည့် လူငယ်တစ်ဦးအား အနိုင်မယူနိုင်သည့်အတွက် ခံပြင်းလာ၏။

သူက တရကြမ်းပင် တိုက်ခိုက်လိုက်၏။

ဒေါသစိတ်၊ ခံပြင်းစိတ်များကြောင့် သူ၏ ဓားကွက်တို့မှာ အလွန်ပြင်းထန်လှ၏။

သို့သော် ...

ဒေါသကြောင့် သူ၏ ဓားကွက်တစ်ကွက်နှင့်တစ်ကွက်ကြားတွင် ဟာကွက်လေးများ ဖြစ်ပေါ်လာသည်ကို သူက သတိမပြုမိပါချေ။

ထိုဟာကွက်များကို ကျားရဲသခင်လေးက သတိပြုမိ၏။

သူသည် အခွင့်အရေးကို လက်လွတ်မခံဘဲ ဟာကွက်များကို ဦးတည်တိုက်ခိုက်လိုက်၏။

သိုင်းကွက် ဆယ်ကွက်ခန့် ထပ်မံတိုက်ခိုက်ပြီးသောအခါ ...

"ချွင် ..."

ရိုချိန်းလက်ထဲမှဓားသည် အဝေးသို့ လွင့်စဉ်သွား၏။

ကျားရဲသခင်လေး၏ ဓားမှာ သူ၏ရင်ဝသို့ ထောက်လျက်အနေအထားဖြင့် ရှိနေ၏။

ရိုချိန်း၏ မျက်နှာတစ်ခုလုံး သွေးဆုတ်ဖြူလျော်သွား၏။

သူ ရှုံးနိမ့်သွားပြီ မဟုတ်ပါလား။

ကျားရဲသခင်လေးက သက်ပြင်းတစ်ချက်ချလိုက်၏။

သူက ရိုချိန်း၏ မျက်လုံးအစုံအား စိုက်ကြည့်ကာ ထောက်ဘားသောဓားအား ပြန်လည်သိမ်းဆည်းလိုက်၏။

ထို့နောက် ... ဘာစကားမှ မပြောတော့ဘဲ အိမ်ထဲသို့ ပြန်ဝင်သွားခဲ့၏။

ရိုချိန်းက မနေနိုင်တော့ပါ။

"ကျုပ်ကို မသတ်ဘူးလား ..."

ကျားရဲသခင်လေးက ပြန်လှည့်ကြည့်ကာ ...

"ခင်ဗျားကို ကျုပ်က ဘာကြောင့်သတ်ရမှာလဲ ..."

ဟု ပြန်မေးလိုက်၏။

ရိုချိန်းက ...

"မင်း အနိုင်ရပြီပဲ ..."

ကျားရဲသခင်လေးက ...

"အနိုင်ရတာနဲ့ သတ်ရမှာလား"

ရိုချိန်းက ...

"မင်း အရင်တုန်းက အနိုင်ရရုံနဲ့ ကျေနပ်တာမှမဟုတ်တာ၊ အခုလိုတည်း သတ်လိုက်တာမဟုတ်လား ..."

ထိုစကားကြောင့် ကျားရဲသခင်လေး၏ မျက်နှာတွင် အရိပ်အယောင်တစ်မျိုး ဖြတ်သွား၏။

"အရင်တုန်းကတော့ ကျုပ်က ကျော်ကြားချင်စိတ်များနေတာ

ကိုး ... ၊ ဒါကြောင့် အဆိုးအကောင်း မဆန်းစစ်ဘဲ သတ်မိတဲ့အထိ တိုက်ခိုက်မိတာပါ ..."

ရိချိန်းက ...

"အခု မင်းက မကျော်ကြားချင်တော့ဘူးလား ..."

ကျားရဲသခင်လေးက ...

"ကျော်ကြားချင်တဲ့စိတ်က တော်တော်ပူလောင်တယ်ဗျ ... ကျုပ်အခု အေးချမ်းတဲ့ဘဝကို လိုချင်ပြီ၊ အခု ကျုပ် ဒီလိုနေထိုင်ရတာ သိပ်စိတ်ချမ်းသာတယ် ... ၊ ကျုပ် မကျော်ကြားချင်တော့ဘူး အေးအေးချမ်းချမ်းပဲ နေချင်တော့တယ်"

ရိချိန်းက ...

"မင်း ... နောက်ကျသွားပြီ"

ကျားရဲသခင်လေးက မျက်မှောင်ကုတ်ကာ ...

"ဘာဖြစ်လို့လဲ ..."

ရိချိန်းက ...

"မင်း ဘယ်တော့မှ အေးချမ်းတဲ့ဘဝရမှာ မဟုတ်တော့ဘူး ဘာကြောင့်လဲဆိုတော့ မင်းမှာ ရန်သူများနေလို့ပဲ ..."

ကျားရဲသခင်လေးမှာ ငိုင်တွေသွား၏။

ရိချိန်းက ...

မင်းက ကျော်ကြားမှုကို လူ့အသက်ပေါင်းများစွာ စတေးခဲ့ရယူခဲ့အတွက် မင်းဘဝကို တိုက်ခိုက်မှုတွေနဲ့ပဲ ပြန်ပေးဆပ်ရတော့မယ် ..."

ကျားရဲသခင်လေး၏ မျက်နှာ ဖြူလျော်သွား၏။

"ဒါ ... တကယ်ပဲလား ..."

ရိချိန်းက ...

"မင်း မယုံရင်စောင့်ကြည့်နေပါ၊ မနက်ဖြန်မတိုင်မီမှာပဲ မင်း ဘိုက်ပွဲတွေ တစ်ခုပြီးတစ်ခု လက်ခံဆင်နွှဲရမှာ ကျုပ်မြင်ယောင်ပါ ဘယ် ..."

ကျားရဲသခင်လေးက သက်ပြင်းတစ်ချက်ချလိုက်၏။

"ခင်ဗျားစကားကုန်ရင် ပြန်နိုင်ပါပြီဗျာ ..."

ရိချိန်းသည် ဘာစကားမှ မပြောတော့ဘဲ ခြံဝင်းထဲမှ ပြန်လည် ဆွဲခွာသွားလေတော့သည်။



ကျားရဲသခင်လေးသည် အတန်ကြာအောင် ငိုင်နေမိ၏။

အတန်ကြာမှ သူသည် အုတ်တံတိုင်းကို ကျော်ဖြတ်ကာ အပြင်ဘက်သို့ ထွက်လာခဲ့၏။

သူသည် မြို့လယ်ရှိ တည်းခိုခန်းများဘက်သို့ ဦးတည်ပြေးသွားလာခဲ့ခြင်း ဖြစ်၏။

တစ်ခဏအကြာတွင် တည်းခိုခန်းတစ်ခုအနီးသို့ ရောက်ရှိသား၏။

ညဉ့်နက်နေပြီဖြစ်သော်လည်း တည်းခိုခန်း၏ အခန်းအချို့မှာ မီးလင်းနေဆဲ ဖြစ်၏။

ကျားရဲသခင်လေးသည် ပတ်ဝန်းကျင်အား တစ်ချက်အကဲခတ်ကြည့်ကာ အနီးရှိ အိမ်ခေါင်မိုးပေါ်သို့ ခုန်တက်လိုက်၏။

ထို့နောက် ... တည်းခိုခန်းခေါင်မိုးပေါ်သို့ ကူးလာခဲ့၏။

တည်းခိုခန်းအမိုးပေါ်တွင် အသာမှောက်ကာ ခေါင်မိုးအုတ်ကြွပ်ပြားကို အသံမမြည်အောင် အသာစွာပြီး အောက်သို့ချောင်းကြည့်လိုက်၏။

အောက်ဘက်ရှိ အခန်းတွင်း၌ မီးများလင်းထိန်နေ၏။

အခန်းထဲရှိ စားပွဲတွင် လူငါးယောက်ဝိုင်းဖွဲ့ထိုင်နေ၏။

ကျားရဲသခင်လေးက မျက်လုံးပြူးသွား၏။

"ရတနာဂိုဏ်းက လူတွေပါလား ..."

ရိုချိန်း၏စကားမှာ ခြိမ်းခြောက်ခြင်းမဟုတ်မှန်း သူက နားလည်လိုက်လေတော့သည်။



ရတနာဂိုဏ်းသားများ

ရတနာဂိုဏ်းမှ ဌာနခွဲမှူးငါးယောက်သည် စားပွဲတွင် ဝိုင်းဖွဲ့ကာ ငြိမ်သက်စွာ ထိုင်နေ၏။

အတန်ကြာမှ ... အလယ်တွင်ထိုင်နေသော အမှတ်စဉ်သုံးက-

"ကျုပ်တို့ သွားကြတော့မလား ..."

ဟု စတင်မေးလိုက်၏။

အမှတ်နှစ်က ...

"သွားလို့ မဖြစ်သေးဘူးဗျ ..."

အမှတ်သုံးက ...

"ကျုပ်တို့ နောက်ကျနေဦးမယ်နော် ..."

အမှတ်နှစ်က ...

"နောက်မကျပါဘူး ... ၊ ဂိုဏ်းချုပ်ကိုယ်တိုင် အရောက်လာမယ်လို့ ပြောထားသားပဲ"

အမှတ်သုံးက ...

"တော်ကြာ ချင်ကျုံးဂိုဏ်းသားတွေ လက်ဦးသွားမှ ခက်နေ
ဖယ်"

"ဟား ... ဟား ... ဟား ..."

အမှတ်လေးက ရယ်မောလိုက်၏။

"မင်းက စိုးရိမ်လိုက်တာ ... ၊ ချင်ကျုံးဂိုဏ်းကလူတွေလဲ
မလှုပ်ရှားကြသေးပါဘူးကွ ..."

အမှတ်ငါးက ...

"ဟုတ်တယ် ... ၊ သူတို့လဲ ကျုပ်တို့လိုပဲ လူစောင့်နေတာ
ထင်တယ်"

အမှတ်သုံးက ...

"သူတို့ မလှုပ်ရှားဘူးလို့ ပြောနိုင်မလားဗျ ..."

အမှတ်လေးက ...

"ပြောနိုင်ပါတယ်"

အမှတ်သုံးက ...

"မင်းက ဘာကြောင့် ပြောနိုင်တာလဲ ..."

အမှတ်လေးက ...

"ရှင်းရှင်းလေးပဲ ... ၊ အခုရောက်နေတဲ့ ချင်ကျုံးဂိုဏ်းသားထဲ
မှာ အဆင့်မြင့်တဲ့လူဆိုလို့ နှစ်ယောက်ပဲပါတယ်၊ သူတို့ ဒီအင်အားနဲ့
ကျားရဲသခင်လေးကို မတိုက်ခိုက်ဝံ့ပါဘူး ..."

အမှတ်ငါးက ...

"သိပ်မှန်တယ် ..."

ဟု ထောက်ခံလိုက်၏။

အမှတ်သုံးက အားမလိုအားမရဖြင့် ...

"ကျုပ်တို့ငါးယောက်အင်အားနဲ့ ကျားရဲသခင်လေးကို မတိုက်
ခိုက်နိုင်ဘူးလား"

အမှတ်တစ်က ...

"တိုက်ခိုက်နိုင်တာပေါ့ ..."

အမှတ်သုံးက ဖြိုးလိုက်၏။

"ဒါဆို ကျုပ်တို့ သွားကြရအောင်"

အမှတ်တစ်က ...

"ကျုပ်က မင်းထက်တောင် သွားချင်သေးတယ် ... ၊ ဂိုဏ်းချုပ်
ကြီးတိုင် ကျားရဲသခင်လေးကို ရှင်းချင်တယ်ဆိုလို့ ကျုပ်တို့အခုလို
ဆောင့်နေရတာပေါ့ ..."

အမှတ်သုံးက ပါးစပ်ပိတ်သွား၏။

အမှတ်လေးက ...

"မလောစမ်းပါနဲ့ကွာ ... ၊ မနက်မိုးမလင်းခင် ဂိုဏ်းချုပ်
ဆောက်လာတော့မှာပါ၊ ဂိုဏ်းချုပ်ရောက်လာတာနဲ့ ကျုပ်တို့ သွားကြ
တာပေါ့"

အမှတ်သုံးက ခေါင်းညိတ်လိုက်၏။

ကျားရဲသခင်လေးသည် နားထောင်ရင်းမှ ရင်ထဲတွင် လေးလံ
သော်၏။

သူ့အတွက် အန္တ ရာယ်အလွန်ကြီးမားနေပြီ မဟုတ်ပါလော။

ရတနာဂိုဏ်းမှ ဒုဂိုဏ်းချုပ်ကို သူက အနိုင်ယူသတ်ဖြတ်ခဲ့သည်မဟုတ်ပါလား။

ထို့ကြောင့် ရတနာဂိုဏ်းချုပ်က သူ့ကို တုံ့ပြန်ရန် စီစဉ်နေကြပြီဖြစ်၏။

တစ်ဦးချင်းဆိုလျှင် သူက ရတနာဂိုဏ်းချုပ်ကို မမှုပါ။

သို့သော် ...

အများနှင့်တစ်ယောက် ဆိုလျှင် ...

သူက ဆက်မတွေးဝံ့တော့ပါ။

ကျားရဲသခင်လေးသည် နေရမှ ပြန်ရန် စိတ်ကူးလိုက်၏။

ထိုစဉ် ...

"ဒေါက် ... ဒေါက် ... ဒေါက် ..."

အောက်ဘက်မှ တံခါးခေါက်သံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေတော့သည်။



"ဒေါက် ... ဒေါက် ... ဒေါက် ..."

ရတ်တရက် တံခါးခေါက်သံ ထွက်ပေါ်လာ၏။

ရတနာ အမှတ်နှစ်က မျက်မှောင်ကုတ်သွား၏။

"ဘယ်သူများပါလိမ့် ..."

အမှတ်တစ်က ...

"အမှတ်ငါး တံခါးဖွင့်ပေးလိုက်ပါ ..."

အမှတ်ငါးက ထိုင်ရာမှထကာ တံခါးဖွင့်ပေးလိုက်၏။

အခန်းဝတွင် လူတစ်ယောက် ရပ်နေ၏။

ထိုလူက လက်နှစ်ဖက်ဆုပ်ကာ ...

"ကျုပ် အထဲဝင်လို့ရမလားဗျာ ..."

ဟု မွန်ရည်စွာ မေးလိုက်၏။

အမှတ်တစ်က လှမ်းကြည့်လိုက်၏။

ဧည့်သည်မှာ အပြာရောင်ဝတ်စုံ ဝတ်ဆင်ထား၏။

ခါးတွင် အနီရောင်ခါးစည်းကြိုး စည်းထား၏။

အင်္ကျီရင်ဘတ်တွင် အနီရောင် အစင်းသုံးကြောင်း ရေးဆွဲထား၏။

ထိုလူ၏ဝတ်ဆင်ပုံကို ကြည့်ကာ ချင်ကျုံးဂိုဏ်းမှ အဆင့်မြင့်သိုင်းသမားတစ်ဦးဖြစ်မှန်း သိနိုင်၏။

အမှတ်တစ်က ခေါင်းညိတ်လိုက်၏။

"ဝင်ခဲ့ပါဗျာ ..."

ချင်ကျုံးဂိုဏ်းသားက အတွင်းဘက်ဝင်ကာ အားလုံးအား ဦးညွတ်လိုက်၏။

အမှတ်တစ်က ...

"ထိုင်ပါ ... ဘာကိစ္စရှိလို့လဲ ..."

ဟု နှုတ်ဆက်စကားပြောလိုက်၏။

"ချင်ကျုံးဂိုဏ်းက စည်းကမ်းထိန်းသိမ်းရေးမှူး ကျောက်မြန်းပါ ..."

အမှတ်တစ်က ပြုံးလိုက်၏။

"တွေ့ရတာ ဝမ်းသာပါတယ်ဗျာ ..."

ချင်ကျုံးဂိုဏ်းတွင် ဂိုဏ်းချုပ်ပြီးလျှင် စည်းကမ်းထိန်းသိမ်းရေးမှာ အဆင့်အမြင့်ဆုံးဖြစ်သည်ဟု နားလည်ထား၏။

ထို့ကြောင့် အမှတ်တစ်က အရက်နှင့် ဧည့်ခံလိုက်၏။

"ကဲ ... မိတ်ဆွေ ... သောက်ပါဦးဗျာ၊ အေးအေးဆေးဆေး စကားပြောကြတာပေါ့ ..."

ကျောက်အိန်းက ...

"ကျုပ်တို့ ဒီမြို့ကို ဘာကိစ္စနဲ့ရောက်လာတယ်ဆိုတာ ခင်ဗျားတို့ သိမှာပေါ့ ..."

အမှတ်တစ်က ...

"ဟုတ်ကဲ့ ... သိပါတယ်၊ ကျုပ်တို့ ဘာကိစ္စနဲ့ရောက်လာတယ်ဆိုတာလဲ ခင်ဗျားတို့ သိမှာပေါ့ ..."

ကျောက်အိန်းက ...

"ဟုတ်ကဲ့ ... ၊ ဒါကြောင့်လဲ အခုလို ကျုပ်ဂဲ ရောက်လာရတာပါ ..."

အမှတ်တစ်က ...

"ကျုပ်တို့ကို နောက်ဆုတ်ခိုင်းဖို့တော့ ဟုတ်မယ် မထင်ပါဘူးဗျာ ..."

ဟု စကားကို ကြိုတင်ပိတ်ထားလိုက်၏။

ကျောက်အိန်းက ...

"မဟုတ်ပါဘူးဗျာ ... ၊ ကျုပ်တို့က ရည်ရွယ်ချက်ချင်းတူနေလို့ အခုလို လာဆွေးနွေးရတာပါ ..."

အမှတ်တစ်က ...

"စိတ်ဝင်စားစရာပဲဗျ ... ပြောပါဦး ..."

ကျောက်အိန်းက ...

"ကျုပ်တို့ တစ်ဖွဲ့ချင်း တိုက်ခိုက်တာထက်စာရင် နှစ်ဖွဲ့ပေါင်းပြီး တိုက်ခိုက်တာ ပိုပြီးအဆင်ပြေမလားလို့ပါ ..."

ထိုစကားကြောင့် အမှတ်တစ်က တွေဝေသွား၏။

ကျောက်အိန်းက ...

"ကျားရဲသခင်လေးနဲ့ တိုက်ခိုက်ရာမှာ ကျုပ်တို့က သိုင်းသောကစည်းကမ်းတွေ စောင့်ထိန်းဖို့ မလိုပါဘူး ..."

အမှတ်တစ်က ...

"ကျုပ် ..."

ကျောက်အိန်းက ကြားဖြတ်ကာ ...

"ခင်ဗျားတို့က ဂိုဏ်းချုပ်ကို စောင့်နေတာမဟုတ်လား ..."

အမှတ်တစ်က ...

"ဟုတ်ပါတယ်"

ကျောက်အိန်းက ...

"ကျုပ်တို့လဲ ဂိုဏ်းချုပ်ကို စောင့်နေတာပါ၊ ကျုပ်တို့ဂိုဏ်းချုပ်ခင်ယောက်ပေါင်းပြီး တိုက်ခိုက်ဖို့အတွက် အခုလို ကြိုတင်ပြီး လာဆွေးနွေးတာပါ ..."

ကျားရဲသခင်လေးက သက်ပြင်းတစ်ချက်ချလိုက်၏။

အခြေအနေမှာ သူထင်ထားသည်ထက် ဆိုးဝါးနေသည်မဟုတ်ပါလား။ သူ မည်သို့လုပ်ရမည်နည်း။

သူက ချင်ကျုံးဂိုဏ်းနှင့် ရတနာဂိုဏ်းမှ ဂိုဏ်းချုပ်များကို ဘစ်ဦးတည်း ရင်ဆိုင်နိုင်ပါမည်လော။

ဂိုဏ်းချုပ်နှစ်ဦးနှင့် ရင်ဆိုင်လိုက်ရုံဖြင့် ပြဿနာက ပြီးသွားမည်မဟုတ်ပါ။

ဂိုဏ်းသားများ၏ အန္တရာယ်ကိုလည်း ထည့်တွက်ရ၏။

အများနှင့်တစ်ယောက် သူက မည်သို့ ယှဉ်ပြိုင်ရမည်နည်း။

နောက်ဆုံးတွင် သူက သေဆုံးရမည်မှာ သေချာနေ၏။

ကျားရဲသခင်လေးသည် အံတင်းတင်းကြိတ်လိုက်၏။

တစ်ချိန်က သူ၏မှားယွင်းမှုအတွက် ယခု ရန်သူများနေရ၏။

သူသည် သေရမည်ကို ကြောက်သူတစ်ဦးမဟုတ်ပေ။

သို့သော် ...

ယခုအချိန်တွင် သူတစ်ယောက်တည်း မဟုတ်တော့ပါ။

သူ့တွင် တွယ်တာစရာ ရှိးဝေ့ ရှိနေ၏။

အကယ်၍ သူသေဆုံးသွားလျှင် ရှိးဝေ့အား မည်သူက စောင့်ရှောက်ပါမည်နည်း။

ရှိးဝေ့အား ငဲ့မကြည့်ဘဲ သူက ဥပေက္ခာပြုလျှင် ဟုန်စဲ့၏ဒဏ်ဘဲ့က သူ့အား ခွင့်လွှတ်မည်မထင်ပါ။

ကျားရဲသခင်လေးသည် လေပူတစ်ချက် မှုတ်ထုတ်လိုက်၏။

အမှတ်တစ်က ...

"ကောင်းပါပြီ ... ၊ ဒီကိစ္စကို ကျုပ်တို့ဂိုဏ်းချုပ်ရောက်လာတဲ့အခါ ပြောပြလိုက်ပါ့မယ်"

ကျောက်အိန်းက ...

"ကျေးဇူးတင်ပါတယ်ဗျာ ... ၊ ကျားရဲသခင်လေးကို ဒီတစ်ကြိမ် အလွတ်မခံနိုင်တော့ဘူး"

အမှတ်တစ်က ...

"ကျုပ်တို့လဲ ဒီလိုပါပဲဗျာ ..."

ကျောက်အိန်းက ...

"ဒီလိုမြို့ငယ်လေးမှာသာ ကျုပ်တို့ ပူးပေါင်းတိုက်ခိုက်ရင် သတင်းပြန့်မှာ မပူရတော့သလို ကျုပ်တို့အတွက်လဲ အကျိုးရှိမှာ သေချာတယ်"

အမှတ်တစ်က ...

"စိတ်ချပါဗျာ ... ၊ ကျုပ်တို့ဂိုဏ်းချုပ်ရောက်လာရင် ပြောပြလိုက်ပါ့မယ် ..."

ကျောက်အိန်းက ...

"ကဲ ... ကျုပ်ကို ခွင့်ပြုကြပါဦး ..."

သူက ပြောပြီး အခန်းတွင်းမှ ပြန်လည်ထွက်ခွာသွားလေတော့သည်။



သူ သေ၍မဖြစ်ပါ။

ရှီးဝေ့အတွက် သူက အသက်ရှင်ရမည်ဖြစ်၏။

ကျားရဲသခင်လေးသည် ဆုံးဖြတ်ချက်တစ်ခုကို ပြတ်သားစွာ ချလိုက်၏။

ထို့နောက် သူသည် တည်းခိုခန်းအမိုးပေါ်မှ ညင်သာစွာပြန် ဆင်းလာခဲ့လေတော့သည်။

✿ ✿ ✿

ပြေး

"ကျွီ..."

အခန်းတံခါး ညင်သာစွာပွင့်လာ၏။

ကျားရဲသခင်လေးသည် အိမ်ကလေးထဲသို့ တိတ်တဆိတ်ဝင်လိုက်၏။ လရောင်မှာ အခန်းထဲထိုးကျနေ၏။

ခုတင်ပေါ်တွင် ရှီးဝေ့မှာ နှစ်ခြိုက်စွာအိပ်မောကျနေ၏။

ကျားရဲသခင်လေးသည် ရှီးဝေ့၏ သွေးကြောအားပိတ်လိုက်၏။

ထို့နောက် ရှီးဝေ့အား ပခုံးပေါ်ထမ်းကာ အခန်းထဲမှ ထွက်လာခဲ့၏။ အိမ်ပြင်ရောက်သောအခါ ခေတ္တရပ်၍ အိမ်ကလေးအား ပြန်သည့်ကြည့်လိုက်၏။

တစ်လနီးပါး နေခဲ့ရသောအိမ်၊ စိတ်ချမ်းမြေ့စွာနေခဲ့ရသော အိမ် ဖြစ်သည်မဟုတ်ပါလား။

သူသည် ထိုအိမ်ကလေးအား အလွန်မက်မောစွာ၏။

အိမ်ကလေးအား နမြောတသသောမျက်လုံးအစုံဖြင့် နောက်ဆုံး အကြိမ် ကြည့်လိုက်၏။

ထို့နောက် အမှောင်ထုထဲသို့ တိုးဝင်သွားလေသည်။

သူ ပြေးရပေဦးမည်။

ရန်သူများအား မျက်ခြည်ဖြတ်ကာ ပြေးရမည်ဖြစ်၏။

သို့သော် ...

တစ်နေ့တွင် သူက အေးချမ်းသာယာစွာ နေထိုင်နိုင်မည်ဟု ကောင်းစွာ ယုံကြည်မိလေတော့သည်။

✿ ✿ ✿

"ဒေါင် ... ဒေါင် ..."

သံချောင်းခေါက်သံနှစ်ချက် ထွက်ပေါ်လာ၏။

ညဉ့်ယံမှာ တိတ်ဆိတ်၏။

ထိုစဉ် လူတစ်စု လမ်းအတိုင်းလျှောက်လာနေကြ၏။

ထိုလူစုတွင် ရှေ့ဆုံးမှ လူနှစ်ယောက်က ဦးဆောင်လာခြင်းဖြစ်၏။

ထိုလူနှစ်ဦးသည် အသက်ခြောက်ဆယ်ဝန်းကျင်များ ဖြစ်၏။ ၎င်းတို့၏ဟန်မူရာများအရ ထိပ်တန်းသိုင်းပညာရှင်များ ဖြစ်ကြောင်း သိသာလှ၏။

ထိုလူနှစ်ဦးမှာ ရတနာဂိုဏ်းချုပ်နှင့် ချင်ကျုံးဂိုဏ်းချုပ်တို့ ဖြစ်၏။

သူတို့နှစ်ဦးသည် ကျားရဲသခင်လေးအား ရှင်းပစ်ရန်အတွက် သဘောတူညီမှုရယူကာ ပူးပေါင်းကြခြင်း ဖြစ်၏။

မကြာမီ ... သူတို့လူစုသည် ကျားရဲသခင်လေး၏ အိမ်ကလေးရှေ့သို့ ရောက်ရှိလာကြ၏။

ချင်ကျုံးဂိုဏ်းချုပ်က ...

"ကျုပ်တို့ အထဲဝင်ကြမလား ..."

ဟု အသံတိုးတိုးဖြင့် မေးလိုက်၏။

ရတနာဂိုဏ်းချုပ်က စဉ်းစားကာ ...

"အခုမှတော့ မထူးပါဘူး ...၊ ကျုပ်တို့အထဲမဝင်ဘဲ သူ့ကို အကြောင်းကြားပြီး ထွက်လာခိုင်းတာ ပိုကောင်းပါလိမ့်မယ်"

ဟု ပြောလိုက်၏။

ပြောပြီး သူက အမှတ်တစ်ဘက်လှည့်ကာ ...

"ကဲ ... အမှတ်တစ် ... သူ့ကို သွားပြီးအကြောင်းကြားလိုက် ..."

"အမိန့်အတိုင်းပါ ..."

အမှတ်တစ်က ဦးညွှတ်အရိုအသေပြုပြီး ချက်ချင်းပင် အိမ်ကလေးအတွင်းသို့ လှမ်းဝင်သွားလေသည်။

ရတနာဂိုဏ်းချုပ်နှင့် ချင်ကျုံးဂိုဏ်းချုပ်မှာ အိမ်ကလေးအား မဲ့မဲ့မသုန် စိုက်ကြည့်နေ၏။

ရတနာဂိုဏ်းချုပ်၏ ညီလေးမှာ ကျားရဲသခင်လေး၏ မားမားကြီးဖြင့် သေဆုံးခဲ့သည်မဟုတ်ပါလား။

ကျားရဲသခင်လေးက အနိုင်ရရှိပြီးသည့်အပြင် အသက်ကိုပါ

နတ်ယူသွားသည်ဟု သိရသဖြင့် သူက မည်သို့မျှ အခဲမကြေနိုင်ဘဲ ဖြစ်နေမိ၏။

ကျားရဲသခင်လေးနှင့်တွေ့လျှင် သူက ဦးအောင်တိုက်ခိုက်ခွင့် ပေးရန် ချင်ကျုံးဂိုဏ်းချုပ်နှင့် ညှိနှိုင်းခဲ့၏။

အကယ်၍ သူက သိုင်းကွက်တစ်ရာပြည့်သည့်တိုင် ကျားရဲသခင်လေးအား အနိုင်မရလျှင် ချင်ကျုံးဂိုဏ်းချုပ်အား အလှည့်ပေးရမည်ဖြစ်၏။

ထို့ကြောင့် သူက သိုင်းကွက်တစ်ရာမပြည့်မီ ကျားရဲသခင်လေးအား အသေသတ်ရန် ဆုံးဖြတ်ထား၏။

အချိန်များ တရွေ့ရွေ့ကုန်ဆုံးသွား၏။

အိမ်ကလေးအတွင်း၌ မည်သည့်လှုပ်ရှားမှုမှ မရှိပါ။

ထိုစဉ် ... အမှတ်တစ် ပြန်လည်ထွက်လာ၏။

အမှတ်တစ်က ဦးညွတ်ကာ ...

"အိမ်ထဲမှာ ဘယ်သူမှမရှိတော့ပါဘူး ... ၊ ကျားရဲသခင်လေး ရှောင်တိမ်းသွားပါပြီ"

ဟု အကြောင်းပြန်လိုက်၏။

"ဘာ ..."

ရတနာဂိုဏ်းချုပ်၏ အော်သံ ကျယ်လောင်စွာ ထွက်ပေါ်လာ၏။

"တောက် ..."

ချင်ကျုံးဂိုဏ်းချုပ်က တက်တစ်ချက်ခေါက်လိုက်၏။

"သူ ဝေးဝေးရောက်ဦးမှာ မဟုတ်ဘူး"

ဟု မှတ်ချက်ချလိုက်၏။

ထို့နောက် သူ၏ငယ်သားများကိုခေါ်ကာ လျင်မြန်စွာထွက်ခွာသွားကြ၏။

ရတနာဂိုဏ်းချုပ်က ...

"တောက် ... ကျုပ်တို့ နောက်ကျသွားတယ်၊ မင်းတို့က သူ့ကို စောင့်ကြပ်ထားဖို့သင့်တယ်"

အမှတ်တစ်က ခေါင်းငုံ့သွား၏။

"သူက အခုလိုထွက်ပြေးမယ့်လူစားလို့ မထင်မိပါဘူး၊ သူက ကြောက်တတ်တဲ့ လူတစ်ယောက်မှမဟုတ်တာ ..."

ရတနာဂိုဏ်းချုပ်က ...

"ထားပါတော့လေ ... ၊ ကဲ ... သွားကြစို့၊ ဒီတစ်ကြိမ်ချင်ကျုံးဂိုဏ်းချုပ်ထက်ဦးအောင် သူ့ကို မိမှဖြစ်မယ်"

ဟုပြောကာ ချက်ချင်းပင် ရှေ့မှပြေးလွှားသွား၏။

ရတနာဂိုဏ်းသားများကလည်း ဂိုဏ်းချုပ်နောက်မှ ပြေးလွှားလိုက်ပါသွားကြလေတော့သည်။



ဝိညာဉ်ဖြူ ညီနောင်

ညဉ့်နက်နေပြီ ဖြစ်သည်။

ချွန်းနီသည် ညတာမှာ ရှည်လျားလွန်းလှသည်ဟု ထင်မိ၏။

သူမသည် ညဘက်တွင် ခရီးထွက်ရခြင်းကို အလွန်စိတ်ပျက် ဖွယ်ကောင်းသည်ဟု ထင်မြင်မိ၏။

သို့သော် ...

သူမတတ်နိုင်ပါ။

ချွန်းကုန်းသည် အတွေ့အကြုံရင့်ကျက်သူဖြစ်၏။

ဝိညာဉ်ဖြူညီနောင်၏လက်မှလွတ်အောင် နေ့ညမနားဘဲ ခနဲ့ ဆက်ခိုင်းနေ၏။

သူတို့သည် နှစ်ရက်နှင့် နှစ်ညတိုင်တိုင် အနားမယူဘဲ ခနဲ့ ဆက်ခဲ့ကြသဖြင့် အလွန်ပင်ပန်းနေ၏။

မြင်းများကိုလည်း စွန့်ခဲ့ရ၏။

ခြေလျင်ခရီးဆက်ရသဖြင့် အလွန်ပင်ပန်းကာ ကိုယ်လက်မူး နာကျင်ကိုက်ခဲနေ၏။

ချန်းနီသည် မြေပေါ်မှပစ်လဲကာ အနားယူချင်စိတ်များ ပေါ် ပေါက်မိ၏။

သို့သော် ...

ချွန်းကုန်းက အားပေးကာ မနားဘဲ ဆက်ပြေးရပြန်၏။

နောက်ဆုံး ချွန်းနီက လုံးဝမခံစားနိုင်တော့ပါ။

ခြေလှမ်းများ ရပ်တန့်လိုက်၏။

ချွန်းကုန်းက နောက်သို့လှည့်ကြည့်လိုက်၏။

သူသည် ပထမ၌ ဆူပူရန်စဉ်းစားသော်လည်း ချွန်းနီမှာ အမှန်တကယ်ပင် မောပန်းနေသည်ကို တွေ့ရသဖြင့် မဆူရက်တော့ ပေ။

"ကဲ ... ခဏနားကြရအောင် ..."

သူကပြောပြီး ပခုံးပေါ်တွင်ထမ်းထားသည့် ရှီးအစ်အား ခြေပေါ် သို့ အသာချပေးလိုက်၏။

ချွန်းနီသည် အနားယူခွင့်ရသဖြင့် မြေပေါ်တွင် ခြေပစ်လက် စဲ ထိုင်ချလိုက်၏။

ချွန်းကုန်းသည် ခရီးအကွာအဝေးအား တွက်ချက်နေ၏။

သူတို့မနားမနေ ခရီးထွက်လာသည်မှာ မဟာမြိုင်တောအုပ် နှင့် အတော်ဝေးကွာလာပြီ ဖြစ်၏။

သို့သော် ...

ကျန်းဖုဒေသသို့သွားရန် ပိုဝေးကွာလာ၏။

သူတို့က ပြေးရင်းလွှားရင်း လမ်းကြောင်းမှားသွားသည်မဟုတ်ပါလား။

ကျန်းဖုဒေသအား မဟာမြိုင်တောအုပ်၏ တောင်ဘက်မှသွားလျှင် ရက်ပေါင်းနှစ်ဆယ်အတွင်း ရောက်နိုင်၏။

ယခုနေရာမှဆိုလျှင် တစ်ကွေ့တစ်ပတ်ကြီးသွားနေရသဖြင့် ထို့ထက်နှစ်ဆမက ကြာသွားနိုင်၏။

ချွန်းကုန်းသည် အခြေအနေအား တွက်ဆလိုက်၏။

သူတို့က လမ်းကြောင်း ပြောင်းလဲရပေမည်။

ထိုသို့ လမ်းကြောင်းပြောင်းရင်း ဝိညာဉ်ဖြူညိုနောင်အား မျက်ခြည်ဖြတ်သွားရန် စိတ်ကူးမိ၏။

ယခုအချိန်အထိ ဝိညာဉ်ဖြူညိုနောင်အား မတွေ့ရသေးပါ။

သို့သော် ...

သူတို့နောက်မှ ဝိညာဉ်ဖြူညိုနောင်က လိုက်လာနေဆဲဟု ခံစားနေရ၏။

ချွန်းနီသည် အတန်ကြာအနားယူလိုက်ရသဖြင့် သက်သာရာရသွား၏။ သူမသည် တွေးတောနေသော ချွန်းကုန်းအားကြည့်ကာ ...

"ဦးလေး ..."

ဟု ခေါ်လိုက်၏။

ချွန်းကုန်းက လှည့်ကြည့်လိုက်၏။

"ဘာလဲ ..."

ချွန်းနီ ...

"ကျွန်မတို့ ဝိညာဉ်ဖြူညိုနောင်ကို မျက်ခြည်ဖြတ်နိုင်ခဲ့ပြီထင်ဘယ်၊ အခုထိ မတွေ့ရသေးဘူး"

ချွန်းကုန်းက ...

"ပြောလို့တော့ မရဘူး ... ၊ ဝိညာဉ်ဖြူညိုနောင်ကို လွယ်လွယ်နဲ့ မျက်ခြည်ဖြတ်လို့ရမယ် မထင်ဘူး"

ချွန်းနီက ...

"ဦးလေးက ရန်သူကို အထင်ကြီးနေပြီထင်တယ် ..."

ချွန်းကုန်းက ...

"ရန်သူကို အထင်ကြီးတာမဟုတ်ဘူး ... ၊ ကိုယ့်ကိုယ်ကို အထင်မကြီးရဲတာပါ ..."

ချွန်းနီက ပြန်ပြောရန် ဟန်ပြင်လိုက်၏။

ရုတ်တရက် ...

"ဒါကြောင့်လဲ နှစ်ဖက်သွားမှား ချွန်းကုန်းလို့ နာမည်ကျော်ပေတာကိုး ..."

ဟူသော စကားသံ အမှောင်ထုအတွင်းမှ ထွက်လာ၏။

အသံမှာ အနိမ့်အမြင့်မရှိဘဲ တည်တည်ဖြစ်နေ၏။

ချွန်းနီ၏ခန္ဓာကိုယ် တစ်ချက်တုန်ခါသွား၏။

သူမက အသံလာရာသို့ လှမ်းကြည့်လိုက်၏။

သစ်ပင်များကြားမှ အဖြူရောင်အရိပ်တစ်ခု ရွှေ့လျားလာသည်ကို တွေ့မြင်လိုက်ရ၏။

ချွန်းနီ၏မျက်နှာ ကွက်ခနဲပျက်သွား၏။

"ဝိညာဉ်ဖြူ..."

ဟု အလန့်တကြား ရေရွတ်လိုက်၏။

"ဟား... ဟား... ဟား..."

သစ်ပင်များကြားမှ အေးစက်သောရယ်မောသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

ချန်းကုန်းက ရင်ထိတ်သွား၏။

သူသည် အဖြူရောင်အရိပ်အား စိုက်ကြည့်နေ၏။

အဖြူရောင်အရိပ်မှာ ရွှေ့လျားလာရင်း သူတို့နှင့်ဝါးတစ်ရိုက်ခန့်အကွာသို့ အရောက်တွင် ရပ်တန့်လိုက်၏။

လရောင်ဖြင့် ထိုလူအား ထင်ရှားစွာတွေ့မြင်လိုက်ရ၏။

ထိုလူ၏မျက်နှာ လူသေကဲ့သို့ ဖြူဖွေးနေ၏။

တစ်ကိုယ်လုံး အဖြူရောင်ဝတ်စုံရှည် ဝတ်ဆင်ထားပြီး ခေါင်းတွင်လည်း အဖြူရောင်တစ်ဆက်တည်း ဦးထုပ်ရှည်ဆောင်းထား၏။

ညအချိန်တွင် ထိုလူအားကြည့်ရသည်မှာ ဝိညာဉ်နှင့်တူလှ၏။

ချန်းကုန်းက သက်ပြင်းတစ်ချက်ချလိုက်၏။

"နောက်ဆုံးတော့ မင်းရောက်လာတာပဲကိုး..."

ဝိညာဉ်ဖြူက...

"ကျုပ်လက်ထဲက ဘယ်သူမှ မလွတ်မြောက်နိုင်ပါဘူး..."

သူ၏အသံမှာ အသံအနိမ့်အမြင့် မရှိသဖြင့် ကြားရသူမှာ ကြက်သီးမွေးညင်းများထလောက်အောင် ကြောက်စရာကောင်းလှ၏။

ချန်းကုန်းက...

"ကဲ... ရောက်လာမှတော့ နောက်တစ်ယောက်ကိုပါခေါ်လိုက် ပါ...၊ ကျုပ်က အချိန်ကုန်မခံနိုင်ဘူး"

သူက ပြောပြီး ဓားအားဆွဲထုတ်လိုက်၏။

"ချင်..."

လရောင်အောက်တွင် ဓားရောင်မှာ ဝင်းလက်သွား၏။

ချန်းကုန်းသည် စကားပြောနေ၍ အကျိုးမရှိမှန်း နားလည်သဖြင့် တိုက်ခိုက်ရန်ဆုံးဖြတ်လိုက်ခြင်းဖြစ်၏။

"ဟား... ဟား... ဟား..."

ဝိညာဉ်ဖြူက အေးစက်စွာ ရယ်မောလိုက်၏။

"မင်းက ကျုပ်ကိုနိုင်ရင် သူထွက်လာပါလိမ့်မယ်..."

ချန်းကုန်းက...

"ကောင်းပြီလေ... ဒါဖြင့် မင်းကို အရင်ဆုံးသတ်ရမှာပေါ့"

သူက ပြောပြီးသည်နှင့် ဓားအားဇွဲယမ်းကာ ဝိညာဉ်ဖြူအားခုခံချလိုက်လေသည်။

ဝိညာဉ်ဖြူက နောက်သို့ကျွမ်းထိုးကာ ရှောင်တိမ်းလိုက်၏။

"ဟား... ဟား... ဟား...၊ ဝိညာဉ်ဖြူကို ဘယ်သူမှသတ်လို့ရဘူးလို့၊ မြွေစိမ်းလဲ အဲဒီစကားကို အသက်သေမှပဲ ယုံသွားတော့ဘယ်..."

ထိုစကားကြောင့် ချန်းကုန်း၏ရင်ထဲတွင် လေးလံသွား၏။

မြွေစိမ်းမှာ အလွန်မိတ်ဆွေပီသလှ၏။

သူသည် မိတ်ဆွေအတွက် အသက်ဆုံးရှုံးခံကာ တတ်နိုင်သမျှ ကာကွယ်ပေးသွားသည် မဟုတ်ပါလား။

ချွန်းကုန်းက အံတင်းတင်းကြိတ်လိုက်၏။

"ကျုပ်က သတ်လို့မသေတဲ့ဝိညာဉ်ဖြူကို ရအောင်သတ်ပြမယ်"

ဟု ကြုံးဝါးလိုက်၏။

သူက ဒုတိယအကြိမ် ဓားအားဂွေ့ယမ်းကာ တိုက်ခိုက်လိုက်ပြန်၏။

ဝိညာဉ်ဖြူက ပြန်လည်တိုက်ခိုက်ခြင်းမပြုပါ။

နောက်ကျမ်းတစ်ချက်ပစ်လိုက်ရာ သစ်ပင်များကြားသို့ ရောက်သွားပြီး ပျောက်ကွယ်သွားလေသည်။

ချွန်းကုန်းက မဲ့လိုက်၏။

"ဝိညာဉ်ဖြူ... မင်းကြောက်နေပြီလား..."

ဟု အော်ငေါက်လိုက်၏။

ထိုစဉ်...

"ဦးလေး... သတိထား... နောက်မှာ..."

ချွန်းနီ၏ အလန့်တကြားအော်သံထွက်လာ၏။

ချွန်းကုန်းသည် ချွန်းနီ၏ သတိပေးသံကြောင့် ချက်ချင်းနံဘေးသို့ ရှောင်တိမ်းလိုက်၏။

အဖြူရိပ်တစ်ခုက သူ၏ခန္ဓာကိုယ်နံဘေးမှ ဖြတ်ကျော်ကာ မြေပေါ်သို့ ကျသွား၏။

"ဝိညာဉ်ဖြူ... သေပေတော့..."

ချွန်းကုန်းသည် ကြုံးဝါးကာ ဓားကိုဂွေ့ယမ်းပြီး ဝိညာဉ်ဖြူအား ခုနစ်ချက်တိတိ ဆက်တိုက်တိုက်ခိုက်လိုက်၏။

ဤတစ်ကြိမ်တွင် ဝိညာဉ်ဖြူပြေးနိုင်သည့်ဘက်ကိုပါ ပိတ်ဆို့၍ ဝိုက်ခိုက်လိုက်၏။

ဝိညာဉ်ဖြူက ရှောင်တိမ်းခြင်းမရှိပါ။

ဓားကိုထုတ်ကာ ပြန်လည်တိုက်ခိုက်လိုက်၏။

"ချွင်..."

ချွန်းကုန်းသည် တိုက်ပွဲကြာရှည်လိုသူ မဟုတ်ပါ။

ထို့ကြောင့် သူ၏အကောင်းဆုံးတိုက်ကွက်များကို ထုတ်ဖော်ဝိုက်ခိုက်လိုက်၏။

သူ၏နှစ်ဖက်သွားဓားသည် ဝိညာဉ်ဖြူ၏ခန္ဓာကိုယ်နေရာအနှံ့အပြားသို့ တိုးဝင်လာ၏။

ဝိညာဉ်ဖြူက ထိတ်လန့်တုန်လှုပ်သွား၏။

သူသည် ချွန်းကုန်း၏ဓားချက်များအောက်မှ ရုန်းထွက်ရန် ကြိုးစားလိုက်၏။

သို့သော်...

ချွန်းကုန်းက အလွတ်မပေးတော့ပါ။

ဓားချက်များကို အဆက်မပြတ်ထုတ်လိုက်၏။

သိုင်းကွက်နှစ်ဆယ်ခန့်အရောက်တွင် ချွန်းကုန်း၏ဓားသည် ဝိညာဉ်ဖြူ၏ကိုယ်ပေါ်သို့ ခုတ်ချမိသွား၏။

"အား ..."

ဝိညာဉ်ဖြူသည် စူးရှစွာအော်ရင်း မြေပေါ်သို့ လဲကျသွား၏။

ချုန်းကုန်းက မဲ့လိုက်၏။

"ဝိညာဉ်ဖြူ ... ထွက်လာပါဦး ..."

ဟု အေးစက်စွာပြောလိုက်၏။

သို့သော် ...

မည်သူမျှ ထွက်မလာတော့ပါ။

ချုန်းကုန်းက မျက်မှောင်ကုတ်သွား၏။

ချုန်းနီက ...

"ဝိညာဉ်ဖြူက ထင်သလောက်လဲ အစွမ်းမထက်ပါလား ... ၊ ဝိညာဉ်ဖြူကို သတ်လို့မသေဘူးတဲ့ ... ၊ အခုတော့ ဦးလေးစားချက် ကိုတောင် မခံနိုင်ပါလား ..."

ဟု ရေရွတ်လိုက်၏။

ချုန်းကုန်းကလည်း အံ့အားသင့်နေမိ၏။

"ဟုတ်တယ် ... ၊ ဝိညာဉ်ဖြူက အစွမ်းမထက်သလိုပဲ ..."

သူက မျက်မှောင်ကုတ်ကာ စဉ်းစားနေမိ၏။

ချုန်းနီက ...

"ဒါဆို ဝိညာဉ်ဖြူအစစ် မဟုတ်ဘူးထင်တယ်"

ချုန်းကုန်းက ခေါင်းညိတ်လိုက်၏။

"ဖြစ်နိုင်တယ် ..."

ချုန်းနီက ...

"အလောင်းကို စစ်ကြည့်ပါလား ..."

ချုန်းကုန်းက ထိုအခါမှ သတိရလာ၏။

"ဟုတ်တယ် ..."

သူက ဝိညာဉ်ဖြူသေဆုံးသည့်နေရာသို့ ကြည့်လိုက်၏။

"ဟင် ..."

သူ၏မျက်လုံးအစုံ ဝိုင်းစက်ပြူးကျယ်သွား၏။

"ဝိညာဉ်ဖြူ ဘယ်ရောက်သွားပါလိမ့် ..."

ဟု အလန့်တကြား ရေရွတ်လိုက်၏။

ချုန်းကုန်း၏အသံကြောင့် ချုန်းနီက အလောင်းအား လှမ်းကြည့်လိုက်၏။

မြေပေါ်တွင် ဝိညာဉ်ဖြူ၏အလောင်း မရှိတော့ပါ။

သူတို့သည် ဝန်းကျင်အနှံ့လှည့်ပတ်ကြည့်လိုက်၏။

မည်သည့်နေရာတွင်မှ မတွေ့ရပါ။

ချုန်းကုန်းက သက်ပြင်းချလိုက်၏။

"ထူးဆန်းလိုက်တာ ..."

ချုန်းနီက ...

"ကျွန်မတို့စကားပြောနေတုန်း အလောင်းကို တစ်ယောက် ယောက်က သယ်ပြေးသွားပြီထင်တယ် ..."

ချုန်းကုန်းက ...

"ဖြစ်နိုင်တယ် ... ၊ ကဲ ... သွားကြစို့"

သူသည် ပြောပြောဆိုဆိုဖြင့် အိပ်ပျော်နေသော ရှိုးအစ်အား မွေ့ချိုကာ ခြေလှမ်းကြိုကြဖြင့် ထွက်သွား၏။

ချွန်းနိုက နောက်မှလိုက်ပါသွားလေတော့သည်။



ချွန်းကုန်းမှာ လမ်းအတိုင်း ခပ်သွက်သွက်လျှောက်လာ၏။ ခြေလှမ်းတစ်ရာပင် မပြည့်သေးပါ။

ချွန်းကုန်း၏ ခြေလှမ်းများ ရပ်တန့်သွား၏။

ချွန်းနိုက ...

"ဦးလေး ... ဘာဖြစ်လို့လဲ ..."

ဟု မေးလိုက်၏။

အမှန်တော့ သူမက မေးစရာပင်မလိုပါ။

ချွန်းကုန်း အဘယ်ကြောင့်ရပ်တန့်လိုက်မှန်း သူမက ချက်ချင်းပင် နားလည်သွား၏။

ချွန်းကုန်က မရပ်၍မရတော့ပါ။

သူ့ရှေ့ဝါးတစ်ရိုက်ခန့်အကွာတွင် လူတစ်ယောက် ရပ်နေသည်မဟုတ်ပါလား။

ထိုလူမှာ အခြားလူမဟုတ်ပါ။

မည်သည့်အခါမှ သတ်၍မသေသော ဝိညာဉ်ဖြူပင်ဖြစ်၏။

ချွန်းကုန်းသည် ဝိညာဉ်ဖြူ၏ သိုင်းပညာအား ကောင်းစွာသိုလှောင်ရပြီဖြစ်၍ သူက အထင်မကြီးတော့ပါ။

နှာခေါင်းရှဲ့ကာ ...

"ဒီတစ်ကြိမ်တော့ မင်းတို့ညီနောင် သိုင်းလောကကနေ လုံးဝပျောက်ကွယ်သွားစေရမယ်"

သူကကြုံးဝါးပြီး ဝိညာဉ်ဖြူအလာကို မစောင့်တော့ဘဲ ဝိညာဉ်ဖြူအား ခုန်ဝင်ကာ တိုက်ခိုက်လိုက်၏။

ဝိညာဉ်ဖြူကလည်း တံ့ပြန်တိုက်ခိုက်လိုက်၏။

"ချွင် ..."

ချွန်းကုန်းက နောက်သို့ ခြေတစ်လှမ်းဆုတ်ရကာ ဝိညာဉ်ဖြူက နောက်သို့ ခြေလှမ်းသုံးဆုတ်လိုက်ရ၏။

ချွန်းကုန်းက မဲ့လိုက်၏။

သူ၏အတွင်းအားမှာ ဝိညာဉ်ဖြူ၏အတွင်းအားထက် သာလွန်ခန်း သူက သိလိုက်ရ၏။

ထို့ကြောင့် သူ၏ဓားချက်တွင် အတွင်းအားအပြည့်အဝထည့်ကာ တိုက်ခိုက်လိုက်၏။

"ဝှစ် ... ဝှစ် ..."

သူ၏ဓားချက်မှာ မုန်တိုင်းအားမာန်ပြင်းလှ၏။

ဝိညာဉ်ဖြူမှာ လိမ္မာပါးနပ်သူ ဖြစ်၏။

ဓားချင်းမထိအောင် လှည့်ပတ်ကာ တံ့ပြန်တိုက်ခိုက်လိုက်၏။

ချွန်းကုန်းမှာ တိုက်ပွဲအတွေ့အကြုံအလွန်ရင့်ကျက်သူ ဖြစ်၏။

ဝိညာဉ်ဖြူက သူ၏အတွင်းအားကို ရင်မဆိုင်ဝံ့ကြောင်း ကောင်းစွာ နားလည်ထား၏။

ထို့ကြောင့် သူက ဓားချင်းရင်မဆိုင်ဘဲ မဲနေနိုင်အောင် သိုင်းကွက်များကို တစ်ကွက်ပြီးတစ်ကွက် ထုတ်ဖော်လိုက်၏။

ချွန်းကုန်း၏ ပြင်းထန်သောဓားချက်များကို ရှောင်တိမ်းရင်း ဝိညာဉ်ဖြူ၏ အခြေအနေမှာ တစ်စစဆိုးလာ၏။

နောက်ဆုံး ရှောင်လွှဲ၍မရတော့ဘဲ ရင်ဆိုင်တိုက်ခိုက်ရသော အနေအထားသို့ ရောက်လာ၏။

ချွန်းကုန်းက အားဆေးစွာ ပြိုးလိုက်၏။

သူက ဓားကွက်၏ အရှိန်အဟုန်ကို ထပ်မံမြှင့်တင်လိုက်၏။

သူ၏ ဓားသည် ဝိညာဉ်ဖြူ၏ ခန္ဓာကိုယ်ပေါ်သို့ ဖွေးဖွေးစောင်းစောင်း အနေအထားဖြင့် ခုတ်ချလိုက်၏။

ဝိညာဉ်ဖြူက သူ၏ဓားဖြင့် ခုခံပေးလိုက်၏။

"ချွင် ..."

ဓားနှစ်လက် အရှိန်ပြင်းစွာ ထိတွေ့သွား၏။

ဝိညာဉ်ဖြူ၏ ဓားမှာ ကျိုးပြတ်သွား၏။

ချွန်းကုန်း၏ ဓားသည် အရှိန်ဖြင့် ဝိညာဉ်ဖြူ၏ ကိုယ်ပေါ်သို့ တိုးဝင်လာ၏။

ဝိညာဉ်ဖြူမှာ ထိတ်လန့်ကာ ရှောင်တိမ်းရန်ကြိုးစားလိုက်၏။

သို့သော် ...

သူက နောက်ကျသွား၏။

ချွန်းကုန်း၏ ဓားသည် ဝိညာဉ်ဖြူ၏ ခန္ဓာကိုယ်ထဲသို့ တည့်တည့်စွာ တိုးဝင်သွားလေသည်။

"အား ..."

ဝိညာဉ်ဖြူ၏ စူးရှသောအော်သံနှင့်အတူ လဲကျသွားသည်ကို တွေ့လိုက်ရ၏။

ချွန်းနီသည် ကြောင်ငေးကာ ကြည့်နေမိ၏။

ချွန်းကုန်းက ချွန်းနီ၏လက်အားဆွဲကာ ချက်ချင်းပင်ထိုနေရာမှ ပြေးလွှားထွက်ခွာသွားလေတော့သည်။

✿ ✿ ✿

ရွာငယ်လေးတစ်ရွာ ...။

ရွာအဝင်လမ်းကလေးတွင် စားသောက်ဆိုင်တစ်ဆိုင် ရှိ၏။

ဆိုင်ရှင်အဘိုးအိုမှာ ငွေသိမ်းစားပွဲတွင်ထိုင်ကာ ငိုက်မြည်းနေ၏။

သူ၏ဆိုင်သည် ယခုကဲ့သို့ အမြဲလိုပင်ခြောက်သွေ့နေ၏။

တစ်ခါတစ်ရံ ဖြတ်သွားသောခရီးသည်များရှိမှသာ ရောင်းရတော်၏။

ထို့ကြောင့် သူ့ဆိုင်တွင် ဟင်းစုံလင်စွာ မထားပါ။

အရက်တစ်မျိုးနှင့် ဟင်းတစ်မျိုးသာ ရောင်း၏။

ထိုဟင်းမှာလည်း ပဲပြားဟင်းသာ ဖြစ်၏။

အဘိုးအိုမှာ အသက်ခုနစ်ဆယ်ခန့် ရှိပြီဖြစ်၏။

အသက်ကြီးရင့်သော်လည်း ဤအတိုင်းမထိုင်လိုသဖြင့် ဆိုင်ကလေးဖွင့်ထားခြင်းဖြစ်၏။

အဘိုးအိုသည် ငိုက်မြည်းနေရာမှ ခုန်ရွေ့သဲထွက်ပေါ်လာသည်ကို မျက်လုံးကို အသာဖွင့်ကြည့်လိုက်၏။

ဆိုင်တွင်း၌ လူတစ်ယောက် ထိုင်နေသည်ကို တွေ့လိုက်ရ၏။

ထိုလူမှာ အသက် သုံးဆယ်ကျော်ခန့်ရှိပြီး သိုင်းသမား တစ်ယောက်ဟု ခန့်မှန်းမိ၏။

အဘိုးအိုသည် သိုင်းသမားများ၏ စိတ်ဓာတ်ခက်ထန်ပုံကို ကောင်းစွာ နားလည်ထား၏။

ထို့ကြောင့် ကပျာကယာထကာ အရက်နှင့် ပဲပြားအား ရောင်းပေးလိုက်၏။

ထိုလူက ဘာစကားမှမပြောပါ။

ငွေတုံးလေးတစ်တုံး ထုတ်ပေးလိုက်၏။

အဘိုးအိုသည် ငွေတုံးလေးကိုယူကာ ကျသင့်ငွေကို တွက်ချပြီးငွေကို ပြန်အမ်းလိုက်၏။

ထိုလူအား ကြည့်ရသည်မှာ အရေးတကြီးခရီးဆက်ရန်ရှိနေရ၏။ အရက်နှင့်ပဲပြားအား အရသာပင်မခံဘဲ အမြန်စားသောက်နေ၏။

အဘိုးအိုက ငွေသိမ်းစားပွဲနောက်တွင် ပြန်ထိုင်ကာ ငိုက်မြည်းရန် ဟန်ပြင်လိုက်၏။

သို့သော် ...

အဘိုးအိုက မငိုက်ဖြစ်ပါ။

ဆိုင်တွင်းသို့ စားသုံးသူနှစ်ယောက် ဝင်လာသောကြောင့်ဖြစ်၏။

အဘိုးအိုသည် ချက်ချင်းပင် စားပွဲတစ်လုံးအား ဖုန်သုတ်ကာ နေရာချပေးလိုက်၏။

ဝင်ရောက်လာသူနှစ်ဦးမှာ သားအဖဖြစ်မည်ဟု ထင်ရ၏။

သို့သော် ...

ကလေးမှာ အဖေနှင့်ရုပ်မတူပေ။

လူငယ်က ...

"ဘာရနိုင်မလဲ ..."

ဟု တိုးညင်းစွာမေးလိုက်၏။

အဘိုးအိုက လူငယ်အား တစ်ချက်အကဲခတ်ကြည့်လိုက်၏။

လူငယ်သည် ခရီးဝေးမှလာရဟန်တူ၏။

တစ်ကိုယ်လုံး ဖုန်များအလိမ်းလိမ်း ဖြစ်နေ၏။

ထို့အတူ ကလေးမှာလည်း ညစ်ပတ်ပေရေနေ၏။

လူငယ်က ထပ်မေးလိုက်၏။

"ဘာရနိုင်မလဲ ..."

ယခုမှပင် အဘိုးအိုက သတိဝင်ကာ ပြုံးပြလိုက်၏။

"ကြော် ... အရက်နဲ့ ပဲပြားရမယ် ..."

လူငယ်က ...

"ကောင်းပြီ ... ၊ အရက်တစ်အိုးနဲ့ ပဲပြားများများ ယူခဲ့ပါ"

ဟု မှာလိုက်၏။

အဘိုးအိုက ထွက်မသွားသေးပါ။

လူငယ်က ပြုံးလိုက်၏။

အဘိုးအိုသည် သူ့အား ငွေမပေးနိုင်ဟုထင်နေသည် မဟုတ်ပါလား။

လူငယ်က အိတ်ထဲသို့လက်နှိုက်ပြီး ပြန်ထုတ်လိုက်ရာ ...

"ချွင် ..."

အိတ်ထဲမှ ရွှေရောင်တံဆိပ်တုံးတစ်ခု ထွက်လာ၏။

တစ်ဖက်စားပွဲတွင် ထိုင်နေသော သိုင်းသမားမှာ ထိုအရာအား တွေ့မြင်လိုက်ရသောအခါ မျက်မှောင်ကုတ်သွား၏။

လူငယ်က အရေးမထားဟန်ဖြင့် ထိုတံဆိပ်တုံးအား ပြန်သိမ်းကာ ... ငွေတုံးတစ်တုံး ထုတ်ပေးလိုက်၏။

"အဘ ... ပဲပြားကို ထမင်းအဖြစ်စားရမှာ ... ရသလောက်သာ ယူခဲ့ပါ ..."

အဘိုးအိုက ငွေတုံးအားသိမ်းကာ ...

"စိတ်ချ ... စိတ်ချ ..."

သူက ချက်ချင်းပင် အရက်နှင့်ပဲပြားများ ချပေးလိုက်၏။

လူငယ်နှင့် သူနှင့်ပါလာသောကလေးမှာ ပဲပြားများကို ဝေ့ပြီး ပလောင်းစားနေကြ၏။

အဘိုးအိုက သူတို့အားကြည့်ကာ ...

"အင်း ... ဘယ်လောက်တောင် ငတ်လာလဲမသိဘူး ... ဟု မှတ်ချက်ချလိုက်၏။

အမှန်တော့ ထိုလူငယ်မှာ ကျားရဲသခင်လေးဖြစ်ပြီး ကလေးမှာ ရှီးဝေ့ပင်ဖြစ်၏။

သူတို့သည် နှစ်ရက်တိုင်တိုင် ပြေးနေခဲ့ရပြီး ဘာမှမစားမသောက်ရသေးပါ။

ကျားရဲသခင်လေးသည် အရက်အား အိုးလိုက်မော့သောက်လိုက်၏။

အရက်မှာ အညံ့စားဖြစ်သဖြင့် သူ၏မျက်နှာ ရှုံ့မဲ့သွား၏။

သို့သော် ...

ထွေးမထုတ်ဖြစ်ပါ။

အရက်၏ချဉ်တူးတူးအနံ့ကို နှာခေါင်းရှုံ့လိုက်၏။

"စားလို့ကောင်းရဲ့လား ..."

သူ၏အမေးကို ရှီးဝေ့က ခေါင်းပင်ညိတ်ပြကာ ပဲပြားများကို ဆက်လက်စားနေ၏။

စောစောက အော်ရေးတက်ကြီးစားသောက်နေသော သိုင်းသမားမှာ အလောတကြီးဟန်မူရာ မရှိတော့ပါ။

ပဲပြားနှင့်အရက်ကို ဖိမ်ခံကာ စားသောက်နေနေ၏။

ရှီးဝေ့သည် စားသောက်ပြီးစီးသွားသောအခါ မျက်လုံးများမှိတ်ကျလာ၏။

ကလေးဖြစ်၍ ဟန်ပင်မဆောင်နိုင်ဘဲ စားပွဲပေါ်တွင် မှောက်ကျသွား၏။

ကျားရဲသခင်လေးက သက်ပြင်းချရှင်း အရက်အားမော့သောက်လိုက်၏။ နှုတ်ခမ်းတွင် ပေကျဲသွားသောအရက်ကို ဘယ်လက်ခုံဖြင့် သုတ်လိုက်ပြီး အရက်အိုးကို ပြန်ချလိုက်၏။

သူသည် ရိုးဝေအား ကြည့်ကာ စိတ်မကောင်းဖြစ်သွား၏။

"ရိုးဝေ ... မင်းကို ငါ ဘယ်လိုလုပ်ရမလဲ ... ၊ ငါနဲ့အတူနေရင် မင်းဘဝ အေးချမ်းမှာမဟုတ်ဘူး ... ၊ အခုလိုပဲ အမြဲတမ်းပြေးလွှားနေရလိမ့်မယ် ... "

သူက တွေးရင်း အံကြိတ်လိုက်၏။

"ငါ့ ရိုးဝေကို ဆက်ခေါ်သွားလို့ ဖြစ်ပါ့မလား ... ၊ သူ့ကို သင့်တော်မယ့်တစ်နေရာရာမှာ ထားခဲ့တာ ကောင်းမယ်ထင်တယ်"

ရုတ်တရက် ...

"ဦးဦး ... ကျွန်တော့်ကို ခေါ်သွားပါ၊ မထားခဲ့ပါနဲ့ ... "

ရိုးဝေ၏ ယောင်ယမ်းသံထွက်ပေါ်လာ၏။

ကျားရဲသခင်လေး၏ ရင်ထဲတွင် နင့်ခနဲဖြစ်သွား၏။

တစ်လမျှအချိန်အတွင်း ကလေးငယ်နှင့် သူ၏အကြားတွင် သံယောဇဉ်ကြိုးက ခိုင်မြဲစွာ ချည်နှောင်မိပြီ မဟုတ်ပါလား။

ကျားရဲသခင်လေးက လေပူတစ်ချက် မှုတ်ထုတ်လိုက်၏။

"ငါ သူ့ကိုမထားခဲ့တော့ဘူး ... ၊ ခေါ်သွားမယ်၊ ဘယ်သူမ ငါ့နောက်မလိုက်နိုင်တဲ့နေရာ ရှာဖွေပြီး ဇာတ်မြုပ်နေမယ် ... ၊ ငါ သူ့ကို သိုင်းပညာသင်ပေးမယ် ... ၊ တစ်နေ့ ငါဖြစ်ချင်တဲ့ဆန္ဒကို သူက အကောင်အထည်ဖော်ပေးမှာ သေချာတယ်"

သူသည် ရိုးဝေအား ဆက်လက်ခေါ်သွားရန် ဆုံးဖြတ်လိုက်တော့သည်။

ည ... ။

ကောင်းကင်တွင် လပြည့်ဝန်းရှိနေ၏။

လ၏အလင်းရောင်သည် ဝန်းကျင်တစ်ခုလုံးအား ဖြန့်ကျက်ထား၏။

အေးမြလှသော ညတစ်ညပင်ဖြစ်၏။

တောလမ်းလေးတစ်ခု ... ။

လရောင်အောက်တွင် လမ်းကလေးမှာ ထင်းနေ၏။

ထိုလမ်းလေးအတိုင်း လူနှစ်ယောက် လျှောက်လာ၏။

ကျားရဲသခင်လေးနှင့် ရိုးဝေတို့ဖြစ်၏။

ရိုးဝေသည် တစ်လမ်းလုံး ငြိမ်သက်စွာလိုက်ပါလာရာမှ ရုတ်တရက် ကောက်ကာငင်ကာ မေးလိုက်၏။

"ဦးဦး ... ဟိုလူတွေက ဘာဖြစ်လို့ ဦးဦးနောက်ကိုလိုက်နေတာလဲ ... ၊ ဦးဦးရဲ့ ရန်သူတွေလား ... "

ကျားရဲသခင်လေးက ...

"ဟုတ်တယ် ... "

ရိုးဝေက ...

"ဒါဆို ဦးဦးက မောင်းထုတ်လိုက်ပေါ့ ... "

ကျားရဲသခင်လေးက ပြုံးလိုက်၏။

"ဦးဦးက ရန်မဖြစ်ချင်တော့ဘူးကွ ... ၊ ဒါကြောင့် သူတို့တွေ့ မလာနိုင်တဲ့အထိ သွားမလို့ ..."

ရိုးဝေ့က ...

"ဒါဖြင့် ... ကျွန်တော်တို့နေရာကို သွားမလား ..."

ကျားရဲသခင်လေးက ...

"ဘယ်နေရာလဲ ..."

ရိုးဝေ့က ...

"ဦးဦးကလဲ မေ့နေပြန်ပြီ ... ကျွန်တော့် ဘိုးဘိုးက ကျွန်း မြို့စားကြီးလေ ..."

ကျားရဲသခင်လေးက တွေဝေသွား၏။

ကျန်းဖုဒေသမှာ နယ်ခြားတွင်ရှိ၏။

ပြည်ပမှလူများ လိုက်လာနိုင်မည်မထင်ပါ။

ခြေရာဖျောက်၍ ကောင်းမည့်နေရာဖြစ်၏။

သူက ဓောတ်မြုပ်နေထိုင်ရန် စိတ်ကူးထားရာ ထိုနေရာ သင့်တော်လှ၏။

ထို့ပြင် ... ရိုးဝေ့အတွက်လည်း ကောင်း၏။

ကျန်းဖုတွင် ရိုးဝေ့၏ဆွေမျိုးများ ရှိနိုင်၏။

ကျားရဲသခင်လေးက ခေါင်းညိတ်လိုက်၏။

"ကောင်းပြီ ... တို့တွေ ကျန်းဖုကိုသွားကြမယ်"

ရိုးဝေ့က ...

"ဦးဦး တကယ်ပြောတာလား ..."

ကျားရဲသခင်လေးက ပြုံးကာ ခေါင်းညိတ်လိုက်၏။

"တကယ်ပြောတာပေါ့ ..."

ရိုးဝေ့က ဝမ်းသာသွား၏။

သူသည် ခုန်ပေါက်ကာ ပြေးလွှားသွားလေတော့သည်။



အချိန်များ တရွေ့ရွေ့ကုန်ဆုံးလာ၏။

ညဥ့်နက်သန်းခေါင်တိုင် ရှိပြီဖြစ်၏။

ကျားရဲသခင်လေးနှင့် ရိုးဝေ့မှာ တရွေ့ရွေ့နှင့် လျှောက်လာ ကြ၏။

ရိုးဝေ့အားကြည့်ကာ ကျားရဲသခင်လေးက သနားလာ၏။

"မောပြီလား ... ဦးဦး ကျောပိုးရမလား ..."

ရိုးဝေ့က ...

"ရပါတယ် ဦးဦး ..."

ကျားရဲသခင်လေးက ...

"ရတယ်မလုပ်နဲ့ ... အချိန်ကြာတယ် ..."

သူကပြောပြောဆိုဆိုဖြင့် ရိုးဝေ့အား ကျောတွင်ပိုးလိုက်၏။

ထို့နောက် ကိုယ်ဖော့ပညာသုံးကာ လမ်းအတိုင်းပြေးလာခဲ့၏။

မကြာမီ ... လမ်းဆုံတစ်ခုအနီးသို့ ရောက်ရှိလာ၏။

ထိုလမ်းခွဆုံတွင် ခရီးသည်များနားခိုရန် ရည်ရွယ်ဆောက်လုပ်ထားဟန်တူသော ဧရပ်တစ်ခုရှိ၏။

ကျားရဲသခင်လေးသည် ဧရပ်တွင် ခေတ္တနားခိုရန် စိတ်ကူးကာ ဧရပ်ရှေ့တွင် ရပ်လိုက်၏။

ထိုစဉ် ... ရုတ်တရက် ဧရပ်အတွင်းမှ ...

"ကျုပ်တို့ စောင့်နေတာကြာပါပြီ ..."

ဟူသည့် အေးစက်သည့်စကားသံထွက်ပေါ်လာ၏။

ကျားရဲသခင်လေး၏မျက်နှာ ကွက်ခနဲပျက်သွား၏။

ဧရပ်ပေါ် လှမ်းတက်မည့်ခြေလှမ်း တုံ့ခနဲရပ်သွား၏။

ဧရပ်ပေါ်မှလူတစ်စု အောက်သို့ခုန်ဆင်းလာ၏။

စုစုပေါင်း ခုနစ်ယောက်ဖြစ်၏။

အားလုံး ချင်ကျုံးဂိုဏ်းသားများ ဖြစ်၏။

ကျားရဲသခင်လေးက ရင်ထိတ်ကာ ထိုလူများအား သေချာကြည့်လိုက်၏။

စည်းကမ်းထိန်းသိမ်းရေးမှူး ကျောက်အိန်းဦးဆောင်သည့် ဂိုဏ်းသားတစ်စု ဖြစ်၏။

သူသည် ချင်ကျုံးဂိုဏ်းချုပ် ပါမလာသည်ကို တွေ့ရသဖြင့် စိတ်သက်သာရာရသွား၏။

ကျောက်အိန်းက ...

"မင်း ... ကျုပ်တို့လက်က ပြေးမလွတ်ပါဘူးကွာ ..."

ကျားရဲသခင်လေးက ...

"မင်းတို့ဂိုဏ်းချုပ် ဘယ်မှာလဲ ... ကျုပ်နဲ့ယှဉ်မယ်ဆိုရင် ထွက်ပြောခိုင်းလိုက်ပါ"

သူသည် ချင်ကျုံးဂိုဏ်းချုပ် ရှိမရှိ သိလိုသဖြင့် အကဲစမ်းမေးလိုက်ခြင်း ဖြစ်၏။

ကျောက်အိန်းက ...

"ကျုပ်တို့ ဂိုဏ်းချုပ် မလိုပါဘူး ...၊ ကျုပ်တို့ကပဲ မင်းကို ရှင်းပစ်နိုင်ပါတယ် ..."

ကျားရဲသခင်လေးက ...

"မင်းတို့က လူအများအားကိုးနဲ့ အနိုင်ယူချင်တယ်ပေါ့ ...၊ ဟုတ်လား ..."

ကျောက်အိန်းက ...

"ဒီနေရာမှာ ဘယ်သူမှမရှိဘူး ...၊ မင်းကို အများနဲ့ဝိုင်းပြီး အနိုင်ယူတဲ့သတင်း ပေါက်ကြားစရာလမ်း မရှိဘူး ..."

သူက ပြောပြီး လက်ဝှေ့ယမ်းလိုက်၏။

ချင်ကျုံးဂိုဏ်းသားများက လက်နက်ကိုယ်စီကိုင်ကာ ကျားရဲသခင်လေးအား ဝိုင်းရံတိုက်ခိုက်လိုက်ကြ၏။

ကျားရဲသခင်လေးက ဒေါသချောင်းချောင်းထွက်သွား၏။

သူသည် ချက်ချင်းပင် ဓားဆွဲထုတ်ကာ တုန့်ပြန်တိုက်ခိုက်လိုက်၏။

ကျောက်အိန်းကလည်း ဓားဆွဲထုတ်ကာ တိုက်ပွဲအတွင်းဝင်ရောက်လာ၏။

ခုနစ်ယောက်နှင့် တစ်ယောက်ဖြစ်၏။

အင်အားက အလွန်ကွာ၏။

သို့သော် ...

ကျားရဲသခင်လေးက ဂရုမစိုက်ပါ။

ရန်သူမှာ အင်အားများသော်လည်း သိုင်းပညာအဆင့်မြင့်သူမှာ ကျောက်အိန်းတစ်ယောက်တည်းသာ ရှိသည်မဟုတ်ပါလား။

ကျားရဲသခင်လေးသည် ရှီးဝေ့အား ကျောတွင်ပိုးထားသဖြင့် မတော်တဆ ထိခိုက်မိမည်ကို စိုးရိမ်၏။

ထို့ကြောင့် ချင်ကျုံးဂိုဏ်းသားများအား ရုတ်တရက် အနိုင် မယူနိုင်ဘဲ ဖြစ်နေ၏။

အချိန်ကြာလာလျှင် ချင်ကျုံးဂိုဏ်း၏ စစ်ကူများရောက်လာနိုင်သည်ဟု တွေးမိသဖြင့် ကျားရဲသခင်လေးမှာ စိတ်လောလာ၏။

သူသည် ချက်ချင်းပင် ဓားကွက်ကို ပြောင်းကာ တိုက်ခိုက်လိုက်၏။

သူ၏ဓားချက်တိုင်းမှာ ပြင်းထန်လှ၏။

ရက်စက်ကြမ်းကြုတ်ကာ ပရိယာယ်များ၏။

သူ၏ဓားချက်များအား ချင်ကျုံးဂိုဏ်းသားများက မခုခံနိုင်ပါချေ။

ထို့ကြောင့် သိုင်းကွက်ငါးဆယ်အတွင်းတွင် ...

"အား ..."

"အင့် ..."

"အ ... အ ..."

ချင်ကျုံးဂိုဏ်းသားသုံးယောက်မှာ ကျားရဲသခင်လေး၏ ဓားချက်များထိမှန်ကာ သေဆုံးသွား၏။

ကျားရဲသခင်လေးသည် နောင်တရခဲ့ပြီးဖြစ်၍ လူမသတ်လိုတော့ပါ။

သို့သော် ...

အခြေအနေအရ သူက လူမသတ်၍မဖြစ်ပေ။

သူကမသတ်လျှင် သူ့ကိုသတ်ကြမည်မဟုတ်ပါလား။

ချင်ကျုံးဂိုဏ်းသားများ၏ တိုက်ခိုက်မှုအားလျော့လာသည်နှင့် အမျှ ကျားရဲသခင်လေး၏ ဂိုက်ခိုက်မှုမှာ ပြင်းထန်လာ၏။

တစ်ခဏအတွင်း နောက်ထပ် ချင်ကျုံးဂိုဏ်းသားခုနစ်ယောက် သေဆုံးသွားပြန်၏။

ကျောက်အိန်းမှာ ထိတ်လန့်သွား၏။

ဒေါသချောင်းချောင်းလည်း ထွက်လာ၏။

သူသည် ကျားရဲသခင်လေးအား ဆက်တိုက်ရမည်လော၊ ဆုတ်ခွာရမည်လော သူက မဝေခွဲတတ်ပေ။

ကျားရဲသခင်လေးက ကျောက်အိန်းအား စိုက်ကြည့်လိုက်၏။

"ကျုပ် ဒီကထွက်သွားရင် ခင်ဗျားက ဟန့်တားဦးမှာလား"

သူ၏အသံမှာ အေးစက်မာကြောနေ၏။

ကျောက်အိန်းက အံတင်းတင်းကြိတ်လိုက်၏။

"ကျုပ်က ဟန့်တားရမှာပဲ ..."

ကျားရဲသခင်လေးက ...

"ခင်ဗျားမှာ ကျုပ်ကို ဟန့်တားနိုင်စွမ်းရှိလို့လား ..."

ကျောက်အိန်းက ပါးစပ်ပိတ်သွား၏။

ထိုစဉ် ...

"မင်းကို ဟန့်တားရဲတင်မကဘူး သတ်ပစ်နိုင်စွမ်းပါရှိတယ် ဆိုတာ နားလည်ထားပါ ..."

ဟူသော ခက်ထန်မာကြောသည့် စကားသံထွက်ပေါ်လာ၏။

ကျားရဲသခင်လေးက နောက်သို့ချာခနဲလှည့်ကြည့်လိုက်၏။

သူ၏နောက်ဘက် ဝါးတစ်ရိုက်ခန့်အကွာတွင် လူနှစ်ယောက် ရပ်နေ၏။ ရတနာဂိုဏ်းမှ အမှတ်တစ်နှင့် အမှတ်သုံးတို့ဖြစ်၏။

အမှတ်သုံးက ရှေ့တိုးလာ၏။

"မင်းကို တစ်ယောက်ချင်း မယှဉ်နိုင်ပေမယ့် သုံးယောက်ပေါင်းတိုက်ခိုက်ရင်တော့ ဘာမှမူစရာမလိုတော့ဘူး ..."

ကျားရဲသခင်လေးက အေးတိအေးစက်ဖြင့် ...

"သေချာရဲ့လား ..."

အမှတ်တစ်က ...

"အနိုင်မရရင်တောင် မင်းကို ပိတ်ဆို့ထားနိုင်မှာပဲ ... မကြာခင် ကျုပ်တို့ဂိုဏ်းချုပ် ရောက်လာလိမ့်မယ် ... အဲဒီအခါမှ မင်းအသက်ကို နုတ်ယူတာပေါ့ ..."

ကျားရဲသခင်လေး၏မျက်နှာ ကွက်ခနဲပျက်သွား၏။

"မင်းတို့က ကျုပ်ထက်တောင် ရက်စက်တဲ့လူတွေပဲ ... ကောင်းပြီလေ ... လူမသတ်တော့ဘူးလို့ ကျုပ်ဆုံးဖြတ်ထားပေမယ့် မင်းတို့ကိုတော့ သတ်ပစ်ရဦးမှာပေါ့ ..."

ကျောက်အိန်းက ...

"အပြောမကြီးနဲ့လေ ... ဒီနေ့ ဘယ်သူသေမယ်ဆိုတာ ကြည့်ကြသေးတာပေါ့"

ကျားရဲသခင်လေးက ဘာမှပြန်မပြောတော့ပါ။

ဓားအားလွှဲယမ်းကာ ကျောက်အိန်းအား တိုက်ခိုက်လိုက်၏။

သို့သော် ...

အမှတ်တစ်က ကြာ.မှဝင်ရောက်ခုခံပေးလိုက်၏။

"ချွင် ..."

ကျားရဲသခင်လေးသည် အမှတ်တစ်နှင့် အမှတ်သုံး ကိုပါ တိုက်ခိုက်လိုက်လေတော့သည်။

✿ ✿ ✿

မမြင်ကွယ်ရာ

တိုက်ပွဲမှာ ပြင်းထန်လှ၏။

ကျားရဲသခင်လေးသည် သုံးယောက်နှင့်တစ်ယောက် ယှဉ်ပြိုင် တိုက်ခိုက်နေ၏။

သူက ဒေါသအလွန်ထွက်နေ၏။

ထို့ကြောင့် သူ၏ ဓားချက်များမှာ မုန်တိုင်းပမာ ပြင်းထန်လှ၏။

အမှတ်တစ်နှင့် အမှတ်သုံးက ရင်ထိတ်သွား၏။

ကျားရဲသခင်လေး၏ ပြင်းထန်သောတိုက်ခိုက်မှုကြောင့် သူ တို့၏ ပိတ်ဆို့ထားမှုမှာ မဖြစ်နိုင်တော့ပါ။

ကျားရဲသခင်လေးအား ထွက်ပေါက်ပေးရတော့မလို ဖြစ်နေ၏။

အမှတ်သုံးက အားမလိုအားမရဖြစ်သွား၏။

ထိုစဉ် သူ၏ မျက်လုံးများက ကျားရဲသခင်လေး၏ နောင် ကျောတွင် ပိုးထားသော ရိုးဝေအား တွေ့လိုက်၏။

သူက ကောက်ကျစ်စွာ ပြုံးလိုက်၏။

သူ၏ ဓားမှာ ဦးတည်ချက်ပြောင်းသွား၏။

သူ၏ ဓားချက်များသည် ရိုးဝေ့ထံသို့သာ ဦးတည်တိုက်ခိုက် လိုက်၏။

ကျားရဲသခင်လေးက ထိတ်လန့်သွား၏။

သူသည် ရိုးဝေ့အား ထိခိုက်မည်စိုး၍ သတိထားကာ ရှောင် တိမ်းနေရ၏။

ထို့ကြောင့် တိုက်စစ်အားပျော့သွားပြီး ထိုးဖောက်မထွက်နိုင်ဘဲ ဖြစ်နေ၏။

ကျားရဲသခင်လေးက ဒေါသချောင်းချောင်းထွက်လာ၏။

"မင်းတို့ ယုတ်မာလှချည်လား ..."

ဟု အော်ဟစ်လိုက်၏။

အမှတ်သုံးက ရယ်မောကာ ...

"ဘယ်သူမှ ကျုပ်ကို့ယုတ်မာတယ်လို့ ပြောနိုင်မှာမဟုတ်ပါဘူး ..."

ကျားရဲသခင်လေးက အံတင်းတင်းကြိတ်လိုက်၏။

"ခင်ဗျားတို့က သွေးကြွေးဆပ်ဖို့လို့ အသံကောင်းဟစ်တယ်၊ ကျုပ်ကို ဆိုးသွမ်းရက်စက်တယ်လို့ ကြေညာတယ် ... ၊ တကယ်တမ်း ကျတော့ ခင်ဗျားတို့ကသာ ကောက်ကျစ်ယုတ်မာရက်စက်တဲ့လူ တွေဗျ ... ၊ ဂုဏ်သိက္ခာကျဆင်းမှာကို ကြောက်တယ်၊ ကျုပ်ကိုမယှဉ် နိုင်တော့ အဖြစ်မဲ့တဲ့ကလေးကို ဓားစာခံလုပ်တယ်၊ ခင်ဗျားတို့ လူယုတ်မာဆိုတာ တစ်နေ့ အားလုံးသိမှာပါ ..."

"ဟား ... ဟား ... ဟား ..."

ကျောက်အိန်းက ရယ်မောလိုက်၏။

"ဒီလိုခေါင်တဲ့နေရာက အဖြစ်အပျက်ကို ဘယ်သူမှမသိနိုင်ပါဘူးဗျာ ..."

ကျားရဲသခင်လေး၏ ရင်ထဲတွင် လေးလံသွား၏။

ရုတ်တရက် ...

"ဘယ်သူမှမသိနိုင်ပေမယ့် ကျုပ်သိတယ် ..."

အေးစိမ့်သော စကားသံ ထွက်ပေါ်လာ၏။

အသံနှင့်အတူ ဇရပ်ရှေ့သို့ လူတစ်ယောက် ရောက်လာ၏။

ကျောက်အိန်းက ...

"ခင်ဗျား ... ဘယ်သူလဲ"

ထိုလူက ...

"ကျုပ်နာမည် စွန်ကျင်းပါ ..."

ကျောက်အိန်းက ...

"ကျုပ်တို့ ချင်ကျုံးဂိုဏ်းနဲ့ ရတနာဂိုဏ်းက ဒီရန်သူကို ရှင်းပစ်မလို့ပါ ... ၊ မိတ်ဆွေ အေးအေးဆေးဆေးဘေးကကြည့်နေနိုင်ပါတယ် ..."

သူက ဂိုဏ်းများ၏ အမည်ကို ဖော်ထုတ်ကာ စွန်ကျင်းအား ခြိမ်းခြောက်လိုက်ခြင်း ဖြစ်၏။

ကျားရဲသခင်လေးသည် ရောက်ရှိလာသော လူအားကြည့်လိုက်၏။

ထိုလူမှာ အဘိုးအို၏ ပဲပြားဆိုင်တွင် တွေ့ခဲ့ရသူဖြစ်မှန်း သဘောပေါက်လိုက်၏။

စွန်ကျင်းက မျက်မှောင်ကုတ်သွား၏။

"ချင်ကျုံးဂိုဏ်းနဲ့ ရတနာဂိုဏ်းက နာမည်ကျော်ဂိုဏ်းတွေပဲ ... "

ကျောက်အိန်းက ...

"မိတ်ဆွေသိတယ်ဆိုရင် ကျုပ်စကားကို နားထောင်ပြီး အေးအေးဆေးဆေး ကြည့်နေပါ ... ၊ ဒါမှမဟုတ်ရင်တော့ ဒီက အမြန်ဆုံးထွက်သွားပါ ..."

စွန်ကျင်းက ...

"နေပါဦးဗျ ... ၊ ခင်ဗျားတို့က နာမည်ကျော်ဂိုဏ်းကလူတွေဖြစ်ပြီး ဘာဖြစ်လို့ တစ်ယောက်နဲ့အများ တိုက်ခိုက်နေကြရတာလဲ"

ကျောက်အိန်း၏ မျက်နှာ ကွက်ခနဲပျက်သွား၏။

အမှတ်သုံးကလည်း ဒေါသထွက်လာ၏။

"မိတ်ဆွေ ... ခင်ဗျားနဲ့မဆိုင်တဲ့ကိစ္စကို ဝင်မရှုပ်ပါနဲ့ ... ၊ ရတနာဂိုဏ်းနဲ့ ပြဿနာမဖြစ်ချင်ရင် အမြန်ဆုံးထွက်သွားစမ်း"

ဟု အော်ငေါက်လိုက်၏။

သူ၏ အော်ငေါက်သံကြောင့် စွန်ကျင်းက ဇက်ပုကာ ...

"ကြောက်စရာပဲ ... ၊ လူကြီးကို မတိုက်နိုင်ဘဲ ကလေးကို ခိုက်ခိုက်တဲ့လူက ဒေါသကြီးလိုက်တာ"

အမှတ်သုံးက ပို၍ဒေါသထွက်လာ၏။

ကျောက်အိန်းက သက်ပြင်းတစ်ချက်ချလိုက်၏။

စွန်ကျင်းက တမင်လာနှောင့်ယှက်နေမှန်း နားလည်လိုက်၏။

ထို့ကြောင့် ... သူက ဓားအားတွေ့ယမ်းကာ ...

"အမှတ် တစ်နဲ့ သုံး ... ရန်သူကို ထိန်းထား၊ ကျုပ် ဒီလူကို ဆုံးမလိုက်ဦးမယ်"

ဟုပြောပြီး စွန်ကျင်းဘက်လှည့်ကာ ခုတ်ချလိုက်၏။

စွန်ကျင်းကလည်း ချက်ချင်းပင် တုံ့ပြန်တိုက်ခိုက်လိုက်၏။

ကျားရဲသခင်လေးသည် ကျောက်အိန်းမရှိတော့သည့်အတွက် အမှတ်တစ်နှင့် အမှတ်သုံးအား တရကြမ်းတိုက်ခိုက်လိုက်၏။

ဤတစ်ကြိမ်တွင် သူက မည်သူ့ကိုမျှ အခွင့်အရေးမပေးတော့ပါ။

တရကြမ်းပင် တိုက်ခိုက်လိုက်၏။

ကောက်ကျစ်ယုတ်မာသော ထိုလူများကို ညှာတာလိုစိတ်နဲ့ တော့သဖြင့် အစွမ်းကုန်တိုက်ခိုက်လိုက်လေတော့သည်။

သူ၏ ပြင်းထန်သော တိုက်ခိုက်မှုကို ရတနာဂိုဏ်းမှလူများ မခုခံနိုင်ပါ။ သိုင်းကွက် ငါးဆယ်အရောက်တွင် ...

"အား ..."

"အင့် ..."

အမှတ်တစ်နှင့် အမှတ်သုံးမှာ ဒဏ်ရာကိုယ်စီရရှိသွားကြ၏။

သူတို့သည် ကျားရဲသခင်လေးအား ဆက်မတိုက်ခိုက်ဝံ့တော့ပါ။ နောက်လှည့်ကာ တချိုးတည်းထွက်ပြေးသွား၏။

စွန်ကျင်းသည် ကျောက်အိန်းအား ပြုံးပြလိုက်၏။

"ခင်ဗျားလူတွေက ခင်ဗျားကို တစ်ယောက်တည်းထားခဲ့ပြီး ထွက်ပြေးသွားကြပြီဗျ ..."

ကျောက်အိန်း၏ မျက်နှာ ကွက်ခနဲပျက်သွား၏။

သူက အလွန်ပင်ထိတ်လန့်သွား၏။

စွန်ကျင်းက ...

"ခင်ဗျားက တိုက်ခိုက်ချင်သေးလို့လား ... ပြေးပါတော့လား"

ထိုစကားကြောင့် ကျောက်အိန်း၏ မျက်လုံးအစုံ ဝင်းလက်သွား၏။

သူက တိုက်ခိုက်ရာမှရပ်တန့်ကာ နောက်လှည့်ပြေးရန် ဟန်ပြင်လိုက်၏။

ထိုစဉ် ... စွန်ကျင်း၏ ဓားက ကျောက်အိန်း၏ ခန္ဓာကိုယ်ထဲသို့ ထိုးဝင်သွားလေသည်။

"အင့် ..."

ကျောက်အိန်းမှာ တစ်ချက်သာညည်းညူကာ မြေပေါ်သို့လဲကျ သွားဆုံးသွားလေသည်။

စွန်ကျင်းက သဘောကျစွာပြုံးကာ ကျားရဲသခင်လေးဘက် လှည့်သွားကြည့်လိုက်၏။

ကျားရဲသခင်လေးက သူ့အား မျက်မှောင်ကုတ်ကာစိုက်ကြည့် နေသည်ကို တွေ့လိုက်ရ၏။

စွန်ကျင်းက လက်ဝါးနှစ်ဖက်ဖြန့်ကာ ပခုံးတွန့်၍ ...

"ကောက်ကျစ်တဲ့ရန်သူကို ကောက်ကျစ်တဲ့နည်းနဲ့ပဲ ရှင်းပစ်ရမှာပဲ ..."

ကျားရဲသခင်လေးက ခေါင်းခါယမ်းလိုက်၏။

"သူတစ်ပါးကောက်ကျစ်တိုင်း ကိုယ်ကကော ကောက်ကျင်ရမှာလား ..."

သူ၏အသံမှာ မကျေမနပ်ဖြစ်နေမှန်း သိသာ၏။

စွန်ကျင်းက ရယ်မောလိုက်၏။

"ကျုပ်တို့ နောက်မှအငြင်းအခုံလုပ်ပါ ... ၊ ချင်ကျူးဂိုဏ်းချုပ်နဲ့ ရတနာဂိုဏ်းချုပ် မကြာခင် ဒီကိုရောက်လာတော့မယ်"

ကျားရဲသခင်လေး၏မျက်နှာ ကွက်ခနဲပျက်သွား၏။

စွန်ကျင်းက ...

"ကဲ ... သွားကြစို့ ... ဟိုရှေ့နားကျရင်တော့ သူတို့ကို မျက်ခြေဖြတ်နိုင်ပါလိမ့်မယ် ..."

ဖြောပြီး ရှေ့မှ ပြေးလွှားထွက်ခွာသွားလေတော့သည်။

✿ ✿ ✿

စီးလန်သည် အရက်ခွက်အား ယူကာမော့ချလိုက်၏။

မွေးပျဲသင်းကြိုင်လှသော ဝါးရွက်စိမ်းအရက်က လည်ချောင်းတစ်လျှောက် ပူနွေးကာစီးဆင်းသွား၏။

စီးလန်က အရက်ခွက်အား ပြန်ချလိုက်၏။

ကြက်ကြော် တစ်ဖဲ့ယူကာ မြည်းလိုက်၏။

နေထိုင်ရသည်မှာ စည်းစိမ်အပြည့် ဖြစ်သော်လည်း သူက ဒုံးဝ မပျော်ရွှင်နိုင်သေးပါ။

ရင်တွင်း၌ စိုးရိမ်ကြောင့်ကြမှု ရှိနေဆဲပင်ဖြစ်၏။

"ကျွိ ..."

အခန်းတံခါးဖွင့်ကာ လူတစ်ယောက် ဝင်လာ၏။

ရွှေဇီးကွက်ဂိုဏ်းသားတစ်ယောက် ဖြစ်၏။

စီးလန်က ...

"ဘာကိစ္စလဲ ..."

ရွှေဇီးကွက်ဂိုဏ်းသားက ...

"ဂိုဏ်းချုပ်ကြီးက ခေါ်ခိုင်းလိုက်လို့ပါ ..."

စီးလန်က ...

"အခုပဲ ကျုပ်လာခဲ့ပါမယ် ..."

ရွှေဇီးကွက်ဂိုဏ်းသားက ...

"ကောင်းပါပြီ ..."

သူက စီးလန်အား အရိုအသေပြုကာ ပြန်လည်ထွက်ခွာသွားလေတော့သည်။

✿ ✿ ✿

စီးလန်က အရိုအသေပေးလိုက်၏။

ရွှေဇီးကွက်ဂိုဏ်းချုပ်က ကုလားထိုင်အား ညွှန်ပြလိုက်၏။

စီးလန်က ကုလားထိုင်တွင် ဝင်ရောက်ထိုင်ချလိုက်၏။

ရွှေဇီးကွက်ဂိုဏ်းချုပ်က ...

"သတင်းကောင်းပြောချင်လို့ ခေါ်ခိုင်းလိုက်တာပါ ..."

ဟု စကားစတင်ပြောလိုက်၏။

စီးလန်က ဝမ်းသာသွား၏။

သို့သော် ...

ကျန်ခြေမျက် ပြန်မေးလိုက်၏။

"ဘာသတင်းကောင်းပါလိမ့် ..."

ရွှေဇီးကွက်ဂိုဏ်းချုပ်က ...

"ခင်ဗျားတို့အလိုရှိနေတဲ့ တံဆိပ်တုံးကို ကျုပ်တို့တွေ့ထားပြီ ... ၊ မကြာခင် ခင်ဗျားလက်ထဲ ရောက်တော့မှာပါ ..."

စီးလန်က ဦးညွှတ်လိုက်၏။

"ကျေးဇူးတင်ပါတယ်ဗျာ ..."

ရွှေဇီးကွက်ဂိုဏ်းချုပ်က ...

"ကလေးနှစ်ယောက်စလုံးကို ခြေရာခံမိနေပါပြီ ..."

စီးလန်က ...

"ဒါပေမယ့် ရှီးယုံပျောက်နေသေးတယ် ..."

ရွှေဇီးကွက်ဂိုဏ်းချုပ်က ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ် ... သူ့ကို လူတစ်ယောက်က ကယ်တင်သွားပြီး ခြေရာပျောက်သွားတယ် ... ၊ ဒါပေမယ့် စိတ်မပူပါနဲ့ ... ကျုပ်လူတွေ ရှာနေပါတယ်၊ မကြာခင် သူ့ကိုလဲတွေ့မှာပါ ..."

စီးလန်က ...

"ဂိုဏ်းချုပ်ကြီးရဲ့စွမ်းဆောင်မှုကို ကျုပ် မချီးကျူးဘဲမနေနိုင်ဘူးပါဗျာ ..."

ရွှေဇီးကွက်ဂိုဏ်းချုပ်က ...

"ခင်ဗျားတို့ကိစ္စပြီးရင်သာ ကျုပ်နဲ့ မဟာမိတ်ပြုဖို့ကိစ္စကို ဆွေးနွေးပါနဲ့ ..."

စီးလန်က ...

"စိတ်ချပါ ... ၊ ကျုပ်တို့ အာဏာရလာတဲ့အခါ ကျုပ်တို့ရဲ့ အင်အားကို ခင်ဗျားတို့ အသုံးပြုခွင့်ရလာပါစေမယ်"

"ဟား ... ဟား ... ဟား ..."

ရွှေဇီးကွက်ဂိုဏ်းချုပ်က ရယ်မောလိုက်၏။

"ခင်ဗျားတို့ အာဏာစက်လဲ တည်စေရမယ်လို့ ကျုပ်က ဆုံးဖြတ်ပြီး ကတိပြုလိုက်ပါတယ်ဗျာ ..."

စီးလန်က ဝမ်းသာသွား၏။

ရွှေဇီးကွက်ဂိုဏ်းနှင့် လက်တွဲပါက အာဏာစက်ကို ဖြန့်ကြက်နိုင်ပါပြီ မဟုတ်ပါလား ... ။



သေရွာပြန် ဝိညာဉ်ဖြူ

ချွန်းကုန်းနှင့် ချွန်းနီမှာ ခရီးဆက်လာ၏။

တစ်နေကုန်သွားခဲ့၏။

ရန်သူ၏ အရိပ်အယောင်ကိုပင် မတွေ့ခဲ့ရပါ။

ချွန်းနီက ဝမ်းသာသွား၏။

"ကျွန်မတို့ ဝိညာဉ်ဖြူညီနောင်ကို ရှင်းပစ်နိုင်တာ သေချာပြီ"

ချွန်းကုန်းကမူ တွေဝေနေ၏။

သူသည် ဝိညာဉ်ဖြူညီနောင်နှစ်ယောက်အား သတ်ခဲ့နိုင်၏။

သို့သော် ...

သူ့ရင်ထဲတွင် တစ်စုံတစ်ရာ ခံစားရ၏။

ဝိညာဉ်ဖြူညီနောင်မှာ ကျော်ကြားသောကြေးစားများဖြစ်၏။

ထို့ကြောင့် သူက အလွယ်တကူသတ်ပစ်နိုင်ခြင်းမှာ ယုတ္တိမတန်သလို ခံစားရ၏။

သူသည် ရွှေပွေးနေသောအတွေးများကို မောင်းထုတ်ကာ ခရီးဆက်ခဲ့၏။

မကြာမီ ... သူတို့သည် ရွာလေးတစ်ရွာအနီးသို့ ရောက်ရှိလာ၏။

ချွန်းကုန်းက ...

"ကျွပ်တို့ မနားဘဲ ခရီးဆက်တာ ပိုကောင်းမယ် ..."

ချွန်းနီက ရှိုးအစ်၏ဦးခေါင်းအားပွတ်သပ်ကာ ...

"ရှိုးအစ် ... သွားနိုင်သေးရဲ့လား ..."

ရှိုးအစ်က ခေါင်းညိတ်လိုက်၏။

"ရပါတယ် ဒေါဒေါ ..."

ချွန်းကုန်းတို့သည် ရွာထဲသို့မဝင်ဘဲ ရွာပြင်မှပတ်လာခဲ့၏။

အတန်ကြာသောအခါ ရွာပြင်သုသာန်အနီးသို့ ရောက်ရှိလာ၏။

ချွန်းကုန်းက ရှေ့ဆုံးမှလျှောက်လာ၏။

မကြာမီ သုသာန်ဝသို့ရောက်လာ၏။

ထိုစဉ် ... ချွန်းနီ၏ အော်ဟစ်သံထွက်ပေါ်လာ၏။

"အမယ်လေး ..."

ချွန်းကုန်းက နောက်သို့လှည့်ကြည့်လိုက်၏။

ချွန်းနီက မျက်လုံးအပြူးသားဖြင့် ရပ်နေသည်ကို တွေ့လိုက်ရ၏။

ချွန်းကုန်းက ...

"ဘာဖြစ်တာလဲ ..."

ချွန်းနီက ထိတ်လန့်စွာဖြင့် ...

"ဝိ ... ဝိညာဉ်ဖြူ ... ညီနောင် ..."

ချွန်းကုန်းက မျက်မှောင်ကုတ်သွား၏။

"ဘယ်မှာလဲ ဝိညာဉ်ဖြူ..."

သူက မေးရင်း ပတ်ဝန်းကျင်အားလုံးပတ်အကဲခတ်ကြည့်လိုက်၏။

မည်သူတစ်ဖုံတစ်ယောက်ကိုမှ မတွေ့ပါ။

ချွန်းနီက သူ့ကိုယ်သူ ပြန်ထိန်းလိုက်၏။

"ဟိုနားက သစ်ပင်ပေါ်မှာထိုင်နေတာတွေ့လိုက်တယ်... အခုတော့ မရှိတော့ဘူး..."

ချွန်းကုန်းက...

"ငါ့တူမရယ်... မင်း စိတ်ထင်လို့ဖြစ်ပါလိမ့်မယ်..."

ချွန်းနီက ဇဝေဇဝေဖြင့်...

"ကျွန်မ တွေ့လိုက်တာတော့ အမှန်ပဲ..."

ချွန်းကုန်းက ဘာမှမပြောတော့ဘဲ ရှေ့သို့ဆက်လျှောက်လာ၏။

ရတ်တရက် သူ၏ခြေထောက်များ ခဲဆွဲထားသလိုရပ်သွား၏။

သူ၏မျက်လုံးအစုံမှာလည်း ပြူးကျယ်သွား၏။

ဤတစ်ကြိမ်တွင် ဝိညာဉ်ဖြူအား သူကိုယ်တိုင် တွေ့မြင်လိုက်ရ၏။

ဝိညာဉ်ဖြူသည် သုသာန်ဝတွင် အေးအေးဆေးဆေးထိုင်နေ၏။

"ဝိ... ဝိညာဉ်ဖြူ..."

ချွန်းနီမှာ ကြက်သီး တဖြန်းဖြန်းထသွား၏။

ချွန်းကုန်းက အံကြိတ်လိုက်၏။

ဝိညာဉ်ဖြူညီနောင်အား သူကိုယ်တိုင် သတ်ခဲ့၏။

ယခု... မည်သို့ ပြန်ရှင်နေပါသနည်း။

ထိုစဉ်... ဝိညာဉ်ဖြူက ရယ်မောလိုက်၏။

"ဟား... ဟား... ဟား..."

ရယ်သံမှာ ကြားသူအဖို့ ကြောက်စရာကောင်းလှ၏။

"မရယ်စမ်းပါနဲ့..."

ချွန်းနီက သည်းမခံနိုင်တော့သဖြင့် အော်ဟစ်လိုက်၏။

ဝိညာဉ်ဖြူ၏ရယ်သံ ပြတ်တောက်သွား၏။

ဝိညာဉ်ဖြူက ထိုင်ရာမှထရပ်လိုက်၏။

သူက ချွန်းကုန်းအား ကိုင်ကြည့်ကာ တစ်လုံးချင်းပြောလိုက်၏။

"ဝိညာဉ်ဖြူဆိုတာ ဘယ်တော့မှ မသေဘူး..."

ချွန်းကုန်း၏တစ်ကိုယ်လုံး တုန်ခါသွား၏။

ဝိညာဉ်ဖြူက စကားဆက်လိုက်၏။

"ဒီတစ်ခါ မင်းတို့အလှည့်ပဲ..."

ချွန်းကုန်းက အံတင်းတင်းကြိတ်လိုက်၏။

သူသည် ဓားအားဝှေ့ယမ်းကာ ဝိညာဉ်ဖြူအား တိုက်ခိုက်လိုက်၏။

ဝိညာဉ်ဖြူက နောက်ကျွမ်းပစ်ကာ ရှောင်တိမ်းလိုက်၏။

ဝိညာဉ်ဖြူ၏ ခန္ဓာကိုယ်သည် မြေပုံများအကြား ကျရောက်ပျောက်ကွယ်သွား၏။

ထိုစဉ် ချွန်းနီ၏အသံ ထွက်ပေါ်လာ၏။

ချွန်းကုန်း လှည့်ကြည့်လိုက်ရာ ချွန်းနီမှာ ဝိညာဉ်ဖြူနှင့်တိုက်ခိုက်နေသည်ကို တွေ့လိုက်ရ၏။

ချွန်းကုန်းက ချက်ချင်းပင် ဝိညာဉ်ဖြူထံပြေးဝင်ကာ တိုက်ခိုက်လိုက်၏။

ထိုစဉ် ... ဝိညာဉ်ဖြူတစ်ယောက်က ချွန်းကုန်းအား ဟန့်တားတိုက်ခိုက်လိုက်၏။

ချွန်းကုန်းက ပြင်းထန်သောတိုက်ကွက်များဖြင့် တိုက်ခိုက်လိုက်၏။

ဝိညာဉ်ဖြူက နောက်ကျမ်းပစ်ကာ ခုန်ထွက်သွား၏။

ချွန်းကုန်းက နောက်မှလိုက်၍ မတိုက်ခိုက်ပါ။

သူသည် ချွန်းနီနှင့်တိုက်ခိုက်နေသော ဝိညာဉ်ဖြူထံ ပြေးဝင်ကာ တိုက်ခိုက်လိုက်၏။


ချွန်းကုန်း၏ပြင်းထန်သော ဓားကွက်များကို ဝိညာဉ်ဖြူက ရင်မဆိုင်ရဲပါ။

ချက်ချင်း နောက်ဆုတ်ကာ ပျောက်ကွယ်သွား၏။

ချွန်းကုန်းက ...

"မလိုက်နဲ့တော့ ... ကျုပ်တို့သွားကြမယ် ..."

သူသည် ရှီးအစ်အား ထမ်းကာ ချွန်းနီ၏လက်မောင်းကိုဆွဲ၍ ပြေးလွှားသွားလေတော့သည်။



နံနက်ခင်း၏နေရောင်ခြည်သည် နွေးထွေးစွာကျရောက်နေ၏။

လမ်းခွဆုံရှိ လက်ဖက်ရည်ဆိုင်ကလေးမှာ လူအတော်ပင်ညံသည်ကား နေ၏။

ချွန်းကုန်းတို့သည် လက်ဖက်ရည်ဆိုင်ကလေး၏ ချောင်ကျကျားပွဲတွင် ဝင်ထိုင်လိုက်၏။

သူတို့သည် လက်ဖက်ရည်နှင့် မုန့်များကို မှာယူလိုက်၏။

ရှီးအစ်သည် စားသောက်ပြီးသောအခါ ချွန်းနီအားမှီ၍ အိပ်ပျော်သွားလေသည်။

ချွန်းနီက သက်ပြင်းတစ်ချက်ချလိုက်၏။

"ညက အဖြစ်အပျက်ကို ကျွန်မဖြင့် ယုံတောင်မယုံနိုင်ဘူး"

ချွန်းကုန်းက ...

"ဟုတ်တယ် ... ကျုပ်လဲ စဉ်းစားလို့မရဘူး ..."

ချွန်းနီက ...

"ဝိညာဉ်ဖြူက တကယ်ပဲမသေဘူးလား ..."

ချွန်းကုန်းက ...

"ကျုပ်လက်ချက်နဲ့ သေခဲ့တာအမှန်ပဲ ..."

ချွန်းနီက ...

"ညကတွေ့ခဲ့တာတော့ အိပ်မက်မဟုတ်ပါဘူး ..."

ချွန်းကုန်းက ...

"ဟုတ်တယ် ... ၊ အင်မတန် ထူးဆန်းတယ်"

ချွန်းနီ ...

"သူတို့က နာမည်နဲ့လိုက်အောင် တကယ်ပဲ ဝိညာဉ်ဖြူတွေ များလား ..."

ချန်းကုန်းက ခေါင်းခါယမ်းလိုက်၏။

"ဝိညာဉ်ဖြူပဲထားပါဦး ... သူတို့က အခကြေးငွေယူပြီး ဇ သတ်ပေးပါ့မလား ... ၊ ဝိညာဉ်ဖြူလောကမှာ ငွေသုံးတာ ငါမကြာ ဖူးဘူး"

ချန်းနိုက ...

"ကျွန်မတို့က ကိုယ်တွေ့ကြုံရတာနော် ..."

ချန်းကုန်းက ...

"တစ်ခုခုတော့ တစ်ခုခုပဲ ..."

ချန်းနိုက ...

"ကျွန်မတော့ ..."

ချန်းကုန်းက ကြားဖြတ်ပြောလိုက်၏။

"ကြောက်စိတ်မဝင်စေနဲ့ ... ၊ ကြောက်စိတ်ဝင်နေရင် ရုန်း ကို ရင်ဆိုင်ရာမှာ တပန်းရှုံးမယ် ..."

ချန်းနိုက ခေါင်းညိတ်လိုက်၏။

"ဒါပေမယ့် ... ကျွန်မတို့ ညဘက်နားပြီး နေ့ဘက်ခရီးဆ ကြရင် ကောင်းမယ် ..."

ချန်းကုန်းက ...

"ရန်သူလိုက်လာဖို့ ပိုလွယ်သွားမယ် ..."

ချန်းနိုက ...

"အခုလဲ ရန်သူက နောက်ကပါလာတာပဲ မဟုတ်လား ..."

ချန်းကုန်းက ...

"ကောင်းပြီလေ ..."

ချန်းနိုက သက်ပြင်းတစ်ချက်ချကာ ...

"ဝိညာဉ်ဖြူကို နေ့ဘက်တွေ့ရင် နည်းနည်းအကြောက်ပြေ လို့ပါ ..."

ချန်းကုန်းက ပါးစပ်ပိတ်ထားလိုက်၏။

သူသည် ချန်းနိုအား မကြောက်ရန်အားပေးနေသော်လည်း ကိုယ်တိုင်ကမူ အနည်းငယ်ကြောက်လန့်နေသည် မဟုတ်ပါလား။

ဝိညာဉ်ဖြူသည် ချန်းနိုပြောသကဲ့သို့ပင် မကောင်းဆိုးဝါး မည်လား။

✿ ✿ ✿

ရွှေဇီးကွက်ဂိုဏ်းချုပ်သည် အခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန် လျှောက်နေ၏။

အခန်းတစ်နေရာတွင် ရွှေဇီးကွက်ဂိုဏ်းသား တစ်ယောက်က ကျစွာ ရပ်နေ၏။

အတန်ကြာမှ ရွှေဇီးကွက်ဂိုဏ်းချုပ်က လမ်းလျှောက်ရာမှ ...

"ပြန်ပြောစမ်း ..."

ဟု အမိန့်ပေးလိုက်၏။

ရွှေဇီးကွက်ဂိုဏ်းသားက ...

"လေတံခွန်ဆိုတဲ့ သိုင်းသမားတစ်ယောက်က ကျွန်တော်တို့ ဂိုဏ်းဌာနချုပ်ကို စုံစမ်းနေပါတယ်၊ ရွှေဇီးကွက်ဂိုဏ်းက မဟာမြိုင် တောထဲမှာရှိတာကို သူက ရိပ်စားမိပုံရတယ်"

ဟု ပြန်လည်ပြောလိုက်ရ၏။

ရွှေဇီးကွက်ဂိုဏ်းချုပ်က ခေါင်းတဆတ်ဆတ်ညိတ်လိုက်၏။

ဂိုဏ်းသားတချို့က ရှီးယုံအား လူတစ်ယောက်က ကယ်တင် သွားပုံအကြောင်း ပြောပြဖူးသည်ကို ပြန်လည်သတိရလာ၏။

"ဟုတ်ပြီ ... သူပဲဖြစ်ရမယ် ..."

ဟု စိတ်ထဲတွင် ကြိုးဝါးလိုက်၏။

တစ်ချိန်က တည်းခိုခန်းတွင် ရှီးယုံအား အရိပ်လိုလျှင်ခြင်း သော လူတစ်ယောက်က ကယ်တင်သွားသည်ဟု သိရ၏။

ထိုလူမှာ လေတံခွန်ဆိုသူပင် ဖြစ်နိုင်၏။

ရွှေဇီးကွက်ဂိုဏ်းချုပ်က ပြုံးလိုက်၏။

ရွှေဇီးကွက်ဂိုဏ်းသားက ...

"လေတံခွန်ကို ရှင်းပစ်လိုက်ရမလား ဂိုဏ်းချုပ်ကြီး ..."

ရွှေဇီးကွက်ဂိုဏ်းချုပ်က ...

"နေပါစေ ... သူ့ကို ကျုပ်ကိုယ်တိုင် ကိုင်တွယ်ပါ့မယ် ... ကဲ ... မင်းသွားနိုင်ပြီ"

ရွှေဇီးကွက်ဂိုဏ်းသားက အရိုအသေပေးကာ အခန်းထဲမှ ထွက်ခွာသွားလေသည်။

ရွှေဇီးကွက်ဂိုဏ်းချုပ်က ပြုံးရင်း အစီအစဉ်များ စိတ်ထဲ၌ ချရေးဆွဲနေလေတော့သည်။

❁ ❁ ❁

ကျားရဲသခင်လေးသည် စွန်ကျင်းအားကြည့်ကာ လှိုက်လဲစွာ ပြောလိုက်၏။

"မိတ်ဆွေကို ကျေးဇူးတင်ပါတယ် ..."

စွန်ကျင်းက ပြုံးလိုက်၏။

"မလိုပါဘူးဗျာ ... ၊ အများနဲ့တစ်ယောက်ဖြစ်နေလို့ ကျုပ်က ကူညီတာပါ ..."

ကျားရဲသခင်လေးက ...

"ဘာပဲပြောပြော ခင်ဗျားရဲ့ကျေးဇူးကြောင့် ကျုပ်လွတ်မြောက် ခဲ့တာပါ"

စွန်ကျင်းက ...

"ကဲ ... တားမရလဲ ကျေးဇူးတင်ပေါ့ဗျာ ... ၊ ကျုပ်တို့ ဆက် သွားရအောင် ..."

သူတို့သည် လမ်းအတိုင်း ခပ်သုတ်သုတ်လျှောက်လာခဲ့၏။ ဘာမျှ လမ်းချိုးတစ်ခုသို့ ရောက်လာ၏။

စွန်ကျင်းက ...

"ကျုပ်နောက်လိုက်ခဲ့ပါ ..."

ကျားရဲသခင်လေးသည် စွန်ကျင်းနောက်မှ လိုက်ပါသွား၏။

လမ်းကလေးမှာ ကွေ့ကောက်ပြီး အတန်ငယ်လျှောက်မိသော အခါ အရှေ့ဘက်တွင် အိမ်ကလေးတစ်လုံးရှိနေသည်ကို တွေ့လိုက်ရ၏။

ကျားရဲသခင်လေးက အံ့အားသင့်သွား၏။

ဤမျှခေါင်လွင်သောနေရာတွင် အိမ်ကလေးတစ်လုံးကို တွေ့လိုက်ရသည် မဟုတ်ပါလား။

ကျားရဲသခင်လေးက အံ့အားသင့်စွာဖြင့် ...

"ဒါ ... ဘယ်သူ့အိမ်ကလေးလဲ ... "

စွန်ကျင်းက ...

"ကျုပ်ရဲ့အိမ်ပါ၊ ဒီကိုဘယ်သူမှ မရောက်နိုင်ပါဘူး၊ ကဲ ... အထဲဝင်ကြရအောင်"

သူက ဖိတ်ခေါ်ရင်း တံခါးဖွင့်ကာ အထဲသို့လှမ်းဝင်လိုက်၏။

ကျားရဲသခင်လေးက အိမ်ထဲသို့ လှမ်းဝင်လိုက်၏။

အိမ်ကလေးမှာ သေးငယ်သော်လည်း သပ်ရပ်၏။

အခန်းဖွဲ့ပြင်ဆင်ထားပုံမှာလည်း သပ်ရပ်လှပ၏။

နည့်ခန်းတွင်း၌ သစ်သားကုလားထိုင်လေးများ ခင်းကျင်းထား၏။

စွန်ကျင်းက ...

"ကျုပ်ဟာ စိတ်အေးလက်အေးအနားယူချင်တဲ့အခါ အနားယူနိုင်အောင် စီစဉ်ထားတာဗျ ... ၊ ကဲ ... နားကြပါဦး၊ ခင်ဗျားတို့လဲ ဆာနေတော့မယ်၊ ကျုပ် စားဖို့တစ်ခုခု စီစဉ်လိုက်ဦးမယ်"

သူက ပြောပြောဆိုဆိုနှင့် အတွင်းခန်းထဲသို့ ဝင်သွားလေတော့သည်။

✿ ✿ ✿

ကျားရဲသခင်လေးနှင့် ရှိုးဝေ့မှာ သစ်သားကြမ်းကုလားထိုင်တွင် ထိုင်ရင်း ဟိုဟိုသည်သည် ငေးမောကြည့်နေ၏။

မကြာမီ မွေးပျံ့သော ဟင်းရနံ့များကို ရှူရှိုက်မိ၏။

ကျားရဲသခင်လေး၏ ဝမ်းဗိုက်မှာ တကြုတ်ကြုတ်မြည်လာ၏။ ဟင်းရနံ့ကြောင့် ပို၍ ဆာလောင်လာ၏။

ကျားရဲသခင်လေးက ဟန်ဆောင်နိုင်သော်လည်း ရှိုးဝေ့က ဟန်မဆောင်နိုင်ပါ။

"ဦးဦး ... ဗိုက်ဆာလာပြီ ... "

ကျားရဲသခင်လေးက ...

"ခဏလေးစောင့်ပါကွာ ... ၊ ခဏကြာရင် စားရတော့မှာပါ"

ထိုစဉ် စွန်ကျင်း ရောက်လာ၏။

သူ၏လက်ထဲတွင် ဗန်းတစ်ခုကိုင်ထား၏။

ဗန်းပေါ်တွင် အငွေ့တထောင်းထောင်းထနေသော ဟင်းလျာနှင့် အရက်အိုး ပါလာ၏။

စွန်ကျင်းက စားပွဲပေါ်တွင် တင်ကာ ...

"ကဲ ... ဆာနေကြရောပေါ့၊ ကျုပ်ကိုအာမခံအားမနာပါနဲ့ ... ၊ ပူတုန်း စားလိုက်ကြပါ"

ကျားရဲသခင်လေးသည် ဟန်ပင်မဆောင့်တော့ဘဲ ရှိုးဝေ့အတွက် ခူးခပ်ပေးကာ သူကိုယ်တိုင်လည်း စားသောက်လိုက်၏။

စွန်ကျင်းက အရက်တစ်ခွက်ငဲ့ကာ ...

"စိတ်ငြိမ်သွားအောင် တစ်ခွက်လောက်သောက်ပါဦးလား"

ကျားရဲသခင်လေးက စဉ်းစားခြင်းပင် မပြုတော့ဘဲ အရက်ခွက်အား လှမ်းယူကာ မော့ချလိုက်၏။

"ကျေးဇူးတင်ပါတယ်ဗျာ ..."

ဗိုက်ထဲအရက်ဝင်သွားသောအခါ ကျားရဲသခင်လေး၏ မျက်နှာကွက်ခနဲပျက်သွား၏။

သူက ထိုင်ရာမှ ဝုန်းခနဲထရပ်ကာ ...

"ခင် ... ခင်ဗျား ..."

စွန်ကျင်းက အေးအေးဆေးဆေးပြုံးလိုက်၏။

ကျားရဲသခင်လေးက အံတင်းတင်းကြိတ်လိုက်၏။

"ခင်ဗျား ... လူယုတ်မာ ... သေပေတော့ ..."

သူကကြုံဝါးရင်း စားအားဆွဲထုတ်လိုက်၏။ စားမှာ စားအိမ်၏ တစ်ဝက်ပင် မထုတ်ရသေးပါ။ သူက မထိန်းနိုင်တော့ဘဲ ကြမ်းပြင်ပေါ်သို့ လဲကျသွားလေသည်။

"ဝုန်း ..."

"ဟား ... ဟား ... ဟား ..."

စွန်ကျင်းက ကျားရဲသခင်လေးအား ကြည့်ကာ တဟားဟား ရယ်မောလိုက်၏။

"ကျားရဲသခင်လေး ... တကယ်တော့ မင်းက ရိုးသားတဲ့ ... ယ်တစ်ယောက်ပါလား ..."

သူကပြောရင်း အားရပါးရ ရယ်မောလိုက်ပြန်၏။

ရှိုးဝေ့မှာ ကြောက်လန့်ကာ မျက်လုံးအဝိုင်းသားနှင့် ရှိနေ၏။

စွန်ကျင်းက အတန်ကြာရယ်မောပြီးနောက် ရပ်တန့်လိုက်၏။

သို့သော် ...

"ဟား ... ဟား ... ဟား ..."

ရယ်မောသံမှာ ဆက်လက်ထွက်ပေါ်နေ၏။

စွန်ကျင်းက မျက်မှောင်ကုတ်သွား၏။

"ဘယ်သူလဲ ..."

ဟု အော်ငေါက်လိုက်၏။

ရယ်မောသံ ရပ်တန့်သွား၏။

"စွန်ကျင်း ... မင်းက အခုထိကောက်ကျစ်ယုတ်မာတုန်းပါ ... "

အသံနှင့်အတူ အိမ်ကလေးထဲသို့ လူတစ်ယောက် လှမ်းဝင်၏။

ထိုလူအား တွေ့မြင်လိုက်ရသောအခါ စွန်ကျင်း၏ မျက်နှာ ခနဲပျက်သွား၏။

"ခင်ဗျားကိုး ..."

ထိုလူက လက်ဖြန့်လိုက်၏။

"ပေးပါ ..."

စွန်ကျင်းက ...

"ဘာပေးရမှာလဲ ..."

ထိုလူက အေးအေးဆေးဆေးပင် ...

"အဆိပ်ဖြဆေး ..."

စွန်ကျင်းမျက်နှာပေါ်တွင် အံ့အားသင့်သောအရိပ်အ
များ ပေါ်လွင်လာ၏။

"ဖြဆေး ... ဟုတ်လား၊ ခင်ဗျား ဘာလုပ်မလို့လဲ

ထိုလူက ...

"မင်း စကားမရှည်နဲ့၊ ပေးပါ ..."

စွန်ကျင်းက သက်ပြင်းချလိုက်၏။

"ခင်ဗျား သူ့ကိုတိုက်မလို့လား ..."

ထိုလူက ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ် ..."

စွန်ကျင်းက ...

"ကျုပ်တော့ နားမလည်တော့ဘူး၊ ကျုပ်ကြားရသ
တော့ သူ့ကိုသတ်ဖို့ ခင်ဗျားလိုက်ရှာနေတယ်လို့ ပြောသံကြား

ထိုလူက ခေါင်းညိတ်လိုက်၏။

"အဲဒါ အမှန်ပဲ ..."

စွန်ကျင်းက မြိုးလိုက်၏။

"အခု သူ သေတော့မယ်လေ ... ခင်ဗျားဆန္ဒ ပြ
ဘာကြောင့် သူ့ကို ဖြဆေးတိုက်မှာလဲ ..."

ထိုလူက အေးအေးဆေးဆေးပင် ...

"ကျုပ်က သူ့ကိုသတ်ချင်တာအမှန်ပဲ ...၊ ဒါပေမယ့် ... သူ့ကို
သူများသတ်တာတော့ မလိုချင်ဘူး ...၊ ရှင်းရှင်းပြောရရင် သူ့ကိုယ်သူ
သတ်သေမှာတောင် မလိုလားဘူး ..."

စွန်ကျင်းက ပါးစပ်ပိတ်သွား၏။

ထိုလူက လက်ဝါးဖြန့်လိုက်၏။

"ကဲ ... ဖြဆေးပေးပါ ..."

စွန်ကျင်းက ...

"မပေးရင်ကော ..."

ထိုလူက ...

"မင်းကိုသတ်ပြီး ယူမယ်"

စွန်ကျင်းက သက်ပြင်းချလိုက်၏။

အိတ်ထဲမှ ကြွေဘူးလေးတစ်ခုအား ထုတ်ယူ၊ ဘာပေးလိုက်၏။

"ကျုပ်သွားလို့ ရပြီလား ..."

ထိုလူက ...

"နေဦး ... ဖြဆေးဟုတ်မဟုတ် စမ်းကြည့်ရဦးမယ် ..."

စွန်ကျင်းက ဘာမှမပြောတော့ပါ။

သစ်သားကုလားထိုင်တွင် ဝင်ရောက်ထိုင်ချလိုက်၏။

ထိုလူက ကြွေဘူးအဖုံးဖွင့်ကာ အထဲမှ ဆေးလုံးကိုထုတ်ပ
လိုက်၏။

အဆိပ်ဖြဆေးမှာ အနီရဲရဲဖြစ်၏။

ထိုလူက ဆေးလုံးအား ထောင်ကြည့်ကာ ကျားရဲသခင်လေး၏ ပါးစပ်ထဲသို့ ထည့်လိုက်၏။

ဆေးလုံးဝင်သွားပြီး တစ်ခဏအတွင်းတွင် ကျားရဲသခင်လေး၏ မျက်နှာမှာ ပြာနှမ်းရာမှ သွေးရောင်သမ်းလာ၏။

ထို့နောက် ပါးစပ်တွင်းမှ မည်းနက်သောသွေးများကို အန်ချလိုက်၏။

စွန်ကျင်းက ...

"သူမသေတော့ပါဘူး ... ၊ နောက်နှစ်ရက်လောက်ဆိုရင် ကောင်းသွားမှာပါ"

ထိုလူက ခေါင်းညိတ်လိုက်၏။

"ကောင်းပြီ ... ၊ မင်းသွားနိုင်ပြီ"

စွန်ကျင်းမှာ သွားခွင့်ရသည်နှင့် ချက်ချင်းပင် အိမ်ကလေးထဲမှ ပြေးလွှားထွက်ခွာသွားလေတော့သည်။

✿ ✿ ✿

နောက်နှစ်ရက်အကြာတွင် ကျားရဲသခင်လေးမှာ ပြန်လည်သတိရလာ၏။

သူသည် မျက်လုံးမှင်မှင်ချင်း အလန့်တကြား ထထိုင်လိုက်၏။

သူက အခန်းတစ်ခုအတွင်း ရောက်နေသည်ကို တွေ့လိုက်ရ၏။

အလင်းရောင်ရှိသဖြင့် အခန်းအား သေချာစွာ အကဲခတ်မိ၏။

သေးငယ်သော အိပ်ခန်းတစ်ခုဖြစ်ပြီး အချုပ်ခန်းတော့ မဟုတ်သေး။

သူသည် သတိရလျှင်ရချင်း စွန်ကျင်း၏ ကောက်ကျစ်မှုကို သတိရလိုက်၏။

သူက အိတ်အတွင်းရှာဖွေလိုက်ရာ တံဆိပ်တုံးနှင့် ငွေကြေးများ မူလအတိုင်းရှိနေသည်ကို တွေ့လိုက်ရ၏။

သူသည် ရှီးဝေ့အား သတိရလာ၏။

ခုတင်ပေါ်မှဆင်းကာ အခန်းတွင်းမှ ပြေးထွက်လိုက်၏။

သူသည် စွန်ကျင်း၏အိမ်ကလေးဌာပင် ရှိနေ၏။

ရှီးဝေ့ကိုမူ မတွေ့ပေ။

သူသည် ရှီးဝေ့အတွက် စွန်စွာပူပင်မိ၏။

စွန်ကျင်းသည် ရှီးဝေ့အား ခေါ်ဆောင်သွားပြီလော။

"ရှီးဝေ့ ..."

သူက ကျယ်လောင်စွာ အော်ဟစ်လိုက်၏။

သူ၏အော်သံအဆုံးတွင် ...

"ဦးဦး ... ဦးဦး သတိရပြီလား ..."

အသံနှင့်အတူ ရှီးဝေ့သည် အိမ်ကလေးအပြင်ဘက်မှ ပြေးဝင်လာသည်ကို တွေ့လိုက်ရ၏။

ရှီးဝေ့၏နောက်တွင် လူတစ်ယောက် လိုက်ပါလာ၏။

ထိုလူအား တွေ့မြင်လိုက်ရသောအခါ ကျားရဲသခင်လေးမှာ ဆိတ်လန့်အံ့သြသွား၏။

"ခင် ... ခင်ဗျား ..."

ထိုလူက ပြုံးကာ ...

"ခင်ဗျား သတိရပြီလား ..."

ကျားရဲသခင်လေးက ...

"ဟုတ်ကဲ့ ... စွန်ကျင်းကော ..."

"ကျုပ် မောင်းထုတ်လိုက်ပါပြီ ..."

ကျားရဲသခင်လေးက နားမလည်နိုင်စွာဖြင့် ခေါင်းကို ခြ
ညင်းစွာ ခါယမ်းလိုက်၏။

"ကျုပ်တော့ နားမလည်နိုင်တော့ဘူး ... ၊ ကျုပ်အသ
ခင်ဗျား ကယ်တင်လိုက်တယ်ပေါ့ ..."

"ဒီလိုပြောရင်လဲ ရပါတယ် ..."

ကျားရဲသခင်လေးက သက်ပြင်းချလိုက်၏။

"ဘယ်လိုဖြစ်တာပါလိမ့် ... ၊ မိုးသောက်ကြယ်ဒုဂိုဏ်းချ
ကျုပ်ကို သတ်ဖို့ကြိုးစားပြီးမှ ဘာကြောင့် ပြန်ပြီးကယ်တင်ရတာ
ကျုပ် နားမလည်နိုင်တော့ဘူး ..."

ထိုလူမှာ မိုးသောက်ကြယ် ဒုဂိုဏ်းချုပ် ရိုချိန်းပင် ဖြ

ရိုချိန်းက ...

"မအံ့သြပါနဲ့ ... ၊ ကျုပ်က မင်းကို သတ်ဖို့ကြိုးစားဦးမှ

ကျားရဲသခင်လေးက ...

"ဒါဖြင့် ... ဘာကြောင့် အခုကယ်တင်ရတာလဲ"

ရိုချိန်းက ...

"မင်းက ကျုပ်ကို တစ်ကြိမ်အသက်ရှင်ခွင့်ပေးခဲ့တယ် ... ၊
ကြောင့် မင်းကို ကယ်တင်တာပါ၊ အခု ... မင်းနဲ့ ကျုပ်ကြားမှာ
ာက်ကြွေး မရှိတော့ပါဘူး"

ကျားရဲသခင်လေးက ငိုင်ကျသွား၏။

ရိုချိန်းမှာလည်း ဟုန်စဲ့ကဲ့သို့ အလွန်လေးစားဖွယ်ကောင်းသော
သမားတစ်ယောက်ပင် မဟုတ်ပါလား။

ရိုချိန်းက ...

"ကဲ ... မင်းစားဖို့ ကျုပ် ချက်ပြုတ်ထားတယ်၊ အားရှိအောင်
ိုက်ဦး ... ၊ ကျုပ် သွားတော့မယ်"

ကျားရဲသခင်လေးက ...

"ဘယ်သွားမလို့လဲ ..."

ရိုချိန်းက ...

"မိုးသောက်ကြယ်ဂိုဏ်းကို ပြန်မယ်၊ နောက်တစ်လတင်းတင်း
ဲ့နေ့မှာ ကျုပ်တို့ဂိုဏ်းကို လာခဲ့ပါ၊ ကျုပ်တို့ ထပ်ယှဉ်ပြိုင်
ာပေါ့"

ကျားရဲသခင်လေးက ခေါင်းညိတ်လိုက်၏။

"ကောင်းပါပြီ ... ၊ ကျုပ်က နိုင်အောင်ကြိုးစားပါ့မယ် ..."

ရိုချိန်းက ဘာမှထပ်မပြောတော့ပါ။

အိမ်ကလေးထဲမှ ခြေလှမ်းကြိုကြိုဖြင့် ထွက်ခွာသွားလေတော့
ည်။

✿ ✿ ✿

တောကျီးကန်း

မီးရောင်မှိန်မှိန်လေးထွန်းထားသော အရက်ဆိုင်တစ်ခုဖြစ်၏။ အရက်ဆိုင်တွင်းရှိ စားပွဲတိုင်းလိုလို လူပြည့်နေ၏။ အတွင်းဘက်ထောင့်ကျကျ စားပွဲတွင် အဘိုးအိုတစ်ယောက်တည်း ထိုင်ကာ အရက်သောက်နေ၏။

လေတံခွန်ဖြစ်၏။

လေတံခွန်သည် အရက်အား ဇိမ်ခံကာသောက်နေ၏။ သူ၏မျက်လုံးအစုံသည် ဆိုင်ဝသို့ မကြာခဏကြည့်နေ၏။ ဆိုင်တွင်းဝင်လာသူများ၊ ထွက်သွားသူများနှင့် စည်ကားနေ၏။

ထိုစဉ် ... ဆိုင်တွင်းသို့ လူတစ်ယောက် ဝင်လာ၏။

ထိုလူသည် ကြက်သွေးရောင် ပိုးထည်ဝတ်စုံကို ဝတ်ဆင်ထား၏။ သူ၏လက်မှ လက်စွပ်များသည် မီးရောင်အောက်တွင် တဖျတ်ဖျတ်လက်နေ၏။ သူ၏မျက်နှာမှာ ရှည်ပြီး နှာခေါင်းကောက်နေ၏။ ထိုလူ၏မျက်လုံးအစုံမှာ စူးရှပြီး ဝန်းကျင်အား အကဲခတ်နေ၏။

သူသည် ဆိုင်တွင်းသို့ဝင်လာကာ စားပွဲများအား ကြည့်လိုက်၏။

ထို့နောက် လေတံခွန်ထိုင်နေသည့် စားပွဲသို့ လျှောက်သွားကာ ဝင်ထိုင်လိုက်၏။

"ကြာပြီလား ..."

ဟု ပြုံးရင်းနှုတ်ဆက်လိုက်၏။

မီးရောင်ဖြင့် ၎င်း၏ပါးစပ်တွင်းမှ ရွှေသွားများမှာ ဝင်းလက်နေ၏။

လေတံခွန်က ဘာမှမပြောဘဲ ထိုလူအား စိုက်ကြည့်လိုက်၏။

ထိုလူက လက်ဝါးဖြန့်ကာ ...

"ငွေအရင်ပေးပါ ..."

လေတံခွန်က ...

"တောကျီးကန်း ... မင်းက တော်တော်ငွေမက်ပါလား ... ၊ မင်းရဲ့ သတင်းကကော တန်ရဲ့လား"

ထိုလူမှာ တောကျီးကန်းဖြစ်ပြီး သတင်းရောင်းဝယ်သူ ဖြစ်၏။

သူသည် သတင်းရောင်းဝယ်ရာတွင် သစ္စာရှိပြီး မှန်ကန်၏။

တောကျီးကန်းက ရင်ကော့ကာ ...

"ကျုပ်ရဲ့သတင်းက မသေချာတာ မထိုက်တန်မရှိဘူးဗျ"

လေတံခွန်က ငွေတုံးလေးများ ထုတ်ပေးလိုက်၏။

တောကျီးကန်းက ငွေတုံးလေးများအား ရေတွက်ကာ အိတ်ထဲထည့်လိုက်၏။

တောကျီးကန်းက လေသံတိုးတိုးဖြင့် ...

"ညာဘက်လမ်း သုံးအိမ်ကျော်မှာ ခင်ဗျားတွေ့ချင်တဲ့လူ ရှိတယ် ... သူက တတိယအဆင့်ရှိတဲ့အတွက် သတိထားပါ ..."

ပြောပြီး ထိုင်ရာမှ ထသွားလေတော့သည်။

✿ ✿ ✿

လေတံခွန်သည် လမ်းထဲချိုးဝင်လိုက်၏။

သူက မှောင်ရိပ်ခိုကာ ဝန်းကျင်အား အကဲခတ်ကြည့်လိုက်၏။

ညဉ့်နက်နေပြီဖြစ်၍ လမ်းပေါ်ဝယ် လူသွားလူလာ ကင်းရှင်းနေ၏။

အိမ်တိုင်းလိုလို မီးများမှိတ်ထားကြ၏။

လေတံခွန်သည် ညာဘက်သုံးအိမ်ကျော်ပြီး စတုတ္ထအိမ်ရှေ့တွင် ရပ်တန့်လိုက်၏။

ထို့နောက် အိမ်အနီးချဉ်းကပ်သွားကာ တံခါးသော့အား သံချွန် လေးဖြင့် လှည့်ဖွင့်လိုက်၏။

"ကလစ် ..."

တိုးညှင်းသော အသံနှင့်အတူ တံခါးပွင့်သွား၏။

လေတံခွန်သည် တံခါးအား အသံမမြည်အောင်ဖွင့်ကာ အိမ်ထဲ လှမ်းဝင်လိုက်ပြီး တံခါးကို ပြန်ပိတ်လိုက်၏။

အမှောင်ထဲကျင့်သားရအောင် ခဏရပ်လိုက်သောအခါ အိမ်တွင်းကို မသဲမကွဲ မြင်လာရ၏။

လေတံခွန်သည် အိမ်ခန်းတွင်းသို့ လှမ်းဝင်လာ၏။

အခန်းတွင်း၌ လူတစ်ယောက် အိပ်နေ၏။

အပေါ်ပိုင်း အင်္ကျီချွတ်ထားသဖြင့် ရင်ဘတ်တွင် ဇီးကွက်တစ်ကောင်ပုံ ဆေးမင်ကြောင်ထိုးထားသည်ကို တွေ့လိုက်ရ၏။

လေတံခွန်က ပြုံးလိုက်၏။

သူက ထိုလူအနီးသို့ ချဉ်းကပ်လိုက်စဉ် ထိုလူက ရုတ်တရက် ခုန်ထလာ၏။

"ဘယ်သူလဲ ..."

အော်ငေါက်ရင်း မွေ့ရာအောက်မှ ဓားကို ဆွဲထုတ်လိုက်၏။

သို့သော် ...

လေတံခွန်၏ လှုပ်ရှားမှုက ထိုလူထက်ပို၍လျင်မြန်၏။

သူသည် ထိုလူထံသို့ ခုန်ဝင်ကာ ရင်ဝမှသွေးကြောအား လက်ဝါးဖြင့် ရိုက်လိုက်၏။

"ဝုန်း ..."

ထိုလူမှာ မဟန်နိုင်တော့ဘဲ ခုတင်ပေါ်သို့ ပြန်လည်လဲကျသွားလေတော့သည်။

✿ ✿ ✿

လေတံခွန်သည် မီးအိမ်အား ထွန်းညှိလိုက်၏။

အခန်းတစ်ခုလုံး လင်းထိန်သွား၏။

သူက ခုတင်ပေါ်တွင် လဲကျနေသူ၏ သွေးကြောအချို့အား ဖွင့်ပေးလိုက်၏။

စကားပြောခွင့်ရသည်နှင့် ထိုလူက ...

"ခင်ဗျား ဘယ်သူလဲ ..."

ဟု ခပ်မာမာမေးလိုက်၏။

လေတံခွန်က ဘာမှပြန်မပြောဘဲ ထိုလူ၏ ပါးအား ခပ်ဆတ်ဆတ် ရိုက်ချလိုက်၏။

"ဖြန်း ..."

ထိုလူ၏ ပါးပြင်တွင် လက်ဝါးရာအထင်းသား ပေါ်သွား၏။

ထိုလူက ထိတ်လန့်သွားပြီး ...

"ခင် ... ခင်ဗျား ..."

သူ၏ စကားမဆုံးမီပင် လေတံခွန်၏ လက်သီးသည် ထိုလူ၏ မျက်နှာပေါ်သို့ ထိုးချလိုက်၏။

ထိုလူ၏ နှာခေါင်းတွင်းမှ သွေးများ စီးကျလာ၏။

ထိုလူ၏ မျက်နှာပေါ်တွင် ထိတ်လန့်သောအရိပ်အယောင်များ ပေါ်လာပြီး ဘာသံမှ မထွက်နိုင်တော့ပါ။

လေတံခွန်က ပြုံးလိုက်၏။

"ကျုပ်နဲ့ စကားပြောရင် ရိုရိုသေသေပြောပါ ..."

ထိုလူမှာ လေတံခွန်အား မျက်လုံးပြူးကြည့်နေ၏။

လေတံခွန်က ထိုလူအား စိုက်ကြည့်ကာ ...

"မင်းက ရွှေဇီးကွက်ဂိုဏ်းကလား ..."

ထိုလူသည် လေတံခွန်၏ အေးစက်စက်အကြည့်ကြောင့် ထိတ်လန့်ကာ ခေါင်းကို တွင်တွင်ညိတ်လိုက်၏။

ထိုလူမှာ ရွှေဇီးကွက်ဂိုဏ်းသား တစ်ယောက် ဖြစ်၏။

လေတံခွန်က ...

"မင်းက ရွှေဇီးကွက်ဂိုဏ်းမှာ ဘယ်အဆင့်လဲ ..."

ရွှေဇီးကွက်ဂိုဏ်းသားက ...

"တတိယဆင့်ပါ"

လေတံခွန်က ...

"မင်းတို့ ဂိုဏ်းချုပ်က ဘယ်သူလဲ ..."

ရွှေဇီးကွက်ဂိုဏ်းသားက ...

"ကျုပ် မသိဘူး ..."

လေတံခွန်က လက်သီးဖြင့် ရွယ်ကာ ...

"မင်း အသားမနာချင်ရင် မှန်မှန်ဖြေစမ်း ..."

ထိုလူက ထိတ်လန့်သွားကာ ...

"ကျုပ် ... ကျုပ်တကယ်မသိတာပါ၊ သူက အမြဲတမ်းမျက်နှာဖုံးဆောင်ထားတယ် ..."

လေတံခွန်က မျက်မှောင်ကုတ်သွား၏။

ထိုလူ အမှန်အတိုင်းပြောမှန်း သူက ယုံကြည်မိသဖြင့် ဆက်ပြောလိုက်၏။

"ရွှေဇီးကွက်ဂိုဏ်းမှာ အင်အားဘယ်လောက်ရှိသလဲ ..."

ရွှေဇီးကွက်ဂိုဏ်းသားက ...

"နှစ်ရာကျော်ရှိလိမ့်မယ် ထင်ပါတယ်"

လေတံခွန်က ...

"မင်းတို့ဌာနချုပ်က မဟာမြို့ငြောထဲမှာမဟုတ်လား ..."

ရွှေဇီးကွက်ဂိုဏ်းသားက ထိတ်လန့်အံ့သြစွာဖြင့် မေးကြည့်လိုက်၏။

လေတံခွန်က ဆက်မေးလိုက်၏။

"မင်းတို့ဌာနချုပ်ကို ဘယ်လိုသွားရမလဲ ..."

ရွှေဇီးကွက်ဂိုဏ်းသားက ...

"မြေပုံမရှိရင် သွားဖို့မလွယ်ဘူး ..."

လေတံခွန်က ...

"ဒါဖြင့် မြေပုံပေးပါ ..."

ထိုလူက မလှုပ်ရှားပေ။

လေတံခွန်သည် သွေးကြောပိတ်ထားသည်ကို သတိရသွား၍ သူကိုယ်တိုင်ပင် ရွှေဇီးကွက်ဂိုဏ်းသား၏ တစ်ကိုယ်လုံးကို ရှာဖွေလိုက်၏။

မကြာမီ မြေပုံတစ်ခုအား ရှာဖွေတွေ့သွား၏။

လေတံခွန်က သဘောကျစွာပြုံးကာ ထိုလူအား သတိရသော သွေးကြောတချို့အား ထပ်မံပိတ်လိုက်ရာ ရွှေဇီးကွက်ဂိုဏ်းသားမှာ ပျော့ခွေပြီး အိပ်ရာပေါ်သို့ ပြန်လဲကျသွား၏။

လေတံခွန်က သက်သောင့်သက်သာ အနေအထားဖြစ်အောင် ပြုပြင်ပေးကာ ...

"နောက်နှစ်ရက်ဆို အလိုလိုသတိရနေမှာပါ ... ၊ အဲဒီအချိန်ရောင် ကျုပ်က မင်းတို့ဌာနချုပ်ကို ရောက်နေလောက်ပါပြီ"

သူက ရေရွတ်ကာ မီးအိမ်အား ပြန်လည်ငြိမ်းသတ်ပြီး အိမ်ပေးအတွင်းမှ ထွက်ခွာသွားလေတော့သည်။

✿ ✿ ✿

"ကျွန်တော် မလိုက်ရဘူးပေါ့ ..."

ရှီးယုံ၏ မကျေမနပ်သံ ထွက်ပေါ်လာ၏။

လေတံခွန်က သက်ပြင်းချလိုက်၏။

"ဟုတ်တယ် ... မင်းက သိုင်းပညာသာ ဆက်လေ့ကျင့်ပါ"

ရှီးယုံက ခေါင်းခါယမ်းလိုက်၏။

"ကျွန်တော်လဲ လိုက်မယ်၊ ကျွန်တော့်တူလေးတွေကို ကယ်ထုတ်ရမယ် ..."

လေတံခွန်က ...

"ကျုပ်စကားကို နားထောင်ပါ ... ၊ ရွှေဇီးကွက်ဂိုဏ်းဌာနချုပ်ကို သွားဖို့ လမ်းသိပေမယ့် လွယ်လွယ်ကူကူ ဝင်လို့ရမယ်မထင်ဘူး၊ လမ်းအန္တရာယ်များတယ် ... ၊ ဒါကြောင့် ကျုပ်တစ်ယောက်တည်း သွားပြီး လေ့လာဦးမယ်"

ရှီးယုံက မကျေမနပ်ဖြစ်နေမိ၏။

လေတံခွန်က ...

"ရွှေဇီးကွက်ဂိုဏ်းကို ဖြိုခွဲမယ်ဆိုရင် ကျုပ်နဲ့မင်း နှစ်ယောက်

တည်းနဲ့ မဖြစ်ဘူး ... ၊ အခု ကျုပ်က သွားစုံစမ်းမှာ ... ၊ ပြန်လာရင် သိုင်းသမားတွေကို စုစည်းပြီး ရွှေဇီးကွက်ဂိုဏ်းကို ဖြိုခွဲဖို့အစီအစဉ် လုပ်ရမယ်၊ အဲဒီအခါမှာ မင်းလဲလိုက်ရမှာပါ ... ”

ရှီးယုံက ...

“တကယ်ပြောတာလား ... ”

လေတံခွန်က ခေါင်းညိတ်လိုက်၏။

“တကယ်ပြောတာပါ ... ၊ အခု ကျုပ်သွားမှာက အခြေအနေသိရအောင် စုံစမ်းရုံသက်သက်ပါ”

ရှီးယုံက ...

“ကောင်းပြီ ... ၊ ကျွန်တော် အဘသင်ပေးထားတဲ့ သိုင်းကွက်တွေကို အောင်မြင်အောင် လေ့ကျင့်ထားပါ့မယ် ... ”

လေတံခွန်က ကျေနပ်စွာပြုံးလိုက်၏။

“ကောင်းတယ် ... ၊ ကျုပ်လဲ ပြန်ရောက်အောင်လာမှာပါ”

ဟု ယုံကြည်သောလေသံဖြင့် ပြောလိုက်လေတော့သည်။



ဝိညာဉ်ဖြူရဲ့ လှည့်ကွက်

ညနေဆည်းဆာ ... ။

ညနေဆည်းဆာအောက်တွင် တောတောင်သဘာဝရှုခင်းမှာ လွန်လှပသော ပန်းချီကားတစ်ချပ်ကဲ့သို့ ထင်မှတ်ရ၏။

ချွန်းကုန်းတို့သည် ထိုလှပသော သဘာဝရှုမျှော်ခင်းကို စိတ်ဝင်စားနိုင်ပါ။

ညမိုးမချုပ်မီ မြို့ကလေး၊ ရွာကလေးတစ်ခုခုသို့ ရောက်အောင် ခြေဆန့်နေရ၏။

သို့သော် ...

ဤလမ်းခရီးတွင် အနီးဆုံးမြို့ရွာသို့ ရောက်အောင် အချိန်အတော်ကြာ သွားရဦးမည်ကို သိနေမိ၏။

သူတို့သည် ခပ်သုတ်သုတ်လျှောက်လာရင်း တဖြည်းဖြည်း အလင်းရောင် ကွယ်ပျောက်သွား၏။

မကြာမီ ... အလင်းရောင် လုံးဝကွယ်ကာ အမှောင်ထုလည်း ဖြိုခိုးလာ၏။

ချန်းကုန်းတို့သည် စကားမပြောဘဲ ငြိမ်သက်စွာဖြင့် ခပ်သွက်သွက် လျှောက်နေကြ၏။

အတန်ကြာသောအခါ ...

"ဦးလေး ..."

ချန်းနိုက လှမ်းခေါ်လိုက်၏။

ချန်းကုန်းကလှည့်ကြည့်လိုက်၏။

ချန်းနိုက ...

"ဟိုရှေ့ဘက်နားမှာ မီးရောင် ..."

ချန်းကုန်းသည် ချန်းနိုညွှန်ပြရာဘက်သို့ ကြည့်လိုက်၏။

တောအုပ်အတွင်း တစ်နေရာတွင် မီးရောင်လင်းနေသည်ကို တွေ့ရ၏။

ချန်းကုန်းက ...

"ဟုတ်တယ် ... မီးရောင်ပဲ ..."

ချန်းနိုက ...

"မီးရှိရင် လူလဲရှိမယ် ..."

ချန်းကုန်းက ဘာမှမပြောဘဲ ရှေ့မှခပ်သွက်သွက် လျှောက်သွား၏။

တဖြည်းဖြည်း မီးရောင်နှင့် နီးလာ၏။

မကြာမီ ... တောအုပ်အတွင်း၌ မီးရောင်လင်းနေသော အိမ်ကလေးတစ်လုံးအား တွေ့လိုက်ရ၏။

ချန်းနိုက ...

"တောမှဆိုးအိမ်မျိုးပဲ ..."

ချန်းကုန်းက ...

"ဒီလိုလူသူဝေးတဲ့နေရာမှာ အိမ်ရှိတာ ထူးဆန်းတယ် ..."

ချန်းနိုက ...

"ဘာပဲဖြစ်ဖြစ် ကျွန်မတို့ နားကြရင်ကောင်းမယ် ..."

ချန်းကုန်းက ...

"အိမ်ရှင်က ခွင့်ပြုပါ့မလား ..."

ချန်းနိုက ...

"ကျွန်မရအောင်ပြောမယ် ... ၊ ညအမှောင်ထဲ ခရီးဆက်ရတာ နဲ့လဲ မတွင်ပါဘူး ..."

သူမက ပြောပြောဆိုဆိုဖြင့် အိမ်ကလေးဆီသို့ လျှောက်သွားသည်ကို၏။

အိမ်ကလေးအတွင်း၌ မီးရောင်လင်းနေသော်လည်း လူရိပ်ကို မတွေ့ရပါ။

"ဒေါက် ... ဒေါက် ..."

ချန်းနိုက တံခါးခေါက်လိုက်၏။

တုံ့ပြန်သံမကြားရပါ။

"အိမ်ရှင်တို့ ..."

"ဒေါက် ... ဒေါက် ..."

ချန်းနိုသည် အသံကိုမြှင့်ကာ အော်ရင်း တံခါးခေါက်လိုက်ပြန်၏။

အထဲမှ တံုးပြန်သံ မကြားရပါ။

တံခါးမှာ စေ့ဆားဟန်တူ၏။

ချန်းနိ၏ တံခါးခေါက်လိုက်သည့်အရှိန်ကြောင့် တံခါးမှာ ဟသွား၏။

ချန်းနိက တံခါးအား တွန်းဖွင့်ကာ ...

"အိမ်ရှင်တို့ ..."

"ဟင် ... ဘယ်သူမှလဲ မရှိပါလား ..."

"ကျွန်မတို့ ခရီးသွားတွေပါ ... ဝင်ခွင့်ပြုပါရှင် ..."

သူမသည် တစ်ယောက်တည်းပြောရင်း အိမ်ထဲသို့ လှမ်းဝင်လိုက်၏။

အိမ်ထဲတွင် မည်သူမျှ မရှိပါ။

ဧည့်ခန်းတွင်း၌ မီးအိမ်တစ်လုံး ထွန်းထား၏။

ဧည့်ခန်းတွင်းရှိ စားပွဲပေါ်တွင် စားသောက်ဖွယ်ဟင်းလျာများ ပြင်ဆင်ထားသည်ကို တွေ့ရ၏။

ထိုစဉ် ... ချန်းကုန်းနှင့် ရှီးအစ်ကလည်း အိမ်ထဲသို့ လှမ်းဝင်လာ၏။

ချန်းကုန်းက ...

"ဘယ်သူမှ မရှိဘူးလား ..."

ချန်းနိက ခေါင်းခါယမ်းကာ အိမ်ထဲ လှည့်ပတ်ကြည့်လိုက်၏။

အိမ်မှာ သေးငယ်ပြီး အခန်းသုံးခန်းဖြင့် ဖွဲ့စည်းထား၏။

မည်သည့်အခန်းတွင်မှ လူမရှိပါ။

ချန်းကုန်းက ...

"အိမ်ရှင် အပြင်သွားလာမသိဘူး"

သူတို့သည် ဧည့်ခန်းတွင် ထိုင်နေလိုက်၏။

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွား၏။

မည်သူမျှ ရောက်မလာပါ။

စားပွဲပေါ်ရှိ ထမင်းဟင်းလျာများကို တွေ့မြင်ရသောအခါ သူတို့၏ ဗိုက်ထဲတွင် ပို၍ဆာလောင်လာ၏။

ချန်းနိက မနေနိုင်တော့ပါ။

"ကျွန်မတော့ ဗိုက်ဆာလာပြီ၊ အိမ်ရှင်တွေလာမှပဲ တောင်းဝန်တော့မယ်"

သူမက ပြောပြီး ထမင်းဟင်းလျာများကို စားသောက်ရန် ဝင်ပြင်လိုက်၏။

"နေဦး ..."

ချန်းကုန်းက အလန့်တကြား ဟန့်တားလိုက်၏။

ချန်းနိက ...

"ဘာဖြစ်လို့လဲ ... ဦးလေး ..."

ချန်းကုန်းက ...

"အစားထဲမှာ အဆိပ်ခတ်ထားလား မသိဘဲနဲ့ အရမ်းမစားနဲ့"

ထိုစကားကြားမှ ချန်းနိမှာ ထိတ်လန့်သွား၏။

သူမသည် ခေါင်းပေါ်မှ ငွေဆံထိုးအား ဖြုတ်ယူကာ ထမင်းနှင့် ဟင်းလျာများကို စမ်းသပ်ကြည့်လိုက်၏။

ထမင်းနှင့် ဟင်းလျာတွင် အဆိပ်လုံးဝမရှိပါ။

ချွန်းနိုက စိတ်ချသွားကာ ရှိုးအစ်အတွက် ပြင်ဆင်ပေးပြီး စားသောက်ရန် ဟန်ပြင်လိုက်၏။

"ထောက် ... ထောက် ..."

ရုတ်တရက် ... စားပွဲပေါ်သို့ အနီရောင် အစက်များကျလာ၏။

"ဟင် ..."

ချွန်းနိုက မျက်လုံးပြူးသွား၏။

အနီစက်များ ဆက်တိုက်ကျလာ၏။

"ဟင် ... သွေးတွေပါလား ..."

ချွန်းနိုက အလန့်တကြား ရေရွတ်ကာ အပေါ်သို့မော့ကြည့်လိုက်၏။

သွေးများမှာ ခေါင်မိုးကြိုးမှ ကျလာခြင်းဖြစ်၏။

"ဟား ... ဟား ... ဟား ..."

ရုတ်တရက် ရယ်မောသံတစ်ခု ကြောက်မက်ဖွယ်ကောင်းအောင် ထွက်ပေါ်လာ၏။

ချွန်းနိုက ထိတ်လန့်သွား၏။

"ဝုန်း ..."

ပြတင်းတံခါး ပြုတ်ထွက်လွင့်စဉ်သွား၏။

အပြင်မှလေဝင်လာသဖြင့် မီးအိမ်များ ယိမ်းနွဲ့သွား၏။

ပြတင်းပေါက်အပြင်ဘက်တွင် လူတစ်ယောက် ရပ်နေသည်ကို တွေ့လိုက်ရ၏။

"ဝိညာဉ်ဖြူ ..."

ချွန်းနိုက ထိတ်လန့်စွာအော်လိုက်၏။

"ဟား ... ဟား ... ဟား ..."

ဝိညာဉ်ဖြူက သဘောကျစွာ ရယ်မောလိုက်၏။

ချွန်းကုန်းသည် လျှပ်တစ်ပြက် အပြင်ဘက်ပြေးထွက်လာကာ ဝိညာဉ်ဖြူအား ဓားဖြင့် ခုတ်ချလိုက်၏။

သူ၏လှုပ်ရှားမှုမှာ လျင်မြန်လွန်းလှသဖြင့် ...

"အား ..."

ဝိညာဉ်ဖြူသည် ချွန်းနိအားစိုက်ကြည့်ကာ ရယ်မောနေသဖြင့် ချွန်းကုန်း၏ တိုက်ခိုက်မှုကို ရှောင်တိမ်းရန်နောက်ကျသွား၏။

ဝိညာဉ်ဖြူသည် ချွန်းကုန်း၏ ဓားချက်ထိမှန်ကာ မြေပေါ်သို့ လဲကျသွားလေသည်။

ချွန်းကုန်းသည် စိတ်မကျေနပ်နိုင်ဘဲ ဝိညာဉ်ဖြူ၏ အလောင်းအား ဓားဖြင့် သုံးလေးချက် ဆင့်ခုတ်ပြီးမှ အိမ်ထဲသို့ပြန်ဝင်လာ၏။

ထိုစဉ် ...

"ဟား ... ဟား ... ဟား ..."

ရယ်မောသံ ထွက်ပေါ်လာပြန်၏။

ချွန်းကုန်း လှည့်ကြည့်လိုက်၏။

တံခါးဝတွင် ဝိညာဉ်ဖြူရပ်နေသည်ကို တွေ့လိုက်၏။

ချွန်းကုန်း၏ခန္ဓာကိုယ် တုန်ခါသွား၏။

ဝိညာဉ်ဖြူက ရယ်မောရင်း ရှေ့သို့တစ်လှမ်းချင်း တိုးလာ၏။

"ဝိညာဉ်ဖြူက ဘယ်တော့မှ မသေဘူး ..."

ဟု အေးစက်သောလေသံဖြင့် ရေရွတ်လိုက်၏။

ထို့နောက် ချွန်းကုန်းအား တိုက်ခိုက်လိုက်၏။

ချွန်းကုန်းက အံတင်းတင်းကြိတ်ကာ ပြန်လည်တိုက်ခိုက်လိုက်၏။

ချွန်းနီမှာ ကြောက်လန့်နေပြီး ရှိုးအစ်အားဖက်ကာ အခန်းထောင့်တွင် ပုန်းကွယ်နေ၏။

ချန်းကုန်းမှာလည်း ထိတ်လန့်နေ၏။

သူသည် တိုက်ခိုက်ရင်း စိတ်ကိုတည်ငြိမ်အောင် ထိန်းနေရ၏။

အစပိုင်းတွင် ကြောက်ရွံ့စိတ်ကြောင့် သူက ဝိညာဉ်ဖြူ၏ တိုက်ခိုက်မှုကို အလူးအလဲခုခံနေရသော်လည်း နောက်ပိုင်းတွင် ဝိညာဉ်ဖြူအား ကောင်းစွာခုခံနိုင်ခဲ့၏။

သိုင်းကွက်တစ်ရာကျော်လာသောအခါ အသာစီးရလာ၏။

ချွန်းကုန်းမှာ ကြောက်ရွံ့စိတ်များ တဖြည်းဖြည်းပျောက်ကွယ်သွား၏။

သူက ဆက်လက်တိုက်ခိုက်လိုက်ရာ သိုင်းကွက်နှစ်ဆယ်ကျော်အရောက်တွင် ...

"အား ..."

ဝိညာဉ်ဖြူမှာ ချွန်းကုန်း၏ဓားချက်ထိမှန်ကာ လဲကျသေဆုံးသွားလေတော့သည်။



"ဟူး ..."

ချွန်းကုန်းသည် လေပူတစ်ချက်မှုတ်ထုတ်ကာ ကုလားထိုင်တွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်၏။

ချွန်းနီသည် တံခါးဝတွင် လဲကျနေသော ဝိညာဉ်ဖြူအား တစ်ချက်ကြည့်လိုက်၏။

ချွန်းကုန်းက ...

"ဝိညာဉ်ဖြူ တကယ်သေပါပြီ ... ၊ သူ ပြန်ထနိုင်မထနိုင် ကြည့်ကြသေးတာပေါ့ ..."

ထိုစဉ် ... လေတစ်ချက် ပြင်းစွာတိုက်ခတ်လိုက်၏။

"ဖုတ် ..."

ခနဲမြည်သံနှင့်အတူ မီးအိမ်ငြိမ်းသွား၏။

ချွန်းနီက ချက်ချင်းပင် မီးအိမ်အားပြန်ထွန်းလိုက်၏။

မီးလင်းလင်းချင်းပင် ချွန်းကုန်း၏ အံ့အားသင့်သံ ထွက်ပေါ်လာ၏။

"ဟင် ... ၊ မရှိတော့ဘူး ..."

ချွန်းနီက လှည့်ကြည့်လိုက်ရာ သူမ၏မျက်လုံးအစုံ ဝိုင်းစက်ပြူးကျယ်သွားလေသည်။

တံခါးဝတွင် လဲကျသေဆုံးနေသော ဝိညာဉ်ဖြူ၏ အလောင်း
မရှိတော့ဘဲ ပျောက်ဆုံးနေပြီ မဟုတ်ပါလား။

ရုတ်တရက် ... အေးစိမ့်သော စကားသံထွက်ပေါ်လာ၏။

"ဝိညာဉ်ဖြူ ဘယ်တော့မှမသေဘူး ... "

ချွန်းကုန်းသည် ဝိညာဉ်ဖြူအား လေးကြိမ်တိတိသတ်ခဲ့၏
သို့သော် ...

ဝိညာဉ်ဖြူ မသေခဲ့ပေ။

ဝိညာဉ်ဖြူသည် မကောင်းဆိုးဝါးလော ... ။

ကြက်သီးများ ဖြန်းခနဲထလာ၏။

တံခါးဝတွင် လူတစ်ယောက် ပေါ်လာ၏။

ထိုလူအား တွေ့မြင်လိုက်ရသောအခါ ချွန်းကုန်းက အလန့်
တကြား ရေရွတ်လိုက်၏။

"ဝိညာဉ်ဖြူ ... "

❁ ❁ ❁

"ဟား ... ဟား ... ဟား ... "

ဝိညာဉ်ဖြူ၏ အေးစိမ့်သောရယ်သံ အဆက်မပြတ်ထွက်ပေါ်
လာ၏။

ချွန်းကုန်းမှာ အလွန်ထိတ်လန့်သွား၏။

ချွန်းနီသည် ရှိုးအစ်အား တင်းကြပ်စွာ ဖက်ထားကာ မလှုပ်
ရှားနိုင်ဘဲရှိနေ၏။

ဝိညာဉ်ဖြူသည် အိမ်ထဲဝင်မိသည်နှင့် ချွန်းကုန်းအား တိုက်
လိုက်၏။

ချွန်းကုန်းက အံတင်းတင်းကြိတ်ကာ ပြန်လည်တိုက်ခိုက်
လိုက်၏။

သို့သော် ...

ဝိညာဉ်ဖြူက သူ၏သိုင်းကွက်အား ကြိုတင်သိထားသည့်
အား ရှောင်တိမ်းကာ ပြန်လည်တိုက်ခိုက်လိုက်၏။

သိုင်းကွက်နှစ်ဆယ်အတွင်း ချွန်းကုန်း၏ အခြေအနေမှာ
ပါးလာ၏။

နောက်ထပ်သိုင်းကွက် နှစ်ဆယ် ထပ်မံတိုက်ခိုက်လိုက်သော
ဝိညာဉ်ဖြူ၏ဓားသည် သူ၏ခန္ဓာကိုယ်တွင် တစ်ချက် ရွပ်ထိ
၏။

ချွန်းကုန်းက ပို၍ထိတ်လန့်လာ၏။

သတ်၍မသေသော ဝိညာဉ်ဖြူအား သူက မည်သို့ရင်ဆိုင်နိုင်
မည်နည်း။

သူ၏တိုက်ခိုက်မှုများ ဖရိုဖရဲဖြစ်နေပြီး ဝိညာဉ်ဖြူ၏ ဓားချက်
များကို အသေအလဲကာကွယ်နေရ၏။

မကြာမီ ... သူက ဝိညာဉ်ဖြူ၏ လက်ချက်ဖြင့် သေဆုံးသွား
မည်ဟု တွေးနေမိ၏။

❁ ❁ ❁

ကျားရဲသခင်လေးနှင့် ရှိုးဝေ့သည် တောလမ်းလေးအတိ
လျှောက်လာ၏။

ကောင်းကင်တွင် လကွေးကွေးလေးရှိနေသဖြင့် ဝန်းကျင်မှ
ဝိုးတဝါးသာ တွေ့နေရ၏။

ကျားရဲသခင်လေးသည် နားခိုရန် နေရာရှာရင်း ဆက်လျှောက်
လာ၏။

တစ်နေရာအရောက်တွင် သူက မြေပေါ်ရှိ အရာဝတ္ထုတစ်
အား ခလုတ်တိုက်မိကာ လဲကျမလိုဖြစ်သွား၏။

သူက အော်သို့ငုံ့ကြည့်လိုက်ရာ ...

"ဟင် ... အလောင်းတွေပါလား ..."

ကျားရဲသခင်လေးက အံ့အားသင့်စွာဖြင့် ရေရွတ်လိုက်မိ၏။

မြေပေါ်တွင် အလောင်းနှစ်ခု ယှဉ်ကာချထား၏။

အလောင်းနှစ်လောင်းမှာ တစ်ကိုယ်လုံးဖြူဆွတ်နေပြီး ပြာ
ဖြစ်၏။

ကျားရဲသခင်လေးက အံ့အားသင့်သွား၏။

ထိုစဉ် ... သူ၏နားထဲ၌ တိုက်ခိုက်သံသဲ့သဲ့ကို ကြားလိုက်ရ၏။

ကျားရဲသခင်လေးက မျက်မှောင်ကုတ်သွား၏။

"တောအုပ်ထဲမှာ ဘယ်သူတွေတိုက်ခိုက်နေပါလိမ့် ..."

သူသည် ရှိုးဝေ့အား ခေါ်ကာ တိုက်ခိုက်သံကြားရာဘက်သို့
လျှောက်လာခဲ့၏။

ရှေ့တွင် မီးရောင်အားတွေ့မြင်လိုက်ရလေသည်။

✿ ✿ ✿

တိုက်ပွဲမှာ ပြင်းထန်နေ၏။

ချွန်းကုန်း၏ခန္ဓာကိုယ်တွင် သွေးချင်းချင်းရဲနေ၏။

သူ၏ခန္ဓာကိုယ်တွင် ဒဏ်ရာသုံးလေးခု ရထားပြီဖြစ်၏။

ဝိညာဉ်ဖြူသည် အေးစက်စွာ ရယ်မောနေ၏။

"ဝိညာဉ်ဖြူကိုသတ်လို့မရဘူးဆိုတာ သိပြီလား ..."

သူကပြောရင်း ဓားအား တရကြမ်းဝှေ့ယမ်းတိုက်ခိုက်လိုက်၏။

ချွန်းကုန်းမှာ သတိကြီးစွာထားကာ ခုခံနေရ၏။

"ချွင် ..."

ဓားနှစ်လက် ပြင်းစွာထိခိုက်မိသွား၏။

ချွန်းကုန်းသည် ဓားအားမြှောင် မကိုင်နိုင်တော့ပါ။

သူ၏ဓားသည် အဝေးသို့လွင့်စဉ်သွားလေသည်။

ဝိညာဉ်ဖြူက အေးစက်စွာဖြင့် ...

"ဒီတစ်ခါ မင်းသေရမယ့်အလှည့်ပဲ ..."

သူက ချွန်းကုန်းထံသို့ တစ်လှမ်းချင်းလျှောက်လာကာ ဓား
အား ဝှေ့ယမ်း၍ ခုတ်ချလိုက်၏။

ချွန်းကုန်းမှာ မရှောင်တိမ်းနိုင်တော့ပါ။

ဝိညာဉ်ဖြူ၏ မေးချက်ဖြင့် သေဆုံးရပြီဟု ထင်မှတ်ကာမျက်လုံး မှိတ်ထားလိုက်၏။

ချွန်းနိကလည်း ဝင်ကူရန် သတိမရပါ။

ကြောက်လန့်ပြီး မျက်လုံးအပြူးသားနှင့် ငေးကြည့်နေ၏။

ထိုစဉ် ... ပြတင်းပေါက်မှ အရာတစ်ခု ဝင်ရောက်လာ၏။

ဝိညာဉ်ဖြူ၏ မေးသည် ထိုအရာအား ထိမှန်သွား၏။

"စွပ် ..."

"ဝုန်း ..."

ချွန်းကုန်းက မျက်လုံးဖွင့်ကြည့်လိုက်၏။

ကြမ်းပြင်ပေါ်တွင် ဝိညာဉ်ဖြူတစ်ယောက် လဲကျနေကာ ဝိညာဉ်ဖြူတစ်ယောက်က ရပ်နေ၏။

ရပ်နေသော ဝိညာဉ်ဖြူက ပြတင်းပေါက်ဘက်လှည့်ကာ ...

"ဘယ်သူလဲ ..."

ပြန်ဖြေသံမကြားရပါ။

ထိုစဉ် ... ပြတင်းပေါက်မှ အရာဝတ္ထုတစ်ခု လျင်မြန်စွာ ဝင်လာ၏။

ဝိညာဉ်ဖြူက တုံ့ဆိုင်းမနေဘဲ လက်ထဲမှဓားဖြင့် လျင်မြန်စွာ ခုတ်ချလိုက်၏။

"ဝုန်း ..."

ထိုအရာမှာ ကြမ်းပြင်ပေါ်ပြုတ်ကျသွား၏။

"ဟင် ..."

ချွန်းကုန်းက အံ့အားသင့်သွား၏။

နောက်ထပ် ဝိညာဉ်ဖြူတစ်ယောက်။

ယခု ... အခန်းထဲတွင် သေဆုံးနေသော ဝိညာဉ်ဖြူနှစ်ယောက်နှင့် ရပ်နေသော ဝိညာဉ်ဖြူတစ်ယောက် ရှိ၏။

ပြတင်းပေါက်အပြင်ဘက်မှ စကားသံ အေးစက်စွာထွက်ပေါ်လာ၏။

"ဝိညာဉ်ဖြူက သတ်လို့သေပါတယ်ဗျ ..."

ဝိညာဉ်ဖြူ၏ မျက်နှာ ဖြူလျော်သွား၏။

စကားသံအဆုံးတွင် အိမ်ရှေ့မှ လူငယ်တစ်ယောက် ပေါ်လာ၏။

ဝိညာဉ်ဖြူက ...

"မင်း ... ဘယ်သူလဲ ..."

လူငယ်က အမေးအား မဖြေဘဲ ...

"ခင်ဗျားက ဝိညာဉ်ဖြူသရဲဟန်ဆောင်ပြီး ခြောက်လှန့်တယ်၊ သူတွေ ကြောက်တော့မှ အနိုင်ယူတယ် ..."

ဝိညာဉ်ဖြူက ထိတ်လန့်သွား၏။

လူငယ်အား ပြေးဝင်ကာ တိုက်ခိုက်လိုက်၏။

လူငယ်ကလည်း တုံ့ပြန်တိုက်ခိုက်လိုက်၏။

ဝိညာဉ်ဖြူသည် လူငယ်နှင့်တိုက်ခိုက်ပြီးမှ မှားမှန်းသိလိုက်၏။

လူငယ်၏သိုင်းပညာမှာ လွန်စွာမြင့်မားနေသည် မဟုတ်ပါလား။

ဝိညာဉ်ဖြူက နောက်ဆုတ်ရန် ကြံရွယ်လိုက်၏။

သို့သော် ...

လူငယ်၏ဓားချက်အောက်မှ ရုန်းမထွက်နိုင်ဘဲဖြစ်နေ၏။

ဝိညာဉ်ဖြူက ဒေါသချောင်းချောင်းထွက်လာ၏။

သူက အစွမ်းရှိသမျှ တိုက်ခိုက်လိုက်၏။

သူ၏ပြင်းထန်သောဓားချက်များသည် လူငယ်အား နောက်ဆုတ်သွားစေမည်ဟု ယုံကြည်၏။

သူ၏အထင်မှာ တက်တက်စင် လွဲနေ၏။

လူငယ်သည် သူ၏ဓားကွက်များကို စနစ်တကျ တစ်ခုချင်း ချေဖျက်နေ၏။

ဝိညာဉ်ဖြူက ရင်ထိတ်သွား၏။

လူငယ်က နာခေါင်းရွဲ့ကာ ...

"ဝိညာဉ်ဖြူက အကောက်ညာဏ်နဲ့သာ သူတစ်ပါးကို အနိုင်ယူနိုင်တာ ... ၊ သိုင်းပညာက ဘာမှမရှိပါလား ... ၊ ခင်ဗျားလုပ်ခဲ့တဲ့ မကောင်းမှုတွေများပြီ၊ ခင်ဗျားကို ခွင့်မလွှတ်နိုင်တော့ဘူး ..."

ဝိညာဉ်ဖြူက ရင်ထိတ်သွား၏။

"မင်းနဲ့ကျုပ်နဲ့ ဘာရန်ညှိုးရှိလို့လဲ ..."

လူငယ်က ...

"ခင်ဗျားလိုလူကို ရှင်းပစ်ဖို့ ဘာရန်ညှိုးမှ မလိုအပ်ပါဘူး"

ဝိညာဉ်ဖြူက ဒေါသချောင်းချောင်း ထွက်လာ၏။

"မင်းက လူစွမ်းကောင်းလုပ်ချင်တာကိုး ..."

သူသည် လူငယ်အား အနိုင်မရလျှင် သေမည်မှန်း ကောင်းစွာသိ၏။

ထို့ကြောင့် ... သူသေကိုယ်သေ ဓားကွက်များကို အသုံးပြု၏။

သူက မည်မျှပင်ကြိုးစားသော်လည်း လူငယ်၏ဓားကွက်ကို မယှဉ်နိုင်ပါ။

သိုင်းကွက်ငါးဆယ် ပြည့်သောအခါ လူငယ်၏ဓားသည် ဝိညာဉ်ဖြူ၏ ရင်ဝသို့ထိုးစိုက်မိသွား၏။

"အား ..."

ဝိညာဉ်ဖြူသည် နာကျင်စွာအော်ဟစ်ပြီး လဲကျသွားလေသည်။

လူငယ်က ဓားအားသိမ်းကာ ...

"ဝိညာဉ်ဖြူ ဘယ်တော့မှမသေဘူးဆိုတာ သူ့ရဲ့လှည့်ကွက်ပါပဲ ..."

ဟု ရေရွတ်လိုက်လေတော့သည်။

✿ ✿ ✿

ချွန်းကုန်းသည် လူငယ်အား ကျေးဇူးတင်စွာ ကြည့်လိုက်၏။

"ကျေးဇူးတင်ပါတယ် ... ၊ ငါ့တူသာ ရောက်မလာ
ဦးတော့ သေဆုံးမှာ အမှန်ပဲ ..."

လူငယ်က ...

"ကိစ္စမရှိပါဘူးဗျာ ..."

သူက ပြောရင်း လက်ခုပ်တီးလိုက်၏။

"ဖြောင်း ... ဖြောင်း ... ဖြောင်း ..."

လက်ခုပ်သံအဆုံးတွင် ပြေးလွှားလာသောခြေသံနှင့်အ
ကလေးငယ်တစ်ယောက် ပြေးလာသည်ကို တွေ့လိုက်ရ၏။

ကလေးမှာ ရှိုးဝေဖြစ်ပြီး လူငယ်မှာ ကျားရဲသခင်လေး
ဖြစ်၏။

ရှိုးဇေအိမ်ထဲရောက်သည်နှင့် ...

"ကိုကို ..."

အခန်းထောင့်တွင် ချွန်းနီ၏ရင်ခွင်ထဲ၌ ပုန်းအောင်းနေသော
ရှိုးအစ်က ဝမ်းသာအားရ ခေါ်လိုက်၏။

ရှိုးဝေသည် ယခုမှပင် ရှိုးအစ်အား တွေ့လိုက်ရ၏။

"ညီလေး ... ညီလေး ..."

ရှိုးဝေက ဝမ်းသာအားရခေါ်ကာ ရှိုးအစ်ထံ ပြေးသွားလိုက်၏
ကျားရဲသခင်လေးသည် ရှိုးဝေတို့ညီအစ်ကိုဘက်လှည့်ကြည့်
ရင်း အမှတ်မထင် ချွန်းနီအား ကြည့်မိလိုက်၏။

သူ့ရင်ထဲတွင် ဖော်မပြနိုင်သော ခံစားချက်ဖြစ်ပေါ်လာ

သူ၏ရင်ခုန်သံ ကျယ်လောင်စွာ ထွက်ပေါ်လာသည်ကို ကြား
လိုက်ရ၏။

ချွန်းနီ၏ ရှင်းသန့်သောမျက်နှာက သူ၏အသည်းနှလုံးထဲ
တွင် စူးနစ်ဝင်သွား၏။

သူ့ရင်ထဲတွင် ချစ်ခြင်းမေတ္တာတရားကို ခံစားလိုက်ရ၏။

သူ့ဘဝအတွက် ရင်ခုန်ခြင်းဟူသော ခံစားချက်အရသာကို
ပထမဆုံးအကြိမ် ခံစားလိုက်ရလေတော့သည်။



ဆုံစည်းခြင်း

ရိုးဝေနှင့် ရိုးအစ်သည် တစ်ယောက်ကိုတစ်ယောက် တင်းကြပ်စွာ ဖက်ထားကြ၏။

ချွန်းကုန်းက ညီအစ်ကိုနှစ်ယောက်အား သနားကြင်နာစွာကြည့်ကာ ...

"တိုက်တိုက်ဆိုင်ဆိုင် ညီအစ်ကိုနှစ်ယောက် ပြန်ဆုံတွေ့ရကာပဲ ..."

ကျားရဲသခင်လေးက ...

"သူတို့နှစ်ယောက်ရဲ့ ကံကြမ္မာပေါ့ဗျာ ..."

ချွန်းကုန်းက မျက်မှောင်ကုတ်ကာ ...

"ကျုပ်နားမလည်တာက ဒီလိုငယ်ရွယ်တဲ့ကလေးနှစ်ယောက်ကို ရွှေဇီးကွက်ဂိုဏ်းက ဘာကြောင့်ဒီလောက် အလိုရှိနေတာလဲ သိဘူး ..."

ကျားရဲသခင်လေးက ...

"ကျုပ်လဲ အဲဒီကိစ္စကို စိတ်ဝင်စားနေတာ ... ၊ တစ်နေ့တော့ ရွှေဇီးကွက်ဂိုဏ်းကို အရောက်သွားဖို့ ကျုပ်ဆုံးဖြတ်ထားတယ်"

ချွန်းကုန်းက ...

"ဒီနေ့ ... ကျုပ်တို့ ဘယ်ကို ဆက်သွားကြမလဲ ..."

ကျားရဲသခင်လေးက သက်ပြင်းတစ်ချက်ချလိုက်၏။

"ကျုပ်ကြောင့် ဦးတို့မှာ ရန်သူများလာနိုင်တယ် ... ၊ ဒါကြောင့် ဦးတို့ပဲ ခရီးဆက်ကြပါ ..."

ချွန်းကုန်းက ...

"မင်းရဲ့သိုင်းပညာအစွမ်းနဲ့ဆိုရင် ကျုပ်တို့ ခရီးပိုတောင် မြန်နိုင်တယ် ..."

ကျားရဲသခင်လေးက ချွန်းနိဘက်တစ်ချက်လှည့်ကြည့်လိုက်၏။

သူ၏အကြည့်ကြောင့် ချွန်းနိုက မျက်လွှာချကာ ခေါင်းငုံ့သွား၏။

ရိုးဝေက ...

"ဦးဦး ... ကျွန်တော့်ကို ကျန်းဖုဒေသကို လိုက်ပို့ပေးမယ်လို့ ကတိပေးထားတယ်လေ ... ၊ မေ့ပြီလား ..."

ဟု အော်ပြောလိုက်၏။

ကျားရဲသခင်လေးက ပြုံးကာ ခေါင်းညိတ်လိုက်၏။

"မမေ့ပါဘူးကွာ ... ၊ စိတ်ချပါ ..."

အမှန်တော့ သူကလည်း ချွန်းနီနှင့်အတူ ခရီးသွားလိုသည် မဟုတ်ပါလား။

မည်သူမဆို ကိုယ်ချစ်မိသူနှင့် အမြဲပင်မခွဲမခွာ ရှိလိုသည်မှာ သဘာဝပင် မဟုတ်ပါလား။

✿ ✿ ✿

လူစိမ်း

"တောက် ..."

ရွှေဇီးကွက်ဂိုဏ်းချုပ်၏ တက်ခေါက်သံ ကျယ်လောင်စွာ ထွက်ပေါ်လာ၏။

အခန်းတွင်းရှိ ရွှေဇီးကွက်ဂိုဏ်းသားများမှာ တစ်ယောက်မှ မလှုပ်ဝံ့ကြပါ။

"ဝုန်း ..."

ရွှေဇီးကွက်ဂိုဏ်းချုပ်သည် စားပွဲခုံအား လက်ဝါးဖြင့် တစ်ချက် ရိုက်ချလိုက်၏။

ထို့နောက် ... ဟိုဘက်ဒီဘက် ခေါက်တုံ့ခေါက်ပြန် လျှောက် နေ၏။

သူ့အားကြည့်နေသည်မှာ ဒေါသတကြီးနှင့် တစ်စုံတစ်ရာ အား ထိတ်လန့်နေဟန် ပေါ်လွင်နေ၏။

"ဝိညာဉ်ဖြူသေပြီ ... ဟုတ်လား ..."

သူက ကျယ်လောင်စွာ အော်ဟစ်မေးလိုက်၏။

သို့သော် ...

မည်သူကမှ ပြန်ဖြေဖို့ အသံမထွက်ရဲကြပါ။

အားလုံးမှာ ခေါင်းငုံ့ထားကြ၏။

ရွှေဇီးကွက်ဂိုဏ်းချုပ်က ...

"သွားကြ ... အင်အားသုံးပြီး သူတို့ကို ရအောင်ခေါ်လာခဲ့ကြ ..."

ဟု အမိန့်ပေးလိုက်၏။

ရွှေဇီးကွက်ဂိုဏ်းသားများမှာ အမိန့်သံဆုံးသည်နှင့် အခန်းတွင်းမှ အလျှိုလျှို ထွက်သွားကြလေသည်။

ရွှေဇီးကွက်ဂိုဏ်းချုပ် တစ်ယောက်တည်းသာ အခန်းထဲတွင် ဒေါသတကြီးနှင့် ကျန်ရစ်ခဲ့၏။

ထိုစဉ် ... အခန်းတွင်းသို့ ဂိုဏ်းသားတစ်ယောက် လှမ်းဝင်လာ၏။

ရွှေဇီးကွက်ဂိုဏ်းချုပ်က မျက်မှောင်ကုတ်သွား၏။

"ဘာလာလုပ်တာလဲ ..."

ဟု အော်ငေါက်လိုက်၏။

ဂိုဏ်းသားမှာ ထိတ်လန့်သွား၏။

"ဟို ... ဟို ... သတင်းလာပို့တာပါ၊ ဂိုဏ်းချုပ်ကြီး ..."

ရွှေဇီးကွက်ဂိုဏ်းချုပ်က ...

"ဘာသတင်းလဲ ..."

ရွှေဇီးကွက်ဂိုဏ်းသားက ...

"နယ်မြေထဲကို လူစိမ်းတစ်ယောက် ဝင်လာနေပါတယ် ...၊ သူ့ကို ရှင်းပစ်ဖို့ ..."

ရွှေဇီးကွက်ဂိုဏ်းချုပ်က လက်ကာပြလိုက်၏။

"နေပါစေ ... သူဝင်လာပါစေ ..."

ရွှေဇီးကွက်ဂိုဏ်းသားမှာ ကြောင်အံ့အံ့ဖြစ်သွား၏။

သို့သော် ...

သူက ဘာမှစောဒကမတက်ဝံ့ပါ။

အရှိအသေပေးကာ ပြန်လည်ထွက်ခွာသွားလေတော့သည်။

✿ ✿ ✿

တောလမ်းကလေးတစ်ခု ...။

လှို့ဝှက်သောလမ်းကလေးဖြစ်၏။

နက်ရှိုင်းကြီးမားလှသော မဟာမြိုင်တောအုပ်အတွင်း လှို့ဝှက်စွာ ရှိနေသော လမ်းကလေးဖြစ်၏။

ထိုလမ်းကလေးအတိုင်း လူတစ်ယောက် လျှောက်လာနေ၏။

ထိုလူ၏ လမ်းလျှောက်နှုန်းမှာ အလွန်ပင်လျင်မြန်၏။

ခြေသံလည်း လုံးဝမထွက်ပါ။

ထိုလူ၏ ကိုယ်ဖော်ပညာမှာ အလွန်မြင့်မားလှကြောင်း သိသာလှ၏။

ထိုလူမှာ လေတံခွန်ပင်ဖြစ်၏။

လေတံခွန်သည် မြေပုံကိုကြည့်ရင်း ခရီးဆက်ခဲ့ရာ မကြာမီ

ရွှေဇီးကွက်ဂိုဏ်းဌာနချုပ်သို့ ရောက်တော့မည်ဖြစ်ကြောင်း သိလိုက်၏။

သူသည် မြေပုံအား နောက်ဆုံးအကြိမ်အဖြစ် ထုတ်ကြည့်ကာ သေချာစွာ သိမ်းဆည်းလိုက်၏။

ထို့နောက် ... ရှေ့သို့ သတိကြီးစွာဖြင့် ချဉ်းကပ်လာ၏။

"အစောင့်တွေ မတွေ့ရတာ ကံကောင်းတာပဲ ..."

သူက တီးတိုးရေရွတ်လိုက်၏။

အနှောင့်အယှက်ကင်းသဖြင့် သူက ဌာနချုပ်ရှိရာ တောင်အနီးသို့ လျင်မြန်စွာရောက်ရှိလာ၏။

သူက တောင်ပေါ်သို့ ဆက်မတက်တော့ပါ။

ချုံနွယ်များကြားတိုးဝင်ကာ ပုန်းကွယ်နေလိုက်၏။

ညအမှောင်ရောက်မှပင် အမှောင်ထုကို အကာအကွယ်ယူကာ တောင်ပေါ်သို့ တက်ရန် ဆုံးဖြတ်လိုက်၏။

ရသည့်အချိန်အတွင်း တောင်ပေါ်မှ ရန်သူ့အခြေအနေကိုသာ စောင့်ကြည့်ရန် စဉ်းစားမိလေတော့သည်။

✿ ✿ ✿

ညဉ့်နက်လာပြီဖြစ်၏။

ကောင်းကင်ပေါ်ဇယ် လဝန်းကွေးကွေးလေးသာ ရှိ၏။

တောနက်တွင်းဖြစ်၍ အမှောင်ထုကပို၍ သိပ်သည်း၏။

အအေးဓာတ်ကလည်း ဝန်းကျင်တစ်ခုလုံးအား လွှမ်းခြုံထား၏။

တိတ်ဆိတ်ပြီး တစ်ခါတရံ ကျေးငှက်သံ၊ တောကောင်သံများကို အဝေးမှ တစ်ချက်တစ်ချက် ကြားရ၏။

လေတဲခွန်သည် တောင်ပေါ်သို့ တစ်ချက်ကြည့်လိုက်၏။

သူ့စိတ်ထဲတွင် အနည်းငယ် သံသယဝင်လာ၏။

ရွှေဇီးကွက်ဂိုဏ်းသို့ လာရာလမ်းတစ်လျှောက်တွင် မည်သည့်အစောင့်၏ ဟန့်တားမှုမရှိသဖြင့် သူက ဘဝင်မကျဖြစ်မိ၏။

ထောင်ချောက်များလားဟု ထင်မိ၏။

ရွှေဇီးကွက်ဂိုဏ်းသည် သူလာမည်ကို ကြိုတင်သိနေသည်လား ...။

သူသည် လှေကားအတိုင်း မတက်တော့ဘဲ အနောက်ဘက်သို့ ကွက်လျှောက်လာ၏။

တောင်အနောက်ဘက်မှ တက်ရန် ဆုံးဖြတ်လိုက်၏။

တောင်အနောက်ဘက်မှာ မတ်စောက်လှ၏။

သို့သော် ... သူ၏မြင့်မားသော ကိုယ်ဖော့ပညာကြောင့် တက်နိုင်လိမ့်မည်ဟု ယုံကြည်မိ၏။

မတ်စောက်သော ဤနေရာဘက်မှ သူတက်လာမည်ဟု မည်သူကမှ မျှော်လင့်ကြမည်မဟုတ်ပေ။

ထိုအခွင့်အရေးကို သူက အမိအရအသုံးချရပေမည်။

လေတဲခွန်သည် တောင်ပေါ်သို့ တစ်ချက်ကြည့်ကာ တောင်အနောက်ဘက်သို့ စတင်တက်သွားလေတော့သည်။

✿ ✿ ✿

ဝမ်လျောင် ... ။

ရွှေဖီးကွက်ဂိုဏ်းချုပ်၏ လက်ရုံးတစ်ဆူဖြစ်၏။

သူသည် တစ်ချိန်က ခွန်လွန်ဂိုဏ်းမှဖြစ်၏။

သူ၏ စည်းကမ်းဖောက်ဖျက်မှုကြောင့် ခွန်လွန်ဂိုဏ်းမှ ထုတ်ပယ်ခံရခြင်းဖြစ်၏။

နောက်ပိုင်းတွင် သူသည် အနက်ရောင်သိုင်းသမားဖြစ်လာခဲ့၏။

ရွှေဖီးကွက်ဂိုဏ်းချုပ်နှင့်တွေ့ပြီး ရွှေဖီးကွက်ဂိုဏ်း တည်ထောင်ရာတွင် စတင်ပါဝင်ခဲ့သူ ဖြစ်၏။

ယခု ... သူသည် ဂိုဏ်းချုပ်၏ အထူးတာဝန်ပေးချက်အရ တောင်တက်လမ်းအပေါ်ဆုံးမှ ပုန်းကွယ်ကာ အခြေအနေကို အကဲခတ်စောင့်ကြည့်နေခြင်း ဖြစ်၏။

သူနှင့်အတူ ရွှေဖီးကွက်ဂိုဏ်း၏ လက်ရွေးစင်သိုင်းသမား လေးဦးလည်း အသင့်ရှိနေ၏။

သူတို့က လေတံခွန်အား စောင့်နေကြခြင်း ဖြစ်၏။

အချိန်များ တရွေ့ရွေ့ကုန်ဆုံးသွား၏။

ဝမ်လျောင်က စိတ်မရှည်တော့ပါ။

သူက လေပူတစ်ချက်မှုတ်ထုတ်ကာ ...

"သူ ... ရောက်လာသင့်ပြီ ..."

ဟုရေရွတ်လိုက်၏။

သူတို့နေရာယူထားသောနေရာမှာ တောင်အရှေ့ဘက်တစ်ခွင်အား ကောင်းစွာ တွေ့မြင်နေရ၏။

သို့သော် ... ယခုအထိ လေတံခွန်အား မတွေ့ရသေးပါ။

ဝမ်လျောင်သည် စောင့်ဆိုင်းရင်း စိတ်မရှည်နိုင်ဖြစ်လာ၏။

ယနေ့တွင် ဂိုဏ်းချုပ်၏ အထူးအမိန့်ဖြင့် ရှိသမျှ ကင်းပုန်းအားလုံးအား ရုပ်သိမ်းထားသည် မဟုတ်ပါလား။

ဝမ်လျောင်သည် လက်ရွေးစင်သိုင်းသမားများဘက်လှည့်လိုက်၏။

"ဟေ့ ... မင်းတို့နှစ်ယောက် အောက်ဆင်းကြည့်စမ်း ..."

လက်ရွေးစင်သိုင်းသမားနှစ်ဦးသည် ချက်ချင်းပင် တောင်အောက်သို့ ပြေးဆင်းသွား၏။

ဝမ်လျောင်က လေတံခွန်အကြောင်း တွေးလိုက်၏။

"လေတံခွန်က ကိုယ်ဖော့မညာ ကောင်းသလို ဉာဏ်လည်းကောင်းတယ်၊ သူတစ်ယောက်တည်း လာတဲ့အတွက် အကွက်ချဒီစဉ်လာမှာ သေချာတယ် ..."

သူသည် လွတ်လိုက်သော လက်ရွေးစင်သိုင်းသမား နှစ်ဦးအတွက် စိတ်မချနိုင်ဖြစ်လာ၏။

နောက်ဆုံး သူတို့ပါလိုက်သွားရန် ဆုံးဖြတ်လိုက်လေတော့သည်။



လေတံခွန်သည် တောတ်ထိပ်အနီးသို့ ရောက်လာ၏။

သူက ဆက်မတက်ဘဲ ရပ်လိုက်၏။

ထိုနေရာတွင် ခေတ္တအနားယူကာ အပေါ်မှအသံများကို နား စွင့်လိုက်၏။

မကြာမီ ... တောင်ပေါ်တွင် အစောင့်နှစ်ဦးသာ လှည့်ပတ် စောင့်ကြပ်နေမှန်း ရိပ်စားမိလိုက်၏။

လေတံခွန်သည် အပေါ်သို့ ဖြည်းညှင်းစွာ တက်လာ၏။

တောင်ပေါ်ရောက်သောအခါ သူ့အား ကျောပေးကာ လျှောက် သွားနေသော အစောင့်နှစ်ဦးအား တွေ့မြင်လိုက်ရ၏။

လေတံခွန်က တိုက်ခိုက်ရန် စိတ်ကူးလိုက်၏။

သို့သော် ...

မတိုက်ခိုက်တော့ဘဲ ကိုယ်ဖော့ပညာကိုသုံးကာ အဆောက် အအုံဆီသို့ ပြေးလွှားသွားလေသည်။

အစောင့်နှစ်ဦးသည် လေတိုးသံကြားသဖြင့် နောက်သို့ ချာ ခနဲ လှည့်ကြည့်လိုက်ကြ၏။

မည်သည့်အရာကိုမှ မတွေ့ရပေ။

ထို့ကြောင့် ရှေ့သို့ဆက်လျှောက်သွားလေတော့သည်။

✿ ✿ ✿

အခန်းကျယ်တစ်ခု ... ။

ယင်းအခန်းထဲတွင် ရွှေဇီးကွက်ဂိုဏ်းချုပ် ထိုင်နေ၏။

အခန်းတစ်ခုလုံး တိတ်ဆိတ်နေ၏။

"ဖျောက် ... ဖျောက် ..."

ရွှေဇီးကွက်ဂိုဏ်းချုပ်သည် လက်ဆစ်ကလေးများအား ချိုး လိုက်၏။

သူ၏ပုံဟန်မှာ တည်ငြိမ်နေ၏။

သို့သော် ...

စိတ်လှုပ်ရှားမှုရှိနေမှန်း သိသာလှ၏။

ရွှေဇီးကွက်ဂိုဏ်းချုပ်သည် တစ်စုံတစ်ယောက်အား စောင့် မျှော်နေဟန် စူ၏။

မှန်ပေသည်။

သူက လေတံခွန်အား စောင့်မျှော်နေခြင်းဖြစ်၏။

လေတံခွန်နောက်သို့ သူကမလိုက်ဘဲ သူ့ထံသို့လေတံခွန် ရောက်လာအောင် အကွက်ဆင်ခဲ့၏။

မကြာမီ ... လေတံခွန် ရောက်လာပေလိမ့်မည်။

ထိုအခါမှ လေတံခွန်အား ဖမ်းဆီးကာ ရှိုးယုံရှိသည့်နေရာ ကို မေးရန် စိတ်ကူးထား၏။

အရာအားလုံးမှာ မကြာခင်ပြီးဆုံးတော့မည်ဟု သူက ယုံကြည် ထား၏။

ရွှေဇီးကွက်ဂိုဏ်းချုပ်သည် အတွေးများကို ရပ်လိုက်၏။

"တောက် ..."

သူက တက်တစ်ချက်ခေါက်လိုက်၏။

စောင့်ဆိုင်းရသည့်အလုပ်ကို သူ အလွန်မုန်းတီး၏။
ယခုလည်း စောင့်မျှော်နေသည်ကို စိတ်မရှည်သလို ဖြစ်လာ
၏။

အချိန်များ တရွေ့ရွေ့ကုန်ဆုံးလာ၏။
သတင်းပေးချိန်ထက် ကျော်လွန်နေပြီဖြစ်၏။
လေတံခွန်သည် ဤနေရာသို့ ရောက်သင့်နေပြီဖြစ်၏။
ရွှေဇီးကွက်ဂိုဏ်းချုပ်သည် ဆတ်ခနဲထရပ်လိုက်၏။
ထို့နောက် ... အခန်းတွင်းမှ လျင်မြန်စွာ ပြေးထွက်သွားလေ
တော့သည်။

✿ ✿ ✿

ရွှေဇီးကွက်ဂိုဏ်းဌာနချုပ် ...
လေတံခွန်သည် ရွှေဇီးကွက်ဂိုဏ်းဌာနချုပ်အား စနစ်တကျ
လေ့လာကြည့်ရှုနေ၏။
ရွှေဇီးကွက်ဂိုဏ်း၏ ဌာနချုပ်တည်ရှိနေပုံမှာ ခံစစ်အနေအထား
အရ အလွန်ကောင်းမွန်လှ၏။
ရွှေဇီးကွက်ဂိုဏ်းသည် မြေနေရာအနေအထားအရ သူ့ထက်
အင်အားသုံးဆများသည့်ရန်သူကိုပင် အလွယ်တကူ ခုခံနိုင်သည့်
အခြေအနေတွင် ရှိ၏။
ထို့ကြောင့် ... တိုက်ခိုက်ရန် အနေအထားနှင့် အကောင်းဆုံး

နေရာများ၊ တောင်ပေါ်သို့ အမြန်ဆုံးတက်နိုင်မည့် လမ်းကြောင်း
များကို ရွေးချယ် သတ်မှတ်လိုက်၏။
ထို့နောက် ... သူက တောင်ပေါ်မှ ပြန်ဆင်းသွားရန် ဆုံးဖြတ်
လိုက်၏။
မလိုအပ်ဘဲ သူက စွန့်စားမှုများ မလုပ်လိုပါ။
ယခု ... သူက ရွှေဇီးကွက်ဂိုဏ်းအား တိုက်ခိုက်ရန်လာခြင်း
မဟုတ်ဘဲ လေ့လာရန်သက်သက်သာလာခြင်းဖြစ်၏။
လေတံခွန်သည် အမှောင်ရိပ်ခိုက်ခါ အကာအကွယ်ယူကာ
အဆောက်အအုံ အနောက်ဘက်သို့ ပြန်လည်လျှောက်လာ၏။
ရုတ်တရက် ... သူ၏နောက်ဘက်မှ ...
"လေတံခွန် ... ရောက်လာပြီးမှတော့အထဲဝင်ခဲ့ရောပေါ့ ... ၊
ဘာကြောင့် ခိုးကြောင်ခိုးဝှက်လုပ်နေရတာလဲ ..."
ဟူသော အေးစိမ့်သည့်စကားသံ ထွက်ပေါ်လာလေသည်။
လေတံခွန်၏ ခန္ဓာကိုယ် တစ်ချက်တုန်ခါသွား၏။
သူက အသံလာရာသို့ ကပျာကယာ လှည့်ကြည့်လိုက်၏။
သူ၏ညာဘက် ဝါးတစ်ရိုက်ခန့်အကွာတွင် လူတစ်ယောက်
ရပ်နေသည်ကို တွေ့လိုက်ရ၏။
ထိုလူမှာ တစ်ကိုယ်လုံးအနက်ရောင် ဝတ်ဆင်ထား၏။
မျက်နှာပေါ်တွင် ရွှေရောင်ဇီးကွက်မျက်နှာဖုံး တပ်ဆင်ထား၏။
ရွှေဇီးကွက်ဂိုဏ်းချုပ်ပင်တည်း ... ။
လေတံခွန်က သက်ပြင်းချလိုက်၏။

သူက အေးတိအေးစက် စိုက်ကြည့်ကာ ...

"ရွှေဇီးကွက်ဂိုဏ်းချုပ်ထင်ပါရဲ့ ..."

ဟု မေးလိုက်၏။

ရွှေဇီးကွက်ဂိုဏ်းချုပ်က ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ် ... ကျုပ် ခင်ဗျားကို ညဉီးကတည်းက စောင့်နေတာပါ ..."

လေတံခွန်၏ မျက်နှာ ကွက်ခနဲပျက်သွား၏။

သူက ချက်ချင်းပင် ဟန်ဆောင်လိုက်၏။

ရွှေဇီးကွက်ဂိုဏ်းချုပ်၏ စကားအရ သူလာမည်ကို ကြိုတင်သိထားပုံရသည် မဟုတ်ပါလား။

ရွှေဇီးကွက်ဂိုဏ်းချုပ်က ...

"ကျုပ် ခင်ဗျားကိုစောင့်နေတာ မေးစရာမေးခွန်းလေးတွေ ရှိနေလို့ပါ ..."

လေတံခွန်က အံ့အားသင့်သွား၏။

"ဟုတ်လား ...ဘာမေးမလို့လဲ ..."

ရွှေဇီးကွက်ဂိုဏ်းချုပ်က ...

"ရိုးယုံဘယ်မှာလဲ ..."

လေတံခွန်က ပြုံးလိုက်၏။

"ဒီမေးခွန်းကို ကျုပ်ဖြေလိမ့်မယ်လို့ ခင်ဗျား ထင်နေသလား"

ဟု ရယ်ကြဲကြဲ ပြန်မေးလိုက်၏။

ရွှေဇီးကွက်ဂိုဏ်းချုပ်က ...

"မဖြေရင် ခင်ဗျားသေမှာပဲ ..."

သူ၏အသံမှာ ခက်ထန်တင်းမာနေ၏။

လေတံခွန်က ပြုံးလိုက်၏။

"ခင်ဗျားက ကျုပ်ကို သတ်နိုင်လို့လား ..."

ရွှေဇီးကွက်ဂိုဏ်းချုပ်က ...

"ခင်ဗျားကကော ဒီတောင်ပေါ်ကနေ လွတ်မြောက်လိမ့်မယ်လို့ ထင်နေလား ..."

ထိုစကားကြောင့် လေတံခွန်၏ရင်ထဲတွင် လေးလံသွား၏။

သူသည်ထောင်ချောက်တစ်ခုအတွင်း ရောက်ရှိနေသလို ခံစားရ၏။

ဤနေရာမှ သူကအမြန်ဆုံးထွက်ခွာနိုင်မှ ဖြစ်ပေမည်။

လေတံခွန်က မသိမသာ သက်ပြင်းချလိုက်၏။

သူ့မျက်နှာတွင် မည်သည့်ဟန်မူရာမှ မပေါ်အောင် ထိန်းကာ–

"ကျုပ်က လွတ်မြောက်အောင် ကြိုးစားရမှာပေါ့ဗျာ ..."

သူက ပြောပြီးသည်နှင့် လျှပ်တစ်ပြက် ရှေ့သို့ခုန်ထွက်လိုက်၏။

သူက တောင်အောက်သို့ အရှိန်ဖြင့် ခုန်ဆင်းသွားရန် စိတ်ကူးထားသည် မဟုတ်ပါလား ...။

သူ၏ မြင့်မားသော ကိုယ်ဖော့ပညာကိုသုံးကာ ဤတောင်ပေါ်မှ လွတ်မြောက်အောင် ပြေးနိုင်မည်ဟု ယုံကြည်ထား၏။

သို့သော် ...

သူက ပြေးမလွတ်ပါ။

ရွှေဇီးကွက်ဂိုဏ်းချုပ်က ခြေတစ်ချက်ဆောင့်လိုက်သည်နှင့် လေတံခွန်၏ ပြေးလမ်းအား ဝိတ်ဆို့ထားသလို ဖြစ်သွား၏။

လေတံခွန် ချက်ချင်းပင် ဘယ်ဘက်ချိုးကွေ့ပြေးလိုက်၏။

သို့သော်...

သူက ရပ်လိုက်ရပြန်၏။

အကြောင်းမှာ ရွှေဇီးကွက်ဂိုဏ်းချုပ်က သူ၏ပြေးလမ်းအား ကြိုတင်ဝိတ်ဆို့ထားသည် မဟုတ်ပါလား။

"ဟား... ဟား... ဟား..."

ရွှေဇီးကွက်ဂိုဏ်းချုပ်က ရယ်မောလိုက်၏။

"ခင်ဗျား ကျုပ်လက်ထဲက ပြေးလို့မလွတ်ပါဘူး..."

လေတံခွန်က ခံပြင်းသွား၏။

"ကြည့်ကြသေးတာပေါ့ဗျာ..."

သူက ပြောပြီး လျှပ်တစ်ပြက် ပြေးဟန်ပြုကာ ရွှေဇီးကွက်ဂိုဏ်းချုပ်အား လက်ဝါးနှစ်ချက် ရိုက်ထုတ်လိုက်၏။

ရွှေဇီးကွက်ဂိုဏ်းချုပ်က ထိုသို့ပြုလုပ်မည်ကို ကြိုတင်သိထားသည့်အလား အသာအယာပင် ခုခံပေးလိုက်၏။

လေတံခွန်က သက်ပြင်းချလိုက်၏။

ရွှေဇီးကွက်ဂိုဏ်းချုပ်နှင့် မတိုက်ခိုက်ဘဲ သူက ထွက်ပြေးလွတ်မြောက်မည်မဟုတ်မှန်း နားလည်လိုက်၏။

ထို့ကြောင့် သူက လက်ဝါးဖြင့် အဆက်မပြတ်ရိုက်ထုတ်ကာ တိုက်ခိုက်လိုက်လေသည်။

"၇စ်... ၇စ်..."

လေတိုးသံပင် ထွက်ပေါ်လာ၏။

ရွှေဇီးကွက်ဂိုဏ်းချုပ်က...

"ဘယ်ဆိုးလို့တုန်း...၊ ကဲ... ကျုပ်ရဲ့လက်ဝါးကိုလဲ မြည်းကြည့်ပါဦး..."

ဟုပြောရင်း လက်ဝါးဖြင့် ပြန်လည်တိုက်ခိုက်လိုက်လေသည်။

တစ်ခဏအတွင်းမှာပင် သူတို့နှစ်ယောက်သည် တစ်ယောက်နှင့်တစ်ယောက် အကြိတ်အနယ် တိုက်ခိုက်ယှဉ်ပြိုင်မိကြလေတော့သည်။

✿ ✿ ✿

"ကျား..."

"ယား..."

"၇စ်..."

တိုက်ပွဲမှာ ဖြင်းထန်နေ၏။

သိုင်းကွက်တစ်ရာကျော်သွားပြီ ဖြစ်၏။

မည်သူမျှ အသာမရသေးပါ။

လေတံခွန်က မျက်မှောင်ကုတ်သွား၏။

သူသည် သိုင်းလောကၭ ကျင်လည်ခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီဖြစ်၏။

တိုက်ပွဲပေါင်းများစွာ ဆင်နွှဲခဲ့ဖူး၏။

တစ်ဖက်လူ၏သိုင်းကွက်ကို တွေ့သည်နှင့် မည်သည့်အဖွဲ့အစည်းမှ ဖြစ်သည်ကို ချက်ချင်းသိနိုင်၏။

ယခု ... သူတို့ တိုက်ခိုက်နေသည်မှာ သိုင်းကွက်တစ်ရာကျော်လာပြီဖြစ်၏။

ယခုအထိ တစ်ဖက်လူ မည်သူမည်ဝါဖြစ်သည်ကို သူက မသိသေးပါ။

ထိုလူ၏သိုင်းကွက်များမှာ အဖွဲ့ပေါင်းစုံမှ သိုင်းကွက်များဖြစ်၏။

တစ်ခါတစ်ရံ ရှောင်လင်သိုင်းကွက်သုံးကာ တစ်ခါတစ်ရံ ဝူတန်းသိုင်းကွက် သုံး၏။ ထို့ပြင် ... ခွန်လွန်ဂိုဏ်း၏ သိုင်းကွက်ကိုလည်း သုံး၏။

ထို့မျှမကသေးပါ ... ။

ထူးဆန်းသောလက်ဝါးကွက်များကိုလည်း အသုံးပြုတတ်၏။

သိုင်းလောကတွင် သူနှင့် လက်ရည်တူ ယှဉ်ပြိုင်နိုင်သူဆိုလျှင် လေတံခွန်က မသိဘဲနေမည်မဟုတ်ပါ။

ယခု ... ရွှေဇီးကွက်ဂိုဏ်းချုပ်သည် သူနှင့်လက်ရည်တူ ယှဉ်ပြိုင်နိုင်၏။

ထိုလူ၏သိုင်းပညာသည် သူထင်ထားသည်ထက်ပင် ပို၍မြင့်မားနိုင်သည်ဟု ခန့်မှန်းမိ၏။

ထိုလူသည် သူ၏မူပိုင်သိုင်းကွက်အား ထုတ်သုံးပါက ထိုလူမည်သူမည်ဝါဖြစ်သည်ကို သူက ဖော်ထုတ်နိုင်မည်ဟု ယုံကြည်၏။

လေတံခွန်သည် လက်ဝါးသိုင်းကွက်များကို ပြောင်းလဲလိုက်၏။

သူသည် အတွင်းအားထည့်ကာ ပို၍ပြင်းထန်စွာ တိုက်ခိုက်လိုက်၏။

သူ၏တိုက်ခိုက်မှုကြောင့် ရွှေဇီးကွက်ဂိုဏ်းချုပ်မှာ သူ၏ပညာကို လျှို့ထားနိုင်တော့မည်မဟုတ်ဟု ခန့်မှန်းထား၏။

သူခန့်မှန်းချက် မှား[illegible]။

သူက ပြင်းထန်သောလက်ဝါးသိုင်းကွက်များကို အသုံးပြု တိုက်ခိုက်လိုက်သောအခါ ရွှေဇီးကွက်ဂိုဏ်းချုပ်မှာ ပေါ့ဆစွာ ရင်မဆိုင်ရဲတော့ပါ။

သတိကြီးစွာထားကာ တုံ့ပြန်လာရ၏။

လေတံခွန်သည် တိုက်ခိုက်မှုအရှိန်ကို စာဖြည်းဖြည်းချင်း တိုး၍မြှင့်ကာ တိုက်ခိုက်လိုက်၏။

"ဝှစ် ..."

"ဝှစ် ..."

သူ၏ပြင်းထန်သောတိုက်ခိုက်မှုကြောင့် ရွှေဇီးကွက်ဂိုဏ်းချုပ်မှာ သိုင်းပညာကို လျှို့မထားနိုင်တော့ပါ။

အစွမ်းကုန် ပြန်လည်တိုက်ခိုက်လိုက်၏။

ယခုမှပင် သူ၏သိုင်းကွက်များ ထွက်ပေါ်လာ၏။

ဤသို့ဖြင့် သိုင်းကွက်ငါးဆယ်မျှ ရောက်လာ၏။

"ဟား ... ဟား ... ဟား ..."

လေတံခွန်က တိုက်ခိုက်ရင်း ရယ်မောလိုက်၏။

ရွှေဒီးကွက်ဂိုဏ်းချုပ်က မျက်မှောင်ကုတ်ကာ ...

"ခင်ဗျား ... ဘာရယ်တာလဲ ..."

သူတို့သည် ယင်းသို့စကားပြောသော်လည်း တိုက်ခိုက်မှုအရှိန်မှာတန့်မသွားပါ။

လေတံခွန်က ...

"ခင်ဗျား ဘယ်သူလဲဆိုတာ ကျုပ်သိပြီ ..."

"ဟား ... ဟား ... ဟား ..."

ရွှေဒီးကွက်ဂိုဏ်းချုပ်က ရယ်မောလိုက်၏။

"ကျုပ် ဘယ်သူလဲဆိုတာ ဘယ်သူမှ မသိနိုင်ပါဘူး ..."

လေတံခွန်က ...

"သူများတွေမသိပေမယ့် ကျုပ်သိတယ် ... ၊ ခင်ဗျား ဘာကြောင့် ပြည်မကို ပြန်ဆင်းလာရတာလဲ"

သူက အေးစက်စွာပြောရင်း စကားဆက်လိုက်၏။

"ခင်ဗျားကို ဝါးတစ်ရာဆရာတော်က နှင်ထုတ်ခဲ့ပြီမဟုတ်လား ..."

ထိုစကားကြောင့် ရွှေဒီးကွက်ဂိုဏ်းချုပ်၏ ခန္ဓာကိုယ်တစ်ချက် တုန်ခါသွား၏။

"ခင် ... ခင်ဗျား ..."

လေတံခွန်က စကားဆက်လိုက်၏။

"တုံပေရှန်း ..."

သူက ခေါ်ကာတိုက်ခိုက်မှုကို ရပ်တန့်လိုက်၏။

လေတံခွန်က ...

"တုံပေရှန်း ... ခင်ဗျား ဘယ်လိုပဲရပ်ဖျက်ထားပေမယ့် ခင်ဗျား ရဲ့ ဝါးခုတ်လက်ဝါးကိုတော့ မကွယ်ဝှက်နိုင်ပါဘူးဗျာ ..."

ဟု အေးတိအေးစက် ပြောလိုက်၏။

ရွှေဒီးကွက်ဂိုဏ်းချုပ်မှာ တုံပေရှန်းဖြစ်၏။

သူသည် လေတံခွန်အား လိမ်၍မရတော့မှန်း နားလည်လိုက်၏။

လေတံခွန်အား စူးရှစွာကြည့်ကာ ...

"မင်းက ကျုပ်ကို သိသွားပြီကိုး ..."

ဟု ပြောလိုက်၏။

လေတံခွန်က ...

"ခင်ဗျားက ပြည်မကို မလာတော့ဘူးလို့ ကတိပေးပြီးမှ ဘာကြောင့် ကတိဖောက်ဖျက်ရတာလဲ ..."

တုံပေရှန်းက နှာခေါင်းရှုံ့လိုက်၏။

"ဒီကိစ္စ ခင်ဗျားနဲ့မဆိုင်ပါဘူး ... ၊ ခင်ဗျားက ဘာကြောင့် မဆိုင်တဲ့ကိစ္စတွေမှာ ဝင်ရှုပ်နေရတာလဲ ..."

လေတံခွန်က ...

"ခင်ဗျားက ရွှေဇီးကွက်ဂိုဏ်းကို ထူထောင်ပြီး အရင်တစ်ချိန်ကလိုပဲ သိုင်းလောကကို အုပ်စိုးဖို့ မိုက်မဲတဲ့အကြံကို ဆက်လုပ်နေတုန်းပဲ ထင်တယ် ..."

"ခင် ... ခင်ဗျား ..."

တုံပေရှန်းမှာ ဒေါသချောင်းချောင်းထွက်လာ၏။

သူ့အကြောင်း အလုံးစုံသိနေသည့် လေတံခွန်အား အလွတ်မပေးချင်စိတ်တော့မှန်း နားလည်လိုက်၏။

"ခင်ဗျားက တော်တော် ရိပ်မိနေပြီကိုး ... ၊ ကောင်းပြီ ... ခင်ဗျား ဒီတောင်ပေါ်ကနေ မလွတ်စေရဘူး ..."

ဟု ကြိမ်းဝါးလိုက်၏။

လေတံခွန်မှာ ရင်ထဲ လေးလံနေ၏။

သို့သော် ...

မျက်နှာပေါ်တွင် အားငယ်သည့်အရိပ်အယောင် မရှိပါ။

သူက အေးအေးဆေးဆေးပင် ...။

"ခင်ဗျားရဲ့အကြံအစည် အောင်မှာမဟုတ်ပါဘူး ... ၊ ဒါပေမယ့် ... ကျုပ် မသိလို့တစ်ခုမေးပါရစေဦး ..."

သူ၏ဟန်မူရာမှာ လုံးဝတုန်လှုပ်ခြင်း မရှိပါ။

တုံပေရှန်းက ...

"စိတ်ချ ... ၊ မင်းမသေခင် အားလုံးသိသွားစေရမယ် ..."

လေတံခွန်က ...

"ကောင်းပြီ ... ၊ ရှီးယုံတို့မိသားစုဟာ ခင်ဗျားတို့ဂိုဏ်းနဲ့ ရန်ငြိုးမရှိဘဲ ဘာကြောင့် လိုက်ဒုက္ခပေးနေရတာလဲ ..."

"ဩော် ... ဒါလား ..."

တုံပေရှန်းက နှာခေါင်းရှုံ့ကာ ...

"ကျုပ်ရဲ့ အင်အားပြည့်ဝဖို့ ကျန်ဖုမြို့စားသစ် စီးကုဝေကို တင်မြှောက်ပေးရမယ်လေ ... ၊ ရှီးမိသားစုကို ဖယ်ရှားပေးမှသာ ကျုပ်ရဲ့ မဟာမိတ် စီးကုဝေဟာ အာဏာရှိလာမှာပေါ့ ... ၊ သူ အာဏာ ရလာရင် ကျုပ်က သူ့အင်အားကိုပါသုံးနိုင်ပြီး သိုင်းလောကကို မြန်မြန်စိုးမိုးနိုင်မှာပေါ့ ..."

လေတံခွန်က ခေါင်းတဆတ်ဆတ် ညိတ်လိုက်၏။

"ဩော် ... ဒီလိုလား ..."

တုံပေရှန်းက ...

"ကဲ ... ခင်ဗျား ဘာသိချင်သေးလဲ ... ၊ ခင်ဗျားသိချင်တာရှိရင် မေး ... ၊ မသေခင်မှာ ဆုတောင်းထား ... ၊ ကျုပ်က သိုင်းဂွက်တစ်ရာအတွင်း ခင်ဗျားကို အသေသတ်ပြမယ်"

ဟု အောင်နိုင်စွာ ပြောလိုက်၏။

လေတံခွန်မှာ ရင်ထိတ်သွား၏။

သူသည် တုံပေရှန်းအကြောင်း ကောင်းစွာသိထား၏။

လေတံခွန်၏ အခြေအနေမှာ အနည်းငယ်နိမ့်ကျနေ၏။

သူက ကိုယ်ဇော့ပညာကောင်းလွန်း၍သာ ဒီလုအချိန်အထိ ယှဉ်ပြိုင်နိုင်ခြင်း ဖြစ်၏။

တုံပေရှန်းမှာ အလွန်ကြောက်စရာကောင်း၏။

သူ၏ ဝါးခုတ်လက်ဝါးမှာ ခုခံရန် အလွန်ခဲယဉ်း၏။

လေတံခွန်၏သိုင်းပညာမှာ သိုင်းလောကတွင် ထိပ်တန်းအဆင့် ရှိ၏။

သူပင် တုံပေရှန်း၏ ဝါးခုတ်လက်ဝါးကို အသေအလဲခုခံနေရ၏။

ဝါးခုတ်လက်ဝါးသိုင်းကွက်မှာ တစ်စထက်တစ်စ ပို၍ပြင်းထန်လာ၏။

တုံပေရှန်းသည် အခြေအနေသာလွန်ပြီး လေတံခွန်အား ခံကာင်း စွာ အနိုင်ယူနိုင်၏။

သူက လေတံခွန်အား မသေစေလို၍ ယခုကဲ့သို့ ကြောင်ကြက်ကို ကစားသလို မေလျှာ့မတင်း တိုက်ခိုက်နေခြင်း ဖြစ်၏။

သို့သော် ...

တုံပေရှန်းသည် လေတံခွန်အကြောင်းကို သိထားသဖြင့် ခွားစွာ အလျှော့မပေးရဲပါ။

သိုင်းကွက် နှစ်ရာငါးဆယ်ခန့်ရောက်လာသောအခါ လေတံခွန်သည် တုံပေရှန်း၏ တိုက်ခိုက်မှုအောက်သို့ လုံးဝကျ ရှုံးသွားလေသည်။

တုံပေရှန်းအား သူ့အနေဖြင့် ခုခံရန်မလွယ်ကူကြောင်း နားလည်လိုက်၏။

သို့သော် ...,

အစွမ်းရှိသမျှ ခုခံတုံပြန်တိုက်ခိုက်ရန် ဆုံးဖြတ်ထား၏။

တုံပေရှန်းက ...

"ကဲ ... ကျုပ်ရဲ့သိုင်းကွက်တွေကို မြည်းကြည့်ပါဦး ..."

သူက ပြောပြီး လက်ဝါးသိုင်းကွက်ကို စတင်လိုက်၏။

သူ၏ကျော်ကြားသော ဝါးခုတ်လက်ဝါးသိုင်းကွက်များကို စတင် ဖော်ထုတ်လိုက်၏။

"ယား ..."

လေတံခွန်သည် အံတင်းတင်းကြိတ်ထား၏။

သူသည် လက်ဝါးနှစ်ဖက်တွင် အတွင်းအားအပြည့်အဝ စုစည်း ကာ တုံပြန်တိုက်ခိုက်လိုက်လေတော့သည်။

တစ်ခဏအတွင်း တိုက်ပွဲမှာ ပြင်းထန်သွားလေတော့သည်။

✿ ✿ ✿

အချိန်များ တရွေ့ရွေ့တုန်ဆုံးလာ၏။

ယှဉ်ပြိုင်မှုမှာ အထွတ်အထိပ်သို့ ရောက်လာ၏။

သိုင်းကွက်နှစ်ရာကျော်လာပြီ ဖြစ်၏။

အနိုင်အရှုံး မပေါ်သေးပါ။

သို့သော် ...

လေတံခွန်သည် အံတင်းတင်းကြိတ်ထား၏။

သူသည် အသက်စွန့်တိုက်ခိုက်ရန် ဆုံးဖြတ်ထား၏။

သူသည် တစ်စထက်တစ်စ ရှုံးနိမ့်နေမှန်းသိသော်လည်း တိုက်ခိုက်မှုအရှိန်ကို မလျော့ဘဲ ကြံ့ကြံ့ခံထား၏။

မကြာမီ ...

"ဝုန်း ..."

လေတံခွန်မှာ နောက်သို့ လွင့်စဉ်သွား၏။

"ဟား ... ဟား ... ဟား ..."

တံပေရှန်းက အားရပါးရ ရယ်မောလိုက်၏။

သူက လေတံခွန်အား စိုက်ကြည့်ကာ ...

"မင်း ရှုံးပြီ ..."

ဟု ပြောလိုက်၏။

လေတံခွန်သည် လဲကျနေရာမှ လူးလဲထလိုက်၏။

"ဝေါ့ ..."

သူ၏ပါးစပ်တွင်းမှ သွေးများအန်ထွက်လာ၏။

"ဝုန်း ..."

လေတံခွန်သည် မဟန်နိုင်ဘဲ ပြန်လဲကျသွား၏။

"ဟား ... ဘား ... ဟား ..."

သူ့အားကြည့်ကာ တံပေရှန်းက ဝမ်းသာအားရ ရယ်မောလိုက်၏။

"ကဲ ... လေတံခွန် ... ခင်ဗျား ဘာတတ်နိုင်သေးလဲ ..."

လေတံခွန်က အံတင်းတင်းကြိတ်လိုက်၏။

သူက မသေလိုပါ။

ထို့ပြင် ... တံပေရှန်းလက်ထဲတွင်လည်း အဖမ်းမခံလိုပါ။

ထို့ကြောင့် ... အံတင်းတင်းကြိတ်ကာ ဆုံးဖြတ်လိုက်၏။

သူသည် လဲကျသွားသောအရှိန်ကိုယူကာ တောင်အောက်သို့ လိမ့်ချလိုက်၏။

"ဟင် ..."

တံပေရှန်းက ပင့်သက်အံ့သြမိ၏။

ခဏကြာမှ သတိဝင်လာ၏။

သူက လေတံခွန်လိမ့်ဆင်းသွားရာသို့ ပြေးလိုက်သွား၏။

သို့သော် ...

လေတံခွန်အား မတွေ့တော့ပါ။

"ဖပ် ... ဖပ် ... ဖပ် ..."

ထိုစဉ် ... ပြေးလာနေသော ခြေသံများကို ကြားလိုက်ရ၏။

ဝမ်လျောင်တို့လူစု ဖြစ်၏။

ဝမ်လျောင်က ...

"ဂိုဏ်းချုပ်ကြီး ... တိုက်ခိုက်သံကြားလိုက်တယ် ... ၊ လေဘံခွန် ရောက်ပြီလား ..."

ဟု အလောတကြီး မေးလိုက်၏။

တံပေရှန်းက ...

"ဟုတ်တယ် ... ၊ သူ အခုလွတ်သွားပြီ ... ၊ အားလုံး လူစုခွဲပြီး လိုက်ရှာကြစမ်း ..."

ဟု အမိန့်ပေးလိုက်၏။

"အမိန့်အတိုင်းဟ ..."

ဝမ်လျောင်သည် ချက်ချင်းပင် တောင်အောက်သို့ ပြေးဆင်းသွား၏။

လက်ရွေးစင်သိုင်းသမားများကလည်း ရွှေဇီးကွက်ဂိုဏ်းသားများအား ခေါ်ဆောင်ကာ တောင်အောက်သို့ ဆင်းသွားကြလေသည်။

"တောက် ..."

တုံပေရှန်းက ကြိတ်မနိုင်ခဲမရ တက်ခေါက်လိုက်၏။

"လွတ်သွားတာ နာစာယ်ကွာ ..."

တုံပေရှန်းသည် မဲ့ပြုံးပြုံးလိုက်ပြီး ...

"လေတံခွန် ... ပြေးစမ်း ... မင်း ကျုပ်လက်က လွတ်အောင် ပြေးစမ်း ..."

ဟု ကြုံးဝါးလိုက်လေတော့သည်။

✿ ✿ ✿

ရှီးယုံသည် တင်ပျဉ်ခွေထိုင်နေ၏။

သူ၏ခန္ဓာကိုယ်အပေါ်ဝိုင်းတွင် အင်္ကျီမရှိပါ။

သူ၏ကြွက်သားများဖြင့် တောင့်တင်းနေသော ရင်အုံ တစ်လုံးတွင် ချွေးများ စိုရွှဲနေ၏။

သူက ယခုမှ သိုင်းလေ့ကျင့်ပြီးသွားခြင်း ဖြစ်၏။

သူက သိုင်းကွက်များ လေ့ကျင့်ပြီး၍ အတွင်းအားဆက်လက် လေ့ကျင့်ရန် ဟန်ပြင်နေခြင်း ဖြစ်၏။

သူ၏ရှေ့တွင် လေးလက်မအထူခန့်ရှိသော သစ်တုံးတစ်တုံး ရှိနေ၏။

"ယား ..."

ရှီးယုံသည် လက်ဝါးစောင်းတွင် အတွင်းအားစုစည်းကာ သစ်တုံးအား ခုတ်ချလိုက်၏။

"ဂျွတ် ..."

သစ်တုံးမှာ ထက်ပိုင်းပြတ်သွား၏။

"ဟား ... ဟား ... ဟား ..."

ရှီးယုံက ဝမ်းသာအားရ ရယ်မောလိုက်၏။

သူ၏အတွင်းအားသည် ယခင်ကထက်စာလျှင် လျင်မြန်စွာ တိုးတက်လာပြီ မဟုတ်မပါလား။

သူသည် ကိုယ့်ကိုယ်ကို ကျေနပ်နေမိ၏။

သူ၏သိုင်းပညာများသည် ယခင်ကထက် များစွာတိုးတက်မြင့်မားလာပြီ မဟုတ်ပါလား။

ဤအတိုင်းဆိုလျှင် မကြာမီ သူက ရွှေဇီးကွက်ဂိုဏ်းကို ကောင်းစွာ တုံ့ပြန်နိုင်မည်ဟု တွေးမိ၏။

သူက ထိုသို့တွေးမိသည်နှင့် လေတံခွန်အား သတိရကာ ကျေးဇူးတင်မိ၏။

လေတံခွန်၏ ကျေးဇူးသည် သူ့အပေါ်တွင် အလွန်များပြားသည်မဟုတ်ပါလား။

သူက ယင်းသို့ တွေးနေချိန်တွင် ...

"ဝုန်း ..."

အိမ်ရှေ့တံခါးဝမှ လဲပြိုသွားသံ ကျယ်လောင်စွာ ထွက်ပေါ်လာ၏။

ရှီးယုံက မျက်မှောင်ကုတ်သွား၏။

"ဘာဖြစ်တာပါလိမ့် ..."

သူက ရေရွတ်လိုက်၏။

ထို့နောက် ထိုနေရာမှ လျင်မြန်စွာထကာ တံခါးအား သတိကြီးစွာဖြင့် ဖွင့်လိုက်၏။

"ဟင် ..."

သူက အံ့အားသင့်သွား၏။

သူ၏ မျက်လုံးအစုံမှာလည်း နှစ်ဆခန့် ပြူးကျယ်သွား၏။

"အဘ ..."

သူက အံ့သြထိတ်လန့်စွာ အော်လိုက်လေတော့သည်။

❁ ❁ ❁

လူနှစ်ယောက်
အချိန်အတော်ကြာသွားပြီ ဖြစ်၏။
လေတံခွန်က သတိရလာ၏။

သူသည် သတိရရချင်း မျက်လုံးဖွင့်လိုက်၏။

သူ၏ ရင်ဘတ်တစ်ခုလုံး နာကျင်သောဝေဒနာ ခံစားနေရ၏။

ခန္ဓာကိုယ်အား အနည်းငယ် လူးလွန့်လိုက်သည်နှင့် အသည်းခိုက်အောင်ပင် နာကျင်သွား၏။

"အား ..."

သူက မခံနိုင်သဖြင့် အသံထွက်သွား၏။

"အဘ ... သတိရပြီလား ..."

အသံနှင့်အတူ ရှီးယုံက အနားသို့ရောက်လာ၏။

သူ့မျက်နှာပေါ်တွင် စိုးရိမ်ပူပန်သော အရိပ်အယောင်များ ပေါ်လွင်နေ၏။

"အဘ ..."

လေတံခွန်က သူ့အား ပြုံးပြလိုက်၏။

"ရှီးယုံ ... စိတ်မပူနဲ့ ..."

သူ အားပေးလိုက်၏။

ရှီးယုံက ...

"အဘ ... ဘယ်လိုဖြစ်လာရတာလဲ ..."

ဟု စိုးရိမ်စွာ မေးလိုက်၏။

လေတံခွန်က ...

"ရွှေဇီးကွက်ဂိုဏ်းချုပ် လက်ချက်ပဲ ..."

ရှီးယုံက မျက်လုံးပြူးသွား၏။

"ဗျာ ..."

သူက မယုံနိုင်စွာဖြင့် ငိုင်ကျသွား၏။

စိတ်ထဲတွင်လည်း တစ်စုံတစ်ခု ဆုံးရှုံးသွားသလို ခံစားလိုက်ရ၏။

လေတံခွန်သည် သူ့အား သိုင်းပညာသင်ပေးနေသည့် ဆရာတစ်ယောက် ဖြစ်၏။

ယခု ... သူ၏ ဆရာဖြစ်သော လေတံခွန်က ရွှေဇီးကွက် ဂိုဏ်းချုပ်အား ရှုံးနိမ့်လျှင် ...

မိ၏ရည်ရွယ်ချက်များ ပျောက်ဆုံးသွားချေပြီ။

သူကြိုးစားလေ့ကျင့်ခဲ့ရသမျှ အလကားဖြစ်ရချေပြီ မဟုတ်ပါလော။

လေတံခွန်သည် သူ၏အတွေးအား သိနေသည့်အလား။

"မင်း ... စိတ်ပျက်သွားပြီလား ..."

ဟု မေးလိုက်၏။

ရှီးယုံက ဘာမှ ပြန်မဖြေပါ။

လေတံခွန်က သက်ပြင်းတစ်ချက် ချလိုက်၏။

သူက ရှီးယုံအား စိုက်ကြည့်ကာ ...

"ရှီးယုံ ... ကျုပ် ရွှေဇီးကွက်ဂိုဏ်းချုပ် ဘယ်သူဆိုတာ သိခဲ့ရပြီ ... ၊ ဒါပေမယ့် ..."

ရှီးယုံက ခေါင်းမော့လာကာ ...

"ဒါပေမယ့် ... ဘာဖြစ်လဲ ... အဘ ..."

ဟု ပြန်မေးလိုက်၏။

လေတံခွန်က ...

"ဒါပေမယ့် ... သူ့ကို အနိုင်ယူနိုင်မယ့်လူက သိုင်းလောကမှာ နှစ်ယောက်ပဲ ရှိတယ် ..."

"ဗျာ ..."

ရှီးယုံက အံ့အားသင့်သွား၏။

"ဟုတ်တယ် ..."

လေတံခွန်က ခေါင်းညိတ်ကာ စကားဆက်လိုက်၏။

"အဲဒီနှစ်ယောက်ကတော့ ရှောင်လင်ကျောင်းထိုင်နဲ့ ဝူတန် ဂိုဏ်းချုပ်ပဲ ..."

ရှီးယုံ၏ ရင်ထဲတွင် လေးလံသွား၏။

လေတံခွန်က သက်ပြင်းတစ်ချက်ချလိုက်၏။

ရှီးယုံက ...

"သူက အဲဒီလောက်တောင် တော်တယ်မေ့ ..."

လေတံခွန်က ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ် ... ၊ သူ့ကို အမြန်ဆုံးဟန့်တားနိုင်မှ ဖြစ်မယ်၊ အဟွတ် ... အဟွတ် ..."

သူက ပြောရင်း ချောင်းတဟွတ်ဟွတ်ဆိုးလိုက်၏။

"ဝေ့ ..."

သူ၏ ပါးစပ်တွင်းမှ သွေးခဲများ အန်ထွက်လာ၏။

ရှီးယုံက မျက်လုံးပြူးသွား၏။

"အဘ ... အဘ နားလိုက်ပါဦး ... ၊ နောက်မှ ဆက်ပြောပါ"

သူက ပြောရင်း လေတဲ့ခွန်အား ဖေးမလိုက်၏။

လေတဲ့ခွန်က သူ၏လက်မောင်းအား ဆုပ်ကိုင်ကာ ...

"ရှီးယုံ ... ကျုပ်ကို ရှောင်လင်ကျောင်းကို အမြန်ဆုံး ပို့ပေးပါ"

ဟု ပြောလိုက်၏။

သူ၏အသံမှာ စိတ်တင်းထားသဖြင့် မာနေသော်လည်း ခန္ဓာကိုယ်မှာ အနည်းငယ်ပျော့ခွေချင်နေပြီ ဖြစ်၏။

သူ၏အခြေအနေအား ရှီးယုံက စိတ်မချပါ။

"အဘ ... ဒဏ်ရာနဲ့ မဖြစ်ဘူး ...၊ နည်းနည်းသက်သာမှ သွားတာ ပိုကောင်း ..."

"တော်စမ်း ..."

သူ၏စကားမဆုံးမီ လေတဲ့ခွန်က အော်ငေါက်လိုက်၏။

ရှီးယုံက ပါးစပ်ပိတ်သွား၏။

လေတဲ့ခွန်က ...

"ရှောင်လင်ကျောင်းကို နှစ်ရက်နဲ့ ရောက်အောင်သွားကြမယ်"

ဟု ခပ်ပြတ်ပြတ်ပင် ပြောလိုက်၏။

ရှီးယုံက ဘာမှမတတ်နိုင်တော့ပါ။

ခေါင်းကို အသာညိတ်လိုက်ရ၏။

လေတဲ့ခွန်သည် ဆုံးဖြတ်ပြီးလျှင် မည်သို့မျှ မပြင်တတ်ကြောင်း သူက ကောင်းစွာသိရှိထားခဲ့သည် မဟုတ်ပါလား။

✿ ✿ ✿

ရှောင်လင်ကျောင်း

ရှောင်လင်ကျောင်း ... ။

တရုတ်ပြည်တွင် အထင်ကရ နာမည်ကျော်ကြားသော နေရာတစ်ခု ဖြစ်၏။

ရှောင်လင်ကျောင်းဟူသည့် အမည်ကို ရှီးယုံက ကောင်းစွာကြားဖူးထား၏။

သို့သော် ...

တစ်ခါမှ မရောက်ဖူးပေ။

ယခု ရှောင်လင်ကျောင်းအား မျက်ဝါးထင်ထင် တွေ့မြင်လိုက်ရပြီ ဖြစ်၏။

ရှောင်လင်ကျောင်း၏ ကြီးကျယ်ခမ်းနားမှုက သူအား သိမ်ငယ်သွားသလို ခံစားလိုက်ရ၏။

တကယ်တော့ သူသည်လည်း ကျန်းဖုနယ်ခြားဒေသတွင် စည်းစိမ်ချမ်းသာအပြည့်ဖြင့် နေထိုင်ခဲ့ရသော မြို့စားသားတော်တစ်ယောက်ဖြစ်၏။

ယခုမူ ရန်သူ့လက်မှ လွတ်အောင်ရှောင်တိမ်းနေရသဖြင့် ကိုယ့်ကိုယ်ကို သိမ်ငယ်နေခြင်းဖြစ်၏။

ရှီးယုံသည် ရှောင်လင်ကျောင်းဝင်းအဝတွင် မြင်းလှည်းအား ဖြည်းညှင်းစွာ ရပ်တန့်လိုက်၏။

"အဘ ... ရှောင်လင်ကျောင်း ရောက်ပြီ ..."

သူက မြင်းလှည်းပေါ်တွင် လဲလျောင်းနေသည့် လေတံခွန်အား ပြောလိုက်၏။

လေတံခွန်က ရင်ခွင်ထဲတွင် ပိုက်ထားသည့် သေတ္တာငယ်လေးတစ်လုံးအား ရှီးယုံလက်ထဲ လှမ်းပေးလိုက်၏။

"ရှီးယုံ ... အဲဒီသေတ္တာလေးကို ပြလိုက်ပါ ..."

ရှီးယုံက သေတ္တာလေးအားယူကာ မြင်းလှည်းပေါ်မှ ဆင်း၍ ရှောင်လင်ကျောင်းဝင်းအတွင်းသို့ လှမ်းဝင်လိုက်၏။

တံခါးဝတွင် စောင့်နေသည့် ကိုယ်တော်လေးတစ်ပါးအား သေတ္တာလေး လှမ်းပေးလိုက်၏။

အစောင့်ကိုယ်တော်သည် သေတ္တာလေးအား တွေ့ရသော အခါ မျက်နှာပေါ်တွင် လေးစားသော ဟန်မူရာများ ပေါ်လွင်လာ၏။

အစောင့်ကိုယ်တော်က လက်ဝါးတစ်ဖက်အား ထောင်ကာ ရင်ဝတွင် ကပ်၍ ...

"ဝေါမီသော်ဖူး ..."

ဟု ရေရွတ်ပြီး မြင်းလှည်းအားကြည့်ကာ ...

"ဒကာကြီးကို အထဲခေါ်လိုက်ပါ ..."

ရှီးယုံသည် မြင်းလှည်းပေါ်မှ လေတံခွန်အား ထမ်းပိုးကာ ရှောင်လင်ကျောင်းဝင်းထဲသို့ လှမ်းဝင်လိုက်လေတော့သည်။



သိုင်းလောက ကယ်တင်ရှင်

ရှောင်လင်ကျောင်းဝင်း၏ ဧည့်ခန်းမဆောင်မှာ အလွန်ပင် ကျယ်ဝန်းသပ်ရပ်သန့်ရှင်း၏။

ရှောင်လင်ကျောင်း၏ ဧည့်ခန်းမဆောင်ထဲတွင် ရှောင်လင် ကျောင်းထိုင်က ကြည်ညိုဖွယ်ကောင်းအောင် တည်ငြိမ်စွာ ထိုင်နေ၏။

သူ၏ရှေ့တွင် ကျောင်းမှ ဘုန်းတော်ကြီးအနည်းငယ်နှင့် လေတံခွန်၊ ရှီးယုံတို့ ထိုင်နေ၏။

လေတံခွန်သည် ရှောင်လင်ကျောင်းထိုင်ဆရာတော် ကုသ ပေးထားသဖြင့် ဒဏ်ရာမှာ အနည်းငယ်သက်သာနေ၏။

လေတံခွန်သည် ရှောင်လင်ကျောင်းထိုင်အား အကြောင်းခံ ပြောပြနေ၏။

အခန်းတစ်ခုလုံးတွင် သူ၏စကားသံမှလွဲ၍ တိတ်ဆိတ်နေ၏။

လေတံခွန်က ...

"အဲဒါကြောင့် ... တပည့်တော် ရောက်လာရတာပါ ..."

ဟု စကားကို အဆုံးသတ်လိုက်၏။

သူ၏စကားဆုံးသွားသောအခါ ရှောင်လင်ကျောင်းထိုင်က သက်ပြင်းတစ်ချက် ချလိုက်၏။

"တုံပေရှန်းက ကတိဖျက်ခဲ့ပြီကိုး ... ၊ ဒီကိစ္စကို ဝါးတစ်ရာ ဆရာတော် သိဦးမှာမဟုတ်ဘူး ... ၊ သူက အခု ဂူပိတ်ပြီး တရား လေ့ကျင့်နေတာ နှစ်ပေါင်းကြာနေပြီ ..."

လေတံခွန်က ...

"ဟုတ်ပါတယ် ... ၊ တုံပေရှန်းအကြောင်းသိလို့ ဆရာတော် က နှင်ထုတ်လိုက်တာပါ ... ၊ ဒါပေမယ့် ... သူက ခွေးမြီးကောက် ပါပဲ ... ၊ သူ့ကို စောစောစီးစီး မဖြိုခွဲနိုင်ရင် သိုင်းလောကအတွက် အန္တရာယ်ကြီးပါတယ် ... ၊ သူက သိုင်းလောကကို စိုးမိုးဖို့ အရင်က လိုပဲ ထပ်ကြိုးစားဦးမှာပါ ..."

ရှောင်လင်ကျောင်းထိုင်က ...

"အဲဒါအမှန်ပဲ ... ၊ ဒကာကြီးတို့၊ သိုင်းလောကသားတွေ စုစည်းပြီး ရွှေဇီးကွက်ဂိုဏ်းကို ဖြိုခွဲဖို့ တာဝန်ယူကြပါ ..."

လေတံခွန်က ...

"အမိန့်အတိုင်းပါ ... ၊ ဒါပေမယ့် ... သိုင်းလောကမှာ တုံပေရှန်းကို ယှဉ်နိုင်တဲ့လူ မရှိပါဘူး ... ၊ ဒါကြောင့် ..."

ရှောင်လင်ကျောင်းထိုင်က ...

"ကျုပ်က မနက်ဖြန်ကစပြီး တံခါးပိတ်တရားကျင့်တော့မှာ ဖြစ်တယ် ဒကာကြီး ..."

ဟု မိန့်လိုက်၏။

လေတံခွန်က ...

"ဆရာတော်ခင်ဗျာ ... ဝူတန်ဂိုဏ်းချုပ်ကလည်း တံခါးပိတ်တရားလေ့ကျင့်နေတာ၊ နောက် (၆)လကြာမှ ပြီးဆုံးမှာဖြစ်ပါတယ်"

ရှောင်လင်ကျောင်းထိုင်က ခပ်မဆိတ်နေလိုက်၏။

လေတံခွန်က စကားဆက်လိုက်၏။

"အခုနှစ်ပိုင်းအတွင်း သိုင်းလောကမှာ နာမည်ကျော်ကြားတဲ့ သိုင်းသမားတွေ ပေါ်ထွက်လာပေမယ့် တစ်ယောက်မှ တုံပေရှန်းကို ယှဉ်နိုင်မှာ မဟုတ်ပါဘူး ..."

သူက စကားရပ်ကာ ရှောင်လင်ကျောင်းထိုင်အား ကြည့်လိုက်၏။

ရှောင်လင်ကျောင်းထိုင်က သက်ပြင်းတစ်ချက် ချလိုက်၏။

"ကျုပ် တံခါးပိတ်ပြီး တရားလေ့ကျင့်ဖို့ ဆုံးဖြတ်ပြီးနေပြီ၊ ရွှေ့လို့ မဖြစ်ဘော့ဘူး ..."

လေတံခွန်က စိတ်ပျက်သွား၏။

"ဒါဆိုရင်တော့ တုံပေရှန်းကို ဘယ်သူမှ ဟန့်တားနိုင်တော့မှာမဟုတ်ဘူး ... ၊ သိုင်းလောကကြီး သွေးချောင်းစီးဖို့ သေချာသလောက် ရှိနေပါပြီ ..."

ဟု ညည်းညူသလို လျှောက်တင်လိုက်၏။

ရှောင်လင်ကျောင်းထိုင်က တွေဝေသွား၏။

လေတံခွန်က သက်ပြင်းတစ်ချက်ချကာ ...

"ဒီလိုဆိုရင် တုံပေရှန်းကို ဟန့်တားဖယ်ရှားဖို့ နည်းလမ်းမရှိတော့ပါလား ..."

ဟု ထပ်မံ ညည်းညူလိုက်၏။

ရှောင်လင်ကျောင်းထိုင်က ဘာမှ ပြန်မပြောပါ။

ရှီးယုံအား စိုက်ကြည့်ကာ ...

"ဒီသူငယ်က ..."

ဟု မေးလိုက်၏။

လေတံခွန်က ...

"တပည့်တော်ရဲ့ တပည့်ပါ ..."

ရှောင်လင်ကျောင်းထိုင်က ...

"သူငယ် နာမည်ဘယ်သူလဲ ..."

ရှီးယုံက လက်အုပ်ချီကာ ...

"ရှီးယုံပါ ..."

ဟု ရိုသေစွာ ပြောလိုက်၏။

ရှောင်လင်ကျောင်းထိုင်က ...

"ကဲ ... ရှီးယု ထစမ်း ... ၊ မင်း တတ်ထားတဲ့သိုင်းကွက်တွေ ကျုပ်ကို ထုတ်ပြစမ်း ..."

ရှီးယုံက လေတံခွန်အား ကြည့်လိုက်၏။

လေတံခွန်က ခေါင်းညိတ်ပြလိုက်၏။

ရှီးယုံက ချက်ချင်းထကာ သူတတ်မြောက်ထားသော သိုင်းကွက်များကို ကစားပြလိုက်၏။

ရှောင်လင်ကျောင်းထိုင်က ကျေနပ်စွာ ပြုံးလိုက်၏။

"ကောင်းတယ် ... ၊ တုံပေရှန်းကို ဟန့်တားအနိုင်ယူဖို့ ဒကာလေးကိုပဲ တာဝန်ပေးရမယ် ..."

ဟု မိန့်လိုက်၏။

"ခင်ဗျာ ..."

ရှီးယုံက အံ့အားသင့်သွား၏။

လေတံခွန်က မျက်လုံးပြူးသွားကာ ...

"သူ့ရဲ့သိုင်းပညာနဲ့ ..."

ရှောင်လင်ကျောင်းထိုင်က လက်ကာပြလိုက်၏။

"ကျုပ်မှာ အစီအစဉ်ရှိပါတယ် ..."

လေတံခွန်က ပါးစပ်ပိတ်သွား၏။

ရှောင်လင်ကျောင်းထိုင်က စကားဆက်လိုက်၏။

"တုံပေရှန်းလိုလူက ကတိဖျက်နိုင်တယ်ဆိုတာ ကျုပ် အရင်ကတည်းက သတိထားမိတယ် ... ၊ ဒါကြောင့် သူ့ကို တိုက်ခိုက်ဖို့ မားကွက်ခုနစ်ကွက် တီထွင်ထားတယ် ... ၊ အဲဒီမားကွက်တွေက ဝါးတစ်ရာဆရာတော်ရဲ့ ဝါးခုတ်လက်ဝါးသိုင်းကွက်ကို ဟန့်တားဖို့ အဓိကထား တီထွင်ထားတာပါ ... ၊ အဲဒီသိုင်းကွက် တီထွင်နိုင်ပို့ ဝါးတစ်ရာဆရာတော်က ကျုပ်ကို အများကြီးကူညီ ပေးခဲ့တယ် ... ၊ အခု ဒီသိုင်းကွက်ကို ရှီးယုံကို သင်ပေးမယ်၊ ဒကာလေးက သေသေချာချာ လေ့ကျင့်ပြီး တုံပေရှန်းကို တိုက်ခိုက် ယှဉ်ပြိုင်ပါ ..."

ထိုစကားကြားရသောအခါ လေတံခွန်၏ မျက်နှာတစ်ခုလုံး ပြုံးရွှင်သွား၏။

ရှီးယုံက ချက်ချင်းပင် ဦးချကန်တော့လိုက်၏။

"ကျေးဇူးတင်ပါတယ် ဆရာတော် ..."

ရှောင်လင်ကျောင်းထိုင်က ...

"ကျုပ် ... ဒီနေ့ည တစ်ညပဲ အချိန်ပေးနိုင်မယ်၊ ဒကာလေးကလဲ သေသေချာချာ မှတ်သားဖို့တော့ လိုမယ် ..."

ရှီးယုံက ...

"တပည့်တော် အတတ်နိုင်ဆုံး ကြိုးစားသင်ယူပါ့မယ် ..."

ရှောင်လင်ကျောင်းထိုင်က ...

"ကဲ ... အားလုံး သွားနိုင်ပြီ ... ၊ ဒကာလေးကို ထားခဲ့ပါ၊ ကျုပ်ကတော့ သူ့ကို ဒီတစ်ညသင်ကြားပေးမယ် ... ၊ လေ့ကျင့်ရမယ့် အပိုင်းက သူ့တာဝန်ပဲ ... ၊ သူက ဒီမားကွက်ကို အောင်မြင်အောင် လေ့ကျင့်နိုင်တဲ့အခါ သီးသန့်ခန်းထဲက ထွက်လာပါလိမ့်မယ် ..."

"အမိန့်အတိုင်းပါ ..."

အားလုံးက ရှောင်လင်ကျောင်းထိုင်အား အရိုအသေပြုကာ ထွက်ခွာလာခဲ့လေတော့သည်။

✿ ✿ ✿

ခွန်းကုန်းသည် ရေ့ဆုံးမှသွားနေ၏။

ချွန်းနီနှင့် ကျားရဲသခင်လေးသည် ရှိုးဝေနှင့် ရှိုးအစ်ညီအစ်ကို နှစ်ယောက်အား လက်ဆွဲကာ နောက်မှ လိုက်ပါလာ၏။

ကျားရဲသခင်လေးသည် အလွန်စကားနည်းသူ ဖြစ်၏။

ယခုမူ ... သူ့ဇာ စကားဖောင်ဖွဲ့ ပြောနေမိ၏။

သူက စကားကို မရပ်မနား ပြောနေ၏။

ချွန်းနီနှင့်စကားပြောရသည်ကို သူက အလွန်ပျော်ရွှင်နေမိ၏။

သူသည် အေးချမ်းသောဘဝကို ချွန်းနီနှင့်နှစ်ယောက် အတူတူ ထောင်ရန် စိတ်ကူးယဉ်နေမိ၏။

သူသည် သူ့ရင်ထဲမှ မေတ္တာအား မထိန်းချုပ်ချင်တော့ဘဲ ချွန်းနီသိအောင် ဖွင့်ပြောလိုက်ချင်၏။

သို့သော် ...

သူတို့နှစ်ယောက်တွေ့သည်မှာ ရက်ပိုင်းမျှသာ ရှိသေး၏။

သူက ဖွင့်ပြောလိုက်ပါက သူ၏မေတ္တာကို ချွန်းနီက အထင်သေးသွားမည်ကိုလည်း စိုးရိမ်၏။

သူ့မေတ္တာမှာ အလွန်ရှားရှားပါးပါး ပေါ်ထွန်းလာရသဖြင့် သူက အထင်သေးမခံနိုင်ပါ။

ထို့ကြောင့် ... အေးအေးဆေးဆေးအချိန်ကျမှ ဖွင့်ပြောရန် ဆုံးဖြတ်လိုက်၏။

ယခုလို အတူသွားအတူလာရင်းမှ ရင်းနှီးမှုပိုရစေရန် ကြိုးစားမည်ဟုလည်း စိတ်ကူးလိုက်၏။

ချွန်းနီမှာ ကျားရဲသခင်လေးအား သိရုံမျှမက တစ်ကြိမ်တိုက် ခိုက်ယှဉ်ပြိုင်ခဲ့ဖူး၏။

ယခုမူ ... ကျားရဲသခင်လေးက မိမိတို့အသက်အား ကယ်တင်ခဲ့သည့် ကျေးဇူးရှင်ဖြစ်နေသဖြင့် သူမက ထိုအဖြစ်အား မေ့ထားလိုက်၏။

ထို့ပြင် ... ယခုကဲ့သို့ အနီးကပ်နေရသောအခါမှ ကျားရဲသခင်လေး၏ စိတ်ဓာတ်မှာ ထင်သလောက် မဆိုးမှန်း သိလိုက်ရ၏။

ကျားရဲသခင်လေးသည် ဟုန်စွဲအား လေးစားမိရာမှ သူ၏လုပ်ရပ်များကို နောင်တရနေသဖြင့် သူမက စိတ်မဆိုးတော့ပါ။

ကျားရဲသခင်လေးအပေါ် ခင်မင်စိတ် ဖြစ်ပေါ်လာပြီးစကားကို အလိုက်အထိုက် ပြောနေ၏။

ထို့ပြင် ... ကျားရဲသခင်လေးက မိမိအား စိတ်ဝင်စားနေသည်ဟု အလိုလို နားလည်ခံစားမိ၏။

သူမသည် ရှိုးယုံအမေ့ သဘောဇဉ်မကုန်သဖြင့် ကျားရဲသခင်လေးအား ကျေးဇူးရှင်တစ်ယောက်အနေနှင့်သာ ဆက်ဆံမိ၏။

မည်သို့ဆိုစေ ... ယခု ... သူမတို့ ခရီးသွားရသည်မှာ ကျားရဲသခင်လေးပါလာသဖြင့် အလိုလို အားတက်မိသည်ကိုမူ မငြင်းနိုင်ပေ။

✿ ✿ ✿

ရုတ်တရက် ... ချွန်းကုန်း၏ ခြေလှမ်းများ ရပ်တန့်သွား၏။

ကျားရဲသခင်လေးက အသံတိုးတိုးဖြင့် ...

"ဘာဖြစ်လို့လဲ ..."

ဟု လှမ်းမေးလိုက်၏။

ချွန်းကုန်းက အသံတိတ်ဖြင့် ပုန်းအောင်းရန် အချက်ပြလိုက်၏။

အားလုံးသည် အသံမထွက်အောင် ဂရုစိုက်ကာ လမ်းနံဘေးချုံကြားများထဲ တိုးဝင်ကာ ပုန်းကွယ်နေလိုက်ကြ၏။

မကြာမီ ...

"ခွပ် ... ခွပ် ... ခွပ် ..."

မြင်းခွာသံများ ကြားလိုက်ရ၏။

ထို့နောက် လမ်းပေါ်တွင် ဖြတ်သွားသော မြင်းစီးသားတစ်စုအား တွေ့လိုက်ရ၏။

ကျားရဲသခင်လေးက မျက်မှောင်ကုတ်သွား၏။

ထိုလူစုမှာ ရတနာဂိုဏ်းသားများပင် ဖြစ်၏။

ရတနာဂိုဏ်းသားများ အတော်ဝေးဝေးရောက်မှ သူတို့က ပုန်းကွယ်ရာမှ ထွက်ပြီး ခရီးဆက်လိုက်ကြ၏။

ကျားရဲသခင်လေးသည် ရတနာဂိုဏ်းသားများအား မမှုပါ။

သို့သော် ...

သူက တိုက်ခိုက်သတ်ဖြတ်ရခြင်းများကို စိတ်ကုန်နေသဖြင့် ချွန်းကုန်းအလိုက္ခ ပုန်းအောင်းနေခြင်း ဖြစ်၏။

ညနေဆောင်းအချိန် ... ။

သူတို့သည် ဘုံကျောင်းပျက်တစ်ခုသို့ ရောက်ရှိလာ၏။

ကလေးနှစ်ယောက်မှာ မောဟိုက်နေပြီဖြစ်၏။

ချွန်းနိုက ...

"ဦးလေး ..."

ချွန်းကုန်းက လှည့်ကြည့်လိုက်၏။

"ဘာလဲ ... နားချင်လို့လား ..."

ချွန်းနိုက ပြုံးကာ ...

"ဟုတ်တယ် ... ကျွန်မတို့ ဒီည ဒီမှာနားကြမယ်လေ ... ၊ ကလေးတွေလဲ ပင်ပန်းနေပြီ ..."

ချွန်းကုန်းက ကလေးနှစ်ယောက်အားကြည့်လိုက်၏။

ကလေးနှစ်ယောက်မှာ မြေကြီးပေါ်တွင် ထိုင်ချလိုက်ကြပြီဖြစ်၏။

ချွန်းကုန်းက သက်ပြင်းချလိုက်၏။

"ကောင်းပြီလေ ... ၊ နားကြတာပေါ့ ..."

ဟု ဆုံးဖြတ်လိုက်၏။

ချွန်းနိုသည် ဘုံကျောင်းထဲဝင်ကာ ရှင်းလင်းနေရာချပေးလိုက်၏။

ဘုံကျောင်းမှာ အတော်ပင် ပျက်စီးယိုယွင်းကာ တံခါးပင် မရှိပါ။

သို့သော် ...

တစ်ညတာ အိပ်စက်နားခိုနိုင်၏။

ချွန်းနီသည် ရှိသမျှရိက္ခာနှင့် အားလုံးအတွက် လောက်ငအဆင်ပြေအောင် ညစာ စီမံပေးလိုက်၏။

ကျားရဲသခင်လေးသည် အစားအသောက် မက်မောသူ မဟုတ်ပါ။

သူသည် အကောင်းဆုံးနေရာ၊ အကောင်းဆုံးအစားအသောက်များကို စားသောက်နေထိုင်ခဲ့ရ၏။

အစားအသောက်ကို အာဟာရအဖြစ်ထက် ပို၍မက်မောသော ကျားရဲသခင်လေးသည် ချွန်းနီချက်ကျွေးသည့် ထိုညစာအား မက်မက်မောမောပင် စားသုံး၏။

သူ့ဘဝတွင် အကောင်းဆုံးညစာဟုပင် ထင်မှတ်ခဲစားမိလေတော့သည်။

✿ ✿ ✿

ည ... "

ကောင်းကင်ပေါ်တွင် တိမ်စိုင်တိမ်လိပ်များက ပုံသဏ္ဌာန်အမျိုးမျိုးနှင့် ရွေ့လျားနေ၏။

လဝန်းကွေးလေးကလည်း ကောင်းကင်အလယ်တွင် တည်ရှိနေ၏။

ညသည် တိတ်ဆိတ်ငြိမ်သက်နေ၏။

ညဉ့်နက်လုပြီဖြစ်၏။

ရှီးအစ်၊ ရှီးဝေ့၊ ချွန်းနီနှင့် ချွန်းကုတို့မှာ အိပ်စက်နေကြပြီဖြစ်၏။

ကျားရဲသခင်လေးသည် လဲလျောင်းနေရာမှ အိပ်ပျော်နေသော ချွန်းနီ၏မျက်နှာအား ငေးကြည့်နေမိ၏။

ချွန်းနီ၏ ရှင်းသန့်သော မျက်နှာမှာ အပြစ်ကင်းစင်လှ၏။

သူသည် ချွန်းနီ၏မျက်နှာအား ငေးကြည့်ရင်း စိတ်ထဲတွင် အရာအားလုံးထက် သူမအား ပိုမက်မောမိ၏။

သူက မသိမသာ သက်ပြင်းချလိုက်၏။

သူသည် ချွန်းနီ၏ မျက်နှာအားငေးကြည့်ရင်း စိတ်မထိန်းနိုင်တော့ပါ။

ထို့ကြောင့် ... လဲလျောင်းနေရာမှ အသာထကာ ဘုံကျောင်းပေါက်ဝတွင် သွားထိုင်နေလိုက်၏။

သူက ထိုင်နေရင်း သူ့ဘဝကို ပြန်တွေးနေမိ၏။

သူသည် ငယ်စဉ်ကပင် မိဘများအား ရန်သူသတ်သွားသဖြင့် မိဘမဲ့ဖြစ်ခဲ့ရ၏။

သူ့အား စိတ်မနှံ့သည့် သူတောင်းစားတစ်ယောက်က မွန်ဂို နယ်ဘက် ခေါ်သွားကာ မွေးစားခဲ့၏။

ထိုစိတ်မနှံ့သည့် သူတောင်းစားမှာ သိုင်းပညာအလွန်ထက်မြက်ပြီး သူ၏ သိုင်းကွက်မှာ ရက်စက်ပြင်းထန်၏။

ထိုသူတောင်းစားသည် ကျားရဲသခင်လေးအား သူတတ်သမျှ ပညာအားလုံးကို သင်ကြားပေး၏။

သူအရွယ်ရောက်သောအခါ ထိုသူတောင်းစားသည် အသက်ကြီးရင့်ပြီဖြစ်၍ လူကြီးရောဂါဖြင့်ပင် သေဆုံးသွား၏။

မသေဆုံးမီ သူ့အား ပြည်မသိုင်းလောကတွင် ပထမနေရာရအောင် လုပ်ရန် အထပ်ထပ်မှာခဲ့၏။

ထို့ကြောင့် ... သူသည် ပြည်မသို့ဆင်းလာကာ မိဘများအား သတ်သွားသည့်ရန်သူကို ဦးစွာရှာဖွေ၍ သွေးကြေးဆပ်ခဲ့၏။

ထို့နောက် ... သူတောင်းစားကြီးမှာသည့်အတိုင်း သိုင်းလောကတွင် နာမည်ကျောင်ကြားစေရန် သိုင်းပညာရှင်များနှင့် ယှဉ်ပြိုင်အနိုင်ယူခဲ့၏။

ထိုအချိန်မှစကာ သူ့ဘဝသည် ယခုအချိန်အထိ မငြိမ်းချမ်းခဲ့ပေ။

သူသည် ဟုန်စုံနှင့်တွေ့မှပင် စစ်မှန်သည့် အသိတရားလာ၏။

သူသည် သူ့ဘဝအား ပြောင်းလဲရန် ကြိုးစားနေ၏။

မကြာမီ ... အချိန်ကာလတွင် သူ့ဘဝသည် ချမ်းမြေ့ပျော်ရွှင်စရာများနှင့် ပြီးပြည့်စုံတော့မည်ဟု ခံစားမိ၏။

ယခု ... သူ့တွင် တွယ်တာစရာ ရှိုးဝေနှင့် ဆွန်းနီ ရှိလာပြီ မဟုတ်ပါလား ... ။

သူသည် သိုင်းလောကမှ ခြေရာဖျောက်ကာ သာယာအေးချမ်းသော ဘဝကို ဖန်တီးမည်ဟု စိတ်ကူးယဉ်နေမိ၏။

အချိန်မည်မျှကြာအောင် တွေးနေမိမှန်းမသိ ... ။

"ရုပ် ... ရုပ် ..."

သူ့နားထဲတွင် ပေါ့ပါးသောခြေသံသဲ့သဲ့ကို ကြားလိုက်ရ၏။

ထိုအခါမှ ကျားရဲသခင်လေးက သတိဝင်လာ၏။

သူက ဝန်းကျင်တစ်ခုလုံးအား အကဲခတ်ကြည့်လိုက်၏။

ဘုံကျောင်းပျက်အား လူတစ်စု ဝိုင်းရံထားသည်ကို တွေ့လိုက်ရ၏။

ကျားရဲသခင်လေး ရင်ထိတ်သွား၏။

"ဦးလေး ... ဆွန်းကုန်း ..."

"ဆွန်းနီ ... ညီမလေး ..."

သူက ဆွန်းကုန်းတို့အား နှိုးလိုက်၏။

"ဦးလေး ... ညီမလေး ... ထကြ ... ရန်သူတွေ ဝိုင်းနေပြီ ..."

ဆွန်းကုန်းနှင့် ဆွန်းနီက ချက်ချင်းထထိုင်လိုက်၏။

ဘုံကျောင်းပျက်အား ဝိုင်းရံထားသည့် ရန်သူများကို တွေ့လိုက်ရသောအခါ မျက်လုံးပြူးသွားကြ၏။

ထိုလူစုမှာ ရွှေဇီးကွက်ဂိုဏ်းသားများ ဖြစ်၏။

ထို့ပြင် ... ရွှေဇီးကွက်ဂုဏ်းသားများနှင့်အတူ စီးလန်လည်းပါလာ၏။

စီးလန်က ရှေ့သို့ ထွက်လာ၏။

"မင်းတို့ကို ကျုပ်တို့ဝိုင်းထားပြီ ... ၊ အေးအေးဆေးဆေး အဖမ်းခံကြပါ ..."

ဟု အော်ပြောလိုက်၏။

ကျားရဲသခင်လေးက ဆွန်းကုန်းအား ကြည့်လိုက်၏။

"ဦးလေး ... ဘာလုပ်ချင်သလဲ ..."

ဟု လေသံဖြင့် မေးလိုက်၏။

ချွန်းကုန်းက အံတင်းတင်းကြိတ်လိုက်၏။

"ကျုပ်တို့ ဖောက်ထွက်ကြမယ် ..."

"ကောင်းပြီ ..."

ကျားရဲသခင်လေးက ဖြိုးလိုက်၏။

"ကျွန်တော် လမ်းကြောင်းရှင်းပေးမယ် ... ၊ ဦးလေးတို့ ဖောက်ထွက်ပါ ... ၊ ကျွန်တော် သူတို့ကို ရှင်းပြီး အမီလိုက်လာခဲ့ပါ့မယ်"

သူက ပြောပြီး ချွန်းနီဘက်လှည့်ကာ ...

"ချွန်းနီ ... ကိုယ့်ကိုယ်ကို ဂရုစိုက်ပါ ... ၊ ကလေးတွေကိုလဲ ဂရုစိုက်ပါ ..."

ဟု မှာကြားလိုက်၏။

"ဟုတ်ကဲ့ ..."

ချွန်းနီက ခေါင်းညိတ်ကာ ကလေးနှစ်ယောက်အား နှိုးလိုက်၏။

ထိုစဉ် ... စီးလန်၏ အသံထွက်ပေါ်လာ၏။

"မင်းတို့ လက်နက်ချပြီးအေးအေးဆေးဆေး ထွက်လာခဲ့ပါ။ မင်းတို့ ပြေးမလွတ်ပါဘူး ..."

"တောက် ..."

ကျားရဲသခင်လေးက တက်ခေါက်လိုက်၏။

"အေး ... ထွက်လာပြီကွ ... ၊ မင်းတို့ သေဖို့သာပြင်ထား"

သူက အော်ရင်း ဓားအားလေ့ယမ်းကာ ရှေ့ဆုံးမှ ပြေးထွက်သွား၏။

တစ်ဆက်တည်းပင် ရွှေဇီးကွက်ဂိုဏ်းသားများအား တိုက်ခိုက်လိုက်၏။

"ယား ..."

"ဝှစ် ..."

"ဝုန်း ..."

သူ၏ ပြင်းထန်သောတိုက်ခိုက်မှုကြောင့် ရွှေဇီးကွက်ဂိုဏ်းသားများမှာ ဖရိုဖရဲဖြစ်သွားကြ၏။

ထိုစဉ် ... ပွင့်သွားသောနေရာမှ ချွန်းကုန်းနှင့် ချွန်းနီက ကလေး ကိုယ်စီပိုးကာ ထွက်ပြေးသွားကြ၏။

ရွှေဇီးကွက်ဂိုဏ်းသားများသည် ချက်ချင်း ပြန်ပိတ်ဆို့ကာ ကျားရဲသခင်လေးအား တိုက်ခိုက်လိုက်၏။

ကျားရဲသခင်လေးသည် တရကြမ်းထိုးခုတ် တိုက်ခိုက်နေ၏။

သူ၏ဓားသည် မည်သူ့ကိုမှ မညှာနိုင်တော့ပါ။

"ဝှစ် ... အား ..."

ကျားရဲသခင်လေး၏ တိုက်ခိုက်မှုကြောင့် ရွှေဇီးကွက်ဂိုဏ်းသားအချို့မှာ လဲကျသေဆုံးပြီး အုပ်စုနှစ်စုကွဲသွား၏။

စီးလန်သည် ချွန်းကုန်းတို့ ထွက်ပြေးသွားသည်ကို တွေ့သဖြင့် ...

"ဟေ့ ... ဟိုဘက်မှာ ပြေးပြီ ... လိုက်ကြ ..."

ဟု အမိန့်ပေးလိုက်၏။

အုပ်စုတစ်စုမှာ ချွန်းကုန်းတို့နောက်သို့ ပြေးလိုက်သွားလေသည်။

စီးလန်ကလည်း ကလေးနှစ်ယောက်မှာ ပိုအရေးကြီးသဖြင့် ထိုအုပ်စုနောက်သို့ ပြေးလိုက်သွားလေတော့သည်။

ကျားရဲသခင်လေးက ရင်ထိတ်သွား၏။

ထိုလူစုအား ချွန်းကုန်းနှင့် ချွန်းနိုက ရင်ဆိုင်နိုင်ပါမည်လော ... ။

"ယား ..."

"သေစမ်းကွာ ..."

"ဝှစ် ..."

ကျားရဲသခင်လေးသည် ကျန်ရှိနေသော ရွှေဇီးကွက်ဂိုဏ်းသားများအား တရကြမ်း တိုက်ခိုက်လိုက်၏။

ရွှေဇီးကွက်ဂိုဏ်းသားများမှာ အင်အားများ၏။

သို့သော် ...

ကျားရဲသခင်လေး၏ ပြင်းထန်ရက်စက်သော ခားချက်များကို မခုခံနိုင်ကြပေ။

"အား ..."

"အင့် ..."

"ဝုန်း ..."

တစ်ယောက်ပြီးတစ်ယောက် ဒဏ်ရာရကာ လဲကျသေဆုံးသွားကြ၏။

အတန်ကြာလာသောအခါ မည်သူမျှ ကျားရဲသခင်လေးအနား မကပ်ရဲကြတော့ပေ။

"အား ..."

"ဝုန်း ..."

ကျားရဲသခင်လေးသည် ရလာသောအခွင့်အရေးအား လက်လွတ်မခံပါ။

အနီးဆုံး ဂိုဏ်းသားနှစ်ယောက်အား မိုက်ဖာတ်သိမ်းပေးလိုက်၏။

ထို့နောက် ... ကြမ်းတမ်းစွာ ထိုးဖောက်ထွက်ကာ ချွန်းကုန်းဘို့နောက်သို့ ပြေးလိုက်သွားလေတော့သည်။

✿ ✿ ✿

"အား ..."

"ယား ..."

"ဝုန်း ..."

ငရဲပျက်မတတ် ဆူညံနေ၏။

အင်အားမှာ လုံးဝမမျှပါ။

"အီး ... ဟီး ... ဟီး ..."

ကလေးနှစ်ယောက်မှာ ကြောက်လန့်လွန်းသဖြင့် ငိုကြွေးအော်ဟစ်နေ၏။

ချွန်းကုန်းနှင့် ချွန်းနီသည် ကလေးနှစ်ယောက်အလယ်တွင် ထားကာ ကျောချင်းကပ်၍ တိုက်ခိုက်နေ၏။

သူတို့သည် မကြာမီ ကျားရဲသခင်လေးလိုက်လာမည်ကိုသိ၍ အချိန်ဆွဲတိုက်ခိုက်နေ၏။

ဤသည်ကို စီးလန်ကလည်း ရိပ်မိ၏။

အကယ်၍သာ ကျားရဲသခင်လေးရောက်လာပါက တိုက်ပွဲအခြေအနေမှာ တစ်မျိုးတစ်ဖုံ ဖြောင်းလဲသွားနိုင်၏။

ထို့ကြောင့် ... သူက ရွှေဒီးကွက်ဂိုဏ်းသားများအား အားပေးလိုက်၏။

"ဟေ့ ... အချိန်မဆွဲနဲ့ ...၊ ကျားရဲသခင်လေးရောက်လာရင် မလွယ်ဘူး ..."

ရွှေဒီးကွက်ဂိုဏ်းသားများသည် အင်အားအရှိန်ကိုမြှင့်ကာ ပြင်းထန်စွာ တိုက်ခိုက်လိုက်ကြ၏။

ချွန်းကုန်းသည် အံတင်းတင်းကြိတ်ကာ တရကြမ်းတိုက်ခိုက်နေ၏။

အင်အားမှာ အများနှင့်နှစ်ယောက်ဖြစ်၍ အခြေအနေဆိုးဝါးနေ၏။

သူ၏တစ်ကိုယ်လုံး သွေးချင်းချင်းနီရဲနေ၏။

သူသည် ချွန်းနီနှင့်ကလေးနှစ်ယောက်အား ကာကွယ်နေရသဖြင့် ပို၍အခြေအနေဆိုးနေ၏။

ချွန်းနီ၏ခန္ဓာကိုယ်တွင်လည်း သွေးချင်းချင်းရဲကာ ဒဏ်ရာများ ရနေ၏။

သူမသည် တိုက်ပွဲအတွေ့အကြုံနည်း၍ လက်ပန်းကျလာ၏။

"ဝုန်း ..."

"အင့် ..."

ချွန်းကုန်းသည် အနီးဆုံးရန်သူနှစ်ယောက်အား ထိုးဖောက်လိုက်၏။

သူ၏ကိုယ်ပေါ်တွင်လည်း ဓားချက်များ တစ်ချက်ပြီးတစ်ချက် ရနေ၏။

ချွန်းကုန်းသည် အလွန်လက်ပန်းကျနေပြီဖြစ်၍ ဓားအားလက်လွတ်ရမည့်အခြေအနေတွင် ဖြစ်နေ၏။

"ဟား ... ဟား ... ဟား ..."

စီးလန်က သဘောကျစွာ ရယ်မောလိုက်၏။

"မင်းတို့ ... အေးအေးဆေးဆေး လက်နက်ချပြီး ကျုပ်တို့ခေါက် လိုက်ခဲ့ကြပါ ..."

ချွန်းကုန်းက ဒေါသတကြီးဖြင့် ...

"ငါသေမှပဲ လက်နက်ချမယ် ...၊ မင်းတို့ကိုလဲ ငါနဲ့အတူတူ ခေါသွားမယ် ..."

ဟု အော်ဟစ်ပြီး တိုက်ခိုက်လိုက်၏။

"ဝှစ် ... ဝှစ် ..."

"အား ..."

"ဝုန်း ..."

သူ၏ လက်ချက်ဖြင့် ရွှေဇီးကွက်ဂိုဏ်းသားဆယ်ယောက်ကျော် သေဆုံးသွားပြီ ဖြစ်၏။

ချွန်းကုန်းသည် လုံးဝမဟန်နိုင်တော့သဖြင့် တိုက်ခိုက်မှုအရှိန်မှာ နေးလာ၏။

ရုတ်တရက် ...

"ချွင် ..."

စီးလန်သည် လက်ထဲမှဓားဖြင့် ချွန်းကုန်း၏ ဓားကိုင်လက်အား ပစ်ပေါက်လိုက်၏။

ချွန်းကုန်းသည် အနီးကပ်ရန်သူများကို တိုက်ခိုက်နေသဖြင့် စီးလန်အား သတိမပြုမိပါ။

သူ၏ လက်ထဲမှဓားသည် အဝေးသို့ လွင့်စဉ်သွားလေသည်။

ထိုအချိန်မှာပင် ရွှေဇီးကွက်ဂိုဏ်းသားများ၏ ဓားသည် သူ့ခန္ဓာကိုယ်အနှံ့သို့ ခုတ်ချမိသွား၏။

"အား ..."

ချွန်းကုန်းသည် မြေပေါ်သို့ အရုပ်ကြိုးပြတ်လဲကျသွား၏။

"ဝုန်း ..."

ချွန်းနီက မျက်လုံးပြူးသွား၏။

"ဦးလေး ..."

သူမက ချွန်းကုန်းအား ပြေးဖက်လိုက်၏။

"ဟား ... ဟား ... ဟား ..."

စီးလန်၏ အောင်မြင်သောရယ်မောသံ ကျယ်လောင်စွာထွက်ပေါ်လာလေတော့သည်။

✿ ✿ ✿

ကျားရဲသခင်လေးသည် ကိုယ်ဖော့ပညာသုံးကာ လျင်မြန်စွာ ပြေးလွှားလာ၏။

သူ့တစ်ကိုယ်လုံး ပူလောင်သလို ခံစားနေရ၏။

သူ့ရင်ထဲတွင် ချွန်းနီတို့အတွက် လွန်စွာစိတ်ပူမိ၏။

ရန်သူအင်အားမှာ အလွန်များပြားသဖြင့် ချွန်းကုန်းနှင့် ချွန်းနီမှာ ခုခံတားဆီးနိုင်ပါမည်လောဟု စိတ်ပူမိ၏။

သူသည် မရပ်မနား လျင်မြန်စွာ ပြေးလွှားနေ၏။

အတန်ကြာ ပြေးလာမိသောခါ အရှေ့ဘက်တွင် လူ တစ်ယောက် လဲကျနေသည်ကို တွေ့လိုက်ရ၏။

ကျားရဲသခင်လေးက ရင်ထိတ်သွား၏။

သူက ထိုနေရာသို့ ပြေးသွားလိုက်၏။

"ဟင် ..."

သူက အံ့အားသင့်သွား၏။

မျက်လုံးအစုံလည်း ပြူးကျယ်ဝိုင်းစက်သွား၏။

သေဆုံးသူမှာ ချွန်းကုန်းဖြစ်နေသည်မဟုတ်ပါလား ... ။

သူက အံတင်းတင်းကြိတ်လိုက်၏။

ထိုစဉ် ...

သူ၏မျက်လုံးများသည် ချွန်းကုန်းအလောင်းပေါ်မှ စာရွက်တစ်ရွက်နှင့် မြေပြင်ပေါ်မှ တုတ်ဖြင့်ရေးထားသော စာကြောင်းအားတွေ့မြင်လိုက်၏။

ထိုစာကြောင်းမှာ ...

"ကျားရဲသခင်လေး ...

မိန်းကလေးနဲ့ ကလေးနှစ်ယောက်အသက်ကို ရွှေတံဆိပ် တိုးနဲ့ လဲလှယ်ဖို့ ရွှေဇီးကွက်ဂိုဏ်းဌာနချုပ်ကို လာခဲ့ပါ ...

ရွှေဇီးကွက်ဂိုဏ်း"

ဟု ရေးထား၏။

ကျားရဲသခင်လေးသည် ချွန်းကုန်းအလောင်းပေါ်မှ စာရွက်အား ကောက်ယူပြီး ဖြန့်ကြည့်လိုက်၏။

ထိုစာရွက်မှာ မဟာမြိုင်တော မြေပုံဖြစ်၏။

"တောက် ..."

ကျားရဲသခင်လေးက ဒေါသတကြီး တက်ခေါက်လိုက်၏။

သူက အံတင်းတင်းကြိတ်လိုက်၏။

သူ၏မျက်လုံးအစုံမှာ မီးထွက်မတတ် နီရဲနေ၏။

သူ့မျက်နှာတစ်ခုလုံး ကြောက်စရာကောင်းလောက်အောင်ပင် တင်းမာခက်ထန်နေ၏။

"ရွှေဇီးကွက်ဂိုဏ်းကိုလာခဲ့ပါတဲ့ ... စိတ်ချ ... ကျုပ်ရောက်အောင် လာခဲ့ပါ့မယ် ..."

ဟု ဒေါသတကြီးအော်ဟစ်လိုက်၏။

သူ၏အသံမှာ တစ်တောလုံးဟိန်းထွက်သွား၏။

ကျားရဲသခင်လေးသည် ချွန်းကုန်း၏ အလောင်းအား ထိုနေရာတွင်ပင် ကျင်းတူး၍ မြှုပ်နှံလိုက်၏။

မြေပုံပေါ်တွင် မှတ်တိုင်မစိုက်နိုင်သဖြင့် သူက စိတ်မကောင်းဖြစ်မိ၏။

"ဦးလေးရေ ... ကျွန်တော် ဒီလောက်ပဲ လုပ်ပေးနိုင်တာခွင့် လွတ်ပါ ... ၊ ချွန်းနီကို ကျွန်တော် အသက်စွန့်ပြီး ကယ်ပါ့မယ်လို့ ကတိပေးပါတယ် ... ၊ ဦးလေးဝိညာဉ်က ကျွန်တော့်ကို စောင့်ရှောက်ပါ ..."

သူက တီးတိုးရေရွတ်လိုက်၏။

ထို့နောက် ... ချာခနဲလှည့်ကာ မဟာမြိုင်တောဆီသို့ ဦးတည်ထွက်ခွာသွားလေတော့သည်။




မဟာမြိုင်တောမှ ရွှေဇီးကွက်

ကျားရဲသခင်လေးသည် ယခုအချိန်အထိ လုံးဝမနားသေးပါ။

သူသည် မဟာမြိုင်တော၏မြေပုံအား ကြည့်ကာ လျှောက်လာ၏။

အတန်ကြာ လျှောက်မိသောအခါ လျှို့ဝှက်လမ်းကျဉ်းလေးတစ်ခုသို့ ရောက်လာ၏။

ထိုအချိန်တွင် ညနေစောင်းနေပြီဖြစ်၏။

ကျားရဲသခင်လေးသည် ညအမှောင်မှ တောင်ပေါ်တက်ရန် ဆုံးဖြတ်လိုက်၏။

သူသည် အနီးရှိ သစ်ပင်တစ်ပင်ပေါ် တက်ကာ အနားယူလိုက်၏။

သူက အင်အားပြည့်ဝမှ ရုန်သူအား အနိုင်ယူနိုင်မည်ဖြစ်၏။

ကျားရဲသခင်လေးသည် စိတ်လှုပ်ရှားနေ၏။

သူသည် ချွန်းနီအတွက် **လွန်စွာ** စိတ်ပူနေမိ၏။

သူမအား မည်သူကမျှ လက်ဖျားနှင့်ထိမည်ကိုမလိုလားပါ။

သူသည် တွေးရင်း ဒေါသချောင်းချောင်း ထွက်လာ၏။

တစ်ခဏကြာသောအခါ သူ စိတ်မရှည်နိုင်တော့ပါ။

သစ်ပင်ပေါ်မှ ခုန်ဆင်းကာ လျှို့ဝှက်လမ်းအတိုင်း လျှောက်ဝင်သွားလေတော့သည်။

✿ ✿ ✿

ရွှေဇီးကွက်ဂိုဏ်းဌာနချုပ် ...။

တောင်စောင်းတစ်လျှောက်လုံး မီးများ လင်းထိန်နေအောင် ထွန်းညှိထား၏။

ကျားရဲသခင်လေးသည် တောင်ခြေတွင် ခြေစုံရပ်လိုက်၏။

ထို့နောက် ... တောင်ပေါ်သို့ တစ်ချက်မော့ကြည့်ကာ လှေကားထစ်များအတိုင်း တက်လာခဲ့၏။

ရုတ်တရက် ...

"ရပ်လိုက် ..."

ဟန့်တားသံ ထွက်ပေါ်လာ၏။

အသံနှင့်အတူ ရွှေဇီးကွက်ဂိုဏ်းသားနှစ်ဦးက ကျားရဲသခင်လေး ရှေ့မှ ဝိတ်ရပ်လိုက်၏။

"မင်း ... ဘယ်သူလဲ ..."

ဟု တစ်ယောက်က မေးလိုက်၏။

ကျားရဲသခင်လေးက အဖြေမပေးပါ။

ထို့ပြင် ခြေလှမ်းကိုလည်း မရပ်ပါ။

"ချွင် ..."

သူက ဓားဆွဲထုတ်ကာ ရွှေဇီးကွက်ဂိုဏ်းသားနှစ်ယောက်အား လျှပ်တစ်ပြက် တိုက်ခိုက်လိုက်၏။

"အား ..."

"အား ..."

"ဝုန်း ..."

ရွှေဇီးကွက်ဂိုဏ်းသားနှစ်ဦးမှာ ခုခံချိန်ပင် မရလိုက်ဘဲ နေရာတွင် လဲကျသေဆုံးသွား၏။

"ရှီး ..."

"ရှီး ..."

ချက်ချင်းပင် အချက်ပေးခရာသံများ ဆူညံသွား၏။

ကျားရဲသခင်လေးသည် လက်ထဲမှဓားအား ကျစ်ကျစ်ပါအောင် ဆုပ်ထား၏။

ခရာသံအဆုံးတွင် တောင်တက်လမ်းနံဘေးမှ ရွှေဇီးကွက်ဂိုဏ်းသားများ အလျှိုလျှို ပြေးထွက်လာ၏။

သူတို့သည် ကျားရဲသခင်လေးအား ဟန့်တားလိုက်၏။

"ရပ်လိုက် ..."

ကျားရဲသခင်လေးက လုံးဝရပ်တန့်ခြင်းမပြုပါ။

"ချွင် ..."

"ချွင် ..."

"အား ..."

"ဝုန်း ..."

ရွှေဆုံးမှဝင်လာသည့် ရွှေဇီးကွက်ဂိုဏ်းသားများအား ဓားဖြင့် တရကြမ်း တိုက်ခိုက်ကာ တောင်ပေါ်သို့ တရွေ့ရွေ့ တက်သွားလေတော့သည်။

✿ ✿ ✿

"ဝုန်း ..."

ရုတ်တရက် အခန်းတံခါးပွင့်လာ၏။

အခန်းတွင်းမှ လူတစ်ယောက် လှမ်းထွက်လာ၏။

ထိုလူမှာ ရှီးယုံပင် ဖြစ်၏။

သူက ရှောင်လင်ကျောင်းထိုင် သင်ပေးသည့် ဓားကွက် (၇) ကွက်အား နှစ်ရက်အတွင်း အပြင်းအထန်လေ့ကျင့်အောင်မြင်၍ သီးသန့်ခန်းထဲမှ ထွက်လာခြင်း ဖြစ်၏။

ထိုစဉ် ...,

"ဖြောင်း ... ဖြောင်း ... ဖြောင်း ..."

လက်ခုပ်သံများ ကျယ်လောင်စွာ ထွက်ပေါ်လာ၏။

ရှီးယုံက အံ့အားသင့်သွား၏။

သူက လှမ်းကြည့်လိုက်၏။

လေတံခွန်နှင့် သိုင်းသမားအချို့က လက်ခုပ်တီးနေသည်ကို တွေ့လိုက်ရ၏။

လေတံခွန်အား တွေ့လိုက်ရ၍ ရှီးယုံက ဝမ်းသာသွား၏။

"အဘ ..."

သူက ခေါ်ရင်း လေတဲ့ခွန်ထံ ပြေးသွား၏။

လေတဲ့ခွန်က ဝမ်းသာအားရပြုံးနေ၏။

ရှီးယုံက ...

"အဘ ... ဒဏ်ရာသက်သာရဲ့လား ..."

ဟု စိုးရိမ်စွာ မေးလိုက်၏။

လေတဲ့ခွန်က ခေါင်းညိတ်လိုက်၏။

"ကျုပ်ဒဏ်ရာ တော်တော်သက်သာပါပြီ ...၊ ဒါနဲ့ ... မင်း ရှောင်လင်ဆရာတော်ရဲ့ ဓားကွက်ခုနစ်ကွက်ကို တတ်မြောက်ပြီလား"

ဟု မေးလိုက်၏။

"ဟုတ်ကဲ့ ..."

ရှီးယုံက ခေါင်းညိတ်ကာ ဖြေလိုက်၏။

လေတဲ့ခွန်၏ မျက်နှာ ဝင်းလက်သွား၏။

သူက အနားတွင်ရပ်နေသော သိုင်းသမားများဘက်လှည့်ကာ

"ကျုပ်တပည့်က ရန်သူကိုနှိမ်နင်းဖို့ ရှောင်လင်ကျောင်းထိုင်သင်ပေးတဲ့ ဓားကွက်တွေကို တတ်မြောက်ပါပြီ ...၊ မိတ်ဆွေတို့ စိတ်အေးကြပါတော့ ..."

ဟု ဂုဏ်ယူသံဖြင့် ပြောလိုက်၏။

သိုင်းသမားများက ရှီးယုံအား ဝိုင်းဝန်းချီးကျူးကြ၏။

လေတဲ့ခွန်က ရှီးယုံဘက်လှည့်ကာ ...

"ရှီးယုံ ... ကျုပ်က မင်းလေ့ကျင့်နေတဲ့နှစ်ရက်အတွင်းမှာ သိုင်းလောကက မိတ်ဆွေတွေကို တွေ့ဆုံစည်းရုံးခဲ့တယ် ...၊ မင်း အနား ယူပြီးတာနဲ့ ကျုပ်တို့ ရွှေဇီးကွက်ဂိုဏ်းကို သွားကြတာပေါ့ ..."

ဟု ပြောလိုက်၏။

ရှီးယုံက ပြုံးလိုက်၏။

"သိပ်ကောင်းတာပေါ့ အဘရယ် ..."

လေတဲ့ခွန်က ...

"ကဲ ... မင်း အနားယူလိုက်ပါဦး ..."

ရှီးယုံက ခေါင်းခါယမ်းလိုက်၏။

"ကျွန်တော် အနားယူရာမလိုဘူး ...၊ အခုပဲသွားကြမယ်"

သူက စိတ်ဓာတ်တက်ကြွစွာ ပြောလိုက်၏။

လေတဲ့ခွန်က စိုးရိမ်စွာဖြင့် ...

"ဖြစ်ပါ့မလား ...၊ မင်း ပင်ပန်းနေပြီ ..."

ရှီးယုံက ရင်ကော့လိုက်၏။

"ဖြစ်ပါတယ် ...၊ အရေးကြီးတာ ရွှေဇီးကွက်ဂိုဏ်းကို အမြန်ဆုံး ဖြိုခွဲနိုင်ဖို့ပဲ ... ကျွန်တော်တို့ အခုပဲသွားကြရအောင် ..."

"ကောင်းတယ် ... ကောင်းတယ် ..."

သူ၏စကားကို သိုင်းလောကသားများက ထောက်ခံလိုက်၏။

လေတဲ့ခွန်က ကျေနပ်အားရစွာ ပြုံးကာ ...

"ကဲ ... ဒါဖြင့် ... ဒီကမိတ်ဆွေတွေနဲ့ အရင်မိတ်ဆက်ပေးရအောင် ..."

လေတံခွန်က ရှီးယုံ၏ လက်အား ဆွဲကာ ...

"ဒီသူငယ်က ကျွန်တော့်ရဲ့တပည့် ရှီးယုံပါ ..."

သူက တစ်ယောက်ချင်း ရှီးယုံနှင့် သိုင်းလောကသားများကို မိတ်ဆက်ပေးလိုက်၏။

ထို့နောက် ... မဟာမြို့ငြောသို့ ထွက်ခွာရန် အသင့်ပြင်လိုက်ကြလေတော့သည်။

✿ ✿ ✿

ကျားရဲသခင်လေးသည် တောင်ထိပ်ပေါ်သို့ မရောက်သေးပါ။

သို့သော် ...

ဆက်တက်ရန်လည်း မလိုတော့ပါ။

လိုဏ်ဂူအပေါက်ဝရှေ့ရှိ မြေကွက်လပ်သို့ အရောက်တွင် သူ့အားစောင့်မျှော်နေသော ရွှေဇီးကွက်ဂိုဏ်းသားများအား တွေ့လိုက်ရ၏။

ရွှေဇီးကွက်ဂိုဏ်းသားများက သူ့အား ဝိုင်းရံထား၏။

ကျားရဲသခင်လေးသည် ရွှေဇီးကွက်ဂိုဏ်းသားများအား လုံးဝ အရေးမစိုက်ပါ။

သူ၏မျက်လုံးများသည် ခွန်းနိုတို့အား ရှာဖွေနေ၏။

မြေကွက်လပ်အလယ်သို့ ကြည့်မိသောအခါ သူ၏ခန္ဓာကိုယ် တစ်ချက် တုန်ခါသွား၏။

ခွန်းနိနှင့် ကလေးနှစ်ယောက်အား တွေ့မြင်လိုက်ရသောကြောင့် ဖြစ်၏။

သူ၏ရင်ထဲတွင် တင်းခနဲ ဖြစ်သွား၏။

သူချစ်ရသူ ဒုက္ခခံစားနေရသည်ကို တွေ့ရသဖြင့် ရင်ထဲတွင် မချိဖြစ်မိ၏။

ထိုပြင် ဒေါသလည်း ချောင်းချောင်း ထွက်လာ၏။

ကွက်လပ်အလယ်တွင် တိုင်သုံးတိုင် စိုက်ထူထား၏။

တိုင်တစ်တိုင်တွင် တစ်ယောက်စီခွဲကာ ကြိုးဖြင့်ဘုပ်နှောင်ထား၏။

"ဝုန်း ..."

ကျားရဲသခင်လေးသည် ရှေ့ဆုံးတွင် ပိတ်ဆို့ထားသည့် ရွှေဇီးကွက်ဂိုဏ်းသားတစ်ယောက်အား ဆောင့်ကန်ကာ မြေကွက်လပ်ဆီ လျှောက်သွားရန် ကြိုးစားလိုက်၏။

ရွှေဇီးကွက်ဂိုဏ်းသားများကလည်း လမ်းဖွင့်ပေးလိုက်ကြ၏။

ကျားရဲသခင်လေးက မြေကွက်လပ်အတွင်း ဝင်လိုက်သည်နှင့် ...

"ဖြောင်း ... ဖြောင်း ... ဖြောင်း ..."

လက်ခုပ်တီးသံများ ထွက်ပေါ်လာ၏။

ရွှေဇီးကွက်ဂိုဏ်းချုပ်၊ ဝမ်လျောင်နှင့် စီးလန်တို့က လက်ခုပ်တီးလိုက်ကြခြင်း ဖြစ်၏။

ရွှေဇီးကွက်ဂိုဏ်းချုပ်က ...

"မင်း ... ရောက်လာပြီကိုး ..."

ဝမ်လျောင်ကလည်း ပြုံးကာ ...

"ကျားရဲသခင်လေးကို ကြိုဆိုပါတယ် ..."

ဟု ပြောလိုက်၏။

ကျားရဲသခင်လေး၏ မျက်နှာ တင်းမာသွား၏။

သူက ရွှေဇီးကွက်ဂိုဏ်းချုပ်အား စူးရှစွာကြည့်ကာ ...

"သူတို့ကို လွှတ်ပေးလိုက်ပါ ..."

ဟု တစ်လုံးချင်း ပြောလိုက်၏။

ရွှေဇီးကွက်ဂိုဏ်းချုပ်က အေးအေးဆေးဆေးပင် ...

"မင်းမှာ ရွှေတံဆိပ်တုံးပါလို့လား ..."

ဟု မေးလိုက်၏။

ကျားရဲသခင်လေးက နှာခေါင်းရှုံ့ကာ ...

"ပါတယ် ..."

သူက အိတ်ထဲမှ ကျန်းဖုမြို့စားကြီး ရှီးကျွန်၏ အမိန့်တော် ရွှေတံဆိပ်တုံးအား ထုတ်ယူလိုက်၏။

ထိုတံဆိပ်တုံးမှာ ရှီးဝေ့အား ကယ်တင်စဉ် ရှီးဝေ့လက်ထဲတွင် ပါလာသော ရတနာအိတ်ထဲမှ တွေ့ရခြင်းဖြစ်၏။

ထိုတံဆိပ်တုံးအား တွေ့မြင်လိုက်ရသောအခါ စီးလန်၏ မျက်လုံးအစုံ တောက်ပသွား၏။

သူက အသံတိုးတိုးဖြင့် ရွှေဇီးကွက်ဂိုဏ်းချုပ်အား ...

"ဟုတ်တယ် ... အဲဒီ တံဆိပ်တုံးပဲ ..."

ဟု ပြောလိုက်၏။

ရွှေဇီးကွက် ဂိုဏ်းချုပ်က ခေါင်းညိတ်လိုက်၏။

သူက လက်ဝါးဖြင့်ကာ ...

"ပေးပါ ..."

ကျားရဲသခင်လေးက ...

"သူတို့ကို လွှတ်ပေးပြီးရင် ပေးမယ် ..."

"ဟား ... ဟား ... ဟား ..."

ရွှေဇီးကွက်ဂိုဏ်းချုပ်က အားရပါးရ ရယ်မောလိုက်၏။

ပြီးမှ ... ကျားရဲသခင်လေးအား လှောင်ပြောင်သလိုကြည့်ကာ

"ဒီမှာသူငယ် ... မင်းက ကျုပ်တို့လက်ထဲရောက်နေတာကို သတိထားမိရဲ့လား ..."

ကျားရဲသခင်လေးက ...

"ခင်ဗျားတို့ ကတိ ..."

သူ၏စကားမဆုံးမီ ရွှေဇီးကွက်ဂိုဏ်းချုပ်က လက်ကာပြလိုက်၏။

ထို့နောက် ... အေးအေးဆေးဆေးပင် ...

"ကျုပ် ကတိတစ်ခုပဲပေးနိုင်မယ် ... ၊ မင်းအသက်ရှင်ချင်တယ်ဆိုရင် တံဆိပ်တုံးထားပြီး ထွက်သွားပါ ..."

"ဘာ ..."

ကျားရဲသခင်လေး၏အော်သံ ဟိန်းထွက်လာ၏။

သူ၏မျက်လုံးအစုံသည် ဒေါသကြောင့် နီရဲလာ၏။

"ခင်ဗျား ... လူယုတ်မာပဲ ..."

ရွှေဇီးကွက်ဂိုဏ်းချုပ်၏ မျက်နှာ ကွက်ခနဲပျက်သွား၏။

"မင်း ... စကားကို ဆင်ခြင်ပြောစမ်း ..."

ကျားရဲသခင်လေးက မျက်နှာမဲ့လိုက်၏။

"ခင်ဗျားလို လူယုတ်မာကို လောကကြီးထဲမှာ အသက်ရှင်ခွင့် မပေးနိုင်တော့ဘူး ..."

သူက ပြောပြီး ဓားအား ဆွဲထုတ်လိုက်၏။

"ချွင် ..."

တစ်ဆက်တည်းပင် ရွှေဇီးကွက်ဂိုဏ်းချုပ်အား တိုက်ခိုက်လိုက်၏။

သူ၏စိတ်ကူးမှာ ရွှေဇီးကွက်ဂိုဏ်းချုပ်အား အနိုင်ယူချုပ်ကိုင်ကာ ချွန်းနိုနှင့် ကလေးနှစ်ယောက်အား ကယ်တင်ရန် ဖြစ်၏။

သူက စတင်တိုက်ခိုက်လိုက်သည်နှင့် ရွှေဇီးကွက်ဂိုဏ်းချုပ်ကလည်း ချက်ချင်း တုံ့ပြန်တိုက်ခိုက်လိုက်၏။

"ချွင် ..."

"ဝုစ် ..."

တစ်ခဏအတွင်း သိုင်းကွက်နှစ်ဆယ်ခန့် ယှဉ်ပြိုင်မိသွားကြ၏။

ကျားရဲသခင်လေးက ရင်ထိတ်သွား၏။

ရွှေဇီးကွက်ဂိုဏ်းချုပ်၏ သိုင်းပညာသည် သူထင်ထားသည်ထက် များစွာမြင့်မားနေသည် မဟုတ်ပါလား။

သို့သော် ... ယခုအချိန်ရောက်မှ သူက မတတ်နိုင်တော့ပါ။

အနိုင်ရအောင် တိုက်ခိုက်ရပေတော့မည်။

ကျားရဲသခင်လေးက အံတင်းတင်းကြိတ်လိုက်၏။

သူသည် ဓားအား ဇွဲယမ်းကာ အစွမ်းကုန်တိုက်ခိုက်လိုက်လေတော့သည်။

ရွှေဇီးကွက်ဂိုဏ်းချုပ်မှာလည်း ကျားရဲသခင်လေးအား အလွယ်တကူ အနိုင်ယူနိုင်သည်ဟု ထင်မှတ်ထား၏။

လက်တွေ့တိုက်ခိုက်သောအခါ ကျားရဲသခင်လေးအား သူက အထင်မသေးရဲတော့ပါ။

ကျားရဲသခင်လေး၏ သိုင်းကွက်များမှာ အလွန်ရက်စက်ကြမ်းကြုတ်ပြီး ကြောက်မက်ဖွယ်ကောင်းအောင် ပြင်းထန်လှ၏။

ထို့ကြောင့် ... ရွှေဇီးကွက်ဂိုဏ်းချုပ်သည် ကျားရဲသခင်လေးအား ပေါ့ပေါ့တန်တန်သဘောမထားတော့ဘဲ သတိထားကာ တိုက်ခိုက်လိုက်၏။

ထိုစဉ် ...

"... ..."

"... ..."

တောင်အောက်ဘက်မှ ဆူညံသောအသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်၏။

"ဟေ့ ... အောက်မှာ ရန်သူရောက်လာပြီထင်တယ် ...၊ သွားကြည့်ကြစမ်း ..."

သူက တိုက်ခိုက်ရင်းမှ အော်ဟစ်လိုက်၏။

ဝမ်လျောင်နှင့် ရွှေဇီးကွက်ဂိုဏ်းသားများသည် တောင်အောက်သို့ ပြေးဆင်းသွားလေတော့သည်။

✿ ✿ ✿

တိုက်ပွဲမှာ ပြင်းထန်နေ၏။

ချန်းနီသည် တိုက်ပွဲအခြေအနေအား ကြည့်ကာ ကျားရဲသခင်လေးအတွက် စိုးရိမ်လာ၏။

သိုင်းကွက်တစ်ရာကျော်လာသောအခါ ရွှေဇီးကွက်ဂိုဏ်းချုပ်က အသာစီးရလာသည် မဟုတ်ပါလား။

ရွှေဇီးကွက်ဂိုဏ်းချုပ်သည် သူ၏အထက်မြက်ဆုံး ဝါးခုတ်လက်ဝါးသိုင်းကွက်အား ဟော်ထုတ်တိုက်ခိုက်နေ၏။

ရွှေဇီးကွက်ဂိုဏ်းချုပ်၏ ဝါးခုတ်လက်ဝါး သိုင်းကွက်သည် သူ၏ ဓားကွက်များကြားမှ ထိုးဖောက်ကာ ဒုက္ခပေးနေသည်မဟုတ်ပါလား။

ကျားရဲသခင်လေးကလည်း အခြေနေကို ရိပ်စားမိလိုက်၏။

မကြာခင် သူ ရှုံးနိမ့်တော့မည်ဖြစ်၏။

သို့သော် ...

သူက လက်မလျှော့ပါ ... ။

နောက်ဆုံး ထွက်သက်ကျန်သည်အထိ သူက တိုက်ခိုက်သွားရန် ဆုံးဖြတ်ပြီးဖြစ်၏။

သူ့တွင် ချန်းနီနှင့်ကလေးနှစ်ယောက်အား ကယ်တင်ရန် ဟုန်စဲ့ကိုလည်းကောင်း၊ ချန်းကုန်းကိုလည်းကောင်း ကတိပေးထားသည် မဟုတ်ပါလား။

ထိုစဉ် ... တောင်အောက်ဘက်မှ အသံများ ပို၍ကျယ်လောင်ဆူညံစွာ ထွက်ပေါ်လာ၏။

ရွှေဇီးကွက်ဂိုဏ်းချုပ်မှာ စိတ်လောလာ၏။

သူ့အား တိုက်ခိုက်ရန် ရန်သူများထပ်မံ ရောက်လာပြီမဟုတ်ပါလား။

သူသည် ကျားရဲသခင်လေးအား အနိုင်ယူရန် သိုင်းကွက်များကို တိုးမြှင့်တိုက်ခိုက်လိုက်၏။

"ချင် ..."

"ယား ..."

သူ၏လက်ဝါးများသည် ကျားရဲသခင်လေး၏ ဓားအားရိုက်ချိုးနိုင်ရန် ကြိုးစားနေ၏။

ကျားရဲသခင်လေးမှာ ရင်ထဲတွင် လေးလံလာ၏။

သူက ကြိုးစားခုခံသော်လည်း ရွှေဇီးကွက်ဂိုဏ်းချုပ်၏ လက်ဝါးများက သူ၏ဓားကွက်များအောက်မှ တိုးဝင်လာ၏။

ကျားရဲသခင်လေးက ထိတ်လန့်ကာ နောက်သို့ ဆုတ်ကာ ရှောင်တိမ်းလိုက်၏။

သို့သော် ...

နောက်ကျသွားချေပြီ ... ။

ခုခံကာကွယ်ရန် မလွယ်ကူသော ရွှေဇီးကွက်ဂိုဏ်းချုပ်၏ လက်ဝါးသည် ကျားရဲသခင်လေး၏ ရင်ဝသို့ တည့်မတ်စွာ ရိုက်ချမိသွား၏။

"ဝုန်း ..."

သူ၏လက်ဝါးတွင် အတွင်းအားအပြည့်စုစည်းထားသဖြင့် ကျားရဲသခင်လေးမှာ လုံးဝ မခံနိုင်တော့ပါ။

"အမယ်လေး ..."

ချွန်းနီက အလန့်တကြား အော်လိုက်၏။

"အစ်ကို ... အစ်ကို ..."

သူမက ပြေးလာချင်သော်လည်း ကြိုးတုပ်ခံထားရ၏။

ကျားရဲသခင်လေးမှာ မြေပေါ်သို့လဲကျသွား၏။

"ဝေါ့ ..."

သူ၏ပါးစပ်တွင်းမှ သွေးများ အန်ထွက်လာ၏။

သူက ကြိုးစားထလိုက်သော်လည်း မဟန်နိုင်ဘဲ ပြန်လဲကျသွား၏။

"ဝုန်း ..."

သူ၏ရင်ထဲတွင် မခံမရပ်နိုင်အောင် နာကျင်လာ၏။

ပါးစပ်တွင်းမှ သွေးများအဆက်မပြတ် ယိုစီးလာ၏။

အသက်ရှူကြပ်လာ၏။

ကျားရဲသခင်လေးသည် ချွန်းနီအား လှမ်းကြည့်လိုက်၏။

မျက်လုံးထဲတွင် ချွန်းနီအား ဝိုးတဝါးသာ တွေ့မြင်ရ၏။

ချွန်းနီ၏ရုပ်သွင်အား ထင်ရှားစွာ မတွေ့ရပါ။

"ချွန်း ... ချွန်းနီ ..."

သူက ခေါ်လိုက်သော်လည်း အသံမထွက်နိုင်တော့ပါ။

နှုတ်ခမ်းလှုပ်ရုံသာ လှုပ်နိုင်ပြီး လုံးဝငြိမ်ကျသွားလေတော့သည်။

"အစ်ကို ..."

"ဦးဦး ... ဦးဦး ..."

ချွန်းနီနှင့်ကလေးများသည် ကျားရဲသခင်လေးအား ခေါ်ရင်း ငိုကြွေးလိုက်ကြလေသည်။

ကျားရဲသခင်လေးမှာ လုံးဝမကြားနိုင်တော့ဘဲ သေဆုံးသွားလေတော့သည်။

✿ ✿ ✿

စီးလန်သည် ကျားရဲသခင်လေး၏ အိတ်တွင်းမှ ရွှေရောင်အမိန့်တော် တံဆိပ်တုံးကို နှိုက်ယူလိုက်၏။

ထိုစဉ်မှာပင် ... လူရိပ်တစ်ရိပ် လျင်မြန်စွာ ရောက်ရှိလာကာ စီးလန်၏ လက်ထဲမှတံဆိပ်တုံးအား လုယူလိုက်၏။

စီးလန်က အံ့အားသင့်ကာ လုယူသူအား ကြည့်လိုက်၏။

"ဟင် ... ရှီးယုံ ..."

သူကဲ့ အံ့အားသင့်ကာ ရေရွတ်လိုက်၏။

ရှီးယုံက သူ့အား ရွံမုန်းစွာကြည့်လိုက်၏။

"လက်စသတ်တော့ ခင်ဗျားတို့ လက်ချက်ကိုး ... ဘယ်မှာလဲ စီးကုဝေ ..."

ထိုစဉ်မှာပင် လေတဲခွန်နှင့် သိုင်းသမားများ တောင်ပေါ်သို့ ရောက်ရှိလာကြ၏။

ရွှေဇီးကွက်ဂိုဏ်းချုပ် တုံပေရှန်းသည် အခြေအနေအား ကောင်းစွာ နားလည်လိုက်၏။

သူ၏ရွှေဇီးကွက်ဂိုဏ်း ရုန်းနိမ့်သွားပြီ မဟုတ်ပါလား။

သူက ဒေါသချောင်းချောင်းထွက်လာ၏။

လေတဲခွန်အား စူးရှစွာ ကြည့်ကာ ...

"လေတဲခွန် ... မင်းကို ဒီနေ့ သတ်ရမှ ကျုပ်ကျေနပ်မယ်"

သူက အော်ဟစ်ရင်း လေတဲခွန်ထံ ပြေးဝင်တိုက်ခိုက်လိုက်၏။

လေတဲခွန်ထံ မရောက်မီ ရှီးယုံက ကြားဖြတ်ဟန့်တားလိုက်၏။

ရွှေဇီးကွက်ဂိုဏ်းချုပ်က ...

"ဖယ်စမ်း ... မင်း သေသွားချင်လို့လား ..."

ရှီးယုံက နှုတ်ခမ်းမဲ့လိုက်၏။

"တုံပေရှန်း ... ဒီနေ့ ခင်ဗျားရဲ့ သေနေ့ပဲ ... ၊ ခင်ဗျားရဲ့ယုတ်မာမှုတွေ အဆုံးသတ်မယ့်နေ့ပဲ ..."

ရွှေဇီးကွက်ဂိုဏ်းချုပ်က ဒေါသထွက်ကာ ရှီးယုံအား ဝါးခုတ်လက်ဝါးဖြင့် ရိုက်ချလိုက်၏။

ရှီးယုံက ရှောင်တိမ်းကာ ချက်ချင်းပင် တုံ့ပြန်လိုက်၏။

ရှောင်လင်ကျောင်းထိုင် သင်ကြားပေးလိုက်သည့် ဓားကွက်များကို အသုံးပြုလိုက်၏။

"ဂွစ် ... ဂွစ် ..."

"ဗြို ..."

ပထမဓားကွက်မှာပင် ရွှေဇီးကွက်ဂိုဏ်းချုပ်၏ အင်္ကျီမှာ ဓားချက်ထိပြီး စုတ်ပြဲသွား၏။

"ငါ့တပည့်ကွ ..."

လေတဲခွန်က အော်ဟစ်အားပေးလိုက်၏။

ရွှေဇီးကွက်ဂိုဏ်းချုပ်မှာ ထိတ်လန့်သွား၏။

ဒေါသလည်း ချောင်းချောင်း ထွက်လာ၏။

သိုင်းလောကတွင် သူ့အားယှဉ်နိုင်သူမှာ သူ၏ဆရာ ဝါးတစ်ရာ ဆရာတော်ပဲ ရှိ၏။

မည်သူမဆို သူ၏ဝါးခုတ်လက်ဝါးအောက်တွင် ကျဆုံးသွားရသည်သာ ဖြစ်၏။

လေတဲခွန်ပင် သူ့အားမနိုင်ပါ။

ယခု ... လေတဲခွန်၏တပည့် လက်ချက်ဖြင့် သူ့အင်္ကျီစုတ်ပြဲသွားရပြီ ဖြစ်၏၊

ရွှေဇီးကွက်ဂိုဏ်းချုပ်သည် ဒေါသတကြီးဖြင့် ရှီးယုံအား တရကြမ်းတိုက်ခိုက်လိုက်၏။

ရှီးယုံသည် ရွှေဇီးကွက်ဂိုဏ်းချုပ်အား ပထမဓားကွက်နှင့်ပင် အင်္ကျီစုတ်အောင် တိုက်ခိုက်နိုင်သဖြင့် စိတ်အားတက်ကြွလာ၏။

သူသည် ခြေထောက်ကို မြဲမြံစွာရပ်၍ ဓားကိုဆုပ်ကိုင်ကာ ဒုတိယဓားကွက်ကို ဖော်ထုတ်လိုက်၏။

"ယား ..."

သူ၏ဓားကွက်များမှာ အလွန်ဆန်းကျယ်၏။

ထို့ပြင် ... အလွန်ရိုးရှင်း၏။

သို့သော် ... ခုခံရန်၊ ရှောင်တိမ်းရန် မလွယ်ကူပါ။

အမြင့်တွင် အလွန်ရိုးစင်းသော်လည်း ဓားကွက်၏လှုပ်ရှားပုံမှာ ထူးဆန်းနေ၏။

ဤဓားကွက်များသည် ဝါးတစ်ရာဆရာတော်နှင့် ရှောင်လင်ကျောင်းထိုင်က ပူးပေါင်းတီထွင်ထားခြင်း ဖြစ်၏။

ဝါးခုတ်လက်ဝါးအား ဖြိုခွဲရန် အဓိကထားတီထွင်ထားသဖြင့် တုံပေရှန်းက သိုင်းကွက်ဖော်ထုတ်လိုက်သည်နှင့် ရှီးယုံ၏ဓားကွက်က ချေဖျက်ပြီးဖြစ်သွား၏။

တုံပေရှန်းက ခံပြင်းသွား၏။

ဒေါသထွက်လာ၏။

ရင်ထဲတွင်လည်း အနည်းငယ်ထိတ်လန့်လာ၏။

သူသည် သိုင်းလောကတွင်နာမည်ကျော်ကြားသူများကို အနိုင်ယူခဲ့၏။

ယခု ... ဘာမဟုတ်သည့် လူငယ်အား ရှုံးနိမ့်ရမည်လော။

သူသည် ဝါးခုတ်လက်ဝါးသိုင်းကွက်များကို တစ်ကွက်ပြီး တစ်ကွက် ဖော်ထုတ်တိုက်ခိုက်လိုက်၏။

ရှီးယုံသည် လုံးဝတုန်လှုပ်ခြင်း မရှိပါ။

သူသည် လေ့ကျင့်ခဲ့သော ဓားကွက်များကို တစ်ကွက်ပြီး တစ်ကွက် ဖော်ထုတ်တိုက်ခိုက် ချေဖျက်လိုက်လေသည်။

တိုက်ပွဲမှာ အလွန်ပြင်းထန်လှသဖြင့် အားလုံးက ကြောင်ငေးကာ ကြည့်နေမိကြ၏။

ဓားရိပ်များ၊ လက်ဝါးရိပ်များ ရှုပ်ထွေးနေ၏။

နောက်ဆုံး ဓားကွက်သို့ရောက်သောအခါ ...

"အား ..."

စူးရှကျယ်လောင်သော အော်သံနက်ကြီး ထွက်ပေါ်လာ၏။

ဓားရိပ်များ လက်ဝါးရိပ်များ ရှင်းသွား၏။

ရှီးယုံသည် ငြိမ်သက်စွာ ရပ်တန့်နေ၏။

သူ့လက်ထဲတွင် ဓားမရှိတော့ပါ။

ရွှေဦးကွက်ဂိုဏ်းချုပ်တုံပေရှန်းသည် မြေပြင်ပေါ်တွင် လဲကျနေ၏။

သူ့ရင်ဝတွင် ရှီးယုံ၏ဓားက ထုတ်ချင်းပေါက်စိုက်ဝင်နေ၏။

တုံပေရှန်း၏ မိုက်ဇာတ်သိမ်းသွားပြီဖြစ်၏။

သူနှင့်အတူ သိုင်းလောကအား စိုးမိုးလိုသည့် အကြံဆိုးမှာလည်း ပျက်စီးသေဆုံးသွားလေတော့သည်။

✿ ✿ ✿

ကျန်းဖုနယ် အပြန်ခရီး

တိုက်ပွဲများ ပြီးဆုံးသွားပြီ ဖြစ်၏။

ရွှေဒီးကွက်ဂိုဏ်းသည် သိုင်းလောကသားများ၏ စည်းလုံးညီညွတ်စွာ တိုက်ခိုက်မှုကြောင့် ပြိုကွဲသွားပြီဖြစ်၏။

ရွှေဒီးကွက်ဂိုဏ်းချုပ် တုံပေရှန်းမှာလည်း သူ၏ မိုက်မဲ ရွံးသွပ်သော အကြံအစည်ကြောင့် အသက်ပေးသွားရပြီဖြစ်၏။

လေတံခွန်က သက်ပြင်းတစ်ချက်ချလိုက်၏။

"အင်း ... တုံပေရှန်း၏ မိုက်မဲမှုတွေပြီးဆုံးသွားလို့ သိုင်းလောက အေးချမ်းသွားပါပြီ ..."

ရိုးယုံက ...

အားလုံး ပြီးဆုံးသွားပေမယ့် ကျွန်တော့်အတွက်က အခုမှ အစပဲ ရှိပါသေးတယ် ..."

လေတံခွန်က ခေါင်းတဆတ်ဆတ် ညိတ်လိုက်၏။

"မပူပါနဲ့ကွာ ... ၊ မင်း အရာရာအောင်မြင်ရမှာပါ ..."

ချန်နီကလည်း ...

"အစ်ကို့အနားမှာ ကျွန်မလဲ ရှိနေမှာပါ ..."

ဟု အားပေးလိုက်၏။

သူမသည် ရိုးယုံအား အသက်မသေဘဲတွေ့လိုက်ရသဖြင့် လွန်စွာ ဝမ်းသာနေကာ ရိုးယုံအနားမှ မခွာဘဲရှိနေ၏။

ရိုးယုံက ပြုံးကာ ...

"ကျေးဇူးတင်ပါတယ်ဗျာ ..."

သူက လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်ကာ ...

"ကျွန်တော် ... အမတ်ယုတ်စီးကုဝေကို ဖယ်ရှားပြီး ကျန်းဖုဒေသကို ရအောင်ပြန်ယူမယ် ... ၊ ကျွန်တော်တို့ ကျန်းဖုဒေသကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်မယ် ..."

လေတံခွန်က ...

"မပူပါနဲ့ကွာ ... ၊ မင်းကို ကျုပ်တို့ ကူညီပေးပါ့မယ် ..."

သိုင်းလောကသားတစ်ယောက်က ...

"မင်းကို ကူညီမယ့်သိုင်းလောကသားတွေ အများကြီးရှိတယ်ဆိုတာ မမေ့ပါနဲ့ ..."

"ဟုတ်တယ် ... ၊ မင်းကို တို့ကူညီမယ် ..."

သိုင်းလောကသားများက တစ်ယောက်တစ်ပေါက် ဝိုင်းဝန်းပြောလိုက်ကြ၏။

ရိုးယုံက လွန်စွာပျော်ရွှင်သွား၏။

သူ့ခန္ဓာကိုယ်ထဲသို့ အားအင်သစ်များဝင်လာသလို ခံစားလိုက်ရလေသည်။

လေတံခွန်က ...

"တရားမျှတတဲ့လူတွေဟာ နောက်ဆုံးတော့ အောင်မြင်ရမှာပါပဲ ..."

ရှီးယုံက ...

"ကျွန်တော်တို့ မေ့နေတာရှိသေးတယ် ... ၊ ကျားရဲသခင်လေးဟာ တကယ်တော့ လူဆိုးလူယုတ်မာတစ်ယောက် မဟုတ်ပါဘူး၊ သူ့မှာ တာဝန်ယူစိတ်၊ ကြင်နာစိတ်ရှိတယ်၊ သူ့ရဲ့အောင်မြင်ကျော်ကြားလိုစိတ်နဲ့ သူသင်ကြားခဲ့ရတဲ့ သိုင်းပညာတွေကြောင့်သာ သူဟာ ရက်စက်ကြမ်းကြုတ်တဲ့ လူတစ်ယောက်လို့ နာမည်ဆိုးတွင်နေတာပါ ..."

ချန်းနီက ...

"ဟုတ်တယ် ... ၊ သူက တစ်ကိုယ်ကောင်းသမား ဟုန်စဲ့သေဆုံးပြီးတဲ့နောက်မှာ အမြင်မှန်ရတယ် ... ၊ သူက ဇာညီငြိမ်အေးချမ်းတဲ့ဘဝမှာ နေလိုတယ် ... ၊ ရှီးဧင့်ကို ကယ်တင်ပြီးတဲ့နောက်မှာ သူ့ရင်ထဲက တာဝန်ယူစိတ်၊ ကြင်နာစိတ်တွေက ပေါ်လာခဲ့တယ်၊ အခုလဲ သူက ရွှေဇီးကွက်ဂိုဏ်းချုပ်ကို အသက်အသေခံပြီး တိုက်ခိုက်သွားတာပါ ... ၊ သူက သူ့ရဲ့ကောင်းတစ်ယောက်ပါပဲ ..."

ရှီးယုံက ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ် ... ၊ ဒါကြောင့် သူဟာ သူ့ရဲ့ကောင်းတစ်ယောက်ဆိုတာ အသိအမှတ်ပြုပေးကြပါလို့ ကျွန်တော်က တောင်းပန်ပါတယ်"

သိုင်းလောကသားများက ...

"ကောင်းပါပြီ ... ၊ သူ့ရဲ့လုပ်ရပ်အတွက် သူ့ရဲ့နာမည်ဆိုးဟာ ဖျက်စီးသွားပါပြီ ... ၊ အခု သူသေသွားမှပဲ သူလိုချင်တဲ့ နာမည်ကျော်ကြားမှုကို အမှန်တကယ်ရတော့မှာပါ ..."

ကျန်သိုင်းလောရှာများကလည်း ထောက်ခံလိုက်ကြလေ၏။

လေတံခွန်က ...

"ကဲ ... ဒါဖြင့် အချိန်ရှိတုန်း သူရဲကောင်း ကျားရဲသခင်လေးကို မြွှေပန့်သင်္ဂြိုဟ်ပြီး ရွှေဇီးကွက်ဂိုဏ်းကို ဖျက်ဆီးလိုက်ကြပါစို့"

အားလုံးသည် ကျားရဲသခင်လေး၏ အလောင်းအား မြွှေပန့်ကာ ရွှေဇီးကွက်ဂိုဏ်းအား တစ်စမကျန်ဖျက်ဆီးလိုက်ကြပြီး မဟာမြို့ငြိတောအတွင်းမှ ထွက်ခွာလာခဲ့ကြလေတော့သည်။

သူတို့သည် စီးလန်အား ဖမ်းဆီးခေါ်ဆောင်သွားကြလေသည်။

✿ ✿ ✿

နေရောင်ခြည်မှာ နွေးထွေးစွာကျရောက်နေ၏။

နွေသစ်၏ အစမှာ အလွန်လှပနေ၏။

ထွက်ပေါ်စ နေရောင်ခြည်အောက်တွင် ကျန်းဖုန်ယံခြားဒေသသို့ သွားမည့်လမ်းပေါ်တွင် ခရီးသွားတစ်စု ရှိနေ၏။

ရှီးယုံတို့လူစုပင် ရှိ၏။

တစ်နေရာအရောက်တွင် ရှီးယုံက ရပ်လိုက်၏။

ဤနေရာသည် ရှီးယုံနှင့် လေတံခွန် စတင်တွေ့ဆုံခဲ့သော နေရာ မဟုတ်ပါလား ... ။

ရှိုးယုံက လေတံခွန်ဘက်လှည့်ကြည့်လိုက်၏။

လေတံခွန်က သူ့အား ပြုံးပြလိုက်၏။

ရှိုးဝေနှင့် ရှိုးအစ်မှာ သူတို့၏ ဦးဦးအတွက် စိတ်မကောင်း ဖြစ်နေသော်လည်း ကိုယ့်ဒေသပြန်ရတော့မည်ဖြစ်၍ ပျော်ရွှင်တက်ကြွနေ၏။

သိုင်းလောကသားများ အလပ်တွင် ကြိုးဖြင့်တုပ်နှောင်ခံထားရသော စီးလန်မှာ ခေါင်းငိုက်စိုက်ချကာ လိုက်ပါနေ၏။

ရှိုးယုံသည် ချွန်းနီအား ပြုံး၍ကြည့်လိုက်၏။

ချွန်းနီကလည်း သူ့အားကြည့်ကာ ပြုံးပြလိုက်၏။

ဤတစ်ကြိမ် သူတို့နှစ်ယောက်သည် အလိုလိုပင် လက်ချင်းတွဲမိလိုက်ကြလေသည်။

မကြာမီ ... သူတို့ဘဝသည် သာယာလှပတော့မည်မဟုတ်ပါလား။

သို့သော် ... သူမ၏ရင်တွင်းတစ်နေရာ၌မူ သူမတို့အတွက် အသက်ပေး သွားသော ကျားရဲသခင်လေးကို သတိရနေမိ၏။

ကျားရဲသခင်လေး၏ ဝိညာဉ်မှာ သူမတို့အား လိုက်ပါစောင့်ရှောက်နေသည်ဟုပင် ခံစားမိလေတော့သည်။

ဖြီး၏။

နန္ဒကျော်သူ